http://www.dhammadownload.com

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

တွံ့ပက်အကျိုးတော်ဆောင်

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

အဂ္ဂမဟာပဏ္ဍိတ

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

## လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသမဟာထေရ်

ရေးသားတော်မူသော

# လယ်တီဝိပဿနာ

အမှတ်(၁၁)

သာသနာတော်နှစ် - ၂၅၅၂ ကောဇာသက္ကရာဇ် - ၁၃၇၀ ခရစ်နှစ် - ၂၀၀၈

http://www.dhammadownload.com

## ဗုဒ္ဓသာသနာတော်နှင့်တွေ့ ရကျိုးနပ်အောင်

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးမျိုးကို
လှူပေးတာမျှ၊ ငါ့မှာကောင်းကျိုး၊ အလွန်တိုးဟု ယုံကိုးစိတ်ထဲ
မရောင့်ရဲနှင့် ဒါနခြေပျိုး ရှေ့သို့တိုး၍ အကျိုးနိဗ္ဗာန် မျှော်ရိုးမှန်က နိဝရဏ
ကင်းစင်းပ၍ ရသည့်ပီတိ ရုပ်နမ်သိရေး အလေးပေးကာ
ကျင့်မြတ်ဝိပဿနာ ဘာဝနာကို
ကြိုးစားလုံ့လ ရှိသော်မှလျှင် ဗုဒ္ဓသာသနာတော်မြတ်
တွေ့ကျိုးနပ်မည် ကြပ်ကြပ်သတိရှိပါစေ။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသမဟာထေရ်

တစ်ပြည်လုံးဖြန့်ချိရေး မိခင်ရွာဝတီစာအုပ်တိုက်
တိုက်(၄)၊ အခန်း(၄၀၂)၊ ကျိုက်တော် အိမ်ရာ၊ အထက်ပုဇွန်တောင်လမ်းမကြီး ကမ္ဘောဇဘဏ်အနီး ရန်ကုန်မြို့။
ဖုန်း - ၀၁-၇၀၁၄၃၁၊ ၀၉-၅၀-၁၅၆၁၃

ဘဒ္ဒန္တ ဇာဂရာဘိဝံသမဟာထေရ် လယ်တီဝိပဿနာ အမှတ်(၁၁)

http://www.dhammadownload.com

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

လယ်တီဘဒ္ဒန္တ ဓာဂရာဘိဝံသ မဟာထေရ်



# လယ်တီဝိပဿနာအမှတ်(၁၁)

မိခင်စာအုပ်အမှတ်(၈၃)

သာသနာ-၂၅၅၂ ကောဇာ-၁၃၇၀ ခရစ်-၂၀၀၈

အမှန်တရားသည်အောင်အံ့

သစ္စာ မေတ္တာ

**မိခင်ဧရာဝတီစာအုပ်တိုက်မှစီစဉ်ထုတ်ဝေဖြန့်ချိပါသည်။**

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး
ဦးဇာနည်ဝင်း (မှတ်ပုံတင်အမှတ် ၀၃၈၄၃/၀၂၄၀၅)၏
ခွင့်ပြုချက်ဖြင့်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊တွဲဖက်အကျိုးတော်ဆောင်
ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ ဟောကြားသည့်
“လယ်တီဝိပဿနာအမှတ်(၁၁)” စာအုပ်ကို
ရွှေခြသေ့်ပုံနှိပ်တိုက်တွင် အုပ်ရေ(၁၀၀၀)
ပထမအကြိမ် ရိုက်နှိပ်ပါသည်။

http://www.dhammadownload.com



အရှင်ဇာဂရ အရှင်မြတ်သည်  စာမျက်နှာ (၇၇၉)ရှိ ဒီဃနိကာယ် စာမျက်နှာ (၂၂၆၀)ရှိ ဝိနည်း(၅)ကျမ်း
စာမျက်နှာ (၁၃၉၀)ရှိ အဘိဓမ္မာရှေ့ပိုင်း (၅)ကျမ်းတို့ကို (၃၅)ရက်တိုင်တိုင် ကျရှုံးခြင်းမရှိ ဤသို့ အာဂုံပြန်ဆို အောင်မြင်တော်မူခဲ့သည်။

http://www.dhammadownload.com



# ကျမ်းဦးမှတ်ဖွယ် အမှာစကား

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီးသည် သက်တော်(၅၀)၊ သိက္ခာတော် (၃၀)ခန့်အရတွင် ပရိယတ္တိသာသနာ စခန်းမှ ပဋိပတ္တိသာသနာစခန်းသို့ ကြွလှမ်းတော်မူခဲ့သည်။ ပဋိပတ္တိ ကျင့်စဉ် ပါဠိတော်အရပ်ရပ်ကို သုံးသပ်၍ အာနာပါနကမ္မဋ္ဌာန်းကို အခြေခံ၍ ဝိပဿနာသို့ တက်သောလမ်းကို တွေ့ရှိရွေးချယ်တော်မူပြီး နောက် ထိုပါဠိတော်ကျင့်စဉ်ကြီးကို လက်တွေ့အမြဲ ကျင့်သုံးတော်မူခဲ့ သည်။

ထို့ကြောင့် လယ်တီဆရာတော် ကျင့်သုံးသော ဝိပဿနာကျင့်စဉ် ဖြစ်၍ လယ်တီဝိပဿနာဟူ၍ အမည်သတ်မှတ် ခေါ်ဆိုကြပါသည်။

လယ်တီဆရာတော် အသစ်တီထွင်သော ဝိပဿနာဟူ၍ကား အဓိပ္ပါယ်မယူဆသင့်ပါ။ သတိပဋ္ဌာန်ပါဠိတော်ကြီးမှလည်းကောင်း၊ အလားတူ ပါဠိတော်ကြီးများမှလည်းကောင်း၊ ဝိသုဒ္ဓိမဂ် စသော အဋ္ဌကထာကြီးများမှလည်းကောင်း နည်းယူထားအပ်သော ခိုင်မာ မှန်ကန် သော ဝိပဿနာကျင့်စဉ်များသာ ဖြစ်ပါသည်။

ဤသာသနာ၌ ဘုရားမှအပ မည်သည့်ပုဂ္ဂိုလ်မှ နိဗ္ဗာန်ရကြောင်း ကမ္မဋ္ဌာန်းတရား အသစ်တစ်ပါးတစ်ခုမျှ မဖော်ထုတ်နိုင်ပါ။ ပါဠိတော် အဋ္ဌကထာလာ ကမ္မဋ္ဌာန်းလေးဆယ်မှ အလွတ်သီးသန့် ကမ္မဋ္ဌာန်းကို မဖော်ထုတ်နိုင်ပါ။ ကမ္မဋ္ဌာန်းလေးဆယ့်တစ်ဟု အသစ်တစ်ခု ရှာဖွေနိုင် ပါက ပါဠိ အဋ္ဌကထာထက် လက်တစ်လုံးကျော် ကမ္မဋ္ဌာန်းသာ ဖြစ်ပါ လိမ့်မည်။ ကမ္မဋ္ဌာန်းအမှန်လည်း မဟုတ်နိုင်ပါ။ လယ်တီဝိပဿနာ ကျင့်စဉ်သည် အသစ်အဆန်းမဟုတ်၊ ပါဠိတော်နည်းကောင်း နည်းဟောင်းသာ ဖြစ်ပါသည်။

http://www.dhammadownload.com

## (ခ) ကျမ်းဦးမှတ်ဖွယ် အမှာစကား

ထိုစကားကို လေးနက်အောင်ထပ်၍ ဆိုပါဦးမည်။ "လယ်တီဝိပဿနာကျင့်စဉ်သည် အသစ်အဆန်းမဟုတ်၊ ပါဠိတော်နည်းကောင်း နည်းဟောင်းသာ ဖြစ်ပါသည်"။

ဉာဏ်ထက်မြက်စူးရှသော ပုဂ္ဂိုလ်တို့အား ဉာဏ်ခန်းဆိုင်ရာကိစ္စသို့ရောက်သောအခါ နည်းပေါင်းအရာအထောင်ကို ဖြန့်ကျက်ဝေဖန်၍ ဉာဏ်ကွန့်မြူးလှုပ်ရှား ဉာဏ်ကစားမှုတို့သည် အသချေ်အနန္တ ဖြစ်သွားစမြဲတည်း။

အရှင်သာရိပုတ္တရာသည် -

**ယေဓမ္မာဟေတုပ္ပဘဝါ၊**

**တေသံ ဟေတုံ တထာဂတော အာဟ။**

ဟူသော စကားနှစ်ခွန်း (၂)ပါဒကို ကြားရုံမျှဖြင့် လောကကြီးကို ဖြတ်သွားဖန်ဆင်းသည်၊ သို့မဟုတ် အကြောင်းမဲ့အလိုလို ဖြစ်သည်ဟူသော အယူအဆတို့ကို ပယ်ဖျောက်၍ ဝိပဿနာအစီအရင်ကိုပါ ရှင်းလင်းသိမှတ် အကျင့်မြတ်ဖြင့် သောတာပတ္တိမဂ်ဖြင့် ဆိုက်ရောက်ခဲ့သည်မဟုတ်ပါလော။

ထို့ပြင် ပါဠိတော်ပုဒ်ဝါကျ တစ်ခုတစ်ခုကိုရှု၍ ဉာဏ်ကွန့်မြူးသောအခါ စူဠနိဒ္ဒေသ၊ မဟာနိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကြီးများ ဖြစ်ပေါ်လာရပြန်သည် မဟုတ်ပါလား။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည်လည်း အရှင်သာရိပုတ္တရာမထေရ်မြတ်၏ နောက်တော်ပါးမှ ဉာဏ်ကွန့်မြူးလေ့ရှိသော ပုဂ္ဂိုလ်ထူးပေတည်း။ ပါဠိတော်ပုဒ်တို့ကို မှီတည်၍ အာနာပါနဒီပနီ၊ ဗောဓိပက္ခိယဒီပနီ၊ ပဋ္ဌာနုဒ္ဒေသဒီပနီ စသော ဒီပနီကျမ်းပေါင်းတစ်ရာကျော် ဖြစ်ပေါ်စေခြင်းကား ဆရာတော်၏ ဉာဏ်ကွန့်မြူးချက်ဘဲ့ပေတည်း။

http://www.dhammadownload.com



ထို့ကြောင့် အာနာပါနပုဗ္ဗင်္ဂမ ဝိပဿနကျင့်စဉ်ကို ဆရာတော်ဘုရားကြီးသည် အစ-အလယ်-အဆုံး သုံးသပ်ဆင်ခြင်၍ ဉာဏ်ကျက်စား ကွန့်မြူးပြီးမှ အမြလက်သုံးကျင့်စဉ်အဖြစ် သတ်မှတ်ကျင့်သုံးတော်မူပါသည်။

ဤ၌ ပဋိပတ္တိတရားတော်ကို စက်ရထားကြီးဥပမာဖြင့် ပြဆိုရာ၏။ ဤပဋိပတ္တိစက်ရထားကြီးကို မဂ်ဖိုလ်နိဗ္ဗာန်သို့ အရောက်ပို့နိုင်သော အရှိန်ကြီးမား အားကောင်းလှစွာ၏ဟု တထစ်ချ ယုံကြည်ချက်ကျခြင်းကား သဒ္ဓါ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်ပေတည်း။

ထိုစက်ရထားကြီးကို စက်ရှိန်ဖွင့်နှိုးလိုက်ခြင်းကား သတိပဋ္ဌာန် သတိ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်ပေတည်း။

ထိုစက်ရထားကြီးနှိုးသောအချိန်ကစ၍ စက်ရှိန်စက်အား ဝင့်ကြွားစွာ ခုတ်မောင်းခြင်းသည် သမ္မပ္ပဓာန်-ဝီရိယ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားစနက်ပေတည်း။

ထိုစက်ရှိန်အားဖြင့် ခုတ်မောင်းပြေးသွားခြင်း ဒီဃရီမီတာ အရှိန်မကျခိုင်မြဲစွာ တည်ရှိခြင်းကား သမာဓိ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်စနက်ပေတည်း။

ထိုသို့ အစဉ်ပြေးသွားသော စက်ရှိန်အားဖြင့် မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော လိုရာစခန်းသို့ ဆိုက်ရောက်အောင် ဦးတည်ပေးခြင်း ဆိုက်ရောက်စေခြင်းကား ပညာ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်အချာ ပဓာနစနက်ပေတည်း။

ထိုဥပမာအတိုင်းပင် လယ်တီဆရာတော်ဘုရားကြီးသည် အာနာပါန အခြေခံဝိပဿနာ ပဋိပတ္တိစက်ရထားကြီးကို ကျွမ်းကျင်လှစွာ မောင်းနှင်နိုင်စွမ်း ရှိတော်မူခဲ့လေသတည်း။

ထို့ကြောင့် တိပိဋကဝိဒူ ဘာသန္တရဝိဒူ အရှင်အာဒိစ္စဝံသ အရှင်မြတ်က- "ဤမြန်မာပြည် သာသနာ့သမိုင်း၌ ပိဋကတ်ထဲမှ

http://www.dhammadownload.com

## (ဃ) ကျမ်းဦးမှတ်ဖွယ် အမှာစကား

နိဗ္ဗာန်သွားသောနည်းကို လယ်တီဆရာတော်သာ ထူးခြားစွာ တွေ့မြင်တော်မူပြီး လက်တွေ့ကျင့်သုံးတော်မူပါပေ၏”ဟူ၍ အာသဘိဝါစာ ထောမနာကို ဆိုတော်မူခဲ့သောဟူ၏။

ထိုသို့ အာနာပါနပုဗ္ဗင်္ဂမ ဝိပဿနာ ပဋိပတ္တိစက်ရထားကြီးကို ခုတ်မောင်းသောနည်းကို အနာဂါမ်ပုဂ္ဂိုလ်ကြီးဟု ကျော်ကြားသော ဆရာသက်ကြီးသည် လက်ဆုပ်လက်ကိုင် ပိုင်ပိုင်ကြီး ရရှိလေ၏။ ထိုမှ တစ်ဆင့် တပည့်စဉ်ဆက် ရရှိကျင့်သုံးလာခဲ့ရာ ဆရာကြီးဦးဘခင်၊ ဆရာကြီး ဦးဂိုအင်ဂါ၏လက်သို့ ဆိုက်ရောက်ခဲ့လေသတည်း။

ယခုအခါ၌ ဆရာကြီးဦးဂိုအင်ဂါသည် လယ်တီကမ္ဘာ့ဝိပဿနာ နည်းပြဆရာကြီးဖြစ်လျှက် ထိုဆရာကြီးကို အမှီပြု၍ ကမ္ဘာသူ ကမ္ဘာသား များသည် လယ်တီဝိပဿနာကျင့်စဉ်တရားကို ကျင့်သုံးခွင့်ရရှိလာရပေသတည်း။

ယခုအခါ၌ မုံရွာမြို့၊ ပဌမလယ်တီဆရာတော်ဘုရားကြီး၊ ဒုတိယ လယ်တီဆရာတော် ဘဒ္ဒန္တဉာဏောဘာသ၊ မုံရွာမြို့ အရှေ့လယ်တီ ဆရာတော် ဘဒ္ဒန္တဝါယမာဘိသီရိ မုံရွာမြို့ သပြေပင်တောရ ဆရာတော် ဘဒ္ဒန္တကေဝလာဘိဝံသ အရှင်မြတ်ကြီးများ၏ နည်းနာနိဿယကို မှီငြမ်းပြု၍ လယ်တီဝိပဿနာ ပဋိပတ္တိလမ်းစဉ်ကို ရန်ကုန်မြို့၊ ကလေးဝ တောရစာသင်တိုက်၊ ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ်(၃၃၇/က)၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယကဆရာတော်၊ ပြည်ထောင်စုဖွား တိုင်းရင်းသား ရဟန်းသာမဏေ သီလရှင် ပရဟိတ သာသနာပြုဆရာတော်ဖြစ်ပေသော ဒွိပိဋကဓရ မူလအာဘိဓမ္မိက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသည် ကောင်းစွာသိရှိ ကျွမ်းကျင်ပါရင်တတ်မြောက် ရောက်ရှိ ရရှိတော်မူလေသည်။

http://www.dhammadownload.com



လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသသည် ဒွိပိဋကစေ့ အရည်အသွေး ကထာဝတ္ထုကျမ်းနှင့်တကွ အဘိဓမ္မာရှေ့ငါးကျမ်းကို အာဂုံပြန်ဆိုနိုင်ခြင်း၊ ဝီရိယ သမာဓိ ဉာဏ် စသည်၏အစွမ်းသတ္တိ အရည်အသွေးကို ထောက်ပါက လယ်တီဝိပဿနာနည်းကို သိသူအပေါင်းတို့တွင် "သူမတူ" တစ်မူထူးခြားသော ပုဂ္ဂိုလ်ဟု ခန့်မှန်းနိုင်ပါသည်။

အဘယ်ကြောင့်ဆိုသော် လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသသည် လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ လစဉ်(၇)ရက် တရားစခန်း (၁၀၀)ကြိမ်တိုင်အောင် ဖွင့်လှစ်၍ ဝိပဿနာယောဂီသူတော်စင်တို့ကို နေ့စဉ်တရားဒေသနာများကို ပါဠိအဋ္ဌကထာနည်းပေါင်းများစွာဖြင့် တန်ဆာဆင်၍ ဟောကြားတော်မူရာ ထိုတရားဒေသနာစဉ်များကို ထောက်ဆ၍ "သူမတူ" တစ်မူထူးခြား ပြောင်မြောက်ကြောင်း သိမှတ်ရပါသည်။

ဝိပဿနာတရားစခန်း၌ ဟောကြားအပ်သောတရားသည် သာမညတရားမျိုး မဟုတ်ပါ။ ယောဂီသူတော်စင်အတွက် အထူးအရေးပါသော တရားဖြစ်သောကြောင့် ယောဂီသူတော်စင်တို့ အလုပ်စခန်းဖြောင့်တန်းအောင် အထူးရွေးချယ်စိစစ်၍ ဟောကြားရသော ဝိသေသတရားထူးဖြစ်ပေသည်။

ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ်(၁၃၃/က) လယ်တီကမ္မဋ္ဌာန်းကျောင်းတိုက်၌ လယ်တီဝိပဿနာ (၇)ရက်တရားစခန်းများ ကျင်းပရာတွင် ပဌမအကြိမ်မှ (၁၅)ကြိမ်အထိ နေ့စဉ်တရားဟောကြားအပ်သော တရားများကို စုပေါင်း၍ နာဂလိုဏ်ဂူအဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီမူ ဝိပဿနာတရားတော် ပထမစာအုပ် ရေးသားထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

(၁၆)ကြိမ်မှ (၂၂)ကြိမ်အထိ လယ်တီမူဝိပဿနာ (၇)ရက်တရားစခန်း၌ နေ့စဉ်တရားတော်များကို စုပေါင်း၍ လယ်တီဝိပဿနာ ဒုတိယတွဲကျမ်းစာအုပ်ကို ထုတ်ဝေဓမ္မဒါနပြုခဲ့ပြီး ဖြစ်ပါသည်။

http://www.dhammadownload.com

## (၈) ကျမ်းဦးမှတ်ဖွယ် အမှာစကား

(၂၃)ကြိမ်၊ (၂၄)ကြိမ်၊ (၂၅)ကြိမ် စသည်တို့မှာ ဟောကြားအပ်သော တရားတော်တို့ကို စုပေါင်းတတိယတွဲကို ထုတ်ဝေပြီးဖြစ်သည်။ တစ်ဖန် စတုတ္ထတွဲ၊ ပဉ္စမတွဲ၊ ဆဋ္ဌမတွဲ၊ သတ္တမတွဲ၊ အဋ္ဌမတွဲ၊ နဝမတွဲ၊ ဒသမတွဲကို ဓမ္မဒါနထုတ်ဝေပြီး ဖြစ်ပါသည်။ ယခု တစ်ဖန် လယ်တီဝိပဿနာ အမှတ်(၁၁)ကို ဓမ္မဒါန ထုတ်ဝေမည်ဖြစ်သည်။

ထိုနေ့စဉ်တရားတို့ကို သုံးသပ်ရသည်ရှိသော် ယောဂီသူတော်စင်အတွက် လိုအပ်သော ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ပညာ ဟူသော ဣဒ္ဓိပါဒ်တရားလေးပါးကို မြှင့်တင်ပေးသည်ကို တွေ့ရှိရသည်။ ယောဂီပုဂ္ဂိုလ်သည် တရားအားထုတ်ရင်း တရားအားထုတ်ရန် ဆန္ဒအားနည်းလာတတ်၏။ စိတ်ဓာတ်ကျလာတတ်၏။ ဝီရိယလျော့လာတတ်၏။ ဝိပဿနာပညာ အရှိန်ပျက်လာတတ်၏။ ထိုအခါ၌ ဆန္ဒစိတ်ဓာတ်၊ ဝီရိယဓာတ် ပညာအရှိန်အားကောင်းအောင် တရားဟောကြားပေးရလေသည်။

ထိုအခါ ယောဂီ၏သန္တာန်၌ ဆန္ဒစသော ဣဒ္ဓိပါတ်ကရားအားကောင်းလာ၍ ဝိပဿနာဉာဏ်အားလဲ မြှင့်တက်လာသေးသည်။ ထို့အတူ သတိပဋ္ဌာန် သတိ ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တရား၊ သမ္မပ္ပဓာန် ဝီရိယ ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တရားစသော ဗောဓိပက္ခိယတရားများကိုလည်း အားကောင်းအောင် မြှင့်တင်ပေးရသည်။

ဗောဓိပက္ခိတရား အရှိန်အဟုန် ဟန်ချက်ညီခဲ့သည်ရှိသော် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ တည်းဟူသော ပဉ္စင်္ဂိကမဂ္ဂင်ဝိပဿနာဉာဏ်စဉ်အဆင့်ဆင့် မြှင့်တက်လာရလေသည်။

ဤအချက်ကို အထူးသတိပြု၍ တရားစခန်းတွင် တရားကို အထူးဂရုစိုက်၍ ဟောကြားဖို့လိုအပ်ကြောင်း ထင်ရှားလေသည်။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည် -

(၁) သံသရာဘေးရန်၊ ဘဝ၏အန္တရာယ် ကမ္ဘာကပ်ဆိုးကြီးများ၏ အမြစ်ရင်းဖြစ်သော လောဘ၊ ဒေါသ၊ မောဟ စသော

http://www.dhammadownload.com



ကိလေသာဒုစရိုက် အကုသိုလ်နှင့်အပြစ်ကို ဖော်ပြ၍ ထိုတရားဆိုး အပြစ်ဆိုးမှ လွတ်လိုသောဆန္ဒ စသည်ဖြစ်ပွားအောင် နှိုးဆွပေးသည်ကို တွေ့ရှိရလေသည်။

(၂) သီလ သမာဓိ ပညာ သိက္ခာသုံးပါးနှင့် ကောင်းမြတ်သော အကျိုးတရားကို ဖော်ပြ၍ ထိုတရားကောင်း တရားမြတ် အကျိုးထူး အကျိုးမြတ်တို့ကို ရလိုသောဆန္ဒ စသည်ဖြစ်ပွားအောင် အားပေးချီးမြှောက်သည်ကို တွေ့ရှိရသည်။

(၃) တစ်ရံတစ်ခါ အကုသိုလ်နှင့် အကုသိုလ်အပြစ်၊ ကုသိုလ်နှင့် ကုသိုလ်၏အကျိုး၊ ကုသိုလ်နှင့်ကုသိုလ်အကျိုး ရရှိရန် ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ပညာ စသော ဗောဓိပက္ခိယတရား အရှိန်အဟုန်ဖြင့် တက်အောင်လှုံ့ဆော်ပေးသည်ကို တွေ့ရသည်။

ပထမနည်းကား အကုသိုလ်အပြစ်ပြ အကြမ်းနည်းတည်း။ ဒုတိယနည်းကား ကုသိုလ်အကျိုးပြ အနုနည်းတည်း။ တတိယနည်းကား အကြမ်းအနု နှစ်မျိုးယှဉ်တွဲပြသော နည်းပေတည်း။

ဤဒေသနာနည်းသည် ဗုဒ္ဓမြတ်စွာ မြင်းတို့ကို ဆုံးမသင်ကြားသော မြင်းမှူးဆရာကြီးကေသိကို မိန့်ကြားသောနည်း ဖြစ်သည်။

လယ်တီဘဒ္ဒန္တဉာဏရာဘိဝံသသည် -

ဤဒေသနာသုံးမျိုးဖြင့် ယောဂီကို ဆန္ဒဓာတ်၊ စိတ်ဓာတ်၊ ဝီရိယဓာတ် စသော ဗောဓိပက္ခိယဓာတ်အားကို အားရှိသလောက် အရှိန်အဟုန်ဖြင့်တက်လာရန် ခမ်းနားဆန်းကြယ်သော တရားများစွာကို ဟောကြားထားသည်ကို အံ့ဩစွာ တွေ့ရှိရပါသည်။

- ပဝါရဏာ
- အသုံးချတဲ့နည်း (၄)မျိုး
- လောဘကင်းအောင် အားထုတ်နည်း
- ခါဏုကောဏ္ဍညထေရ်
- သဗ္ဗဒါသထေရ်

http://www.dhammadownload.com

## (၉) ကျမ်းဦးမှတ်ဖွယ် အမှာစကား

- သာမညဖလအခါတော်နေ့
- သေတာကိုပင်ကုသိုလ်ရအောင်အသုံးချနည်း
- နယ်ချဲ့အောက်မှလွတ်ရအောင်
- သံယောဇဉ်ဆိုတာ
- သရက်ချိုပင်
- အမြတ်ဆုံး

စသည် စသည်ဖြင့် အလွန်လေးနက် နူးညံ့သိမ်မွေ့ ဆန်းကြယ်သော နည်းတို့ဖြင့် ခြယ်လှယ်၍ မွမ်းမံထားသော တရားခွန်းများကို တွေ့ရှိရသည်။

**မဟာကာရုဏိကံ နာထံ**
**ဉေယျသာဂရ ပါရဂုံ**
**ဝန္ဒေနိပုဏ ဂမ္ဘီရံ**
**ဝိစိတြနယ ဒေသနံ။**

ဟူ၍ ဥဒါန်းအဋ္ဌကထာဆရာကြီးသည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို -

(၁) နိပုဏနယ သိမ်မွေ့သောနည်း၊
(၂) ဂမ္ဘီရနယ နက်နဲသောနည်း၊
(၃) ဝိစိတြနယ ဆန်းကြယ်သောနည်း၊

နှင့် ပြည့်စုံကြောင်း ချီးကျူးတော်မူခဲ့သည် မဟုတ်ပါလော့။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည်လည်း ထိုနည်းသုံးမျိုးကို ဦးထိပ်ရွက်ပန်ဆင် နည်းမှီးယူ၍ ဟောကြားထားကြောင်း ထင်ဟပ်ပေါ်လွင်နေပါသည်။

ထို့ပြင် လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ၏ တရားဒေသနာ၌ -

(၁) သတ္တ- အနက်အဓိပ္ပါယ်ကောင်းပါရှိခြင်း၊
(၂) သဗျဉ္ဇန- ချောမောပြေပြစ် ကျစ်လျစ်ကောင်းမွန်သော စကားဝါကျပါရှိခြင်း၊

http://www.dhammadownload.com



(၃) ကေဝလပရိပုဏ္ဏ- ပယ်နှုတ်စရာမရှိအောင် ဘက်စုံ ပြည့်ဝခြင်း၊

(၄) ပရိသုဒ္ဓ ဗြဟ္မစရိယပ္ပကာသက- စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော မြတ်သောပဋိပတ်ကျင့်စဉ်ကိုသာ ဦးတည်၍ ပြထားခြင်း၊

ဤတရားကောင်းလက္ခဏာ (၄)တန်နှင့် ပြည့်စုံအောင် အထူးဂရုပြု ဟောကြားထားသည်ကိုလည်း တွေ့ရှိရသည်။ ထို့ပြင် -

(၁) အာဒိကလျာဏ- ပထမပိုင်း နိဒါန်းစကားဖြင့် တရားဥဒ္ဒေသကို ပြသဖြင့် ကောင်းမြတ်လှပါသည်။

(၂) မဇ္ဈေကလျာဏ- အလယ်ပိုင်းတရားကား နိဒ္ဒေသကို ပြသဖြင့် တစ်ဆင့်တက် ကောင်းမြတ်လှပါသည်။

(၃) ပရိယောသာနကလျာဏ- နိဂုံးတရားဒေသနာအဆုံးတွင် ယောဂီတို့အား ဤလယ်တီဝိပဿနာကျင့်စဉ်တရားကို အားရှိအားကုန် ဦးလည်မသုန် တရားစခန်းရက်အတွင်း ဉာဏ်အလင်းဓာတ်ကြီး ပေါက်ရောက်၍ မျက်မှောက်ပြုနိုင်အောင် အားထုတ်ကြရန် တိုက်တွန်းချက်ကို ပြသဖြင့် ထပ်ဆင့်ကောင်းမြတ်လှပါသည်။

ဤသို့လည်း ကောင်းခြင်းသုံးဖြာနှင့် ပြည့်စုံသည်ကို တွေ့ရှိရပါသည်။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည် ဝါကျတ္ထဒီပနီကျမ်းပြု မုံရွာမြို့ သပြေပင်တောရဆရာတော်ဘုရားကြီး၏ သဒ္ဒိဝိဟာရိက တပည့်ဖြစ်၍လည်း ကျဉ်းကျယ်၊ ကြောင်းကျိုး သာမညဝိသေသ၊ သာဓက စသောစကားဝါကျ အသွားအလာ၌ အလွန်နားလည်ထားသူဖြစ်၍ တရားဒေသနာ အစဉ်အဆက် ချောပြေစေ့စပ်အောင် ဟောစွမ်းနိုင်ပါသည်။ "ပုဒ်နေ၊ ပုဒ်ထား၊ ပုဒ်သွား၊ ပုဒ်လာ၊ ပုဒ်မှာ၊ ပုဒ် ထပ်၊ ပုဒ်ဟောစပ်" ဟူသော ပဒဝါကျ သမ္ဗန္ဓယောဇနာ နည်းစနစ် (၆)မျိုးကို

http://www.dhammadownload.com

## (ည) ကျမ်းဦးမှတ်ဖွယ် အမှာစကား

ကျမ်းရိုးကျန တတ်သိကျွမ်းကျင်သော ပုဂ္ဂိုလ်ဖြစ်၍လည်း စကားလုံးများကို ပုလဲကုံး၊ ပတ္တမြားကုံးများကဲ့သို့ အနေအထား ခွဲခြားစေ့စပ် သပ်ရပ်မှန်ကန်စွာ ဝါကျသွယ်ကုံး၍ ဟောကြားနိုင်စွမ်း ရှိပါပေသည်။

ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်းကြီးများကို နိုင်နင်းသော ဂဏဝါစက စာချသူမြတ်ဖြစ်၍လည်း ဝိတဏ္ဍာဝါဒ သမာနဝါဒ ယုတ္တ-အယုတ္တ စကားအဆစ်အပိုင်း ဝေဖန်ချက်တို့ဖြင့် ရှင်းလင်းဖော်ပြကာ ဟောကြားနိုင်ပါပေသည်။

ဉာတ်ကောက်၊ အလင်္ကာကောက်၊ နေတ္တိကောက်၊ အဘိဓမ္မာကောက် စသော အရကောက် အဓိပ္ပါယ်ကောက်ကျမ်းတို့ကို သင်ကြားပြသပေးနေသော ပုဂ္ဂိုလ်ဖြစ်၍လည်း ယောဂီသူတော်စင်၏ စိတ်နှလုံးကို ယူကြုံးပိုင်ပိုင် ဆွဲဆောင်နိုင်သော လိုရင်းအကျဉ်းအကျယ် မှတ်သားဖွယ်ကောက်ချက်ကို ဖော်လှစ်ချပြ၍ ဟောနိုင်ပါပေသည်။

ပဒဘာဇနီ၊ ဝိဘင်း၊ နိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ္ဂ၊ ပါဠိတော်ကြီးများ၏ အသွားအလာ နည်းနာနိဿယကို ကောင်းစွာ အာဂုမ်ရမိ သိရှိထားသော ပုဂ္ဂိုလ်ဖြစ်၍လည်း နိဒါန်းချီထားသော စကားအကျဉ်းကို အကျယ်တဝင့် ဖော်ပြချဲ့ထွင် ဟောကြားနိုင်ပါသည်။

စာချ၊ စာသင်၊ စာပြင်၊ စာရှု၊ စာမှတ်၊ စာဆိုးဖြတ်ဟူသော ဂဏဝါစကစာချ အင်္ဂါ(၇)ဖြာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်၍လည်း ကျက်၊ ကြည့်၊ ပြန်အံ သာမန်အစွမ်းဖြင့်မဟုတ်ပဲ၊ ပါဠိ အဋ္ဌကထာ အာစရိယဝါဒနည်းပေါင်း ခြုံရုံ၍ ဒွိပိဋကဓရ ခွန်အားအပြည့်ဖြင့် ဟောကြားထားသည်ကို တွေ့ရသည်။

(၁) ဗုဒ္ဓမြတ်စွာသည် လယ်သမားကြီး ဘာရဒွါဇအား လယ်သမားလယ်ထွန်တရားဖြင့် ချေချွတ်ဟောကြားသည်။

(၂) ဂွမ်းမင်းသား ဥဂ္ဂသေနအား တစ်ပတ်ဂွမ်းထိုးဂါထာဖြင့် အရဟတ္တဖိုလ်ပေါက် တရားဟောကြားတော်မူ၏။

http://www.dhammadownload.com



(၃) ဆွမ်းသုံးကြိမ်ထပ်၍ ခံယူသဖြင့် ငြီးတွားသော ဥဒယပုဏ္ဏားအား ထပ်ကာထပ်ကာ ပြုကျင့်ရာ တရား(၁၆)ပါးကို ဟောကြားဆုံးမ တော်မူသည်။

(၄) မာနကြီးသော ဥရုဝေလကဿပရသေ့အား တန်ခိုးပေါင်း သုံးထောင့်ငါးရာ တစ်ဆယ့်ခြောက်မျိုးပြ၍ မာနချိုးပြီးမှ တရားကို ဟောကြားတော်မူသည်။ မီးပူဇော်သော ရသေ့များအား မီးလောင် ပြင်တရားကို ဟောကြား၍ အရဟတ္တဖိုလ်ပေါက်စေသည်။

(၅) အဆဲပေါင်းတစ်ရာဖြင့် ဆဲသော ဘာရဒွါရဇပုဏ္ဏားအား လက်ဆောင်ပေးဥပမာပြ၍ သင်ပုဏ္ဏားဆဲသမျှလက်ဆောင်ကို ငါဘုရားမယူလို၊ သင့်ဘာသာ သင့်အဆဲတွေကို ပြန်ယူသွားပေ ရော့ဟု ပြောဆိုပြီး တရားကို ဟောကြားသဖြင့် အဆဲသမားကြီး ရဟန္တာဖြစ်ပွားရပေသည်။

(၆) အချောအလှကြိုက် မယ်ခေမာ ဇနပဒကလျာဏီအား သူတို့ထက် အလှကို ဖန်ဆင်းပြ၍ အိုနာသေ အကောင်ပုပ်တိုင်အောင် နောက်ဆက်တွဲအပြစ်ကိုပါ ပြတော်မူကာ ရဟန္တာမအဖြစ်သို့ ရောက်အောင် ဟောကြားတော်မူသည်။

(၇) ဉာဏ်ထိုင်းလှသော စူဠပန်ရဟန်းငယ်ကို ပုဝါဖြူလေးကို ဖန်ဆင်း ပေးပြီး လက်ဖြင့်ချေစေ၍ မြူအညစ်အကြေးကို (ဆောင်တယ်၊ သုတ်တယ်)လို့ နှုတ်ဖြင့်သွင်းလေဟု ဟောကြားလိုက်သဖြင့် ပုဝါဖြူ လေး ပေညစ်သွားခြင်းကို သံဝေဂယူ၍ စူဠပန်ရဟန်းသည် -

- ရာဂဆိုတာ မြူမှုန်ပါ မှန်စွာဖြစ်ပေသည်။
- ဒေါသဆိုတာ မြူမှုန်ပါ မှန်စွာဖြစ်ပေသည်။
- မောဟဆိုတာ မြူမှုန်ပါ မှန်စွာဖြစ်ပေသည်။
- လေ၏အဟုန် မြေမှုန်ခုန် မြူမှုန်မဟုတ်ပြီ။
- ကိလေသာမြူကင်းအောင်မှ ကျင့်သူကင်းလိမ့်မည်။

http://www.dhammadownload.com



- ကိလေသာမြူကင်း တရားမင်း သားရင်းဖြစ်ပေမည်။

ဤတရားဒေသနာ၏အဆုံး၌ ရဟန္တာကြီး ဖြစ်သွားလေသည်။

(၉) အင်္ဂုလိမာလသည် ဗုဒ္ဓကိုလိုက်၍ သတ်၏။ ဗုဒ္ဓကိုမှီအောင် မလိုက်နိုင်သဖြင့် "ရဟန်းရပ်လော့"ဟု ဆို၏။ ဗုဒ္ဓသည် ရပ်လော့ ဟူသော စကားကိုအခြေခံ၍ "ဟဲ့- အင်္ဂုလိမာလ သင်သာမရပ်၊ ပြေးသွားနေပါတကား၊ ငါကား ရှေ့သို့ မပြေးသွားပြီ၊ ထာဝရ ရပ်တန့်နေပြီ"ဟု စကားအကျဉ်း မိန့်ကြား၍ ပုဂ္ဂိုလ်တစ်ဦး၏ သံသရာ၌ ပြေးသွားနေပုံ၊ ရပ်ပုံကို ဟောကြားသဖြင့် အင်္ဂုလိမာလ သည် ရဟန္တာကြီးဖြစ်ရလေသည်။

(၁၀) ဗုဒ္ဓမြတ်စွာသည် တရားပွဲတိုင်းပင် ဒါန၊ သီလ၊ ဘာဝနာကို ဟောကြားစမြဲ လက်စွဲတရားကို ဟောတော်မူ၏။

(က) ဒါနဆိုတာ ဘာတဲ့လဲ၊ စည်းစိမ်ချမ်းသာ ရှာတာပဲ။

( ခ) သီလဆိုတာ ဘာတဲ့လဲ၊ ဘဝကောင်းကို ရှာတာပဲ။

( ဂ) ဘာဝနာဆိုတာ ဘာတဲ့လဲ၊ ဝိပဿနာဆိုတာ ဘာတဲ့လဲ၊ နိဗ္ဗာန်ချမ်းသာ ရှာတာပဲ။

ဤတရားကြီးသုံးပါး ထာဝရဟောတော်မူ၍ ဒါနရှင်၊ သီလရှင်၊ ဝိပဿနာယောဂီ သူတော်စင်ဖြစ်အောင် ဟောကြားတော်မူ သည်။

ဤသို့ စသည်ဖြင့် မြတ်စွာဘုရား၏ တရားဒေသနာ တန်ဆာဆင် ပုံကို ခြုံငုံမှတ်သားနိုင်သော ပုဂ္ဂိုလ်ဖြစ်၍လည်း လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသသည် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းပွဲတို့၌ သိမ်မွေ့နက်နဲ ဆန်းကြယ်ကြည်ညို မှတ်သားဖွယ်တို့ကို တခမ်းတနား ဟောကြားထားပုံကို ဤစာအုပ်၌ တွေ့မြင်ရှုမှတ်သားနိုင်မည် ဖြစ်ပါ သည်။

http://www.dhammadownload.com



**တိုက်တွန်းချက်**

လယ်တီဘဒ္ဒန္တဉာဏရာဘိဝံသ၏ လယ်တီဝိပဿနာတရားစခန်း၌ ဟောကြားအပ်သော တရားတော်များကို စုပေါင်းထားသော ဤကျမ်းစာအုပ်ကို ဝိပဿနာယောဂီသူတော်စင်ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လိုသောသူ၊ ဗုဒ္ဓဘာသာတရား လိုက်စားလေ့လာသူအပေါင်း သူတော်ကောင်းတို့ အစဉ်ရှုမှတ်သင့်လှပါသည်။ စာဖတ်သူတို့အား ဝိပဿနာအလုပ်ကို အမြဲအားပေး ဟောကြားနေသကဲ့သို့ ဖြစ်ပါလိမ့်မည်။ ဝိပဿနာကျင့်စဉ် လမ်းကြောင်း မတိမ်းမစောင်းအောင် ဖြောင့်ဖြူးအောင် ပြောဟောပေးနေသကဲ့သို့ ဖြစ်ပါလိမ့်မည်။

ထို့ကြောင့် လယ်တီဘဒ္ဒန္တဉာဏရာဘိဝံသ အရှင်မြတ်၏ လယ်တီဝိပဿနာ (၇)ရက်တရားစခန်း တရားတော်များ (ဤကျမ်းစာအုပ်)ကို ယောဂီသူတော်စင်ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လိုသူ၊ ဗုဒ္ဓဘာသာတရား လိုက်စားလေ့လာသူအပေါင်း သူတော်ကောင်းတို့ လက်ကိုင်ထား၍ ဖတ်ရှုမှတ်သားကြရန် အလေးအနက်တိုက်တွန်း မှာကြားအပ်ပါသည်။

**ဧကမူလာ ဧကက္ခန္ဓော၊ တယောသာခါ ပဘိဋ္ဌရေ**
**တထာပလာသ ပဏ္ဏာနိ၊ ဖဝံနာနာနိ ကာယကာ**
**နာနာစရိယဘာဝေန၊ ဝိသုံ ဝိသုံ ပဘိဋ္ဌရေ**
**သောဂတောနတထေရာနံ၊ နယံ သေဝေယျ ပဏ္ဍိတော**
**သောဂတညော နတာနံတုး၊ နဟိသေဝေယျ သဋ္ဌနော။**

အမြစ်တစ်ခုမှ ပင်စည်တစ်ခု ဖြစ်၏။ ပင်စည်တစ်ခုမှ ကိုင်းမများစွာ ဖွာထွက်၏။ ကိုင်းမကြီးများမှ အခက်အလက် အရွက်များစွာ ဗလဖွာဖြာကွဲထွက်ကုန်၏။

ဤအတူ မြတ်စွာဘုရား တည်းဟူသော မူအမြစ်မှ သံဃာတည်းဟူသော ပင်မကြီးဖြစ်၏။ သံဃာတည်းဟူသော ပင်မကြီးမှ အသီတိရှစ်ကျိပ် ရဟန္တာတပည့်ကြီးများ တည်းဟူသော ကိုင်းမကြီးများ ဖြာထွက်

http://www.dhammadownload.com



သော်လည်း တစ်စုတည်းသော ပင်မသံဃာသာ ဖြစ်၏။ ထိုရဟန္တာကြီးများ၏ တပည့်အဆက်ဆက် အခက်အလက် အရွက်တွေ ဖြာထွက်သော်လည်း တစ်စုတည်းသော ပင်မသံဃာတော်သာ ဖြစ်လေ၏။

သာသနာနောက်ဖျားခွဲမှုကား -

ဝါဒကွဲပြားသော ဆရာတည်းဟူသော အကိုင်းမကြီးများသည် သံဃာအစုကြီးမှ ခွာထွက်ကွဲပြားကုန်၏။ ထိုဆရာကြီးတို့၏ တပည့်အဆက်ဆက် အခက်အလက်တို့အား နိကာယ၊ ဂိုဏ်း၊ အုပ်စု ကွဲပြား၍ သံဃာတည်းဟူသော အစုအဝေးကြီးသည် အစိတ်စိတ် အမွှာမွှာ ဗလဖွာ ကွဲပြားလေ၏။

သို့ရာတွင် သောဂတ + ဩနတ + ထေရ = ပါဠိတော်မြတ်ကို ဦးညွတ်လေးစားသော မထေရ်မြတ်ကြီးတို့၏ ပရိယတ် ပဋိပတ် နည်းကောင်းနည်းမြတ်ကို ပညာရှိအပေါင်း သူတော်ကောင်းသည် မှီဝဲဆည်းကပ် ကျင့်သုံးရာ၏။

သောဂတ + အည + ဩနတ = ပါဠိတော်မှတစ်ပါးသော မိစ္ဆာဝါဒကို ညွတ်ကုန်သော ဆရာအတုအယောင်တို့၏ အတ္တနောမတိ တရားလက်သစ် နည်းမှားနည်းပျက်ကို ပညာရှိသူတော်ကောင်းသည် မမှီဝဲ မဆည်းကပ် မကျင့်သုံးသင့်ပေ။ အထူးသိရှိရာသတည်း။

လယ်တီဘဒ္ဒန္တကုဏ္ဍလ
အဂ္ဂမဟာပဏ္ဍိတ
ပဓာန နာယကဆရာတော်
အရှေ့လယ်တီတိုက်၊ မုံရွာမြို့။

http://www.dhammadownload.com

# ရတနတ္တယ ပဏာမ

အဟံ-ဆရာနွတ်ဖွား ရှင်နိုးကြားဟု မှည့်ထားသမုတ် " ဇာဂရ"ဟူသော အကျွန်ုပ်သည်၊ ဇာဂရတ္တာယ-မိုက်မဲစွာလှ မှောင်ကြီးကျ၍ မောဟပျော်မှိန်း တဖိန်းဖိန်းဖြင့် အိပ်ပျော်ခြင်းကင်း နိုးကြားစေခြင်းငှါ၊ ဝါ၊ နိုးနိုးကြားကြား တက်အားကြွကြွ လုလ္လမယုတ် အားထုတ်စေခြင်းငှါ၊ ဝါစကေ-သန္တာနခြင်း ကရုဏာအရင်းခံ ဒေသနာတော် ဉာဏ်ကွန့်မြူးလျက် အထူးသိမြင် ဟောကြားတော်မူတတ်ပါကုန်သော၊ ဇာဂရာဘိ ဇာဂရန္တေ-အစိုးတရ ပိုင်သနိုင်နင်း ကုန္တေငါးပါး ပွားများခြင်းတို့ဖြင့် နိုးနိုးကြားကြား တတ်အားကြွကြွ လုလ္လမယုတ် အားအင်ထုတ်ကြသူတို့ထက် အလွန်အကြူး အထူးမြင့်မြတ် နိုးကြားတော်မူပြီး နိုးကြားစေတော်မူတတ်ကုန်သော ဘုရားရှင်တို့ကိုလည်းကောင်း၊ ဇာဂရံ-အစိုးတရ ပိုင်သနိုင်နင်း ကုန္တေငါးပါးပွားများ၍ နိုးကြားစေကြောင်း ကောင်းမြတ်သော တရားတော်ကို လည်းကောင်း၊ ဇာဂရာဘိဝံသံ- အသိအလိမ္မာ ဉာဏ်ပညာဟု ဝိဇ္ဇာဉာဏ် အလင်းရောင်ဖြင့် နိုးကြားတော်မူခဲ့ကုန်ပြီးသော ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်း သူတော်ကောင်းဟူသော မြင့်မြတ်ထင်ပေါ် မြတ်သော အနွယ်တော်ဝင် အရှင်သံဃာတော်ကို လည်းကောင်း၊ ဝါ၊ စံညာဂုနန် ဆင့်ရန် တတွေ သူဌေ သုပဏ်ရှစ်တန်ထေရ်မော် ကျွန်းလုံးကျော်တို့ နွယ်တော်မပျက် ဆင်းသက်၍လာ ကျေးဇူးတော်ရှင် လယ်တီဆရာတော်၊ ပခုက္ကူဆရာတော်၊ ရွှေရေးဆောင် ဆရာတော်၊ သပြေပင်တောရဆရာတော်၊ ကလေးဝဆရာတော် ၊လားရှိုးဆရာတော်၊ ကုန်းသာရွာသိရီမင်္ဂလာကျောင်း ဆရာတော် စသော မဟာထေရ်မြတ်အပေါင်းကိုလည်းကောင်း၊ ဇာဂရတ္တံ-ညစ်ကြေးကင်းဆိတ် ကုသိုလ်စိတ်ကို ဆို့ပိတ်တတ်ခြား ငါးပါးနီဝရဏ အိပ်မောကျ လွတ်ကင်း၍ အစိုးတရပိုင်သနိုင်းနင်း ကုန္တေငါးပါး ပွားများခြင်းတို့ဖြင့် နိုးနိုးကြားကြား တတ်အားကြွကြွ လုလ္လမယုတ် အားအင်ထုတ်နိုင်ခြင်းကျိုးငှါ၊ နမေ - ခြေလက်နဖူး တတောင်ဒူးဟု ငါးဦးတည်ရိုး ကော်ရော်မျိုးဖြင့် နိမ်ရိုးဦးချ ကန်တော့ရှိခိုးပါ၏ ဘုရား၊

http://www.dhammadownload.com

http://www.dhammadownload.com



ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်
နာဂလိုဏ်ဂူဘုရားကုန်းမြေ
ကလေးဝတောရကျောင်းစာသင်တိုက်
လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်တို့၏ ပဓာန နာယက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်(၁)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ
အုပ်ချုပ်ရေးဇဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏
ပါဠိစာပေအဆင့်မြှင့်တင်ရေးအကြံပြုကော်မတီ ဥက္ကဋ္ဌ
မဟာသန္တိသုခနှင့်အပြည်ပြည်ဆိုင်ရာထေရဝါဒသာသနာပြုတက္ကသိုလ်
ဩဝါဒါစရိယ
အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
မူလအာဘိဓမ္မိက
ပရိယတ္တိသာသနဟိတဓရ

## လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

၏

## သာဓုဖြစ်စဉ်

**ဇာတိဌာန မွေးရပ်မြေ**

စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ကနီမြို့နယ်၊ ယင်းအုပ်စု၊ ကုန်းသာကျေးရွာ၊ ဖခမည်းတော် ဦးပေါ - မယ်တော် ဒေါ်အေးသန့်တို့မှ ၁၃၀၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၆)ရက်၊ အင်္ဂါနေ့ညဥ့် (၉)နာရီအချိန်တွင် ဖွားမြင်သော အဘိဇာတ တတိယသားရတနာ ဖြစ်သည်။

http://www.dhammadownload.com

# (က) ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဘဝဖြစ်စဉ်

**ကျောင်းအပ်ပညာသင်ခြင်း**

ငါးနှစ်သားအရွယ်တွင် ဦးလေးသိန်း၏ အကူအညီရယူ၍ ကုန်းသာရွာကျောင်း ဆရာတော် ဦးစန္ဒိမာ၊ ဆရာတော် ဦးကုမုဒ၊ ဆရာတော် ဦးဉာဏဝံသ တို့ထံအပ်နှံ၍ ဘုန်းတော်ကြီးသင်ပညာရေး အခြေခံမှစ၍ သင်ယူခဲ့သည်။

**ရှင်သာမဏေဘဝ**

ဆယ်နှစ်သားအရွယ်တွင် အဘိုး ဦးတုတ်ရ - အဖွား ဒေါ်ဖွားအုံ၊ အဘိုး ဦးဘိုးဆင် - အဖွား ဒေါ်နန်းပါးတို့ကို အမှူးထား၍ ခမည်းတော် - မယ်တော်တို့က ရှင်ဒါယကာ - ဒါယိကာမများအဖြစ်ဖြင့် ရှင်ပြုမင်္ဂလာ ပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက် ဆရာတော် ဦးကုမုဒကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ သာသနာ့အမွေ ခံယူခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ဇာဂရ ဖြစ်သည်။

**စာသင်ထွက်ခဲ့ခြင်း**

ကုန်းသာရွာတွင် (၂)ဝါဆိုပြီး (၁၂)နှစ်သားအရွယ် ၁၃၁၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၅)ရက်၊ ကြာသပတေးနေ့တွင် ဆရာတော် ဦးကုမုဒ ကိုယ်တော်တိုင် မုံရွာမြို့ လယ်တီနိကာယ သပြေပင်တောရ ကျောင်းတိုက် ကျမ်းပြုအကျော် ဆရာတော် အရှင်ကေဝလာဘိဝံသ ထံတော်သို့ အပ်နှံလျက် ပရိယတ္တိစာပေများကို သင်ကြားစေခဲ့သည်။

သပြေပင်တောရကျောင်းတိုက်သည် မဟာနာယက ပထမ ဆရာတော်ဘုရား ဘဒ္ဒန္တကေဝလာဘိဝံသ၊ ဒုတိယဆရာတော် ဘဒ္ဒန္တ ကုမုဒနှင့် စာချဆရာတော်များဖြစ်ကြသော -

- အရှင်ဓမ္မိက (ယခု မုံရွာမြို့၊ ရှမ်းတော်ရပ်၊ ဓမ္မိကာရုံ ဆရာတော်)

http://www.dhammadownload.com



- အရှင်သြဘာသ (ယခု ပဲခူး၊ အင်းတကော်၊ ဘုရားငုတ်တို ရေဝန်းကျောင်းဆရာတော်)
- အရှင်ပညာသီရိ (ယခု ဟုမ္မလင်းမြို့ သဝန်ရွာဆရာတော်)
- အရှင်မာနိတ (ယခု ချောင်းဦးမြို့၊ ကျီကုန်းရွာ၊ ဓမ္မရက္ခိတ ကျောင်းဆရာတော်)
- အရှင်သုမန (တပ်ကုန်းမြို့၊ ငွေတောင်တောရကျောင်း တိုက်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၄ ^)
- အရှင်ပညာသီရိ (အဂ္ဂမဟာပဏ္ဍိတ ပါဠိပါရဂူ၊ ငွေတောင် တောရကျောင်းတိုက် ပဓာန နာယကဆရာတော် တပ်ကုန်းမြို့)
- ဘဒ္ဒန္တပရမ၊ သာသိဓ ဓမ္မစရိယ (ငါန်းဇွန်ဆရာတော်)
- မုံရွာမြို့၊ အရှေ့လယ်တီကျောင်းတိုက် ပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ၊
- စာချဆရာတော် ဘဒ္ဒန္တမာလာသီရိ (ယခု နိုင်ငံတော် သြဝါဒါစရိယ၊ လယ်တီတိုက်သစ်၊ မြင်းမူမြို့)
- စာချဆရာတော် ဘဒ္ဒန္တပညာဝံသ (အရှေ့လယ်တီနာယက)
- စာချဆရာတော် ဘဒ္ဒန္တကုဏ္ဍလ (ယခု အရှေ့လယ်တီ တိုက် ပဓာနနာယကဆရာတော်) အဂ္ဂမဟာပဏ္ဍိတ၊

စသော ဆရာတော်များထံတွင် ပရိယတ်စာပေ အခြေခံများနှင့်တကွ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ၊ ကျမ်းကြီး၊ ကျမ်းငယ် အသွယ်သွယ် တို့ကို သင်ယူခဲ့သည်။

အထူးသဖြင့် သပြေပင်တောရ ဆရာတော်ကိုယ်တော်တိုင် သင်ကြားပို့ချပေးသော ရူပသိဒ္ဓိကျမ်းကို သုံးနှစ်တိုင်တိုင် အစမှ အဆုံးတိုင်အောင် သင်ကြားခဲ့ရသည်။

http://www.dhammadownload.com

## (ဒ) ဘဒ္ဒန္တဇောဂရာဘိဝံသ၏ ဘဝဖြစ်စဉ်

ဆရာတော်ဘုရား စာချစဉ်နှင့် ညဥ့်အသုံးပြုတော်မူသော ထွေးခံကြီးနှစ်လုံးကို ဆေးကြော၍ ဝေယျာဝစ္စအမှုကြီးငယ်ကို ဝတ်ပြု ဆောင်ရွက်ခဲ့သည်မှာ (၁၅)နှစ်ခန့် ဖြစ်သည်။

**ရဟန်းဒါယကာ ဒါယိကာမများ**

မုံရွာမြို့ သပြေပင်တောရကျောင်းတိုက် ဆရာတော် အရှင်ကေဝလာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ၁၃၂၂ ခုနှစ်၊ တပေါင်းလဆန်း (၇)ရက်၊ တနင်္လာနေ့တွင် မုံရွာမြို့ တရုတ်တန်း ဇေယျသုခဆန်စက် ပိုင်ရှင် ဦးဘရွှေ - ဒေါ်ရွှေချယ် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟနှင့် ရန်ကုန်၊ မုံရွာ၊ ကနီ၊ တောင်ကြီး၊ မန္တလေး၊ ဝါးခယ်မမြို့၊ မလေးရှားနိုင်ငံ၊ အမေရိကန်နိုင်ငံများမှ ရဟန်းဒါယကာ - ဒါယိကာမများက ပစ္စည်း လေးပါး ဒါယကာ ဒါယိကာမများအဖြစ် (၆၈)ကြိမ်တိုင်တိုင် သိက္ခာ ထပ်တင် ထောက်ပံ့လှူဒါန်းခဲ့ကြသည်။ ရဟန်း(၁)ဝါရတွင် ပထမဆုံး ရဟန်းဒါယကာက ဝိဇ္ဇာမဂ္ဂဒီပနီတိုက် စာချကျောင်း ဆောက်လုပ်လှူဒါန်း ခဲ့သည်။

**ပခုက္ကူစာသင်နည်း**

ရဟန်း (၁)ဝါအရ ဓမ္မာစရိယတန်း ပါဠိဘာသာဖြင့် အောင်မြင် ပြီးသောအခါ ပခုက္ကူအလယ်တိုက်ကြီး၊ မဟာဝိသုတာရာမတိုက်၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ မဟာထေရ်၏ ခြေတော်ရင်းကို ခိုလှုံလျက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တနေမိန္ဒ သီတင်းသုံးတော်မူရာ "သုဝဏ္ဏဝတီတိုက်"ကျောင်းတွင် နေထိုင်ပြီး တိုက်အုပ်ဆရာတော် ဘဒ္ဒန္တမာယိန္ဒ, ဘဒ္ဒန္တနန္ဒိယ, ဘဒ္ဒန္တပညိန္ဒ (အဂ္ဂမဟာပဏ္ဍိတ), ဘဒ္ဒန္တနေမိန္ဒ စသော ဂဏဝါစကဆရာတော်များ ထံတော်တွင် နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ၊ အဋ္ဌကထာ၊ ဋီကာများနှင့်

http://www.dhammadownload.com



တကွ သင်ယူခဲ့ပြီး တိပိဋကစာပြန်ပွဲ ဝင်ရောက်ဖြေဆိုနိုင်ရန် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ မဟာထေရ်၏ အားပေးချီးမြှောက်မှုကို ခံယူ ရရှိခဲ့သည်။

**မန္တလေးစာသင်နည်း**

မန္တလေးမြို့၊ ရွှေရေးဆောင်ကျောင်းတိုက် အထူးစာချအကျော် သံချောင်းဆရာတော် ဦးပဏ္ဍဝ၊ မန္တလေးမြို့ ရွှေရေးဆောင်ကျောင်းတိုက် သူဌေးကျောင်းဆရာတော် ဦးစန္ဒိမာ၊ မန္တလေးမြို့ ဆီးဘန်နီဆရာတော် ဘဒ္ဒန္တအာစာရာဘိဝံသ နိုင်ငံတော်သံဃမဟာနာယက၊ ဘုရားကြီးတိုက် အမရပူရကျောင်းဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသ နိုင်ငံတော်သံဃ မဟာနာယက အရှင်မြတ်တို့ထံ မန္တလေးစာသင်နည်း၊ ရွှေရေးဆောင် နည်းကို သင်ယူခဲ့သည်။

**လားရှိုးမြို့**

၁၃၂၀ ခုနှစ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့၊ မဟာဗောဓာရုံကျောင်းတိုက်၌ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကဝိန္ဒာစာရ (ယခု အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယ ဥက္ကဋ္ဌ) မြို့လယ်ကျောင်းဆရာတော်၏ အာမိသဓမ္မ ထောက်ပံ့မှုကို ရယူနေထိုင်ခဲ့သည်။

**အောင်မြင်တော်မူခဲ့သောစာမေးပွဲများ**

(၁၄)နှစ်သားအရွယ်တွင် သာသနာတော် (၂၅၀၀)ပြည့် အထိမ်း အမှတ် ဝိနည်းစာပြန်ပွဲတွင် "ပထမ"ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

(၁၆)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲတွင် "ပထမငယ်တန်း" ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

http://www.dhammadownload.com

## (န) ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဘဝဖြစ်စဉ်

(၁၇)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲ **"ပထမလတ်တန်း"** ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

(၁၈)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲ **"ပထမကြီးတန်း"**ကို ဖြေဆိုအောင်မြင်ပြီး မုံရွာမြို့ သပြေပင်တောရကျောင်း ပါဠိပါမောက္ခသမိတိမှ ကြီးမှူးကျင်းပသော စာမေးပွဲ၌ ပထမအဆင့် ပထမ၊ ဒုတိယအဆင့် ဒုတိယ၊ တတိယအဆင့် ပထမ အောင်မြင်ခဲ့သည်။

(၁၉)နှစ်သားအရွယ်တွင် အစိုးရဓမ္မာစရိယစာမေးပွဲ သီလက္ခန်နှင့် အဋ္ဌသာလိနီ (၂)ကျမ်း ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

(၂၀)နှစ် ရဟန်း(၁)ဝါရတွင် **"ပါရာဇိကဏ်"**ကျမ်းကို အောင်မြင်ခဲ့သည်။ ကျမ်းရင်းအစိုးရဓမ္မာစရိယတန်း **"ပါဠိဘာသာ"**ဖြင့် အောင်မြင်ခဲ့သည်။ သာသနဓဇဓမ္မာစရိယဘွဲ့ (ပါဠိဘာသာ)ဖြင့် ရခဲ့သည်။

ရဟန်း(၂)ဝါရအတွင် စာမျက်နှာ (၇၇၉)ရှိသော ဒီဃနိကာယ်သုတ္တန္တပိဋကကို အာဂုံပြန်ဆိုနိုင်ခဲ့သဖြင့် အရိုးနီထီးဖြူတော်တစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်နှင့် **"ဒီဃဘာဏက"**ဘွဲ့ပုံလက်မှတ်ရရှိခဲ့သည်။

ရဟန်း(၄)ဝါအရတွင် **"မဟာဝဂ္ဂါဒိ"** မြန်မာဂုဏ်ထူးကို အောင်မြင်တော်မူခဲ့သဖြင့် **"သာသနာဓဇ သီရိပဝရ ဓမ္မာစရိယ"** ဘွဲ့ ရရှိတော်မူခဲ့သည်။

ရဟန်း(၅)ဝါအရတွင် **"သုတ္တန္တ ပိဋက ဒီဃနိကာယ်"** ရေးဖြေစာမေးပွဲအောင်မြင်သဖြင့် အရိုးဝါထီးဖြူတော်တစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော် **"ဒီဃနိကာယ ကောဝိဒ"**ဘွဲ့ပုံလက်မှတ်ကို ရရှိတော်မူခဲ့သည်။ ထိုအချိန်မှစ၍ ရထား၊ သင်္ဘောအထက်တန်း အခမဲ့စီးနင်းလိုက်ပါခွင့် တပည့်တစ်ယောက်နှင့်အတူ ရရှိခဲ့သည်။

http://www.dhammadownload.com



ဒီဃဘာဏကဘွဲ့တံဆိပ်တော်နှင့် ဒီဃနိကာယကောဝိဒဘွဲ့တံဆိပ်တော်များ ရရှိတော်မူသည့်အတွက် ဂုဏ်ပြုပူဇော်ပွဲကို မုံရွာမြို့ သပြေပင်တောရဆရာတော်ဘုရားကြီးနှင့် ဆရာတော် ဦးကုမုဒတို့က ဦးဆောင်လျက် တပည့်ဒါယကာ ဒါယိကာမများက ဆင်ယင်ကျင်းပ ချီးမြှောက်မှုခံခဲ့ရသည်။

ရဟန်း(၁၀)ဝါအရတွင် စာမျက်နှာ(၂၂၆၀)ပါရှိသော ဝိနယပိဋကတော်ကို တစ်နှစ်တည်း အာဂုံပြန်ဆိုအောင်မြင်သဖြင့် အရိုးနီထီးဖြူတော်နှစ်လက်တံဆိပ် ပါရှိသော သာသနာ့အောင်လံတော်နှင့် **"ဝိနယဓရ"**ဘွဲ့လက်မှတ်ကို ရရှိတော်မူခဲ့သည်။

ရဟန်း(၁၄)ဝါအရ (၂၇)ကြိမ်မြောက် တိပိဋကစာမေးပွဲတွင် ဝိနည်း(၅)ကျမ်း ရေးဖြေစာမေးပွဲ၌ မြန်မာတစ်နိုင်ငံလုံး တစ်ပါးတည်း အောင်မြင်တော်မူခဲ့ရာ အရိုးဝါထီးဖြူနှစ်လက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော် **"ဝိနယကောဝိဒ"** ဘွဲ့ပုံလက်မှတ် ရရှိတော်မူခဲ့သည်။

ဝိနယဓရ ဘွဲ့တံဆိပ်တော်နှင့် ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်များ ရရှိတော်မူသဖြင့် **"ဂုဏ်ပြုပူဇော်ပွဲ"**ကို မုံရွာမြို့၊ မြို့မရွှေဂူတိုက်လယ်တီနိကာယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးကေသရ သပြေင်တောရဆရာတော်တို့က ဦးဆောင်၍ ဒါယကာ ဒါယိကာမများ၊ စစ်ကိုင်းတိုင်း ကောင်စီဥက္ကဋ္ဌ၊ မုံရွာမြို့နယ် ကောင်စီဥက္ကဋ္ဌတို့က ကြီးမှူး၍ ကျင်းပခဲ့ကြသည်။

ရဟန်း(၁၆)ဝါအရ (၃၀)ကြိမ်မြောက် တိပိဋကစာမေးပွဲတွင် အဘိဓမ္မာရှေ့ပိုင်း (၅)ကျမ်း၊ စာမျက်နှာ (၁၃၉၀)တို့ကို ပြန်ဆိုရာ၌ မြန်မာနိုင်ငံတစ်နိုင်ငံလုံး တစ်ပါးတည်း အောင်မြင်ခဲ့သဖြင့် အသိအမှတ်ပြုလက်မှတ် ရရှိခဲ့သည်။ ဂုဏ်ပြုပူဇော်ပွဲကို ကျေးဇူးတော်ရှင် ကလေးဝ အဘိုးဆရာတော်ဘုရားကြီးက ကြီးမှူးကျင်းပပေးခဲ့သည်။ သုတ္တန် ဝိနည်း အဘိဓမ္မာရှေ့ပိုင်း (၃၅)ရက်တိုင်တိုင် အာဂုံပြန်ဆိုရာ တစ်ကြိမ်တစ်ခါမျှ

http://www.dhammadownload.com



ကျရှုံးခြင်းမရှိပဲ အောင်မြင်ခဲ့သည်။

ဆရာတော်သည် ငယ်ရွယ်စဉ် (၁၂)နှစ်သားအရွယ်ကပင် မျက်စိမှုန်ဝါး ဖြစ်ခဲ့ပြီးလည်း -

"ဘာကြောင့်ညာကြောင့် မဖြောင့်လုပ်ကိုင်"

"လူအညံ့စား ကိုယ့်အားမပိုင်"

"ကိုယ့်ကိုအားပြု ဘာမှုဘာဆိုင်"

"ကိုယ့်အလုပ် ကြိုးကုတ်အောင်ပန်းတိုင်"

ဟူသော ရှင်သာမဏေဘဝက ရေးသားသောစကားဖြင့် အမြဲအားမြှင့်ပေးတော်မူခဲ့သည်။

**နိုင်ငံတော်အစိုးရနှင့်ရာပြည့်အထိမ်းအမှတ်ဂုဏ်ပြုတံဆိပ် (၄)ခု ဂုဏ်ပြုဘွဲ့တံဆိပ်များ**

ပရိယတ္တိစာပေများ နှစ်ပေါင်း(၄၀)ကျော် ပို့ချလျက် သာသနာ့တာဝန်များ ထမ်းဆောင်တော်မူခဲ့သောကြောင့် -

- ၁၃၅၇ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က "**အဂ္ဂမဟာဂန္ထဝါစက**" ပထမစာချဘွဲ့တံဆိပ်တော်၊
- ၁၃၆၀ ပြည့်နှစ်တွင် သက်တော် (၅၈)နှစ်၊ သိက္ခာတော် (၃၈)ဝါအရတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက "**အဂ္ဂမဟာပဏ္ဍိတ**"ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ပခုက္ကူရာပြည့်ဂုဏ်ပြုဘွဲ့ပုံလက်မှတ်များ**

၁၃၅၈ ခုနှစ်တွင် ပခုက္ကူစာချနည်း တီထွင်သည့် "ရာပြည့်အထိမ်းအမှတ်" "**မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ**

http://www.dhammadownload.com



ဂဏာအနု နာယက" ဘွဲ့ပုံလက်မှတ်နှင့် ၁၃၆၅ ခုနှစ်တွင် ပခုက္ကူ မဟာဝိသုတာရာမ အလယ်တိုက်ကြီး တည်ထောင်သည့် ရာပြည့် အထိမ်းအမှတ် "မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ ဂဏမဟာနာယက" ဘွဲ့ပုံလက်မှတ်ကို ချီးမြှင့်ခံရသည်။ ကျေးဇူးတော်ရှင် ဆရာတော်ကြီး (၄)ပါးတို့၏ ဓာတ်ပုံကြီး(၄)ပုံ ကူးယူပူဇော်ခဲ့သည်။

**မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး ရာပြည့်ဂုဏဝိသိဋ္ဌဘွဲ့**

မန္တလေးမြို့ ပရိယတ္တိသာသနဟိတ သကျသီဟ အသင်းကြီးသည် ပရိယတ္တိသာသနာတော်အကျိုး ဆောင်သယ်ပိုးရန် ၁၂၆၀ ပြည့်နှစ်က တည်ထောင်ခဲ့၍ ၁၃၆၀ ပြည့်နှစ်တွင် ရာပြည့်ပွဲသဘင် ဆင်ယင်ကျင်းပနိုင်ခဲ့သည်။ ရာပြည့် ပရိယတ္တိသာသနာဟိတ သကျသီဟ အသင်းကြီးက စာပေကျမ်းဂန် ပို့ချတော်မူကြသော ဆရာတော်များအား ဂုဏဝိသိဋ္ဌဂုဏ်ပြုလက်မှတ် ဆက်ကပ်ခဲ့ရာ ကလေးဝဆရာတော်အား "ပရိယတ္တိသာသနဟိတရေ"ဟူသော ဂုဏ်ထူးဆောင်ဘွဲ့ပုံလက်မှတ်ကို ဆက်ကပ်ခဲ့သည်။

**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ အဘိဇမဟာရဋ္ဌဂုရု ညောင်တုန်းဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ အကျိုးတော်ဆောင်ဖြစ်၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ၏ ဒုတိယအဓိပတိ ဖြစ်လာခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့၌ ဥက္ကဋ္ဌတစ်နေရာ ထပ်မံရွေးချယ်ခဲ့ရာ ကလေးဝဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် (၁)ဖြစ်၍

http://www.dhammadownload.com

## (ဘ) ဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဘဝဖြစ်စဉ်

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ ဒုတိယဥက္ကဋ္ဌနေရာ အရွေးချယ်ခံရပြီး ထေရ်စဉ်ဝါစဉ်အလိုက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ (၂)အဖြစ်ဖြင့် ဆောင်ရွက်ခွင့်ရခဲ့သည်။

**ကျမ်းဂန်ရေးသားပြုစုခြင်း**

အဂ္ဂမဟာပဏ္ဍိတ နာဂလိုဏ်ဂူကလေးဝတောရဆရာတော်သည် သပြေပင်တောရဆရာတော်ဘုရားကြီး၏ ပို့ချနည်းအတိုင်း ပါဠိရေးပြောနည်းခေါ် ပါဠိဖတ်စာ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်၊ နာဂလိုဏ်ဂူအဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီဝိပဿနာ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈)၊ (၉)၊ (၁၀) တို့ကို ရေးသားပြီး ဓမ္မဒါနလှူဒါန်းခဲ့သည်။

**ကျေးဇူးတော်ရှင် ဆရာတော်ဘုရားများအား ပူဇော်ခြင်း**

အဂ္ဂမဟာပဏ္ဍိတ ကလေးဝဆရာတော်သည် မိမိအား ပစ္စည်းအာမိသတရားဓမ္မဖြင့် ချီးမြှင့်တော်မူခဲ့ကြသော ကျေးဇူးတော်ရှင် ဆရာတော်ကြီးများအား နေ့စဉ်ရှိခိုးပူဇော်ခဲ့သည့်အပြင် နှစ်စဉ်ပင့်လျှောက်၍ ပူဇော်ကျေးဇူးတော်ဆပ်ခဲ့သည်မှာ ယနေ့အချိန်အထိဖြစ်သည်။

**စာသင်တိုက်များ ဖွင့်လှစ်ဦးဆောင် သာသနာပြုဓမ္မစေတီများ တည်ထားကိုးကွယ်ခြင်း**

၁၃၄၁ ခုနှစ်၊ နယုန်လမှစ၍ ရန်ကုန်မြို့၊ နာဂလိုဏ်ဂူကလေးဝတောရစာသင်တိုက်ကို ကိုယ်တိုင်ဦးစီးဖွင့်လှစ်၍ -

- မုံရွာသပြေပင်တောရ စာသင်တိုက်၊
- ဟိုပန်မြို့၊ မြသိန်းတန် စာသင်တိုက်၊

http://www.dhammadownload.com



- ဒဂုံမြို့သစ်မြောက်ပိုင်း၊ မင်္ဂလာရာမ စာသင်တိုက်၊
- မန္တလေးမြို့၊ ရွှေရေးဆောင်သူဌေးကျောင်း စာသင်တိုက်၊
- လှည်းကူးမြို့၊ မဟာဇေယျမင်းကျောင်း စာသင်တိုက်၊
- ပဲခူးမြို့၊ မဟာဗောဓိ စာသင်တိုက်၊
- ပဲခူးမြို့၊ မဟာပဒုမဝိနယဓရ စာသင်တိုက်၊
- ဗဟန်း၊ ယောဇနာရာမ စာသင်တိုက်၊
- ချောင်းဦးမြို့၊ ကိုင်းဆယ်ရွာ၊ ဇေယျာရန်နိုင် စာသင်တိုက်၊
- သီပေါမြို့၊ ခန္တီအာရာမ စာသင်တိုက်၊
- ကန့်ဘလူမြို့၊ မဟာရွှေစည်ကြီးစေတီတော် ပရိယတ္တိ စာသင်တိုက်၊
- လှည်းကူးမြို့၊ ရွှေကြာရံလယ်တီတောရရိပ်သာ၊
- ပဲခူးမြို့၊ မဟာကြီးဘုရားကျောင်းစာသင်တိုက်၊
- ပျော်ဘွယ်မြို့၊ ရှားတောဓမ္မရိပ်သာ၊
- မန္တလေးမြို့၊ သမဂ္ဂရာမပညာဒါနကျောင်းတိုက်၊
- မိုးဗြဲ လယ်တီတောရရိပ်သာ၊
- တောင်ကြီးမြို့၊ အောင်သပြေစွယ်တော်ကျောင်း၊

တို့ကို ဦးစီးနိုင်သော တပည့်ကြီးများ ပေါ်ထွန်းစေရန် ရဟန်း(၄)ဝါရမှ စ၍ စာပေပို့ချခဲ့ရာ တစ်နေ့လျှင် စာဝါ (၃)ဝါ ယနေ့တိုင် ပို့ချလျက် ဓမ္မစေတီများ ရှိသေစွာ တည်ထားကိုးကွယ်လျက် ရှိသည်။

http://www.dhammadownload.com

(ယ)

## နာဂလိုဏ်ဂူ ကလေးဝဆရာတော်
## ယနေ့ ဆောင်ရွက်နေသော သာသနာပြုလုပ်ငန်းများ

**ကျောင်း(၅)မျိုး**

ယနေ့ သာသနာတော်နှစ် ၂၅၄၉ နှစ်တိုင်အောင် မြန်မာနိုင်ငံ၌ သာသနာတော် တည်ရှိနေခြင်းသည် ဘုန်းတော်ကြီးများ ဦးဆောင်လျှက် သာသနာ့တာဝန်ထမ်းကြခြင်း၊ မြန်မာပြည်သူပြည်သားများက ပစ္စည်းလေးပါး ထောက်ပံ့အားပေးကြခြင်းကြောင့် ဖြစ်သည်။

ဘုန်းတော်ကြီးများက ဦးဆောင်လျှက် သာသနာ့ဝန်ထမ်းကြပုံမှာ ဘုန်းတော်ကြီးများသည် မိဘပြည်သူတို့၏ ရင်သွေးငယ်များအား ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ စသောပညာရပ်များ (အခမဲ့)သင်ကြားပေးခြင်း၊ လူကြီးသူမတို့အား တရားဓမ္မဟောပြပေးခြင်းဖြင့် ပစ္စုပ္ပန်သံသရာရေး ဦးဆောင်ခြင်း၊ ပညတ်တော်မူထားသော ဝိနည်း သိက္ခာကျင့်ဝတ်ကို မည်သည့်သာဝကနှင့်မတူ လေးစားလိုက်နာ၍ ကြည်ညိုဖွယ်ဂုဏ်ဆောင်နိုင်ခြင်းဖြင့် ရှေ့ဆောင်တော်မူခဲ့ကြသည်။

ယင်းကဲ့သို့ ဦးဆောင်ရာတွင် ယနေ့ခေတ် ဘုန်းတော်ကြီးများ သာသနာပြုစခန်းချ၍ နေထိုင်ရာ "ကျောင်း"အမျိုးအစား (၅)မျိုးကို တွေ့ရသည်။

ကျောင်း(၅)မျိုးက-

၁။ တရားရိပ်သာကျောင်း၊

၂။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် နိုင်ငံတော်ပရိယတ္တိသာသနာတက္ကသိုလ်ကြီးများ၊

၃။ ဗုဒ္ဓစာပေအဆင့်ဆင့် သင်ကြားပေးရာ စာသင်တိုက်ကျောင်းကြီးများ၊

၄။ အကြည်ညိုခံသာသနာပြုကျောင်း၊

http://www.dhammadownload.com



၅။ ကလေးသူငယ်များအား စာပေပညာသင်ကြားပေးသည့် (ဘ-က) ကျောင်းဟု ကျောင်းအမျိုးအစား (၅)မျိုးကို တွေ့ရသည်။

**သာသနာပြုစခန်း (၄)မျိုး**

ဤနာဂလိုဏ်ဂူ အဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီဝိပဿနာ အမွှမ်းတင် ဘာဝနာတရားကို ဟောကြား၍ ကျမ်း(၅)ကျမ်းအဖြစ်သို့ ရောက်အောင် ဆောင်ရွက်တော်မူသော ဆရာတော်သည် နံပါတ်(၁၊ ၃၊ ၄၊ ၅) အမျိုးအစားကျောင်းတို့ကို ဦးဆောင်ဖွင့်လှစ်၍၊ (၂)အမျိုးအစားကို ပွင့်လင်းရန် စီမံလျှက် မိမိ၏သာသနာပြုစွမ်းအားကို မြင့်မားစေတော်မူလျှက် ရှိသည်။

**နံပါတ်(၅)အမျိုးအစားကျောင်း**

ကလေးဝဆရာတော်သည် နံပါတ်(၅)အမျိုးအစားကျောင်းဖြစ်သည့် နယ်စပ်ဒေသနှင့်တောင်တန်းဒေသ တိုင်းရင်းသားကလေးသူငယ်များ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို ရန်ကုန်မြို့၊ နာဂလိုဏ်ဂူ ဘုရားကုန်းမြေ၌ "ဝ"ကျောင်းသား (၁၇)ယောက်ဖြင့် ၁၉၉၂ ခုနှစ်မှ စတင်၍ ဖွင့်လှစ်ခဲ့ရာ ယခုအခါ လူမျိုးများစွာ နယ်စပ်ဒေသနှင့် တောင်တန်းဒေသ တိုင်းရင်းသားမျိုးစုံ နှစ်စဉ်တစ်ထောင်ကျော် လာရောက်ခိုနားလျှက် (ကျောင်းသုံးစာအုပ်၊ ခဲတံ၊ ဘောလ်ပင် စသည် မဝယ်ရစေပဲ) အခမဲ့ပညာသင်ကြားခွင့်ရသော ပညာရေးကျောင်းကြီး ဖြစ်အောင် ဆောင်ရွက်နိုင်လေပြီ။ ကျေးဇူးရှင် မူလကလေးဝဆရာတော် ဘုရားကြီး ချီးမြှင့်ခဲ့သည့် ကျယ်ဝန်းသောကျောင်းတိုက်၌ နိုင်ငံတော် အစိုးရနှင့် ပြည်တွင်းပြည်ပ စေတနာရှင်များ၏ အားပေးကူညီမှုကို ရရှိသော ကလေးဝဆရာတော်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသား

http://www.dhammadownload.com

## (လ) သာသနာပြုလုပ်ငန်းများ

ကလေးသူငယ်များအား "စား၊ ဝတ်၊ နေ၊ ကျန်းမာ၊ ပညာ" ခေါင်းစဉ်ငါးရပ်ဖြင့် တာဝန်ယူ၍ မိမိ၏သာသနာပြုစွမ်းအားကို နေ့စဉ်မြှင့်တင်တော်မူလျှက် ရှိသည်။

### နံပါတ်(၁)တရားရိပ်သာကျောင်း

၁၃၆၀ ပြည့်နှစ်မှစ၍ ရန်ကုန်မြို့၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းတိုက်ကို လက်ခံရရှိတော်မူသော လယ်တီ၏မြေး၊ လယ်တီသွေး၊ လယ်တီဆရာတော်သည် ပြည်ပ၌ ပြန့်ပွားလျက်ရှိသော ဗုဒ္ဓဒေသနာနည်းကျကျ လယ်တီဝိပဿနာသည် ပြည်တွင်း၌မှေးမှိန်လျက် ရှိနေသည်ကို သတိပြုမိသည့်အတိုင်း ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီကျမ်းပေါင်းတစ်ရာကျော်ရေးသား၍ ဤကမ္ဘာအား ဝိဇ္ဇာခတ်အလင်းရောင်ပေးတော်မူခဲ့သော ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၏ နည်းနာနိဿယကို ပြန့်ပွားစေလိုသောဆန္ဒဖြင့် လယ်တီတရားရိပ်သာများ ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းတော်မူသည်။ ရန်ကုန်မြို့၊ ပြည်လမ်း၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၇)ရက် တရားစခန်း (၁၁၅)ကြိမ်၊ အခြားဌာနပေါင်း (၁၄၀)ကျော်တို့၌ (၇)ရက်တရားစခန်းပေါင်းများစွာ ဖွင့်လှစ်ရန် အားပေးညီတော်မူသည်။ လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်ကို စတင်တည်ထောင်တော်မူလျက် လယ်တီဝိပဿနာပြန့်ပွားရေး အားသစ်တော်မူလျက် ရှိသည်။ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်သည် ရန်ကုန်မြို့၊ ပြည်လမ်းမကြီးပေါ်တည်ရှိ၍ ဆိတ်ငြိမ်တောရကျောင်းသဖွယ်ဖြစ်ပြီး ယောဂီများ အေးအေးလူလူ တရားနာပွားများရယူရာ ဖြစ်သည်။

http://www.dhammadownload.com



**နံပါတ်(၄)အမျိုးအစားစာသင်တိုက်**

၀၃၄၁ ခုနှစ်၊ နယုန်လမှစ၍ နာဂလိုဏ်ဂူကလေး၀တောရ ကျောင်းစာသင်တိုက်ကို ကိုယ်တိုင်ဦးစီးဖွင့်လှစ်၍ အခြားစာသင်တိုက် များကို စာသင်တပည့်ကြီးများကို ဦးစီးဖွင့်လှစ်စေခဲ့သည်။

**ပြည်ပသာသနာပြုလုပ်ငန်း**

ဤကျမ်းပြုဆရာတော်သည် ပြည်တွင်း၌ သာသနာပြုလုပ်ငန်း များ အောင်အောင်မြင်မြင် ဆောင်ရွက်တော်မူနိုင်သည့်နည်းတူ ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ အိန္ဒိယ၊ နယူးဇီလန်၊ ဂျပန်၊ ဆိုဗီယက်၊ ဂျာမဏီ၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ အမေရိကန်နိုင်ငံများသို့ ဓမ္မဒူတခရီး ကြွချီ၍ တရားဟောတော်မူခြင်း၊ တရားအားထုတ်နည်းသင်ပြခြင်း၊ ဗုဒ္ဓသာသနာ တော်ဆိုင်မေးခွန်းများကို ဖြေကြားခြင်းဖြင့် ပြည်ပသာသနာပြုတော်မူ သည်။

**သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တာဝန်**

နာဂလိုဏ်ဂူကလေး၀တောရဆရာတော်သည် ပထမအကြိမ် မြို့နယ်ဝန်ဆောင်ဝိနည်းဓိုရ်၊ ဒုတိယအကြိမ် သမ္မုတိရသံဃာ့ကိုယ်စား လှယ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ်၊ တတိယ, စတုတ္ထအကြိမ် (၁၆-၆-၉၁)နေ့မှစ၍ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် တာဝန်ထမ်းဆောင်တော်မူခဲ့သည်။

ပဉ္စမအကြိမ် ၁၃၆၂ ခုနှစ်၊ တပေါင်းလဆန်း (၁၂)ရက်၊ တနင်္လာနေ့၊ (၅-၃-၂၀၀၁)နေ့မှစ၍ (၂၅)ရာခိုင်နှုန်း စီမံချက် စည်းမျဉ်း အရ တွဲဖက်အကျိုးတော်ဆောင် ထပ်မံထမ်းဆောင်ခွင့် ရရှိသည်။

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၂၄-၃-၂၀၀၅)နေ့မှစ၍ (၂၅)ရာခိုင်နှုန်း စီမံချက်စည်းမျဉ်းအရ တွဲဖက်အကျိုးတော်ဆောင်(၁)

http://www.dhammadownload.com

## (သ) သာသနာပြုလုပ်ငန်းများ

တာဝန်ထပ်မံထမ်းဆောင်တော်မူသည်။ ဆဋ္ဌမအကြိမ်၊ ပဥ္စမ ၂၅ ရာခိုင်နှုန်း စီမံချက်စည်းမျဉ်းအရ ၁၃၆၈ ခု၊ တပေါင်းလဆန်း (၁၄)ရက် (၁-၄-၂၀၀၇)နေ့မှစ၍ တွဲဖက်အကျိုးတော်ဆောင် (၁) တာဝန်ကို ထပ်မံထမ်းဆောင်တော်မူသည်။

**လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့**

ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီးသည် တောတောင်အနှံ့ သီတင်းသုံးတော်မူပြီး ဗုဒ္ဓသာသနာတော်နှင့်အညီ ဒီပနီကျမ်း၊ သံခိပ်ကျမ်း၊ ပါဠိကျမ်း (၁၀၀)ကျော် ရေးသားပြီး ဤကမ္ဘာ့လူထုအား ဝိဇ္ဇာဓာတ်အလင်းရောင်ကို ဖြန့်ဝေတော်မူခဲ့ပါသည်။ အဆိုပါကျမ်းပေါင်းများစွာကို မူကောင်းမူသန့် ရရှိစေရေး၊ ထွန်းကားပြန့်ပွားရေးအတွက် အဖွဲ့အစည်းဖွဲ့၍ ထိန်းသိမ်းစောင့်ရှောက်လျှက်ရှိရာတွင် နာဂလိုဏ်ဂူကလေးဝတောရဆရာတော်သည် အဆိုပါအဖွဲ့ကြီး၏ ဒုတိယဥက္ကဋ္ဌတာဝန်ယူလျှက်ရှိသည်။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ၌ ဒီပနီ (၁၀)ကျမ်း (အင်္ဂလိပ်စာမူ)ကို အုပ်ရေ (၂၀၀၀)ရိုက်နှိပ် ဓမ္မဒါနပြုတော်မူသည်။ မစိုးရိမ်ရာပြည့်ပွဲ ၌ ဒီပနီပေါင်းချုပ် အင်္ဂလိပ်-မြန်မာ (၃)ကျမ်းတွဲကို အုပ်ရေ(၂၀၀၀) ရိုက်နှိပ် ဓမ္မဒါနပြုတော်မူခဲ့သည်။

**လယ်တီဝိပဿနာပြန့်ပွားအရေးအဖွဲ့**

ဗုဒ္ဓသာသနာတော်နည်း စည်းမပျက် ဆက်လက်ဖြန့်ဝေတော်မူခဲ့သော ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီး၏ နည်းနာနိဿယ သမထ၊ ဝိပဿနာတရားတော်များ ပြန့်ပွားရေးအတွက် လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ကို စတင်ဦးဆောင်ဖွဲ့စည်းတော်မူခဲ့သည်။ ဌာနပေါင်း (၁၄၀)ကျော် တို့၌ တရားစခန်းများ ဖွင့်စေတော်မူခဲ့သည်။

http://www.dhammadownload.com



**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့**

ထို့အတူ လယ်တီကမ္မဋ္ဌာနာစရိယများအား သင်တန်းပေး၍ လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ကို ဖွဲ့စည်းလျက် ဝိပဿနာပြန့်ပွားရေး ဆောင်ရွက်ရာတွင် လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးရေး**

ကလေးဝဆရာတော်သည် တောင်ပေါ်ဒေသ နယ်စပ်ဒေသများ ကျေးလက်ဒေသပညာရေး စသည်တိုးတက်အောင် ဆောင်ရွက်ခဲ့ရာ မိမိဖွားမြင်ရာဒေသရှိ စေတီပုထိုးများ ပြုပြင်ထီးတော်တင်ခြင်း၊ အစိုးရ အထက်တန်းကျောင်းခွဲဖွင့်နိုင်အောင် ဆောင်ရွက်ခြင်း၊ ကျေးလက် ကျန်းမာ ဆေးခန်း မြေနှင့်အဆောက်အဦများ လှူဒါန်းခြင်း စသည့် ကျေးလက် ဒေသ ဖွံ့ဖြိုးရေးကို အားပေးဆောင်ရွက်တော်မူသည်။

**အန္တယ်တော်ဝင် ဘုရားကျောင်းကန်၊ စေတီပုထိုးများအား ထိန်းသိမ်းစောင့်ရှောက်စီမံအုပ်ချုပ်ရေး နာယကဆရာတော်များအဖွဲ့**

ကျေးဇူးတော်ရှင် စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ လယ်တီနိကာယ သပြေပင်တောရကျောင်းစာသင်တိုက်၊ ပထမ ပဓာန မဟာနာယက ဝါကျတ္တဒီပကာဒိကျမ်းပြု ဘဒ္ဒန္တကေဝလာဘိဝံသ မဟာထေရ်၊ ဒုတိယ မြောက် ပဓာန နာယကအရှည်ဝါသီ ခုတင်ရေ ဘဒ္ဒန္တကုမုဒ မဟာထေရ်၊ သာသနာပြုပုဂ္ဂိုလ်ကျော် ကလေးဝဆရာတော် ဘဒ္ဒန္တသာဂရ စသော ကျေးဇူးတော်ရှင် ဆရာတော်တို့မှ ဆင်းသက်ပိုင်သ အန္တယ်တော်ဝင် ဘုရားကျောင်းကန် စေတီပုထိုးများ ထိန်းသိမ်းစောင့်ရှောက် စီမံအုပ်ချုပ်ရေး နာယကဆရာတော်များအဖွဲ့ကို ၁၃၆၄ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်၊ (၁၉-၁၀-၂၀၀၂)နေ့က စတင်ဦးဆောင်ဖွဲ့စည်းလျက် သာသနာ တော်စည်ပင်ပြန့်ပွားရေး အားပေးတော်မူသည်။

http://www.dhammadownload.com

## (ဋ) သာသနာပြုလုပ်ငန်းများ

**စွယ်စုံသာသနာပြု**

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးများ ပေးစွန့်ချီးမြှင့်တော်မူခဲ့သော ဘုရား၊ ကျောင်းတိုက်များနှင့် နိုင်ငံတော်အစိုးရနှင့် ဒကာဒကာမများ လှူဒါန်းသော ကျောင်းများကို လက်ခံရယူ၍ အမျိုးဘာသာသာသနာအကျိုး မျှော်ကိုးပြီး -

- စာသင်တိုက်
- တရားရိပ်သာ
- ဘုန်းတော်ကြီးသင်ပညာရေးကျောင်း
- အမျိုးသမီးသီလရှင်ပညာရေးကျောင်းများ ဖွင့်လှစ်၍ စွယ်စုံသာသနာပြုတော်မူသည်။

ရရှိထားသော ကျောင်းတိုက်များနှင့် ပတ်သက်၍လည်း သူပိုင်ငါပိုင် ငြင်းခုန်ခြင်းဝိဝါဒ ဘေးကင်းဝေးစေရန် ကြိုတင်ဆောင်ရွက် စီမံတော်မူထားသည်။

၁။ ကျေးဇူးတော်ရှင် သာသနာပြုပုဂ္ဂိုလ်ကျော် ကလေးဝဆရာတော်ဘုရားကြီး ချီးမြှင့်တော်မူခဲ့သော ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ နာဂလိုဏ်ဂူဘုရားကုန်းမြေ၊ ကလေးဝတောရကျောင်းတိုက်ကို စာသင်တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ သီလရှင်ပညာရေးကျောင်းဟု သုံးဌာနနယ်မြေ သီးခြားသတ်မှတ်ပေးလျှက် ရဟန်းသာမဏေ သီလရှင် (၁၀၀၀)ကျော်တို့ အမြဲသုံးလျှက် ပညာရင်နို့သောက်စို့စေတော်မူသည်။

http://www.dhammadownload.com



**စာသင်တိုက်**

နာဂလိုဏ်ဂူအောင်ချမ်းသာစေတီတော်ကြီးကို အလယ်ဗဟိုပြု ဦးခိုက်လျှက် ဘုရားမြောက်ဖက်ပိုင်း၌ ဗုဒ္ဓစာပေအဆင့်ဆင့် သင်ယူပို့ချရာ "ကလေးဝတောရကျောင်းစာသင်တိုက်"ကို ၁၉၇၉ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး သီးခြားစည်းမျဉ်းရေးဆွဲ၍ စာချစာသင် သီးခြားလက်ခံပြီး အုပ်ချုပ်ရေးသီးခြားထားလျှက် ပရိယတ္တိသာသနာ ထွန်းကားပြန့်ပွားရေး အားပေးဆောင်ရွက်တော်မူသည်။

**ဘုန်းတော်ကြီးသင် ပညာရေးကျောင်း**

နယ်စပ်ဒေသ၊ တောင်တန်းဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ "နယ်စပ်ဒေသနှင့်တောင်းတန်းဒေသ ကလေးသူငယ်များ ကလေးဝဘုန်းတော်ကြီးသင်ပညာရေးကျောင်း"ကို ၁၉၉၃ ခုနှစ်မှ စတင်၍ ဖွင့်လှစ်ပြီး အာရာမာဓိပတိဆရာတော်၊ ပဓာနနာယကဆရာတော်တို့၏ လမ်းညွှန်မှုကို ခံယူလျှက် ကျောင်းအုပ်ဆရာတော်အား တာဝန်ယူစေသည်။ စေတီတော်မြတ်ကြီး၏ တောင်ဖက်ပိုင်း သီးခြားနယ်မြေထားလျှက် အစိုးရကျောင်းများနည်းတူ ကျောင်းသားလက်ခံသင်ကြားတော်မူသည်။ "စာကြိုးစား စကားနားထောင်"ဟူသောဆောင်ပုဒ်ဖြင့် အုပ်ချုပ်စေလျှက် အမျိုးဘာသာ သာသနာအကျိုးဆောင်ရွက်တော်မူသည်။

**အမျိုးသမီးသီလရှင်ပညာရေးကျောင်း**

နာဂလိုဏ်ဂူဘုရားကုန်းမြေ၏ အင်္ဂါထောင့် (၂)ကေခန့်ရှိ မြေနေရာ၌ "နယ်စပ်ဒေသနှင့်တောင်တန်းဒေသဖွံ့ဖြိုးရေး" အမျိုးသမီးသီလရှင်သင်ပညာရေးကျောင်း နန္ဒမူရိပ်သာကို ဖွင့်လှစ်ပြီး သီလရှင်ဆရာကြီးများ၊ ဆရာမကြီးများ အနီးကပ်အုပ်ချုပ်လျှက် "စားဝတ်နေ

http://www.dhammadownload.com



ကျန်းမာပညာ" တာဝန်ယူလက်ခံသင်ကြားပြုစုပျိုးထောင်ပေးလျက်ရှိသည်။

အဆိုပါသုံးဌာနတို့၌ ကျေးဇူးတော်ရှင် ကလေးဝဆရာတော်ဘုရား ချီးမြှင့်ခဲ့သောကျောင်းများစွာ ရှိခဲ့သည်။ ထို့အပြင် ထိုင်းဘုရင်မင်းမြတ်၏ နန်းစံသက် (၅၀)ပြည့် အထိမ်းအမှတ် ကထိန်ပွဲတော်ကျင်းပပြီး လှူဒါန်းအပ်သော အလျားပေ(၁၀၀)၊ အနံပေ( ၃၄)ရှိ (၂)ထပ်တိုက်၊

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရမင်းတို့က ဆောက်လုပ်လှူဒါန်းအပ်သော "သုကုမာရမဂ္ဂဒီပနီကျောင်းဆောင်"

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရမင်းတို့က ဆောက်လုပ်လှူဒါန်းအပ်သော "ဥတ္တမပုရိသဒီပနီသုံးထပ်ကျောင်းဆောင်"အတွက် သိန်း(၁၅၀)ကျော် လှူဒါန်းပြီးလျှင် ဆောက်လုပ်အပ်သော "သမ္မာဒိဋ္ဌိဒီပနီတိုက်ကျောင်း"

ဦးမောင်မောင်ခဆွေ + ဒေါ်အေးအေးစိုး၊ သား အာကာခ၊ သမီး ကေခိုင်ခ တို့က ဆောက်လုပ်လှူဒါန်းသည့် ဆွမ်းစားကျောင်းတိုးချဲ့ဆောင်။

စက်ာပူရွှေကျောင်းဆရာတော်နှင့် တပည့်များက ဆောက်လုပ်လှူဒါန်းသော (၂)ထပ်တိုက်။

ထိုင်ဝမ် ထိုင်လံကျူစီအဖွဲ့က ဆောက်လုပ်လှူဒါန်းသော တစ်ထပ်တိုက် အပါအဝင် (၃)ဌာနရှိ သာသနိကအဆောက်အဦတို့ကို အန္တယ်တော်ဝင် ထိန်းသိမ်းစောင့်ရှောက်ရေး နာယကဆရာတော်များ အဖွဲ့အား နောက်ဆံမတင်းရန် လွှဲအပ်ထားပြီး၊ ယခုအခါကပင် သင်ကြားစီမံအုပ်ချုပ်ရေးကျင့်သားရအောင် ဆောင်ရွက်တော်မူထားသည်။

၂။ ကျေးဇူးတော်ရှင် ကလေးဝဆရာတော်ဘုရားကြီးကပင် ချီးမြှင့်တော်မူခဲ့သော ပဲခူးမြို့၊ ရွှေဂူလေး မဟာပဒုမကျောင်းကို ဦးဂန္ဓသာရ

http://www.dhammadownload.com



ဓမ္မာစရိယအား လွှဲအပ်၍ ကျောင်းသား(၇၀၀)ကျော် စာပေသင်ကြားရာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအဖြစ်သို့ ရောက်စေတော်မူသည်။

၃။ ပဲခူးမြို့၊ အကျွတ်အလွတ်ဘုရားကျောင်းကို ဦးအာစာရ သာသနဓဇ ဓမ္မာစရိယအား လွှဲအပ်၍ မဟာဗောဓိစာသင်တိုက်အဖြစ်သို့ ရောက်ရှိစေတော်မူသည်။

၄။ ပဲခူးမြို့၊ အနောက်တောရှေးဟောင်းသမိုင်းဝင် မဟာကြီးစေတီတော်ရင်ပြင်ရှိ မဟာကြီးဘုရားကျောင်းကို စာချစာသင် (၁၂၀)ကျော် သီတင်းသုံးရာစာသင်တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ဖွင့်လှစ်သာသနာပြုတော်မူသည်။

၅။ မုံရွာမြို့၊ ရှမ်းတော်ရပ်၊ သုဓမ္မစာရီ သာသနာ့ဗိမာန်တော်ကြီးကို ဦးကောသလ ဓမ္မာစရိယအား အစောင့်အရှောက်အပ်နှံ၍ လယ်တီဝိပဿနာတရားရိပ်သာ ဖွင့်လှစ်စေသည်။

၆။ ပြည်မြို့၊ မင်းကြီးတောင်တန်း ဗေဒါရီဂူနန်း ကလေးဝတောရကျောင်းကို အရှင်သုန္ဒရအား သဘောကျသာသနာပြုရန် လွှဲအပ်ထားပါသည်။

၇။ မန္တလေးမြို့၊ မဟာမြတ်မုနိဘုရားကြီး အနောက်မုဒ် ရွှေရေးဆောင်ကျောင်းတိုက်၊ သူဌေးကျောင်း ကျေးဇူးတော်ရှင် ဆရာတော် ဘဒ္ဒန္တစန္ဒိမာ မဟာထေရ် ပေးစွန့်ခဲ့သော အဆိုပါကျောင်းကို ဘဒ္ဒန္တသုဒဿန ဓမ္မာစရိယအား လွှဲအပ်၍ စာချစာသင် (၇၀)ကျော် သီတင်းသုံးရာစာသင်တိုက်အသွင် ရောက်စေခဲ့သည်။

၈။ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၃)ရပ်ကွက်၊ မင်္ဂလာရာမကျောင်းတိုက် ဆရာတော်ကြီး၏ ချီးမြှင့်မှုအရ စာချနာယက ဘဒ္ဒန္တဝါယမ၊ ဘဒ္ဒန္တစန္ဒောဘာသ (၂)ပါးတို့အား တာဝန်ပေးကာ စာချစာသင် (၅၀)ကျော်ရှိ စာသင်တိုက်အဖြစ်သို့ ရောက်စေခဲ့သည်။

http://www.dhammadownload.com



၉။　ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ဘုရားကျောင်း ဒါယကာ ဦးအုန်းကျင် စသော ဒါယကာများ လှူဒါန်းထားသော ရွှေကြာရံစေတီတော် လယ်တီတောရကို ဘဒ္ဒန္တသြဘာသ နတ်ရေကန်ဆရာတော်အား အပ်နှံ၍ လယ်တီဝိပဿနာတရားရိပ်သာ ဖွင့်စေသည်။

၁၀။　ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့၊ စည်ကား (၂)ရပ်ကွက်၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းဖွင့်၍ နယ်စပ်ဒေသ၊ တောင်တန်းဒေသ၌ သမထဝိပဿနာ ထွန်းကားစေခဲ့သည်။

၁၁။　တောင်ကြီးမြို့ စွယ်တော်ကျောင်းတိုက်ကို (၂)ပါးပိုင်အပ်သဖြင့် ၁၃၆၈ ခုနှစ်မှစ၍ ဘ-က ပညာရေးကျောင်းဖွင့်ထားပါသည်။

၁၂။　ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်(၃၃၇/က) လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ကို တရားဝင်စောင့်ရှောက်ခွင့်ရရှိထားသော ဦးကျော်ဇံပါ ဂေါပကအဖွဲ့က (၄၇)စုံညီ၏ သြဝါဒကို ခံယူ၍ (၂)ကြိမ်တိုင်တိုင် စာချုပ်ချုပ်ဆို အပ်နှံလှူဒါန်းခဲ့သည်ကို လက်ခံလျှက် ကျီးတဖုတ်ဖုတ် လယ်တီမူ၊ ရှုပ်ထွေးပွေလီနေသော လယ်တီမူကို သံဃာ့အဖွဲ့အစည်းအဆင့်မြင့် (၄၇)စုံညီ (၄)ကြိမ်တိုင်တိုင် သန့်စင်အောင် ရှင်းလင်းသုတ်သင် အဆုံးအဖြတ်ခံယူ၍ လယ်တီဝိပဿနာ (၇)ရက်တရားစခန်းများ ဖွင့်လှစ်ခဲ့ရာ လယ်တီဝိပဿနာ (၁၀၀)ကြိမ်မြောက် ရှိခဲ့ပြီ။ အဆိုပါလယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် ပိုင်ရေးဆိုင်ခွင့် ရှင်းလင်းအောင် ဆောင်ရွက်အကောင်အထည်ဖော်ပြီး အန္တယ်တော်ဝင် ထိန်းသိမ်းစောင့်ရှောက်ရေး နာယကအဖွဲ့ လွှဲအပ်ထားပြီးဖြစ်သည်။ အန္တယ်တော်ဝင် ဘုရားကျောင်းကန် စေတီပုထိုး (၁၇)ဌာနတို့ကို ထိန်းသိမ်းစောင့်ရှောက်ရေး နာယကအဖွဲ့ ဖွဲ့စည်း၍ စောင့်ရှောက်စေလျှက်ရှိသည်။

ဤသို့လျှင် ကလေးဝတောရဆရာတော်သည် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးတို့ထံမှ ချီးမြှင့်ခဲ့သော ဘုရားကျောင်းကန်

http://www.dhammadownload.com

## သာသနာပြုလုပ်ငန်းများ (ကဃ)

သာသနာ့တံခွန်တို့ကို နိုင်ငံတော်အစိုးရနှင့် ပြည်တွင်းပြည်ပ စေတနာရှင်များ၏ ထောက်ပံ့ကူညီမှုဖြင့် စွယ်စုံသာသနာပြုလျှက် ရတနာသုံးပါး ဆရာမိဘတို့၏ ကျေးဇူးတော်အား ကျေးဇူးတုံ့ပြန်တော်မူနိုင်သော **"စွယ်စုံသာသနာပြု"** အရှင်မြတ်တစ်ပါး ဖြစ်တော်မူသည်။

**ဆရာတော်၏အစီဌာန် (၁)**

သစ်တစ်ပင်ကောင်း
ငှက်တစ်သောင်း
အပေါင်းငှါကြောင့်
အေးစေမည်။ ။

**ဆရာတော်၏အစီဌာန် (၂)**

ငါသည်လူဇာတ် ငါသည်မြတ်၏။
ငါမြတ်သောသူ ငါသို့သူကား ငါတကားဟု၊
ငါမှားငါကြိုက် ငါမလိုက်တည့်
ငါကြိုက်ငါမျိုး ငါ့တန်ခိုးဖြင့်
ငါ့မျိုးငါ့ဆွေ ငါ့တိုင်းပြည်နှင့်
ငါ့မြေကမ္ဘာ ငါ့ခန္ဓာဖြင့်
သူငါကောင်းကျိုး ဆောင်သည်ပိုးမည်
ငါမျိုးငါဇာတ် မြတ်စေမည်။ ။

လယ်တီကမ္မဌာနာစရိယအဖွဲ့

xxxxx

http://www.dhammadownload.com

(ကင)

# လယ်တီဝိပဿနာ

## နိဒါန်း

ရှေးအခါက ဘုရားရှင်နှင့်တကွ ရဟန္တာအရှင်မြတ်များ၏ ဟောကြားတော်မူအပ်သော တရားများကို နားဖြင့်နာကြားပြီး နှလုံးအိမ်၌ ထိန်းသိမ်းထားတော်မူနိုင်ကြသည်။

သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာ အားကောင်းတော်မူကြကုန်သော အရှင်မြတ်ကြီးတို့၏ ယက်ဆင့်ကမ်း ပုခုံးပြောင်းကောင်းခဲ့ခြင်းကြောင့် ငြိမ့်ညောင်းသာယာ ဘုရားရှင်တရားတော်များ နှစ်ပေါင်း ၂၅၄၉ တာကာလတိုင် ခရီးရှည်ကြီး ဖြတ်သန်းလျှောက်လှမ်း တည်ရှိတော်မူနိုင်ခဲ့သည်။

ယခုအခါမှာမူ ထိုကဲ့သို့ တစ်ကြိမ်၊ နှစ်ကြိမ် နာကြားရုံမျှဖြင့် လူသားတို့နှလုံးအိမ်မှာ ထိန်းမထားနိုင်တော့ဘဲ ရေထဲ ဒုတ်ခြစ်သကဲ့သို့သာ ဖြစ်နေသည်။ အိုးမှောက်၍ ရေခံယူသူ၊ ခါးပိုက်ထဲ ပစ္စည်းမျိုးစုံ ထည့်၍ မေ့လျော့ကာ ဖိတ်စင်စေသူတို့ကဲ့သို့သာ ဖြစ်နေကြသည်။ ထို့ကြောင့် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း၌ တရားဟောတိုင်း တိတ်ခွေသွင်းရန် စီစဉ်ထားပါသည်။

ဗုဒ္ဓနည်းကျ လယ်တီဝိပဿနာကို ပြည့်ပြည့်စုံစုံ အားထုတ်လိုကြသဖြင့် အဖန်ဖန် အထပ်ထပ် နာကြားလိုသူများအတွက် တရားတိတ်ခွေကို စီစဉ်ရသည့်နည်းတူ အဖန်ဖန်ကြည့်ရှုလိုသူများအတွက် အသံမှတစ်ဆင့်ကူးယူ၍ စာအုပ်ရိုက်နှိပ်၍ ဓမ္မဒါနပြုရန် စီစဉ်ရပါသည်။

### ပွင့်လင်းစည်ပင်မှ တင့်တယ်ခြင်းသုံးမျိုး

နေဝန်း၊ လဝန်း၊ ဘုရားဟောကြား တရားတော် ဤသုံးမျိုးတို့သည် ပွင့်လင်းစည်ပင်မှ တင့်တယ်ပါသည်။ ထိုတွင် ဘုရားဟောကြား တရားတော်များ တည်သည်ကိုပင် သာသနာတော်တည်သည်ဟု ဆိုရပါ

http://www.dhammadownload.com



သည်။ သာသနာတော်တည်ရှိပါက လူနတ်နိဗ္ဗာန်ချမ်းသာအကျိုး ပွားတိုးနိုင်ပါသည်။ အများကောင်းကျိုးအတွက် သာသနာတော်တည်ရှိမှ သီလအမြစ် ကြီးပွားနိုင်ပါသည်။ သမာဓိပင်စည် စည်ပင်နိုင်ပါသည်။ ပညာမဂ်ဖိုလ်နိဗ္ဗာန် အသီးအပွင့် ဝေဖြာဖွံ့ဖြိုး တိုးတက်နိုင်ပါသည်။

**အယူအမြင်မှန်ကြောင်း အကြောင်းနှစ်မျိုး**

အသိဉာဏ်ဟူသမျှ သုတ အသိက စ,ရသည် ဆိုသည့်အတိုင်း ဘုရား၊ ပစ္စေကဗုဒ္ဓါတို့မှတစ်ပါး အခြားသူတော်စင်များ၏ အသိဉာဏ်အဆင့်ဆင့်သည် သူတစ်ပါးတို့ ဟောသံ၊ ပြောသံ၊ နာကြားခွင့်ရပါမှ တိုးပွားနိုင်၊ ဖြစ်ပွားနိုင်ပါသည်။

ဘုရား၊ ရဟန္တာစသော အရှင်မြတ်တို့၏ ဟောသံ၊ ပြောသံကို မနာကြားရ၊ မသင်ရ၊ မကြည့်ရှုရပါက မိမိတို့၏ပင်ထွက်ဉာဏ်သည် အလိုလိုမရှင်မသန် မကြီးထွားနိုင်ပါပေ။

ကမ္ဘာလောက၌ အယူအဆ အယူဝါဒအမျိုးမျိုးတို့ကို ဆရာအမျိုးမျိုးက ထူထောင်ထားကြလေသည်။ ပုထုဇဉ်ကမ္ဘာလူသားတို့သည် ဆရာအမျိုးမျိုး၊ ဘုရားအမျိုးမျိုးတို့၏ မျက်နှာကို မော်ကြည့်နေကြသော နာနာသတ္ထာရဉ္လောကန ဘေးဆိုးကြီးနှင့် ကြုံတွေ့လျှက်နေရပေသည်။ အယူမှန်၊ အမြင်မှန် ရရှိရေးမှာ စစ်မှန်သော ဘုရားစသော သူတော်ကောင်းတို့၏ ဟောသံ၊ ပြောသံကို အခြေခံရပေသည်။ ဟောသံ၊ ပြောသံမှန်ကို နာကြားရန် အခွင့်အလမ်းရဖို့င် အင်မတန်ခက်ခဲလှပေသည်။ ဟောသံ၊ ပြောသံမှန်ကို နာကြားခွင့်ရသူသည် သင့်တင့်ဖြောင့်မှန်သော နှလုံးသွင်းဆင်ခြင်မှုနှင့် ပေါင်းစပ်ပေးနိုင်ပါမှ အယူအမြင်မှန်နိုင်ပေသည်။ ထို့ကြောင့် ထေရဝါဒ ပိဋကတ်တော်လာ စကားတော်တို့ကို မူရင်းမပျက်အောင် သတိရှေ့ဆောင်ပြီး ဖောက်သည်ချဟောဖော်ရေးသားကြရသည်။

http://www.dhammadownload.com



## နိဒါန်း

ဘုန်းကြီးတို့၏ တရားစကား၊ တရားအသံ၊ တရားစာတို့သည် တရားလိုလားသူတို့၏ နား၊ မျက်စိတို့သို့လည်းကောင်း၊ ဘာသာအသီးသီး ပြန်ဆို၍ ဘာသာခြားတို့၏ နား၊ မျက်စိတို့သို့လည်းကောင်း အဆင့်ဆင့် ရောက်ရှိနိုင်ပါစေ။ အဆင့်ဆင့်ရောက်ရှိ၍ တစ်စုံတစ်ယောက်မျှ လိုက်နာကျင့်သုံး စိတ်နှလုံးအိမ်၌ ကိန်းငြိမ်းသွားသည်ဆိုပါက ရေးသား ထုတ်ဝေရကျိုးနပ်ပေပြီ။

ထိုမှတစ်ဆင့် ဉာဏ်နား၊ ဉာဏ်မျက်စိရှင်တို့ဖြစ်ကြပြီး လျင်လျင် မြန်မြန် အေးအေးမြမြ ချမ်းချမ်းသာသာ လွယ်လွယ်ကူကူ ကျက်သရေ ဖြိုးမောက် တန်ခိုးတောက်ကာ ဝိမုတ္တိသုခ အမတအောင်ခန်း နိဗ္ဗာန်နန်း သို့ တက်လှမ်းနိုင်ကြပါစေဟု ဆန္ဒပြုလျှက် ဤလယ်တီဝိပဿနာ(၆)ကို ဟောအပ်ရေးသားအပ်ပါသည်။

မိလိန္ဒပဉှာလာ ယောဂီ၏ ဖော်ပြပါ မိုး၏ပုံပမာ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြ၍ ဉာဏ်အလင်းရောင် ဖြာနိုင်ပါစေဟု အဖွင့်နိဒါန်း ပျိုးအပ်ပါသည်။

**မိုး၏ဂုဏ်**

၁။ မိုးခါသွန်းဖြိုး ရွာသည့်မိုးသည် မြူခိုးညစ်ထေ ငြိမ်းစေလေသို့ ကိလေညစ်ကျူ ငြိမ်းစေမှု ပြုလေယောဂီတို့။

၂။ မိုးခါသွန်းဖြိုး ရွာသည့်မိုးသည် မြေခိုးမြေငွေ့ ငြိမ်းလေစေ့သို့ ဖြန့်ဝေမေတ္တာ ငြိမ်းစေရာ၏။

၃။ မိုးခါသွန်းဖြိုး ရွာသည့်မိုးသည် များမျိုးစေ့ကို ပေါက်ဖွားစေသို့ မျိုးစေ့သဒ္ဓါ ပွားစေကာဖြင့် ချမ်းသာသုံးမျိုး ပွားတိုးစေဌာ ပြုကျင့် ရာ၏။

http://www.dhammadownload.com



၄။ မိုးခါသွန်းဖြိုး ရွာသည့်မိုးလျှင် ပွားတိုးမြေပြင် နွယ်သစ်ပင်ကို အစဉ်ချီးမြှောက် စောင့်ရှောက်တတ်သော ယောနိသောဖြင့် ဓမ္မောသဘာဝ စောင့်ရှောက်ရ၏။

၅။ မိုးခါသွန်းဖြိုး ရွာသည့်မိုးကြောင့် ပြည့်ဖြိုးရေကန် ရေပြည့်လျှံသို့ ကျမ်းဂန်ဓမ္မစက် ဟောမြွက်အလာ ဒေသနာမိုးပေါက် ရွာသွန်း မြှောက်၍ မဂ်ပေါက်ဖိုဝင် နိဗ္ဗာန်မြင်လို များထိုထိုတို့ စိတ်အလို ဆန္ဒ ပြည့်ဝစေဌာ ဗောဓနေယျံ ဂါထာပြန်လျှင် အံဝင်ခွင်ကျ ဖြစ်ကြမည်ရေး မျှော်ထောက်တွေး -

**ဗောဓနေယျံ ဇနံ ဒိသွာ၊ သတသဟဿေပိ ယောဇနေ။**

**ခဏေန ဉပဂန္တွ၊ ဗောဓေသိ တံ မဟာမုနိ။**

မဟာမုနိ= မြတ်စွာဘုရားသည်၊ သတသဟဿေပိ ယောဇနေ= ယူဇနာတစ်သောင်းထက်၌လည်း တည်နေသော၊ ဗောဓနေယျံ ဇနံ= ကျွတ်ထိုက်သောသတ္တဝါကို သစ္စာလေးပါး သိနိုင်မည့် ပုဂ္ဂိုလ်ကို၊ ဒိသွာ= မြင်တော်မူ၍၊ ခဏေန= ခဏချင်း၊ ဉပဂန္တွာ= အပင်ပန်းခံ ကြွသွားတော်မူ၍၊ တံ= ထိုကျွတ်ထိုက်သောသူကို၊ ဗောဓေသိ= ကောင်းစွာသိစေတော်မူခဲ့လေပြီ။ ဝါ= တရားဓမ္မ ဟောဖော်ပြ၍ သစ္စာလေးလီ သိစေတော်မူခဲ့လေပြီ။

XXXXX

http://www.dhammadownload.com



# နိဒါန်း

## ပညာကြီးရှင် ဉာဏ်ကောင်းဆင်

မဟာထေရ်ထူး အမှူးပြုဆောင်
ကျွန်းသီဟိုဠ်ပေါ် ထေရ်ကျော်ငါးရာ
ရဟန္တာဝသီ သမ္ဘိဒါပတ္တ
သံဃိန္ဒတို့ ဘုရားမိန့်ရွတ် ပိဋကတ်ကို
မွတ်မွတ်ဖြူဖွေး ပေထက်ရေး၍
ဆေးလည်းကြပ်ကြပ် အထပ်တစ်ရာ တည်းဖြတ်ပါလည်း
အက္ခရာပုဒ်ဆွေး မှားယွင်းသေး၏။
ညစ်ကြေးစပ်ယှဉ် ပုထုဇဉ်သာ
ငါတို့မှာကား မမှားဘယ်သို့ ရှိရာတို့နည်း။
ယွင်းချို့အက္ခရာ ပျက်သုန်ရာ၌
ပညာကြီးရှင် ဉာဏ်ကောင်းဆင်၍ မြင်စေသတည်း။

ᝰᝰᝰᝰᝰ

## "ဤခေတ်ဖွားရှင် သတိဆင်လော့"

ကျောက်သံကြေးဟူ အဏုမြူဟု
နူးကလီးယားခေတ်စားစား၌ ခေတ်အားလျော်စွာ
ပညာနုရင့် အဆင့်ဆင့်ဖြင့်
ဖောင်နှင့်ထမ်းစင် လှေလှည်းထွင်၍
ရွက်ဖျင်တပ်သော လှေသင်္ဘော၌
စက်ရောထပ်မံ ရေယဉ်ကြံ့လျှက်
ဒုံးပျံလေယာဉ် ဂြိုလ်တုဆင်၍
ရုပ်မြင်သံကြား ကားရထားဖြင့်
လာသွားသယ်ယူ မှန်ပြောင်းကူလျှက်

http://www.dhammadownload.com


## နိဒါန်း (ကည)

ကွန်ပျူတာစက် အင်တာနက်နှင့်
အီလက်ထရွန်နစ် ခေတ်မှန်ခေတ်တည့်
လျှပ်စစ်လွှမ်းဖုံး ကြေးနန်းသုံး၍
ဟမ်းဖုန်းချိပ်ဆက် အီးမေးစက်တို့
နှီးသက်ခံထား ဤခေတ်ဖွားက
မြင်ကြားသိဝေး ဖောင်ခေတ်မွေး၏။
အရေးအသား အတွေးများကို
အမှားထင်ကာ ပြစ်တင်ပါနဲ့
သင်နှင့်ငါလဲ ဟိုခါခေတ်မွေး
ဟိုလိုတွေး၍ စာရေးရင်လဲ ဟိုလိုပဲလေ
မလွဲတူစွာ သူတို့ဟာလဲ
သည်ခါခေတ်မွေး သည်လိုတွေး၍
စာရေးရင်လဲ သည်လိုပဲထင့်
အလွဲထင်ကာ တို့ရေးစာလဲ
နှောင်းခါလူသစ် ခေါင်းခါရစ်လိမ့်
သူခေတ်အဆင့် မတွက်ချင့်ပဲ
ငါနှင့်မတူ ငါ့ရန်သူဟု
ရန်မူကာမဲ သိမ်းကျုံးဆဲ၍
နက်နဲရဲရင့် သိအကျင့်တွင်
ငါနှင့်ငါသာ နှိုင်းယှဉ်ရာဟု
သစ္စာသိမှု သယမ္ဘူနှင့်
အတူအဆင့် တစ်ဆူပွင့်သို့
မြှောက်ပင့်ကင်းစင် သတိဆင်လော့။

XXXXX

# ငြိမ်းသေ့ပုံမှီ မြတ်ယောဂီ

[illegible]



[illegible]

http://www.dhammadownload.com



၆။ စဉ်တိုင်းသာဖြင့် ရရာရာလွေး သားမရွေးသို့ ရောက်ရေးအိမ်စဉ် မကျော်လွန်ပဲ ခန္ဓာ၀န်မျှရုံ သုံးဆောင်တုံ၏။

၇။ ရတုံမရ ပူတောင့်တကင်း ခြသေ့်မင်းသို့ ဉာဏ်သွင်းပညာ ဆင်ခြင်ကာဖြင့် ရလာသမျှ ပစ္စည်း ဗူးသီးကြွက်ကိုက် အလိုက်အထိုက် သုံးဆောင်ကြိုက်ဟု အမြိုက်ခေါင်ဖျား မြတ်ဘုရားဟော-

**သန္တုဋ္ဌော့ယံ ဘိက္ခဝေ ကဿပေါ ဣတရီတရေန ပိဏ္ဍပါတေန ဣတရီတရပိဏ္ဍပါတ သန္တုဋ္ဌိယာစ ဝဏ္ဏဝါဒီ။ နစပိဏ္ဍပါတ ဟေတု အနေသနံ အပ္ပဋိရူပံ အာပဇ္ဇတိ၊ အလဒ္ဓါစ ပိဏ္ဍပါတံ နပရိတဿတိ၊ လဒ္ဓါစ ပိဏ္ဍပါတံ အဂဓိတော အမုစ္ဆိတော အနဇ္ဈာပန္နော အာဒီနဝဒဿဝီ နိဿရဏပညော ပရိဘုဉ္ဇတိ။**

စရှိဒေသနာ လေးမြတ်စွာဖြင့် (၇)ဖြာဂုဏ်အင် ပြည့်စုံလင်ရေး ဦးစားပေး အလေးထားခါ ကျင့်ကြံကုန်ရာသတည်း။

xxxxx

http://www.dhammadownload.com



မြတ်ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒိပနိကျမ်းပေါင်း (၁၀၀)ကျော် ရေးသား၍
ဤကမ္ဘာ့လူထုအား ဝိဇ္ဇာခေတ်အလင်းရောင်ပေးတော်မူခဲ့သော
လယ်တီဆရာတော်ဘုရားကြီး အမြဲမပြတ် ရှိခိုးပူဇော်လေ့ရှိသော

## ‘ ပိဋကတ်သုံးပုံ ဓမ္မစေတီ’

## ဘုရားရှိခိုးကြီး

တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ဒေသိတာနိ ပညတ္တာနိ တီဏိ ပိဋကာနိ၊ ကတမာနိ တီဏိ?

ဝိနယ ပိဋကံ သုတ္တန္တ ပိဋကံ အဘိဓမ္မပိဋကန္တိ။

ဣမာနိ တီဏိ ပိဋကာနိ-

၁။ အာဒိ ကလျာဏာနိ၊
၂။ မဇ္ဈေ ကလျာဏာနိ၊
၃။ ပရိယောသာန ကလျာဏာနိ၊
၄။ သာတ္ထာနိ၊
၅။ သဗျဉ္ဇနာနိ၊
၆။ ကေဝလပရိပုဏ္ဏာနိ၊
၇။ ပရိသုဒ္ဓါနိ၊
၈။ သိက္ခတ္တယသင်္ဂဟိတဿ ဗြဟ္မစရိယဿ ပကာသကာနိ၊
၉။ အတ္ထဂမ္ဘီရာနိ၊
၁၀။ ဓမ္မဂမ္ဘီရာနိ၊
၁၁။ ဒေသနာဂမ္ဘီရာနိ၊
၁၂။ ပဋိဝေဓဂမ္ဘီရာနိ၊
၁၃။ သီလက္ခန္ဓဘာဇနာနိ၊
၁၄။ သမာဓိက္ခန္ဓဘာဇနာနိ၊

http://www.dhammadownload.com



၁၅။ ပညာက္ခန္ဓ ဘာဇနာနိ၊
၁၆။ ဝိမုတ္တိက္ခန္ဓ ဘာဇနာနိ၊
၁၇။ ဝိမုတ္တိဉာဏဒဿနက္ခန္ဓ ဘာဇနာနိ၊
၁၈။ အဘိညာသံဝတ္တနိကာနိ၊
၁၉။ ပရိညာသံဝတ္တနိကာနိ၊
၂၀။ သမ္ဗောဓ သံဝတ္တနိကာနိ၊
၂၁။ ဝိရာဂ သံဝတ္တနိကာနိ၊
၂၂။ နိရောဓ သံဝတ္တနိကာနိ၊
၂၃။ နိဗ္ဗာနသံဝတ္တနိကာနိ၊

နမော တေသံ တိဏ္ဏံ ပိဋကာနံ အာဒိကလျာဏာနံ မဇ္ဈေကလျာဏာနံ ပရိယောသာနကလျာဏာနံ သာတ္ထာနံ သဗျဉ္ဇနာနံ ကေဝလ ပရိပုဏ္ဏာနံ ပရိသုဒ္ဓါနံ သိက္ခတ္တယ သင်္ဂဟိတဿ ဗြဟ္မစရိယဿ ပကာသကာနံ အတ္ထဂမ္ဘီရာနံ ဓမ္မဂမ္ဘီရာနံ ဒေသနာဂမ္ဘီရာနံ ပဋိဝေဓ ဂမ္ဘီရာနံ သီလက္ခန္ဓဘာဇနာနံ သမာဓိက္ခန္ဓ ဘာဇနာနံ ပညာက္ခန္ဓ ဘာဇနာနံ ဝိမုတ္တိက္ခန္ဓ ဘာဇနာနံ ဝိမုတ္တိဉာဏဒဿနက္ခန္ဓ ဘာဇနာနံ အဘိညာသံဝတ္တနိကာနံ ပရိညာသံဝတ္တနိကာနံ သမ္ဗောဓသံဝတ္တနိကာနံ ဝိရာဂသံဝတ္တနိကာနံ နိရောဓသံဝတ္တနိကာနံ နိဗ္ဗာနသံဝတ္တနိကာနံ

ဒုတိယမ္ပိ နမော တေသံ တိဏ္ဏံ ပိဋကာနံ အာဒိကလျာဏာနံ (ပ) နိဗ္ဗာနသံဝတ္တနိကာနံ။

တတိယမ္ပိ နမော တေသံ တိဏ္ဏံ ပိဋကာနံ အာဒိကလျာဏာနံ (ပ) နိဗ္ဗာနသံဝတ္တနိကာနံ။

ပိဋကတ်သုံးပုံ၏ ဂုဏ်တော် (၂၃)ဟုလည်း ခေါ်ဆိုနိုင်ပါသည်။

http://www.dhammadownload.com

## (ကဈ) မြတ်စွာဘုရားဟောပါဠိတော်ကျမ်းစာများ

သာသနာတော်နှစ် ၂၅၄၉၊ ကောဇာ ၁၃၆၇ ခု၊ ဝါခေါင်လပြည့်ကျော် (၅)ရက်၊ (၂၄-၈-၂၀၀၅) ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် အခါတော်နေ့တိုင်အောင် ထိန်းသိမ်းစောင့်ရှောက် သင်ယူပို့ချလျှက်ရှိသော ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်၊ အင်္ဂါကိုးတန်၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ပါဠိ ပိဋကတ်နှင့် အဋ္ဌကထာ ဋီကာ ဓမ္မစေတီတော်များ-

### မြတ်စွာဘုရားဟော ပါဠိတော်ကျမ်းစာများ

| ဝိနယ | | မဇ္ဈိမနိကာယ | |
|---|---|---|---|
| ၁။ ပါရာဇိကကဏ္ဍပါဠိ | ၃၈၁ | ၉။ မူလပဏ္ဏာသပါဠိ | ၄၁၅ |
| ၂။ ပါစိတ္တိယပါဠိ | ၄၇၀ | ၁၀။ မဇ္ဈိမပဏ္ဏာသပါဠိ | ၄၃၉ |
| ၃။ မဟာဝဂ္ဂပါဠိ | ၅၁၁ | ၁၁။ ဥပရိပဏ္ဏာသပါဠိ | ၃၅၂ |
| ၄။ စူဠဝဂ္ဂပါဠိ | ၅၀၈ | | ၁၂၀၆ |
| ၅။ ပရိဝါရပါဠိ | ၃၉၀ | | |
| | ၂၂၆၀ | | |

♣♣♣♣♣ ♣♣♣♣♣

| ဒီဃနိကာယ | | သံယုတ္တနိကာယ | |
|---|---|---|---|
| ၆။ သီလက္ခန္ဓဝဂ္ဂပါဠိ | ၂၃၆ | ၁၂။ သံယုတ္တပါဠိ (ပ) | ၄၇၂ |
| ၇။ မဟာဝဂ္ဂပါဠိ | ၂၈၃ | ၁၃။ ။ (ဒု) | ၅၆၇ |
| ၈။ ပါထိကဝဂ္ဂပါဠိ | ၂၆၀ | ၁၄။ ။ (တ) | ၄၁၅ |
| | ၇၇၉ | | ၁၄၆၄ |

♣♣♣♣♣ ♣♣♣♣♣

http://www.dhammadownload.com

# မြတ်စွာဘုရားဟောပါဠိတော်ကျမ်းစာများ (ကတ)


## အင်္ဂုတ္တရနိကာယ

| | | |
|---|---|---|
| ၁၅။ | အင်္ဂုတ္တရပါဠိ (ပ) | ၅၈၀ |
| ၁၆။ | ။ (ဒု) | ၅၁၃ |
| ၁၇။ | ။ (တ) | ၅၅၈ |
| | | ၁၆၅၁ |

♣♣♣♣♣

## အဘိဓမ္မာ

| | | |
|---|---|---|
| ၁၈။ | ဓမ္မသင်္ဂဏီပါဠိ | ၂၉၈ |
| ၁၉။ | ဝိဘင်္ဂပါဠိ | ၄၅၃ |
| ၂၀။ | ဓာတုကထာ | |
| | ပုဂ္ဂလပညတ်ပါဠိ | |
| ၂၁။ | ကထာဝတ္ထုပါဠိ | ၄၅၄ |
| ၂၂။ | ယမကပါဠိ (ပ) | ၂၆၅ |
| ၂၃။ | ။ (ဒု) | ၃၁၆ |
| ၂၄။ | ။ (တ) | ၃၃၀ |
| ၂၅။ | ပဋ္ဌာနပါဠိ (ပ) | ၄၆၄ |
| ၂၆။ | ။ (ဒု) | ၄၉၃ |
| ၂၇။ | ။ (တ) | ၆၀၅ |
| ၂၈။ | ။ (စ) | ၆၃၆ |
| ၂၉။ | ။ (ပဉ္စ) | ၄၈၈ |
| | | ၄၉၈၇ |

♣♣♣♣♣

## ခုဒ္ဒကနိကာယ

| | | |
|---|---|---|
| ၃၀။ | ပဋိသမ္ဘိဒါမဂ္ဂပါဠိ | ၄၁၉ |
| ၃၁။ | ခုဒ္ဒကပါဠိ | |
| | ဓမ္မပဒပါဠိ | |
| | ဥဒါနပါဠိ | |
| | သုတ္တနိပါတပါဠိ | ၄၅၅ |
| ၃၂။ | ဝိမာနဝတ္ထုပါဠိ | |
| | ပေတဝတ္ထုပါဠိ | |
| | ထေရဂါထာပါဠိ | |
| | ထေရီဂါထာပါဠိ | ၄၃၅ |
| ၃၃။ | အပဒါနပါဠိ (ပ) | ၄၄၅ |
| ၃၄။ | ။ (ဒု) | |
| | ဗုဒ္ဓဝံသပါဠိ | |
| | စရိယာပိဋကပါဠိ | ၄၂၀ |
| ၃၅။ | မဟာနိဒ္ဒေသ | ၄၁၀ |
| ၃၆။ | စူဠနိဒ္ဒေသပါဠိ | ၃၀၇ |
| ၃၇။ | ဇာတကပါဠိ (ပ) | ၄၀၀ |
| ၃၈။ | ။ (ဒု) | ၃၇၈ |
| ၃၉။ | နေတ္တိပါဠိ | |
| | ပေဋကောပဒေသပါဠိ | ၃၄၁ |
| ၄၀။ | မိလိန္ဒပဉှာပါဠိ | ၄၀၈ |
| | | ၄၄၁၈ |

♣♣♣♣♣

http://www.dhammadownload.com



# အဋ္ဌကထာကျမ်းစာများ

## ဝိနယအဋ္ဌကထာ


| | |
|---|---|
| ၁။ ပါရာဇိကကဏ္ဍအဋ္ဌကထာ(ပ) | ၃၄၆ |
| ၂။ ။ (ဒု) | ၃၁၂ |
| ၃။ ပါစိတျာဒိအဋ္ဌကထာ | ၄၃၇ |
| ၄။ စူဠဝဂ္ဂါဒိအဋ္ဌကထာ | ၂၆၅ |
| ၅။ ဝိနယသင်္ဂဟအဋ္ဌကထာ | ၄၆၈ |
| ၆။ ကင်္ခါဝိတရဏီအဋ္ဌကထာ | ၃၇၅ |
| | ၂၁၈၅ |


## ဒီဃနိကာယ


| | |
|---|---|
| ၇။ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ | ၃၃၈ |
| ၈။ မဟာဝဂ္ဂအဋ္ဌကထာ | ၄၀၃ |
| ၉။ ပါထိကဝဂ္ဂအဋ္ဌကထာ | ၂၅၁ |
| | ၉၉၂ |


## မဇ္ဈိမနိကာယ


| | |
|---|---|
| ၁၀။ မူလပဏ္ဏာသအဋ္ဌကထာ(ပ) | ၃၉၈ |
| ၁၁။ ။ (ဒု) | ၃၂၀ |
| ၁၂။ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ | ၃၀၉ |
| ၁၃။ ဥပရိပဏ္ဏာသအဋ္ဌကထာ | ၂၅၄ |
| | ၁၂၈၁ |


## သံယုတ္တနိကာယ


| | |
|---|---|
| ၁၄။ သံယုတ္တအဋ္ဌကထာ (ပ) | ၃၂၅ |
| ၁၅။ ။ (ဒု) | ၃၂၄ |
| ၁၆။ ။ (တ) | ၃၄၁ |
| | ၉၉၀ |


## အင်္ဂုတ္တရနိကာယ


| | |
|---|---|
| ၁၇။ အင်္ဂုတ္တရအဋ္ဌကထာ (ပ) | ၄၁၆ |
| ၁၈။ ။ (ဒု) | ၃၉၇ |
| ၁၉။ ။ (တ) | ၃၅၇ |
| | ၁၁၇၀ |


## အဘိဓမ္မာ


| | |
|---|---|
| ၂၀။ အဋ္ဌသာလိနီအဋ္ဌကထာ | ၄၅၄ |
| ၂၁။ သမ္မောဟဝိနောဒနီအဋ္ဌကထာ | ၅၀၈ |
| ၂၂။ ပဥ္စကရဏအဋ္ဌကထာ | ၄၉၉ |
| | ၁၄၆၁ |


## ခုဒ္ဒကနိကာယအဋ္ဌကထာ


| | |
|---|---|
| ၂၃။ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ(ပ) | ၃၄၅ |
| ၂၄။ ။ (ဒု) | ၃၂၃ |
| ၂၅။ ခုဒ္ဒကပါဌအဋ္ဌကထာ | ၂၁၆ |
| ၂၆။ ဓမ္မပဒအဋ္ဌကထာ (ပ) | ၄၄၇ |
| ၂၇။ ။ (ဒု) | ၄၅၆ |
| ၂၈။ ဥဒါနအဋ္ဌကထာ | ၃၉၂ |
| ၂၉။ ဣတိဝုတ္တကအဋ္ဌကထာ | ၃၅၅ |
| ၃၀။ သုတ္တနိပါတအဋ္ဌကထာ (ပ) | ၃၁၄ |
| ၃၁။ ။ (ဒု) | ၃၂၄ |
| ၃၂။ ဝိမာနအဋ္ဌကထာ | ၃၃၅ |
| ၃၃။ ပေတဝတ္ထုအဋ္ဌကထာ | ၂၇၀ |
| ၃၄။ ထေရဂါထာအဋ္ဌကထာ(ပ) | ၄၈၅ |
| ၃၅။ ။ (ဒု) | ၅၄၆ |
| ၃၆။ ထေရီဂါထာအဋ္ဌကထာ | ၃၀၅ |
| ၃၇။ အပဒါနအဋ္ဌကထာ(ပ) | ၃၅၂ |
| ၃၈။ ။ (ဒု) | ၃၀၃ |
| ၃၉။ ဗုဒ္ဓဝံသအဋ္ဌကထာ | ၃၅၄ |
| ၄၀။ စရိယာပိဋကအဋ္ဌကထာ | ၃၂၈ |
| ၄၁။ မဟာနိဒ္ဒေသအဋ္ဌကထာ | ၄၁၉ |
| ၄၂။ စူဠနိဒ္ဒေသအဋ္ဌကထာ | ၁၃၉ |
| နေတ္တိအဋ္ဌကထာ | ၂၇၆ |
| ၄၃။ ဇာတကအဋ္ဌကထာ (ပ) | ၅၃၈ |
| ၄၄။ ။ (ဒု) | ၄၀၈ |
| ၄၅။ ။ (တ) | ၅၁၇ |
| ၄၆။ ။ (စ) | ၅၀၄ |
| ၄၇။ ။ (ပဉ္စ) | ၅၅၃ |
| ၄၈။ ။ (ဆ) | ၃၃၂ |
| ၄၉။ ။ (သ) | ၃၈၇ |
| ၅၀။ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ(ပ) | ၃၇၀ |
| ၅၁။ ။ (ဒု) | ၃၅၆ |
| | ၁၁၃၂၉ |

http://www.dhammadownload.com



# ဋီကာကျမ်းစာများ

## ဝိနယဋီကာ

| | |
|---|---|
| ၁။ ဝဇိရဗုဒ္ဓိဋီကာ | ၅၈၅ |
| ၂။ သာရတ္ထဒီပနီဋီကာ (ပ) | ၄၆၀ |
| ၃။ " (ဒု) | ၄၄၈ |
| ၄။ " (တ) | ၄၉၆ |
| ၅။ ဝိမတိဝိနောဒနီဋီကာ (ပ) | ၃၆၂ |
| ၆။ " (ဒု) | ၃၃၂ |
| ၇။ ကင်္ခါဝိတရဏီပုရာဏဋီကာ | |
| ကင်္ခါဝိတရဏီအဘိနဝဋီကာ | ၄၈၉ |
| | ၃၇၈၂ |

## ဒီဃနိကာယဋီကာ

| | |
|---|---|
| ၈။ သီလက္ခန္ဓဝဂ္ဂဋီကာ | ၄၀၅ |
| ၉။ သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ(ပ) | ၄၃၇ |
| ၁၀။ " (ဒု) | ၅၀၀ |
| ၁၁။ မဟာဝဂ္ဂဋီကာ | ၃၅၈ |
| ၁၂။ ပါထိကဝဂ္ဂဋီကာ | ၂၉၂ |
| | ၁၉၉၂ |

## မဇ္ဈိမနိကာယဋီကာ

| | |
|---|---|
| ၁၃။ မူလပဏ္ဏာသဋီကာ (ပ) | ၃၉၄ |
| ၁၄။ " (ဒု) | ၃၂၄ |
| ၁၅။ မဇ္ဈိမ+ဥပရိပဏ္ဏာသဋီကာ | ၄၄၂ |
| | ၁၁၆၀ |

## သံယုတ္တဋီကာ

| | |
|---|---|
| ၁၆။ သံယုတ္တဋီကာ (ပ) | ၃၄၅ |
| ၁၇။ " (ဒု) | ၅၅၁ |
| | ၈၉၆ |

## အင်္ဂုတ္တရဋီကာ

| | |
|---|---|
| ၁၈။ အင်္ဂုတ္တရဋီကာ (ပ) | ၂၈၈ |
| ၁၉။ " (ဒု) | ၃၉၆ |
| ၂၀။ " (တ) | ၃၇၁ |
| | ၁၀၅၅ |

## အဘိဓမ္မာဋီကာ

| | |
|---|---|
| ၂၁။ ဓမ္မသင်္ဂဏီမူလဋီကာ | ၂၀၃ |
| ဓမ္မသင်္ဂဏီအနုဋီကာ | ၂၂၀ |
| ၂၂။ ဝိဘင်္ဂမူလဋီကာ | ၂၃၅ |
| ဝိဘင်္ဂအနုဋီကာ | ၂၂၉ |
| ၂၃။ ပဉ္စပကရဏမူလဋီကာ | ၂၄၈ |
| ပဉ္စပကရဏအနုဋီကာ | ၃၂၃ |
| | ၁၄၅၈ |

## ကျန်ဋီကာ

| | |
|---|---|
| ၂၄။ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (ပ) | ၄၆၁ |
| ၂၅။ " (ဒု) | ၅၃၅ |
| ၂၆။ နေတ္တိဋီကာ | |
| နေတ္တိဝိဘာဝိနီဋီကာ | ၃၅၆ |
| | ၁၃၅၂ |

http://www.dhammadownload.com

# (၈၈) ပိဋကတ်သုံးပုံ ဓမ္မစေတီ ဘုရားရှိခိုးကြီး

## သင်ရိုး ပိဋက
## ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းစာများ

| ပိဋက | ပါဠိတော် | | အဋ္ဌကထာ | | ဋီကာ | |
|---|---|---|---|---|---|---|
| | အုပ်ရေ | စာမျက်နှာ | အုပ်ရေ | စာမျက်နှာ | အုပ်ရေ | စာမျက်နှာ |
| ဝိနယ | ၅ | ၂၂၆၀ | ၄ | ၁၃၆၀ | ၆ | ၂၆၇၃ |
| သုတ္တန္တ | ၃ | ၇၇၉ | ၃ | ၉၉၂ | ၅ | ၁၉၉၂ |
| အဘိဓမ္မ | ၁၂ | ၄၉၈၇ | ၃ | ၁၄၆၁ | ၃ | ၁၄၅၈ |
| စုစုပေါင်း | ၂၀ | ၈၀၂၆ | ၁၀ | ၃၈၁၃ | ၁၄ | ၆၁၂၃ |

ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ် တရားတော်မြတ်သည် ဓမ္မစေတီတော်မည်၏။

ဓမ္မစေတီတော်မြတ် ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ် တရားတော်သည် ယခုတိုင် အကျွန်ုပ်တို့အား ဘုရားကိုယ်တော်စား လမ်းမှန်ညွှန်ပြ တရားဟော တရားပြတော်မူလျက် ရှိနေပါသည်။

ညီဖွားအာနန္ဒာ ယခု ငါဘုရားတစ်ဆူတည်းသာ ပရိနိဗ္ဗာန်ဝင်စံပါသေး၏။ နောင် ငါဘုရားမရှိရင် ငါ့ (၈၄၀၀၀)သော ဓမ္မက္ခန္ဓာတို့သည် သင်တို့ကို သွန်သင်ဆုံးမကြလိမ့်မည်ဟူသော အဓိပ္ပါယ်ဖြင့် အာနန္ဒာ ငါဘုရား ဟောကြားထားတဲ့ သုတ္တန် ဝိနည်း အဘိဓမ္မာ တရားတော်သည် ငါဘုရားမရှိရင် သင်တို့ရဲ့ ဆရာပဲဟု မိန့်တော်မူခဲ့ပါသည်။

http://www.dhammadownload.com

## (၈၀) ပိဋကတ်သုံးပုံ ဓမ္မစေတီ ဘုရားရှိခိုးကြီး

နှုတ်ဖြင့်ဆောင်သည် ရင်နို့ရည် မည်မျှနှစ်ပေါင်း ကြာသနည်းဟု မေးခွန်းထုတ်ခဲ့ပါသည်။

အဖြေကား- နှစ် (၄၅၀)ဟု ဖြစ်ပါသည်။

**ပေစာ**

သာသနာနှစ် (၄၅၀)ရောက်လျှင် နောင်ရေးအတွက် "ပေစာ" ဟု ပေါ်ပေါက်ခဲ့ပါသည်။ သီဟိုဠ်ကျွန်း စတုတ္ထသံဂါယနာတင်ရာတွင် ပေထက်အက္ခရာ တင်ခဲ့ပါသည်။

ပဉ္စမသံဂါယနာ (သာသနာနှစ် ၂၄၀၀)နှစ်၌ ကျောက်စာ ပေါ်ပေါက်ခဲ့ရာ ပေစာ၏သက်တမ်းသည် နှစ်ပေါင်း ၁၉၆၀ ခန့် တည်ရှိ ထိန်းသိမ်းခဲ့ပါသည်။

**ကျောက်စာ**

သာသနာတော်နှစ် ၂၄၀၀ နှစ်တွင် မဟာလောကမာရဇိန် ကုသိုလ်တော် မြတ်စွာဘုရား ပရိဝုဏ်တွင် သုတ္တန်သုံးကျမ်း ကျောက်စာ အချပ် (၄၁၀)၊ ဝိနည်းငါးကျမ်း ကျောက်စာ (၁၁၁)ချပ်၊ အဘိဓမ္မာခုနစ် ကျမ်း ကျောက်စာ (၂၀၈)ချပ်၊ စုစုပေါင်း ကျောက်စာ (၇၂၉)ချပ်။

နန်းမြေဘုံသာ နန်းတော်ရာ စန္ဒာမုနိ ဘုရားပရိဝုဏ်တွင် ပိဋကတ်သုံးပုံမှ ဝိနည်း အဋ္ဌကထာ ဋီကာ အပြည့်အစုံရေးထိုးထားသော ကျောက်စာချပ်ရေ (၁၇၇၂)ချပ်နှင့် သမိုင်းမော်ကွန်း သံပြားနှစ်ချပ် အပါအဝင် စုစုပေါင်းကျောက်စာ (၁၇၇၄)ချပ် တည်ထားခဲ့ပါသည်။

ကျောက်စာတစ်ချပ်လျှင် စေတီတစ်ဆူနှုန်း တည်ထားခဲ့သည်။ ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးအဖြစ် ကျော်ကြားခဲ့ပါသည်။ အနှစ်သာရ ပြည့်ဝသည်။ သာသနာ့အမွေအနှစ်များ ဖြစ်သကဲ့သို့ တန်ဖိုးကြီးမားသော သမိုင်းအမွေအနှစ်အဖြစ်လည်း ထင်ရှားလှပါသည်။

http://www.dhammadownload.com



**ခန္ဓာကိုယ်နှင့်ဓမ္မစေတီကျောင်းဥပမာ**

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည် ပဋ္ဌိစ္စသမုပ္ပါဒဒီပနီ စာမျက်နှာ (၂၄)၌-

ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ ဟူ၍ စေတီလေးပါး ရှိသည်တွင် ဓမ္မစေတီကို ကိုးကွယ်လိုသောသူသည်-

ပဋိစ္စသမုပ္ပါဒ်ဒေသနာ စသော ပါဠိတော်ကြီးများကို ရွှေပြား၊ ငွေပြားမှာရေး၍ ကိုးကွယ်ရသည်ဟု ကျမ်းဂန်တို့မှာ လာသည်တစ်ရပ်၊

ဓမ္မာနုဿတိ တည်ရှိသောသူ၏ ခန္ဓာကိုယ်သည် စေတီကျောင်းနှင့် အလားတူသည်၊ လူနတ်တို့ ပူဇော်ထိုက်သည်ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ လာသည်တစ်ရပ်၊

ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)သည် ငါဘုရားကိုယ်တော်စား ဘုရားအရာ၌ တည်သည်ဟု ဟောတော်မူသည်တစ်ရပ်၊

ဤသို့ လာသောအရာများကို ထောက်ဆ၍ ဤပဋိစ္စသမုပ္ပါဒ် ဒေသနာအကျဉ်းအကျယ် ပါဠိတော်ကြီးများကို အရကျက်၍ အသက်ထက်ဆုံး အမြဲဆောင်ရွက်သောသူသည် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ဓမ္မစေတီကျောင်းတော်နှင့် တူ၏။ လူနတ်တို့ ရှိခိုးပူဇော်ခြင်းကို ခံထိုက်၏ ဟု သိအပ်၏။

**ဓမ္မစေတီတော်မြတ် ပိဋကတ်ကို အဆင့်ဆင့်စောင့်ထိန်း**

မြတ်စွာဘုရား (၄၅)ဝါ ကာလပတ်လုံး ကိုယ်တော်တိုင် တည်ထား ကိုးကွယ်ခဲ့သော ဓမ္မစေတီတော်တို့သည် (၈၄၀၀၀)ရှိကုန်၏။ လူပြည် ထက်ဝက်၊ နတ်ပြည်ထက်ဝက် တည်ထားတော်မူခဲ့ပါသည်။ ဘုရား ကိုယ်တိုင် တည်သောဘုရားဟူသည် ဤဓမ္မစေတီများပါပင်တည်း။ ထိုဘုရားတည်သော ဘုရားတို့ကို ဘုရားပရိနိဗ္ဗာန် စံပြီး နှစ်ပေါင်း (၄၅၀)နှစ် တိုင်တိုင် နှုတ်တက်အာဂုံဆောင်တော်မူခဲ့ကြပါသည်။

http://www.dhammadownload.com



**ပေစာ၏နိဂုံး**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ပိဋကစာပေ အတိုးတက်ဆုံး၊ သာသနာဇည်ပင်ထွန်းကားဆုံး အချိန်ကား ရာဇဝင်သမိုင်း မှတ်တမ်းများမှ လေ့လာသိရှိချက်အရ ကုန်းဘောင်နောက်ဆုံးခေတ် မင်းတုန်းမင်း လက်ထက်ဟု ဆိုရပါမည်။

အဲဒီအချိန်က မြန်မာနိုင်ငံတော်၌ သံဃာတော်ပေါင်း ခြောက်သိန်းကိုးသောင်းကျော်ရှိ၍ မန္တလေးမြို့တွင် ဘုရင်ကိုးကွယ်သော ဘွဲ့တံဆိပ်ရ ဆရာတော်ပေါင်း (၈၀)ခန့် ရှိခဲ့သည်။ စာသင်တိုက်ကြီးပေါင်း (၁၇၉)တိုက်တွင် စာချဆရာတော် (၃၀၀၀)ခန့်ကို အမှီပြု၍ စာလိုက် သံဃာပေါင်းမှာ ခြောက်သောင်းကျော်ရှိသည်။

ထိုသို့ သာသနာစည်ပင်ထွန်းကားခဲ့သော်လည်း ကြေကွဲဝမ်းနည်း ဖွယ်ရာမှာ ပြည်မြန်မာ၏ ကံကြမ္မာဆိုး ကြုံခဲ့ရသော သီပေါမင်းအား အင်္ဂလိပ်များ ဖမ်းဆီးသည့်အချိန်ဖြစ်သည်။

နန်းတွင်းတစ်ခုလုံးရှိ ဗြဲတိုက်၌ ပေပုရပိုက်များထည့်သည့် စာတိုက်သေတ္တာကြီးအားလုံးကို အင်္ဂလိပ်စစ်ဗိုလ်စစ်သားနှင့် နောက်ပါ လူပါစုများက အဖိုးတန်ရတနာများ ရှာဖွေယူဆောင်ကြသဖြင့် ပေစာများ၊ ပုရပိုက်များ အစည်းပျက်၊ အခေါက်ပြေလျှက် ပရမ်းပတာ ဖရိုဖရဲ ကျန်ခဲ့၏။ နောက်နေ့တွင် သန့်ရှင်းရေးအတွက် အမှိုက်လှည်း ကုလားများက ယင်းပေပုရပိုက်များကို စုပုံ၍မီးရှို့ပစ်ကြလေသည်။ ထိုအကြောင်းကို တန်ဆောင်မုန်းလဆုတ် (၁၁)ရက်နေ့တွင် တောင်ခွင် မင်းကြီးသိရသဖြင့် ပေပုရပိုက်များကို မီးမရှို့ရန် တောင်းပန် မေတ္တာရပ်ခံစာကို စာရေးတော်ကြီး ဦးမြအား ကာနယ်စလေဒင်ထံသို့ အပေးခိုင်းသဖြင့် ကာနယ်စလေဒင်က "မည်သူမျှ ပေပုရပိုက်များကို မီးရှို့ခြင်း၊ ဖျက်ဆီးခြင်း၊ ယူငင်ခြင်း မပြုလုပ်ရန် အမိန့်ထုတ်ပြန် တားဆီး ခဲ့လေသည်"။

http://www.dhammadownload.com

## (၈၇) ပိဋကတ်သုံးပုံ ဓမ္မစေတီ ဘုရားရှိခိုးကြီး

နောင်အခါ၌ နွားလှည်းအစီးရေ လေးဆယ်ကျော်တိုက်လောက် ရှိသော နန်းတွင်းရှိ ကြွင်းကျန်သည့် ပေပုရပိုက် ထန်းဖူးစာများကို ရန်ကုန် အတွင်းဝန်ရုံးကြီးသို့ ယူဆောင်ထားလေသည်။

ဤသည်တို့မှာ မြန်မာပြည်၏ ယဉ်ကျေးမှုစာပေအနုပညာနှင့် အဖိုးတန်သာသနာ့အမွေအနှစ်တို့ ဆုံးပါးခဲ့ရခြင်းနှင့် ပေခေတ်၏နိဂုံးပိုင်း အခြေအနေကို သုံးသပ်ရပေသည်။

ဤသို့ ပေမီးရှို့ခံရတော့မှ ခဲရာခဲဆစ် ကျောက်စာစေတီတော် များ၏ ဂုဏ်ကျေးဇူးတို့သည် ပေါ်လွင်ခဲ့ပါတော့သတည်း။

♣♣♣♣♣

http://www.dhammadownload.com

## လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် (ကဘ)

### မြန်မာနိုင်ငံ
### လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်

အထက် (၁) — အလယ် (၂) — အောက် (၃)

(၁) မြန်မာပြည်အထက်ပိုင်း လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်
(၂) မြန်မာပြည်အလယ်ပိုင်း လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်
(၃) မြန်မာပြည်အောက်ပိုင်း လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်

### တည်နေရာ

**ဗဟိုအဖွဲ့ချုပ်**
- မုံရွာမြို့၊ သုဓမ္မစာရိပိမာန်တော်၊

**အထက်ပိုင်းအဖွဲ့ချုပ်**
- ယင်းမာပင်မြို့နယ်၊ ရွှေတောင်ဦးလယ်တီဝိပဿနာရိပ်သာ၊

**အလယ်ပိုင်းအဖွဲ့ချုပ်**
- နေပြည်တော် ပျဉ်းမနားမြို့၊ မဟာလယ်တီစံကျောင်းတိုက်၊

**အောက်ပိုင်းအဖွဲ့ချုပ်**
- ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လယ်တီမူဝိပဿနာကမ္မဋ္ဌာန်း ကျောင်းတိုက်

### နယ်နိမိတ်

(၁) **အထက်ပိုင်းနယ်မြေ**
- စစ်ကိုင်းတိုင်း

http://www.dhammadownload.com

(ကမ) လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်

- ကချင်ပြည်နယ်
- ချင်းပြည်နယ်
- မကွေးတိုင်း

(၂) အလယ်ပိုင်းနယ်မြေ

- နေပြည်တော်တိုင်း
- မန္တလေးတိုင်း
- ပဲခူးတိုင်း
- ကရင်ပြည်နယ်
- ကယားပြည်နယ်

(၃) အောက်ပိုင်းနယ်မြေ

- ရန်ကုန်တိုင်း
- ဧရာဝတီတိုင်း
- ရခိုင်ပြည်နယ်
- မွန်ပြည်နယ်
- တနင်္သာရီတိုင်း

(၄) ဗဟိုအဖွဲ့ချုပ်သီးခြားနယ်မြေ

- ရှမ်းပြည်နယ်

♣♣♣♣♣

http://www.dhammadownload.com



# တရားစခန်းဌာနများ

## မြန်မာပြည်အထက်ပိုင်းလယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်

| | | |
|---|---|---|
| (၁) | မုံရွာမြို့၊ သုဓမ္မစာရီဝိမာန် | ၂၇ ကြိမ် |
| (၂) | ရေကြည်ပင်၊ ယင်းမာပင် | ၆ ကြိမ် |
| (၃) | မုံရွာ၊ ညောင်ပင်ဇောက် | ၃ ကြိမ် |
| (၄) | အောင်တော်မူ၊ မုံရွာ | ၁၆ ကြိမ် |
| (၅) | အောင်သာရွာ၊ ဘုတလင် | ၇ ကြိမ် |
| (၆) | ဆူးလကုန်း၊ မုံရွာ | ၅ ကြိမ် |
| (၇) | နှင်းတောကျောင်း၊ ဆားလင်းကြီး | ၈ ကြိမ် |
| (၈) | ရန်အောင်မြင်ဘုရား၊ ဘုတလင်မြို့ | ၉ ကြိမ် |
| (၉) | အောင်နိမိတ်ကျောင်း၊ တမူးမြို့ | ၁၂ ကြိမ် |
| (၁၀) | မင်းကင်း | ၆ ကြိမ် |
| (၁၁) | မင်းကင်း စသာ | ၅ ကြိမ် |
| (၁၂) | ဆယ်ရွာချောင်း (ပွင့်ကား) ကနီမြို့နယ် | ၅ ကြိမ် |
| (၁၃) | မန်ကျည်းခွ (ချောင်းဦး) | ၅ ကြိမ် |
| (၁၄) | ရတနာစိန်ပန်း (ကနီ) | ၂ ကြိမ် |
| (၁၅) | ကုန်းသာ သီရိမင်္ဂလာကျောင်း (ကနီ) | ၁၀ ကြိမ် |
| (၁၆) | ကင်းရွာ (ကနီ) | ၁၀ ကြိမ် |
| (၁၇) | ယင်းရွာ (ကနီ) | ၂ ကြိမ် |
| (၁၈) | ရွှေတောင်ဦး | ၁၅ ကြိမ် |
| (၁၉) | ပုလဲမြို့၊ ဗုဒ္ဓဝိဟာရဓမ္မာရုံ | ၈ ကြိမ် |
| (၂၀) | သရက်မြို့၊ ကျိုက်ဒေးရုံစေတီ | ၉ ကြိမ် |
| (၂၁) | ယင်းမာပင်၊ အင်ကြင်းတောင်ပုပ္ပါးကျောင်း | ၅ ကြိမ် |
| (၂၂) | လက်ပန်းတောင်းတောင်၊ ဆားလင်းကြီး | ၆ ကြိမ် |
| (၂၃) | သမ္မောဓိ၊ မုံရွာမြို့နယ် | ၅ ကြိမ် |

http://www.dhammadownload.com



# တရားစခန်းဌာနများ

| | | |
|---|---|---|
| (၂၄) | ဘန့်ဘွေးကုန်း၊ ယင်းမာပင် | ၃ ကြိမ် |
| (၂၅) | ကလေးမြို့၊ ချင်းဆိုင်ရွာ၊ ကမ္ဘာ့ရန်ကင်းကျောင်း | ၆ ကြိမ် |
| (၂၆) | ရွာလယ်ရွာ၊ ဘုတလင် | ၂ ကြိမ် |
| (၂၇) | ဝါးရောင်းရွာ၊ အရာတော် | ၅ ကြိမ် |
| (၂၈) | ဟိုပင်မြို့၊ အရှေ့ကျောင်းကြီး၊ ကချင် | ၇ ကြိမ် |
| (၂၉) | ဆယ်ဇင်းရွာ၊ ဟုမ္မလင်း/ဖားကန့် | ၂ ကြိမ် |
| (၃၀) | မင်းဘူးမြို့၊ ဓာတ်တော်ကုန်းစေတီတော် | ၇ ကြိမ် |
| (၃၁) | ပွင့်လျှက်၊ ကလေး | ၉ ကြိမ် |
| (၃၂) | မင်းကင်း၊ တောင်ယာတော | ၂ ကြိမ် |
| (၃၃) | ဘော်ဂါ၊ ဘုတလင် | ၁ ကြိမ် |
| (၃၄) | သမန္တာ၊ ဘုတလင် | ၁ ကြိမ် |
| (၃၅) | သကြားစက်၊ ရွှေစုရွာ၊ ယင်းမာပင် | ၅ ကြိမ် |
| (၃၆) | ထူးကြီး၊ ဘုတလင် | ၃ ကြိမ် |
| (၃၇) | ဓမ္မရိပ်၊ ဆုတောင်းပြည့်၊ မုံရွာ | ၂ ကြိမ် |
| (၃၈) | ကြေးနင်းကြီးရွာ၊ ပုလဲ | ၃ ကြိမ် |
| (၃၉) | ကြောရွာ၊ ဂန့်ဂေါ | ၃ ကြိမ် |
| (၄၀) | နဂါးတွင်းရွာ၊ မုံရွာ | ၃ ကြိမ် |
| (၄၁) | စိုင်ပြင်ကြီး၊ တောရကျောင်း လယ်တီဝံသ | ၂၀ ကြိမ် |
| (၄၂) | စိုင်ပြင်ကြီး၊ ဇာတိမဟာအောင်မြေ၊ ဒီပဲယင်း | ၂ ကြိမ် |
| (၄၃) | နှော၊ မင်္ဂလာရွာသစ်၊ ဒီပဲယင်း | ၂ ကြိမ် |
| (၄၄) | ချင်းတွင်း၊ ဒီပဲယင်း | ၂ ကြိမ် |
| (၄၅) | ကံသာရွာ၊ ဘုတလင် | ၁ ကြိမ် |
| (၄၆) | လည်ပင်းရွာ၊ မြင်းမူ | ၄ ကြိမ် |
| (၄၇) | မြို့မ တောင်တွင်းဒေသ၊ မင်းကင်း | ၂ ကြိမ် |
| (၄၈) | မယ်မဲ၊ မင်းကင်း | ၃ ကြိမ် |
| (၄၉) | ရေအောက်တောင်၊ သီရိရတနာ၊ ဖောင်းပြင် | ၂ ကြိမ် |

http://www.dhammadownload.com

တရားစခန်းဌာနများ (ကလ)

| | | |
|---|---|---|
| (၅၀) | သငါရွာ၊ ဖောင်းပြ | ၁ ကြိမ် |
| (၅၁) | ကျောက်ထုံးကြီး၊ ကသာ | ၁ ကြိမ် |
| (၅၂) | ထန်းပင်ကုန်း၊ ချောင်းဦး | ၁ ကြိမ် |
| (၅၃) | ညောင်ပင်အိုင်တောရ၊ ဆားလင်းကြီး | ၂ ကြိမ် |
| (၅၄) | ကမ္ဘာ့ရန်ကင်း၊ နို့သာကုန်းရွာ၊ ယင်းမာပင် | ၁ ကြိမ် |
| (၅၅) | ကျောက်စာကုန်းရွာ၊ ရေဦး | ၁ ကြိမ် |

မြန်မာပြည်အလယ်ပိုင်း လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်

| | | |
|---|---|---|
| (၁) | မဟာလယ်တီစံကျောင်းတိုက်၊ ပျဉ်းမနား | ၁၀ ကြိမ် |
| (၂) | တပ်ကုန်း၊ သာသနာ့ဗိမာန် | ၉ ကြိမ် |
| (၃) | ရှားတောရိပ်သာ၊ ပျော်ဘွယ် | ၁၀ ကြိမ် |
| (၄) | ရမည်းသင်း၊ မြို့လှ၊ ရွှေမင်းဝံ | ၂၇ ကြိမ် |
| (၅) | ဇလာမြို့ | ၁ ကြိမ် |
| (၆) | ဝင်းခနောင်၊ တောင်ညို | ၁ ကြိမ် |
| (၇) | မဟာကြီးစေတီ၊ ပဲခူး | ၉ ကြိမ် |
| (၈) | ရွှေဂူလေးစေတီ၊ ပဲခူး | ၉ ကြိမ် |
| (၉) | ကောမြတ်ကြီး၊ လှိုင်းဘွဲ့၊ ကရင် | ၁၀ ကြိမ် |
| (၁၀) | မိုးပြေ၊ စည်ပင်-၂၊ ကယား | ၉ ကြိမ် |
| (၁၁) | အောင်မင်္ဂလာ၊ ကျက်သရေကုန်းတောရ၊ ပြည် | ၁ ကြိမ် |
| (၁၂) | ရေဇင်း၊ နေပြည်တော် | ၁ ကြိမ် |

မြန်မာပြည်အောက်ပိုင်း လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်

| | | |
|---|---|---|
| (၁) | နာဂလိုဏ်ဂူကလေးဝတောရ၊ ရန်ကုန် | ၉ ကြိမ် |
| (၂) | လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်း၊ ရန်ကုန် | ၁၂၁ ကြိမ် |
| (၃) | တွံတေး၊ ညောင်တံခါးကျောင်း | ၅ ကြိမ် |
| (၄) | တွံတေး၊ ဝိဋ္ဌာညီနောင်၊ လယ်တီရိပ်သာ | ၉ ကြိမ် |

http://www.dhammadownload.com



## တရားစခန်းဌာနများ

(၅) ထန်းတပင်ကျောင်း၊ အင်းစိန်၊ ရန်ကုန် ၁၂ ကြိမ်
(၆) ပြည်၊ သဒ္ဓမ္မဇောတိကာရုံကျောင်း၊ တိုက်ကြီး ၁၂ ကြိမ်
(၇) ဝတ္တလစ်၊ လွတ်လပ်ရေးကျောင်း၊ ရန်ကုန် ၇ ကြိမ်
(၈) မြင်သာမြို့ဦးကျောင်း၊ တ/ဥက္ကလာ၊ ရန်ကုန် ၁၀ ကြိမ်
(၉) မင်္ဂလာရာမကျောင်း၊ မ/ဒဂုံ၊ ရန်ကုန် ၉ ကြိမ်
(၁၀) ၃၅-ညီမူရာဓမ္မာရုံ၊ မ/ဒဂုံ၊ ရန်ကုန် ၉ ကြိမ်
(၁၁) ဘိုကလေးမြို့၊ ကျော်ဇံကျောင်း ၁၀ ကြိမ်
(၁၂) ရွှေကြာရုံစေတီ၊ လယ်တီရိပ်သာ၊ လှည်းကူး ၉ ကြိမ်
(၁၃) နန္ဒရသီကင်းရုံကျောင်း၊ ဝမြို့၊ ရခိုင် ၇ ကြိမ်
(၁၄) ကုလားတန်းကျေးရွာ၊ ကျောက်တန်း ၆ ကြိမ်
(၁၅) မော်လမြိုင်၊ ပညာရာမပရိယတ္တိစာသင်တိုက် ၁၀ ကြိမ်
(၁၆) ငါးဘတ်အိုင်ရွာကျောင်း၊ ခနဲဖြူ ၅ ကြိမ်
(၁၇) အုန်းပင်စုရွာကျောင်း၊ ခနဲဖြူ ၄ ကြိမ်
(၁၈) ညောင်ပင်ကွင်းရွာ၊ ကျုံပျော် ၄ ကြိမ်
(၁၉) ဝဲပုံကျောင်းစာသင်တိုက်၊ မြန်အောင် ၁ ကြိမ်
(၂၀) သာရဝေါသီလရှင်စာသင်တိုက်၊ ဗဟန်း ၅ ကြိမ်
(၂၁) ရွှေဘုန်းပွင့်ကျောင်းကြီးကျောင်း၊ ပေါင် ၃ ကြိမ်
(၂၂) ကေမ္မာ ကရင်စုကျောင်း၊ ပေါင် ၃ ကြိမ်

### မြန်မာနိုင်ငံလယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်

(၁) အောင်သပြေစွယ်တော်ကမ္မဋ္ဌာန်းတိုက်
တောင်ကြီးမြို့နယ်၊ ရှမ်း/တောင် ၅ ကြိမ်

♣♣♣♣♣

http://www.dhammadownload.com



## လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်
## နှစ် (၁၀)ပြည့် စာရင်းချုပ်ဇယား

| စဉ် | အဖွဲ့ချုပ် | ဌာန | အကြိမ် | ယောဂီ | အသုံးစရိတ် |
|---|---|---|---|---|---|
| ၁ | ဗဟို | ၁ | ၅ | ၁၀၀၀ | ၁၆၀ သိန်း |
| ၂ | အထက် | ၆၁ | ၂၈၅ | ၅၇၀၀၀ | ၉၁၂၀ သိန်း |
| ၃ | အလယ် | ၁၂ | ၉၀ | ၁၈၀၀၀ | ၂၈၈၀ သိန်း |
| ၄ | အောက် | ၂၂ | ၂၀၀ | ၄၀၀၀၀ | ၆၄၀၀ သိန်း |
| | စုစုပေါင်း | ၉၆ | ၅၈၀ | ၁၁၆၀၀၀ | ၁၈၅၆၀ သိန်း |

♣♣♣♣♣

http://www.dhammadownload.com

(ကဟ) ရှုံးအမိန့်စာအမှတ် (၁၀/၂၀၀၈)

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့
# ကမ္ဘာအေး-ရန်ကုန်မြို့

ရက်စွဲ- ၁၃၇၀ ခုနှစ်၊ ဝါခေါင်လဆန်း (၁၂)ရက်
၂၀၀၈ ခုနှစ်၊ ဩဂုတ်လ (၁၃)ရက်

## ရှုံးအမိန့်စာအမှတ် (၁၀/၂၀၀၈)

၁။ ပရိယတ္တိသာသနာ့တက္ကသိုလ်များ ပါဠိစာပေအဆင့်မြင့်တင်ရေး နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသည့် ဆရာတော်များ၊ ပညာရှင်ဆရာကြီးများက ဆွေးနွေးအကြံပြုတင်ပြခဲ့ကြရာ (၆-၈-၂၀၀၈)ရက်နေ့တွင် ကျင်းပပြုလုပ်သော ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ တတိယအကြိမ် စတုတ္ထအစည်းအဝေး ဆုံးဖြတ်ချက်အရ ပါဠိစာပေအဆင့်မြင့်တင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါပုဂ္ဂိုလ်များ ပါဝင်သော ပါဠိစာပေအဆင့်မြင့်တင်ရေး အကြံပြုကော်မတီကို ဖွဲ့စည်းလိုက်ပါသည်-

| စဉ် | အမည် | ရာထူး | တာဝန် |
|---|---|---|---|
| (က) | ဘဒ္ဒန္တဇာဂရာဘိဝံသ | ဒုတိယဥက္ကဋ္ဌဆရာတော် တက္ကသိုလ်များအုပ်ချုပ်ရေး ဗဟိုအဖွဲ့ | ဥက္ကဋ္ဌ |
| ( ခ) | ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ | ပါမောက္ခချုပ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် | ဒုတိယဥက္ကဋ္ဌ |

http://www.dhammadownload.com

ရှုံးအမိန့်စာအမှတ် (၁၀/၂၀၀၈) (ကဠ)

| | | | |
|---|---|---|---|
| (ဂ) | ဒေါက်တာဘဒ္ဒန္တ ပဏ္ဍိတဝရာဘိဝံသ | ပါမောက္ခချုပ် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး) | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာဘဒ္ဒန္တ အာဒိစ္စဝံသ | ပါမောက္ခချုပ် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) | အဖွဲ့ဝင် |
| (င) | ဘဒ္ဒန္တကုမာရ | ဒု-ပါမောက္ခချုပ် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) | အဖွဲ့ဝင် |
| (စ) | ဘဒ္ဒန္တဉာဏာ လင်္ကာရာဘိဝံသ | ဒု-ပါမောက္ခချုပ် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) | အဖွဲ့ဝင် |
| (ဆ) | ဘဒ္ဒန္တထေရိန္ဒ | ဌာနမှူး၊ ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) | အဖွဲ့ဝင် |
| (ဇ) | ဘဒ္ဒန္တဉာဏိန္ဒ | ဌာနမှူး၊ ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) | |
| (ဈ) | ဒေါက်တာဘဒ္ဒန္တ စန္ဒာဝရာဘိဝံသ | မဟာဌာနမှူး အပြည်ပြည်ဆိုင်ရာထေရဝါဒ၊ ဗုဒ္ဓသာသနာပြုတက္ကသိုလ် | အဖွဲ့ဝင် |

http://www.dhammadownload.com



(ည) ဒေါက်တာမျိုးမြင့် ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သာသနာတော်ထွန်းကား
ပြန့်ပွားရေးဦးစီးဌာန

(ဋ) ဦးမျိုးကျော် ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သာသနာရေးဦးစီးဌာန

(ဌ) ဦးအောင်သိန်းညွှန့် ညွှန်ကြားရေးမှူး အတွင်းရေးမှူး
သာသနာတော်ထွန်းကား
ပြန့်ပွားရေးဦးစီးဌာန

(ဍ) ဦးစံသင်းလှိုင် ဒု-ညွှန်ကြားရေးမှူး တွဲဖက်အတွင်း
သာသနာတော်ထွန်းကား ရေးမှူး
ပြန့်ပွားရေးဦးစီးဌာန

၂။ ယင်းကော်မတီ၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နှီးနှောဖလှယ်ပွဲတွင် တင်သွင်းသောစာတမ်းများကို စာအုပ်အဖြစ် ရိုက်နှိပ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(ခ) သာသနာ့တက္ကသိုလ်များ သင်ရိုးညွှန်းတမ်း သင်ကြားနည်းစနစ်၊ မေးခွန်းထုတ်စနစ် စသည်များ၊ ပထမပြန်စာမေးပွဲပြုပြင် ပြောင်းလဲရေး အကြံပြုချက်များ စီစဉ်ရေးဆွဲ၍ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့မှတစ်ဆင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်ပြရန်၊

(ဂ) သာသနာ့တက္ကသိုလ်များတွင် သက္ကတဘာသာ သင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာတက္ကသိုလ်ကောင်စီများသို့ တင်သွင်းပြီး အတည်ပြုချက်ရရေးဆောင်ရွက်ရန်၊

http://www.dhammadownload.com



(ဃ) သက္ကတဘာသာကို အထူးပြုလေ့လာမည့် ရဟန်းနှင့်လူပုဂ္ဂိုလ်များကို နိုင်ငံခြားတက္ကသိုလ်များသို့ စေလွှတ်နိုင်ရေး ဆောင်ရွက်ရန်၊

( င) ပါဠိစာပေသင်ကြားရေးကို အထောက်အကူပြုသော သုတေသနစီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

( စ) သင့်လျော်သောအချိန်တွင် ပါဠိသင်ကြားရေးဆိုင်ရာ နိုင်ငံတကာနှီးနှောဖလှယ်ပွဲတစ်ရပ် ကျင်းပနိုင်ရေး စီစဉ် ဆောင်ရွက်ရန်၊

၃။ အဆိုပါကော်မတီသည် ဖော်ပြပါလုပ်ငန်းတာဝန်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် ဖြစ်ပါသည်။

(ဘဒ္ဒန္တတေဇနိယ)
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဒုတိယဥက္ကဋ္ဌဆရာတော်

စာအမှတ်၊ ၀၆၄/၂၉/နပသ(ဗဟို)/၂၀၀၈
ရက် စွဲ ၊ ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ (၁၃)ရက်

ဖြန့်ဝေခြင်း

အဖွဲ့ဝင်များအားလုံး

မိတ္တူကို - သာသနာရေးဝန်ကြီးဌာန (ဝန်ကြီးရုံး)
- သာသနာရေးဦးစီးဌာန
- သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
- တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ရုံး
- အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
- သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
- လက်ခံ

http://www.dhammadownload.com

http://www.dhammadownload.com

# လယ်တီဝိပဿနာအမှတ်(၁၁)

# မာတိကာ

အကြောင်းအရာ — စာမျက်နှာ


အာနာပါနကမ္မဋ္ဌာန်းအားထုတ်ပုံတရားတော် ၁

တရားအားထုတ်၍ ချမ်းသာထူး၊ ချမ်းသာမြတ်
ရှာဖွေပုံတရားတော် ၁၆

(၁၀၀)ကြိမ်မြောက်အောင်ပွဲ ၂၅
- ပဝါရဏာ ၂၅
- အသုံးချတဲ့နည်း (၄)မျိုး ၄၀
- လောဘ ၅၂
- ဒေါသ ၆၇
- မောဟ ၇၇
- (၈)ဌာန ၇၉
- လောဘကင်းအောင် အားထုတ်နည်း ၈၈
- တစ်ရာနဲ့တစ်ရက် ၉၀
- ခါဏုကောဏ္ဍညထေရ် ၉၃
- သဗ္ဗဒါသထေရ် ၉၅
- သာမညဖလအခါတော်နေ့ ၁၀၀

(၁၀၂)ကြိမ်မြောက်အောင်ပွဲ ၁၁၀
- သက်တမ်း ၁၁၂
- သေတာကိုပင်ကုသိုလ်ရအောင်အသုံးချနည်း ၁၂၂
- ဝေဟပ္ဖိုလ်ဖြဟ္မာတို့ပင် ၁၃၉

http://www.dhammadownload.com

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| - စကားတစ်လုံး | ၁၄၂ |
| - ဒါရုစီရိယ | ၁၄၆ |
| **(၁၀၃)ကြိမ်မြောက်အောင်ပွဲ** | **၁၅၂** |
| - မဟာသတိပဋ္ဌာန်ကိုပဲ | ၁၅၃ |
| - ကျေနပ်မနေနဲ့ | ၁၆၃ |
| - ဗျာပါဒလက်ာ | ၁၇၀ |
| - နယ်ချဲ့အောက်မှလွတ်ရအောင် | ၁၇၅ |
| - အရိုးသုံးရာ တိုင်သဘော | ၁၈၈ |
| - သံယောဇဉ် (၁၀)ပါး | ၁၉၂ |
| - သံယောဇဉ်ဆိုတာ | ၁၉၂ |
| - စိတ်အညစ်အကြေး | ၂၀၃ |
| - ထောက်ပံ့မှု (၅)မျိုး | ၂၀၅ |
| - သရက်ချိုပင် | ၂၀၇ |
| - အမြွတ်ဆုံး | ၂၀၂ |
| **လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ၏နိဂုံးစကား** | **၂၅၃** |
| - ဝိမုတ္တိရသအရ | ၂၅၃ |
| - ဝိမုတ္တိရသ | ၂၅၄ |
| - ဝိမုတ္တိ (၂)မျိုး | ၂၅၅ |
| - ဝိမုတ္တိ (၅)မျိုး | ၂၅၆ |
| - တဒင် ဝိမုတ္တိ | ၂၅၆ |
| - ဝိမုတ္တာယတန (၅)မျိုး | ၂၅၈ |
| - ဝိမုတ္တိ ပရိပါစနီယ တရား (၅)မျိုး | ၂၅၉ |
| - ဘုရားရှင်၏ တိုက်တွန်းချက် | ၂၆၀ |

❊❊❊❊❊

http://www.dhammadownload.com

# လယ်တီဝိပဿနာ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်
ကလေးဝတောရဆရာတော်
ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
**လယ်တီဘဒ္ဒန္တဓာဂရာဘိဝံသ**
မြန်မာအသံမှ
အသံလွှင့်ဟောကြားတော်မူသော
**အာနာပါနကမ္မဋ္ဌာန်း အားထုတ်ပုံတရားတော်**

**ဘဝကို သတိပြုသင့်ပုံ**

ဘုန်းကြီးတို့ အကျိုးအကြောင်း၊ အဆိုးအကောင်းကို သိရှိနားလည်နိုင်သော လူ့ဘဝကြီးကို ရရှိလာကြပါတယ်။

ဘုန်းကြီးတို့သည် ဘဝရဲ့အပြစ်အနာအဆာကို မသိခြင်း၊ ဘဝကို သာယာမက်မောခြင်း၊ ကိုယ်နှုတ်နှလုံးဖြင့် ပြုမူပြောဆိုကြံစည်တွေးတောခဲ့ခြင်း အကြောင်းသုံးရပ်တို့ကို အခြေခံပြီး လူ့ဘဝကို ရောက်ရှိလာခဲ့ကြပါတယ်။

ဒီလူ့ဘဝ အလာခရီး ပြန်ကြည့်စီစစ်ပါက အမိဝမ်းသို့ သက်ရောက်စ ကာလ၊ အမိဝမ်းမှာ ကိန်းနေစဉ်ကာလ၊ အမိဝမ်းမှ ဖွားမြင်ရာကာလ၊ သုံးဌာနလုံး မသိပဲ လာရောက်ခဲ့ကြပါတယ်။

အကြောင်းသုံးမျိုး ပေါင်းစပ်မှုကြောင့် ဖြစ်လာခဲ့တဲ့ လူ့ဘဝကို မသိသုံးမျိုးနဲ့ပဲ လာရောက်ခဲ့ရပါပြီ။

လက်ရှိအခြေအနေမှာလဲ မသိ (၅)မျိုးနဲ့ပဲ နေထိုင်သွားလာလှုပ်ရှား နေကြရပါတယ်။ မသိ (၅)မျိုးက -

http://www.dhammadownload.com



၁။ မိမိ ဘယ်၍ဘယ်မျှ အသက်ရှည်ကြာ အသက်ရှင်ရမည် ဆိုတာ မသိနိုင်ပါ။

၂။ အဘယ်အနာရောဂါဖြင့် တစ်ဘဝ နိဂုံးချုပ်မည်ဆိုတာ မသိနိုင်ပါ။

၃။ အဘယ်အချိန်အခါမှာ သေရမည်ဟု မသိနိုင်ပါ။

၄။ မိမိရဲ့ရုပ်အလောင်းကို ဘယ်မြို့ဘယ်ရွာ ဘယ်နေရာမှာ ပစ်ချ မြှုပ်နှံရမည်ဆိုတာ မသိနိုင်ပါ။

၅။ သေသွားရင် ဘယ်ဘုံဘယ်ဘဝ ရောက်ရမည်ဆိုတာ မသိနိုင်ပါ။

ဒီ မသိ (၅)မျိုးနဲ့ ယောင်ချာချာပဲ နေကြရပါတယ်။ အကြောင်း (၃)မျိုး ကြောင့်ဖြစ်၊ မသိသုံးမျိုးနဲ့ လာရောက်ရတဲ့ လူ့ဘဝ၊ မသိ (၅)မျိုးနဲ့ ယောင်ချာချာ နေနေရတာ အင်မတန် ကြောက်လန့်စရာ ကောင်းပါ တယ်။ သတိပြုဖို့ သင့်ပါတယ်။

**ဘဝငြိမ်းချမ်းရေးလမ်းညွှန်**

အကြောင်းသုံးမိုးကြောင့်ဖြစ်လာကြရာမှ အမိဝမ်းသို့သက်ရောက်စ ကိန်းနေစဉ် ဖွားမြင်ရာကာလ အသိ (၃)မျိုးနဲ့လာကြတဲ့ သဗ္ဗညုဘုရား လောင်းများ၊ အသိ (၂)မျိုးနဲ့လာကြတဲ့ ပစ္စေကဗုဒ္ဓါနှင့် အဂ္ဂသာဝက လောင်းလျာများ အမိဝမ်းသို့ သက်ရောက်စ တစ်ခုသာ သိခဲ့ကြသည့် မဟာသာဝက၊ ပကတိသာဝက၊ ရဟန္တာလောင်းလျာ များနှင့် မသိသုံးမျိုးနဲ့ ဘဝကိုခြေချခဲ့ကြသည့် ပုထုဇဉ်သတ္တဝါ အားလုံးတို့ မတူကွဲပြား ခြားနားချက်ကို သတိပြုသင့်ပါတယ်။

မသိ (၅)မျိုးနဲ့ နေကြရတဲ့ လောကသားတွေထဲမှာ ထူးထူး ခြားခြား ဘုရားမြတ်စွာ၊ ပစ္စေကာနှင့် ရဟန္တာ အရှင်မြတ်ကြီးတွေက

http://www.dhammadownload.com



အသိ(၅)မျိုးနဲ့ သိတော်မူကြပါတယ်။ အရိယာပုဂ္ဂိုလ်တိုင်း မိမိတို့ လားရောက်ရမည့် ဂတိနှင့် ဂတိကင်းကွာ ပြည်ခေမာဆိုတဲ့ အဂတိကိုလဲ သိတော်မူကြပါတယ်။

ကောင်းသောသူတို့၏လားရာ မကောင်းသောသူတို့ရဲ့ လားရာဂတိနှင့် ဂတိကင်းရာ ပြည်ခေမာလမ်းကို သေသေချာချာ သိတော်မူသည့်အတိုင်း ညွှန်းပြတော်မူနိုင်သည့် မြတ်ဗုဒ္ဓကို လမ်းညွှန်ဆရာအဖြစ်ထား ကိုးကွယ်အားထားခွင့်ရနေကြတဲ့ ဗုဒ္ဓဘာသာများ ဖြစ်နေကြသည့် အားလျော်စွာ မြတ်ဗုဒ္ဓ၏ ဘဝငြိမ်းချမ်းရေး လမ်းညွှန်တရားများအနက် အာနာပါနကမ္မဋ္ဌာန်း အားထုတ်၍ ဘဝငြိမ်းချမ်းရေးရှာပုံကို ဟောပါ့မယ်။

## မြတ်ဗုဒ္ဓ၏လမ်းစဉ်

မြတ်ဗုဒ္ဓသည် ဘဝသံသရာ လှည့်ပတ်ရာမှာ စားဝတ်နေရေးအဆင် ပြေစေဖို့ ဒါနလမ်းစဉ်ကို ချမှတ်ဆောင်ရွက်တော်မူခဲ့ပါတယ်။

ကိုယ်၏ရိုင်းစိုင်းမှုနှင့် နှုတ်၏ရိုင်းစိုင်းမှု ပ,ပျောက်၍ ကိုယ်နှုတ်ယဉ်ကျေးဖို့အတွက် သီလလမ်းစဉ်ကို ချမှတ်ခဲ့ပါတယ်။

စိတ်ရိုင်းစိုင်းမှု ပ,ပျောက်၍ ယဉ်ကျေးရန်၊ စိတ်ကို အစိုးရရန် သမထကမ္မဋ္ဌာန်း အားထုတ်နည်းကို ဟောတော်မူခဲ့ပါတယ်။

အတွင်းခံတ်သား အမှန်တရားကို မြင်ရှုနိုင်၍ ဉာဏ်အဆင့်ဆင့် ရရှိငြိမ်းချမ်းရန် ဝိပဿနာကမ္မဋ္ဌာန်း ဟောတော်မူပါတယ်။

## စိတ်အစိုးရမှု

စိတ်ကိုအစိုးမရမှု၊ စိတ်ရိုင်းစိုင်းမှုဟာ သံသရာမှာ မျောလမ်းကြီးစစ်စစ် ဖြစ်ပါတယ်။ အဘယ်ကြောင့်ဆိုသော် သမထဝိပဿနာ

http://www.dhammadownload.com



အလုပ်ခွင်သို့ မကပ်ရောက်နိုင်သောကြောင့် ဖြစ်ပါတယ်။

စိတ်ကို အစိုးရမှုဟာ နိဗ္ဗာန်ဆိပ်ကမ်းသို့ ဆိုက်လမ်းကြီး စစ်စစ် ဖြစ်ပါတယ်။ အထက်အထက်ဖြစ်တဲ့ သမထဝိပဿနာ အလုပ်တွေကို မလုပ်တည့်နိုင်လျှင် ရှိပါစေဦး။

မိမိစိတ်ကို မိမိကိုယ်သန္တာန်တွင်း၌ နိုင်နိုင်နင်းနင်း ထားနိုင်ကြပါလျှင် နိဗ္ဗာန်၏အရသာကို ခံစံကြရသည် မည်ကြောင်း ဘုရားရှင် ဟောတော်မူပါတယ်။

စိတ်အစိုးရမှုဟာ အမျိုးမျိုးရှိပါတယ်။ လောကအနေနဲ့ ပြောလျှင် အရူးအနှမ်းမဟုတ်ပဲ တည်ကြည်သောစိတ်ရှိပြီး လူရေးလူရာတွေမှာ နေရာတကျ စီမံခန့်ခွဲ ဆောင်ရွက်မှုကို "စိတ်ကိုအစိုးရမှု"လို့ ခေါ်ဆိုပါတယ်။

သာသနာတော်အနေနဲ့ကြည့်ရင် -

အဘိဇ္ဈာ ဒေါမနဿ အစွန်းမထွက်အောင် မျက်စေ့ နား နှာ လျှာ ကိုယ် စိတ်ကို ထိန်းသိမ်းနိုင်မှု လုံခြုံအောင်ထားနိုင်မှုဟာ "အစိုးရမှု" တစ်မျိုးပါပဲ။ ခိုင်ခံ့သော စိတ်အစိုးရမှုပါပဲလို့တော့ မပြောနိုင်သေးပါ။

အာနာပါနကမ္မဋ္ဌာန်း စသည် အားထုတ်၍ ကာယဂတာသတိ ဘာဝနာတည်မှုကတော့ သမထဝိပဿနာရဲ့ နီးသောအကြောင်းဖြစ်လို့ ခိုင်ခံ့သော အစိုးရမှု မည်ပါတယ်။

ထို့ထက် ဥပစာရသမာဓိမှုက ခိုင်ခံ့ပါတယ်။

ထို့ထက် အပ္ပနာသမာဓိမှုက ခိုင်ခံ့ပါတယ်။

အပ္ပနာသမာပတ်ရှစ်ပါးတို့က တစ်ဆင့်ထက်တစ်ဆင့် ခိုင်ခံ့ပါတယ်။ အဘိညာဉ်ရအောင် အားထုတ်က သမထကိစ္စမှာ အထွဋ်အထိပ်ဖြစ်တဲ့ အစိုးရမှု ဖြစ်ပါတယ်။

http://www.dhammadownload.com



ယခုအခါ ဗုဒ္ဓဘာသာ သာသနာ၌ ကြုံကြိုက်ကြသူ ရဟန်းရှင်လူ အပေါင်းတို့အနေနဲ့ မိမိစိတ်ကို မိမိအစိုးမရ ရှိနေကြတာကို လွန်စွာစက်ဆုပ် ထိတ်လန့်ကြပြီး မိမိစိတ်ကို မိမိအစိုးတရဖြစ်ရလေအောင် မဟာသတိပဋ္ဌာန်သုတ်၌လာသော တစ်ခုခုသော ကာယဂတာသတိ အလုပ်များကို အားထုတ်သင့်ပါတယ်။

**အာနာပါန တစ်ခုတည်းဖြင့်**

ကာယဂတာသတိ (၁၈)မျိုးတို့တွင် နှာသီးဖျားမှာ ထွက်သက်ဝင်သက်၊ ထွက်လေဝင်လေ ရှူရှိုက်ထုတ်မှုတ်မှု၊ အာနာပါနအလုပ်တစ်ခုတည်းနဲ့ ကာယဂတာသတိ ဘာဝနာကိစ္စ၊ အပ္ပနာဈာန်(၄)ပါးဆိုတဲ့ သမထဘာဝနာကိစ္စ၊ ဝိပဿနာဘာဝနာကိစ္စ၊ မဂ်ကိုပွားများခြင်း, ဖိုလ်ကို မျက်မှောက်ပြုခြင်း ကိစ္စများပြီးစီးကြောင်း အာနာပါနသုတ်၌ ဟောတော်မူပါတယ်။

မွေးဖွားလာချိန်မှ အသက်ရှင်နေသမျှ လူတိုင်းလူတိုင်း အသက်ရှူရှိုက် ထုတ်မှုတ်နေကြပါတယ်။ အိပ်တဲ့အခါပင် ထွက်သက်ဝင်သက်က မနားပါ။ တစ်နာရီဆိုလျှင် (၁၀၀၀)ခန့် ရှူကြရှိုက်ကြ ထုတ်ကြမှုတ်ကြ၍ ထွက်သက်ဝင်သက် ထွက်လေဝင်လေကို အသုံးချကြပါတယ်။ တစ်နေ့ တစ်ရက်ဆိုလျှင် အကြိမ်ပေါင်း နှစ်သောင်းကျော်လောက် ထုတ်ကြမှုတ်ကြပါတယ်။

ခပ်သိမ်းသော ဘုရားရှင်တို့ အာနာပါနသတိ၌ တည်ပြီးတော့ သဗ္ဗညု ဘုရားအဖြစ်သို့ ရောက်တော်မူကြမြဲ ဓမ္မတာဖြစ်တယ်ဆိုတော့ အာနာပါနသတိ ကမ္မဋ္ဌာန်းက ဘုရားအလောင်းတော်ကို ဘုရားအဖြစ်သို့ အနီးကပ်ရောက်အောင် ပို့ဆောင်တဲ့ကမ္မဋ္ဌာန်းဆိုတာ သိသာပါတယ်။

http://www.dhammadownload.com



ဘုရားရှင်တို့သည် ဘုရားအဖြစ်သို့ ရောက်ပြီးသောအခါ မှာလဲ အာနာပါနဿတိကို အသက်ထက်ဆုံး စွန့်တော်မမူကြပါ။

ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တွေ အာသဝက္ခယဉာဏ်ရဖို့ အာနာပါန ကမ္မဋ္ဌာန်း အားထုတ်ကြပါတယ်။

ရဟန္တာအရှင်မြတ်ကြီးတို့ အနေနဲ့လဲ ချမ်းချမ်းသာသာ နေနိုင်ရန်နှင့် သတိသမ္ပဇဉ်အကျိုးငှာ အာနာပါနဿတိကို လက်လွှတ် တော်မမူကြပါ။

## အလွယ်ဆုံး

သမထအရာမှာ ကမ္မဋ္ဌာန်း (၄၀)ရှိရာ အာနာပါနကမ္မဋ္ဌာန်း သည် အစဉ်စွဲမြဲပွားများခြင်းငှာ အလွယ်ဆုံးဖြစ်ပါတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အခြားကမ္မဋ္ဌာန်းတို့ထက် လွန်မြတ်တဲ့ ဂုဏ်ပုဒ်တွေနဲ့ များစွာချီးမွမ်းတော်မူထားပါတယ်။ မဟာ သတိပဋ္ဌာန်တရား ပေးရာမှာ ပထမဆုံးပေးခဲ့တဲ့ ကမ္မဋ္ဌာန်းလဲ ဖြစ်ပါတယ်။

အဋ္ဌကထာဆရာမြတ်တို့ကလဲ "မဟာပုရိသဘူမိ" လူသာမန် ရှင်သာမန်တို့နှင့် မထိုက်တန်၊ လူပညာရှိ ရဟန်းပညာရှိတို့နှင့် ထိုက်တန်သော ကမ္မဋ္ဌာန်းဖြစ်၍ ယောကျ်ားမြတ်ကြီးတို့၏ တည်ရာ ဘုံဟု မိန့်တော်မူကြပါတယ်။

## အာနာပါနကမ္မဋ္ဌာန်း အားထုတ်ပုံ

ဒီမြင့်မြတ်လွယ်ကူ အာနာပါနကမ္မဋ္ဌာန်းအလုပ်ကို အားထုတ် လိုတဲ့ ရဟန်းရှင်လူ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်-

http://www.dhammadownload.com



- ဆိတ်ငြိမ်ရာနေရာယူပါ။
- အနန္တငါးပါး ရှိခိုးပါ။
- သရဏဂုံဆောက်တည် သီလယူပါ။
- မေတ္တာပို့ပါ။
- အမျှပေး၊ အမျှယူပါ။

**သတိမြဲရာ ပထမာ**

နှာဆိုးနှာမိုက်နဲ့တူတဲ့ စိတ်ကို ဆုံးမဖို့ သတိဆိုတဲ့ ကြိုးနဲ့ နှာသီးဖျားမှာ ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာ ခိုင်မြဲအောင် ရှုမှတ်ချည်နှောင်ထားပါ။

စိတ်ကိုအခြားမရောက်ပါစေနဲ့။ အသီးတစ်ရာ အညှာတစ်ခု ဆိုသလို လူတိုင်းမှာ စိတ်ကအညှာပါပဲ။ အညှာကောင်းမှ ခိုင်မှ အသီးများ တည်ရှိနိုင် ပါတယ်။ ဒါကြောင့် -

"အမြတ်ဦးကိုင် ထီးကိုပိုင်က
နန်းထိုင်ရသို့ စိတ်ဟုမည်ငြား
ဤတစ်ပါးမျှ တရားကိုယ်ကြပ်
စောင့်စည်းကွပ်က လူနတ်နိဗ္ဗာန်
သုံးတန်ချမ်းသာ ရကြောင်းလာ၏" လို့ မိန့်ဆိုကြပါတယ်။

ခိုင်ခိုင်ချည်ထား စိတ်မိုက်နွား ပြေးသွားရုန်းကြည့်ပါ။ ဒီစိတ်ကလေးဟာ နှာသီးဖျား ထွက်လေဝင်လေ ရှုရိုက်ထုတ်မှတ်မှု အာရုံတိုင်မှာ သတိဆိုတဲ့ ကြိုးနဲ့ ခိုင်ခိုင်ချည်ထားပေမဲ့လို့ ရှေးကတွေ့ဖူး ကြုံဖူးဆုံဖူးတဲ့ အာရုံတွေဆီ လျှောက်ပြေးနေတတ်ပါတယ်။ လိုက်ဖမ်းရပါတယ်။ အဲဒီလို မိအောင်ဖမ်းလို့ အဖမ်းရခက်တဲ့ စိတ်။ လေကို ပိုက်ကွန်နဲ့ဖမ်းရတာမျိုးပါပဲ၊ စိတ်ဆိုတာက -

http://www.dhammadownload.com



အဝေးလဲ ပြေးသွားတတ်တယ်။ တစ်ဦးတည်းလှည့်လည် တတ်တယ်။ အထည်ကိုယ်လဲ မရှိဘူးဆိုတော့ အဖမ်းရခက်တော့တာ ပါပဲ။ ဒါပေမဲ့လို့ ဘုရားရှင် ပေးသနားခဲ့တဲ့နည်းနဲ့ ချည်တိုင်မှာ ချည်ထားပါ။ အားကုန်ရုန်းမှာပါပဲ။

အဲဒီလို ရုန်းကန်ပါသော်လဲ ရုန်းမရအောင် ထွက်လေဝင်လေ ထွက်သက်ဝင်သက် ဆိုတဲ့ အာရုံတိုင်မှာ ချည်ထားနိုင်လျှင်တော့ -

**"ရုန်းမရပါ ချည်တိုင်မှာ မောခါငြိမ်သက်ပါ"**

အဲဒီလို မောပမ်းပြီး ငြိမ်သက်တော့မှ စိတ်တည်ကြည်မှု ရပါလိမ့် မယ်။

**"မောကာငြိမ်သက် မလှုပ်ယှက် တိုးတက်တည်ကြည်လာ"**

အဲဒီလို တည်ကြည်ငြိမ်သက်လာပြီး မလှုပ်မယှက်ပြီဆိုတော့ သမာဓိ ရလာပြီလို့ ခေါ် ဆိုနိုင်ပါတယ်။

အခုပြောခဲ့တာက ထွက်လေဝင်လေ ရှုမှတ်တဲ့နည်းတွေက (၁၆)စုံ (၃၂)ပါး အခြင်းအရာတွေ ရှိပါတယ်။ (၄)မျိုး (၄)မျိုး (၄)စုံ ရှိရာမှ ပထမ (၄)မျိုး ပထမ စတုက္က (၄)နည်းထဲက "သတိမြဲရာ ပထမာ" ဆိုတဲ့ ပထမဆုံး အားထုတ်နည်း ဖြစ်ပါတယ်။

**ဒုမှာ ရှည်တိုသိ**

"ဒုမှာရှည်တိုသိ" ဆိုတဲ့ ဒုတိယနည်းက အဲဒီထွက်လေ ဝင်လေ ရှုရှိုက်ထုတ်မှုတ်မှုတို့ရဲ့ အနှေးအမြန်ကို သိအောင်အားထုတ် ရပါမယ်။ လေကြော မြန်တာ၊ အတို။ နှေးတာ အရှည်ပါ။ အတို၊ အရှည် သိအောင် အားထုတ်ပါ။

http://www.dhammadownload.com



## လုံးစုံလင်းရာ တ,၌သာ

"လုံးစုံလင်းရာ တ,၌သာ" ဆိုတဲ့နည်းမှာ အဲဒီ ထွက်လေ ဝင်လေဆိုတဲ့ ခရီးစဉ် အစ၊ အလယ်၊ အဆုံးအားလုံးကို သိအောင် ထင်လင်းအောင် ရှုမှတ်ပါ။

ဝင်သက်ရဲ့ အစခရီးက နှာသီးဖျား၊ အလယ်ခရီးက ရင်၊ အဆုံး ခရီးစဉ်က ချက်တိုင် တို့ဖြစ်ပါတယ်။ ထွက်သက်ရဲ့ အစက ချက်၊ အလယ်က ရင်၊ အဆုံးက နှာသီးဖျား၊ အဲဒီ အစ၊ အလယ်၊ အဆုံး သုံးပါးလုံးထင်အောင် သိအောင်အားထုတ်ပါ။ တစ်ချို့က အစသာ သိပြီး အလယ်အဆုံး ခရီးစဉ်တို့ကို မသိပါ။ ပင်ပန်းတတ်ပါတယ်။

## စ,မှာ ငြိမ်းစေဘိ

"စ,မှာငြိမ်းစေဘိ" ဆိုတဲ့ စတုတ္ထနည်းမှာ ရှုန်းရင်းတဲ့ ထွက်သက်ဝင်သက်တွေကို အစဉ်အတိုင်း ချုပ်ငြိမ်းစေပြီး သိမ်မွေ့သွားအောင် ရှုမှတ်ရပါတယ်။

သမာဓိရ တည်ကြည်က စိတ္တဝိသုဒ္ဓိ၊ သမာဓိရ တည်ကြည်က စိတ်က စင်ကြယ်လာဆိုတဲ့ စကားအတိုင်း သမာဓိရပြီး စိတ် တည်ကြည်လာပြီဆိုရင် စိတ်အညစ်အကြေး စင်ကြယ်ပါပြီ။

အထည်ကိုယ်မရှိတဲ့ စိတ်ကို ငြိမ်အောင်ထားဖို့ တရား အာရုံမှာ ထားနိုင်ဖို့ သမထကမ္မဋ္ဌာန်း အားထုတ်ကြရပါတယ်။

စိတ်ကို ထိန်းရာမှာ အတုယူဖွယ်ကောင်းတဲ့ မထေရ်မြတ်ကြီး သုံးပါး ရှိပါတယ်။

မထေရ်မြတ်ကြီးသုံးပါး ဝါတွင်းကာလ အတူတကွ ကျောင်းတိုက်တစ်တိုက်ထဲမှာ ဝါဆိုတော်မူကြပြီး ဝါကျွတ်တဲ့အခါ တစ်ပါးနှင့်တစ်ပါး မေးကြမြန်းကြပါတယ်။

http://www.dhammadownload.com



အငယ်ဆုံးမထေရ်ကို “ငါ့ရှင့်ရဲ့ စိတ်လေးကို အခုဝါတွင်း ဘယ်လောက်များ ထိန်းသိမ်းနိုင်ခဲ့ပါသလဲ” လို့မေးတော့ “ဘုရား တပည့်တော်၏စိတ်ကို နေထိုင်ရာ ကျောင်းတိုက်ကြီး အာရမ်တွင်းမှ အပြင်မထွက်အောင် ထိန်းနိုင်ခဲ့ပါတယ်ဘုရား”တဲ့။

အလတ်ဖြစ်တဲ့မထေရ်ကို မေးပြန်တော့ “တပည့်တော် သီတင်းသုံးရာကျောင်းမှ စိတ်အပြင်မထွက်ပါဘုရား”တဲ့။

မထေရ်ကြီးကို မေးတော့ “ငါ့ခန္ဓာကိုယ်ထဲမှ စိတ်အပြင် မထွက်ဘူး”တဲ့။

ဒီမထေရ်ကြီးသုံးပါးတို့သည် စိတ်ကိုထိန်းတဲ့နေရာမှာ အတုယူဖွယ် ကောင်းလှပါတယ်။

**ဝိပဿနာသို့**

စိတ်စင်ကြယ်အောင် အားထုတ်ပြီး ဝိပဿနာကူးရပါတယ်။ စိတ်စင်ကြယ်ပြီ ဆိုပါက ဝိပဿနာဉာဏ်အဆင့်ဆင့် တက်နိုင်ပါပြီ။

(က) ဈာန်မရမီ ဥပစာရဈာန်မှလည်း ဝိပဿနာကူးနိုင်ပါတယ်။

(ခ) ဈာန်ရအောင် သမထကမ္မဋ္ဌာန်း အားထုတ်ပြီးမှလည်း ဝိပဿနာ ကူးနိုင်ပါတယ်။

သမထက စက္ကူအဖြူနှင့် တူပါတယ်။ ဝိပဿနာက ဆေးမင်နှင့် တူပါတယ်။ ဝိပဿနာကူးရာမှာ အနည်းဆုံး ခဏိက တစ်ခဏချင်း အားထုတ်လို့ရရှိတဲ့ စိတ်တည်ကြည်မှု လိုအပ်ပါတယ်။

အဲဒီလို ဝိပဿနာတက်သောအခါမှာလဲ -

၁။ ဤအာနာပါနကမ္မဋ္ဌာန်း အာရုံ ထွက်လေဝင်လေ ရှုမှတ်မှုနှင့် ဖက်တွဲ၍ ဝိပဿနာတက်နည်း၊

http://www.dhammadownload.com



၂။ ဤအာနာပါနရှုမှုကို ရှေးဦးလုပ်ငန်းထားပြီး ခန္ဓာငါးပါး စသည် ထဲက အလိုရှိတဲ့ ရုပ်နာမ်ဓမ္မကို ယူ၍ ဝိပဿနာသို့ တက်နည်းလို့ (၂)မျိုး ရှိပါတယ်။

ဤသုတ္တန်ပါဠိတော်၌-

အနိစ္စာနုပဿီဝါ အဿသိဿာမီတိ သိက္ခတိ၊

အနိစ္စာနုပဿီဝါ ပဿသိဿမီတိ သိက္ခတိ ဟူ၍ အာနာပါန ထွက်လေ ဝင်လေ အာရုံနှင့်ဖက်တွဲ၍ ဝိပဿနာရှုနည်း လာပါတယ်။

ဒီပါဠိတော်ရဲ့ အဓိပ္ပါယ်က ထွက်သက်၊ ထွက်လေကို ထုတ်မှုတ် လွှတ်မည်ပြုသော် အမှတ်တမဲ့ မထုတ်မမှုတ် မလွှတ်ပဲ အနိစ္စမမြဲပုံ ထင်အောင်ရှု၍ ထုတ်မည် မှုတ်မည် လွှတ်မည်ဟု ထုတ်တိုင်း, ထုတ်တိုင်း၊ မှုတ်တိုင်း, မှုတ်တိုင်း၊ လွှတ်တိုင်း, လွှတ်တိုင်း အနိစ္စမမြဲပုံ၊ နှလုံးသွင်းမှု ရှေ့သွားပြု မြဲစေရာ၏ဟု ဆိုလိုပါတယ်။

ဝင်သက်ဝင်လေကို ရှုရှိုက် သွင်းမည်ပြုသော် အမှတ်တမဲ့ မရှု မရှိုက် မသွင်းပဲ အနိစ္စမမြဲပုံထင်အောင်ရှု၍ ရှုမည်၊ ရှိုက်မည်၊ လေသွင်းမည်ဟု ရှုတိုင်း, ရှုတိုင်း၊ ရှိုက်တိုင်း, ရှိုက်တိုင်း၊ လေသွင်းတိုင်း, လေသွင်းတိုင်း အနိစ္စမမြဲပုံ နှလုံးသွင်းမှု ရှေ့သွားပြု မြဲစေရမည်ဟု ဆိုလိုပါတယ်။ ဒါက ပါဠိတော်လာ တိုက်ရိုက် ဝိပဿနာရှုပွားပုံပါပဲ။

လှုပ်ရှားနေတဲ့ ထွက်လေဝင်လေ ဝါယောရုပ်၊ ဝါယောရုပ် ဆိုတာ ရုပ်လား, နာမ်လား ဆိုတော့ ရုပ်၊ ရုပ်ဝါယော ဘယ်လို လက္ခဏာရှိသလဲ။ တွန်းကန်တတ်တယ်၊ လှုပ်ရှားတတ်တယ်။

ဝိပဿနာပိုင်းမှာ ထွက်လေဝင်လေလို့ မရှုမှတ်တော့ပဲ တွန်းကန်တဲ့သဘော၊ လှုပ်ရှားတဲ့သဘောကို ရှုမြင်ရမှာပါ။

http://www.dhammadownload.com



**ခေတ်ပေါ်မှု နာမ်ကရှု**

ခန္ဓာကိုယ်မှာ ခေတ်ပေါ်မှုကို ဘာနဲ့ရှုရမှာလဲ။ နာမ်နဲ့ရှုမှတ်ရမှာပါ။ ဘာခေတ်ပေါ်သလဲ ရုပ်ခေတ်ဖြစ်ပေါ်တယ်။ ဘာရုပ်ခေတ်လဲ၊ ဝါယောဆိုတဲ့ ရုပ်ခေတ်၊ အဲဒီ ရုပ်ခေတ်ကို စိတ်ဆိုတဲ့ နာမ်က ရှုမှတ်ရမယ်။

တစ်ကြိမ်, နှစ်ကြိမ် စသည်ဖြစ်ပေါ်တဲ့ ထွက်လေဝင်လေကို ဒါက ဝါယောရုပ်၊ ရှုမှတ်တဲ့စိတ်က နာမ်။ ကာယပသာဒနဲ့ ဝါယောရုပ်တို့ ထိတာက ရုပ်ရဲ့အလုပ်၊ ထိတာကို သိတာက နာမ်ရဲ့အလုပ်။

ထွက်လေဝင်လေ တစ်စုံတစ်စုံရဲ့ အခိုက်မှာဖြစ်တာ ပျက်တာကို ရှုမြင်လိုက်တော့ မမြဲတဲ့သဘော ပေါ်လွင်ပြီ။ ထိတာက ရုပ်၊ သိတာက နာမ်၊ ရုပ်နာမ် အသေးစိတ် ခွဲခြားနိုင်ပြီ။ ဒီခန္ဓာကိုယ်ကို နောက်ဆုံး ခေတ်စု ခေတ်ပုံ ခေတ်ခဲကြီးအထိ မြင်အောင်ရှုရမှာကိုး။

ခေတ်စု ခေတ်ပုံ ခေတ်ခဲကြီးထဲမှ ဝါယောခေတ်ရဲ့ သဘောက တွန်းကန်လှုပ်ရှားတဲ့သဘော ရှိတယ်။ လေကြောထဲမှာ ခက်မာနူးညံ့နေတဲ့ သဘောလဲ ပါရှိတယ်။

ဝါယောကာယလို့ ဆိုရလောက်အောင် ဖွဲ့စည်းထားတဲ့ သဘောလဲ ပါရှိတယ်။ တစ်ခါတစ်ရံ ပူတဲ့သဘော၊ နွေးတဲ့သဘော ရှိတယ်။

အဲဒီတော့ ခေတ်ကြီးလေးပါးပဲ။ ခေတ်ဆိုတာ ဘာလဲ၊ သဘော။ သဘော ဆိုတာ သုညပါပဲ။ သုညဆိုတာ သတ္တဝါမှ ကင်းဆိတ်တယ်။ အသက်မှ ကင်းတယ်။ အဲဒီလို သုညဆိုက်အောင် ရှုရမှာပါ။

http://www.dhammadownload.com



ထွက်လေဝင်လေကို ရှုမှတ်တဲ့ ကမ္မဋ္ဌာန်းက ရုပ်ကမ္မဋ္ဌာန်း၊ ရုပ်ကမ္မဋ္ဌာန်းတွေထဲက ဝါယောရုပ်ကမ္မဋ္ဌာန်း ယနေ့ ဒီဓာတ်တစ်လုံးပဲ ထင်ရှားအောင် နည်းလမ်းပြောနေတာပါပဲ။

**သတိပဋ္ဌာန်လေးပါးလုံး**

ဒီဝါယောဓာတ် တစ်လုံးပိုင်လျှင် သတိပဋ္ဌာန်လေးပါးလုံး ရှုပွားပြီးသား ဖြစ်ပါတယ်။ ထွက်လေဝင်လေ ရှုမှတ်တဲ့ ဝါယောရုပ် ကမ္မဋ္ဌာန်းသည် ကာယာနုပဿနာ သတိပဋ္ဌာန်။

ဒီထွက်လေဝင်လေကို ရှုမှတ်နေတော့ ဝေဒနာခံစားချက်တွေ အမျိုးမျိုး ပေါ်လာတယ်။ အဲဒီ ဖြစ်ပေါ်လာတဲ့ ဝေဒနာတွေ ရှုမှတ်တော့ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဖြစ်ပါတယ်။

ဒီဝါယောရုပ်ကို ရှုမှတ်တဲ့စိတ်တွေ ဖြစ်ပေါ်လာလို့ အဲဒီစိတ်တွေ ရှုမှတ်တော့ စိတ္တာနုပဿနာ သတိပဋ္ဌာန် ဖြစ်လာပါတယ်။

အဲဒီလို ရှုမှတ်ရင်းနဲ့ အဘိဇ္ဈာ မတရားလိုချင်မှု၊ ဒေါမနဿ စိတ်မသက်သာ နှလုံးနာမှုတွေ ပ,ထုတ်ပြီး လျစ်လျူရှုနေတဲ့အခါ ဓမ္မာနုပဿနာ။

ဝါယောရုပ်က ဒုက္ခသစ္စာ, ရူပက္ခန္ဓာ၊ ရှုမှတ်စိတ်က ဝိညာဏက္ခန္ဓာ, ဒုက္ခသစ္စာလို့ ရှုမြင်တော့ ဓမ္မာနုပဿနာ။

အဲဒီ ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာ သတိဆိုတဲ့ ကြိုးနဲ့ စိတ်ကို ချည်နှောင်ထားနိုင်တာ သတိသမ္ဗောဇ္ဈင်။

ထွက်လေဝင်လေကို ရှုမှတ်မှုက စ, ဖြစ်ပေါ်လာတဲ့ တရားတွေ ခွဲခြားဝေဖန် ရှုမြင်ကြည့်ရှုနိုင်တော့ ဓမ္မဝိစယသမ္ဗောဇ္ဈင်။

ထွက်လေဝင်လေ မပြတ်မှတ်၊ ရှုရှိုက်ထုတ်မှုတ် သတိမပြတ် ကြိုးစားနေတော့ ဝီရိယသမ္ဗောဇ္ဈင်။

http://www.dhammadownload.com



ထွက်လေဝင်လေ ရှုမှတ်လို့ အသားကျပြီး ကျေနပ်နေတော့ ပီတိသမ္ဗောဇ္ဈင်၊

ရှုမှတ်ရင်း ကိုယ်စိတ်နှစ်မျိုး ငြိမ်းချမ်းနေတော့ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊

ငြိမ်းချမ်းတော့ စိတ်က တည်ကြည်လာတယ်၊ သမာဓိသမ္ဗောဇ္ဈင်၊

စိတ်တည်ကြည်လာတော့ ဒီတရားတွေကို လျစ်လျူရှုနိုင်တာက ဥပေက္ခာသမ္ဗောဇ္ဈင်။

အဲဒီလို ဗောဇ္ဈင် (၇)ပါး ဖြစ်ပေါ်လာပြီဆိုလျှင် မဂ်ဉာဏ်လေးပါးဆိုတဲ့ ဝိဇ္ဇာဉာဏ်လေးပါး၊ ဖိုလ်ဉာဏ်လေးပါးခေါ်တဲ့ ဝိမုတ္တိဉာဏ် ရရှိနိုင်ပြီး ဒုက္ခအားလုံးငြိမ်းတဲ့နိဗ္ဗာန် ရရှိနိုင်ပါတယ်။ နိဗ္ဗာန်ရဖို့ရန် မဂ်ဉာဏ်လေးပါး ဖိုလ်ဉာဏ်လေးပါးရှိမှ မဂ်ဖိုလ်ရဖို့ရန် ဗောဇ္ဈင် (၇)ပါး ရှိမှ ရနိုင်ပါတယ်။ ဗောဇ္ဈင် (၇)ပါးရဖို့က သတိပဋ္ဌာန်လေးပါးရှိမှ ရနိုင်ပါတယ်။ သတိပဋ္ဌာန်လေးပါး ရဖို့ရာ အာနာပါနဿတိ ထွက်လေဝင်လေ ရှုမှတ်လို့ရတဲ့ သမာဓိရရှိမှ ဖြစ်ပါတယ်။ ထွက်လေဝင်လေကို ရှုမှတ်လို့ရလာတဲ့ စိတ်တည်ကြည်မှု ရရှိကြရန် ဥပမာသုံးမျိုးနဲ့ စိတ်ကိုနိုင်နင်းအောင် ဆုံးမနိုင်ကြပါစေဟု နိဂုံးချုပ်အနေနဲ့ တိုက်တွန်းလိုပါတယ်။

**ဥပမာသုံးမျိုးနဲ့စိတ်ကိုဆုံးမ**

ဥဒကံ ဟိ နယန္တိ နေတ္တိကာ၊<br>
ဥသုကာရာ နမယန္တိ တေဇနံ။<br>
ဒါရုံ နမယန္တိ တစ္ဆကာ၊<br>
အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ။ ။

http://www.dhammadownload.com



နေတ္တိကာ= သမ္မာအာဇီ သက်မွေးမှီလျှက် ဝသီမူဟောင်း ရှေးသူတော် လမ်းကြောင်းဖြင့် မြောင်းကိုသွယ်စား လယ်သမား တို့သည်၊ ဥဒကံဟိ= အသက်မရှိတဲ့ ရေကိုပင်လျှင်၊ နယန္တိ= လိုရာ သွယ်သွင်း လယ်အတွင်းသို့ ပို့သွင်းနိုင်ကြလေကုန်၏။

ဥသုကာရာ= ရဲစိတ်ရဲမာန် ခက်ထန်မာန်ကြွား မြားသမား တို့သည်၊ တေဇနံ= အသက်မရှိတဲ့ မြားကိုပင်လျှင်၊ နမယန္တိ= မီးတွင်ထိုးမြိုက် အလိုက်သင့်ပါအောင် ဆွဲဆောင်ဖြောင့်စင်း၍ ပေးနိုင်ကြကုန်၏။ တစ္ဆကာ= သစ်ရွေးသမား လက်သမားတို့သည်၊ ဒါရုံ= အလိုအလျှောက် တောတွင်ပေါက်သည့် သစ်ကောက်သစ်ရိုင်း ကို၊ နမယန္တိ= အဖြောင့်အကောက် လိုသလောက်ပင် ကိုယ်နောက် ပါအောင် ဆွဲဆောင်နိုင်ကြကုန်၏။

ပဏ္ဍိတာ= ပညာဉာဏ်ရှိ စံကဝိဟု ပဏ္ဍိတတွင်ခေါ် ပုဂ္ဂိုလ် ကျော်တို့သည်၊ အတ္တာနံ= မိမိကိုယ်ကို၊ အတ္တာနံ= ရာဂတည်းဟူ ကိလေမြူတို့ ချေးထူဆို့ပိတ် မိမိတို့ရဲ့စိတ်ကို၊ ဒမယန္တိ= လယ်သမားကို စံထား, မြားသမားကို ပုံယူ, သစ်ရွေးသူကို အားကျ, ဓမ္မကြိုးကုတ် သမ္မပ္ပဓာန် လုံ့လထုတ်သဖြင့် ကိုယ့်ကိုယ်ကို ဓမ္မဆေးတို့ဖြင့် ယဉ်ကျေး အောင်ထုံးပြု၍ ဆုံးမသွန်သင် အလှဆုံးပြင်ဆင်နိုင်ကြပါကုန်၏။

တထာ= ထို့အတူ၊ တုမှေ= သင်တရားနာ သူတော်စင် အပေါင်းတို့သည်၊ အတ္တာနံ= မိမိကိုယ်ကို၊ ဝါ= ရာဂတည်းဟူ ကိလေမြူတို့ ချေးထူဆို့ပိတ် မိမိတို့ရဲ့စိတ်ကို၊ ဒမယန္တု= လယ်သမားကို စံထား, မြားသမားကို ပုံယူ, သစ်ရွေးသူကို အားကျ ဓမ္မကြိုးကုတ် သမ္မပ္ပဓာန် လုံ့လထုတ်သဖြင့် ကိုယ့်ကိုယ်ကို ဓမ္မဆေးတို့ဖြင့် ယဉ်ကျေး အောင်ထုံးပြု၍ ဆုံးမသွင်သင် အလှဆုံးပြင်ဆင်နိုင်ကြပါစေကုန် သတည်း။ သာဓု - သာဓု - သာဓု

*****

http://www.dhammadownload.com



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်
ကလေးဝတောရဆရာတော်
ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

## လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

(၁၀-၉-၂၀၀၃)ရက်နေ့ မြန်မာ့အသံမှ
အသံလွှင့်ဟောကြားတော်မူသော

## တရားအားထုတ်၍ ချမ်းသာထူး ချမ်းသာမြတ် ရှာဖွေပုံတရားတော်

သာသနာတော်နှစ် ၂၅၄၈ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၅ ခုနှစ်၊ တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့၊ (၁၀-၉-၂၀၀၃) ရက်နေ့။

ဘုန်းကြီး ယနေ့တရားအားထုတ် လေ့ကျင့်ပျိုးထောင်၍ ချမ်းသာထူး ချမ်းသာမြတ် ရှာဖွေပုံတရားတော်ကို ဟောပါ့မယ်။ "ပုပုရ္ဗ္ဗ ဟူသမျှသည် ချမ်းသာဖို့ချည်း စိတ်အားသည်း၏" ဆိုသလို သတ္တဝါ အားလုံးဟာ ချမ်းသာလိုကြပါတယ်။ ချမ်းသာချင်ကြပါတယ်။ ချမ်းသာဖို့ နည်းလမ်းညွှန်ပြနိုင်သည့် ပုဂ္ဂိုလ်လဲ ရှိပါမှ၊ ချမ်းသာဖို့ နည်းလမ်းအတိုင်း လိုက်နာကျင့်သုံးသူတို့လည်း ဖြစ်ပါမှ ချမ်းသာထူး ချမ်းသာမြတ်ကို ရရှိနိုင်ကြပါတယ်။

http://www.dhammadownload.com



**စိတ်ရဲ့ကရွတ်ခွေ**

ကရွတ်ခွေပေါ်တင်ထားတဲ့ ရေအိုးနဲ့ ကရွတ်ခွေမပါတဲ့ ရေအိုး (၂)လုံးကို ကြည့်ပါ။ ကရွတ်ခွေပေါ်တင်ထားတဲ့ ရေအိုးဟာ ငြိမ်နေပါတယ်။ ကရွတ်ခွေမပါတဲ့ ရေအိုးကတော့ မငြိမ်ပါဘူး။ အဲဒီလိုပါပဲ။ စိတ်တည်ငြိမ်ရေးအတွက် ကရွတ်ခွေလိုအပ်ပါတယ်။ ကရွတ်ခွေ မရှိတဲ့စိတ်က မငြိမ်ပါ။ စိတ်မငြိမ်ရင် မငြိမ်းချမ်းနိုင်ပါဘူး။ ကရွတ်ခွေ ရှိတဲ့စိတ်က ငြိမ်ပါတယ်။ ငြိမ်တော့ ငြိမ်းချမ်းနိုင်ပါတယ်။

အဲဒီစိတ်ရဲ့ ကရွတ်ခွေဆိုတာ ဘာလဲဆိုတော့ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်ပါပဲ။ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ် သွားမယ်ဆိုရင် စိတ်ဟာငြိမ်ပြီး ငြိမ်းချမ်းနိုင်ပါတယ်။ စိတ်မငြိမ်ရင် မငြိမ်းနိုင်ပါဘူး။ စိတ်ငြိမ်တယ်ဆိုတာ စိတ်ကို အစိုးရခြင်းပါပဲ။ စိတ်ကို အစိုးရအောင် ကျင့်နည်း၊ နေနည်း၊ ထိုင်နည်းကို လေ့ကျင့်ပျိုးထောင်ပြီး အမြင်မှန်ရဖို့ရန် ဘုရားရှင်က နည်းပေးတော်မူလိုတဲ့အတွက် ကုရုတိုင်း၊ ကမ္မာသဒမ္မရွာ၊ ယခု အိန္ဒိယနိုင်ငံ၊ ဒေလီမြို့၊ ကေလာသ အရှေ့အရပ်မှာ မဟာသတိပဋ္ဌာနသုတ္တန်ကြီးကို ဟောခဲ့ပါတယ်။

အဲဒီသုတ္တန်မှာ လူတို့မွေးဖွားလာကထဲက အိပ်ပျော်နေစဉ် မှာပင် မရပ်မနား အသုံးချနေကြတဲ့အတွက် ထွက်လေဝင်လေကို ရှုမှတ်တဲ့ ကမ္မဋ္ဌာန်းနည်းဖြင့် စိတ်ကိုအစိုးရအောင် ထိန်းသိမ်းနည်းကို ဦးစွာဟောတော်မူခဲ့ပါတယ်။ လူ့ဘဝ ဘဝပဒေသာပင်ကြီးရရှိခိုက် စိတ်ရဲ့တည်ကြည်မှု၊ စိတ်ကိုအစိုးရမှုကို အခြေခံပြီးတော့ ဝိဇ္ဇာခတ် အလင်းရောင်ကြီးတွေ ပေါ်ပေါက်စေနိုင်ခြင်းဆိုတဲ့ အကျိုးတရားရရှိ ချမ်းသာပြီးတော့ ချမ်းသာထူး ချမ်းသာမြတ် ရရှိလိုက်ကြဖို့ အရေးကြီး ပါတယ်။

http://www.dhammadownload.com



ဝိဇ္ဇာခတ်အလင်းရောင်ဆိုတာ အသိခတ်၊ အလိမ္မာခတ်၊ ဉာဏ်ပညာခတ်ပင် ဖြစ်ပါတယ်။ သူသိ ငါသိ ကမ္ဘာသိ အကူ ကိရိယာဖြင့် သိမှုကို ကျော်လွန်တဲ့အသိပါပဲ။ အဲဒီဉာဏ်အမြင်ထူးမရပဲ ဒီဘဝ ဘဝပဒေသာပင်ကြီး အနိုင်အပိုင်းမခံရဖို့ အရေးကြီးလှပါတယ်။

ဒီလိုစိတ်ကို အစိုးမရ အသိဉာဏ်မရပဲနဲ့ ကြားကာလမှာ အိုဘေးဆိုးကြီးက အနိုင်ပိုင်းသွားတာ။ နာဘေးဆိုးကြီးက အနိုင်ပိုင်း သွားတာ။ သေဘေးဆိုးကြီးက အနိုင်ပိုင်းသွားတာတို့ မဖြစ်ရအောင် သတိပြုသင့်ပါတယ်။ အရပ်စကားတစ်ခု ရှိပါတယ်။ ဒီလူ ငါ့ပိုင်းသွား တာတဲ့။ ပိုင်းသွားတယ်ဆိုတာ ကိုယ်ကအရှုံးပေးလိုက်ရတာပါပဲ။ အဲဒီတော့ မိမိတို့ရထားတဲ့ ဘဝပဒေသာပင်ကြီးကို အပိုင်းမခံရအောင် ဘာလုပ်ကြမလဲ။

စိတ်ကိုအစိုးရအောင် ပထမဆုံး လေ့ကျင့်ပျိုးထောင် အားထုတ်ရမှာပါ။ ဘာကြောင့် တရားအားထုတ် လေ့ကျင့်ပျိုးထောင် ရသလဲဆိုတော့ စိတ်ကိုအစိုးရပြီး အမြင်မှန်ရဖို့ပါပဲ။ စိတ်ကို အစိုးမရ သူအား ထမင်းကျွေးတော့ တစ်လုပ်၊ နှစ်လုပ် စားလိုက် ထသွားလိုက် နဲ့ ထမင်းတစ်ပန်းကန် ဖြောင့်ဖြောင့်မစားနိုင်ဘူး။ အခြားသူက ထပ်ပြောနိုင်မှ ထပ်စားတယ်။ ထမင်းတစ်ပွဲစားဖို့ကိုပဲ စိတ်ကို အစိုး မရရှာပါဘူး။ အဲဒီလို ကိစ္စမျိုး အစိုးမရပေမယ်လို့ ကမ္မဋ္ဌာန်းပွားများမှုနဲ့ ပတ်သက်ပြီး စိတ်ကိုအစိုးရအောင် ကြိုးစားရပါတယ်။

အဲဒီတော့ လက်နဲ့ပြုရတဲ့အမှု လက်ကိုအစိုးမရရင် ပြုဖို့ခက် တယ်။ ခြေနဲ့ပြုတဲ့အမှု ခြေကိုအစိုးမရရင် ပြုဖို့ခက်တယ်။ စိတ်နဲ့ပြုရတဲ့ အမှု စိတ်ကိုအစိုးမရရင် အင်မတန်ခက်လှပါတယ်။ ယခုလုပ်ငန်းက စိတ်နဲ့ပြုရမည့်လုပ်ငန်း ဖြစ်ပါတယ်။ ဒါကြောင့် စိတ်ကိုအစိုးရဖို့ ဦးစွာ

http://www.dhammadownload.com



ပြုလုပ်ရပါတယ်။ ထွက်လေဝင်လေကို နှာသီးဖျားမှ ထိုးထွက်ခိုက် တိုးဝင်ခိုက် သတိမပြတ် ရှုမှတ်ခြင်း စသည်ဖြင့် စိတ်ကိုအစိုးရတာ မဟုတ်ဘဲ ပကတိအားဖြင့် တို့က စိတ်ကို အစိုးရတယ်လို့ ပြောနေကြတာ တကယ်အစိုးရတာ မဟုတ်သေးပါဘူး။ မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ကို ဣန္ဒြိယသံဝရသီလနဲ့ ထိန်းနိုင်သူတွေဟာ အစိုးရမှု ရကြတယ်။ မက်မောမှု၊ နှလုံးမသာယာမှုတွေ မဝင်နိုင်အောင် ထိန်းနိုင်ကြပါတယ်။ သို့သော် မခိုင်ခံ့သေးပါဘူး။

"တရားပျောက် ကိုယ်မှာရှာ၊ တရားရှာ ကိုယ်မှာတွေ့" ဆိုတဲ့ အတိုင်း ထွက်လေဝင်လေကို ရှုမှတ်ပွားများခြင်း အစရှိတဲ့ တရား အခြေခံပြီးတော့ ရရှိတဲ့စိတ်ရဲ့ တည်ကြည်မှု သမာဓိရလို့ စိတ်ကို အစိုးရမှုကတော့ ထိုက်တန်သလောက် ခိုင်မြဲတယ်။ အဲဒီကတစ်ဆင့် စိတ်ကိုအစိုးရမှု အားကောင်းလာတော့ ဈာန်သမာပတ် အဆင့်ဆင့် ရရှိပြီး စိတ်ကိုအစိုးရမှု မြင့်မားလာတော့ အဘိညာဏ်ဆိုတာ ရရှိတယ်။ အဘိညာဏ်ဆိုတာ လက်ရောက်ရပြီဆိုရင်တော့ စိတ်ကိုအစိုးရမှုဟာ အထွဋ်အထိပ်ရောက်ပြီလို့ ဆိုနိုင်ပါတယ်။ အဲဒီလိုစိတ်ကို အစိုးရအောင် လေ့ကျင့်ပျိုးထောင်ရန်နည်းလမ်းမှာ-

(၁) အေးဆေးငြိမ်သက်တဲ့နေရာမှာ နေထိုင်ပါ။

(၂) သရဏဂုံယူပါ။

(၃) သီလဆောက်တည်ပါ။

(၄) မေတ္တာပွားပါ။

(၅) အမျှဝေ အမျှယူပါ။

အဲဒီလို ရှေးဦးပြုဖွယ်တွေထဲက နေရာမှန်ရယူထားဖို့က အရေးကြီးပါတယ်။ အိမ်ရာမြေကြီးအတတ်ကို တတ်သိနားလည်

http://www.dhammadownload.com



သော ဆရာကြီးကဲ့သို့သော မြတ်ဘုရားသည် နေရာ (၃)နေရာ ကြိုက်ရာရွေးပြီး လေ့ကျင့်ပျိုးထောင် အားထုတ်ဖို့ ညွှန်ကြားတော်မူခဲ့ပါတယ်။

(၁) တောတောင်စခန်း
(၂) သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက်
(၃) နန်း၊ အိမ်၊ ဗိမာန်၊ အိမ်၊ ကျောင်း၊ ဆိတ်ငြိမ်ရာ အရပ်တို့ပါပဲ။

မဟာသုဒဿနမင်းကြီး၊ ဓမ္မပါသာဒတရား ပြသာဒ်ပေါ်မှာပင် တရားအားထုတ်ပြီး လေ့ကျင့်ပျိုးထောင်ခဲ့ရာ ဈာန်ရသည့်တိုင်အောင်ပါပဲ။ ရာဇဂြိုလ်ဘုရင်က ရွှေပေလွှာပေါ် ထွက်လေဝင်လေ ရှုမှတ်ပွားပုံ၊ ကမ္မဋ္ဌာန်းစီးဖြန်းလေ့ကျင့်ပျိုးထောင်ပုံ အစီအစဉ်ရေးပြီး ပေးပို့လိုက်တော့ ပက္ကုသာတိမင်းဟာ နန်းအိမ်၊ ဘုံနန်းပေါ်မှာပဲ လေ့ကျင့်ပျိုးထောင် တရားအားထုတ်လိုက်တာ စတုတ္ထဈာန်အထိ ရရှိခဲ့ပါတယ်။

**လေ့ကျင့်ပျိုးထောင် အားထုတ်နည်း**

လွန်စွာအကျိုးများသည့် မိမိတို့သန္တာန်၌ အဖန်ဖန်ဖြစ်စေထိုက်သော တရားဟာ ဘာဝနာမည်ပါတယ်။ မြတ်စွာဘုရားက "လောကီကုသိုလ် ကြိယာ၌ရှိသော သမာဓိခေါ် ဧကဂ္ဂတာစေတသိက်သည် စွမ်းအားရှိပါတယ်။ အဲဒီစွမ်းအားကို ယူလိုက်နိုင်က မကောင်းစိတ်အညစ်အကြေးတွေကို ဖယ်ထုတ်နိုင်ပါတယ်။ မဟာကုသိုလ် မဟာကြိယာ၌ ယှဉ်သော ဉာဏ်စိတ်စွမ်းအားကို ရယူနိုင်ပါက ဘုံသုံးပါးရှိ ရုပ်နာမ်တရားတွေကို မမြဲ၊ ဆင်းရဲ၊ အစိုးမရပုံ သိမြင်နိုင်တာကို ဟောတော်မူပါတယ်။"

http://www.dhammadownload.com



ထိုကြောင့် ထွက်လေဝင်လေ ရှုမှတ်တဲ့ ဘာဝနာကမ္မဋ္ဌာန်းနဲ့ စိတ်ကိုအစိုးရအောင်၊ သမာဓိရအောင် အားထုတ်တဲ့နည်းကို (၃၂)ပါး သော အခြင်းအရာနဲ့ ပြတော်မူခဲ့ပြပါတယ်။ အဲဒီနည်းတွေထဲက အနည်းငယ်ထုတ် ဟောပါ့မယ်။ နှာသီးဝ၌ ဖြစ်ပေါ်နေသော ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာ သတိဆိုတဲ့ကြိုးနဲ့ စိတ်ကို ခိုင်မြဲအောင် ချည်ထားပါ။ သတိမပြတ် ရှုမှတ်ပါ။ အဲဒီလိုနည်းနဲ့ စိတ်ကို အစိုးရအောင် ငြိမ်သက်အောင် အားထုတ်လေ့ကျင့်တဲ့အခါ ယခင်က မိမိရဲ့စိတ်ကို အကဲခတ်ကြည့်ရင် စိတ်ဆိုး စိတ်သွမ်း စိတ်သရမ်းဖြစ်ပုံ၊ စိတ်မိုက် စိတ်တေလေ စိတ်လေဗွေဖြစ်ပုံကို တွေ့ရ ပါမယ်။ ယခုနဲ့မတူပါ။ နွားဆိုး နွားကြမ်း ဆုံးမသလို စိတ်ဆိုး စိတ်မိုက် ဆိုတဲ့ နွားဆိုး နွားကြမ်းကို ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာ သတိဆိုတဲ့ကြိုးနဲ့ ခိုင်ခိုင်ချည်တုပ်ထားပြီး လေ့ကျင့်ပျိုးထောင် အားထုတ်ပါ။ သတိမပြတ် ရှုမှတ်ပါ။

အဲဒီလို ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာ ခိုင်ခိုင်ချည် တုပ်ထားတဲ့ စိတ်ကလေးဟာ နွားမိုက်လိုပဲ။ ကြုံဖူးတဲ့ အာရုံများစွာဆီ ပြေးသွားဖို့ ရုန်းကန်လိုက်၊ ခုန်ပေါက်လိုက် လုပ်ပေမဲ့ ရုန်းမရ၊ ကန်မရ ဖြစ်လာပြီး နွားလေးမောပြီး ငြိမ်ငြိမ်သက်သက် ဝပ်နေသလို ထွက်လေ ဝင်လေဆိုတဲ့ အာရုံတိုင်မှာ စိတ်ကလေးငြိမ်သက်လာပါလိမ့်မယ်။ ငါးမိနစ်မှာ အကြိမ်ပေါင်း (၁၀၀)ခန့်လောက် ထုတ်မှုတ်ရှူရှိုက်ပြီး ထွက်လေဝင်လေကို လူတိုင်းအသုံးချနေပါတယ်။ တစ်နာရီဆိုလျှင် အကြိမ် (၁၀၀၀)လောက် ထုတ်ကြမှုတ်ကြ ရှူကြရှိုက်ကြတယ်။

နှာသီးဖျားမှာ ထွက်လေ ထိုးထွက်နေတဲ့အချိန်၊ ထုတ်မှုတ် နေတဲ့အချိန်၊ တစ်ဖန် ရှူလိုက်တဲ့အချိန်၊ ရှိုက်လိုက်တဲ့အချိန် တံခါးဝက

http://www.dhammadownload.com



သတိနဲ့စောင့်ပြီး ရှုမှတ်နေရမှာပါ။ အဲဒီလို ရှုမှတ်ရင်း စိတ်ကလေးဟာ နွားလေးမောပြီး ငြိမ်သက်ပြီး တိုင်ခြေမှာ ဝပ်နေသလို ထွက်လေ ဝင်လေဆိုတဲ့ အာရုံတိုင်ခြေမှာ ငြိမ်နေပြီ၊ တည်ကြည်နေပြီ၊ သမာဓိ ရလာပြီ၊ စိတ်အစိုးတရ ရှိလာပြီ၊ အဲဒီလိုဆိုရင် ပထမဦးစွာ လေ့ကျင့် ပျိုးထောင်မှု အောင်မြင်ပြီ။ တစ်ဆင့်တက်ပြီး လေ့ကျင့်ပျိုးထောင်ဖို့ နည်းလမ်းက ထွက်လေဝင်လေ ထုတ်မှုတ် ရှူရှိုက်မှုတို့ရဲ့ လမ်းကြော အရှည်အတိုကို ရှုမှတ်ရမှာပါ။

နောက်တစ်ဆင့် ရှုမှတ်တဲ့နည်းက ဝင်လေရဲ့အစ ခရီးစဉ်က နှာသီးဖျား၊ အလယ်စခန်းက ရင်ဘတ်၊ ခရီးအဆုံးက ချက်တိုင်။ ထွက်လေရဲ့အစ ခရီးစဉ်က ချက်တိုင်၊ အလယ်ခရီးစဉ်က ရင်ဘတ်၊ ခရီးဆုံးက နှာသီးဖျားပါပဲ။ အဲဒီလို ထွက်လေဝင်လေတို့ရဲ့ အစ, အလယ်, အဆုံး ခရီးစဉ်ကို ရှုမှတ်ရပါတယ်။

နောက်တစ်ဆင့်ကတော့ ထွက်လေဝင်လေတို့ရဲ့ ငြင်ငြင် သာသာ ရှူရှိုက်ထုတ်မှုတ်နေပုံကို ဆင်ခြင်ရှုမှတ်ရမှာပါ။ ဒီလေးနည်း လောက်နဲ့ လေ့ကျင့်ပျိုးထောင်နိုင်မယ်ဆိုရင် စိတ်ကို အစိုးရနိုင်ပြီ၊ စိတ်တည်ငြိမ်နိုင်ပါပြီ၊ စိတ်ငြိမ်တာနဲ့ အချို့မကောင်းဆိုးဝါးစိတ် အညစ် အကြေးတွေ ပျောက်ကင်းသွားနိုင်ပါပြီ။

**ချမ်းသာထူး၊ ချမ်းသာမြတ်**

အဲဒီလိုနဲ့ စိတ်ကိုအစိုးရအောင် တည်ကြည်ငြိမ်သက်အောင် လေ့ကျင့်ပျိုးထောင်ပြီးတဲ့အခါ နှာသီးဖျား နှာခေါင်းဖုနဲ့ ထွက်လေ ဝင်လေတို့ ထိခိုက်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ထိသိစိတ်ကို ရှုကြည့်လိုက် စမ်းပါ။ အကြိမ်ပေါင်းများစွာဖြစ်၊ အကြိမ်ပေါင်းများစွာပျက်ပုံကို

http://www.dhammadownload.com



ဉာဏ်ဖြင့် ရှုကြည့်ပါ။ တွေ့မြင်ပါလိမ့်မယ်။ တွန်းကန်လှုပ်ရှားနေတဲ့ ထွက်လေဝင်လေဆိုတဲ့ ဝါယောရုပ်ရဲ့ ဖြစ်ပုံပျက်ပုံကိုလဲ ရှုကြည့်ပါ။

အဲဒီထိသိစိတ်နဲ့ ဝါယောရုပ်တို့ သူ၊ ငါ။ လူ၊ နတ်၊ အသက်၊ ဝိညာဉ် မဟုတ်တာ သဘောပေါက်လာပါလိမ့်မယ်။ ဒီနည်းက ရုပ်နာမ်အများစုကြီးထဲမှ ဝါယောဓာတ်တစ်လုံး အသုံးချဖမ်းယူရှုပွားပုံပါပဲ။ "ပရမတ်မမြင် တရားမမြင်"၊ "ပရမတ်မြင်မှ တရားမြင်"၊ "ပရမတ်မဝ တရားမရ"၊ "ပရမတ်ဝမှ တရားကျသည်" ဆိုသည့်အတိုင်း အရိပ် အမြွက်လေးမျှ အခုဝါယော လေရုပ်နဲ့ ထိ-သိစိတ်ရဲ့ မမြဲပုံ၊ ဆင်းရဲပုံ၊ အစိုးမရပုံ၊ သူ-ငါမရှိပုံတွေကို ပြသခဲ့ပါတယ်။

အခြားရုပ်နာမ်တွေကိုလဲ ဒီအတိုင်းရှုမြင်ရမှာပါ။ ဒီနည်းနဲ့ လောကတစ်ခွင်မှာ အစွဲအလမ်းတွေ လျော့နည်းပြီး စိတ်ရဲ့ငြိမ်းချမ်းမှု၊ စိတ်ရဲ့အေးမြချမ်းသာမှု မုချရကြပါလိမ့်မယ်။ ဒါကြောင့် ဘုရားရှင်က ဒီသတိပဋ္ဌာန်တရား အားထုတ်လေ့ကျင့် ပျိုးထောင်နည်းအတိုင်း (၇)ရက်မျှ အားထုတ်ကြည့်စမ်းပါလို့ တိုက်တွန်းတော်မူခဲ့ပါတယ်။

ဒီနည်းအတိုင်း တရားအားထုတ် လေ့ကျင့်ပျိုးထောင်သူတို့အတွက် ဗုဒ္ဓဘုရားက တာဝန်ယူထားတဲ့ ကြေငြာချက်တွေက (၇)မျိုးပါ။

စိတ်စင်ကြယ်နိုင်ပါလိမ့်မည်။ စိုးရိမ်ပူဆွေး စိတ်မအေးမှု ငိုကြွေးမှုတွေကို လွန်မြောက်နိုင်လိမ့်မည်။ ကိုယ်ဆင်းရဲမှု စိတ်မသက်သာ နှလုံးမသာမှု ပျောက်ပါလိမ့်မည်။ ကိလေသာအပူဓာတ်တွေ ပြတ်စေနိုင်တဲ့ မဂ်ဉာဏ်ရပါလိမ့်မည်။

(၂၅)ပါးသောဘေး၊ (၃၂)ပါးသော ကံကြမ္မာ၊ (၁၆)ဖြာသော ဥပဒ္ဒဝေါ၊ (၉၆)ဖြာသော အနာရောဂါ၊ အိုဘေးဆိုးကြီး၊ နာဘေး

http://www.dhammadownload.com



ဆိုးကြီး၊ သေဘေးဆိုးကြီးတွေ ငြိမ်းရာ နိဗ္ဗာန်ရောက်ပါလိမ့်မယ်။

ထပ်မံပြီး ဘုရားရှင်က ထွက်လေဝင်လေကို သတိမပြတ် ရှုမှတ်ပွားများနေပါလျှင် သတိပဋ္ဌာန်လေးပါးလုံး ပွားများရာရောက်တယ်။ သတိပဋ္ဌာန်လေးပါး ကြိမ်ဖန်များစွာ ပွားများရာရောက်တော့ ဗောဇ္ဈင်(၇)ပါး ပွားများရာရောက်တယ်။ ဗောဇ္ဈင်(၇)ပါး ကြိမ်ဖန်များစွာ ပွားများလိုက်တော့ မဂ်ဉာဏ်(၄)ပါး၊ ဖိုလ်ဉာဏ်(၄)ပါး ပြီးပြည့်စုံစေနိုင်တယ်ဆိုတဲ့ ဟောကြားချက်ကလဲ အားတက်ဖွယ် ဖြစ်ပါတယ်။

ထို့ပြင် ဘုရားရှင်က ထွက်လေဝင်လေကို ရှုမှတ်တဲ့သတိကြောင့် ရရှိတဲ့စိတ်ကို အစိုးရမှု၊ စိတ်ရဲ့တည်ကြည်မှုဟာ ငြိမ်သက်တယ်။ မွန်မြတ်တယ်၊ ချမ်းသာတစ်ခု ဖြည့်စွက်စရာမလိုဘူး။ မကောင်းမှု အဆိုးဟူသမျှ တခဏချင်း ပပျောက်စေနိုင်ပါတယ်လို့ ဘုရားရှင်က ဟောကြားခဲ့ပါသေးတယ်။ အဲဒီ အကျိုးရရှိနိုင်ပုံ ဟောကြားချက်များဟာ အားရစရာကောင်းလှပါတယ်။ ဒါကြောင့် အကြိမ်ပေါင်း (၁၆၀၀၀)ကျော် မိန့်ကြားတော်မူခဲ့တဲ့ အပ္ပမာဒ သတိမမေ့ကြနဲ့ဆိုတဲ့ ဘုရားရှင်၏ ဩဝါဒတော်ကို ဦးထိပ်ရွက်ပန်ဆင်လျှက် တစ်ရက်လျှင် အကြိမ်ပေါင်း (၁၆၀၀၀)ကျော် အသုံးချနေကြတဲ့ ထွက်လေဝင်လေမှု ရှုရှိုက်နေမှုကို သတိမပြတ် ရှုမှတ်လေ့ကျင့် ပျိုးထောင်နိုင်ကြပြီး အိုမှု၊ နာမှု၊ သေမှု စသော လူ့ဘဝပြဿနာပေါင်း (၁၆၀၀၀)တို့ကို ဖြေရှင်းနိုင်ကြပါစေ။ ဘုရားရှင်၏ တရားအားထုတ်၍ ချမ်းသာထူး ချမ်းသာမြတ် ရှာဖွေပုံ နည်းကောင်းလမ်းကောင်းဖြင့် တရားအားထုတ် လေ့ကျင့်ပျိုးထောင်၍ တန်ချိန်ဖွဲ့လို့မရနိုင်တဲ့ ဒုက္ခဝန်ထုပ်ဝန်ပိုး ဘဝဇာတ် ငြိမ်းရာ ချမ်းသာထူး ချမ်းသာမြတ်ကို ရှာဖွေရရှိနိုင်ကြပါစေကုန်သတည်း။

*****

http://www.dhammadownload.com



## လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
## လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ
## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
## တွဲဖက်အကျိုးတော်ဆောင်(၁)
## ကလေးဝတောရဆရာတော်
## ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
## အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
## ပရိယတ္တိသာသနဟိတဓရ
# လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ
## ဟောကြားတော်မူသော
## (၁၀၀)ကြိမ်မြောက်

**ပဝါရဏာ**

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်။ ၂၅၈၈ ကြိမ်မြောက်နေ့ အဘိဓမ္မာအခါတော်နေ့နဲ့ မဟာပဝါရဏာနေ့။ အဘိဓမ္မာတရား ဟောရင် ပိုပြီးတော့ အဆင်ပြေပါတယ်။ မဟာပဝါရဏာနေ့နဲ့ ပတ်သက်ပြီး ဟောပါမယ်။

ဥပုတ်ပဝါရဏာလို့ သံဃာတော်များရဲ့ ကံကြီးကံငယ်ဆိုတာ ရှိတယ်။ ကံကြီးကံငယ်ဟာ အင်မတန်အရေးကြီးပါတယ်။ အရေးကြီးတဲ့ အထဲမှာ ဥပုတ်ကံ၊ ပဝါရဏာကံ၊ ဒီကံနှစ်မျိုးကလဲ သာသနာတော်မှာ အင်မတန်အရေးကြီးတဲ့ ကံကြီးတွေပါပဲ။

မြတ်စွာဘုရား ဝါ(၂၀)ထိအောင် ဩဝါဒပါတိမောက်ကို ပြတော်မူတယ်။

http://www.dhammadownload.com



တပည့်သားသာဝကတွေကတော့ အာဏာပါတိမောက်ကို ပြကြပါတယ်။ ဥပုသ်ပြုကြတယ်။ ရှင်ပစ္စေကဗုဒ္ဓါများကျတော့ **"သဗ္ဗေသံခေါကာတဗ္ဗော"**လို့ ဒီလိုဆိုပြီးတော့လဲ ဥပုသ်ပြုတော်မူကြတယ်။

**"ဝေါသာနံနာပဋိတဗ္ဗံ"** ဒီလို မြွက်ဆိုပြီးတော့လဲ ဥပုသ်ပြုတော်မူကြတယ်။

**"အဇ္ဇေဥပေါသထော"**လို့လဲ မြွက်ဆိုပြီး ဥပုသ်ပြုကြတယ်။

သဗ္ဗေသံခေါကာတဗ္ဗော ဆိုတာ ကိလေသာရေးခြစ်ခြင်းကို ပြုရမယ်။ ဝေါသာနံနာပဋိတဗ္ဗံ ဆိုတာ ကောင်းတဲ့တရားတွေနဲ့ ပတ်သက်ပြီးတော့ စိတ်ဒုန်းဒုန်းချပြီးတော့ မနေရဘူး။ အဇ္ဇဥပေါသထော ဆိုတာ ဒီနေ့ ဥပုသ်နေ့၊ ဒီလိုမြွက်ဆိုပြီးတော့ ပစ္စေကဗုဒ္ဓါအရှင်မြတ်များ ဥပုသ်ပြုကြတယ်။

ပဝါရဏာပြုတာကတော့ ဘုရားရှင်တို့ ပဝါရဏာပြုတယ်။ တပည့်သာသာဝကတို့ ပဝါရဏာပြုတယ်။ ဘုရားရှင်များ ပဝါရဏာပြုတာကတော့ **"ဟန္ဒဒါနိ ဘိက္ခဝေ ပဝါရေမိဝေါ၊ မာမေကာယိကံ ဝါ ဝါစသိကံဝါ ဂရဟထ"**

ဘိက္ခဝေ= ရဟန်းတို့၊ ဟန္ဒ= ယခု ဝေါသင့်တို့ကို၊ ပဝါရေမိ= ငါဘုရား ပန်ကြားတယ်။ မေ= ငါ၏၊ ကာယိကံ ဝါ= ကိုယ်အမူအရာကိုလည်းကောင်း၊ ဝါစာသိကဝါ= နှုတ်အမူအရာကိုလည်းကောင်း၊ မာဂရဟထ= မကဲ့ရဲ့ကြနဲ့တဲ့ ဘုရားရှင်က ပဝါရဏာ ပြုတော်မူတယ်။ အခုလို သီတင်းကျွတ်လပြည့် ပဝါရဏာပြုတဲ့အခါ၊ သံဃာတော်တွေ ပဝါရဏာပြုတာ ကြားဘူးကြပြီးသား။

http://www.dhammadownload.com



ဘုရား ပဝါရဏာ ဘယ်လိုပြုသလဲ။ ရဟန်းတို့ ငါဘုရား မိန့်ကြားမယ်။ ငါဘုရား၏ ကာယကံမှု၊ ဝစီကံမှုကို မကဲ့ရဲ့ကြနဲ့တဲ့။ ဘာကြောင့် မကဲ့ရဲ့ကြနဲ့လို့ မိန့်သလဲဆိုတော့ ကာယကံပြစ်၊ ဝစီကံပြစ်မှ မရှိပဲကိုး။ဘုရားမှာ ကာယကံချွတ်ချော်မှုမရှိဘူး။

**"သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ"**။

မြတ်စွာဘုရားရဲ့ ကာယကံမှုအားလုံးဟာ ဉာဏ်ရှေ့သွားပြု တယ်။ ဉာဏ်သို့အစဉ်လိုက်တယ်။

**"သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ"**။

မြတ်စွာဘုရားရဲ့ နှုတ်ဝစီတော်ဟာလဲ ဉာဏ်ရှေ့သွားပြုတယ်။ ဉာဏ်သို့ အစဉ်လိုက်တယ်။

**"သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ"**။

မြတ်စွာဘုရားရဲ့ စိတ်အကြံတော်ဟာလဲ ဉာဏ်ရှေ့သွားပြု တယ်။ ဉာဏ်သို့ အစဉ်လိုက်တယ်။

အဲဒီလိုဆိုတော့ ဘယ်မှာချွတ်ချော်မှာလဲ။ မြတ်စွာဘုရားက ပဝါရဏာပြုတဲ့အခါ ငါဘုရားရဲ့ ကာယကံမှု၊ ဝစီကံမှုတို့ကို မကဲ့ရဲ့ ကြနဲ့။ သာဝကများကတော့ ယနေ့ သီတင်းကျွတ်လပြည့်နေ့မှာ ပဝါရဏာပြုကြတယ်။ ပဝါရဏာနဲ့ ပတ်သက်ပြီး ပြောမယ်ဆိုရင် အမျိုးအစား (၄)မျိုး ရှိပါတယ်။

**၁။ ဝဿံဝုဋ္ဌပဝါရဏာ**

ဝါကျွတ်တဲ့အခါမှာ ရဟန်းတော်အချင်းချင်း ပန်ကြားတဲ့ ပဝါရဏာ။

**"အနုဇာနာမိ ဘိက္ခဝေ ဝဿံ ဝုဋ္ဌာနံ**
**ဘိက္ခူနံ တီဟိဋ္ဌာနေဟိ ပဝါရေတုံ"**

http://www.dhammadownload.com



ဘိက္ခဝေ= ရဟန်းတော်များ အို ချစ်သားတို့၊ ဝဿံဝုဋ္ဌာနံ ဘိက္ခူနံ= ဝါကျွတ်ကုန်သော ရဟန်းတို့အား၊ တီဟိဌာနေဟိ= သုံးပါးသောဌာနတို့ဖြင့်၊ ပဝါရေတုံ= ပန်ကြားခြင်းငှာ၊ ဝါ= ပန်ကြားခြင်းကို၊ အနုဇာနာမိ= အလျှော်သိတော်မူ၏၊ ဝါ= ခွင့်ပြုတော်မူ၏။

ရဟန်းတို့ ဝါကျွတ်တဲ့အခါ ပဝါရဏာ ပြုကြ။ တစ်ပါးနဲ့ တစ်ပါး ဘယ်လို ပဝါရဏာပြုသလဲ။

**"သံဃံဘန္တေ ပဝါရေမိ၊**
**ဒိဋ္ဌေနဝါ သုတေနဝါ ပရိသင်္ကာယဝါ။**
**ဝဒန္တုမံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊**
**ပဿန္တော ပဋိကရိဿာမိ"။**

သံဃာတော်ကို ပန်ကြားပါတယ်ဘုရား။ တပည့်တော် ကာယကံမှု၊ ဝစီကံမှု ချွတ်ချော်မြင်ပါလျှင်၊ ကြားပါလျှင်၊ ယုံမှားသင်္ကာ ဖြစ်ပါလျှင် တပည့်တော်၏ ချွတ်ယွင်းချက်များရှိပါလျှင် အရှင်ဘုရားများ ဆုံးမတော်မူပါ။ သနားသောအားဖြင့် ဆုံးမတော်မူပါ၊ အပြစ်မြင်သော် ကုစားပါမည်လို့ အချင်းချင်းတောင်းပန်တဲ့ ပဝါရဏာ။ ဒါဟာ **"ဝဿံ ဝုဋ္ဌပဝါရဏာ"**။

ဝဿံ ဝုဋ္ဌပဝါရဏာကို ယနေ့ ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံများ မှာရှိကြတဲ့ ရဟန်းတော် (၁၅)သိန်းခန့် ပဝါရဏာ ပြုကြတယ်။

ပဝါရဏာရှိမှ သာသနာရှိတာ။ ဥပုသ်ရှိမှ သာသနာရှိပါတယ်။ ဒါဝိနည်းကံတစ်မျိုး၊ ဒီပဝါရဏာပျောက်သွားရင် ဝိနည်းတစ်ခု၊ သာသနာတစ်ခု ကွယ်သွားတာပဲ။

ကျေးဇူးတော်လယ်တီဆရာတော်ဘုရားကြီးနဲ့ တပည့် အစဉ် အဆက်များကတော့ သကဒေသီဖြစ်တဲ့ လယ်တီနိကာယတစ်ခုလုံး

http://www.dhammadownload.com



ကျောင်းတိုက်ပေါင်း (၂၅)တိုက်လောက်ရှိတယ်။ စုပေါင်းပြီး ပဝါရဏာ ပြုကြတယ်။ အချင်းချင်း ပန်ကြားကြတယ်။

နတ်တွေကလဲ ရဟန်းတော်တို့ရဲ့ ပဝါရဏာကို အားကျကြပြီး အချင်းချင်း ပန်ကြားကြတယ်။ လူတွေကလဲ သားသမီးက မိဘ၊ တပည့်များက ဆရာများကို ကန်တော့ကြတယ်၊ ဩဝါဒခံကြတယ်။

ဟော- ဟံသာဝတီကမ္မဋ္ဌာန်းတိုက်မှာ ဒကာ ဒကာမတွေ အားလုံး သီတင်းကျွတ်လပြည့် ပဝါရဏာနေ့ကို အားကျပြီးတော့ ပြောစရာရှိရင် ပြောပါ။ မှားတာရှိရင် ပြုပြင်ပေးပါလို့ ပန်ကြားကြပါ။ ဒါကောင်းတဲ့ အစဉ်အလာပါပဲ။

## ၂။ ပစ္စယပဝါရဏာ

ပစ္စည်းလေးပါးနဲ့ ဖိတ်မန္တကပြုတာ။ **"ဣစ္ဆာမဟံ ဘန္တေ သံဃံ စတုမာသံ ဘေသဇ္ဇေန ပဝါရေတုံ"** သံဃာတော်များကို (၄)လ ဆေးပစ္စည်းများဖြင့် ဖိတ်ကြားလိုပါတယ်ဘုရား။

သံဃာတော်တွေ (၄)လပတ်လုံး ဆွမ်းပစ္စည်းနဲ့ ဖိတ်ကြားလို ပါတယ်။ ရန်ကုန်မြို့ထဲမှာ တစ်ခါတစ်လေ "အာရုဏ်ဆွမ်းခံကြွတော် မူပါဘုရား"။ ဟောဒါက ပစ္စယပဝါရဏာ။ "အရှင်ဘုရား အလိုရှိတာ မိန့်တော်မူပါဘုရား" ဒါလဲပဲ ပစ္စယပဝါရဏာတစ်မျိုး။

ဒကာ ဒကာမများက ရဟန်းတော်များနှင့် မိမိတို့ ရင်းနှီးတဲ့ ဆရာတော်တွေကို "အရှင်ဘုရား ဆွမ်းသင်္ကန်း ကျောင်းဆေးလိုရာ မိန့်တော်မူပါဘုရား" ဆိုတော့ ဆရာတော်တွေက အတိုင်းအတာ လေးနဲ့ အလှူခံရတယ်။

အခြေအနေလဲကြည့်ပြီးတော့ အလှူခံကြရတယ်။ "ဟိုတုန်းက ဇနီးမောင်နှံနှစ်ယောက်က ကျောင်းထိုင်ဘုန်းကြီးအား လျှောက်ထား

http://www.dhammadownload.com



တယ်။ "အရှင်ဘုရား ကွမ်းသီး၊ ကွမ်းရွက် ဘုဉ်းပေးချင်သလောက် ဘုဉ်းပေး၊ လိုသလောက်သာ အလှူခံပါဘုရား"လို့ လျှောက်ထားတယ်။ အဲဒါ ပစ္စယပဝါရဏာ။

တစ်နေ့ကျတော့ ဇနီးမောင်နှံ ရန်ဖြစ်နေတာ။ ဘုန်းကြီးက မသိဘူး။ ကျောင်းသားလွှတ်လိုက်တာ။ ကျောင်းသားက ဘာမသိညာမသိနဲ့ ရန်ဖြစ်နေတုန်း။ "ဘုန်းကြီးက လွှတ်လိုက်တယ်။ ကျောင်းမှာ ကွမ်းသီးနဲ့ကွမ်းရွက် ကုန်နေတယ်။ လှူလိုက်ပါတဲ့"။ အချိန်ကမကောင်းပဲကိုး။ ရန်ဖြစ်နေတုန်းဆိုတော့ ဘာပြောလိုက်သလဲဆိုတော့ "သွားကွာ မင်းတို့ဘုန်းကြီးက အားအားရှိ ဝါးထွေးနေတာပဲ"လို့ ပြောလိုက်တယ်။ တောင်းတာလဲ အခြေအနေကြည့် တောင်းရတယ်။

## ၃။ အနတိရိတ္တပဝါရဏာ

ဒါကလဲ ရဟန်းတော်များရဲ့ ဝိနည်းကံတစ်မျိုးပဲ။ စားဆဲဖြစ်တယ်။ ဘောဇဉ်ကလဲ ထင်ရှားရှိတယ်။ နှစ်ထောင့်ထွာ ဟတ္ထပါတ်လာပြီးတော့ ကပ်တယ်၊ ပယ်မြစ်တယ် ဒီလို ဖိတ်ကြားခြင်းမျိုး။ အဲဒါ အနတိရိတ္တ ပဝါရဏာ။

## ၄။ ယာဝဒတ္ထပဝါရဏာ

အိမ်တစ်အိမ် ဆွမ်းကျွေးတယ် ဆိုကြပါစို့။ ပဏီတေန= မွန်မြတ်သော၊ ဘောဇနီယေန= ဘောဇဉ်ဖြင့်၊ ခါဒနီယေန= ခဲဖွယ်ဖြင့်၊ သန္တပ္ပေတိ= ကောင်းစွာရောင့်ရဲစေ၏။ သမ္ပဝါရေတိ= တော်ပြီ တန်ပြီဟု ရွတ်ဆိုတာဖြစ်စေ၏။ ဘုဉ်းပေးပါဦးဘုရားလို့ လျှောက်တဲ့အခါ "တော်ပြီ ပြည့်စုံပြီ" လို့ ပြောတဲ့အထိ လိုသလောက် ဘုဉ်းပေးတော်မူပါလို့ ပန်ကြားတာ။ အဲဒါ ယာဝဒတ္ထပဝါရဏာ။

http://www.dhammadownload.com



ပဝါရဏာ (၄)မျိုးထဲမှာ ယနေ့ပြုတဲ့ ပဝါရဏာက "ဝဿံ ဝုဠှ ပဝါရဏာ" အချင်းချင်းပန်ကြားတဲ့ ပဝါရဏာမည်ပါတယ်။

အဲဒီလို အချင်းချင်းဝိနည်းကံ ဆောင်ရွက်ကြရင် ဝိနည်းကံ တည်နေပါတယ်။ မြန်မာနိုင်ငံမှာ ဝိနည်းသာသနာတည်နေပါတယ်။ ဥပုတ်ပြုတယ်။ ပဝါရဏာပြုတယ်။

**ရဟန်းကျင့်ဝတ် တစ်ပါးတတ်က လူနတ်ဦးခိုက် ပူဇော်ထိုက်၏။**

ယနေ့ ပဝါရဏာပြုကြတဲ့ ဆရာတော်၊ သံဃာတော်တွေကို ဦးခိုက်ပြီး ပူဇော်ထိုက်တယ်။ နောက် ပဝါရဏာ (၂)မျိုး သုံးစွဲတာ ရှိသေးတယ်။

၁။ သဗ္ဗညုပဝါရဏာ

၂။ သာဝကပဝါရဏာ

သဗ္ဗညုပဝါရဏာဆိုတဲ့ ဘုရားရှင်တို့ရဲ့ ဖိတ်ကြားခြင်း။ ဘယ်နေရာမျိုးလဲဆိုရင် "**ပုစ္ဆမဟာရာဇ ယဒါ ကင်္ခသိ**"။

အဇာတသတ်မင်းက မေးချင်တယ်။ မျက်မှောက်၌ ဖြစ်တဲ့ သာမညဖလ၊ ရဟန်းပြုခြင်းရဲ့ အကျိုးတရားတွေကို မေးချင်တာ။ မေးချင်တော့ မေးလိုပါတယ်ဘုရားဆိုတော့ မြတ်စွာဘုရားက "သင်မင်းကြီး လိုသလိုမေး၊ မေးချင်တာမေးပါ"လို့ ပြန်မိန့်ပါတယ်။ သိကြားမင်းကြီး လာတုန်းကလဲ-

**"ပုစ္ဆာဝါသဝ မံ ပဉှံ၊ ယံ ကိဉ္စိ မနသိစ္ဆသိ။**

**တဿေဝ ပဉှဿ၊ အဟံ အန္တံ ကရောမိတေ။"**

သိကြားမင်း မေးလိုသမျှမေးပါ။ သင်မေးသမျှ ငါဘုရား ဆုံးခန်းတိုင် ဖြေမယ်လို့ မြတ်စွာဘုရား မိန့်ကြားတော်မူတယ်။ အဲဒါ

http://www.dhammadownload.com



သဗ္ဗညုပဝိရဏာ။

အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကကြီးတွေ သာသနာတော်မှာ မြတ်စွာဘုရားရဲ့စကားကို နားထောင်ပြီးတော့ နေကြတဲ့ သာဝကကြီးတွေ၊ အဂ္ဂသာဝကဆိုတာ အမွန်ဆုံး အမြတ်ဆုံး မြတ်စွာဘုရားရဲ့ စကားကို နားထောင်တယ်၊ နာကြားတယ်၊ လိုက်နာတယ်။

သာဝကဆိုတာ ဘာလဲ။ နားထောင်တတ်တဲ့ပုဂ္ဂိုလ်ကို သာဝက၊ နာကြားတတ်တဲ့ပုဂ္ဂိုလ်လဲ သာဝက၊ ကျင့်ကြံလိုက်နာတတ်တဲ့ပုဂ္ဂိုလ် သာဝက၊

သာဝကသံဃာ= သံဃာသည် ဘယ်လိုသံဃာလဲ၊ သာဝက= နားထောင်တတ်တယ်၊ နာကြားတတ်တယ်၊ လိုက်နာတတ်တယ်၊ အဲဒါကို သာဝကသံဃာ။

အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက အရှင်မြတ်ကြီးတွေကျတော့ စောစောက မြတ်စွာဘုရား ဖိတ်ကြားသလို ဖိတ်ကြားနိုင်ရိုး မရှိဘူး။

ဒကာတစ်ယောက်က "အရှင်ဘုရား တပည့်တော် နတ်ပြည် အကြောင်းလေး ဆွေးနွေးချင်လို့၊ သို့မဟုတ် သုတ္တန်တရား၊ ဝိနည်း တရား၊ အဘိဓမ္မတရားထဲက တစ်ခုခုကို ဆွေးနွေးချင်လို့ပါဘုရားလို့ လျှောက်ထားမေးမြန်းရင် -

"သုတွာ ဝေဒယိဿာမ"

မေးပါ။ မေးခွန်းကြားရတဲ့အခါ ကြည့်ဖြေတာပေါ့။ မေးခွန်း ကြားရမှ ဖြေနိုင်မယ်လို့ ပြောတာ။ ဒါကျတော့ "သာဝကပဝိရဏာ" လို့ ခေါ်တာ။

http://www.dhammadownload.com



ဒီနေ့ သီတင်းကျွတ်လပြည့်နေ့ဆိုတော့ ပဝါရဏာနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေ။ ဒီပဝါရဏာဟာ ဘယ်နေ့ပြုရသလဲဆိုတော့ ကျောင်းတိုက်တစ်ခုမှာ သံဃာ (၅၀၀)၊ (၁၀၀၀) ရှိနေတယ်။ အဲဒီ သံဃာ (၅၀၀)၊ (၁၀၀၀)ထဲက သမထ၊ ဝိပဿနာ နုနယ်နေမယ်။ သမထဝိပဿနာ အထွဋ်အထိပ်သို့ မရောက်သေးဘူးဆိုရင် နောက်တစ်လဆုတ်ပြီး၊ တန်ဆောင်မုန်းလပြည့်နေ့မှာ ပဝါရဏာပြုဖို့ နောက်ဆုတ်ပြုခွင့်ပေးတယ်။

မြတ်စွာဘုရားက သီတင်းကျွတ်လပြည့် ပဝါရဏာပြုပြီးတော့ မြတ်စွာဘုရား ဒေသစာရီကြွလေ့ရှိပေမယ်လို့ မကြွသေးဘူး။ တစ်လနောက်ဆုတ်ပြီး သမထ၊ ဝိပဿနာ အထွဋ်အထိပ်မရောက်သေးတဲ့ ရဟန်းများကို စောင့်ဆိုင်းပြီး တန်ဆောင်မုန်းလပြည့် ပဝါရဏာပြုပြီးမှ ဒေသစာရီကြွချီတော်မူတယ်။

တရုဏသမာဓိဆိုတာ သမထနုနေတာ။ ပဌမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်အဆင့် ရောက်မှ ဗလဝသမာဓိ၊ သမထရင့်လာတာ။ အဘိညာဉ်ရတဲ့ သမာဓိကတော့ ရင့်ပြီ။ သမထအထွဋ်အထိပ် ရောက်သွားပြီ။

တရားအားထုတ်နေတဲ့ ရဟန်းတော်များ သမထ၊ ဝိပဿနာ အထွဋ်အထိပ်မရောက်သေးရင် စောင့်ဆိုင်းတော်တယ်။ ဝိပဿနာမှာလဲ တရုဏ ဝိပဿနာနုတဲ့ဝိပဿနာ၊ "တရုဏဝိပဿနာတိ သင်္ခါရပရိစ္ဆေဒေ ဉာဏံ" သင်္ခါရတရားကို ပိုင်းပြီးတော့ သိတဲ့ဉာဏ်၊ ဒါလဲ တရုဏ ဝိပဿနာရှိသေးတယ်။ "ကင်္ခါဝိတရဏော ဉာဏံ"။ ကင်္ခါဝိတရဏဉာဏ်၊ ဒါလဲ တရုဏဝိပဿနာဉာဏ်ပဲ။ ဉာဏ်စဉ် (၁၀)ပါးထဲက သမ္မသနဉာဏ်နဲ့ မဂ္ဂါမဂ္ဂဉာဏ်လဲ တရုဏဝိပဿနာပဲ။

http://www.dhammadownload.com



တရုဏဝိပဿနာဉာဏ်ဆိုတာ -

၁။ သင်္ခါရပရိစ္ဆေဒဉာဏ်၊

၂။ ကင်္ခါဝိတရဏာဉာဏ်၊

၃။ သမ္မသနဉာဏ်၊

၄။ မဂ္ဂါမဂ္ဂဉာဏ်

အဲဒီဉာဏ်တွေပဲ ရောက်ရှိသေးတယ်။ အထက်ဉာဏ်တွေ မရောက်သေးဘူးဆိုရင် ဝိပဿနာဉာဏ် နုနယ်သေးတော့ မြတ်စွာဘုရား ပဝါရဏာမပြုသေးဘူး။ တန်ဆောင်မုန်းလပြည့်ကျမှ ပဝါရဏာပြုပြီး ဒေသစာရီ ကြွချီတော်မူပါတယ်။

မြတ်စွာဘုရားက ရဟန်းတော်များရဲ့ သမထ၊ ဝိပဿနာ ရင့်/မရင့်ကို ကြည့်ရှုဦးစားပေးတော်မူပါတယ်။ ဒီပဝါရဏာကံပြုတာ တောင် တစ်လနောက်ဆုတ်ပေးခဲ့တာ ကြည့်ပါလား။

သမထ၊ ဝိပဿနာ အထက်အထက် အဆင့်ဆင့်တွေ ရအောင် စောင့်ဆိုင်းတော်မူတယ်။ တရုဏနုနယ်တယ်လို့ ဘယ်က စခေါ်ရသလဲ။

**"ဥပစာရစျာနသဟဂတာ တရုဏသဟဂတာ**
**ပညာဝ ဥဒယဗ္ဗယာနုပဿနာ ဝသေန**
**ပဝတ္တာတရုဏ ဝိပဿနာပညာ"**

ဥပစာရစျာန်နှင့် တကွဖြစ်သော နုနယ်တဲ့ပညာဟာ ဥဒယဗ္ဗယာနုပဿနာ ဝသေန ဖြစ်တာကိုလဲ ပွားများနိုင်တယ်၊ ဆင်ခြင်နိုင်တယ်။ ပျက်တာကိုလဲ ပွားများနိုင်တယ်၊ ဆင်ခြင်နိုင်တယ်။ ဖြစ်ပုံပျက်ပုံ အခြင်းအရာ ရှုမှတ်ခြင်းအကြောင်းရင်း ပညာဟာ တရုဏဝိပဿနာပညာ။

http://www.dhammadownload.com



အဲဒီ တရုဏဝိပဿနာဉာဏ်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာလဲ ဘာဝနာမယဉာဏ်နဲ့ ပြီးတတ်တယ်။ ဘာဝနာနဲ့ပြီးတဲ့ဉာဏ်အပေါ်မှာ တည်တဲ့ အတွက်ကြောင့် ဧကန္တတော= ဧကံမုချအားဖြင့်၊ ပညာဝေနာမ= ပညာမည်သည်သာလျှင်၊ ဟောတိ= ဖြစ်၏။

ဥပစာရစျာန်ဆိုတာက ပထမစျာန်၊ ဒုယတိစျာန်၊ တတိယစျာန်တွေမရမီ ရှေ့မှာဖြစ်တဲ့သမာဓိ၊ စျာန်သမာဓိနဲ့တကွ ဖြစ်တဲ့ပညာ အဖြစ်အပျက်ကို ရှုမြင်ခြင်း၏ အစွမ်းအားဖြင့် ရှုခြင်းကြောင့်ဖြစ်တဲ့ ပညာတရုဏဝိပဿနာပညာ။

အဲဒီ တရုဏဝိပဿနာဉာဏ်နဲ့ပြီးတဲ့ ပုဂ္ဂိုလ်ဟာ ဘာဝနာမယဉာဏ်မှာ တည်တဲ့အတွက်ကြောင့်မို့ စစ်စစ်မုချပညာရှင်လို့ နာမည်ပေးပါတဲ့။

ဥပစာရသမာဓိနဲ့တကွဖြစ်တဲ့ နုနယ်သေးတဲ့ တရုဏဝိပဿနာ ပညာဟာလဲ မုချပညာအမည်ရပါတယ်။

အဲဒီတော့ သမထနုနေမယ်။ ဝိပဿနာနုနေမယ်ဆိုရင် မြတ်စွာဘုရားက သီတင်းကျွတ်လပြည့် ပဝါရဏာနေ့မှာ ပဝါရဏာ မပြုသေးပဲနဲ့ တန်ဆောင်မုန်းလပြည့်နေ့မှာ ပဝါရဏာပြုဖို့ မိန့်ဟောထားတာဟာ ဝိနည်းမဟာဝဂ် ပဝါရဏာက္ခန္ဓကမှာ လာပါတယ်။ ယောဂီများ ဗဟုသုတ ဖြစ်ရုံပါ။

မြတ်စွာဘုရားက သမထ၊ ဝိပဿနာကို ဘယ်လောက်အားပေးသလဲ။ ပဝါရဏာရက် တစ်လ နောက်ဆုတ်စေခဲ့တယ်။ ဒါက ပဝါရဏာနေ့နဲ့ ပတ်သက်တဲ့စကား။ အဘိဓမ္မာ အခါတော်နေ့နဲ့ ပတ်သက်ပြီး အရိပ်အမြွက်မျှ ဆက်ပြောရအောင်။

http://www.dhammadownload.com



စကြာဝဠာရေမြေကောင်းကင် (၃၁)ဘုံ ခြုံပြီးပြောလိုက်တော့

| | |
|---|---|
| စိတ်ကိုတူရာပေါင်းပြီး | ၁ |
| စေတသိက်က | ၅၂ |
| ရုပ် | ၂၈ |
| နိဗ္ဗာန် | ၁ |

ဟော စကြာဝဠာရေမြေတောတောင် (၃၁)ဘုံ၊ (၃၁)ဘုံသား တွေ ခြုံလိုက်တော့ (၈၂)ပါး၊ ရုပ်ဓာတ်သား နာမ်ဓာတ်သား (၈၂)မျိုး။

အဲဒီ (၈၂)မျိုးလုံးကို ဉာဏ်နဲ့အကုန်သိအောင် **"ဉာတပရိညာဉ်၊ တီရဏပရိညာဉ်၊ ပဟာနပရိညာဉ်"** ပရိညာဉ်သုံးတန်နဲ့ သိအောင် အခုတရားအားထုတ်ကြတာ။

အဲဒီ (၈၂)မျိုးထဲက တစ်မျိုးကိုဖြစ်စေ၊ နှစ်မျိုးကိုဖြစ်စေ၊ အစွန်းထွက်ကလေး (၂)မျိုးကို သဘောသဘာဝနှင့်တကွ ဉာဏ်ထဲမှာ သိလို့ မြင်ပြီဆိုရင်လဲ တရားရတယ်လို့ ခေါ်နိုင်ပါတယ်။

ဘုန်းကြီးတို့ သုံးလောကထွဋ်ထား ဟောကြားတော်မူတဲ့ မဟာသတိပဋ္ဌာန်လာ ဒေသနာတော်ကို အစဉ်မှီးပြီးတော့ ကျေးဇူး တော်ရှင် ပထမလယ်တီဆရာတော်ဘုရားကြီးက အာနာပါနတရား အားထုတ်ပုံကို လွန်ခဲ့တဲ့နှစ်ပေါင်း (၁၀၂)နှစ်က မန္တလေးရတနာပုံ နေပြည်တော် နန်းတော်အတွင်း ကင်းဝန်မင်းကြီးအိမ်ရှေ့ ခမ်းနား ကြီးကျယ်စွာ ဆောက်လုပ်ပြုပြင် မွမ်းမံထားအပ်သော မဏ္ဍပ်တော် ဝယ် (၃)ရက် (၃)ညဉ့်တိုင် ကြွရောက်တော်မူလာကြသော ရဟန်း ရှင်လူပုဂ္ဂိုလ် အစားစားတို့အား ဟောကြားပြသ ဖြေရှင်းအလင်းပေါက် အောင် ဆောင်ရွက်တော်မူခဲ့ပါတယ်။

http://www.dhammadownload.com



အိမ်ရာတည်ထောင် လူ့ဘောင်မှာနေကြတဲ့ ပုဂ္ဂိုလ်များ တရားအားထုတ်တတ်အောင် ဆိုပြီးတော့ ဆရာတော်ဘုရားကြီးက ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန်တွေ မှီးပြီးတော့ တရားပေးတော်မူခဲ့ ပါတယ်။ ဒီလယ်တီဝိပဿနာ ရှုနည်း (၁၀၂)နှစ် ရှိပါပြီ။

ကင်းဝန်မင်းကြီးအား ပေးခဲ့တဲ့ နည်းနိဿယအတိုင်းပဲ။ အနာဂါမ်ဆရာသက်ကြီးအားလဲ (၃)နှစ်တိုင်တိုင် မုံရွာလယ်တီကျောင်း တိုက်ကြီးမှာ အာနာပါနအခြေခံပြီး ခါတ်သဘာဝပေါက်အောင် သက္ကာယဒိဋ္ဌိပြုတ်အောင် တရားပြသခဲ့ပါတယ်။

မြတ်စွာဘုရားကလဲ မဟာသတိပဋ္ဌာနသုတ်မှာ ဒီအာနာပါန နည်းကို ပထမဆုံးပေးတာ။ နေ့စဉ်နေ့စဉ် တရားအားမထုတ်ခင်ကလဲ တစ်နေ့ကို အကြိမ်ပေါင်း သောင်းချီပြီးတော့ ထွက်လေဝင်လေ အသုံးချနေကြတာ။

ထွက်လေဝင်လေ ဒီလေလေးကိုပဲ တရားအာရုံထားပြီး အားထုတ်နေကြတာ။ ဘုရား မပြောမဟောရင် ဒီတရားအားထုတ် နည်း မသိနိုင်ဘူး။

မြတ်စွာဘုရားက ပါဠိဘာသာ၊ မာဂဓဘာသာနဲ့ ဟောထား ခဲ့တဲ့ တရားတော်တွေကို ကျေးဇူးတော်ရှင် ပထမလယ်တီဆရာတော် ဘုရားကြီးက ဖွင့်ဖေါ်ပြီး မြန်မာစကားနဲ့ ဟောကြားခဲ့တဲ့အတွက် ကမ္မဋ္ဌာနာစရိယများက ဒီနည်းကိုယူပြီး ဟောကြားပြသနိုင်ကြပါတယ်။ ဟံသာဝတီရိပ်သာမှာလဲ လပြည့်ကျော် (၁)ရက်နေ့ကစပြီး ဒီနည်းကိုပဲ အားထုတ်ရမှာပါပဲ။

ယောဂီတွေ တရားအားမထုတ်ခင်ကဆိုရင် ဒီလေ ဘာအဖိုး တန်မလဲ။ ထွက်လေဝင်လေဆိုတာ အမိဝမ်းက မွေးဖွားလာ

http://www.dhammadownload.com



ကတည်းက ရှုရိုက်နေတာပဲ။ အခုဆိုရင် ဝင်လေထွက်လေပေါင်း သိန်းပေါင်းများစွာ၊ သန်းပေါင်းများ အသုံးချခဲ့ကြပြီ။

ဒီအာနာပါနကမ္မဋ္ဌာန်း အားထုတ်နည်းမရခင်ကဆိုရင် ဒီထွက်လေဝင်လေဟာ သူ့ဟာသူ ဝင်ထွက်နေတာ၊ အသုံးမကျသလို ဖြစ်နေတယ်။

အသုံးမချပဲ ဖြုန်းတီးလာတဲ့ ထွက်လေဝင်လေကို အကြောင်းပြုပြီးတော့ အရိယာဉာဏ်ရမယ်။ ထွက်လေဝင်လေ အကြောင်းပြုပြီးတော့ သမာဓိရမယ်။

အနုစားသမာဓိရမယ်၊ အရင့်စား သမာဓိရမယ်။

အနုစားဝိပဿနာရမယ်၊ အရင့်စားဝိပဿနာရမယ်။

အထက်တန်းဝိပဿနာဉာဏ်စဉ်ရမယ်။

(၈၂)မျိုးထဲက တစ်မျိုးမျိုး သဘောသဘာဝနှင့်တကွ သိပြီ မြင်ပြီဆိုရင် တရားရတယ်လို့ ခေါ်နိုင်တယ်။

ပရမတ်တရားက ပညတ်နဲ့တော့မတူဘူး။ လောကသားတွေမှာ ပညတ်ကပေါ်ပြီး ပရမတ်ငုတ်နေတာ။ အဲဒီ အငုတ်ခံတတ်ကို ဖော်ထုတ်တာဟာ တရားအားထုတ်တဲ့ အလုပ်ပဲ။

အငုတ်ခံတတ်ကို ဖော်ထုတ်ရမယ်။ အငုတ်ခံတတ်ကို မြင်အောင်ကြည့်ရမယ်။

အစ်ကိုလဲသိတယ်၊ အစ်မလဲ သိတယ်၊ ညီလဲ သိတယ်၊ ညီမလဲ သိတယ်၊ ဟော သမ္မုတိသစ္စာနယ်က မမှန်ဘူးလား။ သို့သော် သမ္မုတိသစ္စာကို မြင်ကာမျှနဲ့ တရားမရဘူး။ တရားရတယ်ဆိုတာ ပရမတ်ကို မြင်မှ တရားရတာ။

http://www.dhammadownload.com



ပရမတ်တရား (၈၂)မျိုးကို အကုန်သိဖို့တော့ မလွယ်ဘူး။ စက်လှေကြီးတွေ၊ သင်္ဘောကြီးတွေ တည်ဆောက်ပြီး ပင်လယ်သမုဒ္ဒရာကိုဖြတ်ကာ ကူးသန်းရောင်းဝယ်ရင် ကြီးပွားနိုင်တယ်။

လှေငယ် သမ္ပာန်ငယ်လေးတွေ ပြုလုပ်ပြီး ချောင်းငယ် မြောင်းငယ်၌ ကူးပြီး ကူးသန်းရောင်းဝယ်ရင်လဲ စီးပွားဖြစ်ပါတယ်။ လှေကြီး၊ သင်္ဘောကြီးတွေ မတည်ဆောက်နိုင်သေးခင် လှေငယ်လေးတွေနဲ့လဲ စီးပွားဖြစ်သလိုပါပဲ။

ပရမတ်ဓာတ်သားတွေ အကုန်လုံးသိတဲ့နည်းနဲ့ သိဖို့မလွယ်ဘူး။ မြတ်စွာဘုရား ဟောကြားတဲ့ တရားတွေဟာ ဓမ္မဂမ္ဘီရ တရားတော်ကလဲ နက်နဲတယ်။ အတ္ထဂမ္ဘီရ သဘာဝနိရုတ္တိသဒ္ဒါရဲ့ အနက်ကလဲ နက်နဲတယ်။ ဒေသနာဂမ္ဘီရ ဟောပုံပြောပုံကလဲ နက်နဲတယ်။ ပဋိဝေဓဂမ္ဘီရ စောစောကပြောတဲ့ ပါဠိအနက် ဟောပုံပြောပုံတို့ကို ထိုးထွင်း၍ သိမှုဟာလဲ နက်နဲပါတယ်။ စဉ်းစားကြည့်ကြလေ။

**"စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနမီတိ သဗ္ဗထာ"**

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်လို့ အနက်ဘာသာပြန်ဆိုကြတယ်။ ပါဠိသက်ဝေါဟာရလေးနဲ့ပဲဆိုတော့ ပရမတ္ထတရားလေးပါး ရှင်းရှင်းသိဖို့ မလွယ်ဘူး။ စိတ္တ= စိတ်= အာရုံယူဘိ အသိသဘော စိတ်မနောကို ဝိညာဉ်ဆို၏။ လယ်တီဆရာတော်ဘုရားက လွန်ခဲ့တဲ့နှစ်တစ်ရာကျော်က စိတ်ရဲ့သဘောသိအောင် ရေးသားပြီး ဖြန့်ဝေခဲ့တယ်။

စေတသိက်= "စိတ်၌မှီတွယ် စိတ်ကိုခြယ် ငါးဆယ်နှင့်ဒွိက် စေတသိက်" စိတ်မှာမှီတွယ်ပြီး စိတ်ကိုချယ်လှယ်နေတဲ့ တရားတွေကို စေတသိက်လို့ ခေါ်တယ်။ ရုပ်= "ဖောက်ပြန်ထွေပြား ဖြစ်တတ်ငြား၍ စကားပုံသေ ရုပ်ခေါ်ပေ၏" ဖောက်ပြန်တတ်တာ ရုပ်။

http://www.dhammadownload.com



နိဗ္ဗာန်= "ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း ဇာတ်သိမ်းပြည်နိဗ္ဗာန်"

ဆရာတော်ဘုရားကြီးက စိတ်ရဲ့အဓိပ္ပါယ်၊ စေတသိက်ရဲ့အဓိပ္ပါယ်၊ ရုပ်ရဲ့အဓိပ္ပါယ်၊ နိဗ္ဗာန်ရဲ့အဓိပ္ပါယ်များကို လင်္ကာစီချယ်ပြီး အိမ်ရာတည်ထောင်တဲ့ လူပုဂ္ဂိုလ်များ၊ ကလေးများပင် သိရအောင် ပရမတ္ထသံခိပ်ကျမ်းကို ရေးသားထားခဲ့ပါတယ်။

သင်္ဂြိုဟ်နဲ့ ပတ်သက်တဲ့ လင်္ကာတွေ၊ ခန္ဓာ အာယတန ဓာတ် သစ္စာလင်္ကာတွေ ရေးသားပြီးတော့ ဒကာ ဒကာမများအား အဘိဓမ္မာဉာဏ်ရင့်သန်အောင် မြန်မာပြည်တစ်ပြည်လုံးကို ဖြန့်ခဲ့တယ်။ ထိုက်တန်သလောက် အဘိဓမ္မာအသိဉာဏ် မျက်လုံးတွေ ပွင့်ခဲ့ပါတယ်။

**အသုံးချတဲ့နည်း (၄)မျိုး**

အဘိဓမ္မာတရားတွေကို အကျိုးဖြစ်ထွန်းအောင် အသုံးချတဲ့နည်းက (၄)နည်းရှိပါတယ်။

(၁) အကြမ်းစား အသုံးချတဲ့နည်း၊
(၂) အလတ်စား အသုံးချတဲ့နည်း၊
(၃) အနုစား အသုံးချတဲ့နည်း၊
(၄) အနုထက် အနုစား အသုံးချတဲ့နည်း၊

**(၁) အကြမ်းစား အသုံးချတဲ့နည်း**

ကမ္ဘာ့ပညာရှင်ကြီးတွေ စက်ပစ္စည်းကိရိယာတွေ တီထွင်တဲ့အခါ ဗဟိဒ္ဓအပြင်ဓာတ်ကြီး ရေ၊ မြေ၊ လေ၊ မီးတွေကို စီမံအသုံးချကြတဲ့အတွက် "အကြမ်းစား"အသုံးချနည်း။

http://www.dhammadownload.com



(၂) **အလတ်စား အသုံးချတဲ့နည်း**

ဆေးပညာရှင်ကြီးတွေက "ပထဝီ အာပေါ် တေဇော ဝါယော အာကာသ" ဆိုတဲ့ ဓာတ်ငါးပါးကို အခြေခံပြီး ဆေးစီရင်အသုံးချတဲ့ နည်းက "အလတ်စား"။

(၃) **အနုစား အသုံးချတဲ့နည်း**

တရားစခန်း တရားရိပ်သာကြီးတွေမှာ အာနာပါနအခြေခံ ပြီးတော့ တရားအားထုတ်ကြတယ်။ ထွက်လေဝင်လေကို ရှုကြတာ ဟာ ရုပ် (၂၈)ပါးထဲက ဝါယောရုပ်ကို အခြေခံတာပါပဲ။ ထွက်လေ ဝင်လေ ဝါယောရုပ်နဲ့ပဲ သမာဓိယူတယ်။ ဒီအသုံးချနည်းမျိုးက "အနုစား"။

"အနိစ္စာနုပဿီဝါ အဿသိဿာမီတိ သိက္ခတိ" စသည်ဖြင့် ထွက်လေဝင်လေလေးဟာ မမြဲဘူးလို့ ရှုမှတ်နေတာ။ (ဝိပဿနာ)

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ထွက်လေဝင်လေလေးဟာ တွန်းကန်လှုပ်ရှား မနေပေဘူးလား။ နေတယ်။ အပြင်လေများ တွန်းကန်လှုပ်ရှားနေသလို ခန္ဓာကိုယ်တွင်းက လေကလဲ-

- အထက်ကိုဆန်တဲ့လေ (ဥဒ္ဓံဂါတလေ)
- အောက်ကိုစုန်ဆင်းတဲ့လေ (အဓောဂါတလေ)
- ဝမ်းတွင်းလေ (ကုစ္ဆိဋ္ဌလေ)
- ကောဋ္ဌာသယ (ကောဋ္ဌာသအဖို့အစု၌ ဖြစ်တဲ့လေ)
- အရိုးအကြောစသည် အင်္ဂါကြီးငယ်လှည့်လေ (အင်္ဂမင်္ဂါနုသာရီလေ)
- ထွက်လေ (အဿာသလေ)
- ဝင်လေ (ပဿာသလေ)

http://www.dhammadownload.com



ဝါယောဓာတ်ဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းလေးပါးကြောင့် ဖြစ်တယ်၊ လေ(၆)မျိုး။ အပြင်လေတွေကတော့ တောင်ပံခတ်လေ၊ ယပ်လေ စသည်အများရှိတယ်။

အဲဒီလေတွေထဲမှာ သမာဓိယူလို့ကောင်းတာက ထွက်လေဝင်လေ အကောင်းဆုံးပဲ။ ပန်းပဲသမားရဲ့ ဖားဖိုကြီးလိုပေါ့။ ရှူးရှဲ ရှူးရှဲနဲ့ ဖားဖိုကြီးက မြည်နေတယ်။ အဲဒီ ထွက်လေ ဝင်လေကို ကြည့်ရှုပြီးတော့ သမာဓိယူရတာ။ ဒါဟာ မြတ်စွာဘုရားရဲ့ လက်သုံးတော် ကမ္မဋ္ဌာန်းပဲ။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာမှာ အထိန်းတော်တွေ သွားကြည့်တော့ အလောင်းတော်လေးက အာနာပါနကမ္မဋ္ဌာန်းရှုပွား၊ ဈာန်ရ၊ ကောင်းကင်မှာ ထက်ဝယ်ဖွဲ့ခွေ ဈာန်ပျံနေတာ တွေ့ရတယ်။ ဒီအာနာပါနကမ္မဋ္ဌာန်းနဲ့ ကောင်းကင်ပျံနေတာပါ။

သုဇာတာသူဌေးသမီး ဃနာနို့ဆွမ်း ဆက်ကပ်လှူဒါန်းသည့် ညောင်ပင်အောက်မှာ သီတင်းသုံးစဉ်က ဘဝဘဝါ ကမ္ဘာ့ကမ္ဘာက အားထုတ်ခဲ့တဲ့ အာနာပါနကမ္မဋ္ဌာန်းကိုပဲ အားထုတ်တာ။ ဗောဓိပင်ခြေ ပလ္လင်ဗွေမှာလဲ ဒီအာနာပါနကမ္မဋ္ဌာန်းပါပဲ။ ဘုရားအဖြစ်ရောက်ခါနီး အထိ ဒီအာနာပါနကမ္မဋ္ဌာန်း စီးဖြန်းကာ အာနာပါနကမ္မဋ္ဌာန်းက ဝိပဿနာကူး ရှုပွားပြီး သဗ္ဗညုတဉာဏ်တော် ပွင့်ထွန်းခဲ့တာပါပဲ။

ဘုန်းကြီးတို့ အာနပါနကမ္မဋ္ဌာန်း တရားအားမထုတ်ခင်က ထွက်လေဝင်လေ သိန်းပေါင်း၊ သန်းပေါင်းများစွာ ကုန်လွန်ခဲ့ကြပြီ။ ဓမ္မသဘာဝ (၈၂)မျိုးထဲက တစ်မျိုးလောက် သဘောပေါက်သွားရင်လဲ တရားရနိုင်တာပါပဲ။

http://www.dhammadownload.com



အဲဒီနည်းက အနုနည်းပဲ။ ဟံသာဝတီဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယနဲ့ တိုက်အုပ်ဆရာတော် (မဟာကမ္မဋ္ဌာနာစရိယ) တို့က ဒီတရားပဲဟောကြားကြတာပါပဲ။

**"တရားပျောက် ကိုယ်မှာရှာ၊ တရားရှာ ကိုယ်မှာတွေ့"**

ရှည်ရှည်ဝေးဝေး တရားမရှာတော့ဘူး။ နှာသီးဖျား နှာသီးဝမှာပဲ တရားရှာမယ်။

နှာသီးဖျားမှာ ထွက်လေ ဝင်လေလေးက နှာခေါင်းအတွင်းမှာ တွန်းကန်လှုပ်ရှား မနေပေဘူးလား။ အဲဒီကျတော့ ဓာတ်ကမ္မဋ္ဌာန်းဖြစ်သွားပြီ။ "ဓာတ်ပေါ် မှု နာမ်ကရှု" ဆိုတဲ့အတိုင်း ရှုပါတော့။

တွန်းကန်လှုပ်ရှားမှု သဘောလေးကိုပဲ ရှုပြီးနေရမှာ။ အဲဒါလေးက သဘောပေါက်သွားတာနဲ့ "ဓာတ်"တစ်လုံးနိုင်သွားရင် အကုန်ပိုင်တော့တာပဲ။ အဲဒီနည်းက "အနုနည်း"။

ဝါယောဓာတ်တစ်ခုလုံးကိုဖြစ်စေ၊ အာပေါဓာတ်တစ်လုံးကိုဖြစ်စေ၊ ပထဝီဓာတ်တစ်လုံးကိုဖြစ်စေ၊ တေဇောဓာတ်တစ်လုံးကိုဖြစ်စေ ရှုပွားပြီး ရဟန္တာဖြစ်ကြတဲ့ ပုဂ္ဂိုလ်ထူးကြီးတွေ အသင်္ချေယျ ရေတွက်လို့တောင် မရဘူးတဲ့။

နာမ်တရားဘက်ကဆိုရင် စိတ်ကလေးတစ်လုံး၊ စိတ်ဟာလျှင်မြန်တယ်၊ အဖော် မရှိဘူး။ တစ်ဘဝလုံးမှာ အမျိုးအစားအားဖြင့် (၄)မျိုးလောက်ပဲ ခြံပြောရတယ်။ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ ဝီထိစိတ်၊ စုတိစိတ်၊ ဒီလေးမျိုးပါပဲ။

အဲဒီအထဲက ဝီထိစိတ်ကလေးက မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ လျှက်သိစိတ်၊ ထိသိစိတ်၊ တွေးကြံသိစိတ်၊ စိတ် (၆)မျိုး။ ကမ္ဘာ့လူထုကြီး လူတွေဘယ်လောက်များများ ဒီ (၆)မျိုးနဲ့ပဲ ရှုပ်နေ

http://www.dhammadownload.com



ကြတယ်။ အဲဒီစိတ် (၆)မျိုးနဲ့ မရှုပ်အောင် ဘယ်လိုလုပ်မလဲ။

အာနာပါနနဲ့ ပတ်သက်ရင် ထိသိစိတ်ကလေး ထိတာက ရုပ်ရဲ့အလုပ်၊ သိတာက နာမ်၊ ထိတော့ထိနေတာပဲ။ သိတော့ သိနေတာပဲ။ သို့သော် ဉာဏ်နဲ့လိုက်ဖို့ မလိုဘူးလား။ ထိတာကို သိတဲ့စိတ်။ ထိတာကတစ်မျိုး၊ သိတာကတစ်မျိုး၊ ထိသိစိတ်ကို သိတာက တစ်မျိုး၊ သူ့အကန့်လေးနဲ့ သူသွားနေတာ ပရမတ်။

**"အမျှင်မပြတ်ရင် ပညတ်၊ အမျှင်ပြတ်မှ ပရမတ်။**
**ပရမတ်မမြင် တရားမမြင်၊ ပရမတ်မြင်မှ တရားမြင်။**
**ပရမတ်မဝ တရားမကျ၊ ပရမတ်ဝမှ တရားရသည်။"**

ယောဂီတို့အားလုံးဟာ စက်လှေကြီးတွေ၊ သင်္ဘောကြီးတွေ တည်ဆောက်နိုင်တဲ့ အင်အားမရှိဘူး။ လှေငယ်၊ သင်္ဘောငယ်များနဲ့ ချောင်းငယ်၊ မြောင်းငယ် ကူးသန်းပြီးတော့ အသက်မွေးသလိုပါ။

(၄) **အနုထက် အနုနည်း**

ပရမတ်တရား၊ ဓာတ်တရားတွေ "ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂပညတ် ကထာဝတ္ထု ယမိုက် ပဌာန်း အဘိဓမ္မာ (၇)ကျမ်း"။

အဘိဓမ္မာ (၇)ကျမ်းကို အကျဉ်းချုပ်လိုက်တော့ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်) အဲဒီ ပရမတ်(၄)ပါးကို အကျယ်ချဲ့ ဟောတာပဲ။

အမျိုးမျိုးသောနည်းတွေနဲ့ ခွဲခြားစိတ်ဖြာပြီး ရဟန်းတော်တွေ သင်ယူပို့ချသလို၊ ဆရာလေးတွေ သင်ယူပို့ချသလို အခုယောဂီတွေ သင်ယူပို့ချနိုင်ပါ့မလား၊ မသင်ယူ မပို့ချနိုင်ဘူး။

http://www.dhammadownload.com



စက်လှေကြီးတွေ၊ သင်္ဘောကြီးတွေ မတည်ဆောက်နိုင်ပေမဲ့ လှေငယ်လေးနဲ့တော့ ကူးသန်းရှာဖွေနိုင်ရမှာပေါ့။

အဘိဓမ္မာ ပါဠိ အဋ္ဌကထာ ဋီကာနှင့်တကွ မွှေနှောက်ပြီး အမျိုးမျိုး နည်းမျိုးစုံခွဲခြမ်းဝေဖန်ပြီးတော့ထားတဲ့ သင်ကြားပို့ချအားထုတ်နည်းက "အနုထက် အနုနည်း"ပါပဲ။

ပရမတ္ထတရားတွေ အကျိုးဖြစ်ထွန်းအောင် အသုံးချတဲ့နည်းက (၄)နည်း။
- အကြမ်းစားနည်း
- အလတ်စားနည်း
- အနုနည်း
- အနုထက် အနုနည်း

ပရမတ်တရား၊ ဓာတ်တရားတွေကို အသုံးချတဲ့နည်း။ လွန်ခဲ့တဲ့နှစ် (၁၀၀)ကျော်က ပထမလယ်တီဆရာတော်ဘုရားကြီးက ပရမတ္ထသံခိပ်လင်္ကာပေါင်း (၆၀၀)ကျော် ရေးပြီးတော့ အဖတ်ခိုင်း၊ အရေးခိုင်း၊ အမှတ်ခိုင်းပြီး လေ့ကျင့်ပေးခဲ့တာ။ အခု ပရမတ်သံ ဓာတ်သံမတိတ်သေးဘူး။

ဆရာတော်ဘုရားကြီး ယခုတိုင် သက်တော်ထင်ရှား ရှိသလို နှစ်ပေါင်း (၈၀)ကျော်မှ နိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာနက အခုယဉ်ကျေးမှုဝန်ကြီး ဖြစ်နေတဲ့ ဗိုလ်ချုပ် ခင်အောင်မြင့်က ကျေးဇူးတော်ရှင် ပထမလယ်တီဆရာတော်ဘုရားကြီးရဲ့ သမိုင်းကို မှတ်တမ်းရိုက်ပြီး မြန်မာနိုင်ငံသူ နိုင်ငံသားတွေအား ပြသဖြန့်ဝေပေးရင် ကောင်းပါလိမ့်မယ်လို့ ညွှန်ကြားလို့မို့ မြဝတီရုပ်/သံမှ ဆရာဦးချစ်စံဝင်းက ဇာတ်ညွှန်းရေးပြီး ရိုက်ကူးလာတာ (၂)နှစ်လောက်ရှိပြီ၊ တော်တော်နဲ့ မပြီးနိုင်ဘူး။

http://www.dhammadownload.com



ဒီနှစ်တော့ အခန်းကြီး (၂၈)ခန်းနဲ့ ပြည့်ပြည့်စုံစုံ မနေ့ညကမှ ပြသပြီးသွားတယ်။ မြဝတီက ဗွီစီဒီမှတ်တမ်းတွေ ရပါလိမ့်မယ်။ အဲဒီအခါ ဖြန့်ဝေပေးပါ့မယ်။ စိတ်ဝင်စားကြတဲ့ ပုဂ္ဂိုလ်များ ကြည့်ကြဖို့ ပြောလိုပါတယ်။ မနေ့ညကမှ ပြသပြီးသွားတယ်။

ဆရာတော်ဘုရားကြီးက သင်္ဂြိုဟ် ပရမတ္ထသံခိပ်ကျမ်း ကျက်ဖို့ရာ ပရမတ္ထသံခိပ်ရတဲ့ ပုဂ္ဂိုလ်များဟာ "ပိဋကတ်နှစ်ပုံ အလုံးစုံ နှုတ်ငုံသူလို့မှာ"။ ပရမတ္ထသံခိပ်ကျမ်းကို နှုတ်ငုံဆောင်နိုင်ရင် ပိဋကတ် (၂)ပုံ ဆောင်သလိုမှတ်။ သုတ္တန်ပိဋကတ် အဘိဓမ္မာပိဋကတ် ဆောင်ထားသလိုပဲတဲ့။ မြတ်စွာဘုရားက "အနုထက် အနုနည်း" အသေးစိတ် ဟောတော်မူတယ်။

ရည်ရွယ်တာက ဩဃလေးပါးကို လွန်မြောက်ဖို့ရည်ရွယ်တာ။ ဩဃဆိုတာ ရေအယဉ်ပါပဲ။ ဆူနာမီကြောင့် လူပေါင်းသိန်းချီပြီး သေကြတော့မှ ရေယာဉ်ဟာ သိပ်ကြီးမားတာပါလားလို့ သဘောပိုပေါက်တယ်။

ဩဃဆိုတာ နစ်မြုပ်စေတတ်တယ်။ လွှမ်းမိုးနှိပ်စက်တတ်တယ်။ ဩဃတရားလေးပါး ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ၊ တရားကိုယ်အားဖြင့် လောဘ ဒိဋ္ဌိ မောဟ တရား (၃)ပါး။

ဩဃတရားတွေဟာ သတ္တဝါတွေကို လွှမ်းမိုးဖိစီးတတ်တယ်၊ နှိပ်စက်တတ်တယ်၊ သံသရာမှာ နစ်မြုပ်စေတယ်။

သမုဒ္ဒရာကြီးအတွင်း၌ရှိတဲ့ ဝဲဩဃဗွက်ကြီးဟာ မိမိအပေါ်မှာ ကျလာလေသမျှ သတ္တဝါတွေကို အတင်းနှစ်၍ သတ်တတ်သလို ကူးမြောက်ခြင်းငှာ ခဲယဉ်းသလို ကာမဘုံ၌ဖြစ်တဲ့ တရားတို့အပေါ် သာယာတတ်တဲ့ တဏှာဆိုတဲ့ ကာမောဃ။

http://www.dhammadownload.com



မဟဂ္ဂုတ်ကုသိုလ်ဆိုတဲ့ ကမ္မဘဝ၊ မဟဂ္ဂုတ်ဝိပါက်ဆိုတဲ့ ဥပပတ္တိဘဝသစ်တို့ အပေါ်မှာ သာယာတပ်မက်တတ်သော တဏှာသည် ဘဝေါဃ။

အမှတ်မရှိသော ဒိဋ္ဌိ စေတသိက်သည် ဒိဋ္ဌောဃ။

အမှတ်မရှိသော မောဟ စေတသိက်သည် အဝိဇ္ဇောဃ။

တရားကိုယ်အရက လောဘ ဒိဋ္ဌိ မောဟဆိုတဲ့ သြဃကြီးလေးပါးတရားတို့သည် မိမိတို့နှင့် ဆက်နွယ်သမျှ သတ္တဝါတွေကို ဒုက္ခတွင်း၌ အတင်းနှစ်၍လည်း သတ်ဖြတ်တတ်ကြပါတယ်။ ကူးမြောက်ကျော်လွှားနိုင် ရန်လဲ ခဲယဥ်းကြပါတယ်။

ဒါကြောင့် ကာမောဃစသော တရားလေးပါးတို့သည် ပကတိဝဲသြဃကြီးနှင့် တူကြပါပေတယ်။ ထိုကာမောဃ စသည်တို့သာ ဝဲသြဃနှင့် တူတယ်လို့ ဆိုသော်လဲ ပကတိဝဲသြဃထက်ပင် ဆိုးညစ်ယုတ်မာကြပါတယ်။ ပကတိဝဲသြဃသို့ ကျရောက်သူတို့က တစ်ဘဝတွင်သာ သေဆုံးကြရပါတယ်။ ဒီဝဲသြဃသို့ ကျရောက်သောကြောင့် အပါယ်ကျခြင်း၊ သံသရာ၌ အမျိုးမျိုးသော ဒုက္ခများ ခံစာရမှု မရှိနိုင်ပါ။

ကာမောဃ စသည်တို့ကား မိမိနှင့် ဆက်ဆံသောသူတွေကို တစ်ဝဘနှင့်မပြီး၊ ဘဝအရာနှင့်အပြီး၊ ဘဝများစွာ၊ ကမ္ဘာများစွာ အတင်းနှစ်၍ နှစ်၍ သတ်တတ်ပါတယ်။ သံသရာထဲ၌ ဒုက္ခအမျိုးမျိုး ပေးတတ်ပါတယ်။ ဒါကြောင့် ကာမောဃစတဲ့ သြဃလေးပါးတို့အား ပကတိဝဲသြဃထက် ယုတ်မာဆိုးညစ်ကြပါတယ်။

အဲဒီတရားတွေ လွန်မြောက်ချင်ရင် ဘာလုပ်ရမလဲ။ အဘိဓမ္မာ တရားတွေကို တတ်သိအောင် မြင်အောင်ကြည့်ရမယ်။ လွယ်တော့

http://www.dhammadownload.com



မလွယ်ဘူး။ တတ်နိုင်သလောက် ကြိုးစားကြဖို့ ဖြစ်ပါတယ်။

ဘယ်နည်းနဲ့ပဲကူးကူး ဩဃလေးပါး လွန်မြောက်ဖို့သာ အရေးကြီးပါတယ်။ ပရမတ်တရားတွေထဲက ဓာတ်လေးပါး တရားလေးပါးနဲ့လဲ လွန်မြောက်နိုင်တယ်။ ဟံသာဝတီကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးက ဝါယောဓာတ် တစ်လုံးသိရေး အဓိကမြင်အောင်ပြတဲ့ ကျောင်းတိုက်ကြီးပါပဲ။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက စိတ်တစ်လုံး၊ သညာတစ်လုံး နာမ်တစ်ပိုင်းမှာ ထုတ်နှုတ်ပြီးတော့ ဓာတ်တစ်လုံး၊ ပရမတ်တစ်လုံး နိုင်နိုင်နင်းနင်းရှိရင် တရားပေါက်ပါတယ်လို့ မိန့်လာတယ်။ အဲဒါကြောင့် ဆရာတော်ဘုရားကြီးက ဆေးနည်းဆိုပြီးတော့ မိန့်တော်မူပါတယ်။ ဒီလို ဝါယောဓာတ် အစရှိသည်တို့ကို သိအောင် မြင်အောင် အားထုတ်မယ်ဆိုရင် "သက္ကာယဒိဋ္ဌိ" ပျောက်ဖို့ရာ ဆေးနည်းအကျော်ကြီးပါပဲ။ ဆေးနည်းကောင်းကြီးပဲလို့ မိန့်တော်မူပါတယ်။

အားလုံးသော ယောဂီ ဒကာ ဒကာမတွေ ဒီနေ့တော့ ဘုန်းကြီး နံက်ခင်းကတည်းက စကားတွေပြောရ၊ တရားတွေဟောရ တစ်နေ့လုံးပါပဲ။ နံက်က ရုပ်မြင်သံကြားက လွှင့်နိုင်ဖို့ မနေ့ညဉ့်နေက တရားသွင်းတယ်။ ဒီနေ့ ရုပ်မြင်သံကြားက တရားလွှင့်တယ်။

မြန်မာ့အသံကလဲ ဒီအတိုင်းပဲ။ နိယာမတရားငါးပါး၊ ဉပရော အလင်းပြကျမ်းကြီးကို နည်းမှီပြီးတော့ ဟောခဲ့ပါတယ်။ အဲဒီတော့ အချိန်လေးလဲ နည်းနည်းကြာသွားပြီ။

နာရီဝက်လောက် ဟောလိုက်ရင် တရားပွဲလဲ ပြီးသွားနိုင်ပါတယ်။ မဟာပဝါရဏာနေ့မို့ မဟာပဝါရဏာနေ့ကို ဟောပြီး၊

http://www.dhammadownload.com



အဘိဓမ္မာအခါတော်နေ့မို့ အဘိဓမ္မာတရားကို ဟောပါတယ်။

၂၅၈၈ ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့နဲ့ မဟာပဝါရဏာနေ့တရား ဒီနေရာမှာပဲ စောစောက လင်္ကာကို ရွတ်ဆိုပြီးတော့ တရားနိဂုံးချုပ်ကြမယ်။

- ပရမတ်မမြင် တရားမမြင်
- ပရမတ်မြင်မှ တရားမြင်
- ပရမတ်မဝ တရားမကျ
- ပရမတ်ဝမှ တရားကျသည်။

သာဓု - သာဓု - သာဓု

✻✻✻✻✻

http://www.dhammadownload.com



ယနေ့ သာသနာတော်နှစ် ၂၅၅၀၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၃)ရက်နေ့။

ဘုန်းကြီးတို့ လယ်တီဝိပဿနာ (၇)ရက်တရားစခန်း အကြိမ်တစ်ရာပြည့်မှာ အားထုတ်နေကြတဲ့ ယောဂီသူတော်စင်များအား ထိုက်တန်သလောက် တရားဟောမှာပါပဲ။

သာမန်အားဖြင့် လောကမှာ သူတော်ကောင်းတွေ ရှိတတ်ပါတယ်။ သို့သော်လဲ-

- ဣဒံ ကုသလံ= ဒီတရားက ကုသိုလ်၊
- ဣဒံ အကုသလံ= ဒီတရားက အကုသိုလ်၊
- ဣဒံ သာဝဇ္ဇံ= ဒီတရားက အပြစ်ရှိတယ်၊
- ဣဒံ အနဝဇ္ဇံ= ဒီတရားက အပြစ်မရှိဘူး၊
- ဣဒံ ကဏှံ= ဒီတရားက မဲညစ်တယ်၊
- ဣဒံ သုက္ကံ= ဒီတရားက ဖြူစင်တယ်၊

အစရှိသည်ဖြင့် ခွဲခြမ်းဝေဖန်ပြီးတော့ ဘုရားရှင်ပွင့်ပေါ်လာမှ ဟောပြောပါတယ်။

- ဣမေဓမ္မာ ကုသလာ၊
- ဣမေဓမ္မာ အကုသလာ၊
- ဣမေဓမ္မာ သာဝဇ္ဇာ၊
- ဣမေဓမ္မာ အနဝဇ္ဇာ၊
- ဣမေဓမ္မာ ကဏှာ၊
- ဣမေဓမ္မာ သုက္ကာ၊

အစရှိသည်ဖြင့် ခွဲခြမ်းဝေဖန်ပြီးတော့ ဟောကြားတော်မူချက်တွေဟာ ဘုရားရှင်ပွင့်ပေါ်လာမှ ဟောပြောပါတယ်။

http://www.dhammadownload.com



သာမန်အားဖြင့် သူတော်ကောင်းစိတ်ဓာတ်ရှိသူတွေ၊ သူတော်ကောင်းဖြစ်လိုတဲ့ ပုဂ္ဂိုလ်တွေ လောကမှာရှိသော်လဲပဲ ဘုရားပွင့်မှ ဟောပြောတာကို နာကြားရပါတယ်။

ဘုရားရှင်က အကုသိုလ်မည်တဲ့တရားတွေ ထုတ်ပြတယ်။ အကုသိုလ်လည်းမည်၊ အကုသိုလ်အမြစ်အရင်းလည်းမည်တဲ့ တရားတွေကိုလည်း ထုတ်ပြတယ်။ **"အကုသလာ နိစေဝ၊ အကုသလမူလာနိစ"**

အကုသိုလ်လည်းမည်၊ အကုသိုလ်ရဲ့ အမြစ်အရင်းလည်းမည်တဲ့ တရားတွေက ဘာတွေလည်းဆိုတော့ လောဘ၊ ဒေါသ၊ မောဟတို့ပါ။

ဗုဒ္ဓဘာသာများကတော့ လောဘဆိုရင်သိတယ်၊ ဒေါသဆိုရင်သိတယ်၊ မောဟဆိုရင် သိတယ်၊ ကြားဖူးနားဝ ရှိနေတာကိုး။

အဲဒီလောဘ၊ ဒေါသ၊ မောဟ တရားအားလုံးဟာ "အဓောဂမနိယ" အောက်ဆုံးကိုဖြစ်စေတတ်၊ ရောက်စေတတ်တဲ့၊ အောက်ကျနောက်ကျ ဖြစ်စေတတ်တဲ့ တရားတွေ၊ အကုသိုလ်တရားတွေဟာ သဘ္ဘာဝကိုက အောက်ကျနောက်ကျ ဖြစ်စေတတ်တယ်။ အောက်ဆုံး နောက်ဆုံးဖြစ်စေတတ်တယ်။

ကုသိုလ်တရားတွေကျတော့ အထက်တန်းရောက်စေတတ်တယ်။ လူ့အဆင့်အတန်း၊ ရဟန်းအဆင့်အတန်း မြင့်အောင် ကုသိုလ်တရားတွေက မြှင့်တင်ပေးတတ်တယ်။

အကုသိုလ်တရားဆိုတာ "သာဝဇ္ဇ ဒုက္ခဝိပါက" အပြစ်လည်းရှိတယ်။ မကောင်းကျိုးကိုလည်း ဖြစ်စေတယ်။ ဒါဟာ အကုသိုလ်ရဲ့ သဘောသဘာဝပဲတဲ့။

http://www.dhammadownload.com



**"အကုသလာနိစေဝ၊ အကုသလမူလာနိစ"**

မကောင်းကျိုးကို ပေးတတ်တဲ့ အကုသိုလ်လည်းမည်တယ်။ အကုသိုလ်ရဲ့ အမြစ်အရင်းလည်းမည်တဲ့ လောဘ၊ ဒေါသ၊ မောဟ။

**လောဘ**

အဲဒီ လောဘ၊ ဒေါသ၊ မောဟတရားထဲက ဒီနေ့လောဘ အကြောင်းကို ဟောပါမယ်။

- လောဘက ဘာလက္ခဏာရှိသလဲ။
- သူပြုတဲ့ကိစ္စ ဘယ်လိုရှိသလဲ။
- ဉာဏ်ထဲမှာ ထင်လာနိုင်တာက ဘာတွေထင်လာနိုင် သလဲ။
- အဲဒီလောဘရဲ့ နီးသောအကြောင်း ပဒဋ္ဌာန်ကဘာလဲ။

အဲဒီလေးချက် မေးစရာရှိတယ်။ မီးနဲ့ဥပမာပြပါမယ်။ မီးဟာ ပူတဲ့သဘောရှိတယ်။ ပူတဲ့သဘောဟာ မီးရဲ့လက္ခဏာပါပဲ။

တောက်လောင်ခြင်းဟာ သူ့ရဲ့အလုပ်ကိစ္စပါပဲ။ အရောင် ထွန်းလင်းတောက်ပခြင်းဟာလဲ သူ့ရဲ့အလုပ်ကိစ္စတစ်မျိုးပါပဲ။

အခိုးအလျှံတွေ ထွက်လာတာဟာ မီးရဲ့ပစ္စုပဋ္ဌာန်ပါပဲ။ ထွန်းပခြင်းဆိုတဲ့ သမ္ပတ္တိရသကို ဥပဋ္ဌာနာကာရ ပစ္စုပဋ္ဌာန်လို့ ဒီလို ခေါ်ရတယ်။

ပူလောင်ခြင်းသဘောလေးဟာ ဘာကြောင့်ဖြစ်သလဲ။ ပူလောင်တယ်ဆိုတာ ထင်းမီးဇာတို့ကြောင့် ဖြစ်တယ်။ မီးကိုဖြစ်စေ တတ်တဲ့ ပယောဂကြောင့်ဖြစ်တယ်။ မီးမွှေးလို့ မီးပူတယ်။ ထင်းကြောင့် မီးပူတယ်။ ထင်းမရှိရင် မီးပူစရာမရှိဘူး။

http://www.dhammadownload.com



အဲဒီလိုပဲ လောဘဟာလဲ ကိစ္စလေးခုနဲ့ လိုက်ပြီးသတ်မှတ်ရမယ်။ ဒါကြောင့် လောဘဟာ ဘာလက္ခဏာရှိသလဲ။ "လုဗ္ဘတီတိ လောဘောယော"။

ယော= ဤလောဘသည်၊ လုဗ္ဘတိ= လိုချင်တတ်၏၊ ဣတိ တသ္မာ= ထိုကြောင့်၊ လောဘော= လောဘမည်၏။

လောဘဟာ လိုချင်တဲ့လက္ခဏာ ရှိတယ်။ တပ်မက်ခြင်းလက္ခဏာရှိတယ်။ ဘာကြောင့် လောဘလို့ ခေါ်သလဲ။ လိုချင်တတ်လို့ လောဘ။

အဲဒီလောဘ ဘာလက္ခဏာရှိသလဲ။ "အာလမ္ဗဂ္ဂဏ လက္ခဏော"။ အာရုံကိုယူခြင်းလက္ခဏာ ရှိတယ်။

အာရုံကိုယူကာမျှတော့ မဟုတ်ဘူး။ လောဘရဲ့ အကြီးအငယ်အလိုက် တပ်မက်ခြင်း၊ ငမ်းငမ်းတက်တပ်မက် ခင်မင်လိုချင်တဲ့ အာရုံကို ယူခြင်းလက္ခဏာ။

ဥပမာအားဖြင့် မျောက်နှေးစဲက မျောက်ကိုဖမ်းသလိုပါပဲ။ မျောက်နှဲစေးဆိုတာ သစ်ပင်ကထွက်ကျလာတဲ့ အစေးပါပဲ။ တစ်နည်းအားဖြင့် ညောင်ပင်ကထွက်လာတဲ့ အစေးကို ဆီတို့ ဘာတို့နဲ့ နယ်ချက်လိုက်ရင် စေးကပ်ပါတယ်။

ဘယ်လိုများ မျောက်နှဲ့စေးနဲ့ တူသလဲဆိုရင် သစ်ပင်မှထွက်ကျလာတဲ့အစေးကို မျောက်ကမြင်တယ်။ အဆန်းဆိုရင် ကိုင်ကြည့်တတ်တဲ့မျောက်က အဲဒီအစေးကို ကိုင်လိုက်တယ်။ လက် ကပ်နေတယ်။ နောက်တစ်ဖက်နဲ့ ထပ်ကိုင်တယ်။ အဲဒီလက်လဲ ကပ်နေတယ်။ နောက်ပါးစပ်နဲ့ ကိုက်လိုက်ပြန်တယ်။ ကပ်နေပြန်တယ်။ နောက်ခြေထောက်နဲ့ ကန်တယ်။ ကပ်နေပြန်တယ်။ မရုန်းနိုင်ပြန်ဘူး။ နောက်

http://www.dhammadownload.com



တစ်ခါ ကိုယ်နဲ့တိုက်တယ်။ တစ်ခါထဲ ခွာလို့မရတော့ဘူး။ ပါးစပ်နဲ့ကိုက်၊ ဦးခေါင်းနဲ့ တိုက်လည်း ခွာရမှာ မဟုတ်ဘူး။

ဒါကြောင့် လောဘဟာ မျောက်နဲ့စေးလိုပဲတဲ့။

- အဆင်းမျိုးစုံ- ရူပါရုံ၊
- အသံမျိုးစုံ- သဒ္ဒါရုံ၊
- အနံ့မျိုးစုံ- ဂန္ဓာရုံ၊
- အရသာမျိုးစုံ- ရသာရုံ၊
- အတွေ့ထိမျိုးစုံ- ဖောဋ္ဌဗ္ဗာရုံ၊
- စိတ် စေတသိက် နိမ်ရုပ် အကြွင်း ပညတ်အများ ဤငါးပါး မှတ်သား ဓမ္မာရုံဆိုတဲ့အတိုင်း ပသာဒရုပ်၊ သုခုမရုပ်၊ စိတ် စေတသိက်၊ နိဗ္ဗာန် ပညတ်ဆိုတဲ့ ဓမ္မာရုံ၊

အဲဒီ အာရုံ (၆)ပါးက လက်တို့ခြေတို့၊ ပါးစပ်၊ ဦးခေါင်း၊ ကိုယ်တို့က မျောက်နဲ့စေးနဲ့ တူတယ်။ လောဘက မျောက်နဲ့တူတယ်။

ဒီတော့ လောဘဟာအာရုံကို ယူခြင်းလက္ခဏာရှိတယ်။ မျောက်နဲ့စေးက မျောက်ကိုဖမ်းသလို အာရုံ (၆)ပါးက လူသတ္တဝါကို ဖမ်းနေတာပါပဲ။

**လုဗ္ဘတီတိ လောဘော ဧသော၊**

**အဿအာလမ္ဗဂ္ဂါဟ လက္ခဏော။**

**အဘိသင်္ဂရသော၊ အပရိစ္စာဂ ပစ္စုပဋ္ဌာနော။**

လောဘရဲ့ကိစ္စက ကပ်ငြိတယ်။ ဘယ်လိုလဲဆိုရင် ဒယ်အိုးမှာ အသားထစ်များ ကပ်နေသလိုပဲ။

"အပရိစ္စာဂ ပစ္စုပဋ္ဌာနော" အဝတ်မှာ အမဲဆီစွဲနေရင် ချွတ်ရတာ ခက်သလိုပဲတဲ့။ အာရုံ(၆)ပါးအပေါ်မှာ တပ်မက်ပြီး ငမ်းငမ်း

http://www.dhammadownload.com



တက်ဖြစ်ပြီ ဆိုရင် စွန့်ခွာနိုင်ခဲ့တဲ့ တရားပဲလို့ ယောဂီတို့ဉာဏ်မှာ ထင်လာနိုင်တယ်။

ဒါဖြင့် ဒီလောဘ ဘာကြောင့်ဖြစ်သလဲ။ အနီးကပ်ဆုံး အကြောင်းက "သံယောဇနိယ ဓမ္မေသု အဿာဒါနုပဿနော" သံယောဇဉ်၏အာရုံဖြစ်တဲ့ တရားတို့အပေါ်မှာ သာယာဖွယ်လို့ ရှုမြင်ခြင်းလျှင် နီးစွာသောအကြောင်းရှိတယ်။

သံယောဇဉ်၏အာရုံဖြစ်တဲ့ တရားတွေအပေါ်မှာ သာယာဖွယ် လို့ယူ၊ ရှုမြင်ခြင်းလျှင် နီးစွာသောအကြောင်းရှိတယ်။ အဲဒီတော့ လောဘဟာ မျောက်နှဲစေးနဲ့တူတယ်။ မျောက်နှဲစေးနဲ့ မျောက်ကို ဖမ်းသလို၊ လောဘဟာ အာရုံ(၆)ပါး၌ ကပ်ငြိတတ်တယ်။ ဒါကြောင့်-

**မျောက်နှဲစေးပုံ မခွာပုံသို့ အာရုံငြိကပ် မကွာလတ်ပဲ တပ်မက် ခင်မင် လိုချင်တတ်သော ဤသဘောမှတ်လော့ လောဘတည်း။**

မျောက်နှဲစေးလိုပါပဲ။ အာရုံကိုငြိကပ်ပြီးတော့ တပ်မက်ခုံမင် လိုချင်တတ်သော ဤသဘောကို လောဘလို့ ဒီလိုခေါ်ကြတယ်။

တရားအားထုတ်တယ်ဆိုတာ ဒီလောဘကို လျှော့နေတာ ပါပဲ။ လောဘသည် အကုသိုလ်လဲမည်တယ်။ အကုသိုလ်ရဲ့ အမြစ် အရင်းလဲ မည်တယ်။

ဒါကြောင့် သစ္စာလေးပါးမှာ ဒုက္ခတွေတန်ချိန်ဖွဲ့လို့မရနိုင်တဲ့ ပါကဋဒုက္ခ= ထင်ရှားတဲ့ဒုက္ခ၊ အပါကဋဒုက္ခ= မထင်ရှားတဲ့ဒုက္ခတွေ ဘာကြောင့်ဖြစ်သလဲဆိုရင် သမုဒယသစ္စာ တဏှာကြောင့်ပါပဲ။

လောဘကို တဏှာလို့ပဲ ခေါ်တယ်။ လောဘရဲ့ နာမည်တွေ အများကြီး ရှိပါတယ်။ လောဘရဲ့နာမည်တွေ (၁၀၂)မျိုး ရှိပါတယ်။

http://www.dhammadownload.com



အဲဒီအထဲက တဏှာနဒီ တဏှာဟာ မြစ်နဲ့လဲတူတယ်။ မြစ်ရေဟာ တသွင်သွင်စီးနေသလို ဒီလောဘဟာ အာရုံ (၆)ပါးမှာ တသွင်သွင်စီးနေတယ် အစရှိသဖြင့် လောဘနဲ့နာမည်တစ်ရာ့နှစ်မျိုးကို ထုတ်ဖော်ပြီးတော့ ဓမ္မသင်္ဂဏီကျမ်း၊ အဘိဓမ္မာကျမ်းကြီးမှာ ဟောကြားတော်မူခဲ့ပါတယ်။

ထပ်မံပြီးပြောပါ့မယ်။ လောဘဟာ အာရုံခြောက်ပါး၌ သာယာတတ်တယ်၊ နှစ်သက်တတ်တယ်၊ တပ်မက်စွဲလမ်းတတ်ပါတယ်။ မက်မောတတ်၊ ချစ်ကြိုက်တတ်ပါတယ်။ အဲဒီလောဘဟာ အာရုံခြောက်ပါး၌ ကပ်ငြိတွယ်တာတတ်လို့ မှောက်နဲ့စေးနဲ့ တူပါတယ်။ တောင့်တတတ်လို့ လောလောပူတဲ့ သံအိုးကင်း၌ ပစ်ချလိုက်တော့ စိုစွတ်တဲ့ အမဲသားတစ်နဲ့လည်း တူပါတယ်။ မခွဲနိုင် မခွာရက်နိုင်၊ မစွန့်နိုင် မလွှတ်နိုင်အောင် စွဲလမ်းတတ်လို့ ဆီချေးစသည်နဲ့ လူးလဲ ညစ်ထေးနေတဲ့ လက်နှီးစုတ်နဲ့လဲ တူပါတယ်။

တဏှာမြစ်ကြီးဖြစ်၍ သတ္တဝါတွေကို အပါယ်ရောက်အောင် မျှောတတ်လို့ သစ်ရွက်၊ ထင်းတုံး စသည်တို့ သမုဒ္ဒရာသို့အရောက် မျှောတတ်သော ရေအယဉ်ကြီးနဲ့လည်း တူပါတယ်။

အဲဒီလောဘကို တဏှာလို့ခေါ်တယ်။ ရာဂ ကာမ နန္ဒီ အဘိဇ္ဈာ ဇနေတ္တိ ပေါနောဗ္ဘဝိက ဣစ္ဆာ အာသာ စသည်ဖြင့်လည်း ခေါ်ဝေါ်သုံးနှုန်းပါတယ်။

ရူပတဏှာ၊ သဒ္ဒတဏှာ စတဲ့ အာရုံအပြားအားဖြင့် ခြောက်များ ရှိပြန်ပါတယ်။ ကာမတဏှာ, ရူပတဏှာ, အရူပတဏှာ၊ ကာမရာဂ, ရူပရာဂ, အရူပရာဂ၊ ကာမဘဝ, ရူပဘဝ, အရူပဘဝ၊ စသည်ခေါ်နိုင်ပါသေးတယ်။

http://www.dhammadownload.com



ကာမာသဝ ဩဃ ယောဂ ဂန္ထ ဥပါဒါန် အနုသယ ကိလေသာ သံယောဇဉ် စသည်ဖြင့် များသောကိစ္စရှိပါတယ်။ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါန်၌ ပါဝင်ပါတယ်။ ပဋ္ဌာန်းတွင် ဟေတုပစ္စည်း၌ အကျုံးဝင်တယ်။ သစ္စာတွင် သမုဒယသစ္စာကြီးပါ။ ဒုက္ခအမျိုးမျိုးကို ပွားစေတတ်ပါတယ်။ သံသရာဝဋ်ဒုက္ခအားလုံးရဲ့ အမြစ်ဖြစ်သောကြောင့် မူလတရား မည်ပါတယ်။

လောဘဟာ အကုသိုလ်လဲမည်တယ်။ အကုသိုလ်ရဲ့ အမြစ် အရင်းလဲ မည်တယ်။

လောဘကို အခြေခံပြီးတော့ နဝတဏှာမူလကာမှာ "တဏှာ အခြေခံပြီးတော့ တရားဆိုး တရားပျက် (၉)မျိုး" ရှိပါတယ်။

"တဏှံ ပဋိစ္စ ပရိယေသနာ" အစရှိသဖြင့် တဏှာလောဘ အခြေခံပြီးတော့ တစ်နိုင်ငံနဲ့တစ်နိုင်ငံ အနိုင်ကျင့်တယ်။ တစ်အိမ်နဲ့ တစ်အိမ်၊ တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်တယ်။ ဒုတ်ကိုင်တယ်၊ ဓားကိုင်တယ်၊ ကြမ်းကြမ်းတမ်းတမ်း ပြောတယ်၊ ဆဲတယ်၊ မတရား စီးပွားရှာတယ်၊ တဏှာကိုအကြောင်းပြုပြီးတော့ ရှာမှီးခဲ့တာကို အခြေခံပြီး အပြစ်(၉)မျိုး ဆဲတာ၊ ဆိုတာတွေ အဲဒါတွေအားလုံးဟာ လောဘကို အခြေခံတာပါပဲ။

လောဘသည် အကုသိုလ်လဲမည်တယ်။ အကုသိုလ်တို့ရဲ့ အမြစ်အရင်းလဲ မည်တယ်။ ဒါကြောင့် ရှေးအခါတုန်းက ငါးခုံ ဆရာတော်ဆိုတာ ရှိဖူးတယ်။ သူ့မှာ လောဘ၊ ဒေါသ၊ မောဟ ဖြစ်တယ်။ ဖြစ်တာနဲ့တစ်ပြိုင်နက် ဘုရားခန်းထဲဝင်ပြီး လောဘရဲ့အပြစ် တွေ၊ ဒေါသရဲ့အပြစ်တွေ၊ မောဟရဲ့အပြစ်တွေ ခါးခါးသီးသီး ပြောဆိုဆုံးမတယ်။ သူ့ဟာသူ စဉ်းစားတယ်။

http://www.dhammadownload.com



လောဘ အပြစ်များတယ်၊ ဒေါသ အပြစ်များတယ်၊ မောဟ အပြစ်များတယ်။ အပြစ်များတာနဲ့ ပတ်သက်ပြီးတော့ "ငါးခုံကဝိမြတ်ဗောဓိ ပယ်ဘိစိတ်ယုတ်မာ"။ ငါးခုံဆရာတော်ဟာ ဘုရားလောင်းလျာလို့ ဆိုတယ်။ ငါးခုံဆရာတော်ဟာ လောဘနဲ့ပတ်သက်တာတွေ၊ ဒေါသနဲ့ပတ်သက်တာတွေ၊ မောဟနဲ့ပတ်သက်တာတွေ စိတ်ယုတ်မာတွေ ဖြစ်ပေါ်လာတယ်ဆိုရင် ဘုရားခန်းထဲဝင်ကာ -

**ပမာဒမူလကော လောဘော၊ လောဘော ဝိဝါဒ ကာရကော။**

**ဒါသဗျ ကာရကော လောဘော၊ လောဘော ပရမ္ပိ ပေတိကော။**

**တံလောဘံ ပရိဇာနန္တို ဝန္ဒေအဟံ ဝီတ လောဘကံ။**

ဘုန်းကြီး ရှင်သာမဏေဘဝက ဒီစာလေး ဘုန်းကြီးရဲ့မှတ်တမ်းမှာ မှတ်ပြီးထားခဲ့ဘူးတယ်။ ရှင်သာမဏေဘဝထဲက အာဂုမ်ရဖူးပါတယ်။ ဆရာတော်ဘုရားက လောဘရဲ့အပြစ်တွေကို ပြောထားတာပါပဲ။

လောဘော= ရူပသဒ္ဒ စသည်အာရုံ ကာမဂုဏ်ကို ခုန်မင်တပ်မက် နှစ်သက်လိုက်စား လောဘတရားသည်၊ (အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ) အဲဒီအာရုံ ကာမဂုဏ်တွေကို လိုက်စားတတ်တဲ့လောဘဟာ၊

ပမာဒမူလကော= မေ့လျော့ဖျင်းသွပ် တရားလက်လွတ်ခြင်း၏ အကြောင်းပါပေတည်း။ (ဘုရားရှေ့သွားပြီး လောဘရဲ့အပြစ်ကို ရွတ်ဆိုပြီးကြည့်တယ်) ဒီလောဘဟာ အာရုံငါးပါး ကာမဂုဏ်တရားတို့ကို လိုက်စားတတ်တဲ့အတွက် တရားလက်လွတ် ငှက်တောင်ကျွတ်ဖြစ်တာဟာ ဒီလောဘကြောင့်ပဲ။ ပမာဒတရား မေ့လျော့နေတယ်ဆိုတာ ကုသိုလ်ကိုမေ့ အကုသိုလ်နဲ့ ပျော်မွေ့နေတာပဲ။

http://www.dhammadownload.com



လောဘော ဝိဝါဒကာရကော

လောဘော= ထိုထိုကာမ လက်ကိုင်ရဖို့ နေ့ညမက်မော လောဘဇောသည်၊ နေ့ညမက်မော လောဘဇောတဲ့။ မက်မောဆိုတဲ့ မြန်မာစကားကြည့်။ မက်ရင်တော့ မောမှာပဲ မဟုတ်လား။ မောနေအောင် မက်နေကြတာကိုး။ ဒီမက်မောဆိုတဲ့ လောဘရဲ့ ဘာသာပြန်က တော်တော်ထိမိတယ်၊ ဉာဏ်ကို ပူဇော်လေးစားပါတယ်။ ထိုထိုအဆင်း အသံ အနံ့ အရသာ အတွေ့အထိတွေကို ခံစားရဖို့အတွက် လက်ကိုင်ရဖို့အတွက် ကြိုးစားနေတဲ့လောဘသည်၊ ဝိဝါဒကာရကော= ပစ္စည်းအတွက် တကျက်ကျက်နဲ့ အမျက်မာန်ပွား ခိုက်ရန်များခြင်းကို ပြုတတ်ပေ၏။

ညီအစ်ကိုမောင်နှမခြင်း ဆွေမျိုးသားချင်းချင်း တစ်ခါတရံ ဆန်းဆန်းကျယ်ကျယ် မိဘနဲ့သားသမီးတောင်မှ တရားရုံးမှာ ပိုင်ဆိုင်မှု အငြင်းပွားနေတာတွေကို တွေ့ရတယ်။

ဘုန်းကြီးတို့ သာသနာတော်မှာလဲ ဥပဇ္ဈာယ်ဆရာတော်နဲ့ တပည့်၊ စာသင်ဆရာတော်နဲ့ တပည့်ကျောင်းတွေ၊ ကန်တွေ အငြင်းပွားတာ တွေ့ရတယ်။ ဆွမ်းတစ်ထပ်၊ ကျောင်းတစ်ဆောင် မလုပ် မယက်ပဲ စားသောက်နေထိုင်ရတာ ဂုဏ်ယူစရာပဲ။

လောဘော= ထိုထိုကာမ လက်ကိုင်ရဖို့ နေ့ညမက်မော လောဘဇောသည်၊ ဝိဝါဒကာရကော= ပစ္စည်းအတွက် တကျက်ကျက်နဲ့ အမျက်မာန်ပွား ခိုက်ရန်ပွားတတ်ပါပေ၏။

လောဘော= တွေ့မြင်သမျှ အရသိမ်းပိုက် လက်ကုန်နှိုက်တဲ့ လောဘမိုက်သည်၊ ဒါသဗျကာရကော= သုံး၍မလောက် ခုမျက် မှောက်၌ ကျွန်သပေါက်အမှန် အစေခံအဖြစ်သို့ ရောက်အောင်

http://www.dhammadownload.com



ပြုတတ်၏။

တွေ့မြင်သမျှ အရသိမ်းပိုက် လောဘမိုက်ဟာ သုံး၍ မလောက် ခုမျက်မှောက်၌ ကျွန်သပေါက်အမှန် အစေခံဖြစ်အောင် ပြုတတ်၏။ "ဒီဘဝမှာ ကျွန်ဖြစ်အောင်ပြုတာ ဒီလောဘပဲ"။

အဲဒါကိုအကြောင်းပြုပြီး အကုဒ္ဒုတ္တ လောင်းကစားမှုတွေ ပြုကြတာ တစ်ချို့ပုဂ္ဂိုလ်တွေ ထိုင်စားလို့တောင် မကုန်နိုင်ဘူး။ သို့သော် "စားလို့မကုန် မှားလို့ကုန်" ဆိုတာလိုပဲ။ လောင်းကစားပြုတာနဲ့ပဲ မွဲတဲ့ပုဂ္ဂိုလ်တွေ အများကြီးရှိပါတယ်။

မန္တလေး ဈေးချိုအနီးအနားမှာ တိုက်ကြီးတွေနဲ့ နေတဲ့မိသားစု ဘုန်းကြီးမိတ်ဆွေ ရဟန်းတစ်ပါးရဲ့ ရဟန်းအမတွေပါပဲ။ ဘဝမှာ သုံးမကုန်ဘူး။ ဈေးချိုထဲမှာ ဆိုင်တွေလဲရှိတယ်။ အခုတော့ ဆင်းရဲကုန်ကြတယ်။

အမြဲတမ်းထီထိုးတယ်။ ပေါက်နိုးပေါက်နိုးနဲ့ ထီထိုးတာ။ နည်းမျိုးစုံ လောင်းကစားနေကြတဲ့အတွက် ကျွန်သပေါက် အစေခံ ရောက်မလောက်ဖြစ်နေကြတယ်။ အဲဒီလိုပုဂ္ဂိုလ် အများကြီးတွေ့နေရတယ်။

လောဘော။ တွေ့မြင်သမျှ အရသိမ်းပိုက် လက်ကုန်နှိုက်တဲ့ လောဘမိုက်သည်၊ဒါသဗျာကာရကော။ သုံး၍မလောက် ခုမျက်မှောက်၌ ကျွန်သပေါက်အမှန် အစေခံအဖြစ် ရောက်အောင် ပြုတတ်ပါပေ၏။

လောဘော။ ဖုံးဖိသိုဝှက် မလျှုရက်အောင် စုံမက်နှမြောသော လောဘသည်၊ ပရမ္ပိ။ နောင်သံသရာ နောင်အခါ၌၊ ပေတိကော။ စားသောက်ဝတ်ရုံ လုံးစုံကင်းပ ဆင်းရဲလှသည့် ဘဝညံ့ဆိုး ပြိတ္တာမျိုး၌ ဖြစ်တတ်ပါပေ၏။

http://www.dhammadownload.com



မိမိရရှိတဲ့ပစ္စည်းကို ဆွေတွေမျိုးတွေလဲ မပေးရက်ဖူး။ ရဟန်းသံဃာတွေလဲ မလှူရက်ဖူး။ အဲဒီလို သဘောဆိုးရှိတဲ့ ပုဂ္ဂိုလ်များကျတော့ စားရေးသောက်ရေး မပြည့်စုံတဲ့ ပြိတ္တာဘဝရောက်တတ်တယ်တဲ့ ဆရာတော်ဘုရားက အဲဒီလို လောဘရဲ့အပြစ်ကို လေးမျိုးပြပြီးတော့မှ ဘုရားရှိခိုးတာ။

တံလောဘံ= ခုရောနောက်ခါ ဘယ်အခါမျှ အကောင်းမဖက်သက်သက်ဆိုးဝါး ထိုလောဘတရားကို၊ ပရိဇာနန္တံ= ပရိညာသုံးတန်ဖြင့်ပိုင်းခြားဝေဖန်၍ သိတော်မူသော၊ ဝီတလောဘကံ= လောဘကင်းစင်ဘုရားရှင်ကို၊ အဟံ= အကျွန်ုပ်သည်၊ ဝန္ဒေ= ရိုသေ မြတ်နိုး လက်စုံမိုး၍ရှိခိုးပါ၏ မြတ်စွာဘုရား။

အဲဒီလိုဆိုပြီး ဘုရားခန်းထဲ ဝင်ဝင်ပြီးတော့ သူ့သန္တာန်မှာလောဘဖြစ်နေတာကို နှိမ်နင်းတာ။ လောဘဖြစ်ရင် ဖြစ်မှန်းသိတယ်။

**သရာဂံဝါ စိတ္တံ၊ သရာဂံ စိတ္တန္တိ ပဇာနာတိ။**

လောဘစိတ်ဖြစ်ရင် လောဘစိတ်ဖြစ်နေတယ်လို့ သိတယ်စသည် စိတ္တာနုပဿနာ ပွားနည်းက ရှိနေတာကိုး။

ဘုန်းကြီးတို့ တရားအားထုတ်တဲ့ ယောဂီများ လောဘဖြစ်ရင်ဖြစ်မှန်းသိတယ်၊ ဒေါသဖြစ်ရင် ဖြစ်မှန်းသိတယ်၊ မောဟဖြစ်ရင် ဖြစ်မှန်းသိတယ်။

သတိထားရင် လောဘ၊ ဒေါသ၊ မောဟ ဖြစ်မှန်းသိပါတယ်။ စိတ္တာနုပဿနာ၊ လောဘဖြစ်ပြီဆိုရင် ဘုန်းကြီးတို့ မန္တလေးမြို့ရွှေရေးဆောင်ကျောင်းတိုက် အထူးစာချအကျော် စံကျောင်းဆရာတော်ဘုရားက မိန့်ကြားပုံက ပထမဆုံး ရွှေရေးဆောင်ကျောင်းတိုက်ကြီးကို ရွှေရေးဆောင်မိဖုရားက ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။

http://www.dhammadownload.com



ကျောင်းပုံစံက ပြင်သစ်က ပုံစံယူပြီးတော့ ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။

ဒုတိယတစ်ကြိမ် အင်မတန်ကြီးမားတဲ့ အလယ်တိုက်ကြီး ပြင်ပါတယ်။ စစ်အတွင်းမှာ မီးလောင်ပြီးသွားတော့ တတိယအကြိမ် ဗန္ဓုလဦးဆိုင်က ပထမနေ့ လှည့်ပတ်ကြည့်ပါတယ်။ ပြုပြင်ရအောင်လို့ပါပဲ။ ဆရာတော်ဘုရားကတော့ တံမျက်စည်းလှည်းပြီးတော့ နေတယ်။ ဗန္ဓုလဦးဆိုင် လှည့်ပတ်ကြည့်တာလဲ မြင်တယ်။ သိတယ်။ သို့သော် ဒကာကြီးလို့ နှုတ်တောင်မဆက်လိုက်ဘူး။

ဒါနဲ့ နောက်တစ်ရက် လာကြည့်ပြန်တယ်။ နောက်တစ်ရက် လာကြည့်တော့ ဆရာတော်စီ လာရှိခိုးတယ်။ ပထမရက် နှုတ်တောင် မဆက်ဘူး။ နောက်တစ်ရက်လာတော့ ဗန္ဓုလဦးဆိုင်က မနေ့က တပည့်တော်တို့လာတာ ဆရာတော် သိတယ်မဟုတ်လား။ သိပါတယ်။ မမြင်ဘူးလား ဘုရား။ မြင်ပါတယ်။ မြင်ရက်နဲ့ ဘာပြုလို့ နှုတ်မဆက်သလဲ ဘုရားလို့ဆိုတော့-

ဆရာတော်ဘုရားက ဒီကျောင်းအိုကြီး ဗုံးဒဏ်သင့်၊ မီးသင့်သွားတာ ဒီကျောင်းကြီးကို ပြင်ချင်တဲ့စိတ်နဲ့ ပြင်မည့်ဒကာ ဘယ်သူများ ရှိပါလိမ့်လို့ မျှော်ပြီးတော့နေတာ ကြာလှပါပြီ။ ဒါပေမယ့် ဘုန်းကြီး သန္တာန်မှာ ဒီလောဘဖြစ်နေတာ အံကြိတ်ပြီး ဒကာကြီးကျောင်းပြင်ရန် လာတာ ဝမ်းသာပါတယ်လို့ ပြောရမှာရှက်လို့ပါ။ တစ်ခါတစ်ရံ လောဘဖြစ်တဲ့အခါ အံကြိတ်ပြီးနေရလို့ ဘုန်းကြီး "အံသွားတွေတောင် တိုလို့"လို့ ဆရာတော်က ပြောတယ်။

ဒကာကြီးက "အရှင်ဘုရား နေမှနေနိုင်လိုက်လေဘုရား"လို့ ပြောတယ်။ ဆောက်တာပါပဲ အင်မတန်ကြီးမားတဲ့ ကျောင်းတိုက်ကြီး

http://www.dhammadownload.com



ပါ။ ကျောင်းတိုက်ကြီးပြီးတဲ့အခါကျတော့ စာချတဲ့အခန်းမှာ (၈)နှစ်လောက် စာချပြီးတော့ ရှေးဆရာတော်ကြီးကိုလဲ ကျေးဇူးဆပ်ပါတယ်။ ကျောင်းဒကာကြီး ဗန္ဓုလဦးဆိုင်တို့ကိုလဲ ကျေးဇူးဆပ်ပါတယ်။ အဲဒီတော့ "လောဘမဖြစ်အောင် အံကြိတ်ရတာ အံသွားတွေတိုလို့" ဆရာတော်ကြီးက ပြောပါတယ်။

မိမိတို့သန္တာန်မှာ လောဘဖြစ်ရင်လဲ ဖြစ်မှန်းသိတယ်။ အမှုမဲ့အမှတ်မဲ့နဲ့ နေရင်တော့ မသိပါဘူး။ အခု အမှုမဲ့၊ အမှတ်မဲ့နေရာက အမှုအမှတ်နဲ့ နေဖို့ တရားဝင်ကြတာပါ။

အဆင်းကို မြင်လိုတယ်၊ ကြည့်လိုတယ်၊ အသံကို ကြားချင်တယ်၊ အနံ့ကို နမ်းရှူချင်တယ်၊ အရသာအစာကို စားချင်ဝါးချင်တယ်၊ အတွေ့အထိ တွေ့ထိချင်တယ်၊ တွေးကြံနေချင်တယ်၊ ဘာကိုလိုချင်တယ်ဆိုတာ တရားအားထုတ်ထားတဲ့ပုဂ္ဂိုလ်၊ တရားလိုက်စားတဲ့ပုဂ္ဂိုလ်များ သိအောင်နေတော့ သိတယ်။

သိတဲ့အခါ ငါးခုံဆရာတော်ကြီးတို့လို၊ ရွှေရေးဆောင်ဆရာတော်ကြီးတို့လို အံကြိတ်ပြီးတော့ ဒီလောဘကို ခံနိုင်ရည်ရှိအောင် ကြိုးစားရပါတယ်။ ဆရာတော်ဘုရားကတော့ ဘုန်းကြီးတို့အား လောဘထိန်း ချုပ်ပုံလေးတွေကို ပညာပေးတာပါပဲ။

ဘုန်းကြီးရဲ့ ဥပဇ္ဈာယ်ဆရာတော်ဘုရားကြီးဖြစ်တဲ့ မုံရွာမြို့ သပြေပင်တောရဆရာတော်ကလဲ "ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး" ပစ္စည်းလေးပါးနဲ့ ပတ်သက်ပြီးတော့ ဘယ်ဒကာ ဒကာမကိုမှ အလှူမခံဘူး။

ဘုန်းကြီး ကိုရင်ဘဝ မုံရွာမြို့ သပြေပင်တောရမှာ စာသင်သားများအား အရုဏ်ဆွမ်းကျွေးပါတယ်။ တစ်ခါတစ်ရံ ဆန်ကုန်သွား

http://www.dhammadownload.com



တယ်။ ဆန်ကုန်ရင် ရပ်ထားတာပဲ။ ဘယ်မှ အလှူခံလေ့မရှိဘူး။

တစ်ခါတော့ ကျောင်းတိုက်ထဲမှာ ကျောင်း(၇)လုံးဆောက်ထားတဲ့ ကျောင်းဒကာကြီး၊ ဆရာတော်ရဲ့ ပစ္စည်းလေးပါး ဒကာကြီးကို ဆရာတော်က မပြောဘူး။ ဆွမ်းစားကျောင်းဘုန်းကြီးက "ဒကာကြီး ဆန်ကုန်နေပြီ၊ အရုဏ်ဆွမ်းမကပ်ရတာ နှစ်ရက်ရှိပြီ"လို့ သွားပြောတယ်။ ပထမတော့ လှူလိုက်တယ်။ နောက်တစ်ခါ ဆန်ကုန်ပြန်ရော။ ကျောင်းဒကာက သူ့စိတ်နဲ့သူ ဖြစ်ပေါ်လာမှ ကျောင်းတွေ ဘာတွေ ဆောက်ပြီးလှူတာ။ ဒုတိယအကြိမ် ဆွမ်းစားကျောင်း ကိုယ်တော်က သွားပြောတော့ "ကိုယ်တော်တို့ကျောင်းကလဲ သဒ္ဓါလွန်း ဆွမ်းတော်တော်ရပ်"လို့ ပြောလွှတ်တယ်။

ဘုန်းကြီးတို့ ဥပဇ္ဈာယ်ဘုရားကြီးကတော့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးအပေါ် ကြောင့်ကြမစိုက်ဘူး။

ဘုန်းကြီးတို့ ပခုက္ကူနေတုန်းက ပခုက္ကူဆရာတော်ကြီးက ပြောဖူးတယ်။ သံဃာတော်က (၈၀၀)ကျော်လောက်ရှိတာကိုး။

ဆရာတော်က ဘာပြောသလဲဆိုတော့ "ငယ်ငယ်တုန်းကတော့ ဆွမ်းသွားအလှူခံတယ်။ တစ်နပ်စာလောက် ရရင် ပြီးပြီ။ ကျေနပ်လို့ပဲ။ အခုတော့ သံဃာတော်က (၈၀၀)၊ (၉၀၀)လောက်ဆိုတော့ ဘယ်ကဆန်တစ်အိတ် လာလှူမလဲ၊ ဘယ်ကအိတ် (၁၀၀) လာလှူမလဲလို့ မျှော်မိတယ်"လို့ ပြောဖူးတယ်။

အညာကျောင်းတိုက်ဆိုတော့ မိုးရွာရင် သံဃာတော်တွေ ဆွမ်းမခံရပဲ တစ်ပါးကို ဆန်နို့ဆီဗူး (၁)လုံးစီ ဝေရတယ်။ "စာသင်သား ဘဝတုန်းက လောဘတွေကင်းသလိုဖြစ်ပေမယ့် ဆရာတော်ဖြစ်မှ သံဃာတော်များ ဆွမ်းဆန်ဝေနိုင်ဖို့ လောဘဖြစ်ရသလိုပဲ"လို့

http://www.dhammadownload.com



ဆရာတော်က ညီးညူတယ်။

ငါးခုံဆရာတော်ကြီးရဲ့ ဆောင်ရွက်ပုံကို ကြည်ညိုလို့ ငယ်ငယ် ကပင် ကျက်ပြီး လောဘကိုအပြစ်ပြုပြီး လောဘကင်းတော်မူတဲ့ မြတ်စွာဘုရား ကြည်ညိုပုံလေး သဘောကျလို့ ခဏခဏရွတ်နေ မိတယ်။ လောဘထိန်းသိမ်းပုံလေးနဲ့ လောဘခေတ်မကပ်အောင် ဆောင်ရွက်ပုံလေးဟာ တော်တော်အတုယူဖို့ ကောင်းပါတယ်။

ငါးခုံဆရာတော်က- **ပမာဒမူလကော လောဘော၊**

**လောဘော ဝိဝါဒကာရကော။**

**ဒါသဗျကာရကော လောဘော၊**

**လောဘော ပရမ္ပိပေတိကော။**

**တံလောဘံ ပရိဇာနန္တံ၊**

**ဝန္ဒေအဟံ ဝီတလောဘကံ။**

လောဘော= ရူပသဒ္ဒ စသည့်အာရုံ ကာမဂုဏ်ကို ခုံမင် တပ်မက် နှစ်သက်လိုက်စားတတ်သော လောဘသည်၊ ပမာဒ မူလကော= အာရုံပျော်မွေ့ ကုသိုလ်မေ့၍ မေ့လျော့ဖျင်းသွပ် တရား လက်လွတ်ခြင်း၏ အကြောင်းပေတည်း။

လောဘော= ထိုထိုကာမ လက်ကိုင်ရဖို့ နေ့ညမက်မော လောဘဇောသည်၊ ဝိဝါဒကာရကော= ပစ္စည်းအတွက် တကျက်ကျက် နှင့် အမျက်မာန်ပွား ခိုက်ရန်များခြင်းကို ပြုတတ်၏။

လောဘော= တွေ့မြင်သမျှ အရသိမ်းပိုက် လက်ကုန်နှိုက် သည့် လောဘမိုက်သည်၊ ဒါသဗျကာရကော= သုံး၍မလောက် ခုမျက် မှောက်၌ ကျွန်သပေါက်အမှန် အစေခံအဖြစ်ကို ပြုတတ်ပါပေ၏။

http://www.dhammadownload.com



လောဘော= ဖုံးဖိသိုဝှက် မလျှိုရက်အောင် စုံမက်နှမျောသော လောဘသည်၊ ပရမ္ပိ= နောင်သံသရာ နောင်ခန္ဓာ၌၊ ပေတိကော= စားသောက်ဝတ်ရုံ လုံးစုံကင်းပ ရှာမရသည့် ဘဝည့်ဆိုး ပြိတ္တာမျိုး၌ ဖြစ်တတ်၏။

တံလောဘံ= ခုရောင်နောင်ပါ ဘယ်အခါမျှ အကောင်းမဖက် အဆိုးသက်သက်သာ ဖြစ်သော တရားဆိုး တရားပျက်ကို၊ ပရိဇာနန္တံ= ပရိညာသုံးတန်ဖြင့် ခွဲခြားဝေဖန်၍ သိတော်မူသော၊ ဝီတလောဘကံ= လောဘကင်းစင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို၊ အဟံ= အကျွန်ုပ်သည်၊ ဝန္ဒေ= ဝန္ဒာမိ= ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။

သာဓု - သာဓု - သာဓု

*****

http://www.dhammadownload.com



ယနေ့ သာသနာတော်နှစ် ၂၅၅၀ ပြည့်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် (၄)ရက်နေ့ လယ်တီဝိပဿနာ (၇)ရက်တရားစခန်း အကြိမ် (၁၀၀)မြောက် ကျင်းပနေတဲ့အချိန်။

**ဒေါသ**

အကုသိုလ်လဲမည်၊ အကုသိုလ်ရဲ့ အမြစ်အရင်းလဲမည်တဲ့ တရား (၃)ပါး၊ အဲဒီတရားတွေကတော့ လောဘ၊ ဒေါသ၊ မောဟ အကုသိုလ်လဲ မည်တယ်။ အကုသိုလ်ရဲ့ အမြစ်အရင်းလဲ မည်ပါတယ်။ ဒီနေ့ ဒေါသ၊ ဒေါသလို့ ပြောလိုက်တာနဲ့ ဘုန်းကြီးတို့ ဗုဒ္ဓဘာသာများက သိကြတယ်။ "ဒုဿတီတိ ဒေါသော"၊ ဒုဿတိ= ကိုယ်စိတ်ကို ဖျက်ဆီးတတ်၏၊ ဣတိတသ္မာ= ထိုကြောင့်၊ ဒေါသော= ဒေါသမည်၏။

ကိုယ်ရောစိတ်ပါ ဖျက်ဆီးတတ်တဲ့အတွက် ဒေါသ၊ "မြွေဟောက်တမျှ ထောင်းထောင်းထလျှက် ယှဉ်ဘက်စိတ်ခတ် ကိန်းဝပ်မိရာ သတ္တဝါကို ပူဆာစေခြင်း ဖျက်ဆီးခြင်း မယွင်းဒေါသ မှတ်"။ မြွေဟောက်တို့ မြွေဆိုးတို့ ဒုတ်ထောက်ပြီ မိုးလိုက်ရင် စိတ်ဆိုးမာန်ထပြီးနေတဲ့အတွက် ယှဉ်ဘက်စိတ်ခတ်တွေကိုလဲ ပူဆာစေတယ်။ ကိန်းဝပ်မိရာ သတ္တဝါတွေကိုလဲ ပူပြင်းစေတယ်။ ပူဆာစေပြီးတော့ ပူပြင်းစေပြီးတော့ ဖျက်ဆီးတတ်တဲ့ သဘောတရားဟာ ဒေါသ။

အဲဒီ ဒေါသကို လက္ခဏာ၊ ရသ၊ ပစ္စုပ္ပန်၊ ပဒဋ္ဌာန်လေးပါးနဲ့ ဝေဖန်လိုက်တဲ့အခါ "စဏ္ဍိက္ကလက္ခဏော ဒေါသော"။ ဒေါသော= ကိုယ်စိတ်နှစ်ပါးကို ဖျက်ဆီးတတ်သော ဒေါသသဘောတရားသည်၊

http://www.dhammadownload.com



စန္တိက္ကလက္ခဏော- ကြမ်းတမ်းသော ကိုယ်စိတ်ဖြစ်ကြောင်း လက္ခဏာ ရှိ၏။

ကြမ်းတမ်းတဲ့ကိုယ်စိတ်ဖြစ်ကြောင်း ဖြစ်တဲ့လက္ခဏာ ရှိတယ်။

နိဿယဒဟနရသော- မှီရာဖြစ်တဲ့စိတ်၊ မှီရာဖြစ်တဲ့ သတ္တဝါကို လောင်မြိုက်ခြင်း လုပ်ငန်းရှိတယ်။ ဒေါသနဲ့ယှဉ်တွဲနေတဲ့ စိတ်ကိုလဲ လောင်မြိုက်တတ်တယ်။ သတ္တဝါကိုလဲ လောင်မြိုက်တတ်တယ်။ စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တွေကိုလဲ လောင်မြိုက်တတ်တယ်။

ကံကြောင့်ဖြစ်တဲ့ ရုပ်တွေ၊ ဥတုကြောင့်ဖြစ်တဲ့ ရုပ်တွေ၊ အာဟာရကြောင့်ဖြစ်တဲ့ ရုပ်တွေလဲ ကူးစက်ပြီးတော့ လောင်ကျွမ်းစေတယ်။ အိမ်တစ်အိမ် မီးလောင်တယ်ဆိုရင် အခြားအိမ်တွေ ကူးစက်လောင်သလိုပါပဲ။ အဲဒီတော့ ဒီဒေါသရှိနေတဲ့ပုဂ္ဂိုလ်၊ ဒီဒေါသ ရှိနေတဲ့ သတ္တဝါဟာ အသားတွေနီမြန်းလာတယ်၊ မျက်စိတွေနီမြန်းလာတယ်။ စိတ်၊ စေတသိက်၊ ရုပ်အားလုံး ဖောက်ပြန်ပြီး သွားတယ်။

လောကလူတွေကတော့ ဥတုဇရုပ်က အားကောင်းတယ်၊ ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်က အားနည်းပါတယ်။ နတ်များကျတော့ ကမ္မဇရုပ်က အားကောင်းပြီးတော့ ဥတုဇရုပ်က အားနည်းပါတယ်။

ဒါကြောင့် မနောပဒေါသိက နတ်တို့ကျတော့ နတ်သား တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဦးနဲ့တစ်ဦး၊ နတ်သမီး တစ်ယောက်နဲ့ တစ်ယောက်၊ တစ်ဦးတစ်ဦး စိတ်ဆိုးတာနဲ့ပဲ စုတေသွားကြတယ်။ မနောပဒေါသိက နတ်တွေဟာ ဒေါသကြောင့် စုတေကြတယ်။

"ဒုဿန ပစ္စုပဋ္ဌာနော" ကိုယ်စိတ်နှစ်ပါးကို ဖျက်ဆီးတတ်သော တရားပါလို့ ယောဂီရဲ့ဉာဏ်အမြင်မှာ ထင်လာတာဟာ ပစ္စုပဋ္ဌာန်။

http://www.dhammadownload.com



"အာဃာတဝတ္ထုပဒဋ္ဌာနော" အဲဒီဒေါသ ဘာကြောင့် ဖြစ်သလဲ။ အာဃာတဝတ္ထု= ရန်ငြိုးဖွဲ့ခြင်း အကြောင်းဆယ်မျိုးလျှင် နီးသောအကြောင်း ရှိတယ်။ အာဃာတဝတ္ထု (၁၀)ပါး-

(၁) မိမိရဲ့စီးပွားမဲ့ကို ဆောင်ရွက်ခြင်း၊
(၂) မိမိချစ်မြတ်နိုးတဲ့သူရဲ့ စီးပွားမဲ့ကို ပြုခြင်း၊
(၃) မလိုမုန်းထားသူရဲ့ စီးပွားကို ဆောင်ခြင်း၊

အဲဒီ (၃)ပါးကို ကာလသုံးပါးနဲ့ မြှောက်။ မိမိရဲ့စီးပွားကို ရှေ့ကလဲဆောင်ဖူးတယ်။ ယခုလဲ ဆောင်ဆဲ၊ နောင်လဲ ဆောင်ဦးမယ်။

မိမိချစ်မြတ်နိုးသူရဲ့ စီးပွားမဲ့ကို ရှေးကလဲ ဆောင်ဦးမယ်။ ယခုလဲ ဆောင်ဆဲ၊ နောင်လဲ ဆောင်ဦးမယ်။ မိမိ မလိုမုန်းထားသူရဲ့ စီးပွားကို ရှေးကလဲ ဆောင်ဖူးပြီ၊ ယခုလဲ ဆောင်ဆဲ၊ နောင်လဲ ဆောင်ဦးမယ်လို့ ရန်ငြိုးဖွဲ့ခြင်းရဲ့ အကြောင်း (၉)ပါး။

နောက်တစ်ခုကတော့ အဋ္ဌာနကောပ= တစ်စုံတစ်ခု ခလုတ်တိုက်မိလို့ စိတ်ဆိုးတယ်၊ မိုးရွာလို့၊ နေပူလို့ စိတ်ဆိုးတယ်၊ နေပူရင် ပူပြန်ပြီ၊ မိုးရွာလျှင် ရွာပြန်ပြီ။ အရာမဟုတ်သည်မှာ စိတ်ဆိုးတတ်ခြင်း အားလုံး ဒေါသဖြစ်ခြင်းရဲ့ အကြောင်းဟာ (၁၀)မျိုး။

အဲဒီ (၁၀)မျိုးက ပဒဋ္ဌာန်။ ဒေါသနဲ့ ဒေါသမူစိတ်မှာတွဲပြီး အများဆုံးဖြစ်နေတာက ဣဿာဆိုတဲ့ တရားရယ်၊ မစ္ဆရိယဆိုတဲ့ တရားရယ်၊ ကုက္ကုစ္စဆိုတဲ့ တရားရယ်၊ သူတို့သုံးခုကလဲ ပူးတွဲပြီးတော့ ဖြစ်နေတယ်။ ဒေါစတုတ်လို့ ခေါ်ပါတယ်။

ဣဿာဆိုတာ အရပ်သုံးကတော့ မနာလိုတဲ့တရားပါပဲ။ "ပရမ္ပရ ကံကောင်းမသဖြင့် ပြည့်ဝဂုဏ်သိရ် သူ့စည်းစိမ်ကို

http://www.dhammadownload.com



မမြိန်နိုင်ကြောင်း စောင်းမြောင်းမဲ့ရွဲ့ ကဲ့ရဲ့ပြုစူ ရှုံ့ချမူ မှတ်ယူ ဣဿာသဘောတည်း"။

သူတစ်ပါး ကြီးပွားတိုးတက်နေတာကို မမြင်ရက်ဘူး၊ မကြည့်ရက်ဘူး၊ မဲ့တယ်၊ ရွဲ့တယ်၊ ကဲ့ရဲ့တယ်၊ ပြုစူတယ်၊ ရှုံ့ချတယ်၊ ကိုယ့်ထက်သာ မနာလိုတဲ့သဘောဟာ ဣဿာရဲ့ သဘောပါပဲ။ "ဗီးကွက်လောက်တော့ ငှက်တိုင်းလှပါရဲ့" ဆိုတဲ့စကားမျိုးတွေ။ "ဒီယုန်လိုတော့ ခြုံတိုင်းတွေ့ရဲ့" ဒီစကားတွေဟာ ဣဿာရဲ့စကားတွေပါ။

မစ္ဆရိယဆိုတာ ဝန်တိုတာ၊ မစ္ဆရိယဆိုတာ "ရလတံ့ ရပြီး ငါ့ပစ္စည်းနဲ့ အံ့ချီးဖွယ်ကား များကြွယ်သူတစ်ပါး မဖြစ်စေသားဟု ဖြစ်ပွားတတ်လျှင်း ဝန်တိုခြင်းမယွင်း မစ္ဆရိယ သဘောတည်း"။

ရလတံ့ဖြစ်တဲ့ ပစ္စည်းဂုဏ်သိန်၊ ရပြီးဖြစ်တဲ့ ပစ္စည်းဂုဏ်သိရ်၊ သူတစ်ပါးရမှာ စိုးတယ်၊ မိမိပစ္စည်း ချမ်းသာနေတယ်၊ သူတစ်ပါး ချမ်းသာမှာ စိုးတယ်၊ မိမိဘုန်းကံကြီးမားတယ်၊ သူတစ်ပါး ဘုန်းကြီးမှာ စိုးတယ်၊ မိမိမှာ ဂုဏ်သိရ်တွေရှိတယ်၊ သူတစ်ပါးမှာ ဂုဏ်သိရ်ရှိမှာ စိုးတယ်၊ မရှိစေချင်ဘူး။ အဲဒါကြောင့် ဝန်တိုတယ်လို့ မြန်မာစကား ခေါ်ပါတယ်။ မစ္ဆရိယပါပဲ။

ဒါလဲ ဒေါသရဲ့အသင်းအပင်းတွေ။ "ပြုပြီးဒုစရိုက် မပြုလိုက်မိ"။ ကုက္ကုစ္စဆိုတဲ့ စေတသိက်က ရှိသေးတယ်။ ပြုပြီးသား ဒုစရိုက်အတွက် နောင်တတစ်ဖန် ပူပန်တယ်။

"မပြုလိုက်မိ သုစရိ" မပြုလိုက်မိတဲ့ သုစရိုက်အတွက် မပြုလိုက်မိလေခြင်းလို့ နောင်တတစ်ဖန် ပူပန်တယ်။ အဲဒီသဘောကို ကုက္ကုစ္စ။

http://www.dhammadownload.com



"ပြုပြီးဒုစရိုက် မပြုလိုက်မိ သုစရိုအတွက် စက်ဆုပ်အပ်စွာ ကိရိယာကို နောင်ခါတစ်ဖန် ပူပန်တသော ထိုသဘော မှတ်လော ကုက္ကုစ္စ"။

ဒေါသရဲ့အသိုင်းအဝိုင်းတွေပါ ။ဒေါသရှိရင် ဣဿာဆိုတဲ့ မနာလိုတာလဲ ဖြစ်တာပဲ။ ဖြစ်နိုင်တယ်။ မစ္ဆရိယဆိုတဲ့ ဝန်တိုမှုလဲ ဖြစ်နိုင်တယ်။ ကုက္ကုစ္စခေါ်တဲ့ နောင်တတစ်ဖန် ပူပန်မှုလဲ ဖြစ်တတ်တယ်။

ဒေါသ၊ ဒေါသရဲ့ အသိုင်းအဝိုင်းဖြစ်တဲ့ မနာလိုတာ၊ ဝန်တိုတာ၊ နောင်တတစ်ဖန် ပူပန်မှုတွေ မြင်လာပြီဆိုရင် ဒေါသ ကင်းစင်တော်မူတဲ့ မြတ်စွာဘုရားကို အာရုံပြုပြီးတော့ ဒေါသကင်းစင် တော်မူတဲ့ မြတ်စွာဘုရားကို ရှိခိုးလိုက်မယ်။ ဂုဏ်တော်ကို အာရုံ ပြုလိုက်မယ်။ မေတ္တာပွားလိုက်မယ်ဆိုရင် ဒေါသပျောက်နိုင်ပါတယ်။

အဲဒါကြောင့် "ငါးခုံကဝိ မြတ်ဗောဓိ ပယ်ဘိစိတ်ယုတ်မာ" ငါးခုံဆရာတော်ဘုရားက သူ့သန္တာန်မှာ ဒေါသဖြစ်လာပြီ၊ မနာလိုမှု ဝန်တိုမှု ဖြစ်လာပြီ၊ နောင်တတစ်ဖန် ပူပန်မှုဖြစ်လာပြီဆိုရင် ဘုရားခန်း ထဲ ဝင်သွားပြီး၊

ဒေါသော- သူတစ်ပါးအား မုန်းထားရန်လို အမျက်ပို၍ စိတ်တိုကိုယ်ကြမ်း ညှင်းပန်းနှိပ်စက်တတ်သော ဒေါသသည်။

ဒေါသဆိုသည် ဘယ်လိုဟာလဲ။ ဒေါသဟာ သူတစ်ပါးအား မုန်းထားတယ်၊ ရန်လိုတယ်၊ အမျက်ပိုတယ်၊ စိတ်တိုတယ်၊ ကိုယ်ကြမ်း တယ်၊ ညှင်းပန်းနှိပ်စက်တတ်တယ်။

ဝိဟညမူလကော- ကိုယ်တိုင်ပင်ပန်း ရိန္ဓမ်းညှိုးပိန် စိုးရိမ် သောက ဖြစ်ရခြင်း၏ အကြောင်းရင်းပေတည်း။

http://www.dhammadownload.com



ဒေါသဖြစ်ပေါ်လာရင် သူတစ်ပါးကို မုန်းထားရန်လို အမျက်ပိုပြီး စိတ်တိုကိုယ်ကြမ်း ညှင်းပန်းနှိပ်စက်တတ်တယ်။ မိမိသန္တာန်မှာ ဖြစ်လာပြီဆိုရင် ပင်ပန်းပြီးတော့ စိုးရိမ်သောက ဖြစ်ရခြင်းရဲ့ အကြောင်းရင်းဖြစ်တယ်။

**"ဒေါသော ဝိရူပကာရကော"**

ဒေါသော= ဒေါသသည်၊ ဒေါသော= သူတစ်ပါးဂုဏ်သိမ်ရဲ့ အရှိန်ချိုးဖို့ အကျိုးမဲ့အောင် ကဲ့ရဲ့တင်းဆို ရန်လိုစိမ်းကား ပြစ်မှားပြုလုပ်တတ်သော ဒေါသသည်၊

ဒေါသက ဘယ်လိုသဘောရှိသလဲ။ ဒေါသဟာ သူတစ်ပါးဂုဏ်သိမ်ရဲ့ အရှိန်ချိုးဖို့ အကျိုးမဲ့အောင် ကဲ့ရဲ့တင်းဆို ရန်လိုစိမ်းကားတတ်တယ်၊ ပြစ်မှားပြုလုပ်တတ်တယ်။

ဒေါသော= ဒေါသသည်၊ ဝိရူပကာရကော= ခုရောနောင်ခါ သံသရာဝယ် ရုပ်ဝါညှိဖျင်း အဆင်းမလှခြင်းကို ပြုတတ်၏။

အဲဒီလောက်ထိ ဆိုးဝါးတယ်၊ ဒေါသနှိပ်စက်နေတဲ့ မျက်နှာဟာ မကြည်သာဘူး။

**"ဝိနာသ ကာရကော ဒေါသော"**

ဒေါသော= နင်လား ငါလား မိုက်လုံးထွား၍ ကျုံးဝါးခက်ထန် မျက်မာန်ကြမ်းကြုတ် ဒေါသယုတ်သည်၊ နင်လားငါလား မိုက်လုံးထွားပြီးတော့ မျက်မာန်ကြမ်းကြုတ် ဒေါသသည်-

ဝိနာသကာရကော= သူရောကိုယ်ပါ နှစ်ဖြာဂုဏ်သိမ်ရဲ့ ညှိုးမှိန်ပျက်စီး ပြုန်းတီးခြင်းကို ပြုတတ်၏။

သူ့အတွက်လဲ မကောင်းဘူး၊ ကိုယ့်အတွက်လဲ မကောင်းဘူး။ ဂုဏ်သိမ်တွေ ညှိုးမှိန်ပျက်စီးပြီး ပြုန်းတီးခြင်းကို ပြုတတ်တယ်။

http://www.dhammadownload.com



**"ဒေါသော ပရမ္ဟိနေရယော"**

ဒေါသော= ကြမ်းကြုတ်ခက်ထန် မျက်မာန်လှိုက်ဆူ ဒေါသ မူးသည်၊ ပရမ္ဟိ= နောင်သံသရာ နောင်ခန္ဓာ၌၊ နေရယော= ချမ်းသာကင်းပ ဒုက္ခဝိုင်းအုံ ငရဲဘုံ၌ ဖြစ်စေတတ်၏။

နောက်ဆုံးမှာ ဒေါသကြီးတဲ့ ပုဂ္ဂိုလ်ဟာ ချမ်းသာကင်းပြီး ဒုက္ခတွေ ဝိုင်းအုံနေတဲ့ ငရဲဘုံမှာ ကျရောက်တတ်ပါတယ်။ အဲဒီလို အပြစ်အနာအဆာတွေရှိတဲ့၊ တံဒေါသံ= ခုရောနောင်ပါ ဘယ်အခါမှ ချမ်းသာမဖက် သက်သက်ဆိုးဝါး ထိုဒေါသတရားကို၊ ပရိဇာနန္တံ= ပရိညာသုံးတန်ဖြင့် ပိုင်း၍သိတော်မူသော၊ ဝီတဒေါသကံ= ဒေါသ ကင်းစင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို၊ အဟံ= အကျွန်ုပ်သည်၊ ဝန္ဒေ= ရှိခိုးပါ၏ မြတ်စွာဘုရား။

ဘုရားခန်းထဲဝင်ပြီးတော့ ဒေါသရဲ့အပြစ်တွေကို ပြောဆိုပြီး ဘုရားရှိခိုးတယ်။ မလိမ္မာလတ် ဤပါးစပ် ရန်ဓာတ်ဖြစ်တော့သည်။ လိမ္မာတုံငြား မိတ်အလား လိုတိုင်းရသည့် ပတ္တမြားဟု အဆိုရှိပါတယ်။ ဒေါသဟာ နောက်ဆုံး ငရဲဘုံရောက်နိုင်စေတယ်။

**ဒေါသော အတ္ထံ နဇာနာတိ၊ ဒေါသော ဓမ္မံ နပဿတိ။**

**ဟန္ဓတမံ တဒါ ဟောတိ၊ ယံဒေါသော သဟတေနရံ။**

ဒေါသဖြစ်နေတဲ့ ပုဂ္ဂိုလ်များ အမိုက်မှောင်ကျနေတယ်။ အကျိုးလဲ မသိဘူး။ အကြောင်းလဲ မသိဘူး။ အဆိုးအကောင်းတောင် မသိဘူး။

လွန်ခဲ့တဲ့နှစ် (၅၀)ကျော်က ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့မှာ အနုမြူပုံး (၁၅)တန်ရှိတဲ့ ဗုံးကြီးကို ဖြုတ်ချတဲ့ပုဂ္ဂိုလ်က အမေရိကန် သား။

http://www.dhammadownload.com



နောက်ကျတော့ သူ့ကိုမေးကြတယ်။ အနှမြူဖုံးခလုတ်ကို ဖြုတ်ချတဲ့အခါ ဘယ်လိုခံစားရပါသလဲလို့ မေးတော့ "ဘယ်လိုမှ မခံစားရဘူး"တဲ့။ ဒါပေမယ့် သေတာကတော့ တစ်မြို့ထဲ လူ (၅၀၀၀၀) ကျော် သေတာပဲ။ အဲဒါ ဒေါသရဲ့စွမ်းအင်ကြောင့်ဖြစ်တာ။ အပြစ် အနာအဆာ ရှိမှန်းကို မသိတော့ဘူး။

အဲဒါ မရှေးမနှောင်းပဲ ဟစ်တလာတို့ စစ်ပွဲကျတော့ လူ (၆)သန်းလောက် သတ်တာပဲ။ (၆)သန်းလောက် သတ်ပေမဲ့ သူတို့မှာ အကုသိုလ်လို့ မယူဆကြဘူး။ ကုသိုလ်ရယ်၊ အကုသိုလ်ရယ်လို့ကို မသိဘူး။ အဲဒီအချိန်က ဒေါသဆူဝေပြီး ယခုလို လုပ်တာဟာ မကောင်းဘူး စသည့် အပြစ်စကားရေးတော့ "ဟစ်တလာ"က "ရိုးလွန်းလှသည်"ဟု ပြောသတဲ့။

ဒါကြောင့် လူတစ်ယောက်ဟာ အကုသိုလ်ကို အကုသိုလ်လို့ သိတယ်။ တစ်ယောက်က အကုသိုလ်ကို အကုသိုလ်လို့မသိဘူး။

အဲဒီ ပုဂ္ဂိုလ်နှစ်ယောက် အကုသိုလ်မှု ကျူးလွန်ကြတဲ့အခါ ဘယ်ပုဂ္ဂိုလ်က အပြစ်ကြီးပါသလဲဆိုတော့ အကုသိုလ်ကို အကုသိုလ်မှန်း မသိတဲ့ပုဂ္ဂိုလ်က ပိုပြီးတော့ အပြစ်ကြီးပါတယ်။ ပြာဖုံးနေတဲ့ မီးခဲကို ပြာဖုံးနေတာပဲလို့ သိတဲ့ပုဂ္ဂိုလ်က ဆဆလေးကိုင်တယ်။ မီးခဲပြာဖုံးမှန်း မသိတဲ့ပုဂ္ဂိုလ်ကျတော့ တအားဆုပ်ကိုင်လိုက်တော့ ပိုဒုက္ခရောက်တယ်။

အကုသိုလ်ကို အကုသိုလ်လို့သိတဲ့ ပုဂ္ဂိုလ်က အင်မတန် ကံကောင်းတယ်။ မလွှဲသာလို့ အကုသိုလ်ပြုရစေကာမူ အကုသိုလ်မှန်း သိတော့ ခပ်ရွံ့ရွံ့ပဲ။

http://www.dhammadownload.com



အကုသိုလ်ကို အကုသိုလ်မှန်းသိတဲ့ပုဂ္ဂိုလ် အနုမြူဗုံးတစ်လုံး ချလိုက်တာ လူငါးသောင်းကျော်လောက် သေတယ်။ သိတဲ့ပုဂ္ဂိုလ် ကျတော့ အလွန်စိတ်မကောင်းဖြစ်ပေမယ့် သက်သာတယ်။

အခုလို အကုသိုလ်ပြုလို့ ငရဲမှာကျရလိမ့်မယ်လို့ သူမသိဘူး။ ကံ,ကံ၏အကျိုးကို နားမလည်ဘူး။ အကုသိုလ်ဖြစ်မှန်းကို မသိတဲ့အခါ ကျတော့ အမိုက်မှောင်ကြီး ကျနေတာကိုး။

ဒါကြောင့် ကမ္ဘာမှာစစ်ဖြစ်တယ်ဆိုတာ လောဘ၊ ဒေါသ၊ မောဟ ကြောင့်ပဲ။ ဒီလောဘ၊ ဒေါသ၊ မောဟတို့ဟာ အကုသိုလ်လဲ ဖြစ်တယ်။ အကုသိုလ်ရဲ့အမြစ်လဲ ဖြစ်တယ်။

လောကကြီးဟာ မနေ့ညကပဲ နိုင်ငံတစ်နိုင်ငံက အနုမြူဗုံး စမ်းတယ်။ အလကား စမ်းတာတော့ မဟုတ်ဘူး။ လူပေါင်းများစွာ သေစေနိုင်တဲ့လက်နက် ရလို့ရှိရင် တစ်ချိန်မှာ မလွဲသာမရှောင်သာရင် လူအများကို သတ်လိုတဲ့ အတွက်ကြောင့် ဒီလက်နက်ကို လုပ်ကြတာ ပါပဲ။

ဒါကြောင့် ဗုဒ္ဓဘာသာ ဥပါသကာ ဥပါသိကာတို့ဟာ ဗုဒ္ဓ ဓမ္မ သံဃ ကိုးကွယ်တဲ့ပုဂ္ဂိုလ်များ လက်နက်အရောင်းအဝယ် မလုပ် ရဘူး။ ရတနာသုံးပါးကို ကိုးကွယ်တဲ့ ဥပသကာများဟာ အရောင်း အဝယ်မလုပ်ရတဲ့ ငါးမျိုးထဲမှာ လက်နက်အရောင်းအဝယ် မလုပ်ရတာ ပါဝင်ပါတယ်။ အဲဒီတော့ လောဘ၊ ဒေါသ၊ မောဟ ငြိမ်းရင် ကမ္ဘာ ငြိမ်းချမ်းမယ်။

လောဘဒေါသ မောဟအရှိန်၊ ကမ္ဘာစစ်ကြီး လောင်မီး ကြိမ်ကြိမ်၊ လောဘဒေါသ မောဟငြိမ်းချိန်၊ ကမ္ဘာဝှမ်း ငြိမ်းချမ်းသည့် အချိန်။

http://www.dhammadownload.com



မြတ်စွာဘုရားက ရဟန်းတော်များကို မေးတယ်။ "အမတံ အမတံန္တိ ဘန္တေ ဝုစ္စတိ၊ ကတမံ နုခေါ ဘန္တေ တံ အမတံ" အမြိုက်နိဗ္ဗာန် အမြိုက်နိဗ္ဗာန်ဆိုတာ ဘာပါလဲဘုရား။

မြတ်စွာဘုရား ရာဂက္ခယော "လောဘတဏှာ ကုန်တာဟာ နိဗ္ဗာန်ပဲ"တဲ့။

ဒေါသက္ခယော= ဒေါသကုန်တာဟာ နိဗ္ဗာန်၊ မောဟက္ခယော= မောဟကုန်တာဟာ နိဗ္ဗာန်။

အဲဒီ ရာဂ ဒေါသ မောဟ ကုန်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းက ဘာပါလဲဘုရား။ ရာဂခေါ်တဲ့ လောဘကုန်အောင် ဘယ်လိုလုပ်ရမလဲ။

ဒီနေ့ ဟောတဲ့ဒေါသ၊ သူ့အတွက်လဲ အကျိုးမရှိ။ ကိုယ့်အတွက်လဲ အကျိုးမရှိတဲ့ ဒီဒေါသကို ကုန်အောင် ကျင့်ကြံတဲ့နည်းက ဘယ်ဟာပါလဲဘုရားလို့ လျှောက်တော့-

မြတ်စွာဘုရားက မဂ္ဂင် (၈)ပါးပါပဲ။ ယခု ယောဂီများ သီလ အခြေခံပြီး အားထုတ်နေကြတဲ့ သမာဓိ၊ မနက်ဖြန်မှာ ရောက်မည့် ဝိပဿနာ။

ဒီသီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ဖြစ်တဲ့ မဂ္ဂင် (၈)ပါး အကျင့်တရားဟာ ရာဂကုန်ရာ ဒေါသကုန်ရာ မောဟကုန်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်းဖြစ်သည့်အတွက် ဆက်လက်ပြီးတော့ ကြိုးစားအားထုတ်ကြပါလို့ တိုက်တွန်းရင်း ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

*****

http://www.dhammadownload.com



ယနေ့ သာသနာတော်နှစ် ၂၅၅၀ ပြည့်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် (၅)ရက်နေ့။

အကြိမ် (၁၀၀)မြောက် လယ်တီဝိပဿနာ (၇)ရက်စခန်း ကြိုးပမ်းနေကြတဲ့ ယောဂီသူတော်စင်များ သမထကနေပြီး ဝိပဿနာသို့ ကူးပြောင်းပြီးလာခဲ့ကြပြီ။

**မောဟ**

မိမိတို့သစ္စာလေးပါး အမှန်တရားကို ဖုံးလွှမ်းတတ်တဲ့ မောဟ ပျောက်အောင် အားထုတ်နေကြတာ။ မောဟနဲ့အဝိဇ္ဇာ အတူတူပါပဲ။ "မိုက်မဲစွာလှ မှောင်ကြီးကျ မောဟအဝိဇ္ဇာ"လို့ ကျေးဇူးတော်ရှင် ပထမလယ်တီဆရာတော်ဘုရားကြီးက အဝိဇ္ဇာရဲ့သဘောသဘာဝကို ဖွင့်ဆိုတော်မူပါတယ်။

မိုက်မဲတယ်၊ မှောင်ကျတယ်။ အဲဒီတရားဟာ ဘယ်တရားလဲ မောဟပါပဲ။ အဲဒါကြောင့် "မိုက်မဲစွာလှ မှောင်ကြီးကျ မောဟ အဝိဇ္ဇာ"။

"အဘယ်ကြောင့် မောဟလို့ ခေါ်သလဲ"။ "မုယှတီတိမော ဟောနာမ" တွေဝေတတ်သောကြောင့် မိုက်မဲတတ်သောကြောင့် မောဟ။

"သော အညာဏ လက္ခဏော"။ သော= ဤမောဟသည်၊ အညာဏလက္ခဏော= ဉာဏ်၏ဆန့်ကျင်ဘက် လက္ခဏာရှိ၏။

အမှန်ကိုသိတာက ဝိဇ္ဇာ၊ ဝိဇ္ဇာရဲ့ ဆန့်ကျင်ဘက်က အဝိဇ္ဇာ၊

ဉာဏ်= ပညာ = ဝိဇ္ဇာ

အဉာဏ = မောဟ = အဝိဇ္ဇာ

http://www.dhammadownload.com



ဘေသော အညာဏ လက္ခဏော။ မောဟသည် ဉာဏ်၏ ဆန့်ကျင်ဘက်လက္ခဏာ ရှိ၏။

**အာလမ္ဗသဘာဝစ္ဆာဒနပစ္စုပဋ္ဌာနော။**

မှန်ကန်တဲ့အာရုံ သဘောသဘာဝကို ဖုံးလွှမ်းခြင်းကိစ္စရှိတယ်။ သစ္စာလေးပါးကို သိနိုင်တဲ့ဉာဏ်မျက်လုံးကို ကာဏ်းအောင် ပြုတတ်တဲ့သဘောတရား ပစ္စုပဋ္ဌာန်၊ ပညာမျက်လုံးကို ကာဏ်းစေတတ်တဲ့ သဘောတရားဟု ယောဂီရဲ့ဉာဏ်မှာ ထင်တယ်။

**"အယောနိသော မနသိကာရ ပဒဋ္ဌာနောတိ သညိတော"**

အဲဒီအဝိဇ္ဇာဆိုတဲ့ မောဟ ဘာကြောင့်ဖြစ်သလဲ။ အယောနိသော မနသိကာရကြောင့် ဖြစ်တယ်။ မသင့်မသင့် နှလုံးသွင်းခြင်း၊ ဆင်ခြင်ခြင်းသည် မောဟဖြစ်ခြင်းရဲ့ အနီးဆုံးအကြောင်းတရားပဲ။

ဒါကြောင့် မြတ်စွာဘုရားက အယောနိသော မနသိကရောကော= မသင့်မသင့် နှလုံးသွင်းဆင်ခြင်သော ပုဂ္ဂိုလ်အား၊ အနုပ္ပန္နာစေဝ အကုသလာဓမ္မာ= မဖြစ်သေးတဲ့ အကုသိုလ်တရားတွေလဲ ဖြစ်တယ်။ ဥပ္ပန္နာစ အကုသလာဓမ္မာ ဝဍ္ဎန္တိ= ဖြစ်ပြီးသား အကုသိုလ်တရားတွေလဲ တိုးပွားတယ်။ အဲဒီတော့ မောဟရဲ့လက္ခဏာ၊ မောဟရဲ့သဘာဝ၊ မောဟရဲ့ကိစ္စ၊ မောဟရဲ့ပစ္စုပ္ပဋ္ဌာန်၊ မောဟရဲ့ပဋ္ဌာန်တို့ကို သိရှိပြီး ထင်ရှားအောင် ပြောရရင်၊

**နဝိဒတီတိ အဝိဇ္ဇာ**= မသိတတ်သောကြောင့် အဝိဇ္ဇာ။

မောဟ= အဝိဇ္ဇာ၊ အဝိဇ္ဇောဃ ဆိုတဲ့နာမည်ဟာ မောဟရဲ့ နာမည်ပါပဲ။ ဩဃလေးပါးထဲမှာ ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ။ အဲဒီလေးပါးထဲက အဝိဇ္ဇောဃအရ မောဟကို အရကောက်ရတာပါပဲ။

http://www.dhammadownload.com



**နဝိန္ဒတီတိ အဝိဇ္ဇာ။**

နဝိန္ဒတိ= မသိတတ်ဘူးတဲ့။ အဝိဇ္ဇာ= တွေ့ဝေတတ်သော ကြောင့် မောဟ= မသိတတ်သောကြောင့် အဝိဇ္ဇာ။

မသိတတ်ဘူး။ ဘယ်လိုမသိတတ်သလဲဆိုတော့ ငါးခုံဆရာ တော်ဘုရားက -

**"သဗ္ဗာယ မူလကော မောဟော"**

မောဟော= သစ္စာလေးတန် ပုဗ္ဗန္တာ ပရန္တ ပစ္စယာကာရ (၈)ဌာနလုံး ပိတ်ဖုံးကွယ်ကာ အဝိဇ္ဇာမည်ရ မိုက်မောဟသည်၊ မောဟ က ဘာတွေပိတ်ဖုံးထားသလဲ။ ဘယ်နေရာတွေ ပိတ်ဖုံးထားသလဲ။

## (၈)ဌာန

သစ္စာလေးပါးနဲ့ ပတ်သက်ပြီး ဒုက္ခအမှန်ကိုမသိအောင်၊ ဆင်းရဲတာအမှန်ကို မသိအောင်၊ ဆင်းရဲဖြစ်ကြောင်းအမှန်ကို မသိအောင်၊ ဆင်းရဲချုပ်ကြောင်းအမှန်ကို မသိအောင်၊ ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း မဂ္ဂင်(၈)ပါး အကျင့်တရား မဂ္ဂသစ္စာကို မသိအောင် ပိတ်ဆို့ထားတာဟာ မောဟပါပဲ။

ပုဗ္ဗန္တ= ရှေးဘဝက ဘယ်လိုဖြစ်ခဲ့တယ်။ အပရန္တ= နောက်ဘဝ ဘယ်လိုဖြစ်မယ်လို့မသိအောင်၊ ပုဗ္ဗန္တာပရန္တ= ရှေ့ဘဝ နောက်ဘဝ ရှေ့အစွန်း နောက်အစွန်း အဲဒီလိုမသိအောင် မောဟက ပိတ်ဖုံးဆို့ပြီး တော့ထားတယ်။

ပစ္စယာကာရ= အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်။ သင်္ခါရ ကြောင့် ဝိညာဉ်ဖြစ်တယ် စသည်လို့ အကြောင်းအကျိုးကို မသိအောင် ဖုံးဖိကွယ်ကာပြီးတော့ထားတာလဲ မောဟပဲ။

http://www.dhammadownload.com



ဒါကြောင့် **"သဗ္ဗာဃမူလကော မောဟော"**။

မောဟော= သစ္စာလေးတန် ပုဗ္ဗန္တာပရန္တ ပစ္စယာကာရ (၈)ဌာန လုံး ပိတ်ဖုံးပိတ်ကာ အဝိဇ္ဇာမည်ရ မိုက်မောဟသည်၊ သဗ္ဗာဃ မူလကော= ဆင်းရဲဖြစ်ခြင်း ဒုက္ခပင်းတို့၏ အကြောင်းရင်းပါ ပေတည်း။

မောဟဟာ အလုံးစုံသော ဒုက္ခတို့ရဲ့ အကြောင်းရင်းပဲတဲ့။ မောဟနဲ့ အဝိဇ္ဇာအတူတူပဲ ဆိုတော့ **"တတ္ထ ကတမာ အဝိဇ္ဇာ"** မြတ်စွာဘုရားကိုယ်တော်တိုင် ပဋိစ္စသမုပ္ပါဒ် ပါဠိတော်ကြီးမှာ အဝိဇ္ဇာဆိုတာ ဘယ်ဟာမျိုးခေါ်သလဲ။

ဒုက္ခေအညာဏံ= ဒုက္ခမသိတာ အဝိဇ္ဇာ၊

ဒုက္ခသမုဒယေညာဏံ= ဒုက္ခဖြစ်ကြောင်း မသိတာအဝိဇ္ဇာ၊ ဒုက္ခနိရောဓေအညာဏံ= ဒုက္ခချုပ်ရာမသိတာအဝိဇ္ဇာ၊ ဒုက္ခနိရောဓ ဂါမိနိယာ အညာဏံ= ဒုက္ခချုပ်ရာနိဗ္ဗာန်ရောက်ကြောင်း မသိတာအဝိဇ္ဇာ။

သစ္စာလေးပါး အမှန်တရားကိုသိတဲ့ ဉာဏ်မျက်စိရဲ့ ဆန့်ကျင် ဘက် အညာဏမောဟအဝိဇ္ဇာပဲ။

အဲဒီ အဝိဇ္ဇာဓာတ်ပျောက်သွားရင် ဝိဇ္ဇာဓာတ်အလင်းရောင် ရောက်ပြီးလာတယ်။

ဘုန်းကြီးတို့ အကြိမ် (၁၀၀)မြောက် ဝိပဿနာတရားစခန်းမှာ ယနေ့ ဒုက္ခနဲ့ပတ်သက်ပြီးတော့ သိဖို့ရာ ဝိပဿနာကူးပြီးတော့ အားထုတ်နေကြတယ်။

ဒုက္ခဆိုတာ ဘာတွေလဲ။ "ခန္ဓာနာမ်ရုပ် အကောင်ပုပ် ဒုက္ခသစ္စာသာ" ခန္ဓာငါးပါး အကျဉ်းချုပ်လိုက်တော့ နာမ်ရုပ်။ အဲဒီ နာမ်ရုပ်ကိုသိဖို့ ဝိပဿနာအားထုတ်နေကြတာပါ။

http://www.dhammadownload.com



တစ်နည်းအားဖြင့် နာမ်ရုပ်ဒုက္ခကို မသိတဲ့ မောဟဆိုတဲ့ အဝိဇ္ဇာကို တဖြည်းဖြည်းချင်း ကင်းအောင် အားထုတ်နေကြတာပါ။ အမှောင်ထုကင်းပျောက် ရှင်းလင်းသွားအောင် အားထုတ်နေကြတာပါ။ အဝိဇ္ဇာက အင်မတန်ထုထည်ကြီးမားတဲ့ အမှောင်ကြီး၊ တဖြည်းဖြည်းချင်း အမှောင်ထုကြီး ရှင်းရှင်းပြီးတော့ သွားအောင်၊ နည်းနည်းပြီးသွားအောင် အားထုတ်နေကြတာပါ။ ပါးပါးလွှာလွှာလေး ဖြစ်ပြီးတော့သွားအောင် အားထုတ်ကြတာပါ။

သို့သော်လဲ သောတာပန်အရိယာဖြစ်ရုံနဲ့ပဲ ဒီအဝိဇ္ဇာမောဟ လုံးဝပျောက်မသွားသေးဘူး။ သကဒါဂါမ်ဖြစ်တဲ့အခါကျတော့လဲ ပါးတော့ပါးသွားပါရဲ့ အဝိဇ္ဇာ အမှောင်ဓာတ်ကြီးက ပျောက်မသွားသေးဘူး။ အနာဂါမ်ဖြစ်တော့လဲ ပျောက်မသွားသေးဘူး။ ရဟန္တာဖြစ်တဲ့ အခါကျမှ အဝိဇ္ဇာက လုံးဝပျောက်ရှင်းသွားတယ်။ သို့သော်လဲ တဖြည်းဖြည်း အဝိဇ္ဇာအမှောင်ဓာတ်ကို ပ,ထုတ်နိုင်အောင် အားထုတ်ကြရတယ်။

ဆက်ပြီးတော့ ငါးခုန်ဆရာတော်ဘုရားကြီးက **"သမ္မုန္နကာရကော မောဟော"**။ မောဟော= မသိဆိုးဝါး သိယောင်ကားနှင့် အမှားသိကြ မိုက်မောဟသည်၊ မောဟရဲ့သဘောသဘာဝက "မသိဆိုးဝါး သိယောင်ကား" အမှားသိကြ၊ အမှန်တော့မသိဘူး။ အမှားပဲ သိကြတယ်။

**"အဝိန္ဒိယံ ဝိန္ဒတိ"** မရသင့် မသိသင့်တဲ့ ဒုစရိုက်ကျတော့ သူက သိတယ်။ သိသင့်သိထိုက်တဲ့ သုစရိုက်ကျတော့ မသိဘူး။ ရသင့်ရထိုက်တဲ့ သုစရိုက်ကျရအောင် မယူနိုင်ဘူး။ ဒါဟာ အဝိဇ္ဇာရဲ့ သဘောပါပဲ။

http://www.dhammadownload.com



တစ်နည်းအားဖြင့် ဒီအဝိဇ္ဇာရဲ့သဘောဟာ ဘဝယောနိ ဂတိ ဌိတိ သတ္တဝါသတုံ (၉)ဝတို့မှာ ပြေးအောင် ပြုလုပ်တတ်တဲ့အတွက်ကြောင့် အဝိဇ္ဇာ။

**"သမ္မူဠှကာရကော မောဟော"**။ မောဟော= မသိဆိုးဝါး တတ်ယောင်ကားနှင့် အမှားသိကြ မိုက်မောဟသည်၊ သမ္မူဠှကာရကော= ချည်နှောင်ရစ်ပတ် ဖွဲ့စပ်ခြင်းကို ပြုတတ်၏။

သမ္မူဠှကာရက= သံသရာမှ မလွတ်ရအောင် ချည်နှောင်ရစ်ပတ် ဖွဲ့စပ်ခြင်းကို ပြုတတ်တဲ့သဘောတရား။

**"မောဟော ပရမ္ပိ သွာဒိကော"**

မောဟော= မှေ့မှေ့မှူးမှူး ရှူးရှူးမိုက်မိုက် အလိုက်မသိ ပြုမိပြုရာ ပြုတတ်သော မောဟသည်၊ ပရမ္ပိ= နောင်သံသရာ နောင်ခန္ဓာ၊ သွာဒိကော= ယုတ်ညံ့ဖျင်းသုန် ခွေးဝက်စသောဘုံ၌ ဖြစ်စေတတ်တယ်။ မှေ့မှေ့မှူးမှူး အရှူးကဲ့သို့နေတတ်သော ပုဂ္ဂိုလ်များကျတော့ ယုတ်ညံ့ဖျင်းသုန် ခွေးဝက်စသော အပါယ်ဘုံသို့ ကျရောက်တတ်တယ်။

**မောဟော သဗ္ဗီတိကာရကော။**

မောဟော= မောဟသည်၊ မောဟော= မသိတိုးဝါး တတ်ယောင်ကားနှင့် အမှားသိကြ မိုက်မောဟသည်၊ သဗ္ဗီတိကာရကော= အလုံးစုံသော ဘေးရန်ကို ပြုတတ်ပါပေ၏။

မောဟက ဘေးရန်အားလုံးကိုလဲ ပြုတတ်တယ်။ တံမောဟံ= ခုရောနောင်ခါ ဘယ်အခါမျှ အကောင်းမဖက် သက်သက်ဆိုးဝါး ထိုမောဟတရားကို၊ ပရိဇာနန္တံ= ပရိညာသုံးတန်ဖြင့် ခွဲခြားဖန်၍ သိတော်မူသော၊ ဝီတမောဟံ= မောဟကင်းစင် ဘုရားရှင်ကို၊ အဟံ= အကျွန်ုပ်သည်၊ ဝန္ဒေ= ရှိခိုးပါ၏။

http://www.dhammadownload.com



လောဘကင်းတော်မူသော မြတ်စွာဘုရား၊ ဒေါသကင်းတော်မူသော မြတ်စွာဘုရား။ မောဟကင်းတော်မူသော မြတ်စွာဘုရားလို့ ဘုရားဂုဏ်ကို ပွားများလို့ရတယ်။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းပါ။

ဒီလောဘ၊ ဒေါသ၊ မောဟဟာ ကမ္ဘာ့လူထုကြီးကို ဘယ်လောက်ဆိုးကျိုးပေးသလဲ။ မကောင်းကျိုးဘယ်လောက်ပေးသလဲလို့ ကြည့်လိုက်တဲ့အခါ -

**"လောဘုဿဒါယ ပဇာယဒုဗ္ဘိက္ခန္တရ ကပ္ပေါဟောတိ"**

ကမ္ဘာ့လူထုကြီး ကြောက်နေကြတဲ့ ဘေးဆိုးကြီးတွေထဲက လောဘအားကြီးတဲ့အခါ ဒုဗ္ဘိက္ခန္တရကပ်= အစာရေစာ ငတ်မွတ်ခေါင်းပါးတဲ့ ကပ်ဆိုးဘေးဆိုးကြီး ဖြစ်ပါတယ်။

**"ဒေါသုဿဒါယ ပဇာယသတ္ထန္တရ ကပ္ပေါဟောတိ"**

ကမ္ဘာ့လူထုကြီး ဒေါသအားကြီးတဲ့အခါ သတ္ထန္တရကပ် အချင်းချင်း သတ်ကြဖြတ်ကြနဲ့ ကြောက်စရာကပ်ဆိုးကြီး ဆိုက်ရောက်တတ်တယ်။ ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ လွတ်လပ်ရေးမရခင်က သတ္ထန္တရကပ်ဘေးသင့်တာ စာရင်းမရှိပါဘူး။ လွတ်လပ်ရေးရပြီးတဲ့အခါ ရောင်စုံသူပုန်တွေကြောင့် အသက်စွန့်သွားကြတဲ့ တပ်မတော်သားများ သုံးသောင်းနဲ့ ငါးထောင်ရှိပါတယ်။ အင်္ဂါခြေလက် စွန့်လိုက်ရတဲ့ ရဲဘော်က (၄၀၀၀၀)ကျော်လောက် ရှိပါတယ်။ နှစ်ပေါင်း (၆၀)နီးပါး နှစ်(၅၀)ကျော်အတွင်း စာရင်းဖြစ်ပါတယ်။ အရပ်သားတွေ သေတာက အရေအတွက် လွန်ပါတယ်။

**"မောဟုဿဒါယ ရောဂန္တရ ကပ္ပေါဟောတိ"**

သတ္တဝါတွေ မောဟများတဲ့အချိန်မှာ အနာရောဂါ ဖိစီးနှိပ်စက်တဲ့ ရောဂန္တရကပ်ဆိုး ဖြစ်တတ်ပါတယ်။ စစ်အတွင်းကဆိုရင်

http://www.dhammadownload.com



မြန်မာပြည်မှာ ရောဂါကပ်ဆိုးကြီးဖြစ်လို့ မြို့လုံးကျွတ်၊ ရွာလုံးကျွတ် ဆင်းရဲဒုက္ခရောက်ခဲ့ကြရပါတယ်။ ကပ်ဆိုးကြီးတွေ ကြုံတွေ့နေရတဲ့ အခါ အဲဒီ မောဟစာတ်ကို ပယ်ဖို့ တရားအားမထုတ်နိုင်ကြပါဘူး။

ဒါကြောင့် တရားအားထုတ်တယ်ဆိုတာ အချိန်အခါမရွေး တော့ မဖြစ်တတ်ပါဘူး။ ကျန်းမာမှ၊ သတိလဲကောင်းမှ တရား အားထုတ်လို့ရတယ်။ အစာရေစာလဲ ပြည့်စုံမှ၊ တိုင်းရေးပြည်ရေးလဲ အေးဆေးမှ၊ သံဃာတော်များလဲ ညီညွတ်မှ တရားအားထုတ်နိုင် ပါတယ်။

မကျန်းမာရင်လဲ အားမထုတ်နိုင်ဘူး။ သိပ်အသက်ကြီးပြီး သတိလစ် သူငယ်ပြန်နေရင်လဲ အားမထုတ်နိုင်ဘူး။ အသက် (၈၀) ကျော်ရင် သူငယ်ပြန်တတ်တာ။ အခု ဒကာမကြီးတွေ အသက်(၈၀) ကျော် တရားအားထုတ်နိုင်တာ အင်မတန်ကံကောင်းတာ။ ဝမ်းသာဖို့ ကောင်းတယ်။ အချို့ကလဲ အသက် (၇၀)ကျော်ရင် သူငယ်ပြန်ကြတာ။

တရားအမြင် အတော်နိုင်ထားရှိထားမှ တော်ကာကျမှာ။ အဲဒီတော့ "နုပျိုခန့်ကျန်း ရလွယ်ဆွမ်းနှင့် ငြိမ်းချမ်းပြည်ရွာ များသံဃာ ညီညာခါကောင်းပေ"

တရားအားထုတ်လို့ ကောင်းတဲ့အချိန်၊ သူငယ်မပြန်သေးရင် တော့ အရွယ်ကောင်းလို့ ခေါ်ရမှာပါပဲ။ ငယ်ငယ်ရွယ်ရွယ်မှာ တရား ဖက် မရောက်နိုင်ဘူး။ အာရုံငါးပါးဖက်ပဲ စိတ်ကညွတ်နေတတ်ပါ တယ်။ အမှန်တော့ ဉာဏ်ရွှင်တဲ့အချိန်မှာ တရားအားထုတ်လို့ ကောင်းပါတယ်။

လယ်တီဆရာတော်ဘုရားကြီးကတော့ အသက် (၅၀)ကျော် ရင် ဆင်ခြေဆင်လက် မပေးပါနဲ့တော့။ တရားဖက်ကိုသာ ဦးတည်

http://www.dhammadownload.com



ပါတော့တဲ့ သတိပေးတော်မူတယ်။

အိန္ဒိယနိုင်ငံ သံဝေဇနိယ (၄)ဌာန ဘုရားဖူးပြန်လာကြတာ ၁၉၈၀ ခုနှစ်ကစပြီးတော့ ဘုရားဖူးပို့နေတာ ရာပေါင်းများစွာပါပဲ။

သံဝေဂဖြစ်စေတတ်တဲ့ မြတ်စွာဘုရား ဖွားတော်မူရာ၊ ပွင့်တော်မူရာ၊ ဓမ္မစကြာဟောတော်မူရာ၊ နောက်ဆုံး ပရိနိဗ္ဗာန်စံတော်မူရာ ရောက်ခဲ့ကြပြီ။ ဟိုမှာ တစ်ထိုင်တော့ သံဝေဂရကြတယ်။ ပြန်လာတော့ ကိုယ့်ကျောင်းကို ပြန်ဝင်ကြတာပါပဲ။ ကိုယ့်အိမ်ကို ပြန်ဝင်ကြ၊ ဘယ်သူမှ တောထွက်သွားတယ် မကြားဖူးဘူး။

ကျေးဇူးတော်ရှင် ပထမလယ်တီဆရာတော်ဘုရားကြီးကတော့ မုံရွာလယ်တီကို မပြန်တော့ဘူး။ တွံတေးတောကြီးတန်း၊ ယခုတောကြီးတန်း၊ ကော့မှူးမြို့နယ်၊ ကသစ်ကုန်းကျေးရွာအနီးက ဆပဂံတောရသို့ ဘုရားဖူးအပြန် ကြွတော်မူတယ်။

ဆရာတော်ဘုရားကြီးကတော့ သံဝေဂရမည့်နေရာတွေ သွားပြီး ပြန်လာတော့ သံဝေဂရတော်မူတယ်။ ဘုန်းကြီးတို့က သံဝေဂရတဲ့အတိုင်း အားမထုတ်ဖြစ်ကြဘူး။

ဆရာတော်ဘုရားကြီးက အသက် (၅၀) ဗဟိုထားပြီး ဆင်ခြေဆင်လက်တွေ မပေးကြပါနဲ့တော့။ ရဟန်းဖြစ်စေ၊ လူဖြစ်စေ တရားဖက်ကို မျက်နှာမူကြဖို့ ဆရာတော်ဘုရား တိုက်တွန်းတော်မူတယ်။

ကမ္ဘာမှာ ကျရောက်နေတဲ့ ဘေးကြီးတွေထဲက **"မောဟုဿဒါယ ပဇာယ ရောဂန္တရ ကပ္ပေါဟောတိ"** သတ္တဝါများ မောဟများရင် ရောဂါဆိုးကြီးတွေ ဝင်တတ်ပါတယ်။

ဘုန်းကြီးတို့ငယ်ငယ် ကမ္ဘာမှာကြောက်စရာကောင်းတဲ့ ကျောက်ရောဂါ၊ ပလိပ်ရောဂါ၊ တီဘီရောဂါ။ မုံရွာရောက်တဲ့အခါ

http://www.dhammadownload.com



တီဘီရောဂါရှင်တွေနဲ့အတူတူ နေဖူးတယ်။ ဒီရောဂါ သိပ်ဆိုးတာပဲ။ သေမင်းတမန်ကြီးပေါ့။

ဒီနောက် ကင်ဆာရောဂါ၊ ခုခံအားကျဆင်းတဲ့ရောဂါ ဆေးမတွေ့တဲ့ရောဂါတွေက ကမ္ဘာမှာပေါ်လာပြန်တယ်။ သတ္တဝါတွေကလဲ မောဟများလာတယ်။ မောဟများလာတဲ့အခါမှာ ကုစားရခက်တဲ့ရောဂါတွေ ဖြစ်ပေါ်လာတတ်ပါတယ်။

ကမ္ဘာမှာ ကပ်ဆိုး၊ ဘေးဆိုးကြီးတွေ ဖြစ်ပေါ်လာတာဟာ "အရင်းစစ်တော့ အမြစ်မြေက" ဆိုတဲ့စကားလိုပဲ။ အကုသိုလ်လဲမည်၊ အကုသိုလ်ရဲ့ အရင်းအမြစ်လဲမည်တဲ့ မောဟတရားတွေကြောင့်ပါပဲ။ မောဟ လွှမ်းမိုးပြီဆိုရင် သတ္တဝါကို နှိပ်စက်ပြီဆိုရင် အမှောင်ကျတော့တာပါပဲ။ အမှောင်ကျတော့ ဘာမှအကျိုးအပြစ် မမြင်တော့ဘူး။

ဒီတရားတွေဟာ အကုသိုလ်ဆိုလဲ သူတို့ပဲ။ အကုသိုလ်ရဲ့ အမြစ်ဆိုလဲ သူတို့ပဲ။ အခု တရားအားထုတ်ကြတာဟာ ဒီလောဘ၊ ဒေါသ၊ မောဟတရားတွေ နည်းသွားအောင် အမြစ်ပါမကျန်ရအောင် အားထုတ်ကြရတာပါပဲ၊ အမြစ်နှုတ်နေကြရတာပါ။

ဒါကြောင့် ဝီတ မောဟတံ= မောဟကင်းစင် ဘုရားရှင်ကို၊ အဟံ= အကျွန်ုပ်သည်၊ ဝန္ဒေ ဝန္ဒာမိ= ရှိခိုးပါ၏ဘုရား။

**မောဟော ပရမိဿာဒိကော။**

မောဟော= မေ့မေ့မူးမူး ရူး၍မိုက်မဲ အလိုက်မသိ ဖြစ်တတ်စွာသော မောဟသည်၊ ပရမ္ပိ= နောင်သံသရာ နောင်ခန္ဓာ၌၊ သွာဒိကော= ယုတ်ညံ့ဖျင်းသုန် ခွေးဝက်စသော အပါယ်ဘုံ၌ ဖြစ်စေတတ်၏။

http://www.dhammadownload.com



တံမောဟံ= ခုရောနှောင်ပါ ဘယ်အခါမျှ ကောင်းကျိုးမဖက် အဆိုးသက်သက်သာ ဖြစ်သော ထိုမောဟကို၊ ပရိဇာနန္တံ= ပရိညာ သုံးတန်ခွဲ ဝေဖန်၍ သိတော်မူသော၊ ဝီတမောဟကံ= မောဟကင်းစင် ဘုရားရှင်ကို၊ အဟံ= အကျွန်ုပ်သည်၊ ဝန္ဒေ ဝန္ဒာမိ= ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

သာဓု - သာဓု - သာဓု

*****

http://www.dhammadownload.com



ယနေ့ သာသနာတော်နှစ် ၂၅၅၀ ပြည့်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် (၆)ရက်နေ့။

လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ကျင်းပနေချိန်မှာ အားထုတ်နေကြတဲ့ ယောဂီအပေါင်း သူတော်ကောင်းတို့

နေ့စဉ်နေ့စဉ် ဟောလာတာက လောဘရဲ့အပြစ်၊ လောဘရဲ့ ဆိုးသွမ်းပုံ၊ ဒေါသရဲ့အပြစ်၊ ဒေါသရဲ့အပြစ်ကြီးပုံ၊ မောဟရဲ့အပြစ်၊ မောဟရဲ့အပြစ်အနာအဆာတွေ၊

**လောဘကင်းအောင် အားထုတ်နည်း**

လောဘကို ဘယ်လိုကင်းအောင် အားထုတ်ရမလဲ၊ လောဘ ကင်းအောင် ဘယ်လိုလုပ်ရမလဲဆိုတော့-

**"အနိစ္စဿ ဒဿနေန အလောဘော ဟောတိ"။**

ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို အနိစ္စလို့ မြင်အောင် ရှုနိုင်ရင် လောဘ ကင်းနိုင်ပါတယ်။

**"ဒုက္ခဒဿနေန အဒေါသောဟောတိ"**

ဒုက္ခမြင်အောင် ကြည့်။ ဒုက္ခလက္ခဏာ ဒုက္ခအမှတ်တံဆိပ်ကို မြင်အောင်ကြည့်ရင် ဒေါသကင်းတယ်။

**"အနတ္တဒဿနေန အမောဟော ဟောတိ"**

အနတ္တမြင်အောင်၊ အနတ္တလက္ခဏာကို မြင်အောင် ကြည့်နိုင်ရင် မောဟကင်းနိုင်တယ်။

လောဘ၊ ဒေါသ၊ မောဟ အပြစ်တွေတော့ ဟုတ်ပြီ။ ဒီအပြစ် တွေကို ပယ်နိုင်အောင် ဘာလုပ်ကြမလဲဆိုရင် ဝိပဿနာရှုရမှာပါပဲ။ ရုပ်တရား၊ နာမ်တရားတွေကို ဝိပဿနာရှုကြရမှာပါပဲ။

http://www.dhammadownload.com



အနိစ္စလို့ အဖန်ဖန် အထပ်ထပ်ရှုလို့ အနိစ္စဉာဏ်ရပြီဆိုရင် လောဘကင်းနိုင်ပါတယ်။ ဒုက္ခလို့ အဖန်ဖန် အထပ်ထပ်ရှုလို့ ဒုက္ခဉာဏ် ရပြီဆိုရင် ဒေါသကင်းနိုင်ပါတယ်။ အနတ္တလို့ အဖန်ဖန် အထပ်ထပ်ရှုလို့ အနတ္တဉာဏ်ရရင် မောဟကင်းစင်နိုင်ပါတယ်။

အားလုံးသိနေကြတဲ့ ဓမ္မစကြာမှာလာတဲ့ ဒုက္ခတွေ- ဇာတိပိ ဒုက္ခာ၊ ဇရာပိဒုက္ခာ၊ ဗျာဓိပိဒုက္ခော၊ မရဏမ္ပိဒုက္ခံ အစရှိသည်ဖြင့် ဒုက္ခတွေ သရုပ်ထုတ်ပြီးတော့ ပြထားတာ။

ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ ပဋိသန္ဓေ၊ အို၊ နာ၊ သေ ဒုက္ခတွေ ကင်းအောင် ဘာလုပ်ရမလဲဆိုရင် ဒါလဲပဲ အနိစ္စ စသည်မြင်အောင် ကြည့်ရမှာပါပဲ။ အနိစ္စလို့ မြင်အောင်ကြည့် လောဘကင်းတယ်၊ လောဘ ကင်းတဲ့အခါ ဇာတိဒုက္ခ ပပျောက်နိုင်တယ်။

ဒေါသကင်းရင် ဇရာဒုက္ခ ကျော်လွှန်နိုင်တယ်။ မောဟကင်းရင် မရဏဒုက္ခ ကင်းနိုင်တယ်။

**အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊**

**ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊**

**ယံပိစ္ဆံ နလဘတိ တံမ္ပိဒုက္ခံ။**

အဲဒီသုံးမျိုးကြည့် လောဘကင်းရင် အပ္ပယေဟိ သမ္ပယောဂ ကင်းနိုင်တယ်။ ဒေါသကင်းရင် ပိယေဟိ ဝိပ္ပယောဂ ဒုက္ခကင်းနိုင်တယ်။ မောဟကင်းရင် ယံပိစ္ဆံ နလတိ တမ္ပိဒုက္ခံ- မအိုပါလို စတဲ့ လိုတာမရတဲ့ဒုက္ခ စသည်ကင်းနိုင်တယ်။

လောဘ၊ ဒေါသ၊ မောဟ ကင်းအောင်ကျတော့ ဘယ်လို လုပ်မှ ကင်းသလဲဆိုတော့ ဝိပဿနာတရား အားထုတ်ရမှာပါပဲ။

http://www.dhammadownload.com



မနေ့ညက လောဘ၊ ဒေါသ၊ မောဟ အပြစ်အနာအဆာတွေ ဟောပြီးတဲ့အခါကျတော့ လောဘ၊ ဒေါသ၊ မောဟကင်းအောင် ဝိပဿနာတရား အားထုတ်ရမယ်လို့ ဒီလိုသိမြင်ပြီး ကြိုးစားအားထုတ်ရမှာပါပဲ။

**တစ်ရာနဲ့တစ်ရက်**

လယ်တီဝိပဿနာ (၇)ရက်တရားစခန်းကလဲ အကြိမ် (၁၀၀) မြောက်ဆိုတော့ တစ်ရာနဲ့တစ်ရက် ဆိုတဲ့စကားလေးတွေ ဆက်ပြီးတော့ ဟောကြရအောင်။

**သံကိစ္စ သာမဏေ။**

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်မှာ နေတော်မူတဲ့အခါ သံကိစ္စ သာမဏေက ရဟန်း(၃၀)နဲ့အတူ တရားအားထုတ်နေတယ်။ တောအုပ်ထဲမှာ တရားအားထုတ်နေတော့ ခိုးသား (၅၀၀)က ယဇ်ပူဇော်ဖို့ရာ ရဟန်းတစ်ပါးလောက် ပေးပါဆိုတော့ သံကိစ္စ သာမဏေက ကိုယ်တိုင်လိုက်သွားပြီး တရားဟောတယ်။

တရားဟောတဲ့အခါ ခိုးသား (၅၀၀)လုံး ရဟန်းပြုကြတယ်။ ပါရမီရင့်သန်ပြီးသား ခိုးသားတွေကိုး။ ရဟန်းပြုပြီး မြတ်စွာဘုရားထံ ခေါ်သွားတော့ ခိုးသားဘဝက ရဟန်းပြုလာတဲ့ ရဟန်းတို့ကို ဆုံးမဖို့ မြတ်စွာဘုရားက တစ်ရာနဲ့တစ်ရက်တရားကို ဟောပါတယ်။

**ယောစဝဿသတံ ဇီဝေ၊ ဒုဿီလော အသမာဟိတော။**

**ဧကာဟံ ဇီဝိတံ သေယျော၊ သီလဝန္တဿ ဈာယိနော။**

ယောစ= အကြင်သူသည်ကား၊ ဒုဿီလော= သီလပျက်သည်ဖြစ်၍၊ အသမာဟိတော= ကုသိုလ်တရား၌ မတည်သော စိတ်ရှိ

http://www.dhammadownload.com



သည်ဖြစ်၍၊ ပုဂ္ဂိုလ်တစ်ယောက်ဟာ သီလမရှိဘူး။ ကုသိုလ်တရားမှာ မတည်ဘူး။ တစ်နည်းအားဖြင့် သမာဓိမရှိဘူး။ အဲဒီလို သီလလဲပျက် သမာဓိမရှိတဲ့သူဟာ၊ ဝဿသတံ= အနှစ်တစ်ရာ ကာလပတ်လုံး၊ ဇီဝေ= အသက်ရှည်ရာ၏။ တတော= သီလမရှိပဲ, သမာဓိမရှိပဲ အသက် တစ်ရာရှည်ရခြင်းထက်၊ ဧကာဟံ= တစ်ရက်မျှ ဇီဝိတံ= အသက်ရှည် ရခြင်းသည်၊ သေယျော= မြတ်၏။

တစ်ရက်မျှ အသက်ရှည်ခြင်းသည် ဘာကြောင့်မြတ်သလဲ။

သီလဝန္တဿ= စိတ်မသက်သာ နှလုံးမသာယာမှုကို ပျို့အံ တတ်သော သီလက ဘာကို ပျို့အံသလဲဆိုရင် ဝိပ္ပဋိသာရကို ပျို့အံ တတ်တယ်။ စိတ်မသက်သာ နှလုံးမသာယာမှုကို သီလက ပျို့အံစေ တတ်တယ်။ သီလဝန္တဿ= သီလရှိသော၊ ဈာယိနော= ကသိုဏ်း စသော အာနာပါန စသော အာရုံကိုရှုမှတ်ပြီးတော့ အာရမ္မဏူ ပနိဇ္ဈာန်၊ အနိစ္စစသော လက္ခဏာကို ရှုမှတ်တတ်သော လက္ခဏူ ပနိဇ္ဈာန်၊ (၂)မျိုးရှိသော ပုဂ္ဂိုလ်၏၊ ဧကာဟံ= တစ်နေ့တစ်ရက်မျှ ဇီဝိတံ= အသက်ရှည်ရခြင်းသည်၊ သေယျော= မဂ်ဉာဏ်၏မျိုးစေ့ ဖြစ်သော ကြောင့် မြတ်လှပါပေ၏။

သီလမရှိပဲ၊ သမာဓိမရှိပဲ အနှစ်တစ်ရာ အသက်ရှည်ရတာ ထက် ဝိပ္ပဋိသာရ စိတ်မသက်သာ နှလုံးမသာယာမှုကို ပျို့အံစေတတ် တဲ့ သီလရှိတဲ့၊ ကသိုဏ်းအာရုံ၊ အာနာပါန စသောအာရုံကို ရှုတတ်တဲ့ (အာရမ္မဏူပနိဇ္ဈာန်) အနိစ္စ အစရှိသော လက္ခဏာတင်ရှုမြင်တတ်တဲ့ (လက္ခဏူပနိဇ္ဈာန်) ဈာန်(၂)ပါးရှိတဲ့ ပုဂ္ဂိုလ်ရဲ့ တစ်ရက်တာမျှ အသက် ရှည်ရတာက ပို၍မြတ်ပါတယ်။ မဂ်ဉာဏ်ရဲ့မျိုးစေ့ ဖြစ်တဲ့အတွက် အင်မတန် တန်ဖိုးရှိတယ်။ အခုအားထုတ်နေကြတာဟာ မဂ်ဉာဏ်ရဲ့

http://www.dhammadownload.com



မျိုးစေ့ ချပျိုးနေကြတာပဲ။

ယောစ= အပြစ်တွေဖြင့် ညစ်ပေနွမ်းကာ ချမ်းသာနှင့်ဝေးဘေးကိုခေါ်လို အကြင်ပုဂ္ဂိုလ်သည်ကား၊ ဒုဿီလော= အကျင့်ပျက်လျှက် အခက်ကြုံဖွယ် အပါယ်တန်းထား တစ်လမ်းသွားဖို့ ရမ်းကားတတ်ဘိ သီလမရှိသည်ဖြစ်၍၊ အသမာဟိတော= ဘာဝနာမှုဘာတစ်ခုမျှ မပြုလောက်လက် ရောက်ရက်ခတ်ဘိ သမာဓိကင်းတည်ကြည်ခြင်းမရှိဘဲ၊ ဝဿသတံ= အနှစ်တစ်ရာ ကာလကြာအောင်၊ ဇီဝေ= အပြစ်သာတိုး အကျိုးမသက် အခက်ထင်ထင် အသက်ရှင်၍နေငြားအံ့၊ ဝါ= အသက်ရှင်၍ နေပါမူ၊ (တတော) ထိုသီလမရှိ သမာဓိတုံး အန္ဓုံးထွက်လျှက် အခက်ထင်ကာ နှစ်တစ်ရာပင် အသက်ရှင်ရသူထက်၊ သီလဝန္တဿ= ပုလဲအသွင် အမြဲစင်လျှက် အသက်ပမာကွယ်ကာတည်ခ အကြည်ရသည့် သီလမြတ်ရှိပေသော၊ ဈာယိနော= ပညာလည်းရှိ သမာဓိဖန် ဈာန်အများဖြင့် ရှုစားထင်ထင် အစဉ်ပွား၍ ဝင်စားလေ့ရှိ သတိမလပ် ပုဂ္ဂိုလ်မြတ်၏၊ ဧကာဟံ= နေ့ရက်မကြာ တစ်ရက်တာမျှ၊ ဇီဝိတံ= ကိုယ့်စီးပွားမျိုး တရားတိုးလျှက် အခက်မထင် အသက်ရှင်ရခြင်းသည်၊ သေယျော= ခုရေးနောင်ရေး အေးဖို့တွက်တာ သက်သာဖွယ်ပေါင်း အကြောင်းရပ်သာ ကောင်းမြတ်လှပါပေသတည်း။

သာဓု - သာဓု - သာဓု

နောက်ဆက်ပြီးတော့ မြတ်စွာဘုရားက ခါဏုကောဏ္ဍညနဲ့ ပတ်သက်ပြီးတော့လဲ တစ်ရာနဲ့တစ်ရက်၊ ဒီတရားပဲ ဟောကြားတော်မူပါတယ်။

http://www.dhammadownload.com



**ခါဏုကောဏ္ဍညထေရ်**

ခါဏုကောဏ္ဍညမထေရ်က တောအုပ်ထဲဝင် ဈာန်ဝင်စားနေတော့ ဒီလိုပဲ ခိုးသားငါးရာလာကြ၊ ခိုးသားတွေက သစ်ငုတ်ထင်ပြီးတော့ အရှင်မြတ်ရဲ့ ခန္ဓာကိုယ်ပေါ်မှာ သစ်သားတွေ၊ ပစ္စည်းဘဏ္ဍာတွေတင် မီးရှို့တယ်၊ မီးမလောင်ဘူး။ မီးမလောင်တော့ သံဝေဂရကြပြီး ခါဏုကောဏ္ဍညမထေရ်ထံမှာ ရဟန်းပြုကြတယ်။ ခိုးသားငါးရာက ရဟန်းပြုလာတဲ့ ရဟန်းတွေကို မြတ်စွာဘုရားစီ ခေါ်သွားတဲ့အခါ မြတ်စွာဘုရားက အဲဒီရဟန်းတော်တွေ ဆုံးမဖို့ တစ်ရာနဲ့တစ်ရက် တရားဟောတော်မူတယ်။

**ယောစ ဝဿသတံ ဇီဝေ၊ ဒုပ္ပညော အသမာဟိတော။**

**ဧကာဟံ ဇီဝိတံ သေယျော၊ ပညဝန္တဿ ဈာယိနော။**

ရုပ်နာမ်နှစ်ဖြာကို မသိမမြင်ပဲ၊ သမာဓိမရှိပဲ အသက်တစ်ရာနေရ အသက်ရှည်ရသည်ထက် အဝိဇ္ဇာကို ပျို့အံတတ်တဲ့ ဝိပဿနာဉာဏ်ပညာရှိပြီးတော့ သမထဝိပဿနာတရားတွေကို ပွားများတဲ့ ပုဂ္ဂိုလ်ရဲ့ တစ်နေ့ တစ်ရက်မျှ အသက်ရှည်နေရတာက ပို၍တန်ဖိုးရှိမြတ်တယ်။ မဂ်ဉာဏ်၏ မျိုးစေ့ဖြစ်လို့ မြတ်တယ်။

အနှစ်တစ်ရာထက် တစ်နေ့တာ ကာလက မဂ်ဉာဏ်ရဲ့ မျိုးစေ့ဖြစ်လို့ ပို၍မြတ်တယ်။ မဂ်ဉာဏ်ရဲ့ မျိုးစေ့ဆိုတာ သီလ၊ သမာဓိ၊ ပညာ။သီလ= ကိုယ်နှုတ်နှလုံးကို ထိန်းမယ်။ သမာဓိ= စိတ်ကို တည်ကြည်အောင် ထားမယ်။ ပညာ= ရုပ်တရား, နာမ်တရားတွေကို အသေးစိတ်မြင်တယ်။

ဒီ (၃)မျိုးဟာ မဂ်ဉာဏ်မျိုးစေ့ရရှိဖို့ပဲ။ အခု ယောဂီသူတော်စင်များ အကြိမ် (၁၀၀)မြောက်မှာ ဝိပဿနာတရား ကြိုးပမ်းအားထုတ်

http://www.dhammadownload.com



နေကြတာ။ သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ကို ကျင့်ကြံနေကြတာဟာဖြင့် မဂ်ဉာဏ်ရဲ့ မျိုးစေ့ဖြစ်တဲ့အတွက် (၇)ရက် ဆိုလဲ (၇)ရက် မြင့်မြတ်တယ်။

ယောစ= အသိလျှင်ရိုး အမြင်တိုးဖို့ မကြိုးမစား အားမထုတ်လို့ အကြင်ပုဂ္ဂိုလ်သည်ကား၊ ဒုပ္ပညော= သတိမထား သိမပွားလျှက် တရားဖက်တွင် မသက်ဝင်ပဲ အမြင်မသာဘဲ ပညာမရှိသည်ဖြစ်၍၊ အသမာဟိတော= စိတ်လေလွင့်ပါး တရားအာရုံ မထုံထားဘဲ မပွားမိ၍ သမာဓိကင်း တည်ကြည်ခြင်းမရှိပဲ၊ ဝဿသတံ= အကျိုးမဖြစ် အပြစ်သာလျှင် ဖြစ်လာဖြစ်လာ အနှစ်တစ်ရာပတ်လုံး၊ ဇီဝေ= မထူးခြားသူ လူအများသို့ စားလားသောက်လား ပျော်ရွှင်လားနှင့် တရားမသက် အမှတ်ဖက်လျှက် မပျက်အစဉ် အသက်ရှင်ခဲ့ရာ၏။ (တတော) သမာဓိကွာ ပညာလဲတုံး အရှုံးသာဖြစ် အနှစ်တစ်ရာ ဖြစ်လာဆက်စဉ် အသက်ရှင်ရသူထက်၊ ပညဝန္တဿ= လေ့လာခြင်းများ ဂရုထား၍ ရှုပွားလျှင်မြန် အမြင်သန်လျှက် မဂ်ဖိုလ်အထိ ပညာလည်း ရှိပေသော၊ ဈာယိနော= သမာဓိရင့်သန် ဈာန်နှစ်ပါး၌ အားစိုက်ရှု၍ ဝင်စားလေ့ရှိ သတိလျှင်လတ် အရှင်မြတ်၏၊ ဧကာဟံ= တရားအမျိုးမျိုး တစ်အားတိုးလျှက် နေ့ရက်မကြာ တစ်ရက်တာမျှ၊ ဇီဝိတံ= ကိလေသာ ဝေး ငြိမ်းချမ်းရေးရ ကိစ္စပြီးဟန် ပြန်လှန်ထင်ခြင်း စိတ်ရွှင်လျှက်ပင် အသက်ရှင်ရခြင်းသည်၊ သေယျော= တရားမှန်ကို အားသန်ပွားလျှက် ထားမပျက်၍ အများထက်သာ ကြွားတက်ကာဖြင့် သာယာဖွယ် ကောင်း အကြောင်းတစ်ရပ်သာ ကောင်းမြတ်လှပါပေသတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



**သဗ္ဗဒါသထေရ်**

နောက် "သဗ္ဗဒါသ" မထေရ်ကိုအကြောင်းပြုပြီးတော့ "တစ်ရာနဲ့တစ်ရက်" တရားတော်ကို ဟောပြန်ပါတယ်။

သဗ္ဗဒါသမထေရ်က သာသနာတော်မှာ နေပြီးတော့ သီလ တော့ရှိပါတယ်။ ဒါပေမယ့် ပျင်းတယ်၊ ပျင်းတော့ လူထွက်ရကောင်း မလား စဉ်းစားတဲ့အခါ ငါလူထွက်ခြင်းထက် သေရခြင်းက မြတ်သေးတယ်လို့ စဉ်းစားပြန်တယ်။

ပျင်းတော့ ပျင်းတယ်။ ဒါပေမယ့် လူထွက်တဲ့လမ်းနဲ့ သေလမ်း (၂)ခုမှာ လူတော့မထွက်ဘူး။ သေချင်သေပစေတော့ဆိုတဲ့ သေလမ်းပဲ ရွေးလိုက်တယ်။ မြွေဟောက်တစ်ကောင်ကို အိုးထဲထည့်ပြီး လက်နဲ့ နှိုက်တာပဲ။

သို့သော်လဲ အရှင်မြတ်က နောက်ဆုံးဘဝဆိုတော့ မြွေဟောက်က မကိုက်ဘူး။ နောက် သင်ဓုန်းဒါးနဲ့ လည်ချောင်း ဖောက်ပြန်တော့လဲ ပျံလွန်တော်မမူပြန်ဘူး။

မိမိရဲ့သီလကို ဆင်ခြင်လိုက်တဲ့အခါ အင်မတန်စင်ကြယ် တယ်။ စင်ကြယ်တဲ့သီလကို အကြောင်းပြုပြီးတော့ နူနယ်တဲ့ ပီတိအား ကောင်းတဲ့ ဝမ်းမြောက်မှု ပါမောဇ္ဇတွေ တိုးပွားလာတယ်။

အဲဒီကနေ ဝိပဿနာဘက် ကူးပြီးတော့ အားထုတ်လိုက်တာ။ နင်လား ငါလား အားထုတ်လိုက်တဲ့အခါကျတော့ ရဟန္တာဖြစ် သွားတယ်။ မြတ်စွာဘုရားက -

**ယောစဝဿ သတံ ဇီဝေ၊ ကုသီတော ဟီနဝီရိယော။**

**ဧကာဟံ ဇီဝိတံ သေယျော၊ ဝီရိယ မာရဘတော ဒဠှံ။**

http://www.dhammadownload.com



ပျင်းပျင်းရိရိနဲ့ လုံ့လဝီရိယနည်းပါးတဲ့သူ၊ အလုပ်မလုပ်လို အပျင်းပိုတဲ့သူ အသက်တစ်ရာရှည်တာထက် ပြင်းပြင်းထန်ထန် မြဲမြဲမြန်မြန် ကြိုးစားအားထုတ်တဲ့ ပုဂ္ဂိုလ်ရဲ့ တစ်နေ့တာကာလ အသက်ရှည်ရခြင်းက ပို၍မြင့်မြတ်တယ်လို့ မြတ်စွာဘုရားက ဟောတော်မူပါတယ်။

ယောစ= တရားသာလျှင် အမြတ်ပင်ဟု အမြင်မပွား အားမထုတ်လို အကြင်ပုဂ္ဂိုလ်သည်ကား၊ ကုသိတော= စိတ်ဝိတက်တွေ ဗလဗွေနှင့် အနေပေါ့မြဲ လျော့ရဲညံ့ဖျင်း အတ်တင်းမရှိ ပျင်းရိသည်ဖြစ်၍၊ ဟီနဝီရိယော= ကိုယ်၌စီးပွား ကိုယ်ကြီးမားဖို့ တရားအလုပ် အားမထုတ်ပဲ ယုတ်လျော့ပါးသည့် ဝီရိယရှိသူဖြစ်လျှက်၊ ဝဿသတံ= လူ့ဘဝဝယ် အရွယ်ကိုစစ် အဖြစ်ကြာစွာ အနှစ်တစ်ရာပတ်လုံး၊ ဇီဝေ= ကာမဂုဏ်ဟူ အာရုံယူလျှက် လူမည်ကာမျှ သဘာဝဖြင့် ကာလကုန်ကာ အသက်ရှင်ရာ၏။ တတော= ဝီရိယကင်း အပျင်းဖက်သူ လူခေါ်ရုံဖြစ် အနှစ်တစ်ရာ ရှည်ကြာလျှက်ပင် ထိုအသက်ရှင်ရသူထက်၊ ဝီရိယံ= ချာန်မဂ်ဖိုလ်ပိုင် ရသည်အထိ အညီညီလျှက် တည်ရှိတကွ ဝီရိယကို၊ ဒဠှံ= ယောက်ျားဇာနည် ဘာမထီဟု တည်ကြည်ဖွဲ့ပိုင် မြဲခိုင်စွာ၊ အာရဘတော= အရိုးကြေကြေ အရေခန်းခန်း မဆုတ်တန်းပဲ ဖွဲ့တစ်မျိုး ထား ကြိုးစားသောသူ၏၊ ဧကာဟံ= ယခုရတဲ့ လူ့ဘဝတွက်တာ တစ်ရက်သာမျှ၊ ဇီဝိတံ= တစ်ရာပြည့်ဖို့ အားဖြည့်နိုင်ရိုး အကျိုးနပ်လျှက် အမြတ်ထွက်၍ ချမ်းမြေ့မကင်း အသက်ရှင်ရခြင်းသည်၊ သေယျော= ခုဘဝရေး အေးထက်အေးလျှက် နောင်ရေးတွက်တာ မခက်ပါပဲ သက်သာဖွယ်အကြောင်း အလွန့်အလွန်ကောင်းမြတ်လှပါပေ သတည်း။ သာဓု - သာဓု - သာဓု

http://www.dhammadownload.com



သံကိစ္စ သာမဏောဝတ္ထု၊ ခါဏုကောဏ္ဍညမထေရ်ဝတ္ထု၊ သပ္ပဒါသမထေရ်ဝတ္ထု၊ ဒီမထေရ်မြတ်ကြီးသုံးပါးကို အကြောင်းပြုပြီးတော့ တစ်နည်းအားဖြင့် မထေရ်မြတ်ကြီးသုံးပါးကနေပြီးတော့ စည်းရုံးတာ။

ပထမ သံကိစ္စသာမဏေ စည်းရုံးတာက ရဟန်းငါးရာ၊ ခါဏုကောဏ္ဍညမထေရ် စည်းရုံးလာတဲ့ ရဟန်းငါးရာ၊ သပ္ပဒါသမထေရ်၊

ဒီအရှင်မြတ်ကြီးတွေကို အကြောင်းပြုပြီးတော့ "တစ်ရာနဲ့ တစ်ရက်" တရားတော်ကို ဟောကြားဆုံးမတော်မူပါတယ်။ ဒါကြောင့် ဒီတရား တော်တွေခြုံပြီး နိဂုံးချုပ်မယ်ဆိုရင်-

- **ကိုယ်နှုတ်ထိန်းခြင်း အလျှဉ်းမရှိ ကင်းသည့်သီလ ပါပဖြစ်လျှက် အသက်တစ်ရာ နေရတာထက်**
- **သီလလောင်းဖြည့် သူတော်လေ့ဖြင့် တစ်နေ့ တစ်ရက်တာ နေရပါ လွန်စွာမြတ်လှသည်။**

ကိုယ်နှုတ်ထိန်းချုပ်မှု အလျှဉ်းမရှိပဲနဲ့ သီလကင်းပြီး မကောင်းမှုတွေအပြည့်နဲ့ အသက်တစ်ရာ နေရတာထက်၊ သီလလောင်းပြည့်သူတော်လေ့ဖြင့် တစ်နေ့ရက်တာ နေရတာက မြတ်လှပါတယ်။ ဘာကြောင့် မြတ်သလဲဆိုတော့ မဂ်ဉာဏ်ရဲ့ မျိုးစေ့ဖြစ်လို့ မြတ်တယ်။

- **တည်ကြည်ငြိမ်သက် မလှုပ်ယှက်သည့် သမာဓိ မဖက် မိုက်တွင်းနက်၍ အသက်တစ်ရာ နေရတာထက်**

ကုသိုလ်တရားမှာ စိတ်ကလေးမတည်ပဲ၊ သမာဓိမဖက် မိုက်တွင်းနက်ပြီး အသက်တစ်ရာရှည်ရတာထက်၊

http://www.dhammadownload.com



- **သမာဓိဟု စိတ်၏တည်ကြည် ခိုင်မြဲတည်၍ ဖြစ်ပျက်လေ့ဖြင့် တစ်နေ့ရက်သာ နေရပါ လွန်စွာမြတ်လှသည်။**

တည်ကြည်အောင် အားထုတ်ပြီးတော့ စိတ်ကလေးတည်ကြည် သမာဓိရပြီဆိုရင် တစ်နေ့တစ်ရက်လဲ တန်ဖိုးရှိတယ်။ တစ်နာရီလဲ တန်ဖိုးတက်ပါတယ်။

- **ရုပ်နာမ်နှစ်ဖြာ မသိပါပဲ မြတ်စွာကဲ့ရဲ့ မိုက်တွင်းချဲ့၍ ရှည်ခဲ့တစ်ရာ နေရတာထက်၊**

ရုပ်ကိုလဲမသိဘူး၊ နာမ်ကိုလဲမသိဘူး။ ရုပ်တစ်စိတ်တစ်ဒေသကိုလဲ မသိဘူး။ အဲဒီလို မသိပဲနဲ့ အသက်တစ်ရာနေရတာထက်၊

- **နှစ်ဖြာရုပ်နာမ် သိရန်လောင်းဖြည့် သူတော်လေ့ဖြင့် တစ်နေ့ရက်သာ နေရပါ လွန်စွာမြတ်လှသည်။**

အခုယောဂီများ ဝိပဿနာကူးလာတဲ့အခါ မိမိတို့ အာနာပါနအခြေခံပြီး သမာဓိရအောင် အားထုတ်ခဲ့ကြပြီ။ သီလဆောက်တည်သမာဓိရအောင် လေးရက်အားထုတ်တယ်။ လေးရက်နဲ့ တမွန်းတည့်အားထုတ်ကြ။ စိတ်ရဲ့တည်ကြည်မှု ထိုက်တန်သလောက်ရကြပြီ။

မိမိတို့ တရားယူစဉ်က အားထုတ်လာခဲ့တဲ့ ထွက်လေဝင်လေပဲ။ မမြဲမှု၊ ဆင်းရဲမှု၊ အစိုးမရမှုတွေကို ဆင်ခြင်လိုက်နိုင်ရင်လဲ ဝိပဿနာဖြစ်တာပဲ။ သို့မဟုတ် ထွက်လေ ဝင်လေရဲ့ လှုပ်ရှားတဲ့သဘော၊ လှုပ်ရှား တဲ့သဘော၊ ခန္ဓာကိုယ်မှာ ပူတဲ့သဘော၊ အေးတဲ့သဘော၊ ခက်မာတဲ့ သဘော၊ နူးညံ့တဲ့သဘော၊ ဖွဲ့စည်းတဲ့သဘော၊ ယိုစီးတဲ့သဘော စတဲ့ ရှုမှတ်တဲ့စိတ်ရဲ့အာရုံကို ယူတတ်တဲ့သဘော၊ အာရုံကိုသိတတ်တဲ့ သဘော၊ ကြံစည်တွေးတောတတ်တဲ့ သဘောသဘာဝ၊ ဓာတ်သဘာဝ ကို ရှုမယ်ဆိုရင်လဲ ဒါဟာဓာတ်ကမ္မဋ္ဌာန်း၊

http://www.dhammadownload.com



ဒါလဲ ဝိပဿနာကမ္မဋ္ဌာန်းပါပဲ။

ဝိပဿနာအရာမှာတော့ မိမိရဲ့ဉာဏ်၊ ကမ္မဋ္ဌာနာစရိယများရဲ့ ညွှန်ကြားမှု၊ ဉာဏ်လမ်းဆိုတော့ ဉာဏ်နဲ့ပတ်သက်တဲ့ လုပ်ငန်းတွေ၊ ရုပ်တွေနာမ်တွေနဲ့ ပတ်သက်ပြီးတော့၊ ညောင်းတယ်၊ ကိုက်တယ်၊ ထုံကျင်တယ် စတဲ့ ခန္ဓာကိုယ်မှာဖြစ်နေတဲ့ ဒုက္ခဝေဒနာကတော့ ဘာမှ အဖိုးမတန်ဘူး။

အဲဒီ အဖိုးမတန်တဲ့ ဆင်းရဲတဲ့ဒုက္ခကိုပဲ ဒုက္ခလို့ရှု၊ မြားညှောင့် သဖွယ်ရှု၊ ရှုမှတ်ပြီးတော့ ဝေဒနာကမ္မဋ္ဌာန်း။ မိမိစိတ်ကလေးရဲ့ ဖြစ်ပုံပျက်ပုံကို ရှုမယ်ဆိုရင် စိတ္တာနုပဿနာ၊ သတိပဋ္ဌာန် အမျိုးမျိုး ဖြစ်ပွားနိုင်ပါတယ်။ အဲဒီလို ဝိပဿနာဉာဏ်အဆင့်ဆင့် ရရှိအောင် အားထုတ်ပြီးတော့ နေရတာဟာ မဂ်ဉာဏ်ရဲ့ မျိုးစေ့ဖြစ်လို့ တစ်နေ့ တစ်ရက်လေးလဲ လွန်စွာမြတ်လှပါတယ်ဆိုတဲ့ ဘုရားမိန့်မြွက် ဓမ္မစက် ရတနာ ဒေသနာတော်ကို အာရုံပြု လိုက်နာကျင့်ကြံ ကြိုးကုတ် အားထုတ်နိုင်ကြပါစေဟု ပတ္ထနာပြုလျှက် နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

*****

http://www.dhammadownload.com



**သာမညဖလ အခါတော်နေ့**

သာသနာနှစ် ၂၅၅၀ ပြည့်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခု၊ တန်ဆောင်မုန်းလပြည့်နေ့၊ တန်ဆောင်တိုင်ပွဲတော်နေ့။

သာသနာအနေနဲ့ ပြောမယ်ဆိုရင် သာမညဖလအခါတော်နေ့၊ သံဃာတော်များနေ့။ သာမညအခါတော်နေ့ ဖြစ်တဲ့အတွက် ရဟန်းပြုခြင်းရဲ့ အကျိုးတရားတွေ (၂၁)မျိုး ထုတ်ဖော် ဟောကြားသင့်ပါတယ်။ သံဃာ့ဂုဏ် (၉)မျိုး။

- သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
- ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
- ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
- သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
- ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော၊
- အာဟုနေယျော၊
- ပါဟုနေယျော၊
- ဒက္ခိဏေယျော၊
- အဉ္ဇလိကရဏီယော၊
- အနုတ္တရံ ပုညက္ခေတ္တံ လောကဿ လို့ သံဃာ့ဂုဏ်တော် (၉)မျိုးရှိပါတယ်။ ဘုရားဂုဏ်တော်သာ ပွားများကြတာ များပါတယ်။ သံဃာ့ဂုဏ်တော် ပုတီးစိပ်တာ ပွားများတာ နည်းပါးပါတယ်။

သံဃာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းတာက နည်းပါတယ်။ သံဃာ့ဂုဏ်တော် (၉)ပါးထဲက ပထမလေးပါးက "ကောင်းမွန်၊ ဖြောင့်မှန်၊ လျော်ကန်၊ သင့်မြတ် ဂုဏ်(၄)ရပ်"။

http://www.dhammadownload.com



နိဗ္ဗာန်ရဖို့ရန်အတွက် ကောင်းမွန်တယ်၊ ဖြောင့်မှန်တယ်၊ လျော်ကန်တယ်၊ သင့်မြတ်တယ်။ အဲဒီ အကျင့်စရဏတွေ ကျင့်ကြံပြည့်စုံတော်မူတဲ့ သံဃာတော်တွေ၊

အဲဒီအကြောင်း ဂုဏ်လေးမျိုး ရှိလာပြီဆိုရင်တော့ အာဟုနေယျ အစရှိတဲ့ အကျိုးဂုဏ် (၅)မျိုးကလဲ ရှိတော့တာပါပဲ။

အဝေးမှဆောင်ယူလာတဲ့ ပစ္စည်းဝတ္ထုကိုလဲ အလှူခံထိုက်တယ်။

ဧည့်သည်တို့အား လက်ဆောင်ပေးရန် စီမံထားတဲ့ ပစ္စည်းဝတ္ထုကိုလဲ အလှူခံယူထိုက်တယ်။

တမလွန်ဘဝကို ရည်မျှော်ပြီး လှူဒါန်းပူဇော်မှုကိုလဲ ခံယူထိုက်တယ်။

လက်အုပ်ချီမိုး ရှိခိုးထိုက်တယ်။

လောကသားအားလုံးတို့ရဲ့ အတုမရှိ မြတ်တဲ့ကောင်းမှု မျိုးစေ့စိုက်ပျိုးရာ ဖြစ်တယ်။

အကျိုးဂုဏ် (၅)မျိုး။ "ကောင်းမွန်ဖြောင့်မှန် လျော်ကန်သင့်မြတ် ဂုဏ် (၄)ရပ်နဲ့ ပြည့်စုံတဲ့ မြတ်စွာဘုရားရဲ့ တပည့်သားသာဝကသံဃာ"။

"သာဝက"ဆိုတာ နာကြားတတ်တယ်၊ နားထောင်တတ်တယ်၊ လိုက်နာတတ်တယ်။ အဲဒီ သာဝကက မုချအားဖြင့် အရိယာပုဂ္ဂိုလ် (၈)ယောက်။

ဥပစာနည်းနဲ့ ပြောမယ်ဆိုရင်တော့ ကလျာဏပုထုဇဉ်များလဲ ရနိုင်ပါတယ်။

http://www.dhammadownload.com



တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကတို့က မြတ်စွာဘုရားရဲ့ စကားတော်ကို အမွန်အမြတ်ထားပြီးတော့ နာကြားတတ်တဲ့ပုဂ္ဂိုလ်၊ လိုက်နာတတ်တဲ့ ပုဂ္ဂိုလ်၊ ကျင့်သုံးတတ်တဲ့ပုဂ္ဂိုလ်တွေ၊ တပည့်သား သာဝကတွေ။

ယခုခေတ်မှာလဲ သာဝကဆိုတဲ့ နာမည်နဲ့ ယောဂီများကို သုံးစွဲနိုင်ပါတယ်။ ဘုရားစကားကို နာကြားတယ်၊ နားထောင်တယ်၊ လိုက်နာတယ်၊ ကျင့်သုံးတယ်၊ အဲဒီပုဂ္ဂိုလ်ယောဂီကို သာဝက။

ဘုရားစကားကို နာကြားတယ်၊ လိုက်နာတယ်၊ ကျင့်သုံးတယ်၊ အဲဒီ အမျိုးသမီးများကိုလဲ သာဝိကာလို့ ခေါ်ဆိုနိုင်ပါတယ်။

တစ်ချိန်က ရာဇဂြိုဟ်မြို့သူ ကုဏ္ဍလကေသီဆိုတဲ့ အမျိုးသမီးတစ်ယောက် လင်ဖြစ်တဲ့ သူခိုးကို သူခိုးကျချောက်ထဲ တွန်းချပြီးတော့ ရဟန်းပြုလာတယ်၊ ပရိဗိုဇ် ရဟန်းပြုတာပါ။

ပရိဗိုဇ်ရဟန်းတို့ထံ ဝါဒတစ်ထောင် သင်ယူပြီးတော့ ဝါဒပေါင်းတစ်ထောင် တတ်သိနားလည်တဲ့ ပရိဗိုဇ်အမျိုးသမီး။

ရှင်သာရိပုတ္တရာမထေရ်နဲ့ တွေ့တဲ့အခါ ရှင်သာရိပုတ္တရာက အဲဒီ ကုဏ္ဍလကေသီရဲ့ ဝါဒတစ်ထောင်ကို ချေဖျက်ဖြေရှင်းပြီးတော့ ဗုဒ္ဓမြတ်စွာ သာသနာနဲ့ ပတ်သက်တဲ့ **"ဧတံ နာမကႎ = အဲဒီ တရားစကားဆိုတာ ဘယ်ဟာလဲ"**၊ ဘယ်ဟာလဲ အစရှိသဖြင့် မေးတယ်။

"ဒီပြဿနာက ဘာမေးခွန်းလဲ ဘုရား"လို့ ပြန်လျှောက်တယ်။

"ဘုရားနဲ့ ပတ်သက်တဲ့ မေးခွန်းဖြစ်တယ်"ဆိုတော့ ဘိက္ခုနီဝတ်ပြီးတော့ ရဟန္တာဖြစ်တာပါပဲ။

အဲဒီလို ရဟန္တာဖြစ်တဲ့အခါ ရဟန်းတော်တွေက အံ့သြချီးမွမ်းကြတယ်။ အဲဒီလို အံ့သြကျတော့ မြတ်စွာဘုရားက ဤဘိက္ခုနီမသည်

http://www.dhammadownload.com



လင်ဖြစ်တဲ့ ခိုးသူကို အောင်ခဲ့တယ်။ တရားအနည်းငယ် နာကြားရကာမျှနဲ့ပဲ အထွဋ်တရား ရခဲ့တယ်”လို့

**ယောစ ဂါထာသတံ ဘာသေ၊ အနတ္ထ ပဒသံဟိတံ။**

**ဧတံ ဓမ္မပဒံ သေယျော၊ ယံသုတွာ ဥပသမ္မတိ။**

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာ ဂါထာတစ်ရာ အရာမကသော ဂါထာကို ရွတ်ဆိုတယ်။ အဲဒီဂါထာက အကျိုးမရှိတဲ့ အနက်နှင့် ယှဉ်နေတဲ့ဂါထာ တစ်ရာ။

ပုဂ္ဂိုလ်တစ်ယောက်ကတော့- ယံ ဓမ္မပဒံ= အကြင်တရားနှင့် စပ်ယှဉ်သောပုဒ်ကို၊ သုတွာ= ကြားနာရ၍၊ ဥပသမ္မတိ= ကိလေသာ ငြိမ်းနိုင်၏။ ဧကမ္ပိ= တစ်ခုလည်းဖြစ်သော၊ တံ ဓမ္မပဒံ= ဤတရားနှင့် စပ်ယှဉ်သော တစ်ပုဒ်တစ်ဂါထာသည်၊ သေယျော= မြတ်လှပါပေ၏။

တစ်ရာနှင့်တစ်ပုဒ်၊ အကျိုးမဲ့နှင့်စပ်ယှဉ်တဲ့၊ အကျိုးမရှိတဲ့ ဂါထာ (၁၀၀) ရွတ်ဖတ်ရတာ နာကြားရတာကတစ်ယောက်၊ တရားနှင့်ယှဉ်တဲ့ တစ်ပုဒ်တစ်ဂါထာကို နာကြားရတဲ့ ပုဂ္ဂိုလ်က တစ်ယောက်၊

တရားနှင့်ယှဉ်တဲ့ တစ်ပုဒ် တစ်ဂါထာကို နာကြားရတဲ့ ပုဂ္ဂိုလ်ဟာ မိမိတို့သန္တာန်မှာ အပူမီးတောက် ကိလေသာကို ငြိမ်းအေးစေနိုင်တယ်။ တစ်ပုဒ် တစ်ဂါထာပင် ဖြစ်စေကာမူ ကိလေသာကို ငြိမ်းနိုင်တယ်။ စောစောက အကျိုးမဲ့တဲ့ အနှစ်မဲ့တဲ့ ဂါထာ (၁၀၀)ကို နာကြားရတာ နာကြားရသူထက် မြင့်မြတ်တယ်။

ဘုန်းကြီးတို့ လယ်တီဝိပဿနာတရားစခန်း အကြိမ် (၁၀၀)မှာ တစ်ကြိမ်လောက် တရားဝင်လိုက်ရရင်ပင် တန်ဖိုးရှိတယ်။

http://www.dhammadownload.com



ကိလေသာငြိမ်းအေးနိုင်တဲ့ တရားတော်ကို နာကြားပြီးတော့ ဟောကြားတဲ့ တရားတော်တွေထဲက ရှေးဦးစွာ ဝါယောဓာတ်တစ်လုံးကို အခြေခံပြီးတော့ သမာဓိရအောင် အားထုတ်ကြတာပါပဲ။

အဲဒီလို အားထုတ်ကြတော့ ဓမ္မပဒခေါ်တဲ့ တရားနဲ့စပ်ယှဉ်တဲ့ "အနဘိဇ္ဈာ ဓမ္မပဒံ" အဘိဇ္ဈာကင်းခြင်းဟာလဲ တရားတစ်ပုဒ်ပါပဲ။ သူတစ်ပါးဥစ္စာကို ပိုင်ဆိုင်လိုမှု အဘိဇ္ဈာကင်းခြင်းဟာ တရားနဲ့ ယှဉ်တဲ့ပုဒ်ပဲ။ အဗျာပါဒေါ= ဒေါသကင်းခြင်းဟာလဲ တစ်ခုသော ဓမ္မပဒ၊ သမ္မာသတိဟာလဲ တစ်ခုသော ဓမ္မပဒ တရားနဲ့စပ်ယှဉ်တယ်။ သမ္မာသမာဓိ ကောင်းသောတည်ကြည်ခြင်းဟာလဲ တစ်ခုသော ဓမ္မပဒတရားနဲ့ စပ်ယှဉ်တယ်။

အခု သမ္မာသတိ၊ သမ္မာသမာဓိတို့ကို အသုံးချပြီးတော့ တစ်ခုသော သမ္မာသတိနဲ့ ဆက်စပ်တဲ့တရား၊ တစ်ခုသော သမ္မာသမာဓိနဲ့ ဆက်စပ်တဲ့တရားကြောင့် မိမိတို့သန္တာန်မှာ ကိလေသာငြိမ်းမယ်ဆိုရင် အဲဒီတစ်ပုဒ်လေးဟာ တန်ဖိုးကြီးပါတယ်။

ယောစ= သဒ္ဒါဖက်စွမ်း ဆန်းလဲကျွမ်းကျင် ဉာဏ်လျှင်သူဆို အကြင်ပုဂ္ဂိုလ်သည်ကား၊ ဂါထာသတံ= တစ်ရာနှစ်ရာ အစဖြာလျှက် ရာဖြင့်ပိုင်းခြား ဂါထာအများအပြားကို၊ ဘာသေ= အဆက်မပြတ် ကွက်မလပ်ပဲ မရပ်မနား လျှင်လျှားနှုတ်သွက် မြွက်ကြွားရွတ်ဆိုရာ၏။ (တဿ) တစ်ရာနှစ်ရာ ရာများစွာဟု ဂါထာရွတ်ဆို ထိုပုဂ္ဂိုလ်၏၊ (ပဒ) ရာဖြင့်ချီလျှက် စီကုံးဖွဲ့ဆို ထိုဂါထာတို့သည်၊ အနတ္ထပဒသဉှိတာ= အကျိုးမများ မတိုးပွားသည့် တရားယုတ်စွ ပုဒ်ပဒနှင့် မုချပတ်သက် စပ်လျက်ရှိကုန်မူ၊ နသေယျော= အနှစ်မဲ့စွာ အကာမျိုးမို့ နာကျိုးမနပ် မကောင်းမြတ်ပါပေ။

http://www.dhammadownload.com



ယံ= အကျိုးဖြစ်ဖို့ အနှစ်များများ အသားပါပါ အကြင်ဂါထာကို၊ သုတွာ= ရတနာအလား သဒ္ဓါပွားကြ နာကြားရသည်ရှိသော်၊ ဥပသမ္မတိ= ကိလေသာဟူ ဗလောင်ဆူသည့် အပူခပ်သိမ်း အငြိမ်းကြီးငြိမ်းရလေ၏။ ဧကံ= အမျိုးမများ နည်းပါးလှစွာ တစ်ပုဒ်တစ်ဂါထာဖြစ်သော၊ တံဂါထာပဒံ= ငြိမ်းချမ်းရေးဖြစ် အနှစ်များများ အသားပါပါ ထိုဂါထာပုဒ်သည်၊ သေယျော= ဒုက္ခကင်းဝေး ဘေးမသန်းလာ အေးချမ်းသာဖို့ အဖြာဖြာဖြိုး သာယာတိုးလျှက် နာကျိုးနပ်ချေ ကောင်းမြတ်လှပေသည်တကား။

စစ်မြေပြင်ရောက်နေတဲ့ သူရဲကောင်းနှစ်ယောက်ရှိရာ တစ်ယောက်က တစ်ဖက်ရန်သူ တစ်သန်းကို ချေမှုန်းအောင်နိုင်စွမ်းရှိတယ်။ တစ်ယောက်က ကိုယ်တွင်းပူဆာ လောဘစတဲ့ ကိလေသာကို တစ်ကြိမ်အောင်နိုင်စွမ်းရှိတယ်။ အဲဒီနှစ်ယောက်ထဲက ကိုယ်တွင်းပူဆာ လောဘစတဲ့ ကိလေသာကို အောင်နိုင်စွမ်းရှိတဲ့ သူရဲကောင်းက ယောကျ်ားမြတ်အာဇာနည် ဖြစ်တယ်လို့ ဟောတော်မူတာကို ကြည့်မယ်ဆိုရင် အခုကိုယ်တွင်းပူဆာ ကိလေသာကို တိုက်ထုတ်နေတာ ဘုရားကြိုက်တယ်။

**ယောသဟဿံ သဟဿေန၊ သင်္ဂါမေ မာနုသေ ဇိနေ။**

**ဧကဉ္စ ဇေယျမတ္တာနံ၊ သဝေ သင်္ဂါမဇုတ္တမော။**

ယော= အကြင်စစ်ဗိုလ်ကြီးသည်၊ သင်္ဂါမေ= စစ်မြေပြင်၌၊ သဟဿေန= တစ်ထောင်ဖြင့်၊ ဂုဏိတေ= မြှောက်အပ်ကုန်သော၊ သဟဿံ မာနုသေ= တစ်ထောင်သောလူတို့ကို တစ်နည်း၊ သဟဿေန သဟဿံ= တစ်သန်းအရေအတွက်ရှိသော၊ မာနုသေ= လူတို့ကို၊ ဇိနေ= ကိုယ့်အစွမ်းဖြင့် တစ်သန်းဗိုလ်ခြေ ညက်ညက်

http://www.dhammadownload.com



ကျေပြုန်း လုံးဝရှုံးအောင် ခြေမှုန်းသုတ်သင် အောင်ပွဲဆင်လျက် အောင်မြင်နိုင်ရာ၏။ ယောစ= အကြင်သူရဲကောင်းသည်ကား၊ အတ္တာနံ= ကိုယ်တွင်းပူဆာ ကိလေသာကို၊ ဇေကံ= တစ်ကြိမ်တစ်ခါမျှ၊ ဇေယျ= နှစ်ဖြာရုပ်နာမ် ဟုတ်အမှန်ဝယ် ဉာဏ်သတိကပ် ဝိပဿနာ ရတနာစက် လက်နက်တော်စွဲ အောင်ပွဲဆင်နိုင်ရာ၏။ တေသုံ= ထိုသူရဲကောင်းနှစ်ယောက်တို့တွင်၊ သသော အတ္တဇိနော= ထိုကိုယ် တွင်းပူဆာ ကိလေသာကို တစ်ခါတစ်ကြိမ် အောင်နိုင်ပေသော သူရဲကောင်းသည်သာလျှင်၊ ဝေ= စင်စစ်၊ သင်္ဂါမဇုတ္တမော= စစ်မြေပြင်၌ အောင်ပွဲရသူတို့ထက် အမြတ်ဆုံးအောင်ပွဲရ အာဇာနည်သည်၊ ဟောတိ= ဖြစ်ပါပေ သတည်း။

သာဓု - သာဓု - သာဓု

နောက်တစ်မျိုးပြောကြဦးစို့ရဲ့၊ အရှင်သာရိပုတ္တရာရဲ့ တူကလေး တစ်ယောက်ရှိတယ်။ အဲဒီတူက ပုဏ္ဏားတို့ရဲ့ အယူအဆ ဝါဒလမ်းစဉ် ကို သဘောကျပြီး ကျင့်သုံးနေတဲ့တူ။

အရှင်သာရိပုတ္တရာက မေးတယ်။ "ငါ့တူ မင်းဘာလုပ်နေလဲ"။ "ဘုရား တပည့်တော် မီးပူဇော်နေပါတယ်"။ "ဘယ်လို ပူဇော်သလဲ" မေးတော့၊

"လတိုင်း လတိုင်း လစဉ် သတ္တဝါတစ်ကောင် တစ်ကောင်ကို သတ်ပြီးတော့ မီးပူဇော်နေပါတယ်"။ "ဘာကြောင့် မီးပူဇော်သလဲ"လို့ မေးတော့ "ဗြဟ္မာ့ပြည် ရောက်ဖို့လမ်းဖြစ်လို့ပါပဲ"။

လတိုင်း လတိုင်း သတ္တဝါတစ်ကောင် တစ်ကောင်ကိုသတ်ပြီး မီးပူဇော်တဲ့ အလုပ်သည် ဗြဟ္မာ့ပြည်ရောက်စေတဲ့ လမ်းတဲ့။

http://www.dhammadownload.com



"ဘယ်သူကပြောသလဲ"ဆိုတော့၊ "ဆရာကြီးတွေက ပြောတယ်"။ အဲဒီတော့ အရှင်သာရိပုတ္တရာက ဖြဟ္မာ့ပြည်ရောက်တဲ့ လမ်း သူတို့မသိဘူး။ သူတို့လဲ မရောက်ဘူး။ လစဉ်လတိုင်း သတ္တဝါ တစ်ကောင် တစ်ကောင်ကို သတ်ပြီး မီးပူဇော်ရင် ဖြဟ္မာ့ပြည်ရောက် တယ် ဆိုတဲ့ အယူအဆ မှားယွင်းတယ်။

အရှင်သာရိပုတ္တရာက မြတ်စွာဘုရားကို ရှိခိုးပြီး "ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်ရဲ့တူကို ဆုံးမပေးတော် မူပါဘုရား"လို့ တောင်းပန်တယ်။

**ယောစဝဿသတံဇန္တု၊ အဂ္ဂိံ ပရိစရေဝနေ။**

ယောဇန္တု= အကြင်ပုဂ္ဂိုလ်သည်လည်း၊ တဿ သတံ= အနှစ် တစ်ရာပတ်လုံး ဝနေတော၌၊ အဂ္ဂိံ= မီးကို၊ ပရိစရေ= လုပ်ကျွေးရာ၏။

လစဉ် လစဉ် သတ္တဝါတစ်ကောင် တစ်ကောင်ကိုသတ်ပြီး တော့ မီးလုပ်ကျွေးတယ်။ လစဉ်တောထဲမှာ သတ္တဝါတစ်ကောင် တစ်ကောင်ကိုသတ်ပြီး မီးလုပ်ကျွေးတဲ့သူက တစ်ယောက်။ -

**ဧကဉ္စ ဘာဝိတတ္တာနံ၊ မုဟုတ္တ မပိပူဇယေ။**

ယောစ= အကြင်သူသည်ကား၊ ဧကံ= တစ်ကြိမ်၊ မုဟုတ္တံ= တစ်ခဏလေးမျှ၊ ဘာဝိတတ္တာနံ= ပွားများအပ်သော ဘာဝနာစိတ်ရှိ သောသူတို့အား၊ ဝါ= ကိုယ်စိတ်နှစ်ဖြာ ဘာဝနာဖြင့် အခါများပြား မနားမနေ ပွားစေပြီးသူ ဖြူစင်လှစွာ အရိယာအရှင်မြတ်တို့အား၊ ပူဇယေ= ပူဇော်ရာ၏။

နောက်တစ်ယောက်က သမထဘာဝနာ ဝိပဿနာဘာဝနာ ကြိမ်လုံးနဲ့ နှိပ်ကွပ်ဆုံးမအပ်ပြီးသော ပုဂ္ဂိုလ်တစ်ယောက်အား တစ်ခဏလေးမျှ လက်အုပ်ချီမိုး ရှိခိုးတယ်၊ လျှုဒါန်းမှုပြုတယ်။ ဒီတော့

http://www.dhammadownload.com



တစ်ယောက်က အနှစ်တစ်ရာ လစဉ်သတ္တဝါတစ်ကောင် တစ်ကောင်ကို သတ်ပြီးတော့ တောထဲမှာ မီးကိုလုပ်ကျွေးတယ်။

နောက်တစ်ယောက်က သမထဘာဝနာ၊ ဝိပဿနာဘာဝနာ ကြိမ်လုံးနဲ့ ချေမှုန်းနှိပ်ကွပ်ပြီးတဲ့ ပုဂ္ဂိုလ်အား တစ်ခဏလေးမျှ လက်ဖျောက်တစ်တီးမျှ၊ မျက်စိတစ်မှိတ်မျှ ပူဇော်ပသမှု၊ လှူဒါန်းမှု ပြုတယ်။

**သာယေဝ ပူဇနာ သေယျော၊ ယဉ္စေဝဿသတံ ဟုတံ။**

(အဿ)= အရိယာအား သဒ္ဓါပွားလျက် အားထားလောက်ဟု ဤပူဇော်သူ၏၊ သာယေဝ ပူဇနာ= သမထဝိပဿနာ ဘာဝနာကြိမ်လုံးဖြင့် ချေမှုန်းနှိပ်ကွပ်အပ်ပြီးသော သူအား တစ်ခဏလေးမျှ မျက်စိတစ်မှိတ် လက်ဖျောက်တစ်ချက်တီးလေးမျှ ပူဇော်ရခြင်းသည်သာလျှင်၊ သေယျော= အလွန်အကြူး အထူးမြတ်လှပါပေ၏။

တဿ= ထိုမီးဇော်သူ၏၊ ဝဿသတံ= အနှစ်တစ်ရာပတ်လုံး၊ ဟုတံ= မီးပူဇော်ခြင်းသည်၊ ဝါ= အကျိုးမများ အမှားကိုပင် တရားထင်လျက် အမြင်မှားယွင်း ထိုပူဇော်ခြင်းသည်၊ ယဉ္စေ နသေယျော= မမြတ်လှပါတကား။

တောထဲမှာ နှစ်ပေါင်းတစ်ရာ လစဉ် သတ္တဝါတစ်ကောင် တစ်ကောင်သတ်ပြီး မီးပူဇော်တာထက် သမထဝိပဿနာ ဘာဝနာ ကြိမ်လုံးနဲ့ ချေမှုန်းဆုံးမအပ်ပြီးသော ပုဂ္ဂိုလ်အား တစ်ခဏတာမျှ ပူဇော်ရတာက မြင့်မြတ်တယ်။

တောထဲမှာ နှစ်ပေါင်းတစ်ရာ လစဉ် သတ္တဝါတစ်ကောင် တစ်ကောင် သတ်ပြီး မီးပူဇော်တာက မမြတ်ဘူးလို့ မြတ်စွာဘုရားက ဟောတော်မူတယ်။

http://www.dhammadownload.com



အရှင်သာရိပုတ္တရာ တူတော်မောင်ပုဏ္ဏားအား ဆုံးမတဲ့အတိုင်း မိမိတို့ဟာ နိဗ္ဗာန်ရောက်ကြောင်း လမ်းစဉ်များ တွေ့ရှိထားကြပြီ။ မိမိတို့ရဲ့စိတ်ကို သမထဘာဝနာ ဝိပဿနာဘာဝနာ ကြိမ်လုံးဖြင့် ချေမှုန်းနှိပ်ကွပ် ဆုံးမဖို့ရာ ပြင်ဆင်နေတဲ့အချိန်။

မိမိတို့ တစ်ကြိမ်တစ်ခါ တစ်ရက်တစ်လေမျှ ဘာဝနာကြိမ်လုံးနဲ့ ချေမှုန်းနှိပ်ကွပ် ဆုံးမပြီးတော့ စိတ်ကိုထားမယ်ဆိုရင် မိမိတို့အား ပူဇော်သမှုပြုကြတဲ့ ပုဂ္ဂိုလ်များလဲ မြင့်မြတ်တယ်။ မိမိတို့လဲ တစ်ခဏတာမျှ ကုသိုလ်ကလဲ မြင့်မြတ်တဲ့အတွက် မိမိတို့စိတ်ကို ပေါက်လွှတ်ပဲစား မထားပဲ၊ ဘာဝိတစိတ် ဖြစ်ရအောင် သမထဘာဝနာ၊ ဝိပဿနာဘာဝနာ (၂)မျိုးတို့ကို ကြိုးစားပွားများ အားထုတ်ကြပါလို့ နှိုးဆော်တိုက်တွန်းရင်း ဘုန်းကြီး၏ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

*****

http://www.dhammadownload.com



လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်(၁)
ကလေးဝတောရဆရာတော်
ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
ပရိယတ္တိသာသနဟိတာရေ

## လယ်တီဘဒ္ဒန္တဓာဂရာဘိဝံသ

ဟောကြားတော်မူသော

**(၁၈၂)ကြိမ်မြောက်**

ယနေ့ သာသနာနှစ် ၂၅၅၀ ပြည့်နှစ်၊ ၁၃၆၈ ခုနှစ် နတ်တော်လပြည့် (၅)ရက်။

လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ကြိုးပမ်းအားထုတ်နေကြတဲ့ ယောဂီများ ယနေ့ သမထပိုင်းက ဝိပဿနာပိုင်း ကူးမြောက်လာကြပြီ။

ဝိပဿနာအာရုံက ရုပ်နာမ်ဓမ္မသင်္ခါရတွေဆိုတော့ ရုပ်နာမ်ဓမ္မသင်္ခါရတွေနဲ့ ပတ်သက်ပြီး အနည်းငယ်ပြောကြားပါ့မယ်။

ဗုဒ္ဓဘုရားရှင်မှ တစ်ဆင့် ညွှန်းပြတော်မူခဲ့တဲ့ ကျေးဇူးတော်ရှင် ပထမလယ်တီဆရာတော်ဘုရားကြီးရဲ့ မွေးနေ့ (၁၆၀)ကြိမ်မြောက်။

ဆရာတော်ဘုရားကြီးရဲ့ မွေးနေ့က နတ်တော်လဆန်း (၁၃)ရက်နေ့။

http://www.dhammadownload.com



ဘုန်းကြီးတို့ ရန်ကုန်မှာ ယခင်နှစ်များက မွေးနေ့ပွဲကျင်းပတတ်ပါတယ်။ သို့သော်လဲ မုံရွာမြို့ မဟာလယ်တီကျောင်းတိုက်ကြီး (၁၆၀) ကြိမ်မြောက် လယ်တီဝိပဿနာ ညွှန်းပြတော်မူတဲ့ ဆရာတော်ဘုရားကြီးရဲ့ မွေးနေ့မင်္ဂလာပွဲ သွားပြီးတော့ သံဃာတော်များနဲ့ သီလရှင်များအား ဆွမ်းဆက်ကပ်ပြီး စာအုပ်စာတမ်းများ လှူဒါန်းပြီးတော့ ဆရာတော် ဘုရားကြီးအား ကျေးဇူးဆပ်ပွဲပြုရင်း ရောက်ခဲ့ပါ တယ်။

ယခု လယ်တီဝိပဿနာ (၇)ရက်တရားစခန်းမှာ ဝင်ရောက်အားထုတ်နေတဲ့ ယောဂီသူတော်စင်များဟာလဲ သုံးလောကထွဋ်ထားမြတ်ဘုရားနှင့် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးများအား ကျေးဇူးတုန့်ပြန်သောအားဖြင့် တရားအားထုတ်ကြတယ်။

အဲဒီလို အားထုတ်ကြတဲ့အခါမှာ ဘုန်းကြီးတို့ "လောကဝိဒူဆိုတဲ့ ဂုဏ်တော်ကြီးနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရား"။

"လောကဝိဒူ"ဆိုတဲ့နေရာမှာ လောကက သုံးမျိုး။

(၁) ၃၁-ဘုံ "ဩကာသလောက"

(၂) လူ့ပြည်၊ နတ်ပြည် (၆)ထပ်၊ ဗြဟ္မာ (၂၀)၊ အပါယ် (၄)ရပ် သတ်မှတ်ပိုင်းခြား (၃၁)ဘုံမှာ တည်နေကြတဲ့ သတ္တဝါတွေ "သတ္တလောက"

(၃) အဲဒီ (၃၁)ဘုံမှာရှိတဲ့ သုံးဆယ့်တစ်ဘုံသားတွေ သန္တာန်မှာ ထင်ရှားရှိတဲ့ ရုပ်နေရုပ်ထား စိတ်နေစိတ်ထား အတွင်းခံတ်သားတွေက "သင်္ခါရလောက"။

လောကဆိုတာ= ပရမ်းပတာ ပျက်တတ်လို့ "လောက"။

ဩကာသလောက (၃၁) ဘုံကြည့်မယ်ဆိုရင် အပါယ် (၄)ဘုံ၊ လူ့ဘုံ၊ နတ်ပြည် (၆)ထပ်၊ ဗြဟ္မာဘုံ (၂၀) အဲဒီလို တည်ရှိကြတယ်။

http://www.dhammadownload.com



**သက်တမ်း**

အဲဒီလို တည်ရှိကြတော့ သက်တမ်းနဲ့စကားပြောမယ်ဆိုရင်-

**လူ၊ ဘုမ္မစိုး ပါယ် (၄)မျိုး သက်ပိုင်းမြဲမရှိ။**

လူများ၊ ဘုမ္မစိုးနတ်များ (မိဆိုင်ဘဆိုင်နတ်များ)လဲ ဘုမ္မစိုး နတ်ထဲမှာ ပါပါတယ်။ အချို့ နတ်ဘီလူးတွေလဲ ပါပါတယ်။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တွေဟာ သက်တမ်း မမြဲကြဘူး။ အသူရကာယ်ဆိုတာ တန်ခိုးနည်းတဲ့နတ်တွေပါပဲ။

ငရဲမှာ သက်တမ်းမမြဲရတာက ငရဲမှာ ကံက အချုပ်အချာပါပဲ။ အကုသိုလ်ကံမကုန်သေးရင် မသေပါဘူး။ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဘုံသားတွေလဲ ဒီအတိုင်းပါပဲ။

ဘုမ္မစိုးနတ်တို့မှာလဲ ကံကအချုပ်ပါပဲ။ ဘုမ္မစိုးတို့မှာ အချို့က (၇)ရက်၊ အချို့က (၁၅)ရက်၊ အချို့က (၁)လ၊ အချို့က ကမ္ဘာထိအောင် အသက်ရှည်တာတွေလဲ ရှိတယ်။

အဲဒီသက်တမ်းမမြဲသူ လူတွေထဲမှာ လူ့အဖြစ်၌ တည်လျက် ပင် အရိယာ သောတာပန်တွေလဲ ရှိနိုင်တယ်။ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာတွေလဲ ရှိနိုင်ဖြစ်နိုင်ပါတယ်။ အဲဒီထဲမှာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တို့က သက်ဆုံးတိုင် ရပ်တည်နိုင်ပါတယ်။

လူရဟန္တာတို့ကတော့ ပရိနိဗ္ဗာန်သော်လဲစံရ၊ ရဟန်းသော်လဲ ပြုကြရပါတယ်။ ဘာကြောင့်?

ရဟန္တာအဖြစ်ဆိုတာ မြင့်မြတ်တဲ့ဂုဏ် ရှိတယ်။ လူ့အသွင်က အောက်ကျသေးသိမ် မေ့မှိန်တဲ့အတွက်ကြောင့် မြင့်မြတ်တဲ့ဂုဏ်ကို မထမ်းနိုင်လို့ပါပဲ။

http://www.dhammadownload.com



ဘုမ္မဇိုးနတ်ရဟန္တာတို့က သက်ဆုံးတိုင် ရပ်တည်နိုင်ပါတယ်။ နတ်ပြည် (၆)ထပ်က သောတာပန်၊ သကဒါဂါမ်နတ်တို့က သက်ဆုံးတိုင် ရပ်တည်နိုင်ပြီး အနာဂါမ်နတ်တို့က ရူပဘုံသွားရောက်သင့်ပါတယ်။ ရဟန္တာနတ်တို့ကတော့ ပရိနိဗ္ဗာန်စံရုံပါပဲ။ အာရုံပုန်းအောင်းရာ အရပ်မရှိလို့ပါပဲ။ ရူပ အရူပဗြဟ္မာအရိယာတို့က သက်ဆုံးတိုင် ရပ်တည်နိုင်ကြပါတယ်။

နတ်ပြည် (၆)ထပ်၊ ဗြဟ္မာ (၂၀)မှာ ရှိတဲ့ နတ်ဗြဟ္မာတွေ သက်တမ်းရှည်ပါတယ်။ နတ်က (၃)မျိုးရှိတယ်။

(၁) သမ္မုတိနတ်= မင်းစိုးရာဇာများ၊

(၂) ဥပပတ္တိနတ်= နတ်/ဗြဟ္မာများ၊

(၃) ဝိသုဒ္ဓိနတ်= ကိလေသာအညစ်အကြေး ကင်းစင်တဲ့ ဘုရားရှင်၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်များ။

အဲဒီ နတ်သုံးမျိုးထဲက သမ္မုတိနတ်၊ ဝိသုဒ္ဓိနတ်တို့က သက်တမ်းမမြဲပါ။ နတ်ပြည် (၆)ထပ် နတ်နဲ့ဗြဟ္မာ (ဥပပတ္တိနတ်)တို့က သက်တမ်းမြဲပါတယ်။ ဟိရီ ဩတ္တပ္ပ တရား (၂)ပါးတို့ဟာ လောကသားတို့ကို အကုသိုလ်မှ ကာကွယ်၍ စောင့်ရှောက်တတ်တယ်။ နတ်သုံးမျိုး၌ ဖြစ်စေနိုင်လို့ "ဒေဝဓမ္မ"လို့ ခေါ်ကြတယ်။

ဘာတွေများ ပြုလုပ်ကြသလဲဆိုတော့ -

**ဒါနံဒတွာ၊ သီလံ သမာဒိယိတွာ ဥပေါသထံ ကမ္မံ ကတွာ ကတ္တ ဥပပဇ္ဇန္တိ။**

ဒါနပေး၊ သီလဆောက်တည်၊ ဥပုသ်စောင့် (သမထဝိပဿနာ ဘာဝနာပွားရင်) ဘယ်မှာဖြစ်ကြသလဲဆိုရင် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်၌ ဖြစ်ကြတယ်။

http://www.dhammadownload.com



လူကတော့ သက်တမ်းအမြဲမရှိ။ နတ်ပြည်ထဲမှာ စတုမဟာရာဇ် နတ်သက်တမ်း ငါးရာရှိတယ်။ လူတို့အနေနဲ့ ရေတွက်ရင်တော့ နှစ်ပေါင်းကိုးသန်းရှိတယ်။

**ငါးဆယ်နှစ်သာ လူတို့ရွာ စမှာတစ်ရက်သိ။**

လူ့ပြည်မှာ နှစ်ငါးဆယ်၊ စာတုမဟာရာဇ်နတ်ပြည်မှာ တစ်ရက်။

**ရက်သုံးဆယ်လ ဆယ့်နှစ်လ စမှာ တစ်နှစ်ရှိ။**

ရက်ပေါင်း (၃၀)တစ်လ၊ (၁၂)လ တစ်နှစ် ရှိတယ်။

**ငါးရာထိုနှစ် သက်တမ်းဖြစ် လူနှစ်ကိုးသန်းတည်။**

စာတုမဟာရာဇ် နတ်တို့ရဲ့သက်တမ်းဟာ နှစ်ငါးရာ၊ လူတို့အနေနဲ့ ရေတွက်လိုက်ရင် နှစ်ပေါင်းကိုးသန်း။

**အနှစ်တစ်ရာ လူတို့ရွာ၊ တာ,မှာ တစ်ရက်သိ။**

သူ့ရက်, လ, နှစ် အစဉ်ဖြစ် တာနှစ်တစ်ထောင်ရှိ။

တာဝတိံသာနတ်ပြည်ကျတော့ လူတို့ရဲ့သက်တမ်း အနှစ်တစ်ရာမှ လူတို့ရဲ့သက်တမ်းက တစ်ရက်ဖြစ်တယ်။

**ဤနည်းနှင်နှင် လေးဆတင် ထက်ခွင်ဘုံဇီဝိ။**

စာတုမဟာရာဇ်နတ်ပြည်က နှစ်ငါးရာဆိုရင် တာဝတိံသာနတ်ပြည်က နှစ်ထောင်၊ စာတုမဟာရာဇ်နတ်ကို လူတို့သက်တမ်းနဲ့ တွက်ရင် နှစ်ပေါင်းကိုးသန်း။ တာဝတိံသာနတ်ပြည်ကျတော့ လူတို့ရဲ့ အရေအတွက်အားဖြင့် သုံးကုဋေနဲ့ခြောက်သန်း။

ယာမာနတ်ပြည်ကျတော့ တစ်ရာလေးဆယ့်လေးကုဋေနဲ့ လေးသန်း၊ တုသိတာနတ်ပြည်ကျတော့ ကုဋေပေါင်း ငါးရာခုနစ်ဆယ့်ခြောက်သန်း၊ နိမ္မာနရတီနတ်ပြည်က ကုဋေပေါင်း နှစ်ရာသုံးဆယ်နဲ့

http://www.dhammadownload.com



လေးသန်း၊ ပရနိမ္မိတဝသဝတ္တီနတ်က ကိုးရာနှစ်ဆယ့်တစ်ကုဋေနဲ့ ခြောက်သန်း ရှိပါတယ်။

နတ်တွေအသက်ရှည်ကြတယ်။ ဥပမာ- စာတုမဟာရာဇ် သက်တမ်းက ငါးရာ၊ လူတို့အရေအတွက်နဲ့ဆိုရင် နှစ်ပေါင်းကိုးသန်း။

သို့သော်လဲ ဘယ်လောက်ပင် အသက်ရှည်ရှည် သမ္မုတိမရဏာ တစ်ဘဝတစ်ခါ သေရတာရှိတယ်။

**အာယုပုည ခယနှစ်ဖြာ တဖြာဖြာကြောင့် ဗြဟ္မာတို့အား စုတိငြား၏။**

ဗြဟ္မာတို့က သက်တမ်းကုန် ကုသိုလ်ကံကုန် (၂)မျိုးထဲက တစ်မျိုးမျိုးနဲ့ စုတေကြတယ်။

**တဖြာထိုမှ ဟာရကောပါ ထည့်၍သာလျှင် လေးဖြာ အပေါင်း နတ်သေကြောင်းတည်း။**

နတ်တွေစုတေခြင်းရဲ့အကြောင်းက လေးမျိုး။

- သက်တမ်းကုန်လို့ စုတေတယ်။
- ကုသိုလ်ကံကုန်လို့ စုတေတယ်။
- အစာအာဟာရ အစားအစာ စားချိန်မှန်မှန် မစား၊ အပျော်လွန်နေရင် စုတေတယ်။
- နတ်သား နတ်သမီးများ အချင်းချင်း မနာလိုဝန်တို စိတ်ဆိုးကြလို့ စုတေတယ်။

အဲဒီတော့ သမ္မုတိမရဏာဆိုတာရှိတယ်။ လူတွေလိုပဲ သက်တမ်းရှည်တာနဲ့ တိုတာပဲကွာကြတယ်။ မရဏာသေနည်းက (၃)မျိုးရှိတယ်။

http://www.dhammadownload.com



**သမ္မုတိမရဏ**= တစ်ဘဝ တစ်ခါသေနည်း

မရဏာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းတာကျတော့ သမ္မုတိမရဏနဲ့ စီးဖြန်းရတယ်။

**သမုစ္ဆေဒမရဏ**= ဘုရား၊ ပစ္စေကာ၊ ရဟန္တာ အရှင်မြတ်ကြီးများ

ဘဝဇာတ်ချုပ်ငြိမ်းပြီး ပရိနိဗ္ဗာန်စံတော်မူကြတဲ့နည်း။

**ခဏိကမရဏ**= စိတ္တက္ခဏ တစ်ချက်ကလေး အသက်ရှည်တဲ့နည်း။ နားလည်အောင်ပြောရင် "ဖြစ်, တည်, ချုပ်, လတ် ဤသုံးရပ် ဥပါဒ်ဋ္ဌီဘင်ယူ" စိတ်ကလေးတစ်ခုဟာ ဖြစ်တယ်၊ တည်တယ်၊ ချုပ်တယ်၊ ဖြစ်တာကို ဥပါဒ်၊ တည်တာကို ဋ္ဌီ၊ ချုပ်ပျက်တာကို ဘင်လို့ခေါ်တယ်။ စိတ်ဘယ်လောက် အသက်ရှည်သလဲ။ ဖြစ်ခြင်း၊ တည်ခြင်း၊ ချုပ်ခြင်း၊ ခဏငယ်သုံးချက်၊ အဲဒီ သုံးချက်ပေါင်းနက် စိတ်ရဲ့သက်တမ်းပါ။ "ခဏငယ်သုံးချက် အပေါင်းနက် စိတ္တက္ခဏယူ"။

စိတ် စေတသိက်တွေဟာ ခဏငယ်သုံးချက်သာ အသက်ရှည်တယ်။ ဥပါဒ် ဋ္ဌီ ဘင်, ဖြစ် တည် ပျက်၊ တစ်နည်းအားဖြင့် ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ကွက်ခြင်း၊ ဒါလောက်ပဲ အသက်ရှည်တယ်။ ဒီထက်အသက် မရှည်ဘူး။

စောစောကပြောတဲ့ နတ်တွေ ဘယ်လောက်အသက်ရှည်သလဲ။ နတ်တွေရဲ့ စိတ်စေတသိက်တွေဟာ ဖြစ်တည်ချုပ် ခဏငယ်သုံးချက်သာ အသက်ရှည်ပါတယ်။ ခဏကြီးနဲ့ပြောရင် စိတ္တက္ခဏတစ်ချက်ပဲ တည်ပါတယ်။ "လျှပ်တစ်ပြက်တွင် စိတ္တက္ခဏေ အပေါင်းရေ ကုဋေတစ်သိန်းဟူ"တဲ့။

လျှပ်တစ်ပြက်အတွင်း စိတ္တက္ခဏ ကုဋေတစ်သိန်းလို့ မိန့်ဆိုကြတယ်။ ဒီစကားနဲ့ပတ်သက်ပြီးတော့ ကျေးဇူးတော်ရှင် ပထမ

http://www.dhammadownload.com



လယ်တီဆရာတော်ဘုရားကြီးက "လျှပ်တစ်ပြက်အတွင်းမှာ စိတ္တက္ခဏတွေ ကုဋေတစ်သိန်း ဖြစ်တယ်"လို့ ဆိုကြသော်လဲ ဝိပဿနာတရား ရှုတဲ့နေရာမှာတော့ ဥဒယ= ရုပ်နာမ်ရဲ့ဖြစ်၊ ဝယ= ရုပ်နာမ်တရားတစ်ခုရဲ့ ပျက်၊ ဖြစ်တာပျက်တာကို ခပ်ကျဲကျဲလေး မြင်ရင်လဲ ဝိပဿနာ ဖြစ်ပါတယ်တဲ့။

အဲဒီတော့ ရုပ်ရဲ့သက်တမ်းကတော့ ဘယ်လောက်ရှိလဲ။ ရုပ်ကျတော့ ရုပ်(၂၈)မျိုးရှိတဲ့အထဲက (၂၂)မျိုးကို အရင်ပြောပါမယ်တဲ့။ ဆရာတော်ဘုရားကြီးရဲ့ လင်္ကာက-

**"ဆယ့်ခုနစ်ချက် ထိုစိတ်သက် ရုပ်သက်တစ်ခုယူ"**

ခဏကြီးခေါ်တဲ့ စိတ်ရဲ့အသက် (၁၇)ချက်၊ ခဏငယ် (၅၁) ချက်၊ အဲဒါ ရုပ်သက်တစ်ခုပဲတဲ့။ အဲဒီတော့ စိတ်ရဲ့သက်တမ်း (၁၇)ချက်၊ ရုပ်ရဲ့သက်တမ်း (၁)ခု၊ တစ်နည်းအားဖြင့် စိတ်ရဲ့သက်တမ်း ငယ်လေးတွေ (၅၁)ခု၊ အဲဒါမှ ရုပ်သက်(၁)ခု။

**"လက္ခဏာလေး ဝိညတ်ဒွေး ကြဉ်ရေး ရုပ်သက်ဆို"**

လက္ခဏာရုပ် (၄) ဝိညတ်ဒွေးကြဉ်ရင် ကျန်တဲ့ရုပ်တွေဟာ စောစောကပြောတဲ့ ရုပ်သက်အတိုင်းပါပဲတဲ့။ ခဏကြီး (၁၇)၊ ခဏငယ် (၅၁)၊ စိတ္တက္ခဏ (၁၇)ကြိမ်မှ ရုပ်သက် (၁)ကြိမ်၊ တစ်သက်၊ ခဏငယ်စိတ်ရဲ့ သက်တမ်း (၅၁)ချက်မှ ရုပ်ရဲ့သက်တမ်း (၁)ခု၊ အဲဒီအထဲ လက္ခဏာရုပ် (၄)နဲ့ ဝိညတ်ဒွေး မပါပါဘူး။

**"လက္ခဏာလေး ဝိညတ်ဒွေး ကြဉ်ရေး ရုပ်သက်ဆို"**

ဝိညတ်ဒွေးက စိတ်သက်နဲ့အတူတူပါပဲ။ ဥပါဒ်၊ ဌီ၊ ဘင် ဒါလောက်ပဲ သက်တမ်းရှိပါတယ်တဲ့။

http://www.dhammadownload.com



ဇရတာခေါ်တဲ့ အိုရုပ်က ရုပ်ရဲ့ ဌီခဏမျှသာ ရှိပါတယ်။ ဥပစယ အစဆုံးဖြစ်တဲ့ ရုပ်နဲ့ သန္တတိ တည်တဲ့ရုပ်များဟာ ရုပ်ရဲ့ ဥပါဒ်မျှသာ တည်ရှိပါတယ်။

အနိစ္စတာ ဆိုတဲ့ ရုပ်ဟာ ရုပ်ရဲ့ဘင်ခဏမျှသာ ရှိပါတယ်။ ဒါက အဘိဓမ္မာနည်းနဲ့ ပြောကြတာ။

အဲဒီလို အဘိဓမ္မာနည်းနဲ့ စကားပြောပြီးတဲ့အခါ ဝါယောရုပ်ရဲ့ သက်တမ်းနဲ့ ဝါယောရုပ်ကို ရှုမှတ်တဲ့စိတ်ရဲ့သက်တမ်းဟာ အင်မတန် ကွာခြားတယ်။

ဝါယောရုပ်ကို ရှုမှတ်တဲ့ စိတ်ရဲ့သက်တမ်းက ဖြစ်-ရင့်-ပျက်- ခဏငယ် (၃)ချက်သာ ရှိတယ်။ ဝါယောရုပ်က ခဏကြီး (၁၇)ချက်၊ ခဏငယ် (၅၁)ချက် အသက်ရှည်ပါတယ်။

သက်တမ်းအလိုက် ဥပါဒ် ဌီ ဘင်ထဲက ဌီကိုမြင်ဖို့ရာလဲ အင်မတန်ခက်ပါတယ်။

ဥဒယဗ္ဗယဉာဏ်ဆိုတာ အဖြစ်အပျက်ကို ရှုတာပါပဲ။ ဌီခဏတည်ခိုက်လေးကို မြင်အောင်ရှုဖို့ ခက်ပါတယ်။

ဥပါဒ်, ဌီ, ဘင်, ဖြစ်, တည်, ပျက် သုံးမျိုးတို့တွင် ဌီ-ဆိုတဲ့ တည်အခိုက်သည် ခဏဌီ, ပဗန္ဓဌီ အနေအားဖြင့် တည်ခါမျှ မတ္တသာ ဖြစ်၍၊ ဖြစ်သည်နှင့်တစ်ပြိုင်နက် ပျက်ရသောကြောင့် ဝိပဿနာ အရာမှာ ဖြစ်နှင့်ပျက်ကိုသာ သုံးစွဲရပါတယ်၊ ရှုရပါတယ်။

စောစောကပြောသလို အလှူပေး သီလဆောက်တည်၊ ဥပုသ်စောင့်။ သမထဝိပဿနာကမ္မဋ္ဌာန်းတွေ အားထုတ်လို့ ဘယ်ရောက်နိုင်သလဲ။

http://www.dhammadownload.com



လူ့ဘုံ လူ့လောက ရောက်နိုင်တယ်။ အသက်ရှည်တဲ့ နတ်ဘုံ နတ်လောက၊ ဗြဟ္မာ့ဘုံ ဗြဟ္မာလောက ရောက်နိုင်တယ်။

**ဥက္ကိတ္တာ ပုညတေဇေန၊ ကာမရူပဂတိံ ဂတာ။**

**ဘဝဂ္ဂတမ္ပိ သမ္ပတ္တာ၊ ပုနာဂစ္ဆန္တိ ဒုဂ္ဂတိံ။**

ကုသိုလ်ကောင်းမှု အရှိန်ကြောင့် အသက်ရှည်တဲ့ နတ်ပြည် ဗြဟ္မာ့ပြည်သို့ ရောက်နိုင်ပါတယ်။ ရောက်တာမှ ဘဝဂ်ထိအောင် ရောက်နိုင်ပါတယ်။

ဘူမိသီသ= ဘုံတို့ရဲ့ဦးခေါင်း၊ ဘူမိတိတ္ထ= ဘုံတို့ရဲ့ဆိပ်ကမ်း ဆိုတဲ့ ဘုံတွေထိ ရောက်ပါတယ်။ ဒါပေမယ့် ပြန်ပြီး အပါယ်ဒုဂ္ဂတိ ဘဝကို ရောက်နိုင်၊ ကျနိုင်ပါတယ်။

ဘယ်ပုဂ္ဂိုလ်တွေဟာ အပါယ်ဒုဂ္ဂတိဘဝ ဆင်းလာနိုင်ပါသလဲ ဆိုတော့-

**သစ္စာမသိ ဒိဋ္ဌိသက္ကာ မကွာသမျှ၊**

**လူကစကြာ နတ်မှာသိကြား၊**

**မိုးများဗြဟ္မာ ဖြစ်တုံပါလည်း၊**

**ခန္ဓာပြိုကွဲ ကုသိုလ်စဲက**

**မလွဲပါယ်ရွာ ရောက်မြဲသာတည်း။**

ပထမလယ်တီဆရာတော်ဘုရားကြီး မိန့်ကြားထားတာ ရှိတယ်။

လူမှာ စကြာမင်းကြီး ဖြစ်ပါစေ၊ နတ်မှာ သိကြားမင်းကြီး ဖြစ်ပါစေ၊ ဗြဟ္မာပြည်မှာ ဗြဟ္မာမင်းကြီး ဖြစ်ပါစေ။

သစ္စာမသိ သက္ကာယဒိဋ္ဌိ မကွာသေးသမျှ အပါယ်ဒုဂ္ဂတိဘုံနဲ့ အိုးစား မကွဲသေးဘူး။ ဒုဂ္ဂတိဘုံနဲ့ မဟာမိတ်စာချုပ် မပျက်သေးဘူး။

http://www.dhammadownload.com



**သဗ္ဗေဒီဃာယုကာ ဒေဝါ၊ စဝန္တိ အာယုသင်္ခယာ၊**

**နတ္ထိကောစိ ဘဝေါ နိစ္စော၊ ဣတိဝုတ္တံ မဟေသိနာ။**

အသက်ရှည်တဲ့ နတ်တွေ၊ ဗြဟ္မာတွေအားလုံးလည်း သက်တမ်းကုန်တဲ့အခါ ကုသိုလ်ကံကုန်တဲ့အခါ စုတေကြတာပဲ။

**"နတ္ထိ ကောစိဘဝေါ နိစ္စော"**

တစ်စုံတစ်ခုသောဘဝမှ မြဲတာမရှိပါဘူးလို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တယ်။

**တသ္မာဟိ ဓီရာ နိပကာ၊ နိပုဏာ အတ္ထစိန္တကာ။**

**ဇရာမရဏ မောက္ခာယ၊ ဘာဝေန္တိ မဂ္ဂမုတ္တမံ။**

**(ဝိဘင်္ဂပါဠိ)**

တသ္မာဟိ= ထိုကြောင့်သာလျှင် မြဲတဲ့ဘဝမရှိလို့ ဘဝမမြဲတဲ့ အတွက်၊ ဓီရာ= ပညာရှိတို့သည်၊ ပညာရှိတဲ့ပုဂ္ဂိုလ်တွေ၊ နိပကာ= ရင့်ကျက်တဲ့အသိဉာဏ်ရှိတဲ့ပုဂ္ဂိုလ်တွေ၊ နိပုဏာ= သိမ်မွေ့တဲ့ပညာရှိတဲ့ ပုဂ္ဂိုလ်တွေ၊ အတ္ထစိန္တကာ= အကြောင်းအကျိုးကို ကျကျနန ကြံစည် တတ် တွေးတောတတ်တဲ့ ပုဂ္ဂိုလ်တွေဟာ၊ ဇရာ မရဏ မောက္ခာယ= အိုနာသေဘေးမှ လွတ်ကင်းဖို့ရာအတွက်၊ ဘာဝေန္တိ မဂ္ဂ မုတ္တမံ= မြတ်တဲ့မဂ္ဂင်တရားများကို ပွားများကြတယ်။

သာမန်ပုဂ္ဂိုလ်တွေကတော့ အိုနာသေလွတ်ဖို့ရာအတွက် မဂ္ဂင် တရားကိုမပွားများနိုင်ကြဘူး။

ဓီရာ= ပညာရှိမှ၊ နိပကာ= ရင့်ကျက်တဲ့ပညာရှိမှ၊ နိပုဏာ= နူးညံ့သိမ်မွေ့တဲ့ပညာရှိမှ၊ အတ္ထစိန္တကာ= အကြောင်းအကျိုးကို ကျကျနန တွေးခေါ်ကြံစည်တတ်တဲ့ ပညာရှိမှ၊ အိုနာသေမှ လွတ်မြောက်ရာ မြတ်တဲ့မဂ္ဂင် (၈)ပါးကို ပွားနိုင်ကြတယ်တဲ့။

http://www.dhammadownload.com



ဘာဝယိတွာ သုစိံမဂ္ဂံ နိဗ္ဗာနလောက ဂါမိနိံ၊
သဗ္ဗာသဝေ ပရိညာယ၊ ပရိနိဗ္ဗန္တိ အနာသဝါ။

(ဝိဘင်္ဂပါဠိ)

သုစိံ= စင်ကြယ်သော၊ နိဗ္ဗာနလောကဂါမိနိံ= နိဗ္ဗာန်လောကသို့ ပြေးဝင်စေတတ်သော၊ မဂ္ဂံ= အရိယာမဂ်တရားကို၊ ဘာဝယိတွာ= ပွားများစေပြီး၍၊ သဗ္ဗာသဝေ= အလုံးစုံသော အာသဝတရားတို့ကို၊ ပရိညာယ= သိ၍၊ အနာသဝါ= အာသဝေါကင်းကွာကြကုန်သည်ဖြစ်၍၊ ပရိနိဗ္ဗန္တိ= ပရိနိဗ္ဗာန် ဝင်စံနိုင်ကြကုန်၏။

စင်ကြယ်သန့်ရှင်း အပြစ်ကင်းတဲ့ အရိယာမဂ်တရား၊ နိဗ္ဗာန်သို့ သက်ရောက်စေနိုင်တဲ့ အရိယာမဂ်တရား ပွားများပြီးရင် အာသဝေါတရားတွေ သစ္စာတရားတွေ ပရိညာသုံးတန်နဲ့ ကျကျနန သိပြီးတော့ အာသဝေါတရားတွေ ကင်းစင်တဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီး သူတော်စင် သူတော်ကောင်းကြီးတွေဖြစ်ပြီး မီး(၁၁)ပါး ငြိမ်းနိုင်ပါတယ်လို့ ဒေသနာတော်လာရှိကြတဲ့အတိုင်း အသက် ဘယ်လောက်ပင်ရှည် ခုနကပြောသလို နတ်သက်တမ်း (ငါးရာ) လူ့သက်တမ်း (၉)သန်း ဘယ်လောက်အသက်ရှည်ရှည် တကယ့်သက်တမ်း အဘိဓမ္မာနည်းနဲ့ ပြောမယ်ဆိုရင်-

"လဟုသော ဝတ္တတေ ခဏော"

လဟုသော= လျှင်စွာ၊ ခဏော= ခဏသည်၊ ဝတ္တတေ= ဖြစ်၏။

ဥပါဒ်၊ ဌီ၊ ဘင်ပဲ၊ အကြိမ်ပေါင်းများစွာ၊ အကြိမ်ပေါင်းများစွာ၊ ဖြစ်ပြီးပျက်ပါတယ်။ ဒါလောက်ပဲ အသက်ရှည်ပါတယ်။ စောစောက ပြောတဲ့ သေနည်း(၃)မျိုးထဲက သမ္မုတိမရဏာ တစ်ဘဝ တစ်ခါသေတာလဲ ရှိပါတယ်။

http://www.dhammadownload.com



**သေတာကိုပင် ကုသိုလ်ရအောင် အသုံးချနည်း**

**"ခုဝံ မေ မရဏံ"**

**"အခုဝံ မေ ဇီဝိတံ"**

မေ= ငါ၏၊ မရဏံ= သေခြင်းသည်၊ ခုဝံ= မြဲ၏။

မေ= ငါ၏၊ ဇီဝိတံ= အသက်သည်၊ အခုဝံ= မမြဲပါတကား။

"ငါသည် တစ်နေ့နေ့ မုချသေရမည်။"

"မသေမီ ကောင်းသောကုသိုလ်အလုပ်ကို ကြိုးစားလုပ်မည်" လို့ မုချသေရမည်လို့ တွက်တာက သမ္မုတိမရဏ၊ အဲဒီလို ပွားများဆင်ခြင်လျှင် မရဏာနုဿတိ သမထကမ္မဋ္ဌာန်း အဆင့်ပဲရှိပါသေးတယ်။ အဲဒါ သေတာကိုပင် ကုသိုလ်ရအောင် အသုံးချတဲ့နည်းပါပဲ။

**ခဏိက မရဏ ရှုဝိပဿနာ**

ယောဂီသူတော်စင်များ သမထက ဝိပဿနာ ဆက်အားထုတ်ရမှာက ခဏိကမရဏ။ ခဏိကမရဏ ဆိုတာ ခဏတိုင်းဖြစ်၊ ခဏတိုင်းပျက်၊ ခဏကလေး ဖြစ်၊ ခဏကလေးပျက်၊

နေရာမရွှေ့ပဲ ဖြစ်တဲ့နေရာမှာပဲ ပျက်တယ်။ **"ကေသဂ္ဂ မတ္တမ္ပိ"** ဆံခြည်တစ်မျှင်ကလေးမျှ နေရာမရွှေ့ဘူး။ ဒီနားဖြစ်ပြီး ဒီနားမှာပဲ ပျက်သွားတယ်။ ထွက်လေ၊ ဝင်လေ ဝါယောရုပ်ကို ရှုမှတ်တဲ့စိတ်ကလေးဟာ ရှုမှတ်တဲ့နေရာမှာပဲ ပျက်သွားတယ်၊ နေရာမရွှေ့ဘူး။

မီးပေါ်တည်ထားတဲ့ ဒယ်အိုးထဲ နှမ်းတွေထည့်လှော်တဲ့အခါ တဖျစ်ဖျစ် တဖျောက်ဖျောက် ဖြစ်ပျက်နေကြသလို အဲဒီလိုမြင်အောင် ကြည့်ကြရတယ်။ ခဏိကမရဏကို မြင်အောင်ကြည့်။ အဲဒီ ခဏိက မရဏကို မြင်အောင်ကြည့်မှ ဝိပဿနာ ဖြစ်ပါတယ်။ သမုစ္ဆေဒမရဏနဲ့ ဘဝဇာတ်သိမ်းနိုင်ပါတယ်။

http://www.dhammadownload.com



ဘဝဇာတ်သိမ်းပြီး ပရိနိဗ္ဗာန်ဝင်စံတော့မှ အသေငြိမ်းသွားတာပါပဲ။ အဲဒီတော့ သမ္မုတိမရဏက သမထနယ်ပယ်မှာ သမ္မုတိမရဏကို အောက်မေ့ဆင်ခြင်ပြီးတော့ သမထကမ္မဋ္ဌာန်း အားထုတ်ကြရတယ်။

ဝိပဿနာနယ်ပယ်မှာတော့ ခဏိကမရဏ၊ ဥပါဒ်၊ ဌီ၊ ဘင်၊

ဥပါဒ်၊ ဌီ၊ ဘင် ဆိုတဲ့နေရာမှာ ဥဒယဗ္ဗယဉာဏ်ရောက်တဲ့အခါမှာ စိတ်ကလေးရဲ့ ဖြစ်ပုံ၊ ပျက်ပုံ၊ စိတ်က အင်မတန်လျှင်မြန်တာ၊ "လဟုသော ဝတ္တတေ ခဏော" ဆိုတဲ့အတိုင်း လျှင်မြန်တာ။

ရုပ်နာမ်တို့ရဲ့ အဆက်မပြတ် အစဉ်မပြတ် ခဏခဏဖြစ်၊ ခဏခဏသေ၊ ခဏခဏဖြစ်၊ ခဏခဏသေကို မြင်နိုင်ဖို့ရာ အခုဝိပဿနာတရား အားထုတ်ကြရတာပဲ။

မိမိတို့ခန္ဓာကိုယ်မှာ နာကျင်တဲ့ဝေဒနာဖြစ်တယ်။ ဝေဒနာဆိုတဲ့ နာမ်တရားဟာ စိတ်လိုပါပဲ။ ဝေဒနာရဲ့ သက်တမ်းဟာလဲ စိတ်နဲ့တူတယ်၊ ဘာမှမထူးဘူး။

"ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ခြင်း" ဒါလောက်ပဲတည်ရှိပါတယ်။ ကြာရှည်မတည်တဲ့ ခဏိကမရဏ၊ ခဏတိုင်း ခဏတိုင်း ဖြစ်ပြီးပျက်နေတာကို သိရှိကြရတယ်။ အဲဒီရောက်တော့မှ ဝိပဿနာ။

ဒီဝိပဿနာအဆင့်ရောက်ဖို့ ဆိုပြီး စိတ်ကိုအစိုးရအောင် အားထုတ်ခဲ့ကြတာ။ လောကမှာ စိတ်အစိုးရတဲ့နည်း သာသနာမှာ စိတ်အစိုးရတဲ့နည်း။

လောကမှာ အရူးမဟုတ်ရင် စိတ်အစိုးရတယ်လို့ ဒီလိုပြောကြတာပဲ။ စိတ္တဇဆေးရုံသွားကြည့်တဲ့အခါ စိတ်ကိုအစိုးမရတဲ့လူတွေ အများကြီးပေါ့။ စိတ္တဇဆေးရုံမရောက်သေးဘူးဆိုရင် လောကမှာ

http://www.dhammadownload.com



စိတ်အစိုးရတယ်လို့ ပြောရမှာပါ။ စိတ္တဇဆေးရုံမသွားသော်လဲ စိတ်နဲ့ ပတ်သက်တဲ့ဆေးမစားရသေးရင် လူကောင်းပဲလို့ ပြောရမှာပဲ။

သို့သော်လဲ သာသနာတော်အနေနဲ့ စိတ်ဆိုတဲ့ နာမ်တရားကို ထိန်းသိမ်းတဲ့နည်းနဲ့ ထိန်းသိမ်းစောင့်ရှောက်ပြီး စိတ်ကိုအစိုးရမှု၊ သမထကမ္မဋ္ဌာန်း ပွားများပြီးတော့ စိတ်ကိုထိန်းသိမ်းစောင့်ရှောက်မှု ဥပစာရ သမာဓိ ရပြီဆိုရင် ထိုက်တန်သလောက် ခိုင်မြဲတယ်။

**"ပဋိဘာဂ ထင်လာက နီဝရဏ ကွာ၊**

**နီဝရဏ ကွာတုံက ဥပစာရ လာ၊**

**ထိုနောက်ဖန်ဖန် ပွားတုန်ပြန်**

**ပ-ဈာန် အပ္ပနာ"**ဆိုတဲ့အတိုင်း အဲဒီကနေ အထက်ကိုရောက်တဲ့ သမာဓိက အပ္ပနာသမာဓိ၊ သမာပတ်(၈)ပါးရအောင် အားထုတ်တဲ့ သမာဓိမျိုး၊ ဒီထက် အဘိညာဉ်အဆင့်၊ အဘိညာဉ်အဆင့်ဆိုတာ တန်ခိုးဖန်ဆင်းနိုင်တဲ့ အဆင့် စသည်(၅)မျိုးပါပဲ။

အဲဒီလို စိတ်ကိုအစိုးရမှုတွေက သာသနာနဲ့ပတ်သက်တဲ့ အစိုးရမှုတွေ၊ အခုယောဂီသူတော်စင်များ ဒီစိတ်အစိုးရမှုမျိုးဖြစ်အောင် အားထုတ်ခဲ့ကြတယ်။

အဲဒီလို အားထုတ်ပြီးတော့ စိတ်စင်ကြယ်တဲ့ စိတ္တဝိသုဒ္ဓိဖြစ်၊ စိတ်စင်ကြယ်မှ ရုပ်တွေနာမ်တွေ အများကြီးထဲကမှ ရုပ်တစ်မျိုးမျိုးကို ဖြစ်စေ၊ နာမ်တစ်မျိုးမျိုးကိုဖြစ်စေ ရှုပွားတဲ့နည်းနဲ့ ဝိပဿနာကူးကြရတယ်။

ဝိပဿနာပွားတော့ ခဏိကမရဏကို ကျကျနန မြင်ကြရတယ်။ အဲလိုအဆင့်ဆင့် မြင်တဲ့အခါကျမှ သမုစ္ဆေဒမရဏကို ဆိုက်ရောက်နိုင်တာပါပဲ။

http://www.dhammadownload.com



ဒါကြောင့် သမ္မတိမရဏာနဲ့ မရဏာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပြီးတော့ ခဏိကမရဏာကို မြင်အောင် ဝိပဿနာတရားများ အဆင့်ဆင့် ကြိုးစားကြပြီး သမုစ္ဆေဒမရဏာဖြင့် ခန္ဓာဇာတ်သိမ်း ချုပ်ငြိမ်းတော်မူကြတဲ့ ဘုရားမြတ်စွာ ပစ္စေကာနှင့် အရိယာအပေါင်း အရှင်သူတော်ကောင်းကြီးများကဲ့သို့ ဘဝဇာတ်ရုပ်သိမ်း၍ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ချုပ်ငြိမ်းပြီး ဝဋ်ဒုက္ခခပ်သိမ်း အမြန်ငြိမ်းနိုင်ကြပါစေလို့ တိုက်တွန်းရင်း ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

*****

http://www.dhammadownload.com



ယနေ့ သာသနာတော်နှစ် ၂၅၅၀၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခု၊ နတ်တော်လပြည့်ကျော် (၆)ရက်။

တရားအားထုတ်နေကြတဲ့ ယောဂီသူတော်စင်များအား သမထပိုင်းကနေပြီး ဝိပဿနာပိုင်း ရောက်လာတဲ့အခါ တခါတရံ ပညတ်နယ်ပယ်စကားတွေ ပြောပြီးမှ ပရမတ်နယ်ပယ်နဲ့ ဖြည့်စွက်ကြရတယ်။

မနေ့တုန်းက လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ၊ ဘုံလောက၊ ဩကာသလောက၊ သတ္တလောကတွေ ပြောခဲ့ကြတယ်။

ဒီနေ့တော့ ရုပ်လောက၊ နာမ်လောကကို ကူးပြီးတော့ စကားပြောကြစို့ရဲ့။

ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ၊ ကာမလောက၊ ရူပလောက၊ အရူပလောကလို့ လောက (၃)မျိုး။

ကာမလောကမှာလဲ အပါယလောက၊ မနုဿလောက၊ ဒေဝလောက ဆိုပြီး ပိုင်းခြားပြီးလာတယ်။

ဗြဟ္မာဆိုတာလဲ ရူပဗြဟ္မာ၊ အရူပဗြဟ္မာ၊ ဗြဟ္မာတွေရဲ့ သက်တမ်းနဲ့သွားတဲ့အခါကျတော့ ကပ် (၄)မျိုး။

ကပ်ကမ္ဘာလေးမျိုး၊ အာယုကပ်၊ အန္တရကပ်၊ အသင်္ချေယျကပ်၊ မဟာကပ်လို့ ကပ် (၄)မျိုး။

**"ဝေဟပ်သညာ ကပ်ငါးရာ၊ သုဒ္ဓါ ထပိုးတက်"**

ဆိုတဲ့အတိုင်း ဝေဟပ္ဖိုလ်ဘုံမှာရှိတဲ့ ဗြဟ္မာတွေလဲ မဟာကပ် (၅၀၀)၊ အသညသတ်ဘုံမှာ ရှိကြတဲ့ ဗြဟ္မာကြီးတွေ မဟာကပ် (၅၀၀)၊

အဲဒီမှာ မဟာကပ်နဲ့ပဲ ယူကြရတယ်။

**"အာယု အန္တရာ အသင်္ချာ၊ မဟာ (၄)မျိုးကပ်"**

http://www.dhammadownload.com



အာယုကပ်ဆိုတာ အခု(၁၀၀)တန်းဟာ အာယုကပ်ပါပဲ။

အန္တရကပ်ဆိုတာ အသင်္ချေကနေ သက်တမ်းတွေ ဆုတ်ဆုတ်လာတယ်။ ဆယ်နှစ်တန်းထိအောင်၊ တစ်ဆယ်သက်တမ်းကနေ ပြန်တက်သွားတယ်။ အသင်္ချေယျ မရေတွက်နိုင်အောင် အဲဒီလို အဆင်းအတက်တစ်စုံ "အန္တရကပ်"။

အဲဒီ အန္တရကပ် (၆၄)ကပ်သည် အသင်္ချေယျကပ်။

ရေကြောင့်ပျက်၊ မီးကြောင့်ပျက်၊ လေကြောင့်ပျက်၊ ပျက်စီးခြင်း (၃)မျိုးနဲ့ ရေနယ်၊ လေနယ်၊ မီးနယ်ကနေပြီး မလွတ်ကင်းတာတွေ အကုန်ပါပြီးပျက်သွားတာ (၆၄)ကြိမ်။

**"အသင်္ချေလေးဖြာ အပေါင်းပါ မဟာကမ္ဘာမှတ်"**

အသင်္ချေယျကပ် (၄)မျိုးရှိရင် မဟာကပ် (မဟာကမ္ဘာ)။

အဲဒီမဟာကပ်နဲ့ ရေတွက်ကြရတယ်။ မဟာကပ် (၅၀၀)၊ မဟာကမ္ဘာ (၅၀၀) ဝေဟပ္ဖိုလ်ဘုံမှာရှိကြတဲ့ ဗြဟ္မာကြီးတွေ အသက်ရှည်ကြ၊ အသညသတ်ဗြဟ္မာဘုံမှာရှိကြတဲ့ ဗြဟ္မာကြီးတွေ အသက်ရှည်ကြတယ်။

မဟာကမ္ဘာဆိုတာ ဥပမာအားဖြင့် တစ်ယူဇနာရှိတဲ့ မုန်ညင်းစေ့အပုံကြီး ပုံထား၊ အနှစ်တစ်ရာ၊ တစ်ထောင်မှ တစ်စေ့၊ တစ်စေ့လွှင့်ပစ်၊ မုန်ညင်းစေ့အပုံကြီးသာ ကုန်သွားတယ်။ ကမ္ဘာက မကုန်ဘူး။ အဲဒါကို မဟာကမ္ဘာ။

တစ်နည်းဥပမာပြောရရင် အလျား၊ အနံ၊ အစောက် တစ်ယူဇနာစီရှိတဲ့ ကျောက်တောင်ကြီးကို ဝါဂွမ်းလေးနဲ့ အနှစ်တစ်ရာ တစ်ထောင်မှ တစ်ခါတို့၊ အဲဒီ ဝါဂွမ်းလေးနဲ့ တို့လို့ ပွန်းပဲ့ပြီး အလျား၊ အနံ၊ အစောက် တစ်ယူနာစီရှိတဲ့ ကျောက်တောင်ကြီး ကုန်သာ

http://www.dhammadownload.com



ကုန်သွားမယ်။ မဟာကမ္ဘာက မကုန်ဘူးဆိုတော့ တစ်ကမ္ဘာ၊ တစ်ကမ္ဘာ ဘယ်လောက်ကြာသလဲဆိုတာ စဉ်းစားကြည့်ပါ။

ဒါကြောင့် လေးသချေ်နဲ့ ကမ္ဘာတစ်သိန်း၊ အဲဒီလို ကမ္ဘာကြီးတွေ လေးသချေ်နဲ့ ကမ္ဘာတစ်သိန်း။

အဲဒီလို အချိန်ကြာကြာကြီးနေရတာကို မဟာကမ္ဘာ။ အဲဒီလို မဟာကမ္ဘာပေါင်းများစွာတည်ရှိတဲ့ ဗြဟ္မာကြီးတွေ။

ဝေဟပ္ဖိုလ်ဗြဟ္မာ၊ အသညသတ်ဗြဟ္မာကြီးတွေ အဲဒီလို မဟာကမ္ဘာကြီး (၅၀၀) အသက်ရှည်ကြတယ်။

ဗြဟ္မာကြီးတွေဟာ သက်တမ်းရှည်တယ်။ အချို့ဗြဟ္မာ့ဘုံတွေကို လောကရဲ့အထွဋ်၊ ဘူမိသီသဘုံရဲ့ ဦးခေါင်း၊ လောကတိတ္ထ ဘုံရဲ့ ဆိပ်ကမ်းလို့လဲ ခေါ်ကြတယ်။

ဝေဟပ္ဖိုလ်ဘုံမှာ ရှိကြတဲ့ ဗြဟ္မာကြီးတွေဟာ "ဝေဟပ်သညာကပ် (၅၀၀)၊ သုဒ္ဓါ တပိုးတက်"

သုဒ္ဓါဝါသဗြဟ္မာကြီး ဆတပိုးတက်သွားပြီး အမြင့်ဆုံး အကနိဋ္ဌဗြဟ္မာဘုံမှာ ကမ္ဘာပေါင်း (၁၆၀၀၀)ရှိတယ်။

အရူပဗြဟ္မာဘုံမှာတော့ -

**"နှစ်သောင်းလေးသောင်း ခြောက်သောင်းတလှစ်**

**ရှစ်သောင်းလေးထောင် သချ်ာဆောင်**

**အခေါင်ဘုံဘဝဂ်"**

နေဝသညာ နာသညာယတန ခေါ်တဲ့ အထက်ဆုံးဘုံ (ဘဝဂ်)၊ မေတ္တာပို့တဲ့အခါ "အထက်ဘဝဂ်"၊ ဘယ်ဘုံလဲဆိုတော့ "နေဝသညာနာသညာယတန"ဘုံ၊ အရူပလေးဘုံထဲမှာ အပေါ်ဆုံးဘုံပါပဲ။ သုံးဆယ့်တစ်ဘုံမှာ အခေါင် (ဘဝဂ်)ဖြစ်တဲ့ ဘုံပါပဲ။

http://www.dhammadownload.com



သက်တမ်းက (၈၄၀၀၀) ကမ္ဘာရှိတယ်။

**"ရှစ်သောင်းလေးထောင် သင်္ချာဆောင်**

**အခေါင်ဘုံဘဝဂ်"** ဆိုတဲ့အတိုင်းပဲ ကြာတယ်။

ဗြဟ္မာသေခြင်းအကြောင်း မရဏ(၂)မျိုး၊ သေနည်း (၃)မျိုးပေါ့။

သမ္မုတိမရဏ၊ ခဏိကမရဏ၊ သမုစ္ဆေဒမရဏ။

သမ္မုတိနယ်ပယ်က အဲဒီ (၃၁)ဘုံမှာ ရှိကြတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေဟာ လွတ်အောင်ပြေးမထွက်နိုင်ကြဘူး။ အထူးသဖြင့် ဗြဟ္မာကြီးတွေလဲ မလွတ်ကြဘူး။ တစ်ဘဝ တစ်ခါသေ၊ တစ်ဘဝတစ်ခါ နတ်ရွာစံကြ၊ တစ်ဘဝတစ်ခါ စုတေကမလွတ်ကြ။

ခဏိကမရဏ ခဏတိုင်းသေတာကတော့ ပိုပြီး အသေးစိတ်တာပေါ့။ တစ်ဘဝ၌ အကြိမ်ပေါင်း ဘယ်လောက်သေတယ်လို့ မရေတွက်နိုင်ဘူး။

လက်တစ်ချောင်းထဲနဲ့ စကြဝဠာတစ်သောင်းကို အရောင်အလင်း ပေးနိုင်တဲ့ ဗြဟ္မာကြီးတွေ "အာယုပုည ခယနှစ်ဖြာ တစ်ဖြာဖြာကြောင့် ဗြဟ္မာတို့အား စုတိဌြား၏"။

အသက်တမ်းကြီးတွေက မဟာကမ္ဘာပေါင်းများစွာ တည်ရှိပြီး အရောင်အဝါ တန်ဖိုးကြီးမားတဲ့ ဗြဟ္မာကြီးတွေလဲ

အာယု= အသက်တမ်းကုန်လို့ စုတေတယ်။

ပုည= ကုသိုလ်ကံကုန်လို့ စုတေတယ်။

**"တဖြာထိုမှ ဟာရကောပါ ထည့်၍သာလျှင် လေးဖြာအပေါင်း နတ်သေကြောင်းတည်း"**

နတ်တွေကျတော့ အာဟာရစားချိန်မှာ မစားရလို့ စုတေမနေသေတယ်။ (၇)ရက်တစ်ကြိမ် ဇီးကင်းပမာဏ နတ်သုဒ္ဓါစားပြီးတော့

http://www.dhammadownload.com



နေရတော့မှ အသက်ရှင်တာကိုး။ အဲဒီစားချိန်လေးမှာ နတ်သုဒ္ဓါ မစားမိရင် နတ်များ စုတေတယ်။

ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့ ကမ္မဇရုပ်က အင်မတန် အားကောင်းပါတယ်။ ဥတုဇရုပ်က အားနည်းတယ်။ လူတွေနဲ့ မတူပါဘူး။ "ကမ္မဖလူပဇီဝီ" ကံကိုမှီပြီး အသက်မွေးကြတယ်။ အသက်ရှင်ကြတယ်။ လူများကတော့ "ဥဋ္ဌာနဖလူပဇီဝီ" ထကြွလုံ့လကိုမှီပြီး အသက်ရှင်ကြတယ်။

နတ်တွေတန်ခိုးအင်မတန်ကြီးတယ်။ စားဝတ်နေရေး ဘာမှ ပူစရာမရှိ၊ မင်းဘေးစိုးဘေး ဘာမှမရှိဘူး။ လူ့လောကကြီးလို ဒုက္ခသုခ မရှိဘူး။ အဲဒီလို တန်ခိုးကြီးတဲ့ နတ်တွေလဲပဲ ကြီးပါပေ့ စည်းစိမ်ကြီးတွေ၊ ကြီးပါပေ့ ဘုံဗိမ္မာန်ကြီးတွေ၊ သို့သော် အကြောင်းလေးမျိုး တစ်မျိုးမျိုးနဲ့ စုတေကြတယ်။ လူတွေကျပြန်တော့လဲ -

**အသက်တမ်းကုန်၊ ကံများကုန်၍**

**အကုန်နှစ်မျိုး ကံဆိုးဖျက်ချွေ**

**သေမြဲသေ၍ လေးထွေမရဏ အကြောင်းတည်း။**

သမ္မုတိမရဏ၊ တစ်ဘဝ တစ်ခါသေနည်းနဲ့ သေနေရာမှာ သက်တမ်းကုန်လို့ သေတယ်။ ကံစွမ်းကုန်လို့လဲ သေတယ်။ ဒါကြောင့် ရှင်ဘုရင်များ နတ်ရွာစံ ကံတော်ကုန်တယ်လို့ ပြောကြတယ်။

အသက်၊ ကံ နှစ်ပါးကုန်လို့လဲ သေတယ်။

**"ကံဆိုးဖြတ်ချွေ သေမြဲသေ လေးထွေမရဏ"**

သေခြင်းလေးမျိုး တစ်မျိုးမျိုးနဲ့ သေကြရတယ်။ ကံဆိုးဖြတ်ချွေ ဆိုတာ ကမ္မနိယာမမှာ ပြောတဲ့အတိုင်း ကျီးကန်း၊ သူဌေးကတော်၊ ရဟန်းတော်တို့ အဲဒီ (၃)ဦးသော ပုဂ္ဂိုလ်တွေဟာ၊

http://www.dhammadownload.com



ကျီးကန်းက ကောင်းကင်ပျံရင်းနဲ့ မီးကွင်းစွပ်ပြီးတော့ သေတယ်။ သူဌေးကတော်ကလဲ သူယုတ်မာမဲကျလို့ ပင်လယ်ထဲမှာ သဲအိုးနဲ့ချည်ပြီး အမျှောခံရတယ်။ ရဟန်းတော်တစ်ပါးကလဲ တရားအားထုတ်တာတော့ မှန်တယ်။ ဒါပေမယ့် သူရဲ့ဝဋ်ကြွေး ကံကြွေးကြောင့် မသေသော်လဲ ဂူထဲမှာ (၇)ရက် အပိတ်ခံရတယ်။ သေတော့ သေမသွားဘူး။

ကံဆိုးဖြတ်ချွေ ဆိုတာ စောစောကပြောသလိုပဲ။ ဥပစ္ဆေဒက ကံနဲ့ သေရတာကို ပြောတာပါ။

**"နတ္ထိကောစိ ဘဝေါနိစ္စော"** ဆိုတဲ့အတိုင်း ဘဝဟာ ဘယ်ဘဝ မှ မမြဲဘူး။ ဗြဟ္မာဘဝကြီးတွေ အင်မတန်ကြီးကျယ် ခမ်းနားတယ်။

နတ်ဘုံနတ်နန်း နတ်စခန်းကြီးတွေကလဲ ကြီးကျယ်တယ်၊ ခမ်းနားတယ်။

လူ့ဘုံမှာလဲ အဆင့်အတန်း (၁၄) အမျိုးမျိုးနဲ့ လောကကြီး တည်ရှိကြတယ်။ တည်ရှိကြသော်လဲပဲ အသက်တမ်းကုန်လို့၊ ကံစွမ်းကုန်လို့ အကုန် (၂)မျိုး၊ ကံဆိုးဖြတ်လို့ သေကေပျက်စီးကြတယ်။ ဒါက ထင်ရှားပါတယ်။

သမ္ဘုတိမရဏမှ မကျော်တက်ကြဘူး။ သမုစ္ဆေဒမရဏ မရသေးမီ ခဏိကမရဏနဲ့ သေနေတာလဲ တဖျပ်ဖျပ်။

သမုစ္ဆေဒမရဏ ခန္ဓာဇာတ်သိမ်း ငြိမ်းတဲ့အနေအားဖြင့် သေကျေပျက်စီးခြင်းမျိုးနဲ့ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတာ။ ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တွေ ပရိနိဗ္ဗာန်စံတာ၊ ဒါမျိုးကို သမုစ္ဆေဒမရဏ။

အဲဒီ သမုစ္ဆေဒမရဏနဲ့ မသေရသေးဘူးဆိုရင်တော့ ဗြဟ္မာကြီး တွေလဲ ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင် တည်ရှိတဲ့ ဗြဟ္မာကြီးတွေ၊

http://www.dhammadownload.com



နတ်ဘုံ နတ်နန်း နတ်စခန်းမှာ ကုဋေချီပြီး သက်တမ်းရှည်ကြတဲ့နတ်တွေ၊ လူ့လောကမှာရှိကြတဲ့ ရဟန်းရှင်လူတွေ၊ တိရစ္ဆာန်တွေ၊ အပါယ်ဘုံသားတွေ၊ အဲဒီ ပုဂ္ဂိုလ်တွေအားလုံးကတော့ ခဏိကမရဏ၊ ခဏတိုင်း သေနေတယ်။

ဗြဟ္မာကြီးတွေ ဘယ်လောက်အသက်ရှည်တယ်ပဲပြောပြော၊ တကယ်အဘိဓမ္မာနည်း သက်တမ်းအားဖြင့် လူတွေလိုပဲ၊ "ဥပါဒ်၊ ဌီ၊ ဘင်" ဖြစ်ခြင်း၊ တည်ခြင်း၊ ချုပ်ပျောက်ခြင်း ဒီအခြင်းအရာသုံးပါးနဲ့ပဲ လှည့်ပတ်ပြီး သွားနေတာ။

လူနတ်ဗြဟ္မာတွေဟာ သမ္မုတိမရဏအနေနဲ့ ပြောရင် သက်တမ်း အတိုအရှည် ကွာခြားပါတယ်။

သို့သော်လဲ အဘိဓမ္မာနည်း ခဏိကမရဏနဲ့ ကြည့်မယ်ဆိုရင် သက်တမ်းအတူတူပဲ။ ဝိပဿနာဖြစ်အောင် ခဏခဏသေနေတဲ့ ရုပ်နာမ်ရဲ့ ခဏိကမရဏကို မြင်အောင်ကြည့်ကြရမယ်။ ဒါကြောင့်-

**သံသာရစာရကံ လောကံ၊ နိစ္စံ ဒုက္ခေန ပီဠိတံ။**

**နိဗ္ဗာနပူရံ ပါပေသိ၊ ယာနတ္တယေန သောဇိနော။**

**ဧတေန သစ္စဝဇ္ဇေန၊ ဟောတု ဝေါ ဇယမင်္ဂလံ။**

သောဇိနော= ထိုဘုရားမြတ်စွာသည်၊ သံသာရ စာရကံ လောကံ= သံသရာ၌ ကျင်လည်ကျက်စား လောကသားများကို၊ နိစ္စံ= အမြဲ၊ ဒုက္ခေန= ဆင်းရဲဒုက္ခသည်၊ ပီဠိတံ= နှိပ်စက်အပ်သည်ဖြစ်၍၊ ယာနတ္တယေန= အနိစ္စလက္ခဏာယာဉ်၊ ဒုက္ခလက္ခဏာယာဉ်၊ အနတ္တလက္ခဏာယာဉ်ဟု ဆိုအပ်သော ယာဉ်သုံးပါးဖြင့်၊ နိဗ္ဗာနပူရံ= နိဗ္ဗာန်တည်းဟူသော မြို့တော်ကြီးသို့၊ ပါပေသိ= ရောက်စေတော်မူခဲ့လေပြီ။

http://www.dhammadownload.com



သုံးလောကထွင်နှံထား မြတ်စွာဘုရားက သံသရာမှာ ကျင်လည်နေကြတဲ့ အချိန်တိုင်း ဒုက္ခသည်များနေ့ချည်း ဖြစ်နေတဲ့ ဒုက္ခသည်တွေကို ယာဉ်သုံးပါးဖြင့် အပြစ်ကင်းတဲ့နေရာ၊ အိုနာသေ ကင်းတဲ့နေရာ၊ ဆင်းရဲဒုက္ခကင်းတဲ့နေရာတွေကို ပို့ဆောင်နေတယ်။

အနိစ္စလက္ခဏာယာဉ်၊ ဒုက္ခလက္ခဏာယာဉ်၊ အနတ္တလက္ခဏာယာဉ် သုံးပါးနဲ့ပို့တာ။ အနိစ္စအမှတ်တံဆိပ်၊ ဒုက္ခအမှတ်တံဆိပ်၊ အနတ္တအမှတ်တံဆိပ်၊ ဘယ်သူရဲ့အမှတ်တံဆိပ်လဲ၊ သင်္ခတတရားတွေရဲ့ အမှတ်တံဆိပ်၊ နာမ်ရုပ်တို့ရဲ့ အမှတ်တံဆိပ်၊ တံဆိပ်အမှန်က ဘာလဲ။

မမြဲတဲ့အမှတ်တံဆိပ်၊ ဆင်းရဲတဲ့အမှတ်တံဆိပ်၊ မပိုင်မစိုးတဲ့အမှတ်တံဆိပ်၊ ဒီတံဆိပ်ကြီး (၃)ခုဟာ တံဆိပ်အမှန်ပဲ။

မြဲတဲ့အမှတ်တံဆိပ်၊ ချမ်းသာတဲ့အမှတ်တံဆိပ်၊ ပိုင်စိုးတဲ့အမှတ်တံဆိပ်၊ ဒါတွေကတော့ တံဆိပ်အစစ်မဟုတ်ဘူး။ တံဆိပ်အတုတွေ၊ တံဆိပ် အတုနဲ့အစစ် ခွဲခြားသိဖို့ လိုပါတယ်။

အဲဒီ တံဆိပ်အစစ်အမှန်သုံးမျိုးခေါ်တဲ့ ယာဉ်သုံးပါး၊ အခု ယောဂီသူတော်စင်များ ဝိပဿနာပိုင်းမှာ ဒီယာဉ်ကြီးသုံးမျိုးစီးနေကြရပြီ။

အနိစ္စလက္ခဏာယာဉ်၊ ဒုက္ခလက္ခဏာယာဉ်၊ အနတ္တလက္ခဏာယာဉ်၊

အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ ကျကျနနမြင်မှ သမ္မသနဉာဏ်၊ "ခန္ဓာဒိနည်း ဖွဲ့စည်းပြီးကာ သုံးဖြာလက္ခဏာ သုံးသပ်ရ၊ သမ္မသနဉာဏ်"။

http://www.dhammadownload.com



ရောတည်ပြီးလာတဲ့ ဝါယောဓာတ်၊ ဝါယောရုပ်ကလေး ဖြစ်တယ်။ ဖြစ်ပြီးတည်တဲ့အချိန်ကလေးက နည်းနည်းလေး ရှုဖို့ မြင်ဖို့ ခက်တယ်။ သင်္ခတတရားတို့ရဲ့ ခရီးစဉ်အစနဲ့ အဆုံးရှူ ဖြစ်တာ ပျက်တာ ရှုပါ။ နေရာမရွေ့ပဲနဲ့ ပျက်သွားတယ်။

အဲဒီတော့ ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ကွက်ခြင်း၊ ရင့်တယ်၊ ပျက်တယ်ဆိုမှတော့ ဘယ်မြဲတော့မလဲ။ ဘယ်ချမ်းသာတော့မလဲ၊ ချုပ်သွားတယ်၊ ပျက်သွားတယ်ဆိုမှတော့ ဘယ်ပိုင်စိုးတော့မလဲ။

အဲဒါကိုမြင်အောင် ကြည့်ရတယ်။

ရုပ်တွေအများကြီးထဲက ဓာတ်လေးပါး၊ ဓာတ်လေးပါးထဲက ဓာတ်တစ်ပါးကို မြင်ရင်လဲ တရားမြင်တာပဲ။ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ် တစ်ပါးပါးမြင်ရင် တရားမြင်ပါတယ်။

ဓာတ်တစ်ပါးပါးကိုမြင်ပြီး အရိယာဖြစ်တဲ့ ပုဂ္ဂိုလ်တွေ ရေတွက်လို့မရဘူးလို့ အဋ္ဌကထာဆရာကြီးတွေက မိန့်တော်မူကြတယ်။

ဓာတ်လေးပါးထဲ ဝါယောဓာတ်က ထင်ရှားတယ်။ တေဇောဓာတ်လဲ ထင်ရှားတယ်။ အာပေါဓာတ်က ဓာတ်ငုပ်ပဲ။ ပထဝီဓာတ်ကလဲ ဓာတ်ငုပ်ပါပဲ။

ဝါယောဓာတ်နဲ့ တေဇောဓာတ်က ဓာတ်ရှင်တွေ၊ ဓာတ်ရှင်မို့ ဝါယောဓာတ်က တွန်းကန်လှုပ်ရှားပေးရင် တေဇောဓာတ်မီးကလဲ တဟုန်းဟုန်း တောက်တာကိုး၊

မိမိဉာဏ်ထဲ ထင်တဲ့ဓာတ်တွေဟာ ဝိပဿနာရဲ့ အာရုံချည်းပဲ။ နာမ်တရားတွေလဲ ဒီအတိုင်းပါပဲ။ မိမိမှာဝေဒနာထင်ရင် ဝေဒနာရှု၊ ဒုက္ခဝေဒနာ ဘာမှအသုံးမကျဘူး။ ကိုယ်ဆင်းရဲတယ်၊ စိတ်ဆင်းရဲ

http://www.dhammadownload.com



တယ်ဆိုရင် အသုံးမကျဘူး။ လောကအနေနဲ့ပြောမယ်ဆိုရင် ဘာမှ အသုံးမကျတဲ့ ဒုက္ခဝေဒနာ။

တရားသဘောကျတော့ ဒုက္ခဝေဒနာက အင်မတန်ရှုဖို့ ကောင်းတာ၊ လွယ်တာ၊ ဒုက္ခကို ဒုက္ခမှန်းသိဖို့ အရေးကြီးတာ။ ဒုက္ခကို ဒုက္ခလို့ ရှုနေရင် ဒါဟာတရားပါပဲ။ ဒါကြောင့် မြတ်စွာဘုရားက ဝေဒနာတစ်လုံးကို ကျကျနန မြင်နိုင်ရင် တရားမြင်တယ်တဲ့။

အလားတူပဲ၊ နာမ်တရားတွေထဲက စိတ်၊ မြင်သိစိတ်ကလေး တစ်ခုကို ရောတည်ပြီးတော့ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ မစိုး မပိုင်တဲ့သဘော၊ အဲဒါကို ရှုနိုင်ရင် အနိစ္စအမှတ်တံဆိပ်၊ ဒုက္ခ အမှတ်တံဆိပ်၊ အနတ္တအမှတ်တံဆိပ်၊

မြင်ပြီ။ အဲဒီလက္ခဏာယာဉ်သုံးပါးနဲ့ မြတ်စွာဘုရားက နိဗ္ဗာန် ပို့တာပါ။

ဧတေနသစ္စဝဇ္ဇေန= ဤသို့ မှန်ကန်သောသစ္စာစကားကို ပြောဆိုရခြင်းကြောင့်၊ ဝေါတုမှာကံ= လယ်တီဝိပဿနာ (၇)ရက် တရားစခန်းမှာ ကြိုးပမ်းအားထုတ်နေကြကုန်သော ယောဂီသူတော် စင်တို့အား၊ အဂ္ဂံ= လွန်မြတ်သော၊ ဇယမင်္ဂလံ= အောင်ခြင်းမင်္ဂလာ သည်၊ ဟောတု= မုချမသွေ ဖြစ်ပါစေသတည်း။

ဟော. . . သံသရာမှာ ဒုက္ခနဲ့ကျင်လည်နေကြတာ။ ဒုက္ခ ထမ်းတစ်ပိုးကြီးနဲ့ ကျင်လည်နေကြတာ။

**ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ၊ ဒုက္ခမေဝ နိရုဇ္ဈတိ။**

ယောဂီတို့ သန္တာန်မှာ ဒုက္ခတွေဖြစ်နေတယ်။ ဝါယောဓာတ် ကလေး ဖြစ်နေတယ်ဆိုရင် ဝါယောဓာတ်က ဒုက္ခသစ္စာ၊ ဒုက္ခ ဖြစ်နေတာပဲ။

http://www.dhammadownload.com



မိမိသန္တာန်မှာ ဝေဒနာဖြစ်နေတယ်။ အဲဒီဝေဒနာလဲ ဒုက္ခသစ္စာပဲ။ ဖြစ်တော့ ဒုက္ခဖြစ်တယ်။ ချုပ်တော့လဲ ဒုက္ခပဲချုပ်တယ်။

**ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ၊ ဒုက္ခမေဝ နိရုဇ္ဈတိ၊**

**နညတြ ဒုက္ခာသမ္ဘောတိ၊ နာညံ ဒုက္ခံ နိရုဇ္ဈတိ။**

ဖြစ်တာလဲ ဒုက္ခမှတစ်ပါး အခြားမဖြစ်ဘူး။ ဒုက္ခဖြစ်နေတဲ့ ရုပ်နာမ်တွေ ဒုက္ခတွေ တန်းစီဖြစ်နေတာ မြင်အောင်ကြည့်။

ဖြစ်တော့လဲ ဒုက္ခတွေပဲ။ ပျက်တော့လဲ ဒုက္ခတွေပဲ ပျက်သွားတာပဲ။ ဒီနည်းက မြတ်စွာဘုရား ပေးတော်မူလို့-

- အနိစ္စဆိုတဲ့အသံ၊ ဒုက္ခဆိုတဲ့အသံ၊ အနတ္တဆိုတဲ့အသံ၊
- အနိစ္စ အမှတ်တံဆိပ်၊ ဒုက္ခအမှတ်တံဆိပ်၊ အနတ္တ အမှတ်တံဆိပ်၊
- အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ

မြတ်စွာဘုရား တည်းဟူသော ခြင်္သေ့မင်းကြီးရဲ့ ဟိန်းဟောက်သံကို ကြားတဲ့အခါကျတော့ ပကတိခြင်္သေ့မင်းရဲ့ အသံကို ကြားပြီးတော့ နားရှိတဲ့ သတ္တဝါတွေ ဟိမဝန္တာတောင်မှာ ထိတ်လန့်ကြသလိုပဲ။

မဟာကပ်ကမ္ဘာ (၅၀၀) အသက်ရှည်ကြတဲ့ ဝေဟပ္ဖိုလ်ဘုံ ဝေဟပ္ဖိုလ်ဗြဟ္မာကြီးတို့သည်ပင်လျှင် အနိစ္စဆိုတဲ့အသံ၊ ဒုက္ခဆိုတဲ့အသံ၊ အနတ္တဆိုတဲ့အသံကို ကြားရတဲ့အခါကျတော့ -

စောစောကပြောတဲ့ မဟာကပ်ဘယ်လောက် အသက်ရှည်သလဲ။ မဟာကပ် (၅၀၀) တစ်ကပ်တစ်ကပ်တောင်ပဲ မရေတွက်နိုင်အောင်ပဲ။

တစ်ယူဇနာစီ (အလျား၊ အနံ၊ အစောက်)ရှိတဲ့ အဆောက်အဦထဲ ထည့်ထားတဲ့ မုန်ညင်းစေ့ကလေးတွေ အနှစ်တစ်ရာ၊ တစ်ထောင်မှ

http://www.dhammadownload.com



တစ်စေ့ယူပစ်၊ မုန်ညင်းစေ့လေးတွေသာ ကုန်ရင်ကုန်သွားမယ်။ မဟာကပ်ကမ္ဘာက မကုန်ဘူးတဲ့။ အဲဒီလို မဟာကပ်ကြီးတွေ (၅၀၀)။

တစ်ယူဇနာ အလျား၊ အနံရှိတဲ့ ကျောက်ဖျာကြီးကို ဝါဂွမ်းလေးနဲ့ ပွတ်၊ ကျောက်တောင် ကျောက်ဖျာကြီးသာ ကုန်သွားမယ်၊ မဟာကပ်ကမ္ဘာတစ်ခု မကုန်ဘူး။

အဲဒီလို မကုန်ခမ်းနိုင်တဲ့ မဟာကပ်ကမ္ဘာပေါင်း (၅၀၀) ဝေဟပ္ဖိုလ်ဘုံမှာ ရှိကြတဲ့ ဗြဟ္မာကြီးတွေ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့၊ တစ်နည်းအားဖြင့်ပြောရင် ခဏိကမရဏ၊ ခဏတိုင်း၊ ခဏတိုင်း သေနေတယ်။ ဗြဟ္မာကြီးတွေ အသက်ပေါင်းများစွာ ခဏခဏ စုတေနေတာ ခဏိကမရဏ။

သမုတိမရဏကတော့ ဘဝပေါင်းများစွာ။ ခဏိကမရဏကတော့ တစ်ဘဝထဲ၌ပင် ခဏတိုင်း၊ ခဏတိုင်း၊ စက္ကန့်တိုင်း၊ စက္ကန့်တိုင်း၊ မိနစ်တိုင်း၊ မိနစ်တိုင်း၊ နာရီစက္ကန့်လေးတွေ ကြည့်။ ပြီးတော့ စက္ကန့်လေး သွားနေတာ အသံလဲမြည်တယ်၊ သွားလဲသွားတယ်၊ မြင်လဲမြင်တယ်၊ ကြားလဲကြားတယ်။ အဲဒီ စက္ကန့်အတန် မြင်တာ ကြားတာ ကြည့်ပြီးတော့ ဝိပဿနာ ရှုလို့ရတယ်။

မြင်သိစိတ်ကလေးနဲ့ စက္ကန့်တန်လေး သွားတာကြည့်ပြီး စက္ကန့် (၆၀) တစ်မိနစ်၊ တစ်မိနစ်အတောအတွင်းမှာ အကြိမ် (၆၀) ဖြစ်ပြီးတော့ အကြိမ် (၆၀)ပျက်သွားတာက အင်မတန်ထင်ရှားတယ်။

မျက်စိမှိတ်ပြီး အသံကလေးနဲ့ လိုက်လိုက်အုံး။ ဒက် ဒက် ဒက် ဒက် ဆိုတဲ့ ကြားသိစိတ်ကလေး ဖြစ်တာ ဘယ်လောက်မှ ကြာတာ မဟုတ်ဘူး။ ဖြစ်တာ ပျက်တာလေးဟာ ဆန်ချည်မျှင်လေးမျှ နေရာ မရွေ့ပဲနဲ့ ပျက်တာ။

http://www.dhammadownload.com



နေ့စဉ်နေ့တိုင်း မြင်သိ၊ ကြားသိနေတဲ့ စိတ်ကလေးဟာ၊ ဘယ်ကလာသလဲ၊ နဂိုက ရှိနေတာလား၊ အဒဿနတော အာယန္တိ မမြင်ရတဲ့အရပ်က လာတယ်။

မမြင်ရတဲ့အရပ်ဆိုတာ ဘယ်လိုလဲလို့ဆိုတော့ စက္ခုပသာဒ မျက်စိအကြည်ဓာတ်နဲ့ စက္ကန့်အတန်ကလေး (ရူပါရုံ) ထိခိုက်တဲ့ အခါကျမှ မြင်သိစိတ်ကလေး ဖြစ်ပေါ်လာတာကိုး။

စောစောကရှိနေတာလားဆိုတော့ မဟုတ်ပါဘူး။ အဲဒီ မြင်သိ စိတ်ကလေးမဖြစ်ခင် အစုအပုံကြီးရှိနေသလားဆိုတော့ အစုအပုံကြီး လဲ မရှိဘူး။ ပြီးတော့ အစုအပုံကြီး တည်နေသေးလား၊ မတည်ဘူး။

အကြောင်းအားလျော်စွာ ဖြစ်ပြီးတော့ **"ဝိဇ္ဇုပ္ပါဒါဝ အာကာသေ"** ကောင်းကင်မှာ လျှပ်စီးလက်သလိုပါပဲတဲ့။

ဥပ္ပဇ္ဇန္တိ၊ ဝယန္တိစ - ဖြစ်တယ်၊ ပျက်တယ်။ တရားအားရုံတွေ ဟာ တရားရှုတတ်သွားပြီ မြင်တတ်သွားပြီ ဆိုရင်တော့ အများကြီးပဲ။

ရန်ကုန်မြို့မှာ ဘတ်စ်ကားရှိတယ်။ မော်တော်ကားရှိတယ်။ မော်တော်ကားစီးရင်းနဲ့ လမ်းဘေးက သစ်ပင်တွေ တိုက်တွေကို ကြည့်သွားမလား။ တိုက်တာအိုးအိမ်ဆိုတဲ့ ရူပါရုံ မျက်စိအကြည် ဓာတ်ကလေးနဲ့ တိုက်ဆိုင်လို့လာတဲ့အခါ တစ်တိုက်ပြီးတစ်တိုက်၊ တစ်ပင်ပြီးတစ်ပင် သွားရင်းလာရင်းနဲ့ ဝိပဿနာရှုသွားလို့ ရတယ်။

နည်းသိရင် ဝိပဿနာရှုဖို့ချည်းပဲ။ **"ဝိပဿနာ ဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ"**လို့ ဟောခဲ့တာပေါ့။ ပွဲကြည့်ရင်းနဲ့ တရားရတယ် ဆိုတာ ဒီသဘောပါပဲ။ သီချင်းဆိုသံကြားပြီးတော့ တရားရတာလဲ ဒီအတိုင်းပါပဲ။

http://www.dhammadownload.com



**ဝေဟာပွိုလ်ဗြဟ္မာတို့ပင်**

မဟာကပ်ကမ္ဘာ အသက်ရှည်ကြတဲ့ ဗြဟ္မာကြီးတွေသည်ပင် လျှင် ဒီအတိုင်းပါပဲ။

မြတ်စွာဘုရား တည်းဟူသော ခြင်္သေ့မင်းကြီးရဲ့ အနိစ္စအသံ၊ ဒုက္ခအသံ၊ အနတ္တအသံ၊ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တ လက္ခဏာဆိုတဲ့ ဟိန်းဟောက်သံကြီးကို ကြားတဲ့အခါ တစ်ဘဝ တစ်ခါသေ "သမ္မုတိမရဏ"က သမထကမ္မဋ္ဌာန်း ပွားနိုင်ပါတယ်။ တစ်ဘဝ တစ်ခါသေကို အာရုံပြုနိုင်ရင်ပဲ ကျေးဇူးများလှပြီ။

ခဏိကမရဏနဲ့ ဝိပဿနာဉာဏ်ရောက်အောင် ဆက်ကြိုးစား ရဦးမှာပါ။ဝိပဿနာ သခ်တတရားတို့ရဲ့ ဖြစ်ပျက်ကို မြင်ရမှာ။

**သီဟနာဒံ ဝနေသုတွာ၊ သံဝေဇန္တိ သသောတကာ။**

**ဝေဟပ္ဖလာနိ လောကေဝံ၊ ဇိနေရိတံ တိလက္ခဏံ။**

သသောတကာ= နားရှိသမျှ သတ္တဝါတို့သည်၊ ဝနေ= ဟိမဝန္တာ တောသုံးတောင်၌၊ သီဟနာဒံ= ခြင်္သေ့မင်း၏ ဂူတွင်းကထွက် ခုန်တက် မြူးလျှံ မြည်ဟောက်သံကို၊ သုတွာ= ကြားရ၍၊ သံဝေဇန္တိ= ထိတ်လန့် ကြကုန်၏။ (ဟိမဝန္တာမှာ ရှိကြတဲ့ နားရှိကြတဲ့ သတ္တဝါတွေဟာ ခြင်္သေ့မင်းရဲ့ ဂူတွင်းကထွက်ခုံတက်မြူးလျှံ မြည်ဟောက်သံကို ကြားရတဲ့အခါ ထိတ်လန့်ကြသလိုပဲ)

ဧဝံ= ဤအတူ၊ လောကေ= လောက၌၊ ဝေဟပ္ဖလာနိ= ကမ္ဘာ (၅၀၀) အသက်ရှည်ကြတဲ့ ဝေဟပ္ဖိုလ်ဗြဟ္မာကြီးတို့သော်မှ၊ ဇိနေရိတံ တိလက္ခဏံ= မြတ်စွာဘုရား မိန့်ကြားတော်မူအပ်တဲ့ လက္ခဏာရေး သုံးပါးကို၊ သုတွာ= ကြားနာကြရ၍၊ သံဝေဇန္တိ= ထိတ်လန့်ကြကုန်၏။

http://www.dhammadownload.com



သာမန်အားဖြင့်ဆိုရင်တော့ ထိတ်လန့်စရာအကြောင်း မရှိဘူး။ တစ်ဘဝ တစ်ခါသေ "သမ္မုတိမရဏ"ဆိုရင် မဟာကပ် (၅၀၀) အသက်ရှည်မှာကိုး။ သက်တမ်းက အဲလောက်ရှိတာ။ ကုသိုလ် ကံကုန်ရင်တော့ စောစောစုတေနိုင်ပါတယ်။

မြတ်စွာဘုရားရဲ့ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တ လက္ခဏာ မိမိတို့သန္တာန်မှာရှိတဲ့ ခဏတိုင်းသေနေတဲ့ ရုပ်တရား၊ နာမ်တရား အမှတ်တံဆိပ်ကြီးတွေကို မြတ်စွာဘုရား ဟောပြောသံ ကြားတဲ့အခါကျတော့ ခဏိကမရဏနဲ့ ပတ်သက်လို့ ဗြဟ္မာကြီးတွေလဲ သံဝေဂရကြတယ်။ ထိတ်လန့်ကြတယ်။

ဪ အစဉ်မပြတ်ဖြစ်နေတာပါလား၊ အစဉ်မပြတ် ပျက်နေ တာပါလားဆိုတာ သဘောပေါက်ကြရတယ်။ ပြောတော့ လွယ်တယ်၊ တကယ်တမ်း မြင်ဖို့ခက်တယ်။

**ဖြစ်ဥပ္ပါဒ ပျက်ဝယ၊ မြန်မာလို ဖြစ်-ပျက်**

အဲဒီနှစ်ခုကိုကြည့်ပြီးတော့ မိမိသန္တာန်မှာ မြင်သိစိတ်ကလေးနဲ့ ဖြစ်ပုံ၊ ပျက်ပုံကို ရှုပွားနိုင်ပါတယ်။ အလားတူပဲ မြတ်စွာဘုရားရှင်ရဲ့ ရောင်ခြည်တော်စက်ဝန်းကို ကြည့်ပြီးတော့လဲ ဖြစ်ပျက် ရှုပွားလို့ ရတာပဲ။ ဝိပဿနာစိတ်ရဲ့ အာရုံမဟုတ်တဲ့ တရားရှားပါတယ်။ မရှိပါဘူး။ ဒါကြောင့် အရာရာမှာ ရှုတတ်၊ မြင်တတ်ဖို့ အရေး ကြီးတယ်။

မြတ်စွာဘုရားတည်းဟူသော ခြင်္သေ့မင်းကြီးရဲ့ အနိစ္စ လက္ခဏာယာဉ်၊ ဒုက္ခလက္ခဏာယာဉ်၊ အနတ္တလက္ခဏာယာဉ် တည်းဟူသော ဟိန်းဟောက်သံကိုကြားရပြီး မဟာကပ်ကမ္ဘာ ငါးရာ အသက်ရှည်တဲ့ ဝေဟပ္ဖိုလ်ဗြဟ္မာကြီးတို့ပင် ထိတ်လန့်ကြတယ်။

http://www.dhammadownload.com



ထိုကဲ့သို့ ထိတ်လန့်ကြသကဲ့သို့ မိမိတို့သန္တာန်မှာ ဖြစ်နေတဲ့ ရုပ်တရား၊ နာမ်တရားတို့ရဲ့ အစစ်အမှန်ဖြစ်တဲ့ လက္ခဏာ ယာဉ်သုံးတန်ကို ကျကျနန ရှုပွားဆင်ခြင်ပြီးတော့ ဝဋ္ဋဒုက္ခခပ်သိမ်းမှ လျှင်မြန်စွာ ငြိမ်းနိုင်ကြပါစေသောဟု ဆုတောင်းပတ္တနာပြုရင်း ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

*****

http://www.dhammadownload.com



ယနေ့ သာသနာတော်နှစ် ၂၅၅၀ ပြည့်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၇)ရက်။

**စကားတစ်လုံး**

(၁၀၂)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ကြီးပမ်းအားထုတ်နေကြတဲ့ ယောဂီသူတော်စင်များ ယနေ့အောင်ပွဲ ခံကြ။ တရားစခန်းတိုင်း တရားတွေ ဟောပြောလာခဲ့တာ များလှပါပြီ။

အဲဒီတော့ စကားဟာ တစ်လုံးတည်းဖြစ်စေကာမူ ကိလေသာ ငြိမ်းမယ့်စကားဆိုရင် ကောင်းပါတယ်။

ကမ္ဘာလူသားတွေဟာ စကားတွေ အများကြီးပြောနေကြတာ ပါပဲ။ လောဘငြိမ်းကြောင်း၊ ဒေါသငြိမ်းကြောင်း၊ မောဟငြိမ်းကြောင်း၊ စိတ်ငြိမ်းကြောင်း စကား သင်ကြားပြောကြားနေတာကတော့ ရှားပါတယ်။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးတော်မူတဲ့ အခါ တမ္ဗဒါဠိက ဆိုတဲ့ ခိုးသားသတ်လုပ်ငန်းနဲ့ အသက်မွေးနေတဲ့ သူတစ်ယောက် ရှိတယ်။

ခိုးသား၊ ရာဇဝတ်သင့်သူများကို သတ်ဖြတ်တဲ့လုပ်ငန်း၊ ကြိုးစင်တင်သတ်ဖြတ်ရန် သူက ခလုပ်ဖြုတ်တဲ့လုပ်ငန်း၊ အဲဒီလို အသက်မွေးဝမ်းကြောင်းပြုနေတာ တစ်သက်လုံးလို့ ပြောရမှာပဲ။ အသက် (၂၀)ကျော်က အဲဒီတာဝန်ထမ်းဆောင်တယ် ဆိုရင် (၇၅)နှစ် ရှိပြီပေါ့။

တစ်နေ့ကျတော့ ကံကုန်ဖို့ အသက်တမ်းကုန်ဖို့ နှစ်မျိုးလုံး ကုန်ဖို့ သေခါနီးအချိန်ရောက်လာတယ်။

http://www.dhammadownload.com



အဲဒီအချိန်မှာ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးနဲ့ တွေ့တော့ အနည်းငယ်လေး တရားနာရတာပဲ၊ မများဘူး။ သောတာပတ္တိမဂ်ရဲ့ အတွင်းဝင်ဖြစ်တဲ့ အနုလောမဉာဏ်၊ အင်မတန်ထက်သန်တဲ့ ဝိပဿနာဉာဏ် အဆင့်ရောက်ရှိတယ်။ ကွယ်လွန်တာနဲ့ (၅၅)နှစ်တာ ကာလက ပြုလုပ်ခဲ့တဲ့ အကုသိုလ်ကံကြီး ပယ်ဖျောက်ဖို့ရာ ဝိပဿနာ ပွားခဲ့တယ်။

**"ပါဏံဟန္ဒာ တဿ ပဋိဃာတတ္ထာယ**

**ဝိပဿနံ ဥပ္ပါဒေတိ"**

သူတစ်ပါးအသက်သတ်ပြီး အဲဒီအကုသိုလ် ပ,ပျောက်ဖို့ ဝိပဿနာ ပွားတယ်။ အဲဒီလို ဝိပဿနာပွားလိုက်တာ သောတာပတ္တိမဂ်ဉာဏ်ရဲ့ အတွင်းဝင်ဖြစ်တဲ့ ဝိပဿနာဉာဏ် အထွဋ်အထိပ်ဖြစ်တဲ့ အနုလောမဉာဏ်အဆင့်ထိ ရောက်တယ်။

အဲဒီဉာဏ်ကို ရောက်တဲ့အခါ (၅၅)နှစ်တာ ကာလက ပြုလုပ်ခဲ့တဲ့ သူသတ်မှု အကုသိုလ်ကံတွေဟာ ပြေပျောက်ခဲ့တယ်။

သောတာပတ္တိမဂ်ဉာဏ်အတွင်း ရောက်ရှိသွားတယ်။ အဲဒါကို မြတ်စွာဘုရားက-

**သဟဿမပိ သာဝါစာ၊ အနတ္ထ ပဒသံဟိတာ။**

**ဧကံ အတ္ထပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။**

အနတ္ထပဒသံဟိတာ= တောဘွဲ့တောင်ဘွဲ့ အကျိုးမဲ့နှင့် စပ်ယှဉ်သော၊ သဟဿမပိ= ပုဒ်ပေါင်းတစ်ထောင်မက များမြောင်လှစွာလည်း၊ စေ ဟောတိ= အကယ်၍ပင် ဖြစ်ပါစေဦးတော့၊ သာဝါစာ= ထိုစကားသည်၊ ပါပိမာ= ယုတ်ညံ့လှပါပေ၏။

http://www.dhammadownload.com



ဟော အကျိုးမရှိတဲ့စကားများ လုံးရေပုဒ်ပေါင်း တစ်ထောင် ပြောစေကာမူ စကားကောင်းမဟုတ်တဲ့အတွက် ယုတ်ညံ့တယ်။

ယံ= အကျင့်စကားကို၊ သုတွာ= ကြားနာရ၍၊ ဥပသမ္မတိ= ငြိမ်းချမ်း၏။ တံဧကပဒံ= ငြိမ်းချမ်းစရာဖြစ်တဲ့ တစ်ပုဒ်တည်းသော ထိုစကားသည်၊ ဝါ= ငြိမ်းချမ်းစရာအနက်ပါသော ထိုစကားသည်၊ သေယျော= မြတ်လှပါ၏။

ကိလေသာမလိမ်း ငြိမ်းချမ်းနိုင်တဲ့စကား တစ်ပုဒ်ထဲဖြစ်စေကာမူ မြင့်မြတ်တယ်။ ဒါကြောင့် တောဘွဲ့တောင်ဘွဲ့တွေ အကျိုးမရှိတဲ့စကားတွေ ပုဒ်ပေါင်းတစ်ထောင် ဖြစ်သော်လဲပဲ မမြင့်မြတ်ဘူး။

ကိလေသာမလိမ်း ငြိမ်းချမ်းစေတဲ့ စကားတစ်လုံးဟာ မြင့်မြတ်တယ်။ ကိလေသာမလိမ်း ငြိမ်းချမ်းတဲ့စကား ကြားရဖို့ အင်မတန်ခက်ပါတယ်။

**ဃောသော ပိခေါ ဒုလ္လဘော လောကသ္မိံ၊**

**ယဒိဒံ ဗုဒ္ဓေါတိ။**

ဗုဒ္ဓ သစ္စာသိတဲ့ဘုရား ဆိုတဲ့အသံလေးဟာ လောကမှာ ရခဲတယ်၊ ကြုံခဲတယ်။ ဗုဒ္ဓဆိုတဲ့ အသံမကြားရရင်လဲ ဓမ္မနယ်ပယ်က သစ္စာလေးပါးအသံ၊ အနတ္တလက္ခဏာအသံ၊ ဒီအသံတွေ ကြားဖို့ မလွယ်ဘူး။

ဒီအသံတွေမကြားရရင် ကိလေသာမလိမ်း ငြိမ်းကြောင်းဖြစ်တဲ့ တစ်ပုဒ်ဆိုတာ မရှိနိုင်ဘူး။

ဒါကြောင့် ဘုန်းကြီးတို့ ယောဂီသူတော်စင်များ (၁၀၂)ကြိမ်တိုင်တိုင် ဖွင့်လာတဲ့ လယ်တီဝိပဿနာ (၇)ရက် တရားစခန်း၊ ဒီတရားစခန်းအတွင်းမှာ မြတ်စွာဘုရား မိန့်ကြားတော်မူခဲ့တဲ့ ကိလေသာ

http://www.dhammadownload.com



မလိမ်း ငြိမ်းကြောင်းဖြစ်တဲ့ စကားတော်များ အကြိမ်ကြိမ်နာကြားခဲ့ကြပြီ။

ကိလေသာမလိမ်း ငြိမ်းကြောင်းဖြစ်တဲ့စကားကို နာကြားပြီးတော့ အကြိမ်ကြိမ် အားထုတ်ခွင့်လဲ ရခဲ့ကြပြီ။

ဝါစာ= ထွေထွေရာရာ ဖြာဖြာပြောင်းလျှက် ကြောင်းချက်ထိုထိုလိုရာလိုရာ ဆိုကာမြွက်ကြား ပြောစကားသည်၊ သဟဿမပိ= တစ်ထောင်နှစ်ထောင် သုံးလေးထောင်ဟု ထောင်ဖြင့်ပိုင်းခြား အစားစားပ များပြားလှသည်လည်း၊ စေဟောတိ= တစ်ချက်ပြီးမြောက် နောက်တစ်ချက်သာ အကွက်ဖြာလျှက် ဆက်ကာဆက်ကာ ဖြစ်စေကာမူ၊ အနတ္ထပဒ သဉှိတာ= ကိုယ့်စီးပွားမျိုး တရားတိုးဖို့ အကျိုးရှိလတ် ပုဒ်ပါဋ္ဌ်နှင့်လျှင် ယှဉ်လျှက်စပ်လျှက် မပတ်သက်ခဲ့မူ၊ နသေယျော= ကိုယ့်ငြိမ်းချမ်းရေး အေးချမ်းဖို့သော် ခွင့်မလျော်ကြောင်း မကောင်းတက်လှ မမြတ်လှပါပေ။

ယံ= အကြင် ကိုယ်လျှင်တိုးပွား အကျိုးများဖို့ ကြိုးစားကျင့်ရန် သင့်မှန်လျှောက်ပတ် အကြင်တရားတော်မြတ်ကို၊ သုတွာ= တည်ငြိမ်လှစွာ သဒ္ဓါပွားဘိ နာကြားရသည်ရှိသော်၊ ဥပသမ္မတိ= ကမ္ဘာ့ကမ္ဘာပူလောင်လာသည့် ကိလေသာဆိုး အပူမျိုးတို့ အခိုးမထစေပျောက်ငြိမ်းရပေ၏။ ဧကံ= အမျိုးအစား အများမဟုတ် တစ်ပါးတစ်ပုဒ်တည်းသာဖြစ်သော၊ တံ အတ္ထပဒံ= ထိုကိုယ့်ငြိမ်းချမ်းရေး အေးဖို့တွက်တာ ကိလေသာဟူ အပူဆိုးတို့ မတိုးမငြိ အကျိုးရှိသော ပုဒ်သည်၊ သေယျော= အမြတ်ဆုံးမှန် နိဗ္ဗာန်ဆိုက်၍ အေးမြဖို့ကောင်း အကြောင်းရပ်သာ ကောင်းမြတ်လှပါပေသတည်း။

http://www.dhammadownload.com



**ဒါရုစီရိယ**

နောက်ဖြစ်စဉ်က မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူတယ်။ အဲဒီအချိန်မှာ သုပ္ပါရက သင်္ဘောဆိပ်မှာ ဒါရုစီရိယခေါ်တဲ့ ပရိဗိုဇ်ကြီး မြတ်စွာဘုရားရဲ့ ခြေတော်အစုံကို ရှိခိုးပြီးတော့-

**"ဒေသေတု မေ၊ ဘန္တေ ဘဂဝါ ဓမ္မံ"**

ဘန္တေ= မြတ်စွာဘုရား၊ ဘဂဝါ= ဘုန်းတော်ခြောက်ဆူ အောင်လံထူ၍ ယှဉ်သူပကင်း တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ ဓမ္မံ= ဝိမုတ်စီးပွား ရသာများသည့် ချိုပျားအဖျော် တရားတော်ကို၊ ဒေသေတု= ဟောတော်မူပါဘုရား။ ဒေသေတု= ဒေသနာမိုးပေါက် သွန်းမြောက်ရွာချတော်မူပါဘုရား။

ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား တပည့်တော်အား တရားဟောတော်မူပါဆိုတော့ မြတ်စွာဘုရားက **"တသ္မာတိဟဗာဟိယ"** အစရှိသည်ဖြင့် အကျဉ်းချုပ်တရားဟောပါတယ်။

အဲဒီလို အကျဉ်းချုပ်တရား ဟောကြားလိုက်တဲ့အခါ ကိလေသာခမ်းခြောက် ရဟန္တာအရှင်မြတ်ကြီးဘဝ ရောက်ရှိသွားတယ်။

လူ့ဘဝနဲ့ ရဟန္တာဖြစ်သွားတယ်။ လူ့ဘဝနဲ့ ရဟန္တာဖြစ်တဲ့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၊ သန္တတိအမတ်ကြီး၊ ဝီတသောက လုလင်၊ ဥဂ္ဂသေနသူကြွယ်၊ ဗာဟိယဒါရုစီရိယ ဆိုတဲ့ ပုဂ္ဂိုလ်ငါးဦးထဲမှာ ဒီဒါရုစီယ ပရိဗိုဇ်ကြီးလဲ ပါဝင်ပါတယ်။

http://www.dhammadownload.com



အဲဒီတော့ ရဟန်းတော်အရှင်မြတ်တွေက ချီးမွမ်းကြတယ်။ ဒါရုစီရိယကြီးဟာ တရားများများ မနာရပဲနဲ့ နည်းနည်းလေး နာကြားပြီးတော့ "ဒေသနာနုသာရေန ဉာဏံပေသေတွာ" မြတ်စွာဟောတဲ့ ဒေသနာတော်ကို ဉာဏ်စေလွှတ်ပြီးတော့ ကိလေသာကုန်ခမ်း အရှင်မြတ်ကြီး ဖြစ်သွားတယ်။

လူ့ဘဝနဲ့ ရဟန္တာဖြစ်ရင်တော့ ဒီနေ့ပဲ ပရိနိဗ္ဗာန်စံရတယ်။ ပရိနိဗ္ဗာန်မစံရင် ရဟန်းပြုရတယ်။ လူ့ဘဝနဲ့ တစ်ရက်ကျော် နှစ်ရက်စသည် ဒီလိုနေလို့မရဘူး။

လူ့ဘဝနဲ့ ရဟန္တာဖြစ်ရင် နေ့ချင်းပဲ ပရိနိဗ္ဗာန်စံရတယ်။ သို့မဟုတ် နေ့ချင်းပဲ ရဟန်းပြုရတယ်။ ဒါနဲ့ ပတ်သက်ပြီး ရဟန်းတော်အရှင်မြတ်တွေက ချီးကျူးကြတော့ မြတ်စွာဘုရားက-

**သဟဿမပိ စေ ဂါထာ၊ အနတ္ထပဒသံဟိတာ။**

**ဧကံ ဂါထာပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။**

အနတ္ထပဒသံဟိတာ= တောဖွဲ့တောင်ဖွဲ့ အကျိုးမဲ့ပုဒ်နှင့် စပ်ယှဉ်သော၊ ဂါထာ= ဂါထာသည်၊ သဟဿမပိ= ပုဒ်ပေါင်းတစ်ထောင် များမြောင်စွာရှိသည်လည်း၊ စေဟောတိ= အကယ်၍ပင်ဖြစ်စေဦးတော့၊ ပါပိမာ= ယုတ်မာစွာ၏။

အကျိုးမဲ့ အနက်မဲ့နဲ့စပ်ယှဉ်တဲ့ ဂါထာတစ်ထောင် ဖြစ်စေကာမူ ဖြစ်ပါစေဦးတော့ မမြတ်ပါဘူး။

ယံ= အကြင်တစ်ပုဒ် တစ်ဂါထာကို၊ သုတွာ= ကြားရ၍၊ ဥပသမ္မတိ= ကိလေသာမလိမ်း ငြိမ်းအေး၏။ တံဧကံ ဂါထာပဒံ= ထိုတစ်ခုသော ဂါထာပုဒ်သည်၊ သေယျော= မြတ်လှပါပေ၏။

http://www.dhammadownload.com



ဂါထာတစ်ဂါထာကို ကြားနာရပြီး ကိလေသာမလိမ်း ငြိမ်းတယ်ဆိုရင် အဲဒီဂါထာဟာ တစ်ပုဒ်တစ်ဂါထာပင် ဖြစ်စေကာမူ မြင့်မြတ်တယ်၊ မြင့်တယ်၊ မြတ်တယ်၊ တန်ဖိုးကြီးတယ်။

သဟဿမပိ= အကြောင်းအရာခြား အစားစားဟု များပြား ဆောင်ပြ တစ်ထောင်မျှလည်းဖြစ်သော၊ ဂါထာ= အလင်္ကာညီ သဒ္ဒါ ညီလျှက် ဆန်းညီကိုက်ညီ ကုံးသီဖွဲ့ရာ အဖွဲ့ဂါထာသည်၊ အနတ္ထ ပဒသဥ္စိတာ= တရားအမျိုး မပွားတိုးဘိ ကျိုးမရှိရာ ပုဒ်နှင့်သာလျှင် ယှဉ်ပတ်သင့်ဘိ စပ်လျှက်ရှိသည်၊ စေဟောတိ= အကြားမျှသာ နာရုံ သက်သက် မတိုးတက်ပဲ ကျိုးမသက်လာ ဖြစ်ခဲ့ပါမူ၊ နသေယျော= ဒုက္ခဝဋ်ဇာတ် ကျွတ်လွတ်လပ်ဖို့ အမြတ်မထွက် ရှုံးချက်နာကြောင်း မကောင်းတတ်လှ မမြတ်လှပါပေ။

ယံဂါထာပဒံ= နိဗ္ဗာန်နှင့်စပ် ဓာတ်နှင့်ခန္ဓာ အာယတန စသည် ပါဝင် စီအစဉ်ကြောင့် သွင်မယုတ်လာ အကြင်ပုဒ်ဂါထာကို၊ သုတွာ= တရားကျွအောင် အားရပါးရ နာကြားကြရသည်ရှိသော်၊ ဥပသမ္မတိ= ကိလေသာဆိုး အပူမျိုးတို့ အခိုးမထန် အလျှံကင်းပ ငြိမ်းချမ်းရပေတော့ ၏။ ဇကံ= အများမထုတ် တစ်ပုဒ်မျှသာ တစ်ဂါထာလည်းဖြစ်သော၊ တံဂါထာပဒံ= နိဗ္ဗာနဓာတ် တရားမြတ်နှင့် စပ်လျှက်မှန်စွာ ဉာဏ်အရာ ဟု ခန္ဓာအာယတန ဓာတ်စသည်အုပ် ဆိုထုတ်မကွာ ထိုပုဒ်ဂါထာ သည်၊ သေယျော= သံသရာမီး အသီးသီးတို့ ငြိမ်းရာမှသွေ့ သေစေဖို့ ကိန်း ငြိမ်းဖို့လောင်းအပ် အကြောင်းရပ်သာ ကောင်းမြတ်လှပါပေ သတည်း။

မြတ်စွာဘုရား ဒီဒေသနာတော်ကို ဟောကြားတော်မူပါ တယ်။ အဲဒီတော့ စကားတွေကို လောကလူသားတွေက ပြောဆို

http://www.dhammadownload.com



နေကြတာပဲ။ ဟုတ်တာလဲ ပြောတယ်။ မဟုတ်တာလဲ ပြောတယ်။ အကျိုးရှိတာလဲ ပြောတယ်။ မရှိတာလဲ ပြောတယ်။ မှန်တာလဲ ပြောတယ်။ မှားတာလဲ ပြောတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကတော့ ဟုတ်မှန်ကျိုးရှိ သူတစ်ပါးကြိုက်တဲ့စကား ပြောတော်မူတယ်။

ဟုတ်မှန်ရမယ်၊ အကျိုးရှိရမယ်၊ သူတစ်ပါးကြိုက်ရမယ်။ ဝိနည်းသိက္ခာပုဒ် ပညတ်တဲ့နေရာကျတော့ သူတစ်ပါးမကြိုက်သော်လဲ ဟုတ်သောစကား၊ မှန်သောစကားမျိုးကိုလဲ ပြောတယ်။

**"စကား(၆)ခွန်း လူ၌ထွန်း"**လို့ အဆိုရှိတယ်။ မြတ်စွာဘုရားကတော့ ဟုတ်မှန်ကျိုးရှိ သူတစ်ပါးကြိုက်တဲ့ စကားပြောကြားတော်မူတယ်။

သူတစ်ပါးမကြိုက်သော်လဲ ဟုတ်မှန်သောစကား၊ အကျိုးရှိတဲ့စကားပြောတော်မူတယ်။

ဒါကြောင့် မြတ်စွာဘုရား (၄၅)ဝါ ကာလပတ်လုံး ဟောကြားတော်မူတဲ့ စကားတော်တွေအားလုံးသည် ဟုတ်မှန်တယ်၊ အကျိုးရှိတယ်၊ သူတစ်ပါးကြိုက်တယ်။

တစ်နည်းအားဖြင့် သူတစ်ပါးမကြိုက်သော်လဲ ဟုတ်မှန်တယ်၊ အကျိုးရှိတယ်။ အဲဒီ စကားတော်တွေဟာ သက်တမ်းအားဖြင့် အင်မတန် ရင့်လာခဲ့ပါပြီ။

လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၅၀ နှစ် ဟိုဘက်က၊ နှစ်ပေါင်း ၂၅၉၅ နှစ်တာ ကာလကစပြီးတော့ (၄၅)နှစ်တိုင်တိုင် မြတ်စွာဘုရားက လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ၊ ရဟန်းတော်တွေ၊ တရားစောင့်သူ ပုဂ္ဂိုလ်များအား ဟောတယ်။

http://www.dhammadownload.com



ဟောသမျှ ပြောသမျှ တရားတော်တွေ စကားတော်တွေဟာ ဓမ္မနယ်ပယ် ရောက်ပြီးလာတယ်။ ဓမ္မနယ်ပယ်ရောက်လာတော့

**"အတ္တာနံ ဓာရေန္တေ၊ ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ၊**

**စတူသုအပါယေသု အပတမာနေကတွာ၊**

**ဓာရေတီတိ ဓမ္မော"** ဆိုတဲ့စကားအတိုင်း မိမိတည်းဟူသော ဓမ္မကို ဆောင်ကြ၊ ကျင့်ကြံကြိုးကုတ် အားထုတ်ကြတဲ့ ပုဂ္ဂိုလ်များ ဟောတိုင်း၊ ဆုံးမတိုင်း ကျင့်ကြတဲ့သူများ အပါယ်မကျအောင် အပါယ်တံခါးပိတ်အောင် ဆောင်ရွက်တတ်တဲ့အတွက်ကြောင့် ဓမ္မ အမည်ရတယ်။

ဘုရားစကားတော်တွေဟာ ဓမ္မအမည်ရတယ်။ အဲလို ဓမ္မ အမည်ရတာထဲမှာ လောကုတ္တရာတရားက မဂ်(၄)ပါး၊ ဖိုလ် (၄)ပါး၊ နိဗ္ဗာန်။

မဂ်ဖိုလ်နိဗ္ဗာန်ရဲ့ အခြေခံတရားက ပရိယတ္တိဓမ္မ၊ ပိဋကတ် တရားတော်။ အဲဒီတရားဓမ္မကို ဖော်ထုတ်ပေးနိုင် ဓမ္မဘုန်းရှင်အား ရှိခိုးပြီး တရားနိဂုံးချုပ်ကြရအောင်။

**သဝါသန သံကိလေသ၊ ပဟာယီ ဓီရ အတ္ထိတော။**

**နဝ လောကုတ္တရော ဓမ္မော၊ ဓမ္မဝန္တံ နမတ္ထုတေ။**

ဓမ္မတို့ရဲ့ အရှင်ဖြစ်တော်မူသော မြတ်စွာဘုရား၊ မဂ် (၄)တန်၊ ဖိုလ် (၄)တန်၊ နိဗ္ဗာန်တရား ပရိယတ်တရားတို့ရဲ့ အရှင်ဖြစ်တော်မူသော မြတ်စွာဘုရား၊

ဓိရ= သဗ္ဗညုတ ဉာဏအရှင် အိုမြတ်အရှင်၊ တေ= ရှင်တော် မြတ်ဘုရားအား သဝါသန သံကိလေသပဟာယီ= ဝါသနာအငွေ့ အသက်နှင့်တကွ တစ်ထောင့်ငါးရာ ကိလေသာမာန် သူပုန်ရန်တို့ကို

http://www.dhammadownload.com



ပယ်ဖျက်တော်မူနိုင်သော၊ ဓမ္မော= ဓမ္မနှုန်းခေါ် ရွှေဘုန်းတော်သည်၊ ဓမ္မော- မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် အမြတ်ဆယ်ဖေါ် တရားတော်သည်၊ အတ္ထိ= စင်စစ်မသွေ ရှိပါပေ၏။ ဓမ္မဝန္တ= ဓမ္မခေါ် နှုန်း ရွှေဘုန်းတော်သခင် အိုမြတ်အရှင်၊ တေ= ရှင်တော်မြတ်အား၊ မေအမှာကံ= အကျွန်ုပ်တို့၏၊ နမော= တုပ်ဝပ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးဖူးမျှော်ခြင်းသည်၊ အတ္ထု= မုချမသွေ ဖြစ်ပါစေသတည်း။

သာဓု - သာဓု - သာဓု

❊❊❊❊❊

http://www.dhammadownload.com



## လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
## လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ
## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
## တွဲဖက်အကျိုးတော်ဆောင်(၁)
## ကလေးဝတောရဆရာတော်
## ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
## အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
## ပရိယတ္တိသာသနဟိတာရေ
# လယ်တီဘဒ္ဒန္တဓာဂရာဘိဝံသ
## ဟောကြားတော်မူသော
## (၁၀၃)ကြိမ်မြောက်

ယနေ့ သာသနာနှစ် ၂၅၅၀ ပြည့်နှစ်၊ ၁၃၆၈ ခုနှစ် ပြာသို လပြည့်နေ့။

(၁၀၃)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက် တရားစခန်းကြီးပမ်းအားထုတ်ကြတယ်။

ရှေးဦးစွာ အားထုတ်ကြရမှာက သမထကမ္မဋ္ဌာန်း၊ သမာဓိရအောင် အားထုတ်ကြရပါတယ်။

ရှေးရှေးဆရာတော်ကြီးတွေက မိမိတို့အားထုတ်ပြီး၊ အားထုတ်ဆဲ သမထဘာဝနာ၊ ဝိပဿနာဘာဝနာတို့မှာ အနှောင့်အယှက်ကင်းကြပါစေ။ အနှောက်အယှက်ဆိုတာ နီဝရဏတရားဆိုး တရားပျက်တွေရဲ့ အနှောင့်အယှက် အဆီးအတား ကင်းကြပါစေလို့ ဒီလိုဆုပေးကြတယ်။

http://www.dhammadownload.com



မိမိတို့ရရှိထားတဲ့ ရာထူးဂုဏ်သိရ် စည်းစိမ်များကတော့ ရန်သူမျိုးငါးပါး အန္တရာယ်အယှက် ကင်းကြပါစေလို့ ဆုပေးကြတယ်။

**မဟာသတိပဋ္ဌာန်ကိုပဲ**

မိမိတို့ ယခုအားထုတ်ကြမည့်တရားက မဟာသတိပဋ္ဌာန်တရားပါပဲ။

မဟာသတိပဋ္ဌာန်နဲ့ ပတ်သက်ပြီး မြတ်စွာဘုရားက တစ်ပါးဖြစ်စေ၊ နှစ်ပါးပဲဖြစ်ဖြစ်၊ သုံးပါးပဲဖြစ်ဖြစ်၊ မဟာသတိပဋ္ဌာန်လေးပါးလုံးပဲဖြစ်ဖြစ် ကြိုးစားအားထုတ်ကြဖို့ အဖန်ဖန် တိုက်တွန်းတော်မူတယ်။

အဘယ်အကျိုး မျှော်ကိုးပြီးတော့ မဟာသတိပဋ္ဌာန် ပွားဖို့တိုက်တွန်းတော်မူပါသလဲဆိုတော့-

- ကျင့်ဝတ်သိက္ခာတွေ ပျက်သုဉ်းအောင်ပြုတတ်တဲ့ ငါးပါးသီလပျက်စီးခြင်း၊
- အဲဒီ ငါးပါးသီလ ပျက်စီးခြင်းကို ပယ်ဖျက်ရန်အတွက် မဟာသတိပဋ္ဌာန်လေးပါး ပွားများကြဖို့ တိုက်တွန်းတော်မူတယ်။

နီဝရဏတရားကို ပယ်ရှားဖို့ရာအတွက် ဘာလုပ်ရမလဲဆိုတော့ မဟာသတိပဋ္ဌာန်ပဲ ပွားများရမှာပဲ။

ငါးပါးအာရုံတို့ကို ပယ်ရှားဖို့ရာအတွက် မဟာသတိပဋ္ဌာန်ပဲ ပွားပါ။

စွဲလမ်းစရာဖြစ်တဲ့ ဥပါဒါနက္ခန္ဓာတို့ကို ပယ်ရှားနိုင်ရန် အတွက်လဲ မဟာသတိပဋ္ဌာန်ကိုပဲ ပွားပါ။

http://www.dhammadowhload.com



အောက်အောက်ဖြစ်တဲ့ မင်္ဂဉာဏ်ဖြင့် ပယ်ရှားနိုင်တဲ့ ကာမရာဂ၊ ပဋိဃ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ဆိုတဲ့ အောက်သံယောဇဉ်ငါးပါးတို့ကို ပယ်ရှားလိုတဲ့ ပုဂ္ဂိုလ်များလဲ မဟာသတိပဋ္ဌာန်ကိုပဲ ပွားပါ။

မဟာသတိပဋ္ဌာန်ပဲ ပွားများရမှာပါ။ နိရယဂတိ၊ တိရစ္ဆာနဂတိ၊ ပေတဂတိ၊ မနုဿဂတိ၊ ဒေဝဂတိ ဆိုတဲ့ ဂတိငါးမျိုးကို ကျော်လွန် ပယ်သတ်နိုင်ဖို့ မဟာသတိပဋ္ဌာန်ကိုပဲ ပွားများပါ။

ရူပရာဂသံယောဇဉ်၊ အရူပရာဂသံယောဇဉ်၊ မာနသံယောဇဉ်၊ ဥဒ္ဓစ္စသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ်၊ ဒိဋ္ဌဘာဂိယသံယောဇဉ် ပယ်ရှားလိုရင်လဲ မဟာသတိပဋ္ဌာန်လေးပါးကို ပွားပါ။

ပြီးတော့ စေတောခိလ စိတ်ရဲ့ ညောင့်တသင်းငါးမျိုးကို ဖယ်ရှားလိုတဲ့ ပုဂ္ဂိုလ်များလဲ မဟာသတိပဋ္ဌာန်ကိုပဲ ပွားများပါ။

အဲဒီ စေတောခိလ= စိတ်ရဲ့ငြောင့်တံသင်း (၅)မျိုးက ဘုရား၊ တရား၊ သံဃာ သိက္ခာသုံးပါးအပေါ် ယုံမှားသံသယရှိမှု၊ သီတင်းသုံးဖော်တို့၌ အမျက်ထွက်ခြင်း ထိခိုက်စေခြင်းတို့ ဖြစ်ပါတယ်။

စေတ္တောဝိနိဗန္ဓ စိတ်ကိုနှောင်ဖွဲ့တတ်တဲ့ တရားဆိုး တရားပျက်တွေကို ဖယ်ရှားလိုရင်လဲပဲ မဟာသတိပဋ္ဌာန်ကိုပဲ ပွားများပါ။

အဲဒီ စေတောဝိနိဗန္ဓ တရားဆိုး တရားပျက်တွေက ဝတ္ထုကာမ ကိလေသာကာမ (၂)ပါး၌ ဆန္ဒရာဂမကင်းသေးခြင်း၊ မိမိခန္ဓာကိုယ်၌ ဆန္ဒရာဂ မကင်းသေးခြင်း၊ ဗဟိဒ္ဓခန္ဓာကိုယ်၌ ဆန္ဒရာဂမကင်းသေးခြင်း၊ အလိုရှိတိုင်း စားသောက်၍ အိပ်ရာနေရာကောင်း၌ စည်းစိမ်ခံ၍ အိပ်စက်နေထိုင်ခြင်း၊ နတ်ပြည်, ဗြဟ္မာ့ပြည် တောင့်တ၍ ဗြဟ္မစရိယကို ကျင့်ခြင်းတို့ ဖြစ်ပါတယ်။

http://www.dhammadownload.com



တစ်ပါးဖြစ်စေ၊ နှစ်ပါးဖြစ်စေ၊ သုံးပါးဖြစ်စေ၊ လေးပါးလုံးဖြစ်စေ ပွားများပါ။

ပထမဆုံး မြတ်စွာဘုရား မိန့်ကြားတာကတော့ နီဝရဏတရားတွေကို ဖယ်ရှားလိုရင် မဟာသတိပဋ္ဌာန်ကို ပွားပါ။

**ကာမစ္ဆန္ဒ ဗျာပါဒ ထိနမိဒ္ဓ မှန်**

**ဥဒ္ဓစ် ကုက္ကု ဝိစိ ရှု ငါးခုနီဝရဏ်၊**

ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ထိနမိဒ္ဓနီဝရဏ၊ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊ ဝိစိကိစ္ဆာနီဝရဏ၊ အဝိဇ္ဇာနီဝရဏ၊

နီဝရဏတရား (၅)ပါး၊ (၆)ပါး ဟောပါတယ်။ တစ်ခါတစ်ရံကျတော့ (၈)ပါး၊ ထိနမိဒ္ဓတို့ကို ခွဲပြီးပြောတဲ့အခါမှာ (၈)ပါး။

ကာမစ္ဆန္ဒ အစရှိတဲ့ နီဝရဏ (၆)ပါးဟာ ဘယ်လိုသဘောရှိသလဲဆိုတော့ ကျေးဇူးတော်ရှင် ပထမလယ်တီဆရာတော်ကြီးက ပရမတ္ထသံခိပ်မှာ-

**"တားဆီးကန့်ကွက် ပိတ်ပင်ချက် အနက်နီဝရဏ်"**

ကာမစ္ဆန္ဒ အားကြီးလာပါက အာရုံငါးပါး ကာမဂုဏ်အပေါ် အင်အားပြင်းပြင်းထန်ထန်နဲ့ တပ်မက်တွယ်တာတဲ့ တဏှာရာဂကို ကာမစ္ဆန္ဒနီဝရဏ ခေါ်ပါတယ်။ အဲဒီ ကာမစ္ဆန္ဒ အစရှိတဲ့ နီဝရဏ ငါးမျိုး၊ ခြောက်မျိုး ဘာကြောင့် နီဝရဏမည်သလဲ။

တားဆီးတတ်တယ်၊ ကန့်ကွက်တတ်တယ်၊ ပိတ်ပင်တတ်တယ်၊ ဘာကို တားဆီးသလဲဆိုတော့ ကောင်းတဲ့တရားတွေ၊ အသိစိတ်၊ အလိမ္မာစိတ်တွေ တားဆီးတတ်တယ်။

ရုပ်တရား နာမ်တရားတွေကို မမြင်အောင် ပိတ်ပင်တတ်တယ်။ ရုပ်တရား နာမ်တရားတွေကို မမြင်အောင် တားဆီးတတ်

http://www.dhammadownload.com



တယ်၊ မြင်ပြီးတဲ့ဉာဏ်ကိုလဲ ဖျက်ဆီးတတ်တယ်။ အားနည်းအောင် ပြုတတ်တယ်။

ဒါကြောင့် ယခုယောဂီများ နီဝရဏတွေ ဖယ်ရှားဖို့ အားထုတ်ရတာ အဲဒီနီဝရဏဟာ တားဆီးတတ်တယ်၊ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်တွေ မြင်နိုင်တဲ့ ပညာဓာတ်၊ တစ်နည်းအားဖြင့် ကုသိုလ်တရားတွေ တားဆီးတယ်၊ ကန့်ကွက်တယ်၊ ပိတ်ပင်တယ်။ အသိအလိမ္မာ ဉာဏ်ပညာဓာတ်ကို တားဆီးတယ်၊ ကန့်ကွက်တယ်၊ ပိတ်ပင်တယ်။ အဲဒါကို နီဝရဏ။

ကာမစ္ဆန္ဒ အစရှိတဲ့ နီဝရဏတရားဆိုး တရားပျက်တွေဟာ မိမိတို့သန္တာန်မှာ တည်ရှိနေတာ အဲဒီနီဝရဏကို ပယ်ဖို့ရာ-

**"နီဝရဏာနံ ပဟာနာယ စတ္တရော သတိပဋ္ဌာနာ ဘာဝေတဗ္ဗာ"**တဲ့။

နီဝရဏတွေ ပယ်ရှားဖို့ရာ သတိပဋ္ဌာန်ပွားရမယ် ဆိုတဲ့အတိုင်း ပွားကြရတယ်။ ဒီထက်ထင်ရှားအောင် ပြောရရင်-

**"သတ္တာနံ စိတ္တသန္တာနေ ကုသလေဓမ္မေ အနုပ္ပန္နေဝါ နဉပ္ပါဒေန္တိ ဉပ္ပန္နေဝါ ဝါသေတုံ အဒတွာ နီဝါရေန္တီတိ နီဝရဏာနိ"**

သတ္တာနံ= သတ္တဝါတို့၏၊ စိတ္တသန္တာနေ= စိတ်အစဉ်၌၊ အနုပ္ပန္နေ= မဖြစ်ကုန်သေးသော၊ ကုသလေဓမ္မေဝါ= ကုသိုလ်တရားတို့ကိုလည်း၊ နဉပ္ပါဒေန္တိ= မဖြစ်စေဘူး။

မဖြစ်သေးတဲ့ ကုသိုလ်တရားတို့ကို မဖြစ်စေရဘူးတဲ့။ ဉပ္ပန္နေဝါ= မိမိသန္တာန်၌ ဖြစ်ပြီးကုန်သော ကုသိုလ်တရားတို့ကိုလည်း၊ ဝါသေတုံ= နေစေရန်၊ အဒတွာ= မပေးမူ၍၊ နီဝါရေန္တိ= တားမြစ်ကုန်၏။

http://www.dhammadownload.com



ဖြစ်ပြီးသားဖြစ်တဲ့ ကုသိုလ်တရားတို့ကို မိမိသန္တာန်မှာ ဖြစ်ခွင့်မပေးပဲနဲ့ နေခွင့်မပေးပဲ တားမြစ်တတ်တဲ့အတွက်ကြောင့် နီဝရဏ။

ဝိပဿနာသို့ တက်လှမ်းလိုသူတိုင်းဟာ ကာမစ္ဆန္ဒခေါ်တဲ့ အားကြီးတဲ့ နီဝရဏ၊ ဗျာပါဒဆိုတဲ့ နီဝရဏစတာတွေကင်းဖို့ လိုအပ်ပါတယ်။

နံပါတ်(၁)ဖြစ်တဲ့ နီဝရဏအားကြီးတဲ့ ရာဂခေါ်တဲ့ ကာမစ္ဆန္ဒ နီဝရဏကို ကင်းအောင် ဝိပဿနာအဆင့်မြင့်ပုဂ္ဂိုလ်များ လိုအပ်ပါတယ်။

ကာမစ္ဆန္ဒခေါ်တဲ့ အားကြီးသော ရာဂခေါ်တဲ့ ကြွေးမြီကင်းဖို့ လိုပါတယ်။ ကာမစ္ဆန္ဒဟာ ကြွေးမြီနဲ့တူတယ်။ ကာမစ္ဆန္ဒရှိနေတာဟာ ကြွေးမြီတင်နေသလိုပါပဲ။

**"နီဝရဏ မည်နာမဖြင့်၊ ကိစ္စအပြား ဤခြောက်ပါးတွင်"**

နီဝရဏခြောက်မျိုးထဲက "အာရမ္မဏ ငါးကာမ၏ ကြွေးစားသူ့ထံ စေပါးခံသို့"

အဆင်းမျိုးစုံ ရူပါရုံ၊ အသံမျိုးစုံ သဒ္ဒါရုံ၊ အနံ့မျိုးစုံ ဂန္ဓာရုံ၊ ရသာမျိုးစုံ ရသာရုံ၊ တွေ့ထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံ၊ ဒီအာရုံငါးပါးရဲ့ "ကြွေးစားသူ့ထံ စေပါးခံသို့"

ဒီအာရုံငါးပါးထံက ကြွေးယူပြီး အစေအပါးခံသလိုပဲတဲ့။

**"ရသခံစား ကာမသားတို့ ဖန်များကာလ တစ်ဘဝလုံး တဏှာ့ကျေးကျွန် မတော်လှန်ပဲ"**

ဒီအာရုံငါးပါးရဲ့ အရသာကိုခံစားကြတဲ့ ကာမသားတိုင်းဟာ တစ်ဘဝလုံး၊ တစ်ဘဝလုံး တဏှာ့ကျေးကျွန်အဖြစ်က မတော်လှန်ပဲနဲ့။ **"ဖြစ်ခဲ့အပိုင် မလွန်နိုင်ကြောင့်"**

http://www.dhammadownload.com



သုံ့ပန်းကျွန်လိုပဲ အဲဒီလိုဖြစ်တဲ့အခါ **"သားတိုင်မြေးရောက် တီတွတ်ရောက်လဲ မဖောက်မပြန် ကျွန်မျိုးမှန်၍"**

သားသမီး၊ မြေး၊ မြစ်၊ တီ၊ တွတ်၊ ကျွတ်၊ ဆပ် တိုင် ဆွေခုနစ်ဆက် ခံစားရသလိုပဲ အာရုံငါးပါး ခံစားခြင်းဆိုတဲ့ ကြွေးက တင်ပြီးလာတော့ ကျွန်အဖြစ်ကနေပြီး ဘယ်လိုမှ မတော်လှန်နိုင်ဘူး။ အမြဲမပြတ် မိမိရဲ့ကိစ္စကို စိတ်ထဲက မအောက်မေ့နိုင်ဘူး။

သီလကို မကျိုးမပေါက် မပြောက်မကြားအောင် စောင့်မယ်။ မိမိရဲ့စိတ်ကလေးကို တည်ကြည်ငြိမ်သက် မလှုပ်ယှက်အောင် သမာဓိဘာဝနာတွေ ကြိုးစားမယ်။

ရုပ်တရား နာမ်တရားတွေကို မြင်အောင် အားထုတ်မယ်လို့ အဲဒီ ကိုယ့်ကိစ္စတွေကို မအောက်မေ့နိုင်ဘူးတဲ့။

ကျွန်ရဲ့အမှု ကျွန်ရဲ့အလုပ်အတိုင်း ကျွန်အမူအယာအတိုင်း ပြုနေကြရတယ်။ ကျေးကျွန်ရဲ့သဘောအတိုင်း အရှင်မျက်နှာကိုပဲ ကြည့်ပြီး မပြုချင်ပဲနဲ့ ပြုနေရတယ်။

မိမိတို့တစ်ဘဝပြီး တစ်ဘဝ၊ တစ်ဘဝပြီး တစ်ဘဝ၊ မိမိအတွက် မရှုနိုင်ပဲနဲ့ ရသကိစ္စတွေနဲ့ အချိန်ကုန်ပြီးတော့ "တရားမကြွယ် အထုပ်ငယ်လျှက်"။

တရားမကြွယ်နိုင်တာဟာ ဒီကာမစ္ဆန္ဒနီဝရဏဆိုတဲ့ တရားဆိုး တရားပျက် ရှေးဦးစွာ မှိုင်းမိထားတာကိုး။

မှိုင်းမိထားတော့ ဘယ်လိုအိုဘေးဆိုးတွေ၊ နာဘေးဆိုး၊ သေဘေးဆိုးတွေနဲ့ ကြုံကြုံ ဒီလောကမှလွတ်မြောက်အောင် **"နိရန္တရ ကိုယ့်ကိစ္စကို စိတ်ကဘယ်ရွေ့ မအောက်မေ့သာ ကျွန်လေ့ကျွန်လာ ကျွန်မူယာဖြင့် တဏှာလိုစု အရှင့်မှု၌ မပြုမနေ မရချေတည်း။**

http://www.dhammadownload.com



သေသော်မြေတွင်း မှုတင်လင်းနှင့် ဆင်းရသည်သာ လက်မကွာရှင့်” ဆိုသလို အောက်မေ့နိုင်ခဲတယ်။ အားထုတ်ပြန်တော့လဲ ကာမစ္ဆန္ဒ ခေါ်တဲ့ အားကြီးတဲ့ရာဂ ကြွေးမြီမကင်းရင် ရုပ်တရား နာမ်တရား တွေကို သိနိုင်မြင်နိုင်တဲ့ ဉာဏ်ပညာမရရှိနိုင်ဘူး။

ဒါကြောင့် စောစောစီးစီးက ရှေးဦးစွာ ထွက်လေ ဝင်လေဆိုတဲ့ အာရုံ၌ မိမိရဲ့စိတ်ကို ကာမစ္ဆန္ဒအစရှိတဲ့ နီဝရဏတွေကင်းအောင် ကြိုးစားပြီး ထားကြရမယ်။ သမထကမ္မဋ္ဌာန်း အားထုတ်တဲ့ (၄)ရက်ခွဲ ရှိတယ်။ အားထုတ်ဖြစ်ခဲ့ပါတယ်။ ဟိုတုန်းက ကြားဖူးတာလေး တစ်ခုရှိတယ်။

ဟိုတုန်းက မန္တလေးတောင်ခြေမှာ တရားတိုက်ကြီးတစ်ခု နံရောဆရာတော် ဦးဇာဂရတည်ထောင်ပြီး ထားတယ်။ အဲဒီ ကမ္မဋ္ဌာန်းတိုက်ကြီးမှာ ဒကာမကြီး ဒေါ်ဦးတို့က မန္တလေး သူဌေး သူကြွယ်လေးဦးထဲမှာ ပါဝင်တာကိုး။

ကမ္မဋ္ဌာန်းကျောင်းကြီးတွေ ဆောက်တယ်။ ဓမ္မာရုံကြီးတွေ ဆောက်တယ်။ ဒီနောက်မှာလဲ ဒေါ်ဦးဓမ္မာရုံ ရွှေစက်တော်မှာရှိတယ်။ ပုပ္ပါးမှာလဲ ရှိတယ်။ ဖိုးဝင်းတောင်မှာလဲ ရှိတယ်။

တစ်နေ့ကျတော့ ဒေါ်ဦးတို့ သားအမိ ရိပ်သာသွားတဲ့အခါ နံရော ဆရာတော်ကပြောတယ်။ ဩော် ဒကာမကြီး ဒေါ်ဦးလဲပဲ အသက်လဲကြီးလာပြီ။ အိုလာပြီ၊ သေဖို့ပဲရှိတော့တယ်။ ဒါကြောင့် ဒကာမကြီး တရားအားထုတ်ဖို့ လိုပြီလို့ ပြောလိုက်တာ။

ခေါင်းခါလာတာ၊ ဘယ်လိုမှ သဘောမကျဘူး။ အဲဒီကနေ ဘယ်သွားသလဲဆိုတော့ ဒေါ်ဦးတို့သားအမိ ရွှေမန်းဦးကေသရစီ ရောက်သွားတယ်။

http://www.dhammadownload.com



ရွှေမန်းဦးကေသရက အရင်စကားကြားထားတာ။ "ဒေါ်ဦးကို တရား အားထုတ်ဖို့ အိုဘေး၊ နာဘေး၊ သေဘေးတွေနဲ့ ခြောက်လှန့်လို့ နံရောဆရာတော်ကြီး ပြောတာကိုသိထားတယ်"။

ဒေါ်ဦးတို့သားအမိ ဝတ်စားပြင်ဆင်ပြီး ရွှေမန်းဦးကေသရစီ ရောက်လာကြတယ်။ ရွှေမန်းဦးကေသရက ဒေါ်ဦးလို့ မခေါ်ဘူး။ "မဦးတို့လား၊ ငါ့ဖြင့် သမီးနဲ့တောင်လွဲတယ်၊ ရုပ်ရည်က တယ်တင်တာ ကိုး၊ ကုသိုလ်ကံ အကျိုးပေးထူးလိုက်တာ"။ အဲဒီလို ပြောလိုက်တော့မှ ဒေါ်ဦးက သဘောကျတာ။

ဘာကြောင့် ဆရာတော်က ပြောရသလဲဆိုတော့ မနေ့က အိုလာပြီ၊ နာလာပြီ၊ သေဖို့ပဲ နီးလာပြီ၊ တရားအားထုတ်ဖို့ နံရော ဆရာတော်က ဆုံးမတဲ့အခါကျတော့ ခေါင်းခါပြန်လာတာကို ရွှေမန်းဆရာတော် ဦးကေသရက သိထားနှင့်လို့ပါ။

နောက်ဆုံးကျတော့ ပြောကြပါစို့။ ဟိုနေရာ ဒီနေရာ ဓမ္မာရုံ ကြီးတွေ လှူကြ၊ တရားတိုက်တွေလဲ လှူပါတယ်။ ဒါပေမယ့် ကိုယ်တိုင်တရားအားမထုတ်ခဲ့ဘူး။ နိုင်ငံတော်က ချီးမြှင့်တဲ့ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဆိုတဲ့ ဘွဲ့ထူးဂုဏ်ထူးတွေတော့ ရသွားပါတယ်။ ဒါပေမယ့် တရားအားထုတ်ခွင့်တော့ မရရှာဘူး။

အဲဒီလိုပဲ တော်တော်များများ ပုဂ္ဂိုလ်တွေဟာ သာသနာတော် နဲ့ နီးစပ်တယ်၊ ကူညီတယ်၊ ဆွမ်းသင်္ကန်းကျောင်းဆေး ပစ္စည်းလေးပါး ထောက်ပံ့တယ်။ ဒါပေမယ့် ကိုယ်တိုင်ကိုယ်ကျ နိဗ္ဗာန်ရေးကိစ္စတွေ ကင်းအောင် သမထကမ္မဋ္ဌာန်း ကြိုးစားမယ်၊ အဝိဇ္ဇာခေတ် ကင်းပြတ် အောင် ဝိပဿနာဘာဝနာတရား ပွားများမယ်၊ ဒီလို ကြိုးစားအား ထုတ်တဲ့ ဘုရားဒကာ၊ ကျောင်းဒကာကြီးတွေက တော်တော်လေး

http://www.dhammadownload.com



နည်းပါးတယ်။

(၁၀၃)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းမှာ ယောဂီသူတော်စင်များ သတိတရရှိပြီးတော့ ရတဲ့အချိန်လေးမှာ အခြားအခြား လောကီကိစ္စတွေ၊ လူမှုရေး၊ သားရေး၊ သမီးရေးတွေ ဘေးဖယ်ထားပြီး အားထုတ်မယ်လို့ စိတ်ဆုံးဖြတ်ပြီး လာနိုင်တာ အင်မတန် ကံကောင်းပါတယ်။ အားကျစရာတွေ အများကြီး တွေ့ခဲ့တယ်။

ဘုန်းကြီးတို့ သာမဏေ ဥပဇ္ဈာယ်ဆရာတော်ကြီး ကနီမြို့နယ်၊ ကုန်းသာရွာ၊ သီရိမင်္ဂလာကျောင်းဆရာတော် ဦးကုမုဒ၊ ဟိုဘက်က ကျောက်လှေခါးဆရာတော် ဦးသီလာစာရ၊ တပည့်တွေ မုံရွာ၊ သပြေပင်တောရကျောင်းတိုက်မှာ ပို့ပြီး နောက်နှစ်မှာ သက်တော် (၄၅)၊ အရွယ် ဆရာတော်(၂)ပါး စစ်ကိုင်းတောင် တောထွက်တော်မူကြတယ်။

နေဖြစ်ရုံကျောင်းလေးတွေ အရှေ့လေးချောင်၊ အနောက်လေးချောင် ဘုန်းကြီးမရှိတဲ့ချောင်တွေပေါ့။ တရားအားထုတ်ဖို့ သင့်တော်တဲ့ ချောင်တွေပါပဲ။ ကျောင်းဒကာလဲ ရှာစရာမလိုဘူး။ ဆွမ်းခံဘုဉ်းပေးကြတယ်။ သက်တော် (၄၅)နှစ်အရွယ်မှာပါပဲ။

နောင်ကျတော့ ဝါချက်ရွာ ဆွမ်းခံသွားရင်းနဲ့ လမ်းမှာ ကျားနဲ့ တွေ့လို့ ဆရာတော်ဦးကုမုဒကို ကိုက်တော့မကိုက်ဘူး။ ဆရာတော်ကို လှဲပြီးလက်သည်းနဲ့ ခြစ်တယ်။

ဆရာတော်ကြီးတွေက ကျောင်းထိုင်နေကြတာပါ။ ရွာသူ ရွာသား ဒကာ ဒကာမများက ပြားပြားဝပ်ကြောက်ကြတယ်၊ ကိုးကွယ်ကြတယ်၊ ဘာမှ လိုလေသေးမရှိဘူး။

http://www.dhammadownload.com



ဆရာတော်ကြီးတွေဟာ သတိတရနဲ့ သက်တော်(၄၅)နှစ်မှာ တောထွက်တော်မူကြတယ်။ ဉာဏ်ပညာထွန်းပတဲ့အချိန်ပေါ့။

ဘုန်းကြီးတို့ကတော့ အဲဒီအချိန်က (၁၅)နှစ်လောက်ပဲ ရှိပါသေးတယ်။ အားကျရမှန်းလဲ မသိပါဘူး။ အခုမှ တဖြည်းဖြည်း အသက်ကြီးလာလို့ အားတော့ကျတယ်။ ယောဂီများ တောထွက်ပြီး မနေနိုင်စေကာမူ မြတ်စွာဘုရား ပေးတော်မူတဲ့ နေရာ (၃)ခု။

အရညဂတ= တောအရပ်

ရုက္ခမူလဂတ= သစ်ပင်အောက်

သုညာဂါရဂတ= ဆိတ်ငြိမ်ရာအရပ်

တောမထွက်နိုင်ဘူး။ သစ်ပင်ရင်း မနေနိုင်ဘူး။ ဘယ်လို လုပ်ရမလဲ။ သုညာဂါရဂတ= ဆိတ်ငြိမ်တဲ့နေရာလေး ရှာပြီးတော့ အားထုတ်မယ်ဆိုရင်လဲ အကျိုးရရှိနိုင်ပါတယ်။

ရှေးကမင်းတွေ တောမထွက်ပဲ လူသူလေးပါးအတွေ့မခံပဲ ဘုံနန်းပြာသာဒ်ပေါ်မှာပဲ တရားအားထုတ် ဈာန်အသီးသီး ရရှိသွားကြဖူးတယ်။ နီဝရဏ အပိတ်အဆို့ တရားဆိုး တရားပျက်တွေကို ပယ်ရှားလိုပါက မဟာသတိပဋ္ဌာန်တရား ပွားများရမယ်ဆိုတဲ့ မြတ်စွာဘုရားရဲ့ အသံအရ နီဝရဏတရားဆိုး တရားပျက်တွေကို ဖယ်ရှားပြီးတော့ မိမိတို့သန္တာန်မှာ မဖြစ်သေးတဲ့ ကုသိုလ်တရားများ ဖြစ်အောင်၊ ဖြစ်ပြီးသား ဉာဏ်ပညာစတဲ့ ကုသိုလ်တရားတွေ တိုးပွားအောင် ကြိုးစားအားထုတ်နိုင်ကြပါစေလို့ ဆုတောင်းတိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

*****

http://www.dhammadownload.com



ယနေ့ သာသနာနှစ် ၂၅၅၀ ပြည့်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁)ရက်နေ့။

**ကျေနပ်မနေနဲ့**

လယ်တီဝိပဿနာ (၇)ရက်တရားစခန်း အားထုတ်နေကြတဲ့ ယောဂီသူတော်စင်များ နီဝရဏကင်းစင်ပြီးတော့ ရရှိတဲ့ ပီတိ၊ ဝမ်းမြောက်မှုရရှိရန် ကြိုးပမ်းနေတဲ့အချိန်၊ ကာမစ္ဆန္ဒနီဝရဏ အစရှိတဲ့ တရားဆိုးတွေ ကင်းလို့ရရှိတဲ့ ပီတိရရှိအောင် ကြိုးစာနေကြချိန် ဖြစ်ပါတယ်။

ဝမ်းမြောက်မှု ပီတိကလဲ နှစ်မျိုးရှိပါတယ်။ အာမိသပီတိ= အာရုံငါးပါး ကာမဂုဏ်တရားတွေနဲ့ ရရှိတဲ့ပီတိပါ။

နိရာမိသပီတိ= အာရုံငါးပါး မဆက်စပ်ပဲနဲ့ နီဝရဏကင်းစင်မှ ရရှိတဲ့ပီတိ၊ နှစ်သက်တဲ့ပီတိ၊ "ပဝိဝေကပီတိ" နီဝရဏကင်းစင်လို့ ရရှိတဲ့ပီတိမျိုး ဝမ်းမြောက်မှုမျိုး၊ အဲဒီ ဝမ်းမြောက်မှုမျိုးရရှိအောင် ကြိုးစားအားထုတ်နေတဲ့အချိန်။

တစ်ချိန်က မြတ်စွာဘုရား သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတဲ့အချိန် ကျောင်းဒါယကာကြီး အနာထပိဏ်ကလဲ ဥပါသကာ (၅၀၀) ခြံရံပြီးတော့ ဇေတဝန်ကျောင်းသွား၊ မြတ်စွာဘုရားကို ရှိခိုးပြီး သင့်တင့်လျှောက်ပတ်တဲ့နေရာမှာ ထိုင်နေတဲ့အခါ မြတ်စွာဘုရားက ဘာမိန့်သလဲဆိုတော့-

**တုမှေ ခေါ ဂဟပတိ ဘိက္ခု သံဃံ ပစ္စုပဋ္ဌိတာ စီဝရ ပိဏ္ဍပါတ သေနာသန ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရေန။**

http://www.dhammadownload.com



ကျောင်းဒကာ သင်တို့တတွေဟာ ရဟန်းသံဃာများကို ပစ္စည်လေးပါးနဲ့ ပြုစုလုပ်ကျွေးနေကြတယ်။

**နခေါ ဂဟပတိ တာဝတကေန တုဋ္ဌိ ကရဏီယာ။**

ရဟန်းသံဃာများကို ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးနဲ့ ပြုစုလုပ်ကျွေးနေတာ သာသနာပြု တာဝန်တော့ ကျေပြီ။ ဆွမ်းဒကာ၊ သင်္ကန်းဒကာ၊ ကျောင်းဒကာ၊ ဆေးဒကာများဟာ ဒို့သာသနာပြု တာဝန်တော့ကျေပြီး ယူဆကြတာများပါတယ်။ ဘယ်ဆရာတော်ကြီးရဲ့ ဒကာရင်း ဆရာရင်း စသည် ဂုဏ်ယူပြောတတ်ကြပါသေးတယ်။ မြတ်စွာဘုရားက ဆက်ပြီးတော့ မိန့်တယ်။

**နခေါ ဂဟပတိ တာဝတကေန တုဋ္ဌိကရဏီယာ။**

ဘုရားကျောင်းဒကာ စတဲ့ဂုဏ် အဲဒီလောက်ကလေးနဲ့ ကျေနပ်မနေပါနဲ့။

ငါတို့ဟာ ရဟန်းသံဃာများကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးနဲ့ ပြုစုလုပ်ကျွေးနေတာပဲလို့ ကျေနပ်အားရ တင်းတိမ်ပြီး မနေပါနဲ့။

ဆွမ်းဒကာ ဆွမ်းအမကြီးတွေ များများစားစား တွေ့ဖူးပါတယ်။ ဆွမ်းသင်္ကန်းကျောင်းဆေး ပစ္စည်းလေးပါးနဲ့ သာသနာတော်ကို ထောက်ပံ့နေရုံနဲ့ ကျေနပ်နေကြတယ်။

မြတ်စွာဘုရားကတော့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး ထောက်ပံ့နေရုံနဲ့ ကျေနပ်မနေပါနဲ့တဲ့။

ဘုန်းကြီးတို့ တွေ့ခဲ့တဲ့ အတွေ့အကြုံ ပြန်ပြောမယ်ဆိုရင် ဘုန်းကြီးတို့ မုံရွာမြို့ သပြေပင်တောရကျောင်းတိုက်ကြီးကို ထောက်ပံ့လှူဒါန်းနေတဲ့ ကျောင်းဒကာကြီး ဦးဖေ-ဒေါ်ခင် ဆိုတာ သားသမီး

http://www.dhammadownload.com



မရှိဘူး။ ကျောင်း (၇)လုံး တစ်ဦးတည်းဆောက်တာပါပဲ၊ ကျေနပ်နေတယ်။

ဘုရားအပေါ်လဲ ကျေနပ်တယ်၊ သံဃာတော်တွေအပေါ်လဲ ကျေနပ်၊ အဲဒီကျောင်းတွေ ပျက်စီးလို့ရှိရင် တို့မှာလဲ သားသမီး မရှိဘူး။

တပည့်တော်တို့မှာလဲ သားသမီးမရှိဘူး။ ကျောင်းမွေတိုက်တွေက ရရှိတဲ့ ငွေကြေးနဲ့ နောင်မှာလဲ ကျောင်းကိုပြုပြင်တော်မူပါ။ နောင်ရေးနောင်ရာအတွက်ပါ စဉ်းစားပြီးတော့ တိုက်ကြီး (၃)လုံး၊ မြေတစ်ကွက် ကျောင်းအမွေအဖြစ် ကျောင်းများအတွက် လှူပါတယ်။

တစ်နေ့ကျတော့ ကျောင်းအမကြီး ဒေါ်ခင် (၇၉)နှစ် ဖြိုးဆို ကွယ်လွန်သွားတဲ့အခါ စိတ်ဆင်းရဲတယ်၊ နောက်ထပ် ငါးနှစ်လောက်တော့ နေရဦးမယ် ထင်တာ၊ မဖြေဖျောက်နိုင်ဘူးဘုရား။

ဘုန်းကြီး ဦးဇာဂရ အခုလိုဖြိုးဆို သေသွားတာ ဘယ်ရောက်နိုင်သလဲဘုရားလို့ မေးတယ်။ စိတ်မဖြေနိုင်ရှိရှာပါတယ်။ အဲဒီတော့ ဆွမ်းသင်္ကန်းကျောင်းဆေး ပစ္စည်းလေးပါးနဲ့ သာသနာတော်ကို ထောက်ပံ့နေတာကတော့ လိုလေသေးမရှိအောင်ပါပဲ။

အလားတူပဲ ကျောင်းဒကာကြီး ဦးမောင်လေးတို့၊ ကျောင်းဒကာကြီး ဦးတွာကျင်းတို့က ပြည်ကြီးဖွား၊ ပြည်ကြီးမှာဖွားပြီး စကားတောင်မပီဘူး။ ကျောင်းတိုက်ထဲမှာ သိမ်တို့၊ ဘုရားတို့ တိုက်နှစ်လုံးဆောက်လုပ်ပြီးတော့ ဘုရားတွေ၊ တန်ဆောင်းတွေ ဆောက်ရွက်တာပဲ။ သူလဲ သူ့ဟာနဲ့သူ ကျေနပ်နေတယ်။

မန္တလေးရောက်တဲ့အခါ မန္တလေးရွှေရေးဆောင်ကျောင်းတိုက်ကြီးရဲ့ အလယ်တိုက်ကြီး "ဝေယံစံလွှတ်"လို့ အမည်ပေးထားတဲ့ ကျောင်းတိုက်ကြီး။

http://www.dhammadownload.com



အခြားအခြားကျောင်းတိုက်တွေမှာလဲ အလယ်တိုက်ကြီးတွေ ဆောက်ပေးတဲ့ ကျောင်းဒကာကြီး ဗန္ဓုလဦးဆိုင်၊ ဆွမ်းသက်န်းကျောင်း ဆေးလှူဒါန်းပြီး ကျောင်းတွေမှ ရောမကျောင်းကြီးတွေ ကထိန်လှူဒါန်း ပွဲ နှစ်စဉ်ခင်းလို့ အဲဒီလိုပဲ ကျေနပ်နေတာ။

ကျောင်းဒကာ အနာထပိဏ်ကတော့ ပြောစရာမလိုဘူး။ ဇေတဝန်ကျောင်းတိုက်ကြီးဒကာဆိုတော့ ကျေနပ်နေတာ။

အဲဒါကို မြတ်စွာဘုရားက ဒါလောက်ကလေးနဲ့ ကျေနပ် မနေနဲ့။ **"တသ္မာတိဟ ဂဟပတိ ဧဝံ သိက္ခိတဗ္ဗံ"** ကျောင်းဒကာကြီး ကျင့်သုံးလိုက်နာရမည့်အချက်က ဘာလဲဆိုတော့-

**"ကိန္တိမယံ ကာလေနကာလံ ပဝိဝေကံ ပီတိ ဥပသမ္ပဇ္ဇ ဝိဟရေယျာမာတိ"**

မယံ= ငါတို့သည်၊ ကိန္တိ= ဘယ်နည်းဘယ်ပုံ၊ ကာလေနကာလံ= တခါတလေ သင့်လျော်သောအခါ၌၊ ပဝိဝေကံ= နီဝရဏ ကင်းဆိတ် ခြင်းကြောင့် ရအပ်သော၊ ပီတိ= ဝမ်းမြောက်ခြင်းပီတိသို့၊ ဥပသမ္ပဇ္ဇ= ကပ်ရောက်၍၊ ဝိဟရေယျာမ= နေနိုင်ကြပါကုန်အံ့နည်း။ ဣတိ= ဤသို့၊ သိက္ခိတဗ္ဗံ= ကျင့်အပ်၏၊ ကျင့်ရမည်၊ အားထုတ်ကြရမည်ဟု မြတ်စွာ ဘုရားက လိုင်းချပေးတယ်။

ဘယ်သို့ဘယ်ပုံ ဘယ်လိုများ တခါတလေ သင့်တော်တဲ့ အချိန်မှာ နီဝရဏကင်းဆိတ်ပြီးတော့ ပီတိရရှိမှုနဲ့ နေကြ၊ ကျင့်ကြ၊ အားထုတ်ကြ။

ကျောင်းဒကာ သမထဘာဝနာ အားထုတ်ပြီးတော့ နီဝရဏ ကင်းဆိတ်တဲ့ ပီတိရရှိအောင် ကြိုးစားတဲ့။ ဒီစကားတော်က သိပ်အရေးကြီးတယ်။ အခုခေတ် ကျောင်းဒကာ၊ ဘုရားဒကာတွေ

http://www.dhammadownload.com



**သတိပြုဖို့ ကောင်းတယ်။ "ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးမျိုးကို လှူပေးကာမျှ ငါ့မှာကောင်းကျိုး အလွန်တိုးဟု ယုံကိုးစိတ်ထဲ မရောက်ရဲနှင့် ဒါနခြေပျိုး ရှေ့သို့တိုး၍ အကျိုးနိဗ္ဗာန်မျှော်ရိုးမှန်က နီဝရဏ ကင်းစင်ပ၍ ရသည့်ပီတိ ရုပ်နာမ်သိရေး အလေးပေးကာ ကျင့်မြတ်ဝိပဿနာ ဘာဝနာကို ကြိုးကာလုံ့လ ရှိသော်မှလျှင် ဗုဒ္ဓသာသနာတော်မြတ် တွေ့ကျိုးနပ်မည် ကြပ်ကြပ်သတိရှိပါစေ"**လို့ ဆုံးမလိုပါတယ်။

အခုယောဂီသူတော်စင်များ အားထုတ်နေတာ နီဝရဏ ကင်းခြင်းကြောင့် ရရှိတဲ့ပီတိ၊ အပေါင်းအဖေါ်တို့မှ ကင်းဆိတ်တဲ့ ကာယဝိဝေက၊ အာရုံငါးပါး ကင်းဆိတ်အောင်နေတဲ့ စိတ္တဝိဝေက၊

ဆိတ်ငြိမ်ရာအရပ်မှာ နေပြီး နီဝရဏကင်းစင်တဲ့ ပီတိကို ရဖို့ အားထုတ်နေကြတာပဲ။ ဒါကြောင့် ဒါနရှစ်မျိုး ဟောကြားရာမှာ စိတ္တာလင်္ကာရ စိတ္တပရိက္ခာရတ္ထံ ဒါနံဒေတိ-ဟု ထည့်သွင်းဟောတော်မူပါတယ်။ အဋ္ဌကထာဆရာက အဲဒီအလှူပေးနည်း ရှစ်မျိုးထဲက သမထဝိပဿနာ စိတ်ကောင်းစိတ်မြတ်တို့၏ အခြံအရံ အသိုင်းအဝိုင်း အထောက်အပံ့ အကူအညီဖြစ်ပါစေရန် အလှူပေးခြင်းသည် အမြတ်ဆုံးအလှူဟု ဖွင့်ဆိုပါတယ်။

အဲဒီစကား ကြားလိုက်တဲ့အခါ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက **"အစ္ဆရိယံ ဝတ ဘန္တေ၊ အဗ္ဘုတံ ဝတ ဘန္တေ"**။

မြတ်စွာဘုရား ရှင်တော်မြတ်ဘုရားက ကျောင်းဒကာကြီးနှင့် နောက်မှာပါတဲ့ ဒကာများကို ဆွမ်းသင်္ကန်း ကျောင်းဆေးပစ္စည်း လေးပါး ရဟန်းသံဃာများကို ထောက်ပံ့နေရတာ။ လှူဒါန်းနေရတာ လောက်နဲ့ မကျေနပ်ကြနဲ့။

http://www.dhammadownload.com



တစ်ချိန်ချိန် တစ်ခါခါ ဘယ်လိုနည်းနဲ့မျှား နီဝရဏကင်းဆိတ်တဲ့ ပီတိရရှိအောင် အားထုတ်ရပ့ါမလဲလို့ ဒီစကားမိန့်ကြားတာ အံ့ဩဖွယ်ပါဘုရား မဖြစ်စဘူး အခုမှ အသစ်အထူးလိုပါပဲဘုရား။ အဲဒီလို လျှောက်ထားပြီးတော့ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်က နီဝရဏကင်းခြင်းကြောင့် ရရှိလာတဲ့ ပီတိတရားတွေဟာ အပြစ်ငါးမျိုး ကင်းစင်ပြီးတော့ အကျိုးငါးမျိုး ရရှိနိုင်တယ်။

အပြစ်ငါးမျိုး ကင်းစင်ပြီးတော့ အကျိုးငါးမျိုးက ဘာလဲ။

အာရုံငါးပါး ကာမဂုဏ်တရားတွေနဲ့ ဆက်စပ်ပြီး ကိုယ်ဆင်းရဲမှု၊ စိတ်မသက်သာ နှလုံးနာမှု၊ နီဝရဏကင်း ပီတိရရှိထားတဲ့ ပုဂ္ဂိုလ်မှာ မဖြစ်တော့ဘူး။

အာရုံငါးပါး ကာမဂုဏ်တရားတွေနဲ့ ဆက်စပ်တဲ့ ကိုယ်ချမ်းသာမှု ဝမ်းမြောက်မှုလဲ မရှိတော့ဘူး။

အကုသိုလ်နဲ့ ဆက်စပ်တဲ့ ကိုယ်ဆင်းရဲမှု၊ စိတ်နှလုံးမသက်သာမှု ဒါလဲမရှိဘူး။

အကုသိုလ်နဲ့ ဆက်စပ်တဲ့ ဝမ်းမြောက်မှုလဲ မရှိတော့ဘူး။

ကုသိုလ်နဲ့ ဆက်စပ်တဲ့ ကိုယ်ဆင်းရဲမှု၊ စိတ်နှလုံးမသက်သာမှု စိတ်ဆင်းရဲမှု မရှိတော့ဘူး။

လယ်တီဝိပဿနာ (၇)ရက်စခန်း အားထုတ်နေကြတဲ့ ယောဂီများ ကုသိုလ်တော့ ကုသိုလ်ပဲ၊ ဒီအတောအတွင်းမှာ စိတ်မသက်သာ နှလုံးမသာယာမှုတွေ ဖြစ်ချင်ဖြစ်မယ်။

နီဝရဏကင်းဆိတ်တဲ့ ပီတိကိုမရသေးမီ ဖြစ်ချင်ဖြစ်မယ်။ နီဝရဏကင်းတဲ့ ပီတိရပြီဆိုရင် ကုသိုလ်နဲ့ဆက်စပ်ပြီး စိတ်မသက်သာ နှလုံးမသာယာမှု မဖြစ်တော့ဘူး။

http://www.dhammadownload.com



ကိုယ်ဆင်းရဲမှု ဒုက္ခ၊ စိတ်မသက်သာ နှလုံးမသာယာမှု ဒေါမနဿ မဖြစ်တော့ပါဘူးဘုရားလို့ မြတ်စွာဘုရားကို လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက "သာဓု သာဓု သာရိပုတ္တရ၊ ချစ်သား သာရိပုတ္တရာ မှန်ပါပေတယ်၊ မှန်ပါပေတယ်"။

ပဝိဝေက နီဝရဏကင်းခြင်းကြောင့် ရရှိထားတဲ့ ပီတိ၊ ရရှိထားတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးဟာ စောစောက ပြောတဲ့ ကာမဂုဏ်နဲ့ဆက်စပ်တဲ့ ဒုက္ခ၊ ဒေါမနဿ၊

ကာမဂုဏ်တရားနဲ့ ဆက်စပ်တဲ့ ကိုယ်ချမ်းသာမှု၊ ဝမ်းမြောက်မှု၊ အကုသိုလ်နဲ့ ဆက်စပ်တဲ့ ကိုယ်ဆင်းရဲမှု၊ စိတ်မသက်သာမှု၊

အကုသိုလ်နဲ့ ဆက်စပ်တဲ့ ကိုယ်ချမ်းသာမှု၊ ဝမ်းမြောက်မှု၊ ကုသိုလ်နဲ့ တွဲယှဉ်နေတဲ့ ကိုယ်ဆင်းရဲမှု၊ စိတ်မသက်သာမှုတွေဟာ ဒီပီတိရရှိထားတဲ့ ပုဂ္ဂိုလ်မှာ မရနိုင်တာမှန်တယ်လို့ မြတ်စွာဘုရားက မိန့်ပါတယ်။

အရှင်သာရိပုတ္တရာရဲ့ လျှောက်ထားချက်ကို မြတ်စွာဘုရားက အတည်ပြု လက်ခံပါတယ်။

နီဝရဏကင်းစင်အောင် အားထုတ်နေတဲ့ သမထလမ်းစဉ်ဟာ စောစောကပြောတဲ့ ပဝိဝေကပီတိ ရပြီးဆိုရင် ဒီလိုအကျိုးအာနိသင်တွေ ရရှိနိုင်ပါတယ်။

နီဝရဏဆိုတာ အပိတ်အဆို့တရား၊ အဲဒီအပိတ်အဆို့အပြင် "ယုတ်မာညစ်ကြေး၊ မိုက်မဲမှေး ဆယ်လေးအကုသိုလ်"။

အကုသိုလ် (၁၂)ပါးဟာ ယုတ်မာတဲ့ အညစ်အကြေး မိုက်တယ်၊ မဲတယ်၊ အဲဒီစိတ်ကို မှီတွယ်ပြီး ဖြစ်ကြတဲ့ အကုသိုလ် (၁၄)မျိုး။ ပြီးတော့ ဗျာပါဒဆိုတာ အရကောက်တော့ ကောဓ။

http://www.dhammadownload.com



အခု သမထပိုင်း၊ ဝိပဿနာပိုင်းကို ရောက်အောင် အားထုတ်နေကြတာ သည်းခြေနာစွဲပြီဆိုတော့ ပျားရည်ကျွေးလဲ မချိုဘူး။ သည်းခြေမှ မကောင်းပဲကိုး။

ပျားရည်ကျွေးလိုက်ရင် ထွေးဖြစ်တယ်၊ ခါးတယ်၊ ခါးတယ် ဆိုပြီးပေါ့။

ကောခဆိုတဲ့ ဗျာပါဒနီဝရဏ ပိတ်ဆို့ထားရင်လဲပဲ၊ သည်းခြေနာ စွဲနေတဲ့လူလိုပဲ။

ကောင်းတဲ့တရား မကြိုက်ဘူး။ အဲဒီ ဗျာပါဒက ပကတိ စိတ်ကို ပျက်စီးအောင် ဖျက်ဆီးတတ်တဲ့အတွက်ကြောင့်မို့-

ကောခ= ဗျာပါဒ ကောင်းတဲ့စိတ်ကို ပျက်စီးစေပြီး၊ မကောင်းတဲ့စိတ်ကို ဖြစ်စေတာဟာ ဗျာပါဒ။

ကောခ= ဒေါသ ဗျာပါဒ ခေါ်တဲ့ သည်းခြေနာပျောက်အောင် ကုနေကြတာပါပဲ။

**ဗျာပါဒလက္ခဏာ**

ဗျာပါဒဒေါသရှိနေရင် ခံတွင်းပျက်သလိုပဲတဲ့။ ဘယ်အရသာမှလဲ အရသာမရှိဘူး။ အလွန်ချိုမြိန်တဲ့အရသာလဲ ခါးနေတယ်။

အသားအရေလဲ မဖြစ်ဘူး။ ညှိုးချုံ့ပိန်ပြီးတော့ နေသလိုပဲတဲ့။ မကြည်ညိုတဲ့ ဒေါသရှိနေတဲ့အခါ "ဘယ်ချိန်ဘယ်ခါ ဘယ်ဆရာ၏ ရသာမေ့ ဩဝါဒကို ရသာခံလျှက် နာမရွက်ပဲ"။

ဘယ်ဆရာရဲ့ ဩဝါဒမှ နာမယူဘူး။ ဗျာပါဒရှိနေတာကိုး။

ယောဂီတို့အားလုံး စဉ်းစားပြီးကြည့်မယ်ဆိုရင် မိရိုးဖလာ အားဖြင့် တတ်သိနားလည်တဲ့အချိန်က စပြီး-

http://www.dhammadownload.com



**"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"**

**"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊**

**ဓမ္မံ သရဏံ ဂစ္ဆာမိ၊**

**သံဃံ သရဏံ ဂစ္ဆာမိ"**

**"ပါဏာတိပါတာ ဝေရမဏီ"** အစရှိတဲ့ ငါးပါးသီလနဲ့ မိမိတို့ရဲ့ မိဘစီက ပရတော ဃောသခေါ်တဲ့ ရွတ်သံဖတ်သံ ကြားရတာကိုက တန်ဖိုးမဖြတ်နိုင်ဘူး။ "ဘုရားကိုးကွယ်ပါ၏၊ တရားကိုးကွယ်ပါ၏၊ သံဃံကိုးကွယ်ပါ၏"။

အဲဒီလို အသံတွေကြားလာရတော့ မိမိတို့လဲ ထိုက်တန် သလောက် ရှိသေ၊ နှလုံးသွင်းလေးတွေလဲ ကောင်းလာကြတော့ ဗျာပါဒခေါ်တဲ့ ဒေါသက ရတနာသုံးပါးအပေါ်မှာ မရှိဘူး။

ဗုဒ္ဓ၊ ဓမ္မကို ကန့်လန့်တိုက်နေတဲ့ လူမျိုးဖြစ်ပြီ ဘုန်းကြီးတို့ မြန်မာနိုင်ငံထဲမှာပဲ ဝေးလံတဲ့အရပ်ဒေသတွေမှာ ဗုဒ္ဓသာသနာ မရောက်နိုင်ရာ၌ လူဖြစ်တာပင် စဉ်းစားကြည့်။

ဘုန်းကြီးတို့ကျောင်းမှာ စာသင်နေတဲ့ ကလေးတစ်ယောက် က ပြောတယ်။ "သူဟာ ငယ်ငယ်တုန်းက ဘုန်းကြီးကျောင်းနားကနေ ကျောင်းသွားတယ်။ ဘုန်းကြီးမြင်ရင် မျက်နှာလွှဲပြီးသွားတယ်။ ဘယ်လိုဖြစ်တာလဲ အမှန်အတိုင်းပြောစမ်းပါ"ဆိုတော့ "မြင်ကို မမြင်ချင်ဘူး"တဲ့။

ဒါဗုဒ္ဓဘာသာ ထွန်းကားတဲ့ မြန်မာနိုင်ငံထဲ ဖြစ်နေတဲ့ကလေး။

**ဗျာပါဒအမျက် ခံတွင်းပျက်၍ နှစ်သက်မမြိန် ညှိုးကြုံ ပိန်သို့ ဘယ်ချိန်ဘယ်ခါ ဘယ်ဆရာ၏ ရသာဓမ္မ ဩဝါဒကို နားဝခံလျှက် နာမရွက်ပဲ မနှစ်သက်လို့ မကြည်ညိုတတ် ပဋိယတ် နှင့်**

http://www.dhammadownload.com



**မြိုန်မြတ်မသိ အသိကင်းရှင်း ကောင်းကျိုးကင်း၏။**

ရွှေတိဂုံနားမှာ ကားမောင်းနေတဲ့ အခြားဘာသာဝင်တွေလဲ ရှိတယ်။ မျက်နှာလွှဲသွားတဲ့ ပုဂ္ဂိုလ်တွေအများကြီးရှိတယ်။ မကြားလို မမြင်လိုကြဘူး။

ပဋ္ဌာန်းပွဲနားငြီးသူတွေ တွေ့ရတယ်။ ဘာသာဝင်တွေပင် နားမငြီးအောင် ညှိကြရင် အသံလျှော့ပေးဖို့ လိုပါလိမ့်မည်။

ဗျာပါဒ ဒေါသရှိနေရင် ဘာလုပ်ကြမလဲ။ သတိပဋ္ဌာန်ကိုပဲ အားထုတ်ပါ။ သတိပဋ္ဌာန်လေးပါး အားထုတ်ပါလို့ ဆိုလိုတယ်။

သတိပဋ္ဌာန်အားထုတ်လိုက်တဲ့အခါ အားကြီးတဲ့ပီတိ ဖြစ်တယ်။ ဝမ်းမြောက်မှု ဖြစ်တယ်။

အဲဒီအားကြီးတဲ့ပီတိ ဝမ်းမြောက်မှုဟာ အင်မတန် တန်ဘိုး ကြီးတယ်။ အဲဒီတော့ အခုသည်းခြေနာပျောက်အောင် ကုနေကြ တာပါ။

ပြီးတော့ အချုပ်နှောင်အိမ်က လွတ်အောင် လုပ်နေကြတာ ပါပဲ။ အချုပ်နှောင်အိမ်ဆိုတာ ဘာလဲ။ ထိန မိဒ္ဓပါပဲ။ ထိနဆိုတာ စိတ်မလန်းပဲ ခပ်ထိုင်းထိုင်းဖြစ်ခြင်း၊ စိတ်တို့ရဲ့ ထိုင်းမှိုင်းမှု၊ မိဒ္ဓဆိုတာ ယှဉ်ဖက် စေတသိက်များ မလန်းပဲ မှိုင်းတိုင်းတိုင်းဖြစ်ခြင်း၊ စိတ်နဲ့ တွဲနေတဲ့ စေတသိက်တို့ရဲ့ ထိုင်းမှိုင်းမှု။ အဲဒီ ထိုင်းမှိုင်းမှု ဖြစ်နေရင် ထိနမိဒ္ဓ ဖြစ်နေရင် အချုပ်နှောင်အိမ် ကျနေသလိုပါပဲ။

**အပျင်းအရိ တချိချိနှင့် ထိနမိဒ္ဓ နီဝရဏကား ထောင်ချ သွင်းသွပ် ထိပ်ချင်းခပ်သို့ အမြတ်ဘူမိ သုဂတိကို မသိမထင် မမြင်ရပြား လွှန်ဝေဝါး၏။**

http://www.dhammadownload.com



အချုပ်အနှောင်ကျနေတဲ့ ပုဂ္ဂိုလ်များဟာ အပြင်မှာ ပွဲလမ်းသဘင်တွေ၊ လွတ်လပ်ရေးပွဲတို့၊ တန်ဆောင်တိုင်ပွဲတို့၊ ပျော်ပွဲရွှင်ပွဲတွေ ဘယ်လောက်ပဲများများ သူ့အတွက် ဘာမှမတွေ့ရလို့ အကျိုးမရှိသလို။ ထိနမိဒ္ဓ ထိုင်းမှိုင်းနေတဲ့ ပုဂ္ဂိုလ်များဟာ ဒီလိုပါပဲ။ တရားပွဲတွေသွားပြီး တရားနာတယ်ဆိုရင်တောင် တရားရဲ့အရသာကို မခံစားရဘူး။

ထိနမိဒ္ဓကင်းတယ်ဆိုရင် တရားနာတဲ့အခါလဲ တရားအရသာသိတယ်၊ ပွဲလမ်းသဘင် ကြည့်ရင်လဲ အကောင်းအဆိုး ခံစားရတယ်။

ထိနမိဒ္ဓ လွတ်ကင်းပြီး စိတ်ကလေး တည်ကြည်ငြိမ်သက် မလှုပ်ယှက်တဲ့ သမာဓိရအောင် ကြိုးစားကြတယ်။

ယနေ့ဆိုရင် ၂၈၃၁ ယောက်လောက် အချုပ်ထောင်က လွတ်လာကြတယ်၊ ဝမ်းသာရှာကြမှာ။

၂၀၀၄ ခုနှစ် နိုဝင်ဘာလ (၁၈)ရက်နေ့က (၃၃၃၇)ယောက် အချုပ်က လွတ်လာကြတယ်။ နိုဝင်ဘာလ (၂၅)ရက် မှာ (၅၄၂၇)ဦး၊ ဒီဇင်ဘာလ (၁၂)ရက်နေ့မှာ (၅၀၇၀)ဦး။

၂၀၀၅ ခုနှစ် ဇန်နဝါရီလ (၃)ရက်နေ့မှာ (၅၅၈၉)ဦး၊ (၂၀)ရက်နေ့မှာ (၄၂၀)ဦး၊ ဒီဘက်နှစ်မှာ ဒီနေ့ နေ့စွဲနဲ့ (၂၈၃၁)ဦး လွတ်လာခဲ့တယ်။ အချုပ်ထောင်က လွတ်လာတဲ့သူတွေ ဘယ်လောက်ဝမ်းသာကြမလဲ။

လွတ်လာတဲ့ပုဂ္ဂိုလ်တွေ မနက်ဖြန် လွတ်လပ်ရေးနဲ့ လွတ်လွတ်လပ်လပ် ဘယ်လောက်ပျော်ကြမလဲလို့။ တရားရှာတဲ့အခါ ထိနမိဒ္ဓ ထိုင်းမှိုင်းနေရင် အချုပ်နှောင်အိမ် ကျနေသလိုပဲ။

http://www.dhammadownload.com



နီဝရဏကင်းတဲ့ ပီတိမျိုးရရင်တော့ အလွန်ဝမ်းသာဖို့ ကောင်းပါတယ်။ အဲဒီလို ပီတိရရှိတဲ့ ပုဂ္ဂိုလ်များက ဗုဒ္ဓဘာသာ လူဦးရေနဲ့ စာရင် နည်းပါတယ်။ နီဝရဏကင်းဆိတ်တဲ့ ပီတိမျိုး ကာမဂုဏ်ငါးပါးနဲ့ ဝေးကွာတဲ့ ပီတိမျိုးရရှိအောင် ကြိုးစားကြပါလို့ တိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

*****

http://www.dhammadownload.com



ယနေ့ သာသနာတော်နှစ် ၂၅၅၀ ပြည့်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခုနှစ်၊ ပြာသလိုလပြည့်ကျော် (၂)ရက်နေ့။

**နယ်ချဲ့အောက်မှလွတ်ရအောင်**

(၅၉)ကြိမ်မြောက် လွတ်လပ်ရေးနေ့။ လွတ်လပ်တယ်ဆိုတာ ကိုယ်ပင်ကိုယ်ရှင် ကိုယ်သခင်ကို ခေါ်ကြတာပါပဲ။

လွတ်လပ်တယ်ဆိုတာ ကြည့်မယ်ဆိုရင် လူသားတို့ရဲ့ ကျွန်အဖြစ်မှ လွတ်လပ်တာ၊ နယ်ချဲ့တရားတို့ရဲ့ ကျွန်အဖြစ်ကတော့ မလွတ်လပ်သေးဘူး။

(၁၀၃)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းမှာ အားထုတ်နေကြတာဟာ တဏှာ မာန ဒိဋ္ဌိခေါ်တဲ့ နယ်ချဲ့ ပပဉ္စတရားနယ်ပယ်က လွတ်မြောက်အောင် ကြိုးစားနေကြတာပါ။

လူသားတို့ရဲ့ ကျွန်အဖြစ်က လွတ်လပ်တယ်ဆိုတာမှ ကျွန်လေးမျိုး ရှိပါတယ်။ ကျွန် (၄)မျိုး။

- ခနက္ကီတကျွန်= ငွေဝယ်ကျွန်၊
- အန္တောဇာတကျွန်= အိမ်ပေါက်ကျွန်၊
- ကရမရာနီတကျွန်= စစ်ရှုံးလို့ သုံ့ပန်းကျွန်၊
- သာမံဒါသဗျကျွန်= ကိုယ်တိုင်ကျွန်အဖြစ် ခံယူတဲ့ကျွန်၊

လွန်ခဲ့တဲ့ (၅၉)နှစ် ဟိုဘက်ကဆိုရင် မြန်မာနိုင်ငံမှာရှိကြတဲ့ ရဟန်းရှင်လူတွေဟာ ကရမရာနီတ ကျွန်မျိုးတွေ၊ လွတ်လပ်ရေး ရတယ်ဆိုတာ ကရမရာနီတ စစ်သုံ့ပန်းကျွန်အဖြစ်က လွတ်ကင်း လာတာ။ အဲဒီတော့ လူသားတို့ရဲ့ ကျွန်အဖြစ်က လွတ်ကင်းတယ်။ နယ်ချဲ့ ပပဉ္စတတရားတို့ရဲ့ ကျွန်အဖြစ်ကတော့ မလွတ်ကင်းသေးဘူး။

http://www.dhammadownload.com



အခု လွတ်လပ်ရေးရအောင် ကြိုးစားနေတယ်ဆိုလဲ မမှားပါဘူး။

စောစောက အင်္ဂလိပ်လူသားတွေ နယ်ချဲ့တာက လူပြည်မှာပဲ နယ်ချဲ့နိုင်ကြတာ။ တဏှာမာန ဒိဋ္ဌိဆိုတဲ့ ပပဉ္စနယ်ချဲ့တရားတွေကတော့ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်အထိ နယ်ကုန်အောင် နယ်ချဲ့နိုင်ပါတယ်။

ယနေ့ (၁၀၃)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ကြိုးပမ်းအားထုတ်နေကြတဲ့ ယောဂီတို့ကတော့ ပပဉ္စနယ်ချဲ့တရားတို့ကို လွန်မြောက်တော်မူပြီးဖြစ်တဲ့ ဗုဒ္ဓဘုရားကို တရားနဲ့ပူဇော်ပြီးတော့ ပပဉ္စတရားတို့ရဲ့ လက်အောက်က လွတ်မြောက်အောင် အားထုတ်နေခြင်းပါပဲ။

ပပဉ္စတရားတို့ကို လွန်မြောက်ပြီးဖြစ်၍ ပပဉ္စသမတိက္ကန္တဂုဏ်နှင့် ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားအား တရားဖြင့်ပူဇော်ခြင်းပဲ။

**တေကာဒိသေ ပူဇယတော၊နိဗ္ဗုတေ အကုတောဘယေ။**

**ပပဉ္စ သမတိက္ကန္တေ၊ တိဏ္ဏသောက ပရိဒ္ဒဝေ။**

**နသက္ကာပုညံ သင်္ခါတုံ၊ ဣမေတ္တမပိကေနစိ။**

တာဒိဂုဏ်နှင့် ပြည့်စုံတော်မူကြတဲ့ ဘုရားရှင်တွေ ဣဋ္ဌာရုံတွေ့လဲ အတူတူအနိဋ္ဌာရုံတွေ့လဲ မထူးဘူး။ ဝမ်းသာဝမ်းနည်း မရှိဘူး။

နိဗ္ဗုတဂုဏ် ကိလေသာမလိန်း ငြိမ်းတော်မူကြတဲ့ဂုဏ်၊ ဘယ်အရပ်ကမှ ဘေးရန်မလာတော့ဘူး။ ဝဲယာရှေ့နောက် ဘယ်အရပ်ကမှ ဘေးမလာတော့ဘူး။ အကုတောဘယဂုဏ်နဲ့ ပြည့်စုံတယ်။

တဏှာမာန ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရားတို့ လွန်မြောက်တော်မူတဲ့ ပပဉ္စသမတိက္ကန္တဂုဏ်နဲ့ ပြည့်စုံတော်မူတယ်။

http://www.dhammadownload.com



တိဏ္ဏသောကပရိဒ္ဒဝေ- စိုးရိမ်ပူဆွေးခြင်းသောက၊ ငိုကြွေးခြင်း ပရိဒေဝတို့မှ လွန်မြောက်တော်မူတယ်။

အဲဒီ ဘုရားရှင်တို့ကို အာမိသနဲ့ ပူဇော်တယ်။ ဓမ္မနဲ့ ပူဇော်တယ်။ အဲဒီပူဇော်ကြတဲ့ ပုဂ္ဂိုလ်များမှာ "နသက္ကာ ပုည သင်္ခါတုံ ကေမေတ္တ မပိကေနစိ" ကုသိုလ်များ ဤရွေ့ဤမျှ ရှိပါတယ်လို့ ရေတွက်လို့မရဘူးလို့ ဒေသနာတော် ရှိတဲ့အတိုင်း၊

ယခု သူတော်စင်များ သမထတရား၊ ဝိပဿနာတရားများ ပွားများပြီးတော့ မြတ်စွာဘုရားအား ပူဇော်ကြရတယ်။

ဂုဏ်တော်တွေ အမျိုးမျိုးရှိတဲ့အထဲက ပပဉ္စသမတိက္ကန္တဂုဏ်၊ တဏှာမာန ဒိဋ္ဌိခေါ်တဲ့ ပပဉ္စနယ်ချဲ့တရားတွေကို လွန်မြောက်နိုင်တဲ့ ဂုဏ်။

ကိုယ်တော်တိုင် ပပဉ္စနယ်ချဲ့တရားတို့ကို လွန်မြောက်နိုင် သလိုပဲ။ ကမ္ဘာသူ ကမ္ဘာသား ရဟန်းရှင်လူ နတ်လူဗြဟ္မာ သတ္တဝါ အပေါင်းတို့အား ပပဉ္စတရားတို့ နယ်ချဲ့မခံရအောင် လက်နက်များ တပ်ဆင်ပေးတော်မူပါတယ်။

လက်နက်တွေက နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ၊ ပိဋကတ် သုံးပုံကို အကျဉ်းချုပ်လိုက်တဲ့အခါ ဗောဓိပက္ခိယ (၃၇)ပါး၊ ဗောဓိပက္ခိယတရား (၃၇)ပါးကို အကျဉ်းချုံးလိုက်တဲ့အခါ မဂ္ဂင် (၈)ပါး၊ မဂ္ဂင် (၈)ပါးကို အကျဉ်းချုံးလိုက်တဲ့အခါ စရဏနဲ့ ဝိဇ္ဇာ၊

တစ်နည်းအားဖြင့်ဆိုရင် သမထနဲ့ ဝိပဿနာ၊ ပပဉ္စနယ်ချဲ့ တရားတွေ တိုက်ထုတ်ဖို့ရာ လက်နက်ကောင်းကတော့ သမထနဲ့ ဝိပဿနာပါ။

http://www.dhammadownload.com



အဲဒီလို သမထနဲ့ ဝိပဿနာ အားထုတ်တော့ ဝိပဿနာ ဉာဏ်အဆင့်ဆင့်က နေပြီးတော့ မဂ်ဉာဏ်ရောက်တယ်။ သိ, ပယ်, ဆိုက်, ပွား လေးပါးအချက် တစ်ပြိုင်နက် မဂ်၏ကိစ္စတည်း ဟူသော လင်္ကာအတိုင်း မဂ်ဉာဏ်၏စွမ်းအား အင်မတန်ကြီးကျယ်တယ်။ သောတာပတ္တိမဂ် ရရှိသည်နှင့် တစ်ပြိုင်နက်ထဲ ဒိဋ္ဌိဆိုတဲ့ နယ်ခံ့တရား နှင့် ဝိစိကိစ္ဆာကို အမြစ်ပါမကျန်အောင် တွန်းလှန်ဖြိုဖျက်နိုင်တယ်။

**ဒိဋ္ဌိဝိစိ ပယ်သတ်ဘိ အာဒိမဂ်သောတာတဲ့။**

သကဒါဂါမိမဂ်ကို ရရှိတဲ့အခါကျတော့ ကာမရာဂ တဏှာဆိုတဲ့ ပပဥ္စနယ်ခံ့တရားနှင့် ဗျာပါဒကို တစ်စိတ်တစ်ပိုင်းအားဖြင့် တွန်းလှန်နိုင်ပြီ။

**ကာဗျာနှစ်ထွေ အကျန်ချွေ ရောက်လေသကဒါတဲ့။**

အနာဂါမိမဂ်ကို ရသည့်အခါ ကာမရာဂ၊ ဗျာပါဒ ကုန်ပါပြီ။

**ကာဗျာနှစ်ထွေ အကုန်ချွေ ရောက်လေအနာဂါ။**

အရဟတ္တမဂ်ကိုရမှ တဏှာတစ်စိတ်နဲ့ မာနဆိုတဲ့ ပပဥ္စ နယ်ခံ့တရားနှင့် ကိလေသာကို အမြစ်ပြတ်တော်လှန်နိုင်တာပါပဲ။

**သဗ္ဗကိလေ အကုန်ချွေ ရောက်လေ အရဟတ္တာတဲ့။**

လူသားတို့ရဲ့ ကျွန်အဖြစ်မှ လွတ်ကင်းအောင် ကြိုးစားတာ လွယ်တယ်။ ပပဥ္စတရား တဏှာမာန ဒိဋ္ဌိတို့ရဲ့ ကျွန်အဖြစ်မှ လွတ်မြောက်ဖို့ရာ မလွယ်ကူဘူး။

အဲဒီလို လွတ်လပ်ရေးရအောင် ကျွန်အဖြစ်မှ လွတ်ကင်း အောင် ကြိုးစားတဲ့နေရာမှာ ဟောစဉ်အတိုင်း ဟောလာခဲ့တဲ့ နီဝရဏ၊ ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ၊ ဥဒ္ဓစ္စဆိုတာ ဘယ်ဟာမျိုးလဲ-

http://www.dhammadownload.com



**"ချောက်ချားတုန်လှုပ် ထိန်းချုပ်မရ ဥဒ္ဒစ္စနှင့် ကုက္ကုစ္စမည် ဟူတုံသည်လည်း လူရည်နွမ်းညှိုး ကျွန်အမျိုးဝယ် အစိုးမရ ဘယ်ခါမျှပင် မလှမျက်နှာ မသာယာပဲ အာဏာမဆန် ရှင်ရှိ ကျွန်သို့ ကျူးလွန်ရှေးရှု ဆိုးကောင်းမှု၌ စုစုမတည် ခိုင်ကြည် မရှိ ပူပန်ဘိ၏။**

"ထိန်းချုပ်မရ ဥဒ္ဒစ္စ"တဲ့။ ထိန်းချုပ်လို့မရဘူး။ စိတ်တွေပြန့်လွင့်နေတယ်။

ကုက္ကုစ္စဆိုတာ "ကျူးလွန်ရှေးရှု ဆိုးကောင်းမှု၌ ခုခုမတည်ခိုင် ကြည်မရှိ ပူပန်ဘိ၏"။

ဆိုးတဲ့အမှုကိစ္စ၊ ကောင်းတဲ့အမှုကိစ္စ၊ ဆိုးတဲ့အမှုကျတော့ ပြုဖြစ်တယ်။ ကောင်းတဲ့အမှု ကျတော့ မပြုဖြစ်ဘူး။ အဆိုးတွေ ပြုမိတဲ့ အခါကျတော့ နောင်တတစ်ဖန် ပူပန်မှုဟာ ကုက္ကုစ္စ။

ကောင်းတဲ့သမထတရားတွေ ကောင်းတဲ့ဝိပဿနာတရားတွေ မပြုလုပ်ဖြစ်ဘူး။ ကောင်းတဲ့တရားတွေ မပြုဖြစ်လို့ နောင်တပူပန် တာဟာ ကုက္ကုစ္စ။

ဥဒ္ဒစ္စ ကုက္ကုစ္စဟာ ဘာနဲ့တူသလဲ။ ဥဒ္ဒစ္စ ကုက္ကုစ္စရှိနေတဲ့ အတွက် ကျွန်ဖြစ်နေတာပါပဲ။ ကျွန်ဆိုတာ ဘယ်လိုလဲ။ ကျွန်ဆိုတာ-

**"လူရည်နွမ်းညှိုး ကျွန်အမျိုးဝယ် အစိုးမရ ဘယ်ခါမျှပဲ"**

ကျွန်ဆိုတာ ကိုယ်ပင်ကိုယ်ရှင် ကိုယ်သခင် မဟုတ်ဘူး။ ကိုယ်စိတ်ထင်တိုင်း သွားလို့မရဘူး။ "မလှမျက်နှာ မသာယာပဲ အစိုးမရ ဘယ်ခါမျှလဲ အာဏာမဆန် ရှင်ရှိကျွန်သို့"

မျက်နှာမလှ မသာယာ အစိုးမရ အာဏာဖီဆန်လို့လဲ မဖြစ် အရှင့်မျက်နှာကိုပဲ ကြည့်နေရတယ်။ အဲဒီ ဥဒ္ဒစ္စ ကုက္ကုစ္စကို လွန်မြောက်အောင် ဘာလုပ်ရမလဲ။

http://www.dhammadownload.com



**"နီဝရဏာနံ ပဟာနာယ စတ္တာရော သတိပဋ္ဌာနာ ဘာဝေတဗ္ဗာ"**

နီဝရဏ ပယ်ဖို့ရာအတွက် သတိပဋ္ဌာန်လေးပါးကို ပွားများရမယ်။ ဥဒ္ဓစ္စ ကုက္ကုစ္စ ကျွန်အဖြစ်က လွတ်ကင်းအောင် သတိပဋ္ဌာန်တရား ပွားများလိုက်တဲ့အခါကျတော့ ကိုယ်ပင်ကိုယ်ရှင် ကိုယ်သခင်ဖြစ်လာတယ်။ ဒါကြောင့် ဝမ်းမြောက်မှုတွေ ဖြစ်လာတယ်။ အားကြီးတဲ့ ပီတိဖြစ်လာတယ်။

**"ချောက်ချားတုန်လှုပ် ထိန်းချုပ်မရ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စမည် ဟူတုံလည်း လူရည်နွမ်းညှိုး ကျွန်အမျိုးဝယ် အစိုးမရ ဘယ်ခါမျှပင် မလှမျက်နှာ မသာယာပဲ အာဏာမဆန် ရှင်ရှိ ကျွန်သို့ ကျုံးလွန်ရှေးရှု ဆိုးကောင်းမှု၌ ခုခုမတည် ခိုင်ကြည်မရှိ ပူပန်ဘိ၏"**

ဥဒ္ဓစ္စ- ပြန့်လွင့်နေမယ်။ ကုက္ကုစ္စ- နောင်တတစ်ဖန် ပူပန်နေမယ်ဆိုရင် စိတ်တွေဟာ အလိုလိုညှိုးနွမ်းပြီး ကျွန်အဖြစ်က မလွတ်သေးတဲ့သူလိုပဲ။

သတိပဋ္ဌာန် ပွားလိုက်လို့ ဥဒ္ဓစ္စ ကုက္ကုစ္စကို နိုင်သွားပြီဆိုရင် ဥဒ္ဓစ္စ ကုက္ကုစ္စကို တောင်လှန်နိုင်ပြီ။ အာဏာဖီဆန်နိုင်ပြီ ဆိုရင်တော့ အဆင့်မြင့်မြတ်တဲ့ အကျင့်ကို ကျင့်ဖို့ရာ အခွင့်သာလာပြီ။

ပပဉ္စသမတိက္ကန္တဂုဏ်နှင့် ပြည့်စုံတော်မူသော တဏှာမာန ဒိဋ္ဌိဆိုတဲ့ နယ်ချဲ့ပပဉ္စတရားတွေကို လွန်မြောက်တော်မူသော မြတ်စွာဘုရား။ ပပဉ္စတရားတို့ကို လွန်မြောက်အောင် ဘယ်လိုကျင့်ကြံပွားများ အားထုတ်မလဲဆိုတော့ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ အလုံးစုံဟာ မြတ်စွာဘုရား ပေးတဲ့နည်းလမ်းတွေပါပဲ။ ပပဉ္စတရားတွေကို တိုက်ထုတ်ဖို့ ဓမ္မနည်းလမ်းကောင်းတွေပါပဲ။

http://www.dhammadownload.com



**မာနေန္တိ ဓမ္မံ ကာမာယေ၊ ဓမ္မမာဂမ္မဒေသကံ။**
**ဗုဒ္ဓဥ္စာမတဒံ သံယံ ဓမ္မောဇာမတ လိမ္ပိတံ။ ။**

ယေ= ဖြဟ္မာနတ်လူ အကြင်သူတို့သည်၊ ဓမ္မကာမာ= ချမ်းသာဖို့ရေး ပို့ဆောင်ပေးမည့် လေးစားအပ်သော မြတ်သဘောကို မနော ရွှင်ပျို နှစ်လိုကြကုန်သည်ဖြစ်၍၊ ဓမ္မံ= တရားတော်ကို၊ မာနေန္တိ= မြတ်နိုးကြ ကုန်၏။ ဓမ္မံ= သုံးပုံပိဋကတ် ငါးရပ်နိကာယ် ကိုးသွယ်အင်္ဂါ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် များမြောင်လှစွာသော တဏှာမာန ဒိဋ္ဌိ ပပဉ္စတရားဆိုးတို့ကို တိုက်ထုတ်နည်း တိုက်ထုတ်ပုံ လက်နက်ကောင်းသဖွယ် ဖြစ်သောတရားတို့ကို၊ မာနေန္တိ= မြတ်နိုးကြကုန်၏။ တေ= ထိုပပဉ္စတရားတို့ကို တိုက်ထုတ်ကြောင်း တရားကောင်း တရားမြတ်တို့ကို မြတ်နိုးကြကုန်သော သူတို့သည်၊ ဓမ္မမာဂမ္မ= သံသရာဝဋ်ဗွေ ကရွတ်ခွေမှ လွတ်စေနိုင်တောင်း တရားကောင်းကို အကြောင်းပြုစွဲမှီ၍၊

သံသရာဝဋ်ဗွေ ကရွတ်ခွေမှ လွတ်စေနိုင်တဲ့တရား၊ ပပဉ္စနယ်ချဲ့ တရားတွေကို မောင်းထုတ်နိုင်တဲ့ တရားကောင်း တရားမြတ်တွေကို အကြောင်းပြုပြီးတော့၊ ဒေသကံ= ၄၅ ရှည်မြင့်လျားအောင် ဟောကြားတော်မူတတ်သော ဓမ္မလက်နက်ကို တပ်ဆင်ပေးတတ်သော၊ အမတဒံ= မြိုက်ရည်ချိုဆိမ့် ပီတိငြိမ့်အောင် ဟောမိန့်သာကြွ ပေးသနားတော်မူတတ်ပါပေသော၊ ဗုဒ္ဓဥ္စ= အကျင့်စရိုက် အသင့် လိုက်၍ အမြိုက်ရည်တိုက်ကျွေးတော်မူသည့် ကျေးဇူးကြီးမား တရားသခင် မြတ်ဘုရားကိုလည်းကောင်း၊

ပပဉ္စတရားတွေကို နှင်ထုတ်နိုင်တဲ့ ဓမ္မလက်နက်ကောင်း တွေကို အကြောင်းပြုပြီးတော့ ဒီပပဉ္စနယ်ချဲ့တရားတွေကို

http://www.dhammadownload.com



မောင်းထုတ်နိုင်အောင် ဓမ္မလက်နက်ကောင်းတွေကို ဖန်တီးပေးတဲ့ ဘုရားရှင်ကိုလဲ၊ မာနေန္တိ= မြတ်နိုးကြရကုန်၏။

ဓမ္မောဇာမတလိမ္ပိတံ= ကိလေသာချေးမြူ ဖွေးဖွေးဖြူသည့် မွှေးကြူပျံ့ငြိမ်း အမြိုက်ရည်လိမ်းတော်မူအပ်သော၊ သံဃဥ္စ= သံဃာတော်များကိုလည်းကောင်း၊ အဲဒီ ပပဉ္စတရားတွေကို ဓမ္မလက်နက်နဲ့ တိုက်ပုံခိုက်ပုံကို ကျကျနန သိတော်မူ မြင်တော်မူလို့ ပပဉ္စနယ်ခဲ့တရားတွေကို မောင်းထုတ်နိုင်ပြီဆိုတဲ့ အခါကျတော့ အရိယာစခန်း တက်လှမ်းနိုင်ကြတဲ့ သံဃာတော်အရှင်မြတ်များကိုလည်းကောင်း၊

ပပဉ္စတရားတွေကို တိုက်ထုတ်ပြီး လွတ်လပ်ရေးရဖို့အတွက် ဓမ္မလက်နက်ကောင်းတွေကို ထိန်းသိမ်းစောင့်ရှောက်ပြီးနေကြတဲ့ သံဃာတော်အရှင်မြတ်တွေကို ယခု နှစ်ပေါင်း ၂၅၀၀ ကျော် ယောဂီတို့နဲ့ ဉာသာသနာ၊ ဉာသာသနာနှင့် ယောဂီတို့ တိုက်ရိုက် ဆိုင်ဆိုင် ကြုံရလေအောင် ဆုံရလေအောင် လက်ဆင့်ကမ်း ပုခုံးပြောင်းပြီးတော့ သင်ဟောပို့ချ ကျင့်ကြံကြိုးကုတ် အားထုတ် ရေးသားပြီး အဆင့်ဆင့် သယ်တော်မူလာကြတဲ့ သံဃာတော်များကိုလဲ မြတ်နိုးကြရတယ်။ ဒါကြောင့်-

**မာနေန္တိ ဓမ္မ ကာမာယေ၊ ဓမ္မ မာဂမ္မ ဒေသကံ။**
**ဗုဒ္ဓဥ္စာ မတဒံသံဃံ၊ ဓမ္မောဇာ မတလိမ္ပိတံ။ ။**

ယေ= ပြဟ္မာနတ်လူ အကြင်သူတို့သည်၊ ဓမ္မကာမာ= ချမ်းသာဖို့ရေး ပို့ဆောင်ပေးမည့် လေးစားအပ်သော မြတ်သဘောကို မနော ရွှင်ပျို နှစ်လိုကြကုန်သည်ဖြစ်၍၊ ဓမ္မံ= သုံးပုံပိဋကတ် ငါးရပ်နိကာယ် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် များပြောင်လှစွာသော တရားတော်ကို၊ ဓမ္မံ= တဏှာမာန ဒိဋ္ဌိဟုဆိုအပ်သော ပပဉ္စနယ်ခဲ့

http://www.dhammadownload.com



တရားတို့ကို မောင်းထုတ်နိုင်ကြောင်း ကောင်းမြတ်သော ဓမ္မလက်နက် တရားတော်ကို၊ မာနေန္တိ= မြတ်နိုးကြပေကုန်၏။ တေ= ထိုတရားမြတ်နိုးကြကုန်သော ပုဂ္ဂိုလ်တို့သည်၊ ဓမ္မ မာဂမ္မ= သံသရာဝဋ်ဗွေ ကျွတ်ခွေမှ လွတ်စေနိုင်ကောင်း တရားကောင်းကို အကြောင်းပြုစွဲမှီ၍၊ ဓမ္မ မာဂမ္မ= သံသရာနယ်ချဲ့ ပပဉ္စ တဏှာမာန ဒိဋ္ဌိတို့ကို မောင်းထုတ်နိုင်ကြောင်း ကောင်းမြတ်သော ဂုဏ်သကတ်ကို အကြောင်းပြု၍၊ ဒေသကံ= လေးဆယ်နှင့်ငါး ရှည်မြင့်လျားအောင် ဟောကြားမြွက်ဖော် တော်မူတတ်သော၊ အမတဒံ= မြိုက်ရည်ချိုဆိမ့် ပီတိငြိမ့်အောင် ဟောမိန့်သာကြူ ပေးသနားတော်မူတတ်သော၊ ဗုဒ္ဓဥ္စ= အကျင့်စရိုက် အသင့်လိုက်၍ အမြိုက်ရည်ကို တိုက်ကျွေးတတ်သည့် ကျေးဇူးကြီးမား တရားသခင် ဘုရားရှင်ကိုလည်းကောင်း၊ ဓမ္မော ဇာမတလိမ္ပိတံ= ကိလေချေးဖြူ ဖွေးဖွေးဖြူသည့် မွေးကြူပျံ့ငြိမ်း အမြိုက်ရည်လိမ်းတော်မူအပ်သော၊ သံဃဥ္စ= ရှစ်ယောက်အရိယာ မြတ်သံဃာကိုလည်းကောင်း၊ သံဃဥ္စ= သာသနာတော် ၂၅၀၀ မက ကျော်အောင် ယောဂီတို့နှင့် သာသနာ၊ သာသနာတော်နှင့် ယောဂီ တိုက်တိုက်ဆိုင်ဆိုင် ကြုံရလေအောင် ဆုံရလေအောင် ပပဉ္စတရားဆိုးတို့ကို နှင်ထုတ်နိုင်ကြောင်း ကောင်းမြတ်သော တရားတော်တို့ကို လက်ဆင့်ကမ်း ပုခုံးပြောင်း၍ ဟောပြောပို့ချ သင်အံကြိုးကုတ် အားထုတ်ဟောကြားရေးသားတော်မူကြသည့် ရှေးခေတ်ခုပေါ် ဆရာတော် သံဃာတော် အရှင်မြတ်များကိုလည်းကောင်း၊ မာနေန္တိ= ကျေးဇူးဂုဏ်သိရ် နှလုံးအိမ်၌ တည်ငြိမ်မွေ့အောင်း မရွေ့ပြောင်းပဲ နှစ်ထောင်းအားရ မြတ်နိုး ကြည်ညိုကြရပါကုန်သည်တကား။ သာဓု - သာဓု - သာဓု

✻✻✻✻✻

http://www.dhammadownload.com



ယနေ့ သာသနာတော်နှစ် ၂၅၅၀ ပြည့်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခု၊ ပြာသိုလပြည့်ကျော် (၃)ရက်နေ့။

လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ကြိုးပမ်းအားထုတ် နေကြတဲ့ ယောဂီသူတော်စင်များ သမာဓိရဖို့ သမထကမ္မဋ္ဌာန်း အားထုတ်လာခဲ့တာ တော်တော်လေး အရှိန်ရလာပါပြီ။

မြတ်စွာဘုရားက နိဝရဏတရားတို့ကို ပယ်ရှားချင်ရင် မဟာသတိပဋ္ဌာန်တရားတို့ကို ပွားများပါ။

သံယောဇဉ်တွေ ပယ်ရှားချင်ရင်လဲ မဟာသတိပဋ္ဌာန်ကိုပဲ ပွားများပါလို့ အစရှိသည်ဖြင့် မဟာသတိပဋ္ဌာန်ကိုပဲ ညွှန်းတော်မူ တယ်။ မဟာသတိပဋ္ဌာန်မှာလဲပဲ-

၁။ ကာယာနုပဿနာသတိပဋ္ဌာန်

၂။ ဝေဒနာနုပဿနာသတိပဋ္ဌာန်

၃။ စိတ္တာနုပဿနာသတိပဋ္ဌာန်

၄။ ဓမ္မာနုပဿနာသတိပဋ္ဌာန်

လေးမျိုးခေါင်းစဉ်ပြီးတော့ ပထမဆုံး ကာယာနုပဿနာကို စတင်ဟောပါတယ်။ ကာယာနုပဿနာ မဟာသတိပဋ္ဌာန်နဲ့ ပတ်သက်ပြီးတော့-

ကာယ= ရုပ်အပေါင်း နာမ်အပေါင်း၊ အဲဒီ ရုပ်အပေါင်း နာမ်အပေါင်းကို အဖန်ဖန် အထပ်ထပ် ရှုမြင်ခြင်း “ကာယာနုပဿနာ သတိပဋ္ဌာန်”။

အဲဒီ ကာယာနုပဿနာကိုပဲ မြတ်စွာဘုရားက အားထုတ်ပုံ အခန်း (၁၄)မျိုး ဟောကြားထားပါတယ်။ ကာယာနုပဿနာ အားထုတ်နည်းက (၁၄)မျိုး။

http://www.dhammadownload.com



အဲဒီ (၁၄)မျိုးမှာလဲ ရုပ်ကမ္မဋ္ဌာန်း၊ နာမ်ကမ္မဋ္ဌာန်းတို့တွင် များသောအားဖြင့် ရုပ်ကမ္မဋ္ဌာန်းကိုပဲ ဦးတည်ပြီး ဟောကြားတာကို တွေ့ရပါတယ်။

ရုပ်ကမ္မဋ္ဌာန်းဆိုပေမယ့်လဲ ဆိုကြပါစို့။ ထွက်လေဝင်လေ ဝါယောရုပ်၊ သူ့ရဲ့မှီရာက ကရဇကာယ၊ ကရဇကာယဆိုတဲ့ ရုပ် (၂၈)ပါးလုံးနဲ့တွဲပြီး နေတာက နာမ်တရား။

ခြုံပြောမယ်ဆိုရင်တော့ ရုပ်ရောနာမ်ရော စုံပြီးတော့ သွားပါတယ်။ သို့သော်လဲ အဓိကတိုက်ရိုက်အားဖြင့်တော့ ရုပ်ကမ္မဋ္ဌာန်းပဲ။

ကာယအရ ရုပ်အပေါင်းပဲ မြတ်စွာဘုရား တရားပေးတာ တွေ့ရပါတယ်။ အဲဒီတော့ ရုပ်အပေါင်းမှာလဲ ရုပ်က (၂၈)မျိုး ရှိတယ်။ ပင်မရုပ်က (၄)မျိုး၊ အပေါ်တင် ဥပါဒါရုပ်က (၂၄)မျိုး၊ ပေါင်း (၂၈)မျိုး။

ဒီကာယာနုပဿနာသတိပဋ္ဌာန်မှာတော့ ပင်မရုပ် (၄)ခုကိုပဲ မြတ်စွာဘုရားက ဦးစားပေးပြီးတော့ ဟောကြားထားတာ တွေ့ရတယ်။

ပင်မရုပ် "ပ-အာ-တေ-ဝါ" ခေါ်တဲ့ ပင်မဓာတ်လေးပါးပါ။ "မြေ-ရေ-မီး-လေ"ထဲက တစ်ပါးပါးကို မြင်အောင် ထင်အောင် အားထုတ်ပြီးတော့ အရဟတ္တဖိုလ်ရောက်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ အရေအတွက်တောင် လွန်တယ်။ ရေတွက်လို့ မရဘူး။

အဲဒီတော့ မြတ်စွာဘုရားက ကာယာနုပဿနာမှာ ပထမဆုံး အာနာပါနအပိုင်း။ အဲဒီ အာနာပါနအပိုင်းမှာ ပြောမယ်ဆိုရင် ဝါယောရုပ်ကို အဓိကထားပြီး ပြတော်မူတာ၊ တရားပေးတော်မူတာ။

ဣရိယာပထ ပဗ္ဗ= သွား ရပ် ထိုင် လျောင်း ကြည့်ပြန်တော့လဲ ဝါယောရုပ်ပဲ။

http://www.dhammadownload.com



စားတာ သောက်တာကစပြီး ဆင်ခြင်တိုင်းထွာပြီးတော့ နေဖို့ရာ တရားပေးတာလဲ ဝါယောရုပ်ပါပဲ။ ဝါယောရုပ်ဟာ အဓိကပါပဲ။

အဲဒီနောက် ပဋိကူလမနသိကာရပဗ္ဗမှာလဲ ဒီခန္ဓာကိုယ်ကြီးကို စက်ဆုပ်ဖွယ်မြင်ရဖို့ရာလဲ မြတ်စွာဘုရားက (၃၂) ကောဋ္ဌာသ ကမ္မဋ္ဌာန်း ပေးတော်မူတာပါပဲ။

အဲဒီမှာ ပထဝီ- မြေဓာတ် လွန်ကဲတာက ဆံပင်၊ မွေးညင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့ (ကျောက်ကပ်)၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း (သရက်ရွက်)၊ အဆုပ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ ဒီခက်မာနူးညံ့ ပထဝီဓာတ် (၂၀)။

အာပေါ- ရေဓာတ် လွန်ကဲတဲ့ ကောဋ္ဌာသကျတော့ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်၊ ရွံ့စဖွယ် ညှီနံ့ဆိုး အသိုးအပုပ် စက်ဆုပ်ဖွယ် ချည်းသာ ရှိပါကုန်၏။

စက်ဆုပ်ဖွယ် (၃၂)ကောဋ္ဌာသကို ပေးတာပါပဲ။ အဓိက အားဖြင့်တော့ ပထဝီဓာတ်နဲ့ အာပေါဓာတ် (၂)မျိုး။

ဝါယောဓာတ်နဲ့ချည်း ကမ္မဋ္ဌာန်းပေးလာတာက အပိုင်းကြီး (၃)ပိုင်း၊ ပထဝီဓာတ်၊ အာပေါဓာတ် လွန်ကဲတဲ့ ဆံပင်၊ မွေးညင်း စသည် စက်ဆုပ်ဖွယ် ရှုမှတ်ဖို့ရာဆိုပြီး မြတ်စွာဘုရားက ကမ္မဋ္ဌာန်းပေးတော်မူ တာက တစ်ပိုင်း။

အခု ပဋိကူလမနသိကာရပဗ္ဗ အပိုင်း၊ နောက် ဓာတုမန သိကာရပဗ္ဗ ဆိုတာက ဓာတ်လေးပါးဆင်ခြင်ပုံ၊ ဓာတ်လေးပါး

http://www.dhammadownload.com



ဆင်ခြင်ပုံကတော့ ခန္ဓာကိုယ်ကြီးကို ပထဝီက (၂၀)၊ အာပေါက (၁၂)မျိုး၊ တေဇောက (၄)မျိုး၊ ဝါယောက (၆)မျိုး၊ (၄၂)ပုံ ပုံပြီးတော့ ပြတယ်။

အဲဒီ (၄၂)ပုံကိုလဲ တူရာတူရာ ပေါင်းလိုက်တော့ "ပ-အာ-တေ-ဝါ" ဓာတ်ကြီး (၄)ပါးပဲ ကျန်ပါတယ်။

အဲဒီ ဓာတုမနသီကာရပဗ္ဗ ကတော့ ဓာတ် (၄)ပါးစုံပါပဲ။ နဝသိမထိတပဗ္ဗကထာ ဆိုတာက သင်္ချိုင်းရောက်နေတဲ့ ရုပ်ကလာပ်တွေနဲ့ ပတ်သက်ပြီးတော့ တစ်ရက်ကြာတဲ့ ရုပ်အလောင်းကြည့်ပြီးတော့-

**"ဧဝံဓမ္မော ဧဝံဘာဝီ ဧဝံအနတီတော"**

ဧဝံဓမ္မော= ငါလဲပဲ ဒီလိုသဘောရှိတယ်၊ ဒီလိုဖြစ်မှာပဲ။ ဧဝံဘာဝီ= ဒီလိုဖြစ်လိမ့်မယ်။ ဧဝံအနတီတော= သေပြီးတစ်ရက်မြောက်ရှိတဲ့ ရုပ်အလောင်းလိုပဲ ငါလဲပဲ မလွန်နိုင်ဘူးလို့ ဒီလို ပွားများတာစသည် (၉)မျိုး ပါဝင်ပါတယ်။

အဲဒီမှာလဲ ဓာတ်လေးပါးပါပဲ။ အဲဒီမှာ "အရိုး"လို့ သီးခြားပြထားတာပါတယ်။ ဒါဟာ ဓာတ်လေးပါးထဲက ပထဝီဓာတ်၊ ပထဝီဓာတ် (၂၀)ထဲက တစ်မျိုးပဲ။

အဲဒီလို မြတ်စွာဘုရားက ကာယာနုပဿနာနဲ့ ပတ်သက်ပြီးတော့ (၁၄)မျိုး။ ဘုန်းကြီးတို့ အခုအားထုတ်နေကြတာက (၁)မျိုးပါ။ အဲဒီ (၁)မျိုးမှာ ပင်မရုပ် (၄)မျိုးထဲက ဝါယောရုပ် (၁)မျိုး။

အဲဒီ ဝါယောကို ပညတ်နယ်ပယ်က ထွက်လေ ဝင်လေပါပဲ၊ အဲဒီ ဝါယောက အမျိုးအစားနဲ့ပြောရင် (၆)မျိုးရှိတယ်။ အဲဒီ (၆)မျိုးထဲကမှ ထွက်လေ ဝင်လေ ဝါယောရုပ်ပဲ ရှုနေကြတာပါပဲ။

http://www.dhammadownload.com



ဘုန်းကြီးတို့ မုံရွာ သပြေပင်တောရ ဥပဇ္ဈာယ်ဆရာတော်ကြီး အထိမ်းအမှတ်ပွဲက ဒီနေ့ပါပဲ (၁၀၂)ကြိမ်မြောက်ပါပြီ။

ဆရာတော်ဘုရားကတော့ ပထဝီဓာတ် (၂၀)၊ အာပေါဓာတ် (၁၂)မျိုးနဲ့ ဖွဲ့စည်းထားတဲ့ (၃၂)ကောဋ္ဌာသ၊ စက်ဆုပ်ဖွယ်တွေ (၃၂) ကောဋ္ဌာသ၊ မြင်လွယ် ထင်လွယ်အောင်ဆိုပြီးတော့ ဘုန်းကြီးတို့ ရဟန်းဖြစ်ခါစက ဒုလ္လဘရဟန်းတွေအား ဟောကြားတာ ကြားဖူး မှတ်ဖူးတယ်။ တရားပေးတာ။

**အရိုးသုံးရာ တိုင်သဘော**

**"အရိုးသုံးရာ တိုင်သဘော"**။ ခန္ဓာကိုယ်မှာရှိတဲ့ အရိုး (၃၀၀)က တိုင်သဘော၊ တိုင်ကြီးလိုပဲ။

**"အကြောကိုးရာ ရစ်ပတ်"**။ အကြောတွေက ဒီအရိုးတွေကို ဟိုကချို ဒီကတုပ်နဲ့။

**"အသားကိုးရာ ကပ်မြှုပ်"**။ အသား (၉၀၀) ကပ်မြှုပ် လိုက်တဲ့အခါ တော်တော်လေး သဏ္ဌာန်ပေါ်ပြီးတော့ လာတယ်။

**အရေထူ အရေပါး အုပ်တဲ့**အခါကျတော့ လူရယ်လို့ ခေါ်ဖို့ ဖြစ်လာကြတာ။ အဲဒါကို ဆရာတော်ဘုရားကြီးက-

**"အရိုးသုံးရာ တိုင်သဘော၊ အကြောကိုးရာ ရစ်ပတ်**
**အသားကိုးရာကပ်မြှုပ်၊ အရေထူ အရေပါး**
**အုပ်ထားသည်ကို ငါသူတစ်ပါး ယောကျ်ားမိန်းမ ဆို၏။**
**အရိုး၊ အကြော၊ အသား၊ အသွေး၊ အရေမှတစ်ပါး**
**ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မရှိ"**

http://www.dhammadownload.com



ဆရာတော်ဘုရားက ပဋိကူလ ပစ္စကထာက ပထဝီဓာတ် (၂၀)၊ အာပေါဓာတ် (၁၂)မျိုး၊ အဲဒီထဲက ထုတ်ယူပြီး "အရိုးရယ်၊ အကြောရယ်၊ အသားရယ်၊ အသွေးရယ်၊ အရေရယ်" အဲဒီအစုတွေကို ယူပြီးတော့ တရားပေးတာ တွေ့ရတယ်။

တစ်ချို့ကျတော့ (၃၂)ကောဋ္ဌာသထဲက အရိုးစုတစ်ခုထဲ ရှုပွားတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိတယ်။

စောစောကပြောတဲ့ သေပြီးတော့ တစ်ရက်၊ သေပြီးတော့ နှစ်ရက်၊ တွေ့နေကြ ကြုံနေကြရတာပဲ။ ဒါတွေကြည့်ပြီးတော့လဲ -

ဧဝံ ဓမ္မော= ငါဒီလို ဖြစ်မှာပဲ။ ဧဝံ ဘာဝီ= ဒီသဘောအတိုင်း ဖြစ်မှာပဲ။ ဧဝံ အနတီတော= ဒီလိုသဘောကို မလွန်နိုင်။

မရဏာနုဿတိကမ္မဋ္ဌာန်းနဲ့ ခပ်ဆင်ဆင်လေးပါ၊ ကာယာ နုပဿနာသတိပဋ္ဌာန်ပါပဲ။ အဲဒီ မသာလောင်းတစ်ခုသည် ရဟန်းတော်နှစ်ပါးအတွက် အကျိုးများဖူးတယ်။

ရဟန်းတော်နှစ်ပါး ခရီးသွားကြတော့ ရဟန်းတော်တစ်ပါးက ခရီးလမ်းကဖဲထွက်ပြီး တောစပ်ထဲဝင်သွားတယ်။ မသာလောင်းတစ်ခု တွေ့တယ်။ ထိုင်ပြီး ကာယာနုပဿနာ ပွားများတယ်။ "**ဧဝံ ဓမ္မော၊ ဧဝံ ဘာဝီ၊ ဧဝံ အနတီတော**" ပွားများတော့ ပထမဈာန် ရသွားတယ်။

အတော်လေးကြာတော့ လမ်းမပေါ်ပြန်တက်လာပြီးတော့ မိတ်ဆွေရဟန်းကို ပြောတယ်။ "အရှင်ဘုရား ဒီလမ်းက ဒီလိုလေး သွားပြီးကြည့်စမ်းပါ"ဆိုတော့ ဟိုကျတော့ မသာလောင်းတစ်ခု တွေ့တယ်။

အဲဒီ မသာလောင်းကိုပဲ အသုဘရှု ကာယာနုပဿနာ သတိပဋ္ဌာန် ရှုပွားလိုက်တာ ဒုတိယရဟန်းလဲပဲ ပထမဈာန်ရတယ်။

http://www.dhammadownload.com



မသာလောင်းတစ်ခုသည် ရဟန်းတော်နှစ်ပါးတို့အား ချာန်ဆိုတဲ့အကျိုးအာနိသင် ရစေတယ်လို့ မိန့်ဆိုချက်စာ မှတ်တမ်းရှိတယ်။ "မသာတစ်ခေါက် ကျောင်းဆယ်ခေါက်" ဆိုစကားရှိတယ်။

အဲဒီတော့ ဒီမဟာသတိပဋ္ဌာန်တရားတော်ဟာ စောစောက ပြောသလိုပဲ။ နီဝရဏကရားတွေ ဖယ်ရှားချင်တယ်ဆိုရင်လဲ မဟာသတိပဋ္ဌာန် ကြိုးစား၊

ဒီထက်ပေါ်လွင်အောင် ပြောမယ်ဆိုရင် **"အဖိုးမတန်တဲ့ ကိလေသာ အခွာရခက်သည်"**။ အခိုးမထွက်တဲ့ လောဘ ဒေါသ မောဟ စတဲ့ ကိလေသာအခွာရခက်သည်။

အခိုးမထွက်ဘူးဆိုတာ မှန်တယ်။ ကိုယ့်မှာ လောဘတွေ များလွန်းလို့ သူများကို မျှယူပါဦးဆိုရင် ဘယ်သူမှယူမှာမဟုတ်ဘူး။ ဒေါသလဲ ဒီအတိုင်းပဲ။

မိမိသန္တာန်မှာရှိတဲ့ လောဘ ဒေါသတွေသည်ပင် အကျိုးယုတ်လှပြီကိုး။ သူတစ်ပါးစီက ဝယ်ဖို့ ချမ်းဖို့ဆိုတာ ဘယ်သူမှ မဝယ်ဘူး။ အလကားပေးမယ်ဆိုလဲ မလိုချင်ဘူး။ ဒါကြောင့် "အဖိုးမတန်တဲ့ ကိလေသာ အခွာရခက်သည်"တဲ့ ကိလေသာဆိုတဲ့ စကားက အသုံးတွင်ကျယ်ပါတယ်။ ဘာကြောင့် ကိလေသာခေါ်သလဲဆိုရင် **"စိတ္တံ ကိလေသေန္တိ ဝိဗာဓေန္တိ ဥပတာပေန္တီတိ ကိလေသာ"**တဲ့။

စိတ်ကို ညစ်နွမ်းလည်း ညစ်နွမ်းစေတတ်ပါတယ်။ နှိပ်စက်လည်း နှိပ်စက်တတ်ပါတယ်။ ပူပန်လည်း ပူပန်စေတတ်ပါတယ်။ ဒါကြောင့် "ကိလေသာ"လို့ ခေါ်ပါတယ်။

သတ္တဝါတို့၏ စိတ်သန္တာန်ကို ညစ်နွမ်းစေတတ်တဲ့ သဘောရှိတဲ့တရား၊ နှိပ်စက်တတ်တဲ့ သဘောရှိတဲ့တရား၊ ပူပန်စေတတ်တဲ့

http://www.dhammadownload.com



သဘောရှိတဲ့ တရားတို့ဟာ ကိလေသာမည်ကြပါတယ်။ ဒါကြောင့် (၄၅၅) ပရမတ္ထသံခိပ်၌ "ပူပန်ညစ်ကျူ နှိပ်စက်မှု ဆယ်ခုကိလေမှတ်" ဟူ၍ စပ်ဆိုတော်မူပါတယ်။

ကိလေသာရဲ့ သဘောကို တစ်နည်းပြောရရင် **"ကိလိဿန္တိ မလိနဘာဝံ နိဟီနဘာဝဉ္စ ဂစ္ဆန္တိ သတ္တာ ဧတေဟီတိ ကိလေသာ"**

သတ္တာ= သတ္တဝါတို့သည်၊ ဧတေဟိ= ဤတရားတို့ဖြင့်၊ ကိလိဿန္တိ= ညစ်နွမ်းကြကုန်၏။ ဧတေဟိ= ဤတရားတို့ဖြင့်၊ ကိလိဿန္တိ= ညစ်နွမ်းကြကုန်၏။ မလိနဘာဝဉ္စ= အညစ်အကြေး ထူထပ်သည်၏ အဖြစ်သို့လည်းကောင်း၊ နဟီနဘာဝဉ္စ= ယုတ်ညံ့၏ ဖြစ်သို့လည်းကောင်း၊ ဂစ္ဆန္တိ= ရောက်ကြကုန်၏။ ဣတိ တသ္မာ= ထိုသို့ ညစ်နွမ်းကြောင်းဖြစ်သော သတ္တိကြောင့်၊ ကိလေသာ= ကိလေသာ မည်ကုန်၏။ ဒီကိလေသာတရား လက်ကိုင်ထားကြသူတိုင်း ညစ်နွမ်းမယ်၊ အညစ်အကြေး ထူထပ်မယ်၊ ယုတ်ညံ့သေးသိမ် မွေးမှိန် အောက်ကျမယ်။ လောကသံသရာ တက်လမ်းမှာ အနှောက်အယှက် အဟန့် အတား ဖြစ်ကြရပါတယ်။ ကိလေသာ (၁၀)ပါးတို့အရ တရားကိုယ်ကလဲ (၁၀)ပါးပဲ။ လောဘကိလေသာ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ ကိလောသာတို့ ဖြစ်ပါတယ်။

**"မမြင်ရသော ကြိုးဆယ်စင်း ဖြေရှင်းရခက်သည်"**

မမြင်ရတဲ့ ကြိုးဆယ်စင်းဆိုတာ သံယောဇဉ်ပါ။ ဩရမ္ဘာဂိယ သံယောဇဉ်ငါးမျိုး ဥဒ္ဓဘာဂိယ သံယောဇဉ်ငါးမျိုး၊ ပေါင်းတော့ ဆယ်မျိုး။ ဒီမမြင်ရတဲ့ ကြိုးဆယ်စင်းဟာလဲ ဖြေရှင်းရခက်တယ်။

http://www.dhammadownload.com



**သံယောဇဉ် (၁၀)ပါး**

**ကာမရူပ အရူပ ရာဂပဋိဃံ။**

**မာန် ဒိဋ္ဌိ သီ ဝိ ဥဒ် ဝိဇ္ဇိ ဆယ်လီ သံယောဇန်။**

ဆိုတဲ့ ပရမတ္ထသံခိပ်အရ သုတ္တန်နည်း သံယောဇဉ် (၁၀)ပါးက ကာမရာဂ သံယောဇဉ်၊ ရူပရာဂသံယောဇဉ်၊ အရူပရာဂသံယောဇဉ်၊ ပဋိဃ သံယောဇဉ်၊ မာနသံယောဇဉ်၊ ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတပရာမာသ သံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ ဥဒ္ဓစ္စသံယောဇဉ်၊ အဝိဇ္ဇာ သံယောဇဉ် တို့ဖြစ်ပါတယ်။

အဘိဓမ္မနည်းအရ ပြောရသော် ဆိုခဲ့ပြီးတဲ့ (၁၀)ပါးထဲက ရူပရာဂ၊ အရူပရာဂ၊ ဥဒ္ဓစ္စ သံယောဇဉ် (၃)ပါးကို ဖယ်ထားပြီး ဘဝရာဂသံယောဇဉ်၊ ဣဿာသံယောဇဉ်၊ မစ္ဆရိယသံယောဇဉ်ကို ပြောင်းလဲထည့်ပါ။

**ရူ ရူ ဥဒ် ပစ် ဘဝတစ် ဣဿ်မစ် နည်းတစ်တန် အရ သိနိုင်ပါတယ်။**

**သံယောဇဉ်ဆိုတာ**

သံယောဇဉ်ဆိုတာ သံယောဇေန္တိ ဗန္ဓန္တိတိ သံယောဇနာနိ - တုပ်နှောင်ဖွဲ့ချည်တတ်လို့ သံယောဇဉ် မည်ပါတယ်။ သတ္တဝါတွေကို သံသရာဆိုတဲ့ နှောင်အိမ်ထောင်ကြီးမှာ နှောင်ဖွဲ့အပ်တဲ့ ဝတ္ထုတို့နဲ့ တုပ်၍ထားတဲ့ တရားတွေပါ။ နှောင်၍၊ ဖွဲ့၍၊ ချည်၍ ထားတတ်တဲ့ တရားတွေပါ။ လက်ထိပ်အမျိုးမျိုး၊ သံခြေကျင်းအမျိုးမျိုး၊ ထောင် အမျိုးမျိုး၊ နှောင်အိမ်အမျိုးမျိုး၊ နှောင်ကြိုးအမျိုးမျိုးတွေနဲ့တူတဲ့ တရား တွေကို သံယောဇဉ်လို့ ခေါ်တာပါ။

http://www.dhammadownload.com



ပရမတ္ထသံခိပ် (၄၅၃)မှာ-

ထိပ်ထောင်နှောင်ကြိုး အဖွဲ့မျိုး ဖွင့်ရိုးသံယောဇဉ်။

ကာမရာဂ တဏှာစတဲ့ တရားတို့ဟာ ဖွဲ့နှောင်တတ်တဲ့ အတွက်ကြောင့် သံယောဇဉ် မည်ပါတယ်။ ရူပါရုံစတဲ့ အာရုံအမျိုးမျိုး တို့ဟာ သံယောဇဉ်၏ နယ်ပယ်ဖြစ်သောကြောင့် သံယောဇနိယ မည်ကြပါတယ်။ သံကြိုးသံထိပ် စသည်တို့နဲ့ တုပ်နှောင်၍ထားတာက လျော့ရဲရဲ ရှိပါသေးတယ်။ သံယောဇဉ်ကြိုးတွေနဲ့ အတုပ်နှောင်ခံရသူ တွေဟာ မရှုသာ မရှိုက်သာ အလွန်ကြပ်တည်းကြပါတယ်။

သက်ရှိသက်မဲ့ ရွှေငွေရတနာ လယ်ယာမိုးမြေ ခြွေရွေ သားမယား စတဲ့ သံယောဇနိယချည်တိုင်မှာ သံယောဇဉ်တည်း ဟူသော ကြိုးနဲ့ တုပ်နှောင်ခံကြရတဲ့အတွက် သတ္တဝါအများကြီး သံသရာထောင်ကြီးထဲမှာ မလွဲသာ မထွက်သာ ကြပ်တည်း ကျဉ်းမြောင်းစွာ နေကြရပါတယ်။

**သံယောဇနိယ တမ္ဘမှိ သံယောဇနေဟိ ဗန္ဓိတာ၊**

**သတ္တာ ဒုက္ခာ နမုစ္စန္တိ၊ သံသာရဒ္ဒုယရေ သဒါ။**

**(ပရမတ္ထသံခိပ်ဋီကာ၊ ဒု-၂၉၁)**

သံယောဇနိယ ထမ္ဘမှိ= ရွှေငွေရတနာ လယ်ယာမိုးမြေ ခြွေရွေ သားမယားစသော သံယောဇနိယ တိုင်ကြီး၌၊ သံယောဇနေဟိ= သံယောဇဉ်ကြိုးတို့ဖြင့်၊ ဗန္ဓိတာ= ဖွဲ့နှောင်တုပ်ချည်အပ်ကုန်သော၊ သတ္တာ= သတ္တာဝါတို့သည်၊ သဒါ= အခါခပ်သိမ်း၊ သံသာရဒ္ဒုယရေ= သံသရာတည်းဟူသော နှောင်အိမ်ကြီး၌၊ ဒုက္ခာ= အမျိုးမျိုးသော ဆင်းရဲမှ၊ နမုစ္စန္တိ= မလွတ်မထွက်နိုင်ကြကုန်သတည်း။

သာဓု - သာဓု - သာဓု

http://www.dhammadownload.com



သုတ္တန်နည်း သံယောဇဉ် (၁၀)ပါးတွင် ကာမရာဂသံယောဇဉ်၊ ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတပရာမာသ သံယောဇဉ်၊ ဝိစိကိစ္ဆာ သံယောဇဉ်၊ ဗျာပါဒသံယောဇဉ် ငါးပါးတို့ဟာ အောက်မဂ်ဉာဏ် (၃)ပါးလျှင် အဖို့ရှိတဲ့အတွက်ကြောင့် ဩရမ္ဘာဂိယ အခေါဘာဂိယ မည်ကြပါတယ်။

ကာမဆိုတဲ့ အောက်ဘုံအဖို့ ရှိတဲ့အတွက်ကြောင့်လဲ ဩရမ္ဘာဂိယ အခေါဘာဂိယ အမည်ရကြပါတယ်။

ရူပရာဂသံယောဇဉ်၊ အရူပရာဂသံယောဇဉ်၊ မာနသံယောဇဉ်၊ ဥဒ္ဓစ္စသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ် ငါးပါးတို့ကတော့ အရဟတ္တ မဂ်ဉာဏ်ဆိုတဲ့ အထက်အဖို့ရှိတာရယ်၊ ရူပဘုံ အရူပဘုံဆိုတဲ့ အထက်အဖို့ ရှိတာရယ်ကြောင့် ဥဒ္ဓံဘာဂိယ သံယောဇဉ် မည်ကြပါတယ်။

သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ-၄၇၆ ဩရံ ဝုစ္စတိ ကာမဓာတု၊ တတ္ထ ဥပ္ပတ္တိ နိပ္ဖါဒနတော တံ ဩရံ ဘဇန္တီတိ ဩရမ္ဘာဂိယာနိ၊ အရ ကာမဓာတ်ကို ဩရခေါ်ပါတယ်။ ကာမဓာတ်၌ ဖြစ်မှုကို ပြီးစေတတ်သောကြောင့် ထိုကာမဓာတ်သို့ ကပ်ရောက်တတ် သော သံယောဇဉ်တို့သည် ဩရမ္ဘာဂိယ မည်ကြပါတယ်။

ဥဒ္ဓံ ရစ္စတိ ရူပါ ရူပဓာတု၊ တတ္ထ ဥပ္ပတ္တိ နိပ္ဖါဒနတော တံ ဥဒ္ဓံ ဘဇန္တီတိ ဥဒ္ဓံ ဘာဂိယာနိ- ဟူသော ဖွင့်ဆိုချက် ဝစနတ္ထအရ ရူပဓာတ် အရူပဓာတ်ကို "ဥဒ္ဓံ"ဟု ခေါ်ဆိုရပါတယ်။ ထိုဓာတ်နှစ်ပါး၌ ဖြစ်မှုကို ပြီးစေတတ်သောကြောင့် အဲဒီ ရူပဓာတ်၊ အရူပဓာတ်သို့ ကပ်ရောက် တတ်သော သံယောဇဉ်တို့သည် ဥဒ္ဓံ ဘာဂိယ မည်ကြပါတယ်။

http://www.dhammadownload.com



တစ်နည်းအားဖြင့် အဇ္ဈတ္တအမည်ရ ကာမဘုံ၌ နှောင်ဖွဲ့တဲ့ သံယောဇဉ်သည် အဇ္ဈတ္တသံယောဇဉ် မည်ပါတယ်။ မဟိဒ္ဓအမည်ရ ရူပ အရူပဘုံ၌ နှောင်ဖွဲ့တတ်တဲ့ သံယောဇဉ်သည် ဗဟိဒ္ဓ သံယောဇဉ် မည်ကြပါတယ်။

နဝသံယောဇနာ မတာ ဆိုတဲ့အတိုင်း သုတ္တန်နည်း အဘိဓမ္မာနည်း (၂)ပါးပေါင်းပြီး တရားကိုယ် (၉)ပါး ရှိပါတယ်။ ကိုးပါးက လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, အဝိဇ္ဇာ တို့ဖြစ်ပါတယ်။

စောစောက အဖိုးမထိုက်တဲ့ ကိလေသာ၊ အခွာရခက်ပေမယ့် ခွာနည်းတော့ ရှိတယ်။ မဟာသတိပဋ္ဌာန်လေးပါးပဲ ပွားများကြ။

မမြင်ရသော ကြိုးဆယ်စင်း အဖြေရှင်းရခက်သည် ဆိုရာမှာလဲ ခက်ခဲတဲ့ကြိုးကို ဖြေရှင်းချင်တဲ့အခါကျတော့ မဟာသတိပဋ္ဌာန်ပဲ ပွားရမှာပါ။

**"အခိုးမထွက်သော ရာဂမီးတောက် ငြိမ်းရခက်သည်"**

ရာဂမီးတောက် အခိုးမထွက်တော့ ငြိမ်းဖျောက်ရခက်တယ်။ ရာဂနှင့်ပတ်သက်၍ နတ္ထိရာဂ သမောအဂ္ဂိရာဂနဲ့ တူတဲ့ မီးမရှိပါဟု ဟောတော်မူပါတယ်။ အခိုးမထွက်တဲ့ ရာဂမီးတောက်ကို ငြိမ်းချင်ရင်လဲ မဟာသတိပဋ္ဌာန် လေးပါးပဲ ရှုပွားပါ။

**"မဝေးသောနိဗ္ဗာန်ခရီး အသွားရခက်သည်"**

နိဗ္ဗာန်ဟာ ဝေးတော့မဝေးဘူး။

"နိဗ္ဗာန်ရွှေပြည် ဤမှသည် မည်မျှတာပေါင်း ဝေးသနည်း"

နိဗ္ဗာန်ဘယ်လောက် ဝေးသနည်း။ တာပေါင်းဘယ်လောက်၊ မိုင်ပေါင်းဘယ်လောက် ဝေးသနည်းဆိုတော့ မဝေးပါဘူး။

http://www.dhammadownload.com



ဒီကိုယ်ကာယထဲမှာပဲ နိဗ္ဗာန်ရှာရမှာပါပဲ။

**"တရားပျောက် ကိုယ်မှာရှာ၊ တရားရှာ ကိုယ်မှာတွေ့"**

ဆိုတဲ့အတိုင်း မဟာသတိပဋ္ဌာန်ကိုပဲ ရှုပွားရမှာပါပဲ။

နီဝရဏတရားတွေကို ဖယ်ရှားဖို့လဲ မဟာသတိပဋ္ဌာန်ပါပဲ။ အဖိုးမထိုက်တဲ့ ကိလေသာခွာချင်ရင်လဲ မဟာသတိပဋ္ဌာန်ပဲပွား။ မမြင်ရတဲ့ ကြိုးဆယ်စင်း ဖြေရှင်းချင်ရင်လဲ မဟာသတိပဋ္ဌာန်ပဲပွား။ အခိုးမထွက်တဲ့ရာဂ မီးတောက်ငြိမ်းချင်ရင်လဲ မဟာသတိပဋ္ဌာန်ပဲပွား။

မဝေးသောနိဗ္ဗာန်ခရီး အသွားရခက်တယ်ဆိုသော်လဲ သွားချင်ရင်တော့ မဟာသတိပဋ္ဌာန်နဲ့ပဲ သွားပါ။

အဲဒီတော့ မနေ့ကစကားအဆက် ပြန်ကြည့်မယ်ဆိုရင် နီဝရဏတရားတွေ ဖယ်ရှားဖို့ရာ မဟာသတိပဋ္ဌာန်ပဲ ကျင့်ပါ။ အားထုတ်ပါ ဆိုတော့-

ဒီနေ့ ဝိစိကိစ္ဆာနီဝရဏ၊ ဝိစိကိစ္ဆာနီဝရဏက မျက်စိလယ် လမ်းမှားပြီး တောထဲ တောင်ထဲ သွားနေတဲ့ လူတစ်ယောက်လိုပဲ။ မျက်စိလယ် ပျောက်မှ ဝိပဿနာဘက် ကူးနိုင်တယ်။

ဝိစိကိစ္ဆာဆိုတာ ယုံမှားမှု၊

**"ဝိစိကိစ္ဆာ ယုံမှားစွာကား၊**

**ကန္တာမြိုင်ကြော ခိုးသူတော၌"**

မျက်စိလယ် လမ်းမှားနေတဲ့ ပုဂ္ဂိုလ်တစ်ယောက် အသွားခက်တဲ့ ကန္တာရရှိုးခဲ သူခိုးဓါးပြတွေ ပေါတဲ့နေရာ။

"သို့လော သို့လော ကြံတွေးမောလျှက် သဘောရှိတိုင်း မဆိုင်းမငံ့ မသွားဝံ့သို့"

http://www.dhammadownload.com



ဟုတ်သလား၊ မဟုတ်လား၊ သူခိုးတွေနဲ့ပဲ တွေ့မလား ဆိုပြီးတော့ သဘောရှိတိုင်း မသွားရဲဘူး။

**"သဒ္ဓါယဲ့ယဲ့ မတဲ့စိတ်မှာ တွန့်တိုတာကြောင့် ကြီးစွာဒုက္ခ တွေ့ကြုံရ၏ "**

သဒ္ဓါတရားကလဲ ယဲ့ယဲ့ပဲ။ ဘုရားနဲ့ပတ်သက်လို့ တရားနဲ့ ပတ်သက်လို့ သံဃာနဲ့ပတ်သက်လို့ ဇဝေဇဝါ ဖြစ်နေတာ။

ကန္တာရတောမြိုင်ထဲမှာ သူခိုးတွေကလဲပေါ၊ ဓားပြတွေကလဲ ပေါ၊ မဆုံးဖြတ်နိုင်ဘူး။ လမ်းမှန်သလား၊ မမှန်ဘူးလား။ ချွတ်ချွတ်သံ ကြားတိုင်း ကြောက်လန့်ပြီးတော့ ဇဝေဇဝါနဲ့ သွားရတော့ စိတ်တွေက ဆင်းရဲပြီး လမ်းမတွင် ခရီးမရောက်သလိုပဲ။

ရတနာသုံးပါး မိမိတို့အားထုတ်နေတဲ့ တရားအပေါ်မှာ ဇဝေဇဝါ ယုံမှားသံသယဖြစ်နေတယ်ဆိုရင် သူခိုးတွေပေါတဲ့ ကန္တာရ နယ်တစ်ကြောမှာ သို့လော သို့လော ကြံတွေးမောပြီးတော့ သွားနေ ရတဲ့လူလို ဖြစ်ပါလိမ့်မယ်။

ဒါကြောင့် ဝိစိကိစ္ဆာနီဝရဏပျောက်အောင် ဘာလုပ်ရမလဲ။ မဟာသတိပဋ္ဌာန်ကိုပဲ ပွားများအားထုတ်ပါ။

အခုယောဂီတွေ ယုံမှားမှုပျောက်အောင် အားထုတ်နေကြ တာပါပဲ။ နောက်တစ်ခုက အဝိဇ္ဇာနီဝရဏ၊

**"မိုက်မဲစွာလှ မှောင်ကြီးကျ မောဟ အဝိဇ္ဇာ"။**

မိုက်မဲတယ်၊ မှောင်ကျတယ်၊ ဘာမှမသိဘူး။ သစ္စာလေးပါး တရားနဲ့ ပတ်သက်လို့ မသိတာ အဝိဇ္ဇာ။

အဲဒီအဝိဇ္ဇာက တောင်ကြီးကာဆီးနေသလိုပဲ။ ရုပ်တရား နာမ်တရားတို့ကို မြင်ဖို့အရေး တောင်ကြီးကာဆီးနေသလိုပဲ။

http://www.dhammadownload.com



"မောဟအဝိဇ္ဇာ တောင်နှယ်ကာလျှက်"

အားလုံး (၆)မျိုး။ တောင်ကြီးလို ကာဆီးနေတဲ့ အဝိဇ္ဇာကို ဖြိုဖျက်နိုင်အောင် ဘာလုပ်ရမလဲဆိုရင် မဟာသတိပဋ္ဌာန်ကိုပဲ အားထုတ်ပါ။

"မောဟအဝိဇ္ဇာ တောင်နှယ်ကာလျှက် ပမာတသီး ခြောက်တန်ဆီးသား ကင်းကြီးအလား ပိတ်ဆို့ထားသို့"

ဟိုနိုင်ငံ၊ သည်နိုင်ငံ မကူးနိုင်အောင် ကင်းချထားတယ်။ ကင်းမှာ သာမန်ကင်းမဟုတ်ဘူး။ ရှေးတုန်းက ဂျာမနီနိုင်ငံ အရှေ့အနောက် ကာထားတဲ့ ဘာလင်တံတိုင်းကြီးလိုပေါ့။ တံတိုင်းဖြိုနိုင်မှ ဟိုဘက်ရောက်မှာကိုး။

အဲဒီတော့ အရှေ့ဂျာမနီက ဆင်းရဲတယ်။ အနောက်ဂျာမနီက ချမ်းသာတယ်။ အရှေ့ကလူတွေက အနောက်သွားချင်တယ်။ အနောက်က သိပ်ချမ်းသာတာကိုး။

ဘုန်းကြီးတို့ ဆိုဗီယက်ကို သာသနာရေးနဲ့ပတ်သက်ပြီး သွားတဲ့အခါ အဲဒီအချိန်အခါမှာပဲ ပြောပါတော့။ တံတိုင်းဖြိုတယ်။ ဖြိုပြီး အရှေ့အနောက် ပေါင်းစည်းဂျာမဏီလုပ်ကြတယ်။

အဲဒီလို အဲဒီတံတိုင်းကြီးကို ဖြိုနိုင်တော့ အရှေ့ဂျာမနီက ဝမ်းသာကြတယ်။ ဝိပဿနာတရားမြင်နိုင်ဖို့ ရုပ်တရား၊ နာမ်တရားတွေ မြင်နိုင်ဖို့ ဉာဏ်အဆင့်ဆင့် ရရှိနိုင်ဖို့ရာက ကင်းကြီးတွေ တံတိုင်းကြီးတွေ ပိတ်ကာထားသလို အပိတ်အဆို့ နီဝရဏတရားတွေက ပိတ်ဆို့ထားတဲ့အတွက်-

"ပမာတသီး ခြောက်တန့်ဆီးသား ကင်းကြီးအလား ပိတ်ဆို့ထားသို့ လေးပါးကုသိုလ် မပေါက်လိုပဲ"

http://www.dhammadownload.com



လေးပါးကုသိုလ်- ကာမကုသိုလ်၊ ရူပကုသိုလ်၊ အရူပကုသိုလ်၊ မဂ်ကုသိုလ်၊ အဲဒီကုသိုလ် (၄)မျိုးကို မပေါက်လိုတော့ဘူး။

**"လေးပါးကုသိုလ် မပေါက်လိုပဲ မဂ်ဖိုလ်နတ်ရွာ မရောက်သာသည် ဝေးစွတစေစေနှင့်သာ တမုံ့"**

မဂ်ဖိုလ်နိဗ္ဗာန် မရောက်နိုင်ဘူး။ ဒီနီဝရဏတရားကြီး (၆)မျိုး ကာဆီးထားမယ်။ ကင်းကြီးလို ပိတ်ဆို့ထားမယ်၊ တံတိုင်းကြီးလို ခတ်ထားမယ်ဆိုရင် ဟိုဘက်ကုသိုလ်ဘက် ကူးဖို့ခက်တယ်။

ဒါကြောင့် နီဝရဏတွေ ပပျောက်ဖို့ အဓိကအားဖြင့် ကာမစ္ဆန္ဒ လို့ခေါ်သလို ကာမရာဂါနုသယ၊ ကာမရာဂသံယောဇဉ်။

သမထကမ္မဋ္ဌာန်းဟာ နီဝရဏတရားတွေကို ငြိမ်းစေတတ် တယ်ဆိုရာမှာ နီဝရဏတင်မဟုတ်ဘူး။ ကာမရာဂါနုသယ စသည် ကိုလဲ ငြိမ်းစေနိုင်တယ်။

ကာမရာဂ သံယောဇဉ် အစရှိတဲ့ သံယောဇဉ်တွေကိုလဲ ဖြတ်တောက်နိုင်တယ်။

ဒါကြောင့် နီဝရဏ (၆)မျိုး သူ့ဥပမာနဲ့သူ၊ နီဝရဏ (၅)မျိုး ကျတော့လဲ ဥပမာ (၅)မျိုးပေါ့။

နီဝရဏ (၅)မျိုး၊ (၆)မျိုးနဲ့ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ ကုက္ကုစ္စ (၂)စုံကို တစ်ခုစီခွဲလိုက်ရင် နီဝရဏ (၈)မျိုး။

အဲဒီ နီဝရဏ တရားဆိုး တရားပျက်တွေကို ဖြိုဖျက်နိုင်တဲ့ မဟာသတိပဋ္ဌာန်တရား။ ဒါကြောင့် -

**"ဝိစိကိစ္ဆာ ယုံမှားစွာကား ကန္တာမြိုင်ကြော ခိုးသူတော၌ သို့လောသို့လော ကြံတွေးတောလျှက် သဘောရှိတိုင်း မဆိုင်းမငံ့ မသွားဝံ့သို့ ရှုံ့ရှုံ့ရှာရှာ သဒ္ဓါယဲ့ယဲ့ မတည့်စိတ်မှာ တွန့်တိုတာ**

http://www.dhammadownload.com



ကြောင့် ကြီးစွာဒုက္ခ တွေ့ကြုံရ၏။ မောဟအဝိဇ္ဇာ တောင်နှယ် ကာလျှက် ပမာတသီး ခြောက်တန်ဆီးသား ကင်းကြီးအလား ပိတ်ဆို့ထားသို့ လေးပါးကုသိုလ် မရောက်လိုပဲ မဂ်ဖိုလ်နတ်ရွာ မရောက်သာသည် ဝေးစွတစေစေနှင့်သာ . . တစ်မှ့"

ဒီနေ့ည ဝိစိကိစ္ဆာနီဝရဏ၊ အဝိဇ္ဇာနီဝရဏ၊ နီဝရဏတွေနဲ့ ပတ်သက်တဲ့အကြောင်းအရာများ နီဝရဏ (၅)မျိုး၊ (၆)မျိုး၊ (၈)မျိုးလုံး ဖွင့်ပွဲနေ့ကစပြီး ဟောလာခဲ့တာ။ နီဝရဏနဲ့ပတ်သက်ပြီး ထိုက်တန် သလောက်တော့ ပြည့်စုံပြီ။

မြတ်စွာဘုရားက ပိုပြီးပြည့်စုံအောင် ရွှေရဲ့အညစ်အကြေး (၅)မျိုး ရှိသလို၊ စိတ်ရဲ့အညစ်အကြေး (၅)မျိုး ရှိတယ်လို့ ဥပက္ကိလေ သုတ္တန်ကို ဟောကြားခဲ့တယ်။

သင်္ဂါရဝပုဏ္ဏားကြီးအားလဲ နီဝရဏနဲ့ပတ်သက်ပြီး ရေခွက်ထဲက ရေစသည် ဥပမာတစ်နည်း ပြောင်းခါ ဟောကြားတော် မူတယ်။

အဘယမင်းသားအားလဲ နီဝရဏငါးမျိုး၊ ဒီဥပမာငါးမျိုးနဲ့ပဲ ဟောတော်မူတယ်။ အဇာတသတ်မင်းအား ဟောတော့ ဥပမာ တစ်နည်းနဲ့ ဟောပါတယ်။

နီဝရဏနဲ့ ပတ်သက်ပြီးဟောတာ ဥပမာတွေများပါတယ်။ နောက်ရက်တွေမှာ မြတ်စွာဘုရားက နတ်လူ ဗြဟ္မာ သတ္တဝါတွေ သိအောင် မြင်အောင်ဆိုပြီးတော့ နီဝရဏကိုပဲ နည်းမျိုးစုံနဲ့ အခု အားထုတ်ဆဲ သမထတရားက နီဝရဏတရားတွေကို ငြိမ်းစေနိုင် တယ်။ အပိတ်အဆို့ဖြစ်တဲ့ အကုသိုလ်တရားတွေကို ငြိမ်းစေနိုင်တယ်။

http://www.dhammadownload.com



အဲဒီ နိဗ္ဗာန်ကို နည်းမျိုးစုံနဲ့ဟောပုံ ယောဂီသူတော်စင်များ အားပေးတဲ့အနေဖြင့် မိမိတို့အားထုတ်နေတဲ့ သမထကမ္မဋ္ဌာန်းသည် မည်မျှအထိ သတ္တိရှိတယ်ဆိုတာကို သိစေချင်လို့ ဘုန်းကြီး ညစဉ် ဟောနေတာပါပဲ။ ဒီနေ့တော့ ဒါနဲ့ပဲ တရားနိဂုံးချုပ်ကြဦးစို့။

သာဓု - သာဓု - သာဓု

❊❊❊❊❊

http://www.dhammadownload.com



ယနေ့ သာသနာတော်နှစ် ၂၅၅၀ ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၄)ရက်နေ့။

(၁၀၃)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်စခန်း ကြိုးပမ်းလာကြတဲ့ ယောဂီများ သမာဓိအရှိန်ကောင်းလာကြပါပြီ။

မဟာသတိပဋ္ဌာန် ဟောကြားတဲ့အခါမှာ မြတ်စွာဘုရားက **"ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ၊ သတ္တာနံ ဝိသုဒ္ဓိယာ၊ သောကပရိဒေဝါနံ သမတိက္ကမာယ၊ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ၊ ဉာယဿ အဓိဂမာယ၊ နိဗ္ဗာနဿ သစ္ဆိကရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ"**လို့ ဟောကြားခဲ့တဲ့အတိုင်း ရည်ရွယ်ချက် (၇)မျိုးနဲ့ မဟာသတိပဋ္ဌာန်ကို ဟောကြားခဲ့တယ်။

အဲဒီ ရည်ရွယ်ချက် (၇)မျိုးထဲမှာ **"သတ္တာနံ ဝိသုဒ္ဓိယာ"** သတ္တဝါတို့ စင်ကြယ်ခြင်းငှာလို့ ရည်ရွယ်ချက်တစ်မျိုး ပါဝင်ပါတယ်။

သတ္တဝါတို့ စင်ကြယ်ခြင်းငှာဆိုတဲ့ နေရာမှာ ရုပ်စင်ကြယ်တာကို ဆိုလိုတာလား။ စိတ်စင်ကြယ်တာကို ဆိုလိုတာလား ဆိုတော့ စိတ်ဝင်ကြယ်တာကို ဆိုလိုပါတယ်။

မဟာသတိပဋ္ဌာန် အားထုတ်ရင် စိတ်စင်ကြယ်နိုင်ပါတယ်။

**ရူပေနသံကိလိဋ္ဌေန၊ သံကိလိဿန္တိ မာဏဝါ။**

**ရူပေသုဒ္ဓေ ဝိသုဇ္ဈန္တိ၊ အနက္ခာတံ မဟေသိနာ။**

ရုပ်ညစ်နွမ်းရင် သတ္တဝါတွေဟာ ညစ်နွမ်းတယ်။ ရုပ်စင်ကြယ်ရင် သတ္တဝါတွေ စင်ကြယ်တယ်လို့ မြတ်စွာဘုရား မဟောပါဘူးတဲ့။

**စိတ္တေနသံကိလိဋ္ဌေန၊ သံကိလိဿန္တိ မာဏဝါ။**

**စိတ္တေသုဒ္ဓေ ဝိသုဇ္ဈန္တိ၊ ဣတိဝုတ္တံ မဟေသိနာ။**

http://www.dhammadownload.com



စိတ်ညစ်နွမ်းရင် သတ္တဝါတွေ ညစ်နွမ်းပါတယ်။ စိတ်စင်ကြယ်ရင် သတ္တဝါတွေ စင်ကြယ်ပါတယ်လို့ ဒီလိုဟောကြားတော်မူပါတယ်။

**"သတ္တာနံ ဝိသုဒ္ဓိယာ"**။

သတ္တာနံ= သတ္တဝါတို့၏၊ ဝိသုဒ္ဓိယာ= စိတ်စင်ကြယ်ခြင်းငှာ၊ မဟာသတိပဋ္ဌာန်တရား အားထုတ်မယ်ဆိုရင် ဒီအကျိုးတွေ ရတယ်။ ဒီရည်ရွယ်ချက်တွေနဲ့ ဟောကြားတော်မူပါတယ်။

**"စိတ္တသဝေါဒါနံသတိပဋ္ဌာနရဟိတံ နာမ နတ္ထိ"**

စိတ္တသဝေါဒါနံ= စိတ်၏စင်ကြယ်ခြင်းသည်၊ သတိပဋ္ဌာနရဟိတံနာမ= သတိပဋ္ဌာန်နဲ့ ကင်းသည်မည်သည်၊ နတ္ထိ= မရှိ။

ဩော် စိတ်စင်ကြယ်ခြင်းဟာ သတိပဋ္ဌာန်နဲ့ ကင်း၍မဖြစ်ပဲကိုး။

## စိတ်အညစ်အကြေး

စိတ်အညစ်အကြေးတွေက ဘယ်လောက်ရှိသလဲ။ နီဝရဏ (၅)ခု။

**ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ထိနမိဒ္ဓနီဝရဏ၊ ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ၊ ဝိစိကိစ္ဆာနီဝရဏ။**

အဲဒီ နီဝရဏ (၅)မျိုးဟာ စိတ်ရဲ့အညစ်အကြေးတွေပါပဲ။ မြတ်စွာဘုရားက ရွှေရဲ့အညစ်အကြေး (၅)မျိုးရှိတယ်။

**သံ၊ ကြေး၊ သလွဲဖြူ၊ ခဲပုပ်၊ ငွေ**

ဒီ (၅)မျိုးကတော့ ရွှေရဲ့အညစ်အကြေးတွေပဲ။

http://www.dhammadownload.com



ဥပက္ကိလေသသုတ္တန်မှာ မြတ်စွာဘုရားက ရွှေရဲ့အညစ်အကြေး (၅)မျိုးရှိတယ်တဲ့။ ဒီသံကြေး စသည်တို့ကတော့ ရွှေရဲ့အညစ်အကြေးတွေပဲ။

ဒီအညစ်အကြေးတွေရှိရင် ရွှေဟာ **"နစေဝ မုဒုဟောတိ"**= မနူးညံ့တော့ဘူး။ **"နစကမ္မနိယံ"**= လက်ကောက်စသည် တစ်စုံတစ်ခု လုပ်ကိုင်ဖို့ မလွယ်ဘူးတဲ့။ **"နစပဘဿရံ"**= အရောင်မထွက်နိုင်ဘူး။ အညစ်အကြေးရှိရင် ပျက်စီးလွယ်တယ်။ လက်ကောက်, နားဋ္ဌောင်းတို့ လုပ်ဖို့ရာ အဆင်မပြေဘူးတဲ့။ အညစ်အကြေးရှိနေတာကိုး။

အညစ်အကြေးရှိတဲ့ ရွှေဟာ နူးညံ့မှုမရှိ စသည်ဖြင့် အပြစ်တွေ ရှိသလိုပဲ။ စိတ်ရဲ့ အညစ်အကြေး (၅)မျိုးက စောစောကပြောတဲ့ နီဝရဏတွေ၊ စိတ်ရဲ့အညစ်အကြေးတွေကို ကမ္မဋ္ဌာန်းယူခါစက စပြီးတော့ သုတ်သင်နေကြတာပါပဲ။

စိတ်ရဲ့အညစ်အကြေး ကင်းပြီဆိုရင်တော့ အာသဝက္ခယဉာဏ်လိုချင်သလား။ အာသဝက္ခယဉာဏ် ရနိုင်တယ်။

ဣဒ္ဓိဝိဓဉာဏ် တစ်ယောက်က တစ်ထောင် ဖန်ဆင်းနိုင်တယ်။ ရေပြင်ကို မြေပြင်၊ မြေပြင်ကို ရေပြင်စတဲ့ အမျိုးမျိုးကို ဖန်ဆင်းနိုင်တယ်။

စေတောပရိယဉာဏ်= သူတစ်ပါးစိတ်ကို သိနိုင်တယ်။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ရှေးက နေဖူးဘဝအဆက်ဆက်ကို သိနိုင်တဲ့ဉာဏ်။

ဒိဗ္ဗစက္ခုဉာဏ် နတ်မျက်စိလို မြင်နိုင်တဲ့ ဉာဏ်မျိုး၊ စိတ်အညစ်အကြေးကင်းမှ ရနိုင်တယ်။ ဒါကြောင့် ကောင်းသောအသိ၊ မှန်သောအသိ၊ မှန်သော အမြင် ရရှိဖို့ အညစ်အကြေးတွေ သန့်စင်မှ ကောင်းတဲ့အသိ၊ ကောင်းတဲ့ဉာဏ်တွေ ရနိုင်တယ်။

http://www.dhammadownload.com



**ထောက်ပံ့မှု (၅)မျိုး**

ကောင်းသောအမြင် ရရှိဖို့ကလဲ ထောက်ပံ့မှု ငါးမျိုးနဲ့ ထောက်ပံ့မှ သီလစတဲ့ အချက်အလက်တွေနဲ့ ထောက်ပံ့ပေးမှ သမ္မာဒိဋ္ဌိဆိုတဲ့ ဉာဏ်အမြင်ဟာလဲ စိတ်ရဲ့ အညစ်အကြေး ကိလေသာတွေမှ လွတ်ကင်းစေတယ်။

ပညာဖြင့် ကိလေသာတို့မှ လွတ်ကင်းစေတယ်၊ အကျိုးဆက်တွေရရှိနိုင်တယ်။

မိမိတို့ရဲ့ ကောင်းသောအသိ၊ ကောင်းသောအမြင်၊ ကောင်းသောအယူဟာ -

- သီလာနုဂ္ဂဟိတောနစ= သီလနဲ့ထောက်ပံ့ခြင်း၊
- သုတာနုဂ္ဂဟိတောနစ= အကြားအမြင်နဲ့ ထောက်ပံ့ခြင်း၊
- သာကစ္ဆာနုဂ္ဂဟိတောနစ= ဆွေးနွေးတိုင်ပင်ခြင်းကလဲ အထောက်အပံ့ပေးနိုင်တယ်။
- သမထာနုဂ္ဂဟိတောနစ= သမထကလဲ အထောက်အပံ့ ပေးနိုင်တယ်။
- ဝိပဿနာနုဂ္ဂဟိတောနစ= ဝိပဿနာဖြင့်ထောက်ပံ့ခြင်း ပြုနိုင်ပါက

နက်ဖန်ကျရင် ဝိပဿနာရောက်ပါတော့မယ်။ အဲဒီ ထောက်ပံ့ခြင်း (၅)မျိုးနဲ့ ထောက်ပံ့လိုက်လို့ရှိရင် သမ္မာဒိဋ္ဌိ= ကောင်းသောအသိ၊ ကောင်းသောအမြင်၊ ကောင်းသောအယူကို ရရှိစေနိုင်တယ်။

အဲဒီထောက်ပံ့ခြင်း (၅)မျိုးနဲ့ ထောက်ပံ့လို့ရလာတဲ့ သမ္မာဒိဋ္ဌိဟာ စေတောဝိမုတ္တိဖလာစ၊ စေတောဝိမုတ္တိအာနိသံသာစ= စိတ်၏ ကိလေသာတို့မှ လွတ်ကင်းစေတဲ့ အကျိုးအာနိသင် ရှိတယ်။

http://www.dhammadownload.com



ပညာဝိမုတ္တိဖလာစ= အသိဉာဏ်ပညာဖြင့် ကိလေသာတို့မှ လွတ်ကင်းစေတဲ့ အကျိုးရှိတယ်။ ပညာဝိမုတ္တိအာနိသံသာစ= ပညာဖြင့် လွတ်ကင်းစေတဲ့ အကျိုးအာနိသင် ရစေနိုင်တယ်။

အခု လယ်တီဝိပဿနာ (၇)ရက် တရားစခန်း အားထုတ်နေကြတဲ့အခါမှာ မိမိတို့ရဲ့အသိ မိမိတို့ရဲ့ဉာဏ်အမြင်ကို ထောက်ပံ့ကူညီနိုင်တဲ့ သီလ၊ သုတ၊ သာကစ္ဆာ၊ သမထ၊ ဝိပဿနာ ဒီ (၅)မျိုးနဲ့ ဒီအသိဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ထိအောင်သွားမှာပါပဲ။ ဒါကြောင့်-

**ကရောန္တေဝံ သဒ္ဓဟန္တိ၊ ယေသန္တာ သန္တသာသနံ။**

**နိဗ္ဗိန္ဒန္တိ ဘဝဂတေ၊ နိဗ္ဗိန္ဒန္တာ ဝိရဇ္ဇရေ။**

ယေသန္တာ= သူမြတ်ဖြစ်ရန် ရုပ်နှင့်နာမ်ဝယ် ဓာတ်ခံကိန်းအောင်း အကြင်သူတော်ကောင်းတို့သည်၊ သန္တသာသနံ= အေးအေးမြမြ ဟောညွှန်ပြသည့် ဗုဒ္ဓဟောဖော် သာသနာတော်ကြီးကို၊ သဒ္ဒဟန္တိ= ကြောင်းကျိုးနှစ်တန် ခွဲဝေဖန်၍ အမှန်ကိုပင် လက်ခံသိမ်းပိုက်ကြကုန်၏။

တေသန္တာ= သူမြတ်ဖြစ်ရန် ရုပ်နှင့်နာမ်ဝယ် ဓာတ်ခံကိန်းအောင်း ထိုသူတော်ကောင်းတို့သည်၊ ဘဝဂတေ= ဘဝသံသရာ ဖန်ခါခါဝယ် ခန္ဓာနှင့်စပ် အရပ်ရပ်၌၊ ဝါ= ဘဝသံသရာ ဖန်ခါခါဝယ် ရုပ်နာမ်နှင့်စပ် အရပ်ရပ်၌၊ နိဗ္ဗန္ဒန္တိ= အမြင်ရသဖြင့် ငြီးငွေ့ကြလေကုန်၏။ တေသန္တာ= ထိုသူတော်ကောင်းတို့သည်၊ နိဗ္ဗိန္ဒန္တာ= ငြီးငွေ့ကြကုန်သည်ဖြစ်၍၊ ဝိရဇ္ဇရေ= တပ်မက်ခင်မင် လိုချင်မှု မရှိကြသဖြင့် ထွက်မြောက်နိုင်ကြလေကုန်သတည်း။

သာဓု - သာဓု - သာဓု

*****

http://www.dhammadownload.com



ယနေ့ သာသနာနှစ် ၂၅၅၀ ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခု၊ ပြာသိုလပြည့်ကျော် (၅)ရက်နေ့။

သမ္မာဒိဋ္ဌိ ကောင်းမြတ်တဲ့ အသိဉာဏ်အယူဟာ မဂ်သမာဓိ ဖိုလ်သမာဓိ၊ တစ်နည်းအားဖြင့် ဖိုလ်ဉာဏ် အကျိုးအာနိသင် ရှိတယ်လို့ ဟောပါတယ်။

**"စေတောဝိမုတ္တိဖလာစ၊ စေတောဝိမုတ္တိ အာနိသံသာစ"**။

သီလက ချီးမြှောက်ထားတဲ့ မှန်ကန်တဲ့အမြင်၊ သုတက ထောက်ပံ့ထားတဲ့ မှန်ကန်တဲ့အမြင်၊ သာကစ္ဆာ၊ ဆွေးနွေးတိုင်ပင်ခြင်းဖြင့် ထောက်ပံ့ထားတဲ့ မှန်ကန်တဲ့အမြင်၊ သမထနဲ့ ချီးမြှောက်ထားတဲ့ မှန်ကန်တဲ့အမြင်၊ ဝိပဿနာနဲ့ ချီးမြှောက်ထားတဲ့ မှန်ကန်တဲ့အမြင်ဟာ စေတောဝိမုတ္တိဖလာစ၊ စေတောဝိမုတ္တိအာနိသံသာစ။

စေတောဝိမုတ္တိဆိုတာ စိတ်၏ကိလေသာတို့မှ လွတ်မြောက်ခြင်း၊ မဂ်သမာဓိ ဖိုလ်သမာဓိ အကျိုးအာနိသင် ရှိနိုင်တယ်။

ပညာဝိမုတ္တိဖလာစ၊ ပညာဝိမုတ္တိအာနိသံသာစ၊ ပညာဖြင့် ကိလေသာတို့မှ လွတ်ကင်းခြင်းဆိုတဲ့ ဖိုလ်ဉာဏ်ဆိုတဲ့ အကျိုး အာနိသင် ရရှိစေတယ်။

သမ္မာဒိဋ္ဌိဒေသနာတော်မှာ ဟောကြားတော်မူတယ်။ ဒီဒေသနာတော်နဲ့ ပတ်သက်ပြီး ထင်ရှားအောင် အဋ္ဌကထာဆရာကြီး တွေက ဆက်ပြီးတော့ ဖွင့်ကြတယ်။

**သရက်ချိုပင်**

ဘယ်လိုဖွင့်သလဲဆိုတော့ သီလ၊ သုတ၊ သာကစ္ဆာ၊ သမထ၊ ဝိပဿနာ (၅)မျိုးနဲ့ ချီးမြှောက်အပ်တဲ့ မှန်ကန်တဲ့အမြင်၊ မှန်ကန်တဲ့

http://www.dhammadownload.com



အယူဟာ မဂ်သမာဓိ ဖိုလ်သမာဓိ မဂ်ဉာဏ် ဖိုလ်ဉာဏ် အကျိုး အာနိသင် ရှိတယ်လို့ ဆိုတာနဲ့ ပတ်သက်ပြီးတော့ ထင်ရှားအောင် သရက်ချိုပင် စိုက်တဲ့ဥပမာကို ပြတော်မူကြတယ်။

အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတစ်ယောက် သရက်ချိုပင် စိုက်သလိုပဲတဲ့။

အခု ဝိပဿနာစခန်း ကူးပြီး နာမရူပ ပရိစ္ဆေဒဉာဏ်က စပြီးတော့ အားထုတ်ကြတယ်။ သရက်ချိုပင် စိုက်သလိုပါပဲ။

ဝိပဿနာဆိုတာ ထူးထူးခြားခြား မြင်မှုပါပဲ။ သူမြင်ကိုယ်မြင် သူသိကိုယ်သိ ကမ္ဘာသိကို ကျော်ပြီးတော့ ထူးခြားတဲ့ ဉာဏ်အမြင်။

ဒီဉာဏ်အမြင်ဟာ မြတ်စွာဘုရား ပွင့်လာမှ၊ မြတ်စွာဘုရား ဟောကြားလို့ သိလာရပါတယ်။

ဒီဉာဏ်အမြင်ဟာ ရုပ်တရား နာမ်တရားတို့ကို ကြည့်ရတဲ့ အမြင်၊ ဉာဏ်အမြင်၊ ရုပ်တရား နာမ်တရားတို့နဲ့ ပတ်သက်ပြီး အထူးသဖြင့် နာမ်တရားနဲ့ ပတ်သက်ပြီး မိလိန္ဒမင်းကြီးက အရှင် နာဂသိန်အား လျှောက်တယ်။

"အရှင်ဘုရား မြတ်စွာဘုရား ခဲယဉ်းစွာသိအပ်တဲ့ တရားများ ရှိပါသလားဘုရား"လို့ လျှောက်တော့-

အရှင်နာဂသိန်က "ရှိတယ်"တဲ့။

"ဘာပါလဲဘုရား"

"အာရုံကလဲ တစ်ခုထဲ၊ အဲဒီ အာရုံတစ်ခုထဲမှာ ဖြစ်ပေါ်နေတဲ့ စိတ်၊ ဖြစ်ပေါ်နေတဲ့ စေတသိက်၊ ဖြစ်ပေါ်နေတဲ့ တရားစုတွေ၊ အဲဒီ တရားစုတွေကမှ ထုတ်နှုတ်ပြီးတော့ ဤတရားက ဖဿ၊ ဤတရားက ဝေဒနာ၊ ဤတရားက သညာ၊ ဤတရားက စေတနာ၊ ဤတရားက

http://www.dhammadownload.com



စိတ်လို့ အဲဒီလို ခွဲခြားစိတ်ဖြာပြီး တစ်ခုချင်း တစ်ခုချင်း ထုတ်နှုတ်ပြီးတော့ ဟောတော်မူရတာ။ မြတ်စွာဘုရား ခက်ခဲတဲ့အမှုကို ပြုတော်မူတာပါပဲ။

"ဥပမာပေးတော်မူပါဘုရား" ဆိုတော့

"ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ မဟီ၊ သရဘူ မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာက ပင်လယ်သမုဒ္ဒရာထဲ စီးဆင်းတဲ့ရေတွေဟာ ရောပြီးသွားတယ်။

အမျိုးသားတစ်ယောက်က အဲဒီပင်လယ်သမုဒ္ဒရာထဲက ရေကို ကော်ခတ်ပြီး ဒီရေက ဂင်္ဂါရေ၊ ဒီရေက ယမုနာရေ၊ ဒီရေက အစိရဝတီရေ၊ ဒီရေက မဟီရေ၊ ဒီရေက သရဘူရေလို့ အဲဒီလိုခွဲခြားပြီး ပြရတာထက် အဆပေါင်းများစွာ ခက်တယ်လို့ အရှင်နာဂသိန်က မိန့်တဲ့အခါ-

မိလိန္ဒမင်းကြီးက "ရှင်းပါပြီဘုရား"တဲ့။

ရုပ်ကမ္မဋ္ဌာန်း၊ နာမ်ကမ္မဋ္ဌာန်း တွေထဲမှာ အထူးသဖြင့် နာမ်ကမ္မဋ္ဌာန်းဟာ အလွန်နူးညံ့ပါတယ်။

အဲဒီတော့ ထွက်လေဝင်လေ ရှုပွားခဲ့ကြတော့ ရုပ်အနေနဲ့ ပြောမယ်ဆိုရင် ကာယပသာဒရယ်၊ ပထဝီ, တေဇော, ဝါယောဆိုတဲ့ ဖောဋ္ဌဗ္ဗာရုံ။

အဲဒီ ဖောဋ္ဌဗ္ဗာရုံထဲက အထူးသဖြင့် ဝါယောရုပ်၊ အဲဒီအထဲမှာ ပထဝီလဲပါတယ်၊ တေဇောလဲပါတယ်။

ကာယပသာဒနဲ့ ဖောဋ္ဌဗ္ဗာရုံ ထိကြလို့ထိသိ၊ ထိတာက ရုပ်ရဲ့ အလုပ်၊ သိတာက နာမ်ရဲ့အလုပ်ပါပဲ။

http://www.dhammadownload.com



အဲဒီတော့ ထိလို့သိပြီ။ သိတဲ့နေရာမှာ ဘယ်တရားတွေ ပါသလဲ။ ဖဿလဲပါတယ်၊ ဝေဒနာလဲ ပါတယ်၊ သညာလဲ ပါတယ်၊ စေတနာလဲ ပါတယ်၊ စိတ်လဲ ပါတယ်။

ယောဂီတို့အနေနဲ့ တစ်ခုချင်း တစ်ခုချင်း ခွဲခြမ်းစိတ်ဖြာပြီးသိမှ ဝိပဿနာဖြစ်ရောတဲ့လား ဆိုတော့ အဲဒီလိုတော့ မဟုတ်ဘူး။

ထိတယ် ရုပ်ရဲ့အလုပ်၊ သိတယ် နာမ်ရဲ့အလုပ်။

ထိတယ် ရုပ်ရဲ့အလုပ်၊ သိတယ် ကာယဝိညာဉ် စိတ်ရဲ့ အလုပ်ပါပဲ။ ငါ့အလုပ်၊ သူ့အလုပ် မဟုတ်။

အဲဒီလို အသေးစိတ်ကလေးတွေ ဆက်ပြီးတော့ အသေး မစိတ်တော့ပဲ ထိသိစိတ် ထိတာကိုသိတဲ့ ကာယဝိညာဉ်စိတ်။

အဲဒီစိတ်ရဲ့ ဖြစ်တာကိုလဲ သိတယ်။ ပျက်တာကိုလဲ သိတယ်။ မမြဲတာကိုလဲ သိတယ်။ ဆင်းရဲတာကိုလဲ သိတယ်။ မပိုင်စိုးတာလဲ သိတယ်။ အဲဒီလို သိနိုင်ရင် ဝိပဿနာဖြစ်ပါတယ်လို့ ကျေးဇူးတော် ရှင် လယ်တီဆရာတော်ဘုရားကြီးက အဲဒီလို မှာတော်မူတယ်။

အခု ဝိပဿနာ အားထုတ်နေတာ ဝိပဿနာသမ္မာဒိဋ္ဌိပေါ့။ ဝိပဿနာနဲ့ ချီးမြှောက်အပ်တဲ့ မှန်ကန်တဲ့အမြင်၊ ဒါသရက်ချိုပင် စိုက်သလိုပဲ။ ဒီအမြင်ကို ရရှိအောင် အားထုတ်ကြတယ်။

သရက်ချိုပင် စည်းရိုးကာထားမှ မကာထားရင် ရေရှည် တည်တံ့ဖို့ မလွယ်ဘူး။

အဲဒီ စည်းရိုးကာသလိုပဲ၊ သီလေနအနုဂ္ဂဟဏာ သီလနဲ့ ချီးမြှောက်တာဟာလဲ ဝိပဿနာ သမ္မာဒိဋ္ဌိကို စည်းရိုးကာတာပဲ။

နောက်ရေလောင်းပေးရတယ်။ အသင်အကြား အမြင် များမှုနဲ့ ချီးမြှောက်ခြင်းဟာ ရေလောင်းတာပါပဲ။ (သုတေန အနုဂ္ဂဟဏာ)

http://www.dhammadownload.com



တရားဓမ္မတွေကို ဆွေးနွေးခြင်းဟာ ပေါင်းသင်မြေတောင်မြှောက်ပေးတာပါ။ မြေတောင်မြှောက်ပေးသလိုပဲ။ (ဓမ္မသာကစ္ဆာ)

ပိုးတွေ နီဝရဏ စတာ ဖယ်သလိုပဲတဲ့။ ချာန်ရဲ့ဆန့်ကျင်ဘက်၊ ဝိပဿနာရဲ့ ဆန့်ကျင်ဘက်တွေကို ဖယ်ဖို့ သမထကမ္မဋ္ဌာန်း အားထုတ်ခဲ့ကြတယ်။ ဒါဟာ ပိုးဖယ်တာပါပဲ။

လေးရက်ခွဲထိအောင် သမထကမ္မဋ္ဌာန်း အားထုတ်နေတာဟာ သမထရဲ့ဆန့်ကျင်ဘက် ဝိပဿနာရဲ့ဆန့်ကျင်ဘက် ပိုးတွေဖယ်ခဲ့တာပါပဲ။ (သမထာနုဂ္ဂဟ)

ဝိပဿနာတရားကို အားထုတ်နေကြပြီဆိုတော့ ဝိပဿနာဉာဏ်ဟာ တဖြည်းဖြည်း ရင့်ကျက်ပြီး လာပါလိမ့်မယ်။

ရင့်ကျက်လာတဲ့ ဝိပဿနာဟာ ဗလဝဝိပဿနာပါပဲ။ ပိုးအိမ်ကြီးတစ်ခုလုံး ဖယ်လိုက်သလိုပဲတဲ့။ ဗလဝဝိပဿနာ အားကြီးတဲ့ ဝိပဿနာ။ (ဝိပဿနာနုဂ္ဂဟ)

အဲဒီလို အပင်စိုက်မယ်၊ စည်းရိုးကာမယ်၊ ပေါင်းသင်မယ်၊ ရေလောင်းမယ်၊ ပိုးအိမ်တွေ ဖယ်လိုက်မယ်။

ဝိပဿနာဉာဏ် သမ္မာဒိဋ္ဌိကို သီလနဲ့ချိုးမြှောက်၊ သီလနဲ့ စည်းရိုးကာ၊ သုတ အသင်အကြား အမြင်များမှုနဲ့ ရေလောင်း၊ ဆွေးနွေးမှု (သာကစ္ဆာ)ဖြင့် အမြစ်ကိုရှင်း ပေါင်းသင်ပေး၊ သမထနဲ့ ချာန်၊ ဝိပဿနာတို့ရဲ့ရန်ကို ဖယ်ပေးပြီးတော့ အားကြီးတဲ့ (ဗလဝ ဝိပဿနာ)နဲ့ ပိုးအိမ်ကို အပြတ်ရှင်းပြီးတော့ မဂ်သမာဓိ၊ ဖိုလ်သမာဓိ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရရှိနိုင်ပါတယ်။

မနေ့က စကားပြန်ဆက်ကြမယ်။ သမ္မာဒိဋ္ဌိက-

http://www.dhammadownload.com



၁။ **ကမ္မဿကတာ သမ္မာဒိဋ္ဌိ**

မိကောင်းဖခင်တို့ရဲ့ စကားကို နားထောင်လိုက်နာကြပြီးတော့ ဒီကမ္မဿကတာ သမ္မာဒိဋ္ဌိက ရရှိခဲ့ကြတယ်။

၂။ **ဒသဝတ္ထုက သမ္မာဒိဋ္ဌိ**

ဆယ်ပါးသောအကြောင်းတို့ကို အခြေခံပြီးတော့ မှန်ကန်တဲ့ အမြင်၊ ဒီအမြင်ကိုလဲ ထိုက်တန်သလောက်တော့ ရရှိခဲ့ကြပြီ။

၃။ **ဝိပဿနာ သမ္မာဒိဋ္ဌိ**- ဝိပဿနာဉာဏ်အမြင် ဒီအမြင်ရအောင် အားထုတ်နေကြတာ။

၄။ **မဂ္ဂသမ္မာဒိဋ္ဌိ**- မဂ်ဉာဏ်အမြင်

၅။ **ဖလသမ္မာဒိဋ္ဌိ**- ဖိုလ်ဉာဏ်အမြင်

အခု ဝိပဿနာသမ္မာဒိဋ္ဌိကတော့ တရားအားထုတ်ပြီး ယူကြရမှာပါပဲ။ ဒီသမ္မာဒိဋ္ဌိရရှိဖို့ရာ အဲဒီလို ကြိုးစားနေတဲ့အခါ အရှင်အာနန္ဒာ ကိုယ်တော်မြတ်က ကောသမ္ဗီပြည် ဃောသိကာရုံ ကျောင်းမှာ သီတင်းသုံးတော်မူတယ်။

**အမြတ်ဆုံး**

အဲဒီအချိန်မှာ ရောက်လာတဲ့ အရှင်မြတ်က အရှင်ဘဒ္ဒဇိ၊ ရောက်လာတော့ အရှင်အာနန္ဒာကပဲ စပြီးစကားပြောပါတယ်။

**"ကိံနုခေါ အာဝုသော ဘဒ္ဒဇိ ဒဿနာနံ အဂ္ဂံ"**

အာဝုသော ဘဒ္ဒဇိ= ငါ့ရှင် ဘဒ္ဒဇိ၊ ဒဿနာနံ= မြင်မှုတို့တွင်၊ ကိံနုခေါအဂ္ဂံ= ဘယ်ဟာအမြတ်ဆုံးပါလဲ။

ငါ့ရှင် ဘဒ္ဒဇိ မြင်တာတွေ အများကြီးရှိတာပဲ။ မြင်တာတွေ အများကြီးထဲက ဘယ်အမြင်ဟာ အမြတ်ဆုံးလဲ ငါ့ရှင်။

http://www.dhammadownload.com



## "ကိန္နရီ ဒေဝီ အာဂုသော ဘဒ္ဒဇိ သဝနာနံ အဂ္ဂံ"

ငါ့ရှင် ဘဒ္ဒဇိ ကြားတာတွေ အများကြီးထဲက ဘယ်လို ကြားရတာ အမြတ်ဆုံးလဲ ငါ့ရှင်။

ငါ့ရှင် ဘဒ္ဒဇိ ချမ်းသာတွေအများကြီးထဲက ဘယ်ချမ်းသာဟာ အမြတ်ဆုံးလဲ ငါ့ရှင်။

ငါ့ရှင် ဘဒ္ဒဇိ အမှတ်သညာတွေ အများကြီးရှိတာထဲက ဘယ်အမှတ် သညာဟာ အမြတ်ဆုံးလဲ ငါ့ရှင်။

ငါ့ရှင် ဘဒ္ဒဇိ ဘဝတွေအများကြီးထဲက ဘယ်ဘဝဟာ အမြတ်ဆုံးလဲ ငါ့ရှင်။ အဲဒီလိုမေးတဲ့အခါ အရှင်ဘဒ္ဒဇိက ပြန်ဖြေတယ်။

၁။ တပည့်တော်တို့ဘုရား ဗြဟ္မာလောကမှာ အစိုးတရ အကြီးအကဲ သူ့အလိုဆန္ဒအတိုင်း အခြားဗြဟ္မာတွေက ဆောင်ရွက်ရတဲ့ အကြီးဆုံးဗြဟ္မာကြီးကို မြင်ရတာ "ဒဿနဂ္ဂ" အမြတ်ဆုံးအမြင်ပါ ဘုရား။

၂။ အာဘဿရာဗြဟ္မာဘုံမှာ အာဘဿရာဗြဟ္မာကြီးတွေ ရှိတယ်။ အဲဒီ ဗြဟ္မာတွေဟာ အင်မတန်ချမ်းသာကြတယ်။ တစ်ခါ တစ်လေကျတော့ "အဟောသုခံ၊ အဟောသုခံ- ဩော် ချမ်းသာလေစွ၊ ချမ်းသာလေစွ"လို့ ဥဒါန်းကျူးကြတယ်။ ဩော် ချမ်းသာလေစွ၊ ချမ်းသာလေစွလို့ ဥဒါန်းကျူးတဲ့အသံကို ကြားရတာဟာ အမြတ်ဆုံး ပါဘုရား။

၃။ သုဘကိဏှာဗြဟ္မာကြီးတွေ ရှိပါတယ်။ အဲဒီ သုဘကိဏှာ ဗြဟ္မာကြီးတွေက "သန္တံယေဝ= ထင်ရှားရှိသည်သာလျှင် ဖြစ်သော၊ သုခံ= ချမ်းသာကို၊ မုဒိတာ= ဝမ်းမြောက်ကြပါကုန်သည်ဖြစ်၍၊ ပဋိဝေဒေန္တိ= ခံစားကြပါကုန်၏။"

http://www.dhammadownload.com



အဲဒီလို သုဘကိဏှာဗြဟ္မာကြီးတွေ ရှိတယ်။ အဲဒီ သုဘကိဏှာ ဗြဟ္မာကြီးတွေရဲ့ ချမ်းသာဟာ အမြတ်ဆုံးပါပဲဘုရား။

၄။ အာကိဉ္စညာယတနဗြဟ္မာဘုံမှာ ရောက်နေတဲ့ဗြဟ္မာကြီးတွေ ရှိတယ်ဘုရား။ အဲဒီ ဘုံမှာရောက်နေတဲ့ ဗြဟ္မာကြီးတွေဟာ "အနန္တော အာကာသော" ကောင်းကင်ကြီးသည် အပိုင်းအခြားမရှိ၊ ဤသို့ ပွားများနေကြတဲ့ အာကိဉ္စညာယတနဗြဟ္မာကြီးတွေရဲ့ အမှတ်သညာဟာ အမြတ်ဆုံးပါပဲဘုရား။

၅။ နေဝသညာနာသညာ ဗြဟ္မာကြီးတွေ ရှိတယ်။ အဲဒီ ဗြဟ္မာကြီးတွေမှာ ရုန့်ရင်းကြမ်းတမ်းတဲ့ အမှတ်သညာ မရှိဘူး။ နူးညံ့တဲ့ အမှတ်သညာတော့ ရှိတယ်။ အဲဒီ နေဝသညာနာသညာ ဗြဟ္မာကြီး တွေရဲ့ဘဝဟာ အမြတ်ဆုံး "ဘဝဂ္ဂ" ဘဝအမြတ်ဆုံးပါဘုရား။

အဲဒီတော့ အရှင်အာနန္ဒာကိုယ်တော်မြတ်က ဘာမိန့်သလဲ ဆိုတော့ "ငါ့ရှင်ပြောသွားတဲ့ အမြတ်ဆုံးအမြင်၊ အမြတ်ဆုံးအကြား၊ အမြတ်ဆုံးသညာ၊ အမြတ်ဆုံးချမ်းသာ၊ အမြတ်ဆုံးဘဝ ပြောသွားတာ အများသဘောနဲ့ ကိုက်ညီပါ့မလား ငါ့ရှင်"လို့ မိန့်လိုက်တဲ့ အခါမှာ အရှင်ဘဒ္ဒဇိက "အရှင်ဘုရား အာနန္ဒာ အရှင်မြတ်က ဘုရား သာသနာတော်မှာ အသင်အကြား အမြင်များပါတယ်ဘုရား။ တေဒဂ် ငါးတန် ဂုဏ်ပေါင်းရံထားပါတယ်ဘုရား။ အရှင်ဘုရားပဲ အဖြေပေး တော်မူပါဘုရား"လို့ အရှင်ဘဒ္ဒဇိက လျှောက်ထားလိုက်တော့၊

အရှင်အာနန္ဒာက **"ယထာ ပဿတော အနန္တရာ အာသဝါနံ ခယော ဟောတိ"**

မြင်မှုတစ်ခု ရှိတယ်။ အဲဒီ မြင်ခြင်းရဲ့ အခြားမဲ့မှာ အာသဝေါ တရားတွေ ကုန်သွားတယ်။ အဲဒီအမြင်ဟာ အမြတ်ဆုံးပဲတဲ့။

http://www.dhammadownload.com



တရားတစ်ပုဒ်ကို ရှုကြည့်တယ်။ ယောဂီသူတော်စင်များ ဝါယောဓာတ်ကို ရှုကြည့်တယ်။ အဲဒီ ဝါယောဓာတ်ရဲ့သဘောကို ဝိပဿနာဉာဏ်နဲ့ ရှုကြည့်လိုက်လို့ မြင်တယ်။ မြင်တဲ့အခြားမဲ့မှာ အားလုံးတောင့်တနေကြတဲ့ အာသဝေါကင်းတဲ့ ဉာဏ်ထူးဉာဏ်မြတ်ကြီး ရရှိမယ်ဆိုရင် အဲဒါ အမြတ်ဆုံးအမြင်ပဲ။

တရားအားထုတ်တာထဲက ရုပ်ကိုမြင်ပြီးတော့၊ နာမ်ကို မြင်ပြီးတော့ အဲဒီလိုမြင်တဲ့ အခြားမဲ့မှာ အာသဝက္ခယဉာဏ် ရတယ်ဆိုရင် အဲဒီအမြင်ဟာ အမြတ်ဆုံးအမြင်ပါပဲ။

တစ်နည်းအားဖြင့် စက္ခုအကြည်နဲ့ အဆင်းရူပါရုံ တိုက်ဆိုင်သွားလို့ မြင်သိစိတ်လေး ဖြစ်ပေါ်တယ်။ ရူပါရုံကိုဖြစ်စေ၊ စက္ခုပသာဒကိုဖြစ်စေ၊ မြင်သိစိတ်ကိုဖြစ်စေ ရှုမြင်တယ်။ အဲဒီရဲ့အခြားမဲ့မှာ အာသဝက္ခယဉာဏ် ရသွားရင် အဲဒီအမြင်ဟာ အမြတ်ဆုံးပါပဲ။

အကြားကျတော့လဲ တရားတစ်ပုဒ်ကို ကြားနာပြီးတော့ အာသဝက္ခယဉာဏ်ရပြီး အာသဝေါတရားတွေ ကုန်ခမ်းတယ်။ ဘုရားလက်ထက်က ဥဂ္ဃဋိတညူပုဂ္ဂိုလ်တွေ ရှိနေတာကိုး။ အဲဒီလို နာကြားရပြီး အာသဝေါကုန်ခမ်းရင် အဲဒီကြားနာမှုဟာ အမြတ်ဆုံးကြားနာမှုပါပဲ။ ပဉ္စဝဂ္ဂီရဟန်းတော်တို့၏ အနတ္တလက္ခဏာသုတ္တံကို နာကြားမှုဟာ အမြတ်ဆုံးနာကြားမှုပါပဲ။

တစ်နည်းအားဖြင့် အသံကိုကြားလို့ အသံသဒ္ဒါရုံ၊ သောတာပသာဒနဲ့ ထိလို့ ကြားသိစိတ်လေး ဖြစ်တယ်။ အဲဒီ ကြားသိစိတ်ကို ဝိပဿနာရှုပြီး အာသဝက္ခယဉာဏ်ရရင် ဒါလဲ အမြတ်ဆုံးအကြားပါပဲ။

ချမ်းသာတစ်ခု၊ မဂ်ဉာဏ်နဲ့ယှဉ်တဲ့ချမ်းသာ၊ အဲဒီ ချမ်းသာရဲ့ အဆုံးမှာ အာသဝက္ခယဉာဏ်ရရင် အဲဒါ အမြတ်ဆုံးချမ်းသာပါပဲ။

http://www.dhammadownload.com



အရဟတ္တမဂ်ဉာဏ် ရပြီဆိုရင် အမြတ်ဆုံးချမ်းသာပါပဲ။

အမှတ်သညာအများကြီး ရှိတာထဲက မဂ္ဂသညာ၊ မဂ်ဟူသော အမှတ်သညာ အဲဒီအမှတ်သညာရဲ့ အဆုံးမှာ အာသဝေါတရားတွေ ကုန်သွားရင် အဲဒါအမြင့်ဆုံး အမြတ်ဆုံးအမှတ်သညာပါပဲ။

**"ယထာဘူတဿ ဘဝဿ အနန္တရာ အာသဝါနံ ခယော ဟောတိ"**

ဘဝတစ်ခု ဖြစ်တယ်။ အယျမိတ္တမထေရ်လိုပေါ့။ အယျမိတ္တမထေရ်ဟာ အစောစောက ဒိဗ္ဗသောတအဘိညာဉ် ရပါတယ်။

ဆွမ်းအမ သားအမိ အမေဖြစ်သူက သမီးကို မှာနေတယ်။ "ဆွမ်းခံကိုယ်တော်လေး ကြွလာရင် ဆန်က ဘယ်နားမှာထားတယ်။ သကာက ဘယ်နားမှာထားတယ်။ ရိုရိုသေသေ ဆွမ်းလောင်းလိုက်"၊ "အမေပြန်တော့ ဘာစားမလဲ"လို့ သမီးကမေးတော့ "ငါပြန်တော့ ထမင်းကြမ်းခဲလေးပဲ စားမယ်"။

အဲဒီအသံကို အရှင်အယျမိတ္တက သက်နီးရုံရင်းနဲ့ ကြားတယ်။ ဒိဗ္ဗသောတအဘိညာဉ်နဲ့ ကြားတယ်။ အဲဒီတော့ ကိလေသာတွေ ရှိနေရက်နဲ့ ဒီဆွမ်းတော့ မစားထိုက်ဘူးဆိုပြီး တရားအားထုတ်၊ လိုဏ်ဂူထဲမှာ ဆက်ပြီး တရားအား ထုတ်တော့ အာသဝေါတရားတွေ ကုန်သွားတယ်။ ဒီအရှင်မြတ် နောက်ဆုံးတရား မြင့်တဲ့ဘဝဟာ အမြတ်ဆုံး ပါပဲ။ အဲဒီတော့မှ လိုဏ်ဂူဝမှာနေတဲ့ ရုက္ခစိုးနတ်က-

**နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။**

**ယဿ တေ အာသဝါ ခီဏာ၊ ဒေဝ ဇာနာဟိ မာရိသ။**

ယဿ= အကြင်အရှင်ဘုရားအား၊ အာသဝါ= အာသဝေါ တရားတို့သည်၊ ခီဏာ= ကုန်ပါပြီ။ ပုရိသာဇည= ယောကျ်ားအာဇာ

http://www.dhammadownload.com



နည် ဖြစ်တော်မူသော အရှင်ဘုရား၊ တေ= အရှင်ဘုရားအား၊ နမော= ရှိခိုးပါ၏။ ပုရိသုတ္တမ= ယောကျ်ားမြတ် ဖြစ်တော်မူသော အရှင်ဘုရား၊ တေ= အရှင်ဘုရားအား၊ နမော= ရှိခိုးပါ၏။ မာရိသ= အရှင်မြတ်ဘုရား၊ ဇဝံ= ဤသို့၊ ဇာနာဟိ= သိတော်မူပါလော့။

အာသဝေါတရားမကုန်ပဲနဲ့ ဒီဆွမ်းတော့ မစားတော်ဘူးဆိုပြီး ကြိုးစားတော့ အာသဝေါတရား ကုန်ပြီး သဘောကျပြုံးတော်မူနေတဲ့ မထေရ်ကို ရုက္ခစိုးက လျှောက်ထားတယ်။ အမြတ်ဆုံးဘဝပါပဲ။

အာသဝေါတရား ကုန်တယ်ဆိုတာ လွယ်လွယ်နဲ့မကုန်ဘူး။ ဘာကြောင့်လဲဆိုတော့ အာသဝဆိုတာ ကြာမြင့်စွာထုံထားတဲ့ အရက်နဲ့တူတယ်။ ဘုံအားဖြင့် ဘဝဂ်၊ ဓမ္မအားဖြင့် ဂေါတြဘူတိုင် အောင် အနှောက်အယှက်ပေးနိုင်တာကိုး။

ယောဂီသူတော်စင်များရဲ့ အာသဝေါတွေဟာ ဝိပဿနာ ဉာဏ်အဆင့်ဆင့်က နေပြီးတော့ မဂ်ဉာဏ်ရှေ့က ဂေါတြဘူဉာဏ် ထိအောင် လိုက်တယ်။ ဒါကြောင့် အာသဝေါကုန်တယ်ဆိုတာ သာမန်နဲ့ကုန်နိုင်တာ မဟုတ်ဘူး။ ဝိပဿနာဉာဏ် အဆင့်ဆင့်နဲ့တက်မှ ကုန်တာပါပဲ။ ဒါအရှင်အာနန္ဒာရဲ့ ဆွေးနွေးချက်ပါ။ အရှင်ဘဒ္ဒဇိက သဘောကျတယ်။ အဲဒါကြောင့် -

အမြတ်ဆုံးအမြင်၊ အမြတ်ဆုံးအကြား၊ အမြတ်ဆုံးချမ်းသာ၊ အမြတ်ဆုံးသညာ၊ အမြတ်ဆုံးဘဝ ရရှိကြရအောင် အာသဝက္ခယ ဉာဏ်ရဖို့ ကြိုးစားအားထုတ်ကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါ သတည်း။

သာဓု - သာဓု - သာဓု

✻✻✻✻✻

http://www.dhammadownload.com



ယနေ့ သာသနာတော်နှစ် ၂၅၅၀ ပြည့်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခု၊ ပြာသိုလပြည့်ကျော် (၆)ရက်နေ့။

ကျောင်းဒကာ အနာထပိဏ်နဲ့နောက်ပါ ဥပါသကာ (၅၀၀) တို့အား "ငါတို့ သံဃာတော်အရှင်မြတ်တို့အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့ကူညီ သာသနာပြုနေရလို့ အားရကျေနပ်မနေကြနဲ့။ ပစ္စည်းလေးပါးဒကာ ဖြစ်နေရုံနဲ့ မကျေနပ်ကြပါနဲ့"။

အဲဒီလို မိန့်ပြီးတော့ နိဗ္ဗာနကင်းရှင်းလို့ ရရှိတဲ့ ဝမ်းမြောက်မှု ပဝိဝေကပီတိကို ရရှိဖို့ရာ တစ်နေ့နေ့ တစ်ချိန်ချိန်တော့ ရအောင် ကြိုးစားမယ်လို့ မြတ်စွာဘုရား ဩဝါဒပေးလို့ ကျောင်းဒကာ အနာထပိဏ်လဲ သောတာပန်အဆင့် ရောက်ရှိပါတယ်။

နောက်ဆုံးအခြေအနေမှာ အနာထပိဏ် ကျောင်းဒကာကြီး ဝေဒနာအသည်းအသန်ဖြစ်နေတဲ့ အခါကျတော့ အလုပ်အကျွေး တစ်ယောက်ကို စေလွှတ်လိုက်တယ်။

မြတ်စွာဘုရားစီ သွားလျှောက်ပါ။ "ကျောင်းဒကာကြီး အနာထပိဏ် ဝေဒနာအသည်းအသန် ဖြစ်နေပါတယ်။ ကျောင်းဒကာကြီးက မြတ်စွာဘုရားရဲ့ ခြေတော်အစုံကို ဦးခိုက်ပါတယ်ဘုရား" လို့ အလျှောက်ခိုင်းလိုက်တယ်။

နောက်အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးစီလဲ သွားဦး၊ "ကျောင်းဒကာ အနာထပိဏ် ဝေဒနာအသည်းအသန် ခံစားနေရပါတယ်။ ပြင်းစွာခံစားနေရပါတယ်၊ အရှင်ဘုရား ကြွရောက်စေချင်ပါတယ်"လို့ လျှောက်ပါလို့ မှာလိုက်တဲ့အတိုင်း လျှောက်ထားတယ်။

http://www.dhammadownload.com



အရှင်သာရိပုတ္တရာက အရှင်အာနန္ဒမထေရ်မြတ်ကို ခေါ်ပြီး ကြွတယ်။

အရှင်သာရိပုတ္တရာက ဒီသူဌေးကြီးဟာ ဒီအနာရောဂါ ပျောက်ကင်းမှာမဟုတ်တော့ဘူး။ ဒီဝေဒနာက သေမှအဆုံးသတ်မဲ့ ဝေဒနာပဲ။ အခြားစကားတွေပြောနေလဲ အကျိုးရှိမှာမဟုတ်ဘူး ဆိုပြီးတော့ အရှင်သာရိပုတ္တရာ အဂ္ဂသာဝကမထေရ်မြတ်ကြီးက တရားစကားတွေချည်း ဟောတော့တာပါပဲ။ ဟောတဲ့အခါ အမျိုး အစားအားဖြင့် (၉)မျိုး။

၁။ ဒွါရ (၆)ပါး

**စက္ခုဒွါရ သောတ ဃာန ဇိဝှါ ကာယ မနောဒွါရ။**

အဲဒီ ဒွါရ (၆)ပါးနဲ့ ပတ်သက်ပြီးတော့ တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲ၊ မစွဲပါနဲ့။ အစွဲ (၃)ပါး လွတ်ကင်းအောင် မနောဒွါရနဲ့ ပတ်သက်ပြီးတော့လဲ တွယ်တာသာယာမှု အမှီတစ်ခု မဖြစ်ပါစေနဲ့ တရားတွေဟော တယ်။

၂။ **အာရုံ (၆)ပါး**နဲ့ ပတ်သက်ပြီးတော့လဲ အဆင်းမျိုးစုံ ရူပါရုံ စသည်ဟောတယ်။ အသံမျိုးစုံ သဒ္ဒါရုံ၊ အနံ့မျိုးစုံ ဂန္ဓာရုံ၊ အရသာမျိုးစုံ ရသာရုံ၊ အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံ၊ တွေးကြံစရာမျိုးစုံ ဓမ္မာရုံ၊

ရူပါရုံအစ စိတ်နဲ့သိအပ်တဲ့ ဓမ္မာရုံအပေါ်မှာ စောစောကပြော သလို အစွဲသုံးမျိုး မစွဲပါနဲ့။ ဘဝနိကန္တိက တဏှာအနေနဲ့လဲ အမှတ် မထားပါနဲ့။

၃။ ဝိညာဉ် (၆)မျိုး

စက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ ဃာနဝိညာဉ်၊ ဇိဝှါဝိညာဉ်၊ ကာယဝိညာဉ်၊ မနောဝိညာဉ်၊

http://www.dhammadownload.com



မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ တွေးကြံသိစိတ်။ အဲဒီဝိညာဉ်တွေနဲ့ ပတ်သက်ပြီး အစွဲသုံးပါး လွတ်ကင်းပါစေ။ မနောဝိညာဉ်နဲ့ ပတ်သက်ပြီးလဲ တဏှာ-ဒိဋ္ဌိ အတွယ်အတာ မှိုရာကင်းပါစေ။

၄။ ဖဿ (၆)မျိုး

စက္ခုသမ္ဖဿ- မျက်စိနဲ့တွေ့တဲ့ အတွေ့ စသည် (၆)မျိုး။

၅။ ဝေဒနာ (၆)မျိုး

စက္ခုသမ္ဖဿကြောင့်ဖြစ်တဲ့ ဝေဒနာ (၆)မျိုး။

၆။ ဓာတ် (၆)ပါး

ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ အာကာသဓာတ်၊ ဝိညာဏဓာတ်။

၇။ ခန္ဓာ (၅)ပါး

ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ။

၈။ ဈာန် (၄)ပါး

အရူပအာကာသနဉ္စာယတနဈာန် စသည် (၄)ပါး။

အဲဒီ ဈာန်တွေအပေါ်မှာ တဏှာ မာန ဒိဋ္ဌိ အစွဲသုံးပါး မစွဲဖို့ရာ အမှီ (၂)ပါးနဲ့ မမှီဖို့ရာ အရှင်သာရိပုတ္တရာမထေရ်မြတ်က ဟောတော်မူပါတယ်။

၉။ ရှေ့လောက၊ နောက်လောက သဗ္ဗမွေ့နဲ့ ပတ်သက်ပြီးတော့ မြင်ရ၊ ကြားရ၊ နံရ၊ စားရ၊ ထိရ၊ တွေးကြံသိရ ရှာမှီးရ အဖန်ဖန် ရှာမှီးရတာတွေနဲ့ ပတ်သက်ပြီးတော့ အစွဲသုံးပါး မစွဲအောင်၊ သိမ်မွေ့တဲ့တဏှာ ဘဝနိကန္တိကတဏှာနဲ့ အစွဲကင်းအောင် ပြုကျင့်

http://www.dhammadownload.com



ရမယ်၊ ပြုကျင့်ပါလို့။

တရားအမျိုးအစားအားဖြင့် (၉)မျိုး။

၁။ ဒွါရ (၆)ပါး၊ ၂။ အာရုံ (၆)ပါး၊ ၃။ ဝိညာဉ် (၆)ပါး၊ ၄။ ဖဿ (၆)ပါး၊ ၅။ ဝေဒနာ (၆)ပါး၊ ၆။ ဓာတ် (၆)ပါး၊ ၇။ ခန္ဓာ (၅)ပါး၊ ၈။ ဈာန် (၄)ပါး၊ ၉။ ဤလောက နောင်လောက၊

အဲဒီလို အကျယ်တဝင့် တဏှာ မာန ဒိဋ္ဌိ အစွဲတွေမစွဲအောင် ပြုကျင့်ရမယ်။

အဲဒီလို ဟောကြားတဲ့အခါမှာ သူဌေးကြီးက သောတာပန် ဆိုတော့ ဒိဋ္ဌိစွဲကတော့ နဂိုကပင့် မရှိပါဘူး။

ဟောစဉ် ပြောစဉ်အတိုင်း ဟောတာပါပဲ။ တဏှာစွဲ, မာနစွဲ ကတော့ ရှိနေပါတယ်။

အဘိဓမ္မာတရား အလွန်နက်နဲ သိမ်မွေ့တဲ့တရားတွေ ဟောကြားတော့ ကျောင်းဒကာကြီး သည်းထန်စွာငိုကြွေးပါတယ်။

ဘာကြောင့် ငိုကြွေးသလဲမေးတော့ ဒါလောက် စုံစုံလင်လင် တစ်ခါဘူးမျှ မနာကြားရပါဘူးဘုရားလို့ ငိုကြွေးပါတယ်။

အရှင်အာနန္ဒာမထေရ်မြတ်က သူဌေးကြီးစည်းစိမ်ဥစ္စာတွေ အပေါ်မှာလဲ မက်မောပါသလား။ ကုသိုလ်တရားတွေ အပေါ်မှာလဲ ဆုတ်နစ်ပါသလားလို့ မေးတော့ -

သူဌေးကြီးက စည်းစိမ်အပေါ်မှာလဲ မမက်မောပါဘူး။ ကုသိုလ်အပေါ်မှာလဲ မဆုတ်နစ်ပါဘူးလို့ ဖြေကြားပါတယ်။

အရှင်အာနန္ဒာက သူဌေးကြီး အဝတ်ဖြူဝတ်ကြတဲ့ လူဝတ်ကြောင်များဟာ အဲဒီ ဒွါရ (၆)ပါး၊ အာရုံ (၆)ပါး၊ ဝိညာဉ် (၆)ပါး၊ ဖဿ (၆)ပါး၊ ဝေဒနာ (၆)ပါး၊ ဓာတ် (၆)ပါး၊ ခန္ဓာ (၅)ပါး၊ အရူပဈာန်

http://www.dhammadownload.com



(၄)ပါး၊ သစ္စာဓမ္မ ခေါ်တဲ့ ဤလောက နောင်လောက ရှင်းပြတဲ့ တရားတွေဟာ လူဝတ်ကြောင်များအား ဟောပေမယ့် မထင်ရှားနိုင်ဘူးတဲ့။ ရဟန်းတော်များမှာတော့ ထင်ရှားပါတယ်။

ကျောင်းဒကာ အနာထပိဏ်က ဘာလျှောက်သလဲဆိုရင် အရှင်ဘုရား သာရိပုတ္တရာ တပည့်တော် တောင်းပန်ပါရစေ။

အဝတ်ဖြူဝတ်ထားတဲ့ လူဝတ်ကြောင်တို့အား ဒီတရားတွေကို ဟောကြားပေးတော်မူပါ။ များများဟောကြားပေးတော်မူပါ။

ဒွါရ (၆)ပါး၊ အာရုံ (၆)ပါး၊ ဝိညာဉ် (၆)ပါး၊ ဖဿ (၆)ပါး၊ ဝေဒနာ (၆)ပါး၊ ဓာတ် (၆)ပါး၊ ခန္ဓာ (၅)ပါး၊ အရူပစျာန် (၄)ပါး၊ ဤလောက နာမ်လောက သစ္စာဓမ္မရောပြီးတော့ ဟောကြားပေးတော်မူပါဘုရား။

ဘာကြောင့်လဲဆိုတော့ လူဝတ်ကြောင်တွေလဲ အပ္ပရဇက္ခဇာတိကာ ပညာမျက်စေ့မှာ မြူနည်းတဲ့ ပုဂ္ဂိုလ်တွေရှိကြပါလိမ့်မယ်ဘုရား။ လူဝတ်ကြောင်တွေထဲမှာ ပညာမျက်စိမှာ မြူတိမ်တွေများနေရင်တော့ သိဖို့မလွယ်ဘူး။အချို့ အချို့ပုဂ္ဂိုလ်တွေက ပညာမျက်စိမှာ မြူနည်းပါတယ်ဘုရား။

**“အဿဝနတာ ဓမ္မဿ ပရိဟာယန္တိ”**

တရားကို မနာရလို့ တရားတော်မှ ဆုတ်ယုတ်ကြပါတယ်ဘုရား။

**“ဘဝိဿန္တိ ဓမ္မဿ အညာတာရော”**

တရားပြည့်ပြည့်စုံစုံ နာရရင် အရဟတ္တဖိုလ်တရားကို သိနိုင်၊ မြင်နိုင်တဲ့ လူဝတ်ကြောင်များ ရှိနိုင်ပါလိမ့်မယ်ဘုရားလို့ ကျောင်းဒကာကြီးက လျှောက်ထားတယ်။

http://www.dhammadownload.com



အနာထပိဏ် ကျောင်းဒကာကြီး (၂၄)နှစ်တိုင်တိုင် အခေါက်ခေါက် အခါခါ ကျောင်းကိုသွားခဲ့ပေမယ့် အခုလို ကျယ်ကျယ်ပြန့်ပြန့် တရားတွေမနာဖူးဘူး ဆိုတာကတော့ တော်တော်ယုံဖို့ခက်တယ်။

ကျောင်းဒကာကြီးက "ဒါနာဘိရတ" ဒါနအရာမှာ ဧတဒဂ်ရဖြစ်တော့ ဒါနကထာ၊ သီလကထာပဲ အဟောများပါတယ်။ အဟောများသော်လဲ သောတာပန် ဖြစ်တယ်ဆိုတော့ **"ဥဇုမဂ္ဂဝဟာ ဝိပဿနာ ဘဂဝတာပနဿ ကထိတ ပုဗ္ဗာ"**

အဿ= ထိုကျောင်းဒကာ အနာထပိဏ်သူဌေးအား၊ ဘဂဝတာ= မြတ်စွာဘုရားသည်၊ ဥဇုမဂ္ဂဝဟာ= ဖြောင့်မတ်စွာ အရိယာမဂ်ကို ရွက်ဆောင်နိုင်သော၊ ဝိပဿနာ= ဝိပဿနာတရားကို၊ ကထိတ ပုဗ္ဗာ= ဟောဖူးသည်သာ"

အရိယာမဂ်ကို ရောက်စေနိုင်တဲ့ ဝိပဿနာကို ကျောင်းဒကာကြီးအား မြတ်စွာဘုရား ဟောဖူးပါတယ်။

သို့သော် ဒါနကထာ၊ သီလကထာကိုတော့ ဟောတာများပါတယ်။

မှန်ပါတယ်။ အချို့ကျောင်းဒကာ ကျောင်းအမများ ကျောင်းကြီးတွေ အကြီးအကျယ်ဆောက်ပြီး လှူကြသော်လဲ သမထ ဝိပဿနာ တရားအားထုတ်ပါဆိုတော့ သိပ်အားမထုတ်ဖြစ်ကြဘူး။

ဒါကြောင့် ကျောင်းဒကာ အနာထပိဏ်နဲ့ ဥပသကာ (၅၀၀) ကျောင်းလာတဲ့အခါကျတော့ မြတ်စွာဘုရားက သတိပေးရတယ်။

သင်တို့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါး လှူရုံမျှနဲ့ ကျေနပ်မနေကြနဲ့။ **"ကိန္တိ မယံ ကာလေနကာလံ ပဝိဝေကံ ပီတိံ ဥပသမ္ပဇ္ဇ ဝိဟရေယျာမ"**

http://www.dhammadownload.com



တစ်နေ့နေ့ တစ်ချိန်ချိန်မှာ နီဝရဏကင်းဆိတ်တဲ့ ပီတိကို ရအောင် ဘယ်သို့ဘယ်ပုံများ အားထုတ်နိုင်မလဲ။ ဘယ်လိုများ အားထုတ်နိုင်မလဲ။ ဒီလို စိတ်မျိုးထားကြလို့ မြတ်စွာဘုရား သတိပေး ထားတာရှိတယ်။

အခု အရှင်သာရိပုတ္တရာက အကြည် (၆)မျိုးနဲ့ ပတ်သက်ပြီး မစွဲအောင်လို့ ဟောတော်မူတာ။ အကြည် (၆)မျိုးနဲ့ ပတ်သက်ပြီးတော့ အနိစ္စဝိပဿနာ အနိစ္စလို့ ရှု၊ ဒုက္ခာနုပဿနာ ဒုက္ခလို့၊ အနတ္တာ နုပဿနာ အနတ္တလို့ ရှုလို့ဟောပါတယ်။

အနတ္တလက္ခဏသုတ်တော်မှာ ဟောတဲ့ အစဉ်အတိုင်းပဲ။ စက္ခုတွင်မည် ရုပ်ထိုဤကား မြင့်ရှည်ကာလ မတည်ထပဲ ခဏ ဖျက်လျှက် ခဏပျက်၏။

အကြည်ဓာတ်ကလေးဟာ အကြာကြီးဖြစ်တာ မဟုတ်ဘူး။ ဖြစ်ပြီးတော့လဲ မြဲနေတာမဟုတ်ဘူး။ မဖြစ်ခင်ကလဲ အစုလိုက် အပြုံလိုက်ကြီး ရှိနေတာမဟုတ်ဘူး။

**အဒဿနတော အာယန္တိ။**

မမြင်ရရာ အရပ်ကလာတယ်။ ဘုရားဖူးတယ်။ ဘုရားကို မြင်တယ်၊ မြင်တယ်။ ရွှေတိဂုံဘုရားကြီး ဖူးတယ်။ မြင်သိစိတ်လေး ဖြစ်ပေါ်လာတယ်။

ရွှေဂုံဘုရားတည်းဟူသော အဆင်းရူပါရုံရယ်၊ မိမိရဲ့ မျက်စိ အကြည်ရယ် သွားတိုက်ဆိုင်တဲ့အခါကျတော့ မြင်သိစိတ်လေး ဖြစ်ပေါ်တယ်။ အဒဿနတော အာယန္တိ= ဘယ်ကနေလာမှန်း မသိဘူး။ မမြင်ရတဲ့နေရာက မြင်သိစိတ် စသည် လာကြတယ်။

http://www.dhammadownload.com



"ပုဗ္ဗောနတ္ထိ အနာဂတေ" ဖြစ်ပြီးနောက် အစုအပုံကြီး မရှိဘူး။ ခဏဖြစ်၊ ခဏပျက်သွားတာပဲ။

ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့် ပူပန်မစဲ လွန်ဆင်းရဲ၏ ခိုင်မြဲကျောမာ နှစ်မပါဘူး။ သဘ္ဘာဝ အနိစ္စသည် ဒုက္ခ အနတ္တပါတကား။

မင်းကွန်းဆရာတော်ဘုရားကြီးက ရေးသားပြီးထားခဲ့တယ်။

ဒါကြောင့် ဒွါရ (၆)ပါးနဲ့ ပတ်သက်ပြီး စက္ခု သောတ ဃာန ဇိဝှါ ကာယ မန အကုန်လုံး အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာ၊ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ်။

ဒီဉာဏ်တွေရှိတဲ့အခါ စောစောကပြောတဲ့ တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲ စွဲလမ်းချက် သုံးပါးနဲ့ မစွဲနိုင်တော့ဘူး။

အာရုံ (၆)ပါးနဲ့ ပတ်သက်ပြီးတော့လဲ။ အဆင်းတွင်မည် ရုပ်ထိုဤကား မြင့်ရှည်ကာလ မတည်ထပဲ ခဏဖြစ်လျှက် ခဏပျက်၏။ ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့် ပူပန်မစဲ လွန်ဆင်းရဲ၏ ခိုင်မြဲကျောမာ နှစ်မပါဘူး။ သဘ္ဘာဝ အနိစ္စသည် ဒုက္ခ အနတ္တပါတကား။

အာရုံ (၆)ပါးနဲ့ ပတ်သက်ပြီး အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာ၊ ဒီဝိပဿနာဉာဏ်တွေနဲ့ ရှုပွားကြရမယ်။ အဲလို ဝိပဿနာဉာဏ်နဲ့ လက္ခဏာယာဉ်တင်ပြီး ရှုပွားလိုက်တဲ့အခါ တဏှာစွဲ မာနစွဲ ဒိဋ္ဌိစွဲတွေဟာ လျော့သွားတယ်၊ နည်းသွားတယ်။ နောက်ဆုံး ပျောက်ကွယ်တဲ့အထိ ကျေးဇူးတရားတွေ ရပါလိမ့်မယ်။

ဝိညာဉ် (၆)ပါးနဲ့ ပတ်သက်ပြီတော့လဲ မြင်သိ၊ ကြားသိ၊ နံသိ၊ စားသိ၊ ထိသိ၊ တွေးကြံသိ၊ စိတ်တွေအားလုံးဟာ၊

http://www.dhammadownload.com



စက္ခုဒွါရမှီ ဝိညာဉ်သည်ကား စက္ခုပသာဒမှာ မှီပြီးဖြစ်တဲ့ မြင်သိစိတ်ဟာ မြင့်ရှည်ကာလ မတည်ထပဲ ခဏဖြစ်လျှက် ခဏ ပျက်၏။ ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့် ပူပန်မစဲ လွန်ဆင်းရဲ၏။ ခိုင်မြဲကျောမှာ နှစ်မပါဘူး။ သူ့သဘာဝ အနိစ္စသည် ဒုက္ခ အနတ္တ ပါတကား။

ဒါလေးတွေက တရားအားထုတ်ကြည့်တဲ့အခါ ပိုပြီးတော့ ပေါ်လွင်တယ်။

ဖဿ (၆)၊ ဝေဒနာ (၆)၊ ဓာတ် (၆)ပါး ပင်မဓာတ်ကြီးလေးပါး ထဲက ဝါယောဓာတ်၊

ဝါယောဓာတ်ကို အခြေခံထွက်လေ ဝင်လေ ရှုမှတ်ပွားများပြီး သမာဓိတည်လာတော့ အဲဒီ သမထကမ္မဋ္ဌာန်းက အင်မတန်တန်ဖိုး ကြီးတာ။ သမထကမ္မဋ္ဌာန်းနဲ့ စိတ်ကို အစိုးရအောင် လုပ်လို့ရတယ်။

ပုဂ္ဂိုလ်တစ်ယောက်ဟာ အရှုံးမဟုတ်ပါဘူးဆိုရင် အကောင်း၊ အကောင်းကို စိတ်ကောင်းတယ်လို့ ပြောရမှာပါပဲ။

တကယ်တမ်းစိတ်ကို အစိုးရသလားဆိုတော့ အစိုးမရပါဘူး။ ဣန္ဒြေခြောက်ပါးကို စောင့်ရှောက်မှုနဲ့ အစိုးရအောင် စောင့်ထိန်းနိုင် ပါက စောစောက ပကတိလူတွေထက် မြင့်သွားပါတယ်။

အဲဒီ ဣန္ဒြိယသံဝရသီလနဲ့ စောင့်ထိန်းမှုဟာလဲ တကယ်တမ်း ခိုင်မြဲသေးတာ မဟုတ်ဘူး။ ဥပစာရသမာဓိ ဖြစ်အောင် ကြိုးစားတဲ့ အခါ ဣန္ဒြိယသံဝရသီလ ထက်ပိုပြီး စိတ်ဟာခိုင်မြဲလာတယ်။ စိတ်ကို အစိုးရမှုက ခိုင်မြဲလာတယ်။

အပ္ပနာသမာဓိ အပြီးအပိုင်ရောက်တဲ့ သမာဓိမျိုးကျတော့ ပိုပြီး စိတ်အစိုးရမှုက ခိုင်မြဲတယ်။

http://www.dhammadownload.com



အပ္ပနာသမာဓိနဲ့ သမာပတ်ရှစ်ပါးရရှိအောင် အဆင့်ဆင့် အားထုတ်ပြီးတော့ အစိုးရမှုဟာ ပိုပြီးတော့ ခိုင်မြဲတယ်။

အဲဒီထက် အဘိညာဉ်ရရှိအောင် ကြိုးစားခြင်းဟာ အမြင့်ဆုံး အဆင့်ကို ရရှိအောင် ကြိုးစားတာပါပဲ။

ထိုက်တန်သလောက် သမာဓိရရှိပြီး ဝိပဿနာဘက် ကူးလာ ကြတဲ့အခါ အနည်းဆုံး ခဏိကသမာဓိ လိုအပ်ပါတယ်။

တစ်ခဏချင်း ထွက်လေ ဝင်လေကို ရှုမှတ်လိုက်လို့ စိတ်ရဲ့ တည်ကြည်မှု ခဏိကသမာဓိမှ မရရှိပဲနဲ့တော့ ဝိပဿနာကူးလို့ မရဘူး။

ဝိပဿနာကူးတဲ့အခါ အာနာပါနပဗ္ဗကထာမှာ မြတ်စွာဘုရား ကိုယ်တော်တိုင် ဝိပဿနာစခန်း ကူးပြထားတာ။

**အနိစ္စာနုပဿီ ဝါ အဿသိဿာမီတိ သိက္ခတိ။**

အာနာပါနကတစ်ဖက်၊ အနိစ္စလို့ ရှုတာကတစ်ဖက်၊ မမြဖူး ဆိုတာကို စုစည်းထားပြီးတော့ ထွက်လေ ဝင်လေရှုမှတ်။

ထွက်လေအခိုက်၊ ဝင်လေအခိုက် စက္ကန့်ပိုင်းအတွင်းမှာ ထွက်လေ အကြိမ်ကြိမ်၊ ဝင်လေ အကြိမ်ကြိမ် ဖြစ်ပျက်၊ ဒါသိပ်ပြီး ထင်ရှားပါတယ်။

ဝါယောဓာတ်ရဲ့ ဖြစ်တာပျက်တာဟာ အင်မတန်ထင်ရှား ပါတယ်။ အနိစ္စထင်ပြီဆိုရင် ဒုက္ခလဲပေါ်လွင်သွားပါတယ်။ အနိစ္စ ဒုက္ခနှစ်မျိုး မြင်ပြီဆိုရင် အနတ္တ အစိုးမရတဲ့သဘောလေးဟာ ပေါ်လွင် ပါတယ်။

နောက်ဆက်ပြီးတော့ မြတ်စွာဘုရားက အာနာပါန ရှုမှတ်ရင်း ဝိပဿနာကူးပုံကို ပြတယ်။

**"သမုဒယဓမ္မာနုပဿီ ဝါ အဿ သိဿာမီတိ သိက္ခတိ"**

http://www.dhammadownload.com



ဖြစ်တာလေးကို ရှုကြည့်ပြီးတော့ ထွက်လေကို ထုတ်တယ်။ ဝင်လေကို ရှုတယ်၊ ရှိုက်တယ်။

အာနာပါနပဗ္ဗကထာမှာ မြတ်စွာဘုရား တိုက်ရိုက်ပေးတဲ့ သမထက ဝိပဿနာကူးပုံလေးပါပဲ။ အဲဒီလို သမထ ဝိပဿနာ (၂)ရပ်တွဲ အားထုတ်လိုက်တော့ အနိသ်ိတောစ ဝိဟရတိ တဏှာအမှီ ဒိဋ္ဌိအမှီ ကင်းတယ်။ နစကိဉ္စိလောကေ ဥပါဒိယတိ လောကခန္ဓာမှာ အစွဲအလမ်းကင်းတယ်။ အတ္တဝါဒုပါဒါန် အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ပျောက်တဲ့နည်းလမ်းကောင်းပဲ။

အဲဒီလို သမထနဲ့ ဝိပဿနာ တွဲပြီးသွားတော့ တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲတွေ ပျောက်ကင်းအောင် ကျင့်ရမယ်လို့ အရှင်သာရိပုတ္တရာ မထေရ်မြတ်က မိန့်တယ်။

ဓာတ် (၆)ပါးထဲက ဝါယောဓာတ်ကို ဦးစားပေးပြီးတော့ အားထုတ်။ ဓာတ် (၆)ပါးထဲက တစ်ပါးပါးကို ရှုမြင်ပေါက်ရောက်လို့ ရှိရင် အခြားဓာတ်တွေကိုလဲ သဘောပေါက်သွားတာပါပဲ။

တရားအားထုတ်ကြတယ်၊ တရားအားထုတ်ကြတယ် ဆိုတော့ အချို့အချို့ ပုဂ္ဂိုလ်တွေက ပါရမီမရှိဘူးဆိုပြီး ဒီလို စိတ်အား လျှော့နေကြတယ်။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကတော့ ပါရမီ ရှိ၊ မရှိ သိချင်ရင် တရားအားထုတ်ကြည့်လိုက်၊ တရားအားထုတ်တဲ့ အခါ ထိုက်တန်သလောက် သမာဓိရမယ်။ ထိုက်တန်သလောက် ရုပ်တရား၊ နာမ်တရားတို့ရဲ့ ဖြစ်ပုံ၊ ပျက်ပုံကို သဘောပေါက်တယ်ဆိုရင် ပါရမီရှိတယ်လို့ ဒီလို သတ်မှတ်ရမှာပါတဲ့။

http://www.dhammadownload.com



အားထုတ်စတော့ မြင်ဖို့ရာ ခက်တယ်။ တကယ်အားထုတ်တဲ့အခါ တကယ်မြင်နိုင်ပါတယ်။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက (၂၀)ရာစုမှာ ဒကာ ဒကာမတွေ တရားအားထုတ်တတ်အောင် ပရမတ်တရားတွေ မြင်အောင် ဦးဆောင်တော်မူခဲ့တယ်။

ကြောင်ပန်းဆရာတော်က ဒီဘဝအပြီးသတ်ရော ဆိုပြီးတော့ တစ်ကိုယ်ရေ တစ်ကာယ တောထဲမှာ အားထုတ်နေတယ်။ အဲဒီတော့ လယ်တီဆရာတော်ဘုရားက ကြောင်ပန်းဆရာတော်ကို မိန့်တယ်၊ တပည့်ကြီးကိုး။

"ဦးဣန္ဒက‌ရေ တစ်ဘဝ၊ နှစ်ဘဝလောက်တော့ အရှုံးခံလိုက်စမ်းပါ။ ဒကာ ဒကာမတွေကို ပရမတ်တရား၊ ဓာတ်တရားတွေ ခန္ဓာ အာယတနဓာတ် သစ္စာတရားတွေ ဟောပေးပါဦးတဲ့၊ ဆရာတော် ဦးဣန္ဒက က မဟောလို ကိုယ်လွတ်ရုန်းချင်တာ။

အဲဒါကို လယ်တီဆရာတော်ဘုရားက ကြောင်ပန်းဆရာတော်လို့ နာမည်ကြီးလတ္တံ့ဖြစ်တဲ့ ဆရာတော် ဦးဣန္ဒကကို "တစ်ဘဝ နှစ်ဘဝတော့ဗျာ အရှုံးခံလိုက်စမ်းပါ" အဲဒီလို မိန့်တာတွေ့ရတယ်။

ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီး (၂၀)ရာစုအတွင်းမှာ လှည့်လည်ပြီး ဒကာ ဒကာမအပေါင်းတို့အား ပရမတ်တရား၊ ဓာတ်တရား၊ ရုပ်တရား၊ နာမ်တရားတို့ကို ဟောကြားတော်မူခဲ့တယ်။

အဲဒီ ပရမတ်တရား ဓာတ်တရားတွေဟာ မြင်ဖို့တော့ခက်တယ်။ တဖြေးဖြေးအားထုတ်သွားတဲ့အခါမှာတော့ မြင်နိုင်ပါတယ်။

http://www.dhammadownload.com



ဝိညာဉ် (၆)ပါးထဲက မြင်သိစိတ်ကလေး မြင်ရင်လဲ တရား မြင်တာပဲ။ မြင်သိစိတ်လေးနဲ့ တရားရတဲ့ပုဂ္ဂိုလ်တွေလဲ အများကြီး ရှိတာပဲ။

ဘုန်းကြီးတို့က ဟောတာကတော့ များများကြီးဟောကြရတာ ပေါ့။ သို့သော်လဲ ယောဂီများတရားအားထုတ်တဲ့အခါ တရားတစ်လုံး သဘောပေါက်ရင် တရားရတာပါပဲ။

ဒါကြောင့် ခတ်(၆)ပါးထဲက တစ်ပါးပါးသောခတ်ကို သဘောပေါက်ပြီးတော့ ရဟန္တာဖြစ်ကြတဲ့ အရိယာဖြစ်ကြတဲ့ ပုဂ္ဂိုလ် တွေဟာ ဂဏန်းသင်္ချာလွန်တယ်။ ရေတွက်လို့မရဘူးလို့ ညွှန်ကြားလို တာပါပဲ။

အဲဒီလို အနာထပိဏ်ကျောင်းဒကာကြီးက အဝတ်ဖြူဝတ်ကြ တဲ့ လူပုဂ္ဂိုလ်တွေအား ဒီနက်နဲခက်ခဲတဲ့ တရားတွေကို တပည့်တော်ကို ဟောကြားသည့်အတိုင်း လူဝတ်ကြောင်တို့အား ဟောကြားတော်မူ ပါလို့ အထူးလျှောက်ထားတယ်။

ဘာကြောင့် လျှောက်ထားရသလဲဆိုရင် စောစောက ပြောသလို ပညာမျက်စိမှာ ကိလေသာမြူနည်းတဲ့ လူပုဂ္ဂိုလ်တွေ ရှိပါတယ်ဘုရား။ တရားမနာရလို့သာ လောကုတ္တရာတရားမှ ဆုတ်ယုတ်နေကြရပါတယ်။

အကယ်၍များ တရားနာရလို့ရှိရင် လူဝတ်ကြောင်တို့လဲ အရဟတ္တဖိုလ်တရားမြတ်များ ရရှိသူတွေ ရှိကြပါလိမ့်မယ်လို့ ကျောင်းဒကာကြီး လျှောက်ထားတဲ့အတိုင်း အခုတရားအားထုတ်နေ ကြတဲ့ ယောဂီသူတော်စင်တွေ ကမ္ဘာ့လူထုကြီးထဲမှာလဲ အချို့အချို့ ဉာဏ်ကြီးတဲ့ပုဂ္ဂိုလ်တွေ ရှိကြပါတယ်။

http://www.dhammadownload.com



ဗုဒ္ဓရဲ့တရား၊ ဗုဒ္ဓရဲ့ညွှန်ကြားချက် ဝိပဿနာတရားကို မနာကြားရပဲနဲ့တော့ ကိုယ်ကိုယ်တိုင် ထိုးထွင်းသိတာက ဘုရားပဲ ရှိတာကိုး။

နောက်ပစ္စေကဗုဒ္ဓါများ ထိုးထွင်းသိကြတယ်။ အခြားပုဂ္ဂိုလ်တွေကျတော့ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးတို့သည်ပင်လျှင် **"ယေဓမ္မာ ဟေတုပ္ပဘဝါ"** စတဲ့ ဒီဂါထာဒေသနာကို နာကြားရလို့သာ အရိယာဖြစ်တာကိုး။ မြတ်စွာဘုရား သာသနာတော်မှာ ဉာဏ်အကြီးဆုံးပညာ ဧတဒဂ်ရ မထေရ်ကြီးသည်ပင်လျှင် အရှင်အဿဇိထံမှ တရားကို နာကြားရမှ သောတာပန်ဖြစ်တာပါ။ အခြားအခြားပုဂ္ဂိုလ်တွေတော့ ပြောစရာမလိုဘူးပေါ့။

ဒါကြောင့် မိမိတို့ ဘုရားတရားတော်တွေ ဘုရားလမ်းစဉ်တွေ ရှုကြည့်ပြီးတော့ အနာထပိဏ်ကျောင်းဒကာကြီး တောင်းပန်သလိုပဲ လူဝတ်ကြောင်ဖြစ်တဲ့ ပုဂ္ဂိုလ်များအားလဲ ဒီလိုနက်နဲခက်ခဲတဲ့တရားကို ဟောကြားပေးတော်မူပါ။ အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေ ရှိလာပါလိမ့်မယ်။ တရားမနာရလို့ပါ။ တရားနာရရင် လူပုဂ္ဂိုလ်များလဲ အရဟတ္တဖိုလ်ထိအောင် သိနိုင် မြင်နိုင်ပါတယ်လို့ လျှောက်ထားတဲ့အတိုင်း-

အခု ယောဂီသူတော်စင်များ ပရမတ်တရား ဓာတ်တရားတွေ နာကြားနေကြရပြီ။ အာနာပါနကမ္မဋ္ဌာန်း စသည်တို့လဲ လက်တွေ့ မျက်တွေ့ အားထုတ်နေကြရပြီ။ အားထုတ်ရင် အရဟတ္တဖိုလ်အထိ ရနိုင်တယ်၊ ရောက်နိုင်တယ်လို့ စိတ်ထဲမှာ ယုံကြည်ကိုးစားကြပြီး ကြိုးစားအားထုတ်ကြပါလို့ တိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။ သာဓု - သာဓု - သာဓု

*****

http://www.dhammadownload.com



ယနေ့ သာသနာနှစ် ၂၅၅၀ ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခု၊ ပြာသိုလပြည့်ကျော် (၇)ရက်။

(၁၀၃)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်စခန်း အားထုတ်နေကြတဲ့ ယောဂီများ နောက်ဆုံးနေ့ ရောက်လာကြပြီ။

မိမိတို့အားထုတ်ကြတဲ့ သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်း များဟာလဲ အရှိန်ရလို့ လာခဲ့ပြီ။

ဒီတစ်ပတ်တော့ ကျောင်းဒကာကြီး အနာထပိဏ်နဲ့ ပတ်သက်တဲ့ အကြောင်းအရာလေးတွေ ဟောကြားလာခဲ့တာ။

ကျောင်းဒကာကြီး မကျန်းမာလို့ အသည်းအသန်ဖြစ်နေတဲ့ အခါ အရှင်သာရိပုတ္တရာနဲ့ အရှင်အာနန္ဒာတို့ ကြွပြီး တရားစကား ဟောကြားကြပါတယ်။ အာမိသ ဆွမ်းသက်န်းကျောင်းဆေး ဒါယကာကြီးအား ဓမ္မာနုဂ္ဂဟ တရားနဲ့ တုန့်ပြန်ချီးမြှောက်တော်မူကြတာပါ။

အနာထပိဏ်ကျောင်းဒကာကြီး လျှောက်ထားချက်ကလဲ ကောင်းပါတယ်။

အဝတ်ဖြူဝတ်ကြတဲ့ လူဝတ်ကြောင်တို့အား ဒွါရအာရုံ အစရှိတဲ့ ပရမတ်စကား ဓာတ်စကားတို့ကို ဟောပေးတော်မူကြပါ။ အချို့အချို့ လူဝတ်ကြောင်များလဲပဲ ပညာမျက်စိမှာ ကိလေသာမြူ နည်းကြပါတယ်။ တရားမနာကြားရလို့သာ လောကုတ္တရာတရားမှ ဆုတ်ယုတ် ကြရပါတယ်။

အကယ်၍များ တရားနာကြားကြရလို့ရှိရင် အရဟတ္တဖိုလ် ဆိုတဲ့ တရားထူး တရားမြတ်ရရှိတဲ့ လူပုဂ္ဂိုလ်တွေ ရှိပါလိမ့်မယ်ဘုရား လို့ လျှောက်ထားပြီးတော့ သာဝတ္ထိပြည် ဇေတဝန်ကျောင်း ဒကာကြီး အနာထပိဏ်သူဌေး ဒီရောဂါနဲ့ပဲ ကံကုန်သွားပါတယ်။

http://www.dhammadownload.com



ကံကုန်သွားတဲ့အခါ တာဝတိံသာနတ်ပြည် ရောက်သွားတယ်။ တာဝတိံသာရောက်တော့ သူ့ရဲ့ကြီးကျယ်တဲ့ နတ်စည်းစိမ်တွေကြည့်ပြီး၊ ဒီစည်းစိမ်တွေဟာ ဘာကြောင့်ဖြစ်သလဲ၊ ဘုရားသာသနာတော်ကို အမှီရလို့ ဖြစ်တယ်လို့ မြင်ပါတယ်။

အဲဒီလို မြင်တဲ့အခါ မြတ်စွာဘုရားစီ လျှောက်ထားအုံးမှပဲဆိုပြီး မြတ်စွာဘုရားထံ သန်းခေါင်ယံအချိန်လာပြီး လျှောက်ထားပါတယ်။ ဘယ်လို လျှောက်ထားသလဲဆိုတော့

**ဣဒံဟိ တံ ဇေတဝနံ၊ ဣသိသံဃ နိသေဝိတံ။**

**အာဝုတ္ထံ ဓမ္မရာဇေန၊ ပီတိ သဉ္ဇနနံ မမ။**

ဘန္တေ= မြတ်စွာဘုရား၊ ဣဒံဇေတဝနံ= ဤဇေတဝန်ကျောင်းတော်ကြီးသည်၊ ဣသိသံဃနိသေဝိတံ= အရိယာသံဃာတော် ပုထုဇဉ်သံဃာတော်အရှင်မြတ်တို့ အမြဲမပြတ် မှီဝဲသုံးဆောင်အပ်သော ကျောင်းတော်ကြီး ဖြစ်ပါပေ၏။

ဇေတဝန်ကျောင်းတော်ကြီးဟာ အရိယာသံဃာ၊ ပုထုဇဉ်သံဃာတော်တွေ သုံးဆောင်တဲ့ သံဃာ့အသုံးအဆောင် ကျောင်းတိုက်ကြီး ဖြစ်ပါတယ်ဘုရား။

ဓမ္မရာဇေန= သုံးလူ့မှန်ကင်း တရားမင်းသည်၊ အာဝုတ္ထံ= အမြဲနေထိုင်ရာ ဖြစ်တော်မူပါပေ၏။

၂၄-နှစ်တာကာလ သာဝတ္ထိမြို့မှာ ၂၅-ဝါဆိုတော့ ပုဗ္ဗာရုံကျောင်းတလှည့်၊ ဇေတဝန်ကျောင်းတလှည့် အမြဲသီတင်းသုံးတော်မူရာ ဖြစ်ပါပေတယ်။

မမ= တပည့်တော်၏၊ ပီတိသဉ္ဇနနံ= ပီတိကို ဖြစ်စေသည့် ကျောင်းတိုက်ကြီး ဖြစ်ပါတယ်ဘုရား။

http://www.dhammadownload.com



ဒီကျောင်းတိုက်ကြီးဟာ မြတ်စွာဘုရားနှင့်တကွ သံဃာတော် အရှင်မြတ်များ သီတင်းသုံးရာ ကျောင်းတိုက်ကြီး ဖြစ်ပါတယ်ဘုရား။

ဆက်ပြီး အရိယာမဂ်ရဲ့ ဂုဏ်ကျေးဇူးကို ဆက်လျှောက်တယ်။

**ကမ္မံ ဝိဇ္ဇာ စ ဓမ္မော စ၊ သီလံ ဇီဝိတံ မုတ္တမံ။**

**ဧတေန မစ္စေန သုဇ္ဈန္တိ၊ န ဂေါတ္တေန ဓနေန ဝါ။**

ကမ္မံ= မဂ်၌ဖြစ်သော စေတနာလည်းကောင်း၊ ဝိဇ္ဇာစ= အရိယာမဂ်၌ဖြစ်သော သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပလည်းကောင်း၊ ဓမ္မောစ= အရိယာမဂ်ဖြစ်သော သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာ သမာဓိ လည်းကောင်း၊ သီလံ= အရိယာမဂ်၌ရှိသော သမ္မာဝါစာ၊ သမ္မာ ကမ္မန္တ၊ သမ္မာအာဇီဝလည်းကောင်း၊ ဥတ္တမံ= မြတ်သော၊ ဧကေသိံ သီလေ ပတိဋ္ဌိတဿ= ထိုသီလ၌တည်သောသူ၏၊ ဇီဝိတံ= အသက်ရှင်ခြင်း သည်၊ ဟောတိ= မုချမသွေ ဖြစ်ပါပေ၏။

မဂ်၌ရှိတဲ့စေတနာ၊ မဂ်၌ရှိတဲ့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ မဂ်၌ ရှိတဲ့ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ မဂ်၌ရှိသော သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊

ဧတေနမစ္စေန= ဤမဂ္ဂင်ဖြင့်၊ သတ္တာ= သတ္တဝါတို့သည်၊ သုဇ္ဈန္တိ= စင်ကြယ်ကြကုန်၏။ ဂေါတ္တေန ဝါ= အနွယ်အားဖြင့်လည်းကောင်း၊ နသုဇ္ဈန္တိ= မစင်ကြယ်ကြကုန်။ ဓနေန ဝါ= ပစ္စည်းဥစ္စာအားဖြင့်၊ နသုဇ္ဈန္တိ= မစင်ကြယ်ကြကုန်။

အရိယာမဂ်ဖြင့်သာလျှင် သတ္တဝါတွေ စင်ကြယ်နိုင်ပါကုန်၏။ အမျိုးမြတ်လို့၊ ဥစ္စာဓနတွေ ပြည့်စုံလို့ မစင်ကြယ်ကြပါဘူးဘုရား။

အဲဒီလို အရိယာမဂ်ဉာဏ်၏ ဂုဏ်ကျေးဇူးကို လျှောက်ထား တာပါပဲ။ ဆက်ပြီးတော့ -

http://www.dhammadownload.com



**တသ္မာဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ အတ္ထမတ္တနော။**
**ယောနိသော ဝိစိနေဓမ္မံ၊ ဧဝံ တတ္ထ ဝိသုဇ္ဈတိ။**

တသ္မာဟိ= ထိုကြောင့်သာလျှင်၊ အတ္ထနော= မိမိ၏၊ အတ္ထံ= နိဗ္ဗာန်တိုင်သွား ကောင်းမြတ်သော အကျိုးကို၊ သမ္ပဿံ= ကောင်းစွာ သိမြင်သော၊ ပေါသော= ပညာရှိ မင်းယောကျ်ားသည်၊ ဓမ္မံ= ဥပါဒါန က္ခန္ဓာဟု ဆိုအပ်သော တရားကို၊ ယောနိသော= မင်္ဂကိုပွားကြောင်း ဥပါယ်ကောင်းဖြင့်၊ ဝိစိနေ= အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာယာဉ် သုံးချက်တင်၍ ဆင်ခြင်သမှု ဝိပဿနာ ရှုရာ၏။

အရိယာမဂ်ဖြင့်သာ ကိလေသာအညစ်အကြေးမှ စင်ကြယ်တဲ့ အတွက်ကြောင့် နိဗ္ဗာန်တိုင် ကောင်းကျိုးကိုလိုတဲ့ ပညာရှိအမျိုးကောင်း သား၊ အမျိုးကောင်းသမီးများဟာ ခန္ဓာငါးပါးနဲ့ ပတ်သက်ပြီးတော့ လက္ခဏာယာဉ် သုံးပါးတင်ပြီး ဝိပဿနာရှုရမယ်။

ဧဝံ= ဤသို့ ဝိပဿနာ ရှုခဲ့သည်ရှိသော်၊ တတ္ထ= ထိုဥပါဒါန က္ခန္ဓာ အစဖြာ၍ သစ္စာလေးပါး တရားတည်းဟူသော အကြောင်း နိမိတ်ကြောင့်၊ ဝိသုဇ္ဈတိ= ဝိပဿနာဉာဏ် သက်ဝင်၍ ကိလေသာ အညစ်အကြေးတို့မှ စင်ကြယ်နိုင်ပါ၏ ဘုရား။

အရိယာမဂ်ဖြစ်သော ကိလေသာတွေ စင်ကြယ်နိုင်တဲ့အတွက် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများဟာ ဥပါဒါနက္ခန္ဓာနဲ့ ပတ်သက်ပြီး မင်္ဂကိုပွားကြောင်း ကောင်းတဲ့ဥပါယ် လမ်းရိုးလမ်းမှန် အားဖြင့် ခန္ဓာငါးပါးအပေါ်မှာ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာယာဉ် သုံးချက်တင်ပြီးတော့ ဆင်ခြင်ပွားများ ရှုသင့်ပါတယ်ဘုရား။

အဲဒီလို ဥပါဒါနက္ခန္ဓာ အစဖြာပြီး သစ္စာလေးပါး တရားအစု ခေါ်တဲ့ အာရုံအကြောင်း နိမိတ်ကြောင့် ပဋိဝေဓဉာဏ်ရရှိပြီး စင်ကြယ်

http://www.dhammadownload.com



သန့်ရှင်း အပြစ်ကင်းနိုင်ပါတယ်ဘုရား။ အဲဒီလို လျှောက်ထားပြီးတော့-

စတုတ္ထ (၄)နံပါတ် ဂါထာက အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးနဲ့ တိုင်းတာပြီး လျှောက်ထားတယ်။

**သာရိပုတ္တောဝ ပညာယ၊ သီလေန ဥပသမေနစ။**

**ယောပိ ပါရင်္ဂတော ဘိက္ခု၊ ဧသာဝ ပရမော သိယာ။**

ပါရင်္ဂတော= နိဗ္ဗာန်တည်းဟူသော ဟိုဘက်ကမ်းသို့ရောက်သော၊ ယောပိ ဘိက္ခု= အကြင်ရဟန်းသည်၊ အတ္ထိ= ရှိ၏။ ဧသာဝ ပရမော= ဤနိဗ္ဗာန်သာလျှင် လွန်သော မြတ်သောအပိုင်းအခြား ရှိသည်၊ သိယာ= ဖြစ်ရာ၏။ (ကမ်းတစ်ဘက်သို့ ရောက်တဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ရောက်တာပါပဲ။) ကမ်းတစ်ဘက်သို့ရောက်တဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးဟာ နိဗ္ဗာန်ဆိုတဲ့ လွန်သော မြတ်သော အပိုင်းအခြား ရှိပါတယ်။

ပညာယ= ပညာအားဖြင့်လည်းကောင်း၊ သီလေန= သီလအကျင့်အားဖြင့်လည်းကောင်း၊ ဥပသမေနစ= ငြိမ်းချမ်းခြင်းဖြင့်လည်းကောင်း၊ သာရိပုတ္တောဝ= သာဝကများစွာ ထေရ်သံဃာတွင် ပညာဧတဒဂ်ရ သာရိပုတ္တရာ အရှင်မြတ်သည်သာလျှင်၊ သေယျော= အလွန်အထူးမြတ်လှပါပေ၏။

လေးနံပါတ်ဂါထာ လျှောက်ထားတယ်။

အရှင်ဘုရား ကမ်းတစ်ဘက်သို့ ရောက်တဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးသည် ဤနိဗ္ဗာန်ဆိုတဲ့ အပိုင်းအခြား လွန်သော မြတ်သော အပိုင်းအခြား ရှိပါတယ်ဘုရား။

မြတ်စွာဘုရားရဲ့ တပည့်သားသာဝကတွေထဲမှာ ပညာနဲ့ပဲကြည့်ကြည့်၊ သီလနဲ့ပဲကြည့်ကြည့်၊ ကိလေသာမလိမ်း ငြိမ်းချမ်းမှုနဲ့ပဲ

http://www.dhammadownload.com



ကြည့်ကြည့်၊ ပညာအရာ ဇေတဂ်ရ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသာ အမြတ်ဆုံးဖြစ်ပါသည်ဘုရား။

ဒီလေးဂါထာကို လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက မဟန့်မတားပဲနဲ့ ခွင့်ပြုပြီးတော့ နားထောင်နေလိုက်တယ်။

နံက်ရောက်တဲ့အခါ ညဥ့်တုန်းက နတ်သားတစ်ယောက်ရောက်လာတယ်။ ဘယ်နတ်သားရယ်လို့ နာမည်မဖေါ်ဘူး။

ဇေတဝန်ကျောင်းကြီးနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရားနဲ့ သံဃာတော် အရှင်မြတ်တွေ သီတင်းသုံးဖို့၊ နောက်အရိယာမဂ်ရဲ့ ဂုဏ်ကျေးဇူး၊ နောက် ဥပါဒါနက္ခန္ဓာငါးပါးနဲ့ ပတ်သက်ပြီး အနိစ္စ ဒုက္ခ အနတ္တလို့ အခုယောဂီများ တရားအားထုတ်နေသလို လက္ခဏာယာဉ် သုံးပါးတင်ပြီး ဝိပဿနာရှုမယ်ဆိုရင် ကိလေသာကင်းစင်နိုင်ပုံ၊

ဒီဘက်ကမ်းမှ ဟိုဘက်ကမ်းသို့ ရောက်တယ်ဆိုတဲ့ ရဟန်းတော်များ၊ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများဟာ နိဗ္ဗာန်ဆိုတဲ့ လွန်သောမြတ်သော အပိုင်းအခြားရှိပါတယ် ဘုရား။

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးဟာ သီလနဲ့ပဲကြည့်ကြည့်၊ ပညာနဲ့ပဲကြည့်ကြည့်၊ ကိလေသာမလိမ်း ငြိမ်းချမ်းမှုနဲ့ပဲကြည့်ကြည့် အမွန်ဆုံး အမြတ်ဆုံး ဖြစ်တယ်လို့ အဓိပ္ပါယ်ပါရှိတဲ့ လေးဂါထာကို ရဟန်းတော်အရှင်မြတ်များအား ဆက်ပြီးဟောတယ်။

အနာထပိဏ်နတ်သား လျှောက်ထားတဲ့ ဂါထာတွေဟာ ဘုရားဟော ဖြစ်သွားပါတယ်။ မြတ်စွာဘုရားက ဘယ်နတ်သားရယ်လို့ မမိန့်ဘူး။ အရှင်အာနန္ဒာက ခန့်မှန်းတယ်။ ကျောင်းဒကာ အနာထပိဏ်ဟာ အရှင်သာရိပုတ္တရာမထေရ်အပေါ် အလွန်ကြည်ညိုပါတယ် ဘုရား။

http://www.dhammadownload.com



ယခု မြတ်စွာဘုရား မိန့်ကြားတဲ့ညဉ့်က လာရောက်လျှောက်ထားတဲ့ နတ်သားဆိုတာ ကျောင်းဒကာ အနာထပိဏ်နတ်သား ဖြစ်ပါလိမ့်မယ်ဘုရားလို့ လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက-

အာနန္ဒာ သင်ဟာ စူးစမ်းဆင်ခြင်ပြီး ရောက်သင့် ရသင့်တဲ့ အရာကို ရောက်အောင် လျှောက်နိုင်ပေတယ်လို့ မြတ်စွာဘုရားက အရှင်အာနန္ဒာရဲ့ လျှောက်ထားချက်ကို သာဓုခေါ်တော်မူတယ်။

ကျောင်းဒကာ အနာထပိဏ်နတ်သား လျှောက်ထားတဲ့ ဂါထာလေးဂါထာပါပဲ။ သောတာပန်လဲ ဖြစ်တယ်၊ မသေမီ စောစောက အရှင်သာရိပုတ္တရာနဲ့ အရှင်အာနန္ဒာနဲ့ တရားတွေ ဆွေးနွေးသွားတော့ သူလျှောက်ထားတာတွေဟာ မှန်တယ်လို့ အတည်ပြုဟောကြားတော်မူတယ်။

ယောဂီသူတော်စင်များလဲ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးနဲ့ ကြုံကြ ဆုံကြပြီးတော့ တရားဓမ္မများ အားထုတ်ကြရတာ။ အားထုတ်ကျတော့ မြတ်စွာဘုရားရှင်က လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၉၃ နှစ်တာကာလက ချမှတ်ပေးသနားတော်မူခဲ့တဲ့ လမ်းစဉ်၊ မပျောက်မပျက် တည်ရှိနေတယ်။ အဲဒီလို တည်ရှိနေတဲ့ လမ်းစဉ်အတိုင်း လိုက်ပြီး အားထုတ် ကြိုးစားရတဲ့အတွက်ကြောင့်မို့ အားတက်ဖွယ်လဲ ဖြစ်တယ်၊ ဝမ်းမြောက်ဖွယ်လဲ ဖြစ်တယ်။ ဒီတရားဓမ္မကို ဒီနည်းနဲ့ ဒီလိုအားထုတ်ပြီးတော့ ရှေးအရိယာ အရှင်မြတ်ကြီးတို့ကဲ့သို့ ကိလေသာမလိမ်းငြိမ်းနိုင်ကြပါစေလို့ ဆုတောင်းတိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

*****

http://www.dhammadownload.com



ယနေ့ သာသနာတော်နှစ် ၂၅၅၀ ပြည့်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခု၊ ပြာသိုလပြည့်ကျော် (၈)ရက်နေ့။

လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ကြိုးစားအားထုတ်လို့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ ပြီးမြောက်အောင်မြင်ခဲ့ကြပြီ။

အဲဒီတော့ တရားတော်ဟာ **"ယထာဘူတ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော"**။

အမြင်မှန်ရရေး ဆရာရှာကြရတာ။

ဘုရားရှိရင် ဘုရား၊ ဘုရားမရရင် အဂ္ဂသာဝက၊ အဂ္ဂသာဝက မရရင် ရဟန္တာအရှင်မြတ်တွေ၊ ရဟန္တာအရှင်မြတ် မရရင် အနာဂါမ်၊ အနာဂါမ် မရရင် သကဒါဂါမ်၊ သကဒါဂါမ် မရရင် သောတာပန်၊ သောတာပန် မရရင် ပုထုဇဉ် အသင်အကြား အမြင်များတဲ့ ပုဂ္ဂိုလ်တွေ ရှာကြရတယ်။ အသင်အကြား တရားအမြင်များသည့် ပုဂ္ဂိုလ်ထဲက ပထမဆုံး ပိဋကတ်သုံးပုံဆောင် ရရင်ရ၊ မရရင် ပိဋကတ် နှစ်ပုံဆောင်၊ ပိဋကတ်နှစ်ပုံဆောင် မရရင် နိကာယ်တစ်ခု၊ နိကာယ် တစ်ပုံဆောင် မရရင် မဟာသတိပဋ္ဌာနသုတ္တန် ဒေသနာတော်မြတ်ကြီးကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ သေသေချာချာသိတဲ့ ဆရာကို ရှာကြရတယ်။ အဲဒါမှမရရင် ကမ္မဋ္ဌာန်းအားထုတ်တဲ့နည်း၊ အာနာပါနဆိုရင် အာနာပါနကမ္မဋ္ဌာန်းကို သိရှိတဲ့ဆရာ၊ ဝေဒနာကမ္မဋ္ဌာန်းဆိုရင် ဝေဒနာ ကမ္မဋ္ဌာန်းနဲ့ ပတ်သက်ပြီး သိရှိတဲ့ဆရာပဲ ရှာဖို့လိုအပ်ပါတယ်။

တဖြည်းဖြည်း နောက်ဆုတ်လျှော့ပြီးတော့ ဆရာရှာလာကြတာ။ ဘာကြောင့်လဲဆိုရင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံကာနီးတဲ့အခါ ငါဘုရားတော့ ပရိနိဗ္ဗာန်စံပြီ၊ သင်တို့ကို ဆုံးမမယ့်ဆရာက ဓမ္မ၊ ဝိနယပဲ။ ဓမ္မ ဝိနယ ဆိုတာ ပိဋကတ်သုံးပုံပါပဲ။

http://www.dhammadownload.com



အဲဒီ ပိဋကတ်သုံးပုံဟာ ကမ္မဋ္ဌာန်းပြတဲ့ ပုဂ္ဂိုလ်ရဲ့ ပဲ့ကိုင် ပဲ့နင်းကြီး ဖြစ်တယ်။ တရားအားထုတ်ကြတဲ့ ပုဂ္ဂိုလ်များအဖို့လဲ အဲဒါ ပဲ့ကိုင် ပဲ့နင်းပဲ။

အဲဒီစာမပါလို့ မပြီးဘူး။ ဟိုတုန်းက တစ်ချို့ ပုဂ္ဂိုလ်တွေဟာ တရားပြကြတဲ့အခါမှာ သူပြနေတဲ့ ကမ္မဋ္ဌာန်းက ဆရာသမားစီက သင်ကြားပြီး ပြတာပဲ။ စာအုပ်တွေ ကြည့်ပြီးတော့ ပြတာပဲ။

ဒါပေမယ့် စာတတ်လို့ရှိရင် စာခံတယ်ဆိုတဲ့ စကားလုံးတွေ၊ ပြီးတော့ ဘုရားစကားတော်တွေ၊ ပရိတ်ရွတ်တာတို့ ဓမ္မစကြာရွတ်တာ တို့ကို “အရွတ်ဟာ ဝါးမရဘူး”ဆိုတဲ့ စကားလုံးတွေနဲ့ စာတွေကို ပုတ်ခတ်တယ်။ စာပုတ်ခတ်တာဟာ ဘုရားပုတ်ခတ်တာနဲ့ အတူတူပဲ။

ပထမ မိုးညှင်းဆရာတော်ဘုရားကြီးက ရန်ကုန်မြို့ မိုးညှင်း တိုက်သစ်ကို တည်လတ့ဲဖြစ်တဲ့ ဆရာတော်ဟာ (၂၅)နှစ်တိုင်တိုင် မိုးညှင်းကျောင်းတိုက်ထဲမှာ တရားဟောတယ်။ (၂၅)နှစ် ဟောသွား တာ ဘယ်သူမှ ပုတ်ခတ်သံမကြားလိုက်ဘူး။ ဘယ်သူမှ ပုတ်ခတ်တာ မတွေ့ရဘူး။

ဒါကြောင့် သူတစ်ပါးကို မပုတ်ခတ်တဲ့ ဂုဏ်ကျေးဇူးဟာ ဆရာတော် ဦးဣန္ဒြိယမှာ ရှိတယ်လို့ ချီးကျူးဖူးတယ်။

မိုးညှင်းဆရာတော်က ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘုရားကြီးထံမှ လက်ပန်းတောင်းတောင်မှာ တရားယူတယ်။

မိုးညှင်းဆရာတော်က လယ်တီဆရာတော်ကြီးရဲ့ ဆုံးမစကား တသွေမတိမ်း လိုက်နာပြီးတော့ ကျင့်တာ။ တစ်နေ့ကျတော့ ရန်ကုန် ခြောက်ထပ်ကြီးကျောင်းတိုက်ကို ရောက်လာတယ်။ သံဃာတော် (၄၀၀)၊ (၅၀၀) စာပေ ပို့ချနေတဲ့ ခြောက်ထပ်ကြီးကိုး။ တရားပြနေတဲ့

http://www.dhammadownload.com



မိုးညှင်းဆရာတော်က ဘာလျှောက်သလဲဆိုတော့ "အရှင်ဘုရားတို့က ပွဲကမှန်မှန်ကိုင်ပေးပါ ဘုရား၊ တပည့်တော်တို့က ဦးကပေါက်သွားပါမယ်"လို့ လျှောက်တယ်။

အဲဒီလို လျှောက်တာကို ခြောက်ထပ်ကြီးဆရာတော်က ဘုန်းကြီးတို့ကို ပြောဖူးတယ်။ မိုးညှင်းဆရာတော်ကြီးက အင်မတန် အပြောကောင်းတာပဲ။ ခြောက်ထပ်ကြီးကျောင်းတိုက်ကို လာပြီးတော့ ပြောဖူးတယ်။

"အရှင်ဘုရားတို့က မှန်မှန်ပွဲကိုင်ပေးပါ၊ တပည့်တော်တို့က ဦးကပေါက်သွားပါ့မယ်"တဲ့။

ဒီလယ်တီဝိပဿနာရဲ့ ဆောင်ပုဒ်ကလဲ -

**"သုံးပုံပိဋကတ် ပရိယတ္တိသည် သာသနာတော်၏ အမြစ်၊**

**သီလ သမာဓိ ပညာ ကျင့်စဉ်သုံးပါး ပဋိပတ်တရားသည် သာသနာတော်၏အနှစ်"**

**"အမြစ်ရေလောင်းပါ၊ အနှစ်ကို သုံးဆောင်ပါ"**

သာသနာတော်ရဲ့ အနှစ်၊ သီလ သမာဓိ ပညာ အနှစ်သာရတွေ၊

ယောဂီသူတော်စင်များ အနှစ်သုံးစွဲနေကြတာပါပဲ။ မိုးညှင်းဆရာတော်ဘုရားကြီးစီ ကိုရင် (၁၂)နှစ်သားအရွယ်က မုံရွာမြို့ သပြေပင်တောရမှာ နေစဉ် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးတွေက လိုက်ပို့လို့ ကိုရင် (၁၀)ပါး၊ (၁၅)ပါးလောက် သွားကြတာ၊ ဆရာတော်ကြီး ကန်တော့ကြတာ ဆရာတော်ကြီးက ဘုန်းကြီးကိုခေါ်တယ်။ အနားနားခေါ်ပြီးတော့ "ဘာစာကျက်သလဲ"၊ "သဂြိုဟ်ပါဘုရား"၊ "စာကြိုးစား၊ စာကြိုးစား"။

http://www.dhammadownload.com



အဲဒီတုန်းက ခေါင်းမှာဒက်ရှိတယ်၊ ဆရာတော်က ခေါင်းကို ပုတ်ပြီးတော့ စာကြိုးစားလို့ မိန့်ခဲ့ဖူးတယ်။ ဆရာတော်ကြီးက မရွှံဘူး လားမသိဘူး။ ခေါင်းမှာလဲ ဒက်တွေနဲ့၊ လက်ဝါးနဲ့ ပွတ်တယ်လို့ အခြားကိုရင်တွေက ပြောကြတယ်။

"အေးကွ ငါလဲ ဘာမှမသိဘူး။ ဆရာတော်ကြီးက လာပါဆိုလို့ သွားတာပဲ"လို့ ပြန်ပြောခဲ့တယ်။ ဆရာတော်ဘုရားကြီးရဲ့ လက်တွေက နူးညံ့တယ်၊ ဘုန်းရှင်ကံရှင်တို့ရဲ့လက်ဟာ နူးညံ့တယ်။

ဘုန်းရှင်ကံရှင်ဖြစ်သော်လဲ ဆရာတော်ဘုရားကြီးက တရား မမေ့ဘူး၊ တရားနဲ့နေတာ။

ဘုန်းကြီးတို့ ပခုက္ကူအလယ်တိုက်ကြီးမှာနေစဉ် ဆရာတော် ဘုရားကြီး ပျံလွန်တော်မူပါတယ်။ အဲဒီနေ့က မြေငလျင်လှုပ်တယ်လို့ သိရပါတယ်။ ဘုန်းဘယ်လိုပဲကြီးကြီး၊ သူတော်ကောင်းများ တရား မမေ့ကြဘူး။

တစ်ချိန်မှာ သိကြားမင်းကြီး နတ်သမီးတွေနဲ့ ဥယျာဉ်တော်ကို ထွက်လာတယ်။ သိကြားမင်း စီးနေကြ ဧရာဝဏ်ဆင်ကြီး စီးပြီးတော့ ဆင်ပေါ်ကနေပြီး လက်အုပ်ချီပါတယ်။

လက်အုပ်ချီနေတော့ မာတလိနတ်သားက "အရှင်သိကြားမင်း ဘယ်ကိုလက်အုပ်ချီနေတာလဲ၊ အရှင်သိကြားမင်းကြီးထက် ကြီးကဲတဲ့ ပုဂ္ဂိုလ်များ ရှိသေးလို့လား"လို့ မေးတယ်။

သိကြားမင်းကြီးက "လူတွေကို ရှိခိုးတာပါ"။

"ဘယ်နှယ့်လဲ လူတွေက နတ်ကိုရှိခိုးကြတယ်။ အခု အရှင် သိကြားမင်းက လူကို ရှိခိုးတယ်။ ဘယ်လိုလူကို ရှိခိုးသလဲ"ဆိုတော့

http://www.dhammadownload.com



**ယေဂဟဋ္ဌာ ပုညကရာ၊ သီလဝန္တော ဥပါသကာ။**
**ဓမ္မေန ဒါရံ ပေါသေန္တိ၊ ယေနမဿာမိ မာတလိ။**

"သာမန်လူတွေကို ငါရှိမခိုးဘူး၊ လူနဲ့တူတဲ့၊ လူကြံကြံ၊ လူကျင့်ကျင့်တဲ့ လူတွေကို ငါရှိခိုးတယ်"။

"သိကြားမင်းကြီး ရှိခိုးတဲ့ ပုဂ္ဂိုလ်တွေက ဘယ်လိုပုဂ္ဂိုလ်တွေလဲ"

"လူတွေမှာ ကုသိုလ်ပြုတဲ့ ပုဂ္ဂိုလ်တွေရှိတယ်။ သူတို့ကို ရှိခိုးတယ်။ သီလရှိတဲ့ ပုဂ္ဂိုလ်တွေ၊ အခု ယောဂီသူတော်စင်များ အပြန် ခရီးမှာ (၈)ပါးသီလ (အာဇီဝဋ္ဌမကသီလ) ပေးလိုက်တာပါပဲ။

အာဇီဝဋ္ဌမကသီလဟာ ကမ္ဘာစောင့်သီလပါပဲ။ ကမ္ဘာကြီး တစ်ခုလုံးဟာ အသက်မွေးဝမ်းကြောင်းနဲ့ ပတ်သက်ပြီးတော့ ကာယ ဒုစရိုက် (၃)ပါး၊ ဝစီဒုစရိုက် (၄)ပါးနဲ့ အဲဒီ ဒုစရိုက်တွေနဲ့ အသက် မွေးဝမ်းကြောင်းပြုနေတဲ့ အသက်မွေးမှုမှ ရှောင်ကြဉ်ခြင်းဆိုတဲ့ ဒီသိက္ခာပုဒ်အပါအဝင် အာဇီဝဋ္ဌမကသီလ၊

အာဇီဝဋ္ဌမကသီလ စောင့်ရင် အသက်မွေးဝမ်းကြောင်း စင်ကြယ်မယ်။ အသက်မွေးဝမ်းကြောင်း စင်ကြယ်ရင် ကိလေသာမှ စင်ကြယ်ပြီး ဝဋ်ဒုက္ခခပ်သိမ်းငြိမ်းမယ်။

ဥပါသကာ ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်တဲ့ ဥပါသကာ တွေ၊ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တဲ့ ဥပါသိကာတွေကို ငါရှိခိုးတယ်။

အိမ်ထောင်သက်မွေးမှုမှာ မတရားနည်းကိုရှောင်ပြီး တရားတဲ့ နည်းနဲ့ အသက်မွေးဝမ်းကြောင်းပြုနေကြတဲ့ ပုဂ္ဂိုလ်တွေရှိတယ်။ တရား သောနည်းလမ်းနဲ့ အသက်မွေးနေကြတဲ့ ပုဂ္ဂိုလ်များကို ငါရှိခိုးတယ်။

http://www.dhammadownload.com



အဲဒီလိုပြောပြီး ကြည့်လိုက်တဲ့အခါ ဘုန်းကြီးတို့ ၁၉၅၆-၅၇ တုန်းက ဗိုလ်ရှုခံသဘင်ဆိုတာ ရှိတယ်။ ဗိုလ်ရှုခံသဘင် ကျင်းပသလိုပဲ သိကြားမင်းကြီးဟာ ဥယျာဉ်တော်မှာ စတုမဟာရာဇ်၊ တာဝတိံသာ နတ်တွေနဲ့ အသိုင်းအဝိုင်းနဲ့ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား ဗိုလ်ရှုခံသဘောမျိုးသွားတဲ့ပွဲသဘင်ပါပဲ။

အဲဒီတော့ စဉ်းစားမိတယ်။ "ငါ့စည်းစိမ်တွေက သိပ်ကြီးကျယ်တာပဲ၊ ရှေ့နောက်ဝဲယာ ခြံရံထားတာ အင်မတန်များတာပဲ။ သို့သော်လဲ ဒီစည်းစိမ်တွေဟာ တစ်နေ့နေ့ တစ်ချိန်ချိန်တော့ ကံကုန်တဲ့အခါ စုန်းစုန်းမြုပ်ပြီး သွားနိုင်တယ်။"

အဲဒီလို စဉ်းစားနေတုန်းပဲ မြတ်စွာဘုရားရဲ့ ရွှေမျက်နှာတော်ကို ကွက်ကနဲ မြင်လာတယ်။ မြတ်စွာဘုရားစီ သွားအုန်းမှပါဆိုပြီး အဲဒီ ပရိသတ်တွေကို ဘာမှမပြောခဲ့ဘူး။ နတ်ပရိသတ်တွေ မပြောခဲ့ပဲနဲ့ မြတ်စွာဘုရားထံ ရောက်လာတယ်။

"အရှင်ဘုရား တဏှာကုန်ကြောင်းဖြစ်တဲ့ တရားတိုတိုလေး ဟောကြားတော်မူပါ"လို့ ဆိုတော့ မြတ်စွာဘုရားက ဝေဒနာကမ္မဋ္ဌာန်း ပေးတာပါပဲ။ သောတာပန်ဖြစ်ခဲ့တာလဲ ဝေဒနာကမ္မဋ္ဌာန်းနဲ့ ဖြစ်ခဲ့တာပါပဲ။

အဲဒီတော့ ဝေဒနာကမ္မဋ္ဌာန်း၊ ဆင်းရဲတဲ့ဝေဒနာလဲ မမြဲဘူး၊ ချမ်းသာတဲ့ဝေဒနာလဲ မမြဲဘူး၊ ချမ်းသာဆင်းရဲ မထင်ရှားတဲ့ အဒုက္ခမသုခ ဝေဒနာလဲ မမြဲဘူး။

အဲဒီ မမြဲတဲ့ဓမ္မ အနိစ္စလက္ခဏာကိုသာ အမြဲကိုင်ထား တဏှာငြိမ်းနိုင်ပါတယ်လို့ မြတ်စွာဘုရားက ဒီတရားဟောလိုက်တယ်။

http://www.dhammadownload.com



သိကြားမင်းကြီးက သာစုခေါ်ပြီး ပြန်သွားတယ်။ သာစုသံက တော်တော်လေး မြည်သွားတော့ အရှင်မောဂ္ဂလာန်မထေရ်က "အင်း ဒီသာစုသံ ဘယ်သူ့သာစုသံလဲ" ဆင်ခြင်လိုက်တော့ သိကြားမင်း သာစုသံလို့ သိတယ်။

သိကြားမင်း လိုက်မေးအုံးမှပဲ။ သာစုခေါ်တာ မြတ်စွာဘုရား ဘာတရားဟောလို့လဲ ပြန်ဟောစမ်းပါ တရားနာချင်တယ်ဆိုပြီး နတ်ပြည်လိုက်သွားတယ်။

ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီး နတ်ပြည်လိုက်လာတာကို သိကြားမင်းကြီး သိတယ်။ ဒါပေမယ့် သိကြားမင်းကြီးက မေ့ဆေး တွေနဲ့ ထုံမွှန်းနေတော့ မြတ်စွာဘုရားဟောလိုက်တဲ့ တရားကလဲ ခဏပဲ မှတ်မိတယ်၊ မေ့နေတယ်။ ဘာတရားဟောမှန်းတောင်မှ စဉ်းစားလို့မရဘူး။

ဟိုမှာ အသိုင်းအဝိုင်းတွေနဲ့ နတ်သမီး နတ်သားတွေနဲ့ မြူးလို့ ကလို့ ခုန်လို့ဆိုတော့ တရားမေ့နေတယ်။ မေ့နေတာကိုလဲ အရှင် မောဂ္ဂလာန်မထေရ်က သိတော်မူတယ်။

သိကြားမင်းကြီးကလဲ ဒီအရှင်မြတ် မြတ်စွာဘုရား ဘာတရား ဟောသလဲဆိုတာ မေးဖို့လိုက်လာတာဆိုတာ သိတယ်။

"အရှင်ဘုရား ပဏ္ဍုကမ္ဗလာကျောက်ဖျာပေါ် ကြွပါအုံးဘုရား။ ဝေဇယန္တာ ပြာသာဒ်ပေါ် ကြွပါအုံး ဘုရား"။

"သိကြားမင်း ဟိုဟိုဒီဒီ ကြွမနေနဲ့ မေးစရာလေးရှိလို့ လာခဲ့တာ ပါ။ ညသန်းခေါင်ယံတုန်းက မြတ်စွာဘုရားစီမှာ တရားနာပြီးတော့ သာစုခေါ် သွားတဲ့ သိကြားမင်းရဲ့ အသံကြားလိုက်တယ်။ မြတ်စွာ ဘုရား ဘာတရားဟောလိုက်သလဲ။"

http://www.dhammadownload.com



သိကြားမင်းကြီးက ပြန်စဉ်းစားလို့မရဘူး၊ မေ့နေပြီး တရားကတော့ ခပ်တိုတိုလေးဟောတာပဲ။ သိကြားမင်းကြီးတောင်းလို့ ဟောတာပဲ။ သို့သော်လဲ မေ့နေပြီ။

မြတ်စွာဘုရား ဟောလိုက်တဲ့ ဝေဒနာသုံးပါးအပေါ်မှာ အနိစ္စလို့ မပြတ်မပြတ် မြင်အောင်ကြည့်လို့ ဟောလိုက်တာဟာ ပရိယတ်ပါပဲ။ အဲဒီ ဟောတဲ့တရားအတိုင်း ကျင့်တာ ရှုမှတ်တာက ပဋိပတ်ပဲ။

စာအုပ်ကြီးတွေ စာတွေရွတ်ဖတ်နေမှ ပရိယတ်မဟုတ်ဘူး။ ကမ္မဋ္ဌာန်းဆရာများ ဒီလိုအားထုတ်ရမယ်လို့ သင်ပေးတာ၊ မိမိက သင်ယူတာ အဲဒါ ပရိယတ်ပါပဲ။ အဲဒီအတိုင်း လိုက်ပြီးအားထုတ်တာဟာ ပဋိပတ်ပါပဲ။ အဲဒီ ပရိယတ်မရှိရင် ပဋိပတ် သာသနာကွယ်တာပဲ။

ဘုန်းကြီးတို့ အိန္ဒိယနိုင်ငံမှာ မဟာသတိပဋ္ဌာနသုတ္တန်ကြီးတွေ ဟောခဲ့တာ။ အဲဒီ သုတ္တန်ကြီးတွေ ပျောက်သွားပြီ။ ဗာရာဏသီမှာ ဓမ္မစကြာဟောခဲ့တာ၊ အခုအဲဒီမှာ ဓမ္မစကြာပျောက်သွားပြီ။

တရားပျောက်သွားတော့ ဘုရားပျောက်သွားတာပဲ။ ဒါကြောင့် ကျေးဇူးတော်ရှင် ပထမလယ်တီဆရာတော်ဘုရားကြီးရဲ့ ဓမ္မဒီပနီဆိုတဲ့ ကျမ်းကြည့်လိုက်တဲ့အခါကျတော့ မြင်တာနဲ့ ပတ်သက်ပြီးတော့ နားရှုက်မခတ်နဲ့။ ကြားတာနဲ့ ပတ်သက်ပြီး နားရှုက်မခတ်နဲ့။

ဘာကြောင့် ဒီလိုစကားတွေ ပြောသလဲဆိုတော့ နားရွက်ခတ်တယ်ဆိုတာ မြင်တာနဲ့ပတ်သက်ပြီး မကဲ့ရဲ့နဲ့၊ တစ်ချို့ပုဂ္ဂိုလ်များက ရဟန်းတော်တွေ ဖြစ်သလိုဝတ်၊ ဖြစ်သလိုစားပြီး သွားနေကြတာတွေ ရှိတယ်။

http://www.dhammadownload.com



သို့သော်လဲ သီလကရှိနေတာ။ အဲဒါသွားပြီး ကဲ့ရဲ့မှာစိုးလို့ ဆရာတော်ဘုရားကြီးက နားရွက်မခတ်နဲ့တဲ့။ နားရွက်ခတ်လို့ရှိရင် အပါယ်ကျမယ်သာမှတ်တဲ့။

အဲဒီလို မကြာသေးမီကပဲ ဘုန်းကြီးတို့ ပေစာကနေကူးယူပြီး ပုံနှိပ်တဲ့ ဓမ္မဒီပနီဆိုတာ ရှိတယ်။ အဲဒီတော့ လွယ်လွယ်လေး ပြောကြဆိုကြတာတွေရှိတယ်။

ထားပါတော့၊ သိကြာမင်းကြီးက တရားမေ့တယ်။ မေ့တဲ့အခါ အရှင်မောဂ္ဂလာန်က စတုတ္ထစျာန်ဝင်စားပြီးတော့ ဝေဇယန္တာ ပြသာဒ်ကြီးကို ခြေမနဲ့ညှပ်ပြီး လှုပ်တာကိုး။

ဆူနာမီရေလှိုင်းထက် ပြင်းထန်တဲ့ ဝေဇယန္တာပြသာဒ်ကြီး လှုပ်ရှားမှုဖြစ်တော့ သိကြားမင်းရော၊ နတ်သား၊ နတ်သမီးတွေရော ထောက်တည်ရာမရ ဖြစ်ကြတယ်။

အဲဒီလိုဖြစ်တော့ လန့်သွားတယ်ပေါ့။ အဲဒီကျတော့မှ "အော် ဒီငါ့ချမ်းသာတဲ့ဝေဒနာလဲ ခဏချင်းပျက်စီးနိုင်ပါလားလို့ သတိရပြီး၊ အော် သတိရပြီ"။

အရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်က ပြသာဒ်ကြီးလှုပ်ပြီးတော့ မေ့ဆေးပြေအောင် လုပ်ပေးတော်မူရတယ်။ သိကြားမင်းကြီး မေ့ဆေး ပြေအောင်လို့ ခြောက်လှန့်ပေးရတယ်။ အဲဒီကျမှ သိကြားမင်းကြီး မေ့ဆေးပျယ်ပြီး သတိရလာတယ်။ အော် ချမ်းသာတဲ့ သိကြားမင်း စည်းစိမ်ကြီးဟာ မမြဲပါလား။

သဘောပေါက်ပြီးတော့ "အရှင်ဘုရား တပည့်တော် မနေ့ညက မြတ်စွာဘုရားထံက နာကြားလာတဲ့တရား သတိရပါပြီ။ မြတ်စွာဘုရားက ချမ်းသာတဲ့ဝေဒနာ မမြဲဘူး။ ဆင်းရဲတဲ့ဝေဒနာလဲ

http://www.dhammadownload.com



မမြဘူး။ ချမ်းသာဆင်းရဲ မထင်ရှားတဲ့ အဒုက္ခ မသုခ ဝေဒနာလဲ မမြဲဘူးလို့ ရှု"။

အကျဉ်းချုပ်ဆိုမှတော့ တကယ့်ကို အကျဉ်းချုပ်တရားကို ဟောလိုက်ပါတယ်ဘုရား။ သိကြားမင်းကြီး တစ်ချိန်က မြတ်စွာဘုရား စီ ရောက်တဲ့အခါတုန်းကတော့ ပြဿနာ (၁၄)ချက်မေးတာ။ အဲဒီ တုန်းကလဲ ဝေဒနာနဲ့ပတ်သက်ပြီးတော့ မြတ်စွာဘုရား ဖြေတော်မူ တယ်။ ဥပေက္ခာဝေဒနာ ဖြေကြားမှုရဲ့အဆုံးမှာ သောတာပန် ဖြစ်ခဲ့တာကိုး။ ဒါကြောင့် ဝေဒနာကမ္မဋ္ဌာန်းကိုပဲ မြတ်စွာဘုရားက ပေးတော်မူတာပါပဲ။

ယောဂီသူတော်စင်များ ဝေဒနာဆိုတာ ဒုက္ခဝေဒနာလဲ ခံစား ခဲ့ကြပြီ၊ သုခဝေဒနာလဲ ခံစားခဲ့ကြပြီ။ မြန်မာပြည်မှာတော့ ကျေးဇူး တော်ရှင် လယ်တီဆရာတော် ဘုရားကြီးက "ခံစားစံစား စကားနှစ်ထွေ တရားနေမှာ ဝေဒနာခေတ် ခန္ဓာမှတ်လော့"လို့ ရေးပြီး အသိဉာဏ် ပေးတော်မူခဲ့တယ်။

မြန်မာလိုက ခံစားတယ်၊ စံစားတယ်၊ ပါဠိလိုက ဝေဒနာ။ ဝေဒနာလို့ ပြောလိုက်တာနဲ့ တစ်ပြိုင်နက်ထဲ ခံစားတယ်၊ စံစားတယ်လို့ သိနေကြတယ်။

ဆိုကြပါစို့၊ ချမ်းသာတဲ့ဝေဒနာကို လူတိုင်းသဘောကျလို့၊ ဆင်းရဲတဲ့ဝေဒနာကျတော့ လူတိုင်းသဘောမကျဘူး။ တစ်ခါတစ်ရံ သွားကိုက်တယ်၊ နားကိုက်တယ်၊ တစ်ခါတစ်ရံလေထိုးတယ်။ လယ်တီ ဆရာတော်ရဲ့ လက်ရုံးဖြစ်တဲ့ သေက္ခတောင်ဆရာတော် ဦးတိလောက လေထိုးလို့ ပျံတော်မူရှာတယ်။ လေထိုးတယ် ဒုက္ခဝေဒနာပါပဲ။ အခြေခံတရားမရှိရင် ရှုဖို့အင်မတန်ခက်တဲ့ ဝေဒနာပါပဲ။

http://www.dhammadownload.com



အဲဒီ အသုံးမကျတဲ့ ဒုက္ခကို မြတ်စွာဘုရားက တရားအဖြစ်နဲ့ ပြတယ်။ အသုံးမကျတဲ့ ဒုက္ခကိုပဲ အကြောင်းပြုပြီးတော့ ကုသိုလ်ရတဲ့ နည်းကိုပြတာ။ ဒုက္ခကို အဖိုးတန်အောင် ပြုလုပ်တဲ့နည်းပေးတာ။

မြတ်စွာဘုရား တရားပေးထားတာ ပရိယတ်တွေပဲ။ ကမ္မဋ္ဌာနာစရိယဆရာများက ပြောဟောတာဟာလဲ ပရိယတ်ပါပဲ။ အဲဒီ ပရိယတ်လမ်းကြောင်းအတိုင်း အားထုတ်ကြတာဟာ ပဋိပတ်။

ဒါကြောင့် ယောဂီများ ပရိယတ် အခြေခံပြီးတော့ ပဋိပတ်ဝန်ထမ်းတွေ ဖြစ်တယ်။ ပဋိပတ္တိဟာ သာသနာတော်ရဲ့ အနှစ်သာရပဲ။ **အနှစ်မရှိတာ အပွေး၊ အခေါက်၊ အကာ မရှိလို့ပဲ။ သစ်ပင်ကြီး** တစ်ပင်လိုပဲ။

နောက်ဆုံးကျတော့ အဂ္ဂသာဝက အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး၊ အရှင်အဿဇိထံမှ -

**ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံတထာဂတော အာဟ။**

**တေသဉ္စယော နိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော။**

ဒို့ဆရာဖြစ်တဲ့ မြတ်စွာဘုရားက အကျိုးအကြောင်းပဲ။

အကျိုးဖြစ်တဲ့ ဒုက္ခသစ္စာ၊ အကြောင်းဖြစ်တဲ့ သမုဒယသစ္စာ၊ အကျိုးဖြစ်တဲ့ နိရောဓသစ္စာ၊ အကြောင်းဖြစ်တဲ့ မဂ္ဂသစ္စာ၊ သစ္စာလေးပါး အကျဉ်းချုပ်ကလေးဟော်တာ။

"ယေဓမ္မာ ဟေတုပ္ပဘဝါ"ဆိုတဲ့ ပရိယတ်အသံကို မကြားခင်က အဂ္ဂသာဝက ပညာတေဒဂ်ရလောင်းလျာဖြစ်တဲ့ ဥပတိဿ ပရိဗိုဇ်ကြီးဟာ ဘာမှတရားမရဘူး။

အရှင်အဿဇိစီက "ယေဓမ္မာ ဟေတုပ္ပဘဝါ"ဆိုတဲ့ ဂါထာကြားရတယ်။ အဲဒါ ပရိယတ်ပါ။

http://www.dhammadownload.com



အဲဒီဂါထာမှာလာတဲ့ အဓိပ္ပါယ်အတိုင်း ကျင့်ကြံတာဟာ ပဋိပတ်ပါပဲ။

ဒါကြောင့် ယောဂီသူတော်စင်များ ဘုန်းကြီးတို့ လယ်တီဝိပဿနာ ဆောင်ပုဒ်က -

**ပရိယတ္တိ = ပိဋကတ်သုံးပုံ တရားတော်သည် အမြစ်၊**

**ပဋိပတ္တိ = သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်သည် အနှစ်၊**

**အမြစ်ရေလောင်းပါ၊ အနှစ်ကို သုံးဆောင်ပါ။**

စာသင်တိုက်ကြီးတွေ ဘုရားစကားတော်တွေကို တန့်ဖိုးထားပြီးတော့ ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ စာသင်တိုက်ပေါင်း (၅၀၀)ကျော်လောက်ရှိပါတယ်။ အနည်းဆုံး စာချဆရာတော်ပေါင်း (၅၀၀၀)ကျော်လောက်ရှိပါတယ်။ နေ့ညမပြတ် သင်ဟောနေကြ၊ ပို့ချနေကြတယ်။ ဘုရားစကားတော်တွေ ပျောက်သွားမှာစိုးလို့နော်။

ဘုရားစကားတော် ပျောက်သွားရင် ကျင့်နည်း၊ ကြံနည်းတွေလဲ ပျောက်သွားမယ်။

ဒါကြောင့် ပဋိပတ္တိ သီလ သမာဓိ ပညာ သိက္ခာသုံးပါး အကျင့်တရားသည် သာသနာတော်၏အနှစ်။

ပရိယတ္တိ = အမြစ်ရေလောင်းပါ။

ပဋိပတ္တိ = အနှစ်သုံးစွဲပါ။

အမြစ်ရေလောင်းဆိုတာ ပရိယတ္တိ သင်ဟောပို့ချနေကြတဲ့ ပုဂ္ဂိုလ်များ မပုတ်ခတ်ပဲ သံဃာတော်အရှင်မြတ်ကြီးတွေ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ရရှိအောင် တစ်ဖက်တစ်လမ်းက ထောက်ပံ့ပေးကြဖို့ လိုပါတယ်။

http://www.dhammadownload.com



စာပေက ညွှန်းပြထားတဲ့ တရားတော်တွေရှိနေလို့ ကမ္မဋ္ဌာနာစရိယများက တရားပြနိုင်ကြတာပါ။ အဲဒီစာတွေသာ မရှိရင် တရားမပြနိုင်ဘူး။

သို့သော်လဲ ပင်ရင်း ကျေးဇူးရှင်တွေကိုမေ့ပြီး နေတတ်ကြပါတယ်။ ဥပမာတစ်နည်းနဲ့ပြောရင် သာသနာတော်သုံးရပ်ရှိရာ ပရိယတ်သည် ကန်ဘောင်ကန်ရိုးနဲ့ တူတယ်။ ပဋိပတ်က ရေနဲ့တူတယ်။ ပဋိဝေဓမဂ်ဖိုလ်နိဗ္ဗာန်က ကြာပင် ကြာငုံ ကြာပွင့်နဲ့တူတယ်။ လူအများက ကန်ဘောင်ကန်ရိုးပေါ်က ရပ်ပြီး ရေနဲ့ကြာကိုပဲ ချီးမွမ်းနေကြတယ်။ ကန်ဘောင်ကန်ရိုးတော့ မချီးမွမ်းချင်ဘူး။ ကန်ဘောင်ခိုင်ခံ့ဖို့ လိုတယ်။

ဒါကြောင့် ဘုန်းကြီးတို့က အားလပ်တဲ့အခါ စာလဲချတယ်။ အခွင့်သင့်တဲ့အခါ တရားလဲဟောတယ်။ ယောဂီများကိုလဲ တရားအားထုတ်နည်းတွေ ပြပေးတယ်။

ဘာကြောင့်လဲ စာတတ်လို့ပါပဲ။ စာမတတ်ပဲနဲ့ကတော့ မဟောနိုင်ဘူး။ ယောဂီသူတော်စင်များ တစ်ရာ့သုံးကြိမ်မြောက်မှာ တရားဟောတာ (၉)ကြိမ်ပဲ။

ဘုန်းကြီးရဲ့ ပင်ထွက်အသိဉာဏ်နဲ့ ဟောတာမရှိပါဘူး။ ဘုရားစကားတော်တွေ၊ ဆရာသမားများဖြစ်ကြတဲ့ ကုန်းသာ၊ ပခုက္ကူ၊ မန္တလေး၊ မုံရွာတို့ ဆရာအဆက်ဆက်တွေထံမှာနေပြီး ဆရာတော်ဘုရားကြီးများထံက သင်ကြားလာခဲ့တဲ့ တရားတွေကို ယောဂီသူတော်စင်များအား ဖောက်သည်ချရတာပါပဲ။ ခေါင်းရွက်ဗျက်ထိုးလက်လီရောင်းရတာပဲ။

ဖောက်သည်ချတဲ့အနေအားဖြင့် ဟောကြားထားတဲ့ တရားတော်များ၊ ကမ္မဋ္ဌာနာစရိယများက ပိဋကတ်သုံးပုံမှ လိုရာလိုရာ

http://www.dhammadownload.com



ထုတ်နှုတ်ဟောကြားထားတဲ့ တရားတော်များ ကျင့်ကြံကြိုးကုတ် အားထုတ်ခွင့်ရခဲ့ကြပြီ။

တရားစခန်းအတွင်းမှာသာ အားထုတ်မနေကြပဲ ဆက်လက်ပြီးတော့ ဌာနအသီးသီး၊ နေရာအသီးသီး ရောက်တဲ့အခါမှာလဲ နေ့ရှိသရွေ့ ညဉ့်ရှိသရွေ့ အခြားအခြားသော မေ့ဆေးတွေကို ဘေးဖယ်ထားပြီး တရားအာရုံနဲ့ အချိန်များများလေး ထုံနိုင်ကြဖို့ အရေးကြီးတယ်။ တရားအာရုံများများ ထုံနိုင်မှ ဝဋ်ဒုက္ခခပ်သိမ်း ငြိမ်းကြမှာပါပဲ။

**ပမာဒံ ဘယတော ဒိသွာ၊ အပမာဒဉ္စ ခေမတော။**

**အပမတ္တာ သဒါ ဟောထ၊ ဧသော ဗုဒ္ဓါ နုသာသနီ။**

ပမာဒံ= မေ့လျော့ပေါ့ဆခြင်းကို၊ ဘယတော= ကြောက်ဖွယ် အနေအားဖြင့်၊ ဒိသွာ ပဿန္တု= မြင်နိုင်ကြပါစေ။ အပမာဒဉ္စ= မမေ့ မလျော့ မပေါ့မဆ တရားအာရုံ ထုံ၍နေခြင်းကို၊ ခေမတော= ဘေးဘျမ်းကင်းကွာ အေးချမ်းသာသည့် အနေအားဖြင့်၊ ဒိသွာ-ပဿန္တု= မြင်နိုင်ကြပါစေ။ သဒါ= အခါခပ်သိမ်း၊ အပ္ပမတ္တာ= မမေ့ မလျော့ မပေါ့ဆကြကုန်သည်၊ ဟောထ-ဟောန္တု= ဖြစ်ကြပါစေကုန် သတည်း။ ဧသော= ဤမေ့လျော့ပေါ့ဆခြင်းကို ဘေးဟုမြင်, မမေ့မလျော့ မပေါ့ဆခြင်းကို ဘေးဘယာကင်းကွာ အေးချမ်းသာသည့် အနေအား ဖြင့် မြင်ကြပါဟု တိုက်တွန်းနှိုးဆော်တော်မူခြင်းသည်၊ ဗုဒ္ဓါနံ= ဆူဆူထွန်ထွေ မြတ်ဘုရားတို့၏၊ အနုသာသနီ= သွန်သင်ဆုံးမ နည်းလမ်းပြချက်ကြီး ဖြစ်ပါပေသတည်း။

သာဓု - သာဓု - သာဓု

*****

http://www.dhammadownload.com



# လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
# လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ
# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
# တွဲဖက်အကျိုးတော်ဆောင်(၁)
# ကလေးဝတောရဆရာတော်
# ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
# အဂ္ဂမဟာပဏ္ဍိတ
# ပရိယတ္တိသာသနဟိတဓရ
# လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ
# ၏
# နိဂုံးစကား

မြတ်စွာဘုရား၏ အဆုံးအမသာသနာတော်သည်၊ ဝါ။ မြတ်စွာဘုရား၏ စကားတော်သည် ပိဋကအားဖြင့် သုံးပုံ၊ နိကာယ်အားဖြင့် ငါးရပ်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်၊ ရသ၏ အစွမ်းဖြင့် တစ်ပါးရှိ၏ စသည်ဖြင့် ခွဲခြားရသည်။ ထို့တွင် ရသ၏ အစွမ်းဖြင့် တစ်ပါးကား "ဝိမုတ္တိရသ"ပင်တည်း။

**ဝိမုတ္တိရသအရ**

ရသ အရသာသည် (၄)မျိုးရှိ၏။ အရသာမျိုးစုံသည် ရသာယတန မည်သည်။

ဖိုလ် (၄)ခု စိတ္တုပ္ပါဒ်သည် အတ္ထရသ မည်သည်။ မဂ် (၄)ခု စိတ္တုပ္ပါဒ်သည် ဓမ္မရသ မည်သည်။ နိဗ္ဗာန်သည် ဝိမုတ္တိရသ မည်သည်။

http://www.dhammadownload.com



"ဝိမုတ္တိ သုခ ပဋိသံ ဝေဒီတိ ဝိမုတ္တိသုခံ ဖလသမာပတ္တိ သုခံ ပဋိသံဝေဒိယမာနော နိသိန္နော ဟောတီတိ အတ္ထော"ဟု ပထမဗောဓိသုတ်အဖွင့်၌ကား ဝိမုတ္တိသုခအရ အရဟတ္တဖိုလ် ချမ်းသာကို ခံစားတော်မူလျက် နေတော်မူသည်ဟူသော စကားနှင့် အညီ ဝိမုတ္တိအရ ကိလေသာတို့မှ လွတ်ပြီးသော အရဟတ္တဖိုလ်ကို ကောက်ယူရသည်။

အရသာ မဟုတ်သော်လည်း ချိုမြိန်သာယာအပ်သော အနက်သဘောရှိကြသောကြောင့် ဖိုလ်လေးခု စိတ္တုပ္ပါဒ် ဟူသော အတ္ထ၊ မဂ်လေးခု စိတ္တုပ္ပါဒ်ဟူသော ဓမ္မ၊ နိဗ္ဗာန်ဟူသော ဝိမုတ္တိတို့သည် "ရသ"အမည်ရကြသည်။ အရသာမျိုးစုံ ရသသည် ပယ်မြစ်အပ်သော ရသဖြစ်သည်။

**ဝိမုတ္တိရသ**

ပင်လယ်သမုဒ္ဒရာ၏ အံ့ဖွယ်တို့ကို မဟာရာဒအသုရိန်က လျှောက်ထားရာ၌ သမုဒ္ဒရာ၏ တစ်ခုတည်းသော ဆားငံအရသာရှိသကဲ့သို့ ဗုဒ္ဓမြတ်စွာသာသနာတော်၌ သတ္တဝါတို့ကို ပူပန်စေတတ်၊ နှိပ်စက်တတ်သည့် ကိလေသာတရားဆိုးတို့မှ လွတ်မြောက်ခြင်းဟူသော တစ်ခုတည်းသောအရသာကို တွေ့ကြမြင်ကြသဖြင့် တပည့်သာဝကအားလုံး သာသနာတော်မှာ ပျော်ပိုက်တော်မူကြ၊ ကျေနပ်တော်မူကြသည် ဟူသော သာသနာ့အံ့ဖွယ်တော်တစ်ခုမှာ "ဝိမုတ္တိရသ" ပင်ဖြစ်သည်။

ကိံ သုဟာဝေ သာဒုတရံ ရသာနံ= အရသာတွေထဲမှာ စင်စစ်အဘယ်အရသာသည် ချိုမြိန်လှစွာ သတ္တဝါတို့ သာယာအပ်တောင်း

http://www.dhammadownload.com



အရသာကောင်းမည်ပါသနည်းဟူသော အာဠာဝကေ၏အမေးကို ဖြေဆိုရာ၌ "သစ္စံ ဟဝေ သာဒုတရံ ရသာနံ"ဟု ဖြေကြားတော်မူခဲ့သည်။ "ဖွတ်ဥ လိပ်သဲ နွားနို့ခဲ၊ အသီးမှာ သရက်၊ အသားမှာ ဝက်၊ အရွက်မှာ လက်ဘက်"ဟု လောကအကောင်း အရသာကို ပြောသကဲ့သို့ မဟုတ်ပဲ၊ မဟုတ်စကား ရှောင်ရှားပယ်ခွာ ဝစီသစ္စာသည် တစ်နည်းအားဖြင့် ပရမတ္ထသစ္စာ မည်သာထင်ရှား နိဗ္ဗာန်တရားသည် စင်စစ်ဧကန် အမှန်အားဖြင့် ချိုမြိန်လှစွာ သတ္တဝါတို့ သာယာအပ်တောင်း အရသာကောင်းမည်လေ၏"ဟု နိဗ္ဗာန်ဟူသော ဝိမုတ္တိရသသည် "သာဒုတရ"ချိုမြိန်လှစွာ သတ္တဝါတို့ သာယာအပ်တောင်း အကောင်းဆုံးအရသာဖြစ်ကြောင်း ဘုရားရှင်၏ အဖြေစကားတော် အရ ထင်ရှားသည်။

**ဝိမုတ္တိ (၂)မျိုး**

သုတ်ပါထေယျ သင်္ဂီတိသုတ် ၃-၃/၁၆၇ ၌ ဝိဇ္ဇာစ ဝိမုတ္တိစ ဟူသော ဒုကကိုဖွင့်ပြသည်။ ဝိမုတ္တိပုဒ်အဖွင့်၌ ဝိမုတ္တီတိ ဒွေ ဝိမုတ္တိယော ဟု ဝိမုတ္တိ (၂)ပါးရှိပုံကို ဖွင့်ပြသည်။ သမာပတ်ရှစ်ပါးတို့ သည် နီဝရဏစသည်တို့မှ ကောင်းစွာလွတ်မြောက်သောကြောင့် အဓိမုတ္တိ မည်၏။ နိဗ္ဗာန်သည် အလုံးစုံသော အကြောင်းတရားတို့ ပြုပြင်စီရင်အပ်သော တရားတို့မှ လွန်မြောက်သောကြောင့် "ဝိမုတ္တိ" မည်၏ဟု ဖွင့်ပြသည်။

http://www.dhammadownload.com



## ဝိမုတ္တိ (၅)မျိုး

ဥဒါနအဋ္ဌကထာ ပထမဗောဓိသုတ်အဖွင့် (၂၉)၌ ဝိမုတ္တိ (၅)မျိုးကို စုံစုံလင်လင် ဖွင့်ပြထားသည်။ ထို့အတူပင် မဟာပဒါနသုတ်အဖွင့်တို့လည်း တွေ့ရှိရသည်။ တဒင်္ဂဝိမုတ္တိ၊ ဝိက္ခမ္ဘနဝိမုတ္တိ၊ သမုစ္ဆေဒဝိမုတ္တိ၊ ပဋိပဿဒ္ဓိဝိမုတ္တိ၊ နိဿရဏဝိမုတ္တိ ဟု (၅)မျိုးရှိရာ (၅)မျိုး၏အနက်ကို မဖွင့်မီ ဝိမုတ္တိဟူသောစကား၏ အနက်အဓိပ္ပါယ်ကို ဦးစွာဖွင့်ပြသည်။

လျှူဖွယ်ကို စွန့်လွှတ်လှူဒါန်းခြင်း စသည်တို့ဖြင့် ထိုထိုဂုဏ်အင်္ဂါတို့ဖြင့်လည်းကောင်း၊ **နာမ်ရုပ်ကိုပိုင်းခြားခြင်း စသော ဝိပဿနာ**ဆိုင်ရာ အချက်အလက်တို့ဖြင့်လည်းကောင်း၊ ထိုထိုအချက်အလက်မှ မယုတ်လျော့သည်၏ အစွမ်းဖြင့် ဖြစ်နေသမျှ ကာလပတ်လုံး ဆန့်ကျင်ဘက်မှ လွန်မြောက်ခြင်းကြောင့် လွတ်မြောက်ခြင်း ပယ်ခြင်းသည် ဝိမုတ္တိမည်သည်ဟု ဝိမုတ္တိရဲ့အနက်ကို လွန်မြောက်ခြင်း၊ ပယ်ခြင်းဟု ဖွင့်ဆိုသည်။

## တဒင်္ဂ ဝိမုတ္တိ

ဒါနဖြင့် မစ္ဆရိယ လောဘ စသည်မှ လွန်မြောက်ခြင်း၊ သီလဖြင့် သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်း စသည်မှ လွန်မြောက်ခြင်း၊ နာမ်ရုပ်ကို ပိုင်းခြားသိသောဉာဏ်ဖြင့် သက္ကာယဒိဋ္ဌိမှ ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် အကြောင်းမဲ့ဖြစ်ခြင်း၊ မညီညွတ်သော အကြောင်းကြောင့်ဖြစ်ခြင်းမှ၊ ကင်္ခါဝိတရဏဉာဏ်ဖြင့် သို့လော သို့လော တွေးတောယုံမှားခြင်းမှ ရုပ်နာမ်အစုအဝေး သုံးသပ်ခြင်းဖြင့် ငါ, ငါ၏ဥစ္စာ ဟူသော စွဲလမ်းခြင်းမှ လမ်းစဉ် ဟုတ်သည်၊ မဟုတ်သည်ကို ခွဲခြားသိခြင်းဖြင့်

http://www.dhammadownload.com



လမ်းစဉ်အမှားကို အမှန်ဟုထင်မှတ်ခြင်းမှ ရုပ်နာမ်တို့၏ ဖြစ်ပုံရှုခြင်းဖြင့် ဥစ္ဆေဒဒိဋ္ဌိမှ အပျက်ကိုရှုခြင်းဖြင့် သဿတဒိဋ္ဌိမှ ကြောက်ဖွယ်ဘေးကို ရှုခြင်းဖြင့် ကြောက်ဖွယ်ကို ပျော်ဖွယ်ဟု ထင်မှတ်ခြင်းမှ ရုပ်နာမ် တို့၏အပြစ်ကို ရှုပွားခြင်းဖြင့် သာယာဖွယ်ဟူသော အမှတ်သညာမှ ငြီးငွေ့ဖွယ်ဟု ရှုခြင်းဖြင့် ကြောက်ဖွယ်၌ ပျော်နေခြင်းမှ လွတ်လိုလှ၍ ကျင့်ကြံခြင်းဖြင့် ကျွတ်ဆု လွတ်ဆု မလိုလားမှုမှ လျစ်လျူရှုခြင်းဖြင့် လျစ်လျူမရှုခြင်းမှ မဂ်တရား အားလျော်သော ရှုပွားခြင်းဖြင့် တရားသဘောအမှန် နိဗ္ဗာန်၌ ဆန့်ကျင်ခြင်းမှ ပုထုဇဉ်အနွယ်ကိုဖြတ် အရိယာဇာတ် ကူးတော့မည့် ဂေါတြဘူဉာဏ်ဖြင့် သင်္ခါရနိမိတ်မှ လွတ်မြောက်ခြင်းများသည် "တဒင်္ဂ ဝိမုတ္တိ" မည်၏။

ထို့ပြင် မဟာဝဂ္ဂ-၅-၌ အနိစ္စာနုပဿနာ စသော အနုပဿနာ ဉာဏ် (၇)ပါးတို့သည် ကိုယ်တိုင် ထိုထိုတရား၏ ဆန့်ကျင်ဘက် အချက်အလက်၏အစွမ်းဖြင့် စွန့်လွှတ်နိုင်တဲ့ မြဲ၏ဟူသော အမှတ်သညာ စသည်တို့မှ လွန်မြောက်သည်၏ အဖြစ်ကြောင့် "တဒင်္ဂ ဝိမုတ္တိ" မည်ကြ၏။

သမာပတ်ရှစ်ပါးတို့သည် မိမိစျာန်စွမ်းအားဖြင့် ခွာထုတ်အပ် ကုန်သော နီဝရဏ စသည်တို့မှလည်းကောင်း၊ ဝိတက်စသော ဆန့်ကျင်ဘက်တရားတို့မှလည်းကောင်း လွန်မြောက်သောကြောင့် "ဝိက္ခမ္ဘနဝိမုတ္တိ" မည်ကြ၏။

အရိယာမဂ် (၄)ပါးတို့သည် မိမိတို့ဖြတ်တောက်အပ်ကုန်သော ကိလေသာတို့မှ လွန်မြောက်သောကြောင့် "သမုစ္ဆေဒဝိမုတ္တိ" မည်ကြ၏။

http://www.dhammadownload.com



ဖိုလ်လေးပါးတို့သည် မဂ်၏အစွမ်းဖြင့် ကိလေသာကို ငြိမ်းသည်၏အဆုံး၌ ဖြစ်တတ်သောကြောင့် ပဋိပဿဒ္ဓိ ဝိမုတ္တိ မည်၏။

နိဗ္ဗာန်သည် အလုံးစုံသော ကိလေသာတို့မှ ထွက်မြောက် ကင်းကွာ၍ အဝေး၌တည်သောကြောင့် "နိဿရဏဝိမုတ္တိ" မည်၏။ ဤ(၅)မျိုးသော ဝိမုတ္တိဂုဏ်တို့ဖြင့် ဘုရားရှင်တို့ကို ချီးကျူးပူဇော်ထား သည်။ ကြည်ညိုဖွယ် ဖြစ်သည်။

**ဝိမုတ္တာယတန (၅)မျိုး**

ဝိမုတ္တိ+အာယတန ဟု ပုဒ်ခွဲ၍ ဝိမုတ္တိခေါ် လွတ်မြောက်ရေး အတွက် အကြောင်း (၅)မျိုးကို ဟောတော်မူထား၏။ ဝိမုတ္တိကို ရလိုသူတိုင်း အာယတနခေါ် အကြောင်းတရားတို့ကို ဖြည့်ဆည်းပူး ရန် လိုအပ်သည်။ အကြောင်း (၅)မျိုးကား -

၁။ ဤသာသနာတော်၌ ရဟန်းတစ်ပါးအား ဘုရားရှင် သို့မဟုတ် လေးစားလောက်သော သီတင်းသုံးဖော်တစ်ပါးပါးက တရား ဟောတယ်။ အဲဒီ ဟောတရားအပေါ် ပါဠိကို သိတယ်။ ပါဠိ၏ အနက်ကိုသိတယ်။ အဲဒီလို ပါဠိအနက်ကို သိသော ရဟန်းအား (အဲဒီလို ဈာန်ဝိပဿနာ မဂ်ဖိုလ်ဆိုင်ရာကို သိသောရဟန်းအား) နုနယ်သော ပီတိဖြစ်တတ်ပါ၏။ ထိုပီတိရှင်အား အားကောင်းသော ပီတိဖြစ်လာ၏။ ပီတိလွှမ်းခြုံသော စိတ်ရှိသူအား နာမကာယသည် ငြိမ်းအေးလာ၏။ စိတ်ငြိမ်းသောသူသည် ချမ်းသာပွားစေနိုင်၏။ ချမ်းသာသူ၏စိတ်သည် အရဟတ္တဖိုလ်သမာဓိ ရနိုင်၏။

၂။ နောက်ရဟန်းတစ်ပါးက မိမိကြားဖူး သိဖူးသော တရားကို သူတစ်ပါးတို့အား အကျယ်တဝင့်ဟော၏။

http://www.dhammadownload.com



၃။ နောက်တစ်ပါးက မိမိကြားဖူး သင်ဖူးသော တရားကို အကျယ်တဝင့် ရွတ်အံသရဇ္ဈာယ်၏။

၄။ နောက်ရဟန်းတစ်ပါးက မိမိသင်ဖူး ကြားဖူးသော တရားကို စိတ်ဖြင့် ဆင်ခြင်သုံးသပ်၏။ နှလုံးသွင်းဆင်ခြင်၏။

၅။ နောက်ရဟန်းတစ်ပါးက သမထကမ္မဋ္ဌာန်း (၃၈)မျိုးထဲမှ တစ်မျိုးမျိုးသော ကမ္မဋ္ဌာန်းကို ဆရာထံမှ ကောင်းစွာသင်ယူ ကောင်းစွာနှလုံးသွင်း ကောင်းစွာဆောင်၍ ပညာဖြင့် ကောင်းစွာ မျက်မှောက်ပြု ထိုးထွင်းသိ၏။ ဆိုင်ရာဆိုင်ရာ ပါဠိအနက်ကို သိသော ထိုရဟန်းအား နှစ်သက်သောပီတိ အားကြီးသောပီတိဖြစ်၍ နာမကာယ ငြိမ်းအေး၏။ ချမ်းသာကို ပွားစေ၏။ ချမ်းသာသောသူ၏ စိတ်သည် အရဟတ္တဖိုလ်သမာဓိဖြင့် တည်ကြည်၏ဟု ဝိမုတ္တိရရန် အခြေခံ အကြောင်း (၅)ချက်တို့ကို ဟောကြားသည့်အတိုင်း လယ်တီဝိပဿနာ အမှတ် (၉)၌ ဝိမုတ္တိရသ ရရှိရန် အခြေခံအကြောင်းအရာတို့ကို ညွှန်ပြထားသည်ကို တွေ့ရှိရပြီးဖြစ်သည်။

### ဝိမုတ္တိ ပရိပါစနီယ တရား (၅)မျိုး

ဝိမုတ္တိ ပရိပါစနီယ တရား (၅)မျိုးကို ဟောတော်မူရာ အဖွင့် အဋ္ဌကထာ၌ ဝိမုတ္တိ ဝုစ္စတိ အရဟတ္တံ ပါရှိသဖြင့် ဤနေရာ၌ ဝိမုတ္တိအရ အရဟတ္တဖိုလ်ကို ကောက်ယူပြီး အရဟတ္တဖိုလ်ကို ရင့်သန်စေတတ်သော သညာတရား (၅)မျိုးကို ဟောကြားခဲ့သည်။ သညာ (၅)မျိုးကား-

အနိစ္စသညာ- အနိစ္စဟု ရှုမှတ်သောဉာဏ်၌ဖြစ်သော သညာ၊

အနိစ္စေ ဒုက္ခ သညာ- အနိစ္စရုပ်နာမ်အပေါ် ဒုက္ခဟု ရှုမှတ်သော ဉာဏ်၌ဖြစ်သော သညာ၊

http://www.dhammadownload.com



ဒုက္ခေ အနတ္တ သညာ- ဒုက္ခအပေါ် အနတ္တဟု ရှုမှတ်သော ဉာဏ်၌ဖြစ်သော သညာ၊

ပဟာန သညာ- ပယ်ရမည့်တရားဟုံ အဖန်ဖန် ရှုပွားသော ဉာဏ်၌ဖြစ်သော အမှတ်သညာ၊

ဝိရာဂ သညာ- တပ်မက်ဖွယ်ကင်းအောင် ရှုမှတ်သောဉာဏ် ၌ ဖြစ်သော အမှတ်သညာ တို့တည်း။

**ဘုရားရှင်၏ တိုက်တွန်းချက်**

ဤဇမ္ဗူဒိပ်ကျွန်း၌ မွေ့လျော်ဖွယ်ကောင်းသော အာရာမ် တော မြေ ရေကန် တို့သည် အနည်းငယ်မျှ ရှိကြသည်။ မြေကြမ်း၊ ရေကြမ်း၊ ဆူးငြောင့်ခလုတ်တို့သာ များသကဲ့သို့ အတ္ထရသ၊ ဓမ္မရသ၊ ဝိမုတ္တိရသ ခံစားရရှိသူတို့ နည်းပါးပြီး ထိုရသတို့ကို မခံစား မရရှိသူ တို့သာ များကြသောကြောင့် ဤသို့ ကျင့်ကြံကြိုးကုတ် အားထုတ်ကြ ဟု မြတ်ဘုရား တိုက်တွန်းတော်မူသည်။ "ငါတို့သည် အတ္ထရသ၊ ဓမ္မရသ၊ ဝိမုတ္တိရသ ကို ရရှိခံစားနိုင်သူများ ဖြစ်ကြကုန်အံ့"ဟု ကျင့်ကြံ ကြိုးကုတ် အားထုတ်ကြလေဟု တိုက်တွန်းချက်အတိုင်း ပိဋကတ် သုံးပုံ၊ နိကာယ်ငါးရပ် တရားတော်များ ဟောပြောသင်ကြား ပို့ချ၍ အတ္ထရသ၊ ဓမ္မရသ၊ ဝိမုတ္တိရသ ညွှန်ကြားပြသရာ ဤလယ်တီဝိပဿနာ အမှတ်(၁၁) ပရိယတ္တိ တရားစာပေတို့အတိုင်း လိုက်နာကျင့်ကြံ ကြိုးကုတ် အားထုတ်၍ အတ္ထရသ၊ ဓမ္မရသ၊ ဝိမုတ္တိရသတို့ကို ရယူနိုင်ပါစေဟု နိဂုံးချုပ်ပတ္ထနာပြုအပ်ပါသတည်း။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

(၃၀-၁၀-၂၀၀၇)

*****